www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

# ကြူးနှစ်

# ဇာတ်ကောင်တွေသိက ထွက်ပြေးတဲ့ဇာတ်လမ်း

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကောင်တွေဆီက ထွက်ပြေးတဲ့ဇာတ်လမ်း
ကြူနစ်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၀၄၇ ၀၁၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၉၆ ၀၄၁၂
ထုတ်ဝေသူ - ဦးစန်းဦး
ပုံနှိပ်သူ - ဒေါ်ဝင်းမာ

မျက်နှာဖုံးဒီဇိုင်း - အမ်အက်စ်ဒီ
ကွန်ပျူတာစာစီ - ဒီးဂဲလ်
ထက်ခွဲစာစီ - အောင်
စာအုပ်ချုပ် - သစ္စာ

၈၉၅·၈၃
ကြူနစ်
ဇာတ်ကောင်တွေဆီက ထွက်ပြေးတဲ့ဇာတ်လမ်း /
ကြူနစ် ။ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂၊
စာမျက်နှာ ၂၃၂ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) ဇာတ်ကောင်တွေဆီက ထွက်ပြေးတဲ့ဇာတ်လမ်း

၂၀၁၂ ဧပြီလ ပထမအကြိမ် အုပ်ရေ ၅၀၀
ဈေးနှုန်း ၁၀၀၀ ကျပ်

## စာဖတ်သူတွေအဖို့အမှာ

ဒီဝတ္ထုရဲ့အမည်ခေါင်းစည်းက အဖုံးမှာတွေ့ကြရတဲ့ အတိုင်း "ဇာတ်ကောင်တွေဆီက ထွက်ပြေးတဲ့ဇာတ်လမ်း"ပါပဲ။ ဒါပေမဲ့ ဝတ္ထုအဖွင့်မှာ "လမ်းထိပ်က ကွမ်းယာဆိုင်ရှင့်မယား" ဆိုတဲ့ ခေါင်းစည်းတစ်ခု ဖော်ပြထားသေးတယ်။ "ခေါင်းစည်းခွဲ၊ နောက်လိုက်ခေါင်းစည်း၊ အရန်ခေါင်းစည်း၊ ပင်မခေါင်းစည်းကို ဖွင့်ဆိုတဲ့အဖွင့်ခေါင်းစည်း" Sub-title မဟုတ်ဘူး၊ ကျွန်တော် ထည့်သွင်းဖော်ပြပိုင်ခွင့်ရှိတယ်လို့ ယုံကြည်တာနဲ့ ရေးထားလိုက်တာပါပဲ။

တာ[illegible]
(ခေတ္တ-မော်ဘီမြို့)

www.burmeseclassic.com

# လမ်းထိပ်က ကွမ်းယာဆိုင်ရှင့်မယား

သန်းဆိုင်နှင့် စန်းချိုတို့ လင်မယား၏ စီးပွားရေး ကံဇာတာသည် အောင်ဘာလေ ထီဆုကြီး ထပေါက်သကဲ့သို့ ဝုန်းဝုန်းဒိုင်းဒိုင်း ဟုန်းခနဲ တိုးတက်ပြောင်းလဲခဲ့ခြင်း မဟုတ်ပေ။ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း တရွေ့ရွေ့ တိုးတက်ပြောင်းလဲလာခဲ့ခြင်းဖြစ်ကြောင်း သတိထားမိသူတိုင်း သိရှိနားလည်ကြသည်။ အထူးသဖြင့် ဤ[--------]မြို့ကလေး၏ အနီးတစ်ဝိုက်ရှိ တောင်သူလယ်သမားကျေးရွာ တစ်ဒါဇင်ခန့်ရှိ သူတို့၏ဆွေမျိုးမိတ်သင်္ဂဟများသည် သန်းဆိုင်နှင့်စန်းချို ဖွတ်ကျော်ပြာစု လူငယ်မောင်နှံတို့ လက်ရှိဘဝ အဆင့်အတန်းသို့ရောက်ဖို့ နှစ်များစွာ အဆင့်ဆင့် အမျိုးမျိုး ရုန်းကန်ကြိုးစားခဲ့ကြရာမှ တရွေ့ရွေ့ဖြင့် လူနေမှုအဆင့်၊ အထက်အသင့်မြင့်လာခဲ့မှန်း မှုဒိတာအသိဖြင့် သဘောပေါက်ထားကြလေသည်။ ကွမ်းယာဆေးလိပ်နှင့် စုံစီနဖာ မုန့်ပဲသရေစာကလေးတွေရောင်းချရင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကား(၅)စီးလည်းပိုင်၊ သွပ်မိုးပျဉ်ထောင်သုံးပင်အိမ်ကလေးနှင့် တီဗွီ အောက်စက်နှင့် ရေကောင်းရေသန့် ပေါပေါရသော တုံကင်နှင့်၊ သန်းဆိုင် လက်မှာ ဆီကိုဖိုက်နာရီကြီးနှင့် စန်းချိုလည်ပင်းမှာ ငါးကျပ်သား ရွှေဆွဲ ကြိုးကြီးနှင့်ဆိုသော အခြေအနေပုံပန်သည် သူတို့ဆွေမျိုးမိတ်သင်္ဂဟတို့ အမြင်၌ "လူချမ်းသာ" စာရင်းဝင်လျက်ရှိသည်။

သူတို့ လူပျို အပျိုဘဝတုန်းက ဤနေရာတွင် လယ်ကွင်းများ၊ တောရွာငယ်များ ဝိုင်းရံလျက်ရှိသော ကုန်းမို့မို့ထက်တွင် ဉာဏ်တော် အတောင်(၃၀)ခန့်မျှ မြင့်မားတော်မူသော "ကျိုက်ဒေးယျံ"ဘွဲ့မည်တော်ရ ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူသာ ထီးထီးမားမား၊ ထင်ထင်ရှားရှား ရှိခဲ့၏။ စေတီတော်အနီးတစ်ဝိုက်မှာ ဂေါပကလူကြီးမင်းတို့အဖွဲ့ပိုင် ထန်းပင် အပင်(၅၀)ခန့် ရှင်သန်နေခဲ့သည်။ ထိုစဉ်က မြို့လယ်ဘက်ကနေ စေတီရှိရာသို့ လာရောက်ဦးခိုက်သော လမ်းငယ်ကလေးမှာ မိုးရာသီတွင် ဗွက်ပေါက်နေပြီး နွေရာသီတွင် နွားလှည်းတွေ တကျောင်းကျောင်းမောင်း နှင်နေကြလျက်၊ နွားချေးနံ့သင်းသော ဖုံတထောင်းထောင်းထ နေခဲ့သည့် မြေနီလမ်းကလေးသာဖြစ်ခဲ့၏။ [ယခုကဲ့သို့ နိုင်လွန်ကတ္တရာ ညီညာစွာခင်း ကာ၊ ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ၊ စက်ဘီးတွေ၊ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ၊ ထော်လာဂျီတွေ ဥဒဟိုပြေးလွှားစည်ကားသိုက်မြိုက်နေ သော လမ်းမဟုတ်ခဲ့သေး]

ယခု သန်းဆိုင်တို့နေအိမ်နှင့် ကွမ်းယာဆိုင်ရှိသော နေရာသည် ထိုစဉ်အခါက ဘုရားဝတ္တကမြေအစပ်၊ ကွဲမွေးသူ ဟိန္ဒူလူမျိုး ဦးမန်းနီး၏ ကွဲတဲနေရာဖြစ်သည်။ ဘယ်လိုမဆို၊ ထိုစဉ်က ဂေါပကလူကြီးလည်းဖြစ်၊ လယ်ပိုင်ရှင်သူဌေးကြီးလည်းဖြစ်သော ဦးဖိုးပိန်သည် နေ့စဉ် ကွဲနို့စစ်စစ် တစ်ပိဿာကို၊ ဦးမန်းနီးထံမှ အလှူခံပြီး မှန်မှန်ကြီးသောက်မျိုခွင့် ရခဲ့၏။ [ယခု ဦးဖိုးပိန်ကော၊ ဦးမန်းနီးပါ လူ့ပြည်တွင် မရှိရှာကြတော့ပါ] သန်းဆိုင်သည် ဤမြေနေရာကို အချိုအချောင်ရခဲ့ခြင်းဟု ဆိုနိုင်သည်။



ရာဇဝင်ကြောင်းအရမူ ကွဲသူဌေးကုလားကြီး ဦးမန်းနီးသည် သောင်းကျန်း သူတွေ၏ သေနတ်ပြောင်းဝဘေးကနေလွတ်အောင် လက်သပ်ကိုယ်ကျွတ် ထွက်ပြေးသွားခဲ့၏။ ကွဲတွေမှာ သောင်းကျန်းသူတို့၏ ရန်ပုံငွေဖြစ်သွား ကြ၏။ မြေနေရာကို သောင်းကျန်းသူတို့၏ အဆက်အနွယ် "စိန်သီး" ဆိုသော လောင်းကစားသမားက၊ ခပ်တည်တည်မောင်ပိုင်စီးထားလိုက် ၏။ စိန်သီးသည် ဖဲရှုံး၊ ကြက်ရှုံးတိုင်း အလကားရထား သည့်မြေကွက်ကြီး ကို ဖဲ့၍ ဖဲ့၍ ရောင်းစားလာရာ၊ သူခေါင်းဖြူစွယ်ကျိုး အိုမင်းမစွမ်းဖြစ် လျက် စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဘဝသို့ရောက်နေချိန်ဝယ်၊ ကွဲသူဌေး ကုလားကြီး ဦးမန်းနီး၏ မြေကွက်ကြီးမှာ ယခု သန်းဆိုင် ပိုင်ဆိုင်လျက် ရှိသော ပေ(၆၀)၊ ပေ(၄၀)အကျယ်မျှသာ ကျန်ရှိတော့သည်။ [ဦးမန်းနီး သည် ရွှေထုပ်ကြီးပိုက်လျက်၊ ဘင်္ဂလားသို့ အပြီးပြန်သွားခဲ့သည်ဟု အဆိုရှိ ပါသည်။ ဦးစိန်သီးထံမှ ဤမြေကွက်ကို သန်းဆိုင်ဝယ်ယူခဲ့ရာတွင် ထောင် ဂဏန်းမျှသာ ပေးခဲ့ရသည်ဟူ၍လည်း၊ အရပ်စကား မှတ်သားစရာရှိခဲ့ သည်]

x x x
x x x

နွေနေ့လယ်ခင်း အပူပြင်းဆုံးအချိန် မွန်းလွဲ(၂)နာရီခန့် ဖြစ်သည်။

လမ်းပေါ်မှာ လူ၊ ယာဉ် အသွားအလာ အလွန်ကျဲပါးပြီး လေငြိမ် လွန်းနေသည်။ အကယ်၍ လေတိုက်ခတ်ပါလျှင်လည်း ရေနွေးငွေ့ဟပ် သလို ပူစပ်စပ်သာ ရှိနေလိမ့်မည်။ တစ်ချိန်က ကျိုက်ဒေးယျံစေတီကို ဝန်းရံထားခဲ့ကြသော လယ်ကွင်းပြင်များနေရာတွင် အပွတ်ပွတ်အညပ် ညပ် လူနေအိမ်ခြေတွေ ထူထပ်လျက် သစ်ပင်ဝါးပင်တွေ စိမ်းစိုလန်းဆန်းသော်ငြား ဤနေရာ ဤဒေသ၏ ရာသီဥတုသည် စိုးစဉ်းမျှ ပြောင်းလဲသွားခြင်း မရှိ။ ခုလို တပေါင်းလမှာ နေပူထဲထွက်ရပ်လျှင် နာရီဝက်အတွင်း လူစင်

www.burmeseclassic.com

www.burmeseclassic.com



စစ်မှ အမဲသားခြောက်ဖြစ်သွားမှာ သေချာသည်။

"ကိုသန်းဆိုင်တို့ကလည်းဗျာ၊ ဒီလောက်ယောတာတောင် ဆိုင်ထဲမှာ ပန်ကာကလေး ဘာလေး ဆောင်မထားဘူး၊ သူဌေးလုပ်နေပြီး အညာ တရုတ် စက္ကူယပ်တောင်စုတ်ကြီးနဲ့ ခတ်နေရတယ်လို့ . . . "

ဆိုင်ရှေ့ ကနားဖျင်းအောင်၊ ခုံတန်းလျားမှာ နေခိုအပန်းဖြေရင်း ပါဝင်ကျာစောင့်နေသော ဆိုက်ကားသမားကျော်ကြီးက၊ (၈)ပေ၊ (၆)ပေ၊ ဆိုင်ခန်းကျဉ်းကျဉ်းကလေးထဲတွင် အကျီမဲ့ ကိုယ်လုံးကြီးဖြင့်ထိုင်ရင်း ယပ်ခတ်နေသည့် သန်းဆိုင်ကို စနေကျအတိုင်း ခနိုးခနဲ့ စသည်။ ယပ်ခတ်နေသည့်တိုင် သန်းဆိုင်၏ ရင်ဘတ်ဖောင်းဖောင်းကြီးနှင့် ဝမ်းဗိုက်ပူပူကြီးတို့တွင် ချွေးစေးတွေစို့နေသည်။

"ဘာနားမလည် ညာနားမလည်နဲ့ လာမပြောနဲ့ကျော်ကြီး၊ ပန်ကာလေဟာ ကျန်းမာရေးနဲ့ မညီညွတ်ဘူးဆိုတာ မင်းသိလား၊ သိမယ် မထင်ပေါင်ကွာ၊ မင်းတို့က ဒီလိုကျန်းမာရေး ဗဟုသုတရှာတတ်တာမှ မဟုတ်ဘဲ၊ အားတာနဲ့ ဘီအီးဆိုင်သွားမယ်၊ ဗီဒီယိုရုံသွားမယ်၊ ကာရာအိုကေသွားဆိုမယ်၊ ဒီလောက်ပဲ မင်းတို့သိတာ"

"ပန်ကာလေ. . . . ဘာလို့ ကျန်းမာရေးနဲ့မညီညွတ်တာလဲဗျ"

"သိချင်ရင်. . . . မင်းအမေ့လင် ဒေါက်တာတင်ဆန်းဦးကို သွားမေးကြည့်၊ သူပြောဖူးတာကို ငါမှတ်ထားပြီး၊ ငါပန်ကာမဝယ်တာကွ၊ ပန်ကာဝယ်ရင် ပိုက်ဆံလည်းကုန်မယ်၊ မီတာလည်းတက်မယ်၊ အခု ကြည့်လေ၊ ငါ့အမေဆီက အလကားရထားတဲ့လက်နဲ့၊ သရက်ကုန်းဦးရွှေဝ အသုဘကရလာတဲ့ ဒီယပ်တောင်ကို ခတ်နေတော့ ပိုက်ဆံလည်း မကုန်တော့ဘူး၊ ကျန်းမာရေးလည်း မထိခိုက်တော့ဘူး"

"ခင်ဗျား၊ ကပ်စေးနဲ့တာကို သွယ်ဝိုက်ပြီး ပြောမနေစမ်းပါနဲ့ ကိုသန်းဆိုင်ကြီးရာ. . . ခင်ဗျား နှမြောတတ်မှန်း တစ်မြို့လုံးအသိပါ"

ကျော်ကြီးက နောက်ပြောင်နေမှန်းသိလျက်နှင့် သန်းဆိုင်သည်း



ညည်းမခံနိုင်တော့ဘဲ တစ်ခွန်းဆဲရေးလိုက်၏။

"တစ်မြို့လုံးမကလို့ တစ်နိုင်ငံလုံးပဲသိသိကွာ၊ ငါ နှမြောတတ်လို့ မင်းတို့လို ဆိုက်ကားနင်းဘဝကနေ ဆိုက်ကားအုံနာဖြစ်လာတာ နားလည်လား"

"နားလည်ပါတယ် သူဌေးမင်းရယ်၊ ကျုပ်တို့ကတော့ သူဌေးမင်းလို ဘော်ဇာကြီးဖြစ်ရင် ခုလိုရာသီမှာ ယပ်တောင်စုတ်တော့ ခတ်မနေဘူး၊ အဲယားကွန်းအခန်းထဲမှာ မန္တလေးဘီယာနဲ့ ငြိမ့်နေမှာပဲ၊ အာလူးကြော်ကလေးတကြွပ်ကြွပ်ဝါးလို့ . . . အဟိဟိ"

"ခွေးပါးစပ်က နတ်စကားထွက်မနေစမ်းပါနဲ့ ကျော်ကြီးရာ၊ မင်းတို့ အဲသလို မတန်မရာတွေ စိတ်ကူးယဉ်လွန်းလို့ ဆိုက်ကားနင်းသား ဖွတ်ကျားဘဝက မလွတ်မကျွတ်ကြတာ. . .၊ ငါနွားကျောင်း ကျွဲကျောင်းလုပ်ခဲ့တယ်။ လယ်ထွန်တယ်၊ စပါးရိတ်တယ်။ စပါးပိုင်မှာ စပါးထမ်းတယ်။ စက်ဘီးတစ်စီးနဲ့ ဈေးလည်ရောင်းတယ်။ နောက်ဆုံးဆိုက်ကားနင်းတယ်ကွာ၊ ဆိုက်ကားသမားဘဝကနေ ဘာမှမပင်ပန်းတဲ့ ကွမ်းယာသည်ဘဝ ရောက်လာတယ်ကွာ၊ ဆိုက်ကား (၅)စီးရဲ့ အုံနာဖြစ်ခဲ့ပြီကွာ၊ ဒါပေမဲ့ ငါ မင်းတို့လို အဲယားကွန်းခန်းထဲမှာ ဘီယာစုတ်ဖို့ တစ်ခါမှ စိတ်ကူးမယဉ်ခဲ့ဖူးဘူး"

သန်းဆိုင်က ဆရာကြီးသမားကြီးလေသံဖြင့် ပြောနေသည်တို့ ကျော်ကြီးက မီးသေနေသော ဆေးပေါ့လိပ်ကို ခဲရင်း၊ မထီတရီ ပြုံးဖြဲဖြဲ ကြည့်နေ၏။ သန်းဆိုင်သည် [မအေပေး၊ ဘယ်လိုပဲ ချိုးချိုးနှိမ်နှိမ်ပြော အရှက်မရှိမျက်နှာပြောင်နဲ့ပဲ၊ အိမ်ကမိန်းမထဘီစုတ်နေရင်လည်း သူ့ ဘာမှမဆိုင်သလို နေတတ်တဲ့ကောင်] ဟု စိတ်ထဲကနေ ဖြစ်တင်ပေါက် နေမိပြန်သည်။

"စိတ်ကူးယဉ်တာ ငွေကုန်တာမှတ်လို့ သူဌေးမင်းရဲ့၊ ကျုပ် သိန်း (၁၀၀)ထီ ပေါက်ရင် သူဌေးမင်းရဲ့အိမ်နဲ့ခြံကို ဝယ်မယ်၊ တိုက်ဆောက်မယ်

www.burmeseclassic.com

www.burmeseclassic.com



လို့တောင် စိတ်ကူးယဉ်နေတာဗျ၊ သိလား၊ ဟပ်. . ဟပ်. . . ဟပ်"

"ဟေ့ကောင်၊ သိန်းသုံးထောင်ပေးရင်တောင် ငါ့အိမ်နဲ့ခြံကို မရောင်းဘူးမှတ်၊ ဒီအိမ်ခြံမြေတွေကို ငါ့ချွေးနဲ့စာနဲ့ ဝယ်ထားရတာ၊ တန်ဖိုးဖြတ်လို့မရဘူး"

ဘုရားဘက်ရှိ သစ်ပင်အုပ်ဆီမှ ကျေးငှက်အော်မြည်သံများကလွှဲလျှင် နေပူကျဲကျဲအောက်မှာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၌ သန်းဆိုင်၏အော်ပြောသံကြီးမှာ လှိုင်းထ ရိုက်ခတ်သွား၏။ ညိုမောင်းမောင်းမျက်နှာကြီးသည်လည်း ချွေးရောင်ပြောင်လျက် မည်းပုပ်ရှုံ့တွနေလေသည်။ သူက ဆက်အော်သည်။

"ဟေ့ကောင်၊ ကုန်ကုန်ပြောမယ်ကွာ၊ ငါ့ခြံနဲ့အိမ်ကို ဟောဒီတစ်မြို့လုံးနဲ့တောင် မလဲဘူးကွ"

သန်းဆိုင်၏အော်သံဆုံးသည်နှင့် ကျော်ကြီးက လည်ချောင်းကို ခြစ်ပြီး သံသေးသံကြောင်ဖြင့် ဖျစ်ညှစ်အော်ရယ်တော့သည်။ ပိန်ညှောင်ညှောင်ကိုယ်ခန္ဓာကိုလည်း ခုံတန်းလျားကျိုးကျမတတ် လှုပ်ခါနေသည်။

"ဗျို့၊ ကိုသန်းဆိုင်. . ကျော်ကြီး၊ ဝက်ရူးပြန်ထနေတာလား" ဟု ဆိုင်ရှေ့လမ်းပေါ်မှာ ပါစင်ဂျာမပါဘဲ၊ နင်းလိုမ့်သွားသော ဆိုက်ကားတစ်စီးပေါ်မှ ဆိုက်ကားဆရာတစ်ယောက်ကလည်း လှမ်းအော်သွားသည်။ ကျော်ကြီးကား တော်တော်နှင့် အရယ်မရပ်။

ထိုစဉ် ဆိုင်ကလေး၏ကျောဘက် တံခါးပေါက်ဆီသို့ ဆက်သွယ်ထားသည့် လှေကားတိုကလေးပေါ်ကနေ အရပ်ပုပြတ်ပြတ်၊ မည်းမည်းဝဝ၊ အသက်(၄၀)ခန့် မိန်းမတစ်ယောက်ဆင်းလာသည်။ သန်းဆိုင်မယား စန်းချိုပင်တည်း။ စန်းချိုသည် မိန်းမငယ်အချို့ ဝတ်လေ့ရှိသော လက်မပါသည့် သင်တိုင်းဆန်ဆန်၊ လိမ္မော်ရောင်အောက်ခံ၊ အဖြူပွင့်၊ အနက်ပွင့်တွေ ရက်ဖောက်ထားသည့် စီဝိုင်စီချည်အပါးစား ဂါဝန်ရှည်ကြီးကို ဝတ်ထား၏။ ကောက်ထားသော ဆံပင်တိုနန့်နန့်တွေက နီကြောင်ရှုပ်ပွနေပြီး



ထောပတ်သီးမှည့်ရောင်ပေါက်၍ ထောပတ်သီးကဲ့သို့ပြူတ်ထနေသော မျက်နှာဝိုင်းကြီးမှာ အလိမ်းအခြယ်မရှိ အဆီတဝင်းဝင်းနှင့်ဖြစ်ရာ၊ ရုတ်တရက်ဆိုလျှင် အာဖရိက မိန်းမကြီးတစ်ယောက်ဟု ထင်မှတ်ဖွယ်ကောင်းလှသည်။

"ဘယ်လိုတုံး၊ နေကပူပူနဲ့ အိပ်လို့မရတဲ့အထဲမှာ ရှင်တို့က အော်လိုက်ဟစ်လိုက်၊ ဆဲလိုက်ဆိုလိုက်။ ရယ်လိုက်မောလိုက်နဲ့ သမီးယောက်ဖတွေကွဲပြီးမှ ပြန်တွေ့ကြတဲ့အတိုင်းပဲ. . . "ဟု စန်းချို ဟိန်းဟောက်လိုက်သံမှာ မိန်းမတစ်ယောက်၏အသံနှင့် မတူဘဲ၊ စစ်ရေးပြ အရာခံဗိုလ်ကြီးတစ်ဦးက၊ စစ်ရေးပြတပ်ခွဲကို စစ်ရေးပြကွင်းထဲ၌ စစ်မာန်ပါပါ ဌာန်ကရိုဏ်းကျကျ အော်ဟစ်အမိန့်ပေးလိုက်သည်နှင့်သာ တူနေ၏။ သန်းဆိုင်က သွန်းဘေးရောက်လာသော ဇနီးကို လုံးဝအသိအမှတ်မပြုသလို ထိုင်မြဲပုံစံဖြင့် ထိုင်နေသည်။ ကျော်ကြီးက အရယ်ရပ်ပြီး စန်းချိုကို မျက်ခုံးဝင့်သွားဖြ၍ ကြည့်လိုက်သည်။ မခန့်လေးစားအကြည့်မျိုး ဖြစ်၏။ စင်စစ်သော် စန်းချိုနှင့် ကျော်ကြီးတို့မှာ မောင်နှမသုံးဝမ်းကွဲတော်စပ်သည်။

"ဟား၊ မစန်းချိုတို့ ဒီဗိုင်းကတော့ မိုက်တယ်ဟေ့၊ မော်ဒယ်ဂဲလုပ်စားရင်ဖြစ်နိုင်တယ်ဗျ၊ နာမည်ကို ခင်မဲလုံးလို့ ပြောင်းလိုက်. . . ဟပ်၊ ဟပ်. . . ဟပ်"

"မသာ၊ နင့်ပါးစပ်ပိတ်ထားစမ်း၊ ဒီမှာ ကွမ်းရွက်လိုးတဲ့ဓား၊ တွေ့လား" စန်းချိုက အသွား (၄)လက်မခန့်ရှိ စတီးဓားကလေးကို မြှောက်ရွယ်ပြသည်။ ကျော်ကြီးက အနောက်အပြောင်သန်သူပီပီ၊ မျက်နှာထားမပြင်ဘဲ အသံအုပ်အုပ်နှင့် တဟပ်ဟပ်ရယ်နေဆဲ ဖြစ်၏။ စန်းချိုကလည်း ကျော်ကြီးကို ဂရုမစိုက်တော့ပါ။ ကွမ်းတစ်ယာကို စိတ်တိုင်းကျယာ၍ ပါးစောင်ထဲသို့ ထိုးသွင်းကာ အိမ်ပေါ်ပြန်တက်သွားသည်။

သန်းဆိုင်သည် စန်းချိုကွမ်းယာ ယာနေစဉ် စန်းချိုကျောဘက်ကနေ မျက်တောင်မခတ် စူးစူးဝါးဝါး ကြည့်နေခဲ့၏။ သူ့အကြည့်မှာ အနှစ်

www.burmeseclassic.com

www.burmeseclassic.com



(၂၀) ကျော် ချစ်ခင်ကြင်နာစွာ ပေါင်းသင်းလာသော ဇနီးမယားအား ကြည့်ပုံမျိုးမဟုတ်။ ရုတ်တရက် တွေ့ရှိရသော သူစိမ်းမိန်းမတစ်ယောက် (သို့မဟုတ်) တိရစ္ဆာန်ရုံလှောင်အိမ်ထဲရှိ နောက်ဆုံးရောက်ရှိလာသော အထူးအဆန်း တောတိရစ္ဆာန်တစ်ကောင်ကို ကြည့်နေသည်နှင့်တူ၏။ စန်းချိအိမ်ပေါ်ပြန်တက်သွားတော့လည်း သန်းဆိုင်သည် သမင်လည်ပြန် စောင်းကန်းကန်း လှည့်ကြည့်ခဲ့သေးသည်။ ဒီလိုအင်္ကျီမျိုးကို ကလေးမ ကလေးတွေ အပျိုဖြန်းကလေးတွေ တရုတ်မဝိုက်ကြီးသည်တွေ ဝတ်တာပဲ ငါတွေ့ဖူးပါတယ်။ ဘယ့်နှယ်. . . အိမ်က အရွယ်မက ဘာစိတ်ကူးပေါက်ပြီး ဒီလိုသင်တိုင်ကြီးချုပ်ဝတ်ရပါလိမ့်၊ အင်္ကျီသားက ပါးပါးကလေးရယ်၊ အောက်ခံမှ ဝတ်ထားရဲ့လားမသိဟု မကျေမချမ်း တွေးနေသည်။ စန်းချို အစား ကျော်ကြီးရှေ့မှာ သူကိုယ်တိုင် ရှက်ရွံ့နေသလိုလိုလည်း ခံစားလိုက်ရလေသည်။ ပူအိုက်စပ်လောင်ခြင်းကို သူမေ့သွားပြီး၊ ယပ်တောင်စုတ်ကို ပစ်ချကာ [တော်တော်ကဲချင်တဲ့ဟာမ] ဟု စိတ်ထဲကရေရွတ်သည်။

x x x

x x x

နိုင်ငံ၏ စီးပွားရေးနယ်ပယ်ကြီး တစ်ခုလုံးတွင် အပြောင်းအလဲများစွာ တိုးတက်ဖြစ်ထွန်းလျက်၊ အလုပ်အကိုင်သစ်များ ဖွံ့ဖြိုးပွားများလာချိန် ရောက်ခဲ့သော်ငြား၊ သန်းဆိုင်သည် မိရိုးဖလာ လယ်လုပ်ကွဲကိုင်စက်ဝန်းထဲမှာ မမြင်ရသော ကြိုးများဖြင့် ဟန့်တားချုပ်နှောင်ခံထားရဆဲသာ ရှိခဲ့၏၊ ထို့ကြောင့်လည်း ကောက်သိမ်းရာသီတစ်ခုတွင် သူတို့ရွာနှင့် သုံးမိုင်ကျော်ဝေးကွာသည့်ရွာမှာ နေထိုင်ကာ စန်းချိုနှင့် စပါးရိတ်ရင်း ဆုံဆည်းခဲ့ရခြင်းဖြစ်လေသည်။ နှစ်ဦးပြိုင်တူ မျက်စိကျခဲ့ကြခြင်းဟုဆိုသော် ပို၍မှန်မည်။

"သန်းဆိုင်ရယ်. . . နင်မို့ အဲဒီမည်းကြုတ်ကြုတ် ခွေးပစ်တဲ့တုတ်



ကို ကြိုက်တတ်ပလေ၊ ငါတို့ရွာထဲက ခွေးမတစ်ကောင် အမြီးဖြတ်လိုက်ရင်တောင် အဲဒီဟာမထက် အပုံကြီး ကြည့်ကောင်းဦးမယ်" ရပ်ဆွေရပ်မျိုး မိန်းမကြမ်းကြီးများက သန်းဆိုင်ကို ဝေဖန်တားမြစ်ကြသည်။ သန်းဆိုင် လက်မခံ၊ ပယ်ချပစ်သည်။

"ကိုယ်ထင် ခုတင်ရွှေနန်းဆိုတာ ခင်ဗျားကြီးတို့ မကြားဖူးကြဘူးလား"

ဆွေမျိုးသားချင်းတို့ကလည်း သန်းဆိုင်ကို သတိပေးတားဆီးခဲ့ကြ၏။ သန်းဆိုင်က ပြတ်ပြတ်သားသား ငြင်းပယ်ရုန်းထွက်ခဲ့သည်။

"ဟော့ကောင်၊ ကောင်မလေးဖအေက တံငါမျိုးနော်၊ လှေဦးစိုမှ ဝမ်းစို၊ လှေဦးခြောက်ဝမ်းခြောက်တဲ့အစားထဲက မင်းမှားမယ်နော်၊ ပြီးတော့ ကောင်မလေးဖက်က ဒေဝါမလင်းမှုးနေတဲ့ အရက်သမားကြီးတဲ့ကွ"

"တံငါမျိုးမကလို့ သူတောင်းစားမျိုးပဲဖြစ်ဖြစ်ဗျာ၊ ကျုပ်ကြိုက်လို့ ကျုပ်ယူမှာ၊ အစ်ကိုတို့နဲ့ ပေါင်းရမှာမဟုတ်ဘူး၊ ပြီးတော့လည်း သူ့ဖအေ အရက်သမားဖြစ်တာ ဘာဆန်းလို့လဲ၊ ကျုပ်ဖအေလည်း ဘုရားလိုလို တရားလိုလိုနဲ့ ခွက်ပုန်းချနေတာဗျ" သန်းဆိုင်က ဟုတ်တိုင်းမှန်ရာ ပြောခြင်းဖြစ်သည်။ သန်းဆိုင်၏ဖခင် ဦးကံငွေသည် ရဟန်း ဝါ(၁၂)ဝါ ရခဲ့ပြီး၊ ဗုဒ္ဓအဘိဓမ္မာစာပေ အနည်းအကျဉ်းတတ်မြောက်ပြီးခဲ့ပါမှ ဖခင်ကြီးကွယ်လွန်သွား၍ ကျန်ရစ်သောလယ်ယာလုပ်ငန်းများကို ဦးစီးဖို့နှင့် အမွေလက်မလွှတ်စေဖို့ လူဝတ်လဲကာ အိမ်ထောင်ပြုခဲ့သူ "လူပြန်တော်ကြီး" ဖြစ်၏။

"ပျားဖွပ်၊ သားထိုး၊ မယားခိုး၊ မုဆိုးတံငါမပြုရာဆိုတဲ့ ငါတို့ဘာသာတရားတော်မြတ်ရဲ့ အဆုံးအမရှိသားပဲလေ၊ အကုသိုလ်ဒုစရိုက်တွေကို ပြုလုပ်ပြီး အသက်မွေးနေတဲ့ အမျိုးအနွယ်နဲ့တော့ ငါသားတို့ သဘောမကျနိုင်ချေဘူး၊ တော်ကြာ ငါ့သားပါ ဟိုဟာတွေနဲ့အတူရောပြီး

www.burmeseclassic.com

www.burmeseclassic.com



အစီစိုင်ရဲကျသွားလိမ့်မယ်၊ ဒီကိစ္စ ငါ့ကို လာမပြောကြနဲ့ဟေ့၊ နောက်ထပ် ငါဘာမှမကြားချင်ဘူး"

အရင်းအချာ ဆွေမျိုးအချို့က မုဆိုးဖို ဦးကံငွေအား သန်းဆိုင်၏အခြေအနေကို လာရောက်တင်ပြ အကြောင်းကြားစဉ် ဦးကံငွေသည် ပါးစပ်မှ အရက်နံ့မထွက်အောင် ဆေးပြင်းလိပ်ကြီးကို တွင်တွင်ဖွားလျက် သွေးသဘောထားကို ဖော်ထုတ်လိုက်၏။ တစ်ဖန် ဆေးပြင်းလိပ်ငွေ့တွေကို မှုတ်ထုတ်ရင်းမှ-

"မင်းတို့ နင်တို့ စဉ်းစားကြည့်ကြ၊ ငါဟာ သာသနာ့ဘောင်မှာ ရဟန်းတရား(၁၂)နှစ် အားထုတ်ခဲ့တယ်၊ လူ့ဘဝရောက်တော့လည်းပဲ၊ ဒါန၊ သီလ၊ ဘာဝနာ အလှူရေစက် လက်နဲ့ကွာခဲ့တဲ့ကောင် မဟုတ်ဘူး၊ ပြီးတော့ သမ္မာအာဇီဝ လယ်သမားအလုပ်နဲ့ အသက်မွေးတယ်၊ ဘာသာရေးစကားနဲ့ ပြောရရင်၊ ငါဟာ အပါယ်တံခါးပိတ်တဲ့အဆင့် မရောက်တောင်မှ၊ သောတာပန်ဘဝကို မရောက်သေးသော်မှ အငယ်စားသောတာပန်လို့ခေါ်တဲ့ စူဠသောတာပန်ပုထုဇဉ်လူသားတစ်ယောက်၊ သတ္တဝါတွေရဲ့ အသက်ပေါင်းများစွာကို သတ်နေတဲ့ အင်းသမားတံငါတွေနဲ့ ဘယ်လိုလုပ်ပြီး ဆက်စပ်လို့ရမတုံး၊ သန့်ရှင်းဖြူစင်တဲ့ ငါ့ခန္ဓာမှာ ငါးညှီနံ့၊ ငါးပိနံ့တွေ အစွဲမခံနိုင်ဘူးဟေ့၊ သန်းဆိုင်ကိုလည်း ရပ်တန်းက ရပ်ဖို့ ရာဇသံပေးရလိမ့်ဦးမယ်"

ဦးကံငွေက ရာဇသံထုတ်ပြန်ပြီး မကြာမီရက်ပိုင်းအတွင်း သန်းဆိုင်သည် သံသေတ္တာဟောင်းကလေးတစ်လုံးကို ဆွဲလျက်၊ စန်းချို တို့ရွာဘက်သို့ နေပူကျဲကျဲကြီးအောက်မှာ ပူရမှန်းအိုက်ရမှန်းမသိဘဲ၊ နင်းလျှောက်နေသော ကန်သင်းရိုးပပ်ကြားအက်ထဲမှ မြွေထွက်ကိုက်မှာကိုလည်း မစိုးရိမ်ဘဲ [ထိုကွင်းများတွင် မြွေဆိုးအလွန်ပေါ၏။ ဘယ်လောက်သတိထားကြပါသည်ဆိုပေမဲ့ (၂)နှစ်တစ်ယောက် (၃)နှစ်တစ်ယောက်တော့ ပိုးထိပြီး သေရွာမြန်းကြရသည်သာဖြစ်၏] သုတ်သီးသုတ်ပျာ



လျှောက်နေခဲ့သည်။ ချိန်းဆိုထားသည့်အတိုင်း စန်းချိုက သူတို့ရွာထိပ် ဘုန်းတော်ကြီးကျောင်းရှေ့၊ ခရေပင်ရိပ်ကနေ အသင့်စောင့်ကြိုနေခဲ့သည်။

ဤတိုက်ပွဲတွင် သန်းဆိုင်ကတော့ ပစ်ခတ်စရာ လက်နက်ခဲယမ်းမီးကျောက်တွေ ကုန်ခန်းနေခဲ့ပြီ။ တိုက်ပွဲအောင်နိုင်ဖို့ စန်းချိုကပဲ ဦးဆောင်ပြီး မီးကုန်ယမ်းကုန် ဆင်နွှဲရတော့မည်။

"နင့်အဖေနဲ့အမေကို နင်ပြောပြီးပလားစန်းချို"

"မပူပါနဲ့ဟာ၊ ငါပြီးရင် ပြီးပါတယ်"

ဟုတ်လောက်ပေ၏။ စန်းချိုသည် အကြီးဆုံးသမီးပီပီ၊ အစ်မကြီးအမိရာဆိုသကဲ့သို့ သူမ၏မိသားစုတွင် တတိယမြောက် ဩဇာအာဏာရှင်ဖြစ်သည်။ စားဝတ်နေမှုအတွက် စီးပွားရှာရာတွင် နေပူမရှောင်၊ မိုးရွာမရှောင် ကျားစီးဖားစီး ဇွဲကြီးကြီးနှင့် လုပ်တတ်ကိုင်တတ်သည်။ တံငါမျိုးဆိုပြီး တံငါအလုပ်တစ်ခုတည်းသာ လုပ်သည်မဟုတ်၊ တံငါအလုပ်အားလပ်လျှင် လယ်ထဲဆင်းပြီး ကောက်စိုက်ချင်စိုက်မည်။ ကောက်ရိတ်ချင်ရိတ်မည်။ မတ်ပဲပေါ်ချိန်၌ ပဲနုတ်ချင်နုတ်မည်။ အနည်းဆုံးတော့ လူကောင်သာမထွားသော်လည်း ပိဿာချိန် (၁၀)ခန့်ပါသော သုံးဦးစပ် ငါးပိဇလုံကြီးရွက်ကာ၊ မိုင်ပေါင်းများစွာ ရွာစဉ်လှည့်၍ ငါးပိရောင်းနေမည်သာဖြစ်၏။ စန်းချို သည်လောက်အလုပ် လုပ်တာတောင် လူမွေးလူတောင်မပြောင်၊ စန်းချိုမှာ နားပေါက်ဟောင်းလောင်းနှင့် နားကပ်မရှိ။

သန်းဆိုင်နှင့် စန်းချိုတို့နှစ်ယောက် အိမ်ခြေကျဲကျဲ၊ အိမ်ကြီး အိမ်ကောင်းနည်းနည်း၊ သစ်ကြီးဝါးကြီးမရှိသော" ဝက်လူး" ရွာကလေးထဲသို့ လျှောက်ဝင်လာကြစဉ်၊ သန်းဆိုင်သည် မစိတ်မွန်လျက်၊ စန်းချိုနှင့် လက်ထပ်ပြီးသား တရားဝင်ခင်ပွန်းတစ်ဦးနှယ် ရင်ကော့၊ လက်ကား၍လျှောက်နေမိ၏။ ထိုသို့လျှောက်နေမိကြောင်း ကိုယ့်ဘာသာကိုယ်မသိ၊ စန်းချိုကမူ ညော့်ကောင်းစောင်ကောင်းတစ်ဦးကို ခရီးဦးကြိုပြုလာသူတစ်ယောက်ပမာ၊ မျက်နှာထားရွှင်ပျ၊ စိတ်အားတွေ တက်ကြွစွာဖြင့် ဦးခေါင်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ညာလှည့်ယမ်းလျက်၊ ဘာရည်ရွယ်ချက်နှင့် ပြောနေမိမှန်းမသိသော စကားတွေ တတွတ်တွတ်ပြောရင်း လှမ်းနေလေသည်။

ယခုကဲ့သို့ နေ့လယ်နေ့ခင်းအချိန်က ဝက်လူးရွာသား အများစု တစ်ရေးတစ်မော အိပ်စက်အနားယူကြချိန်ဖြစ်၍ လမ်းသွားလမ်းလာ သိပ်မရှိ။ လမ်းမှာဆုံသူတွေကတော့ သန်းဆိုင်ကို စိမ်းစိမ်းဝါးဝါး ကြည့်ကြသည်၊ စန်းချိုနှင့် နှုတ်ဆက်ရင်း (ဒီလူကဘယ်သူလဲ၊ ဘယ်ကလဲ) ဟု မျက်နှာထားဖြင့် မေးကြသည်။ ထိုမျက်နှာထားတွေကို စန်းချိုက မသိကျိုးကျွန်ပြုထားလိုက်၏။

တစ်နေရာအရောက်မှာတော့ စန်းချိုကဲ့သို့ပင် အသားရောင်မွဲပြာပြာနှင့် စန်းချိုနှင့် အလွန်ရင်းနှီးသော ငယ်ပေါင်းကြီးဖော်တစ်ယောက်သော မိန်းကလေးနှင့် မျက်နှာချင်းဆိုင် ဆုံမိကြသည်။ ဆုံမိသည်နှင့် ထိုမိန်းကလေး {သူမ၏နာမည်မှာ ကြင်စုဖြစ်ကြောင်း နောက်ပိုင်းကျမှ သန်းဆိုင်သိခွင့်ရခဲ့၏} သည်ထုပ်တိုးတမ်းကစားသလို၊ စန်းချိုတို့ရှေ့က နေ လက်နှစ်ဖက်ကား၍ ရပ်လိုက်၏။

"ဟဲ့ကောင်မ စန်းချို၊ ခုကတည်းက တစ်ခါတည်းပြောထား။ မင်္ဂလာဆောင်မှာ ဘာကျွေးမလဲဆိုတာကို၊ ငါးသလောက်ပေါင်းလား၊ ငါးခြောက်ထောင်းလား"

"နှစ်မျိုးစလုံးကျွေးမဟဲ့၊ ဝက်သားလည်းပါဦးမယ်၊ ဆက်ဆက်ကြီးလာပြီး မျိုလှည့်၊ ဆို့လှည့်အေ့ အငတ်မရဲ့" ဟု စန်းချိုက ရယ်သံစွက်၍ ရေရွတ်သည်။

စန်းချိုတို့သူငယ်ချင်းနှစ်ယောက် နောက်ပြောင်နှုတ်ဆက်သံကြားလိုက်တော့မှပင် သန်းဆိုင်သည် နွှေခေါင်ခေါင် နေ့ခင်းကြောင်တောင်မှာ ခြေဖျားလက်ဖျားတွေသာမက၊ မျက်နှာတစ်ပြင်လုံးပါ အေးစက်စိမ့်မြသွားတော့သည်။ လက်ရှိအနေအထား၌ သူသည် ဆွေမဲ့မျိုးမဲ့၊ မိဘမဲ့တစ်ကောင်ကြွက်ဘဝဖြင့်၊ သူစိမ်းပြင်ပြင် မိဘနှစ်ပါး၏ သမီးကညာကို



တောင်းရမ်းလက်ထပ်မည့်သူဖြစ်သည်။ ထို့ပြင် သူ၏သေတ္တာစုတ်ထဲ၌ အဝတ်သုံးစုံ၊ မျက်နှာသုတ်တဘက်စ၊ တစ်ထည်ကလွဲ၍ ဘာမျှမပါ။ တစ်ခုပဲ အားကိုးစရာရှိသည်။ သူ့လုပ်အားနှင့် သူ့ဘာသာ ရှာဖွေထားခဲ့သော ရွှေတစ်မတ်သား ကျောက်နီလက်စွပ်ကြီးကတော့ နေရောင်အောက်မှာ ပြူးပြူးပြဲပြဲ လင်းလက်တောက်ပနေ၏။ ယောက္ခလောင်းတွေလက်ထဲကို ထိုလက်စွပ်နှင့် သူ့ရုပ်ခန္ဓာတောင့်တောင့်တင်းတင်းကို ထိုးအပ်၍ စန်းချိုနှင့် တရားဝင်လက်ထပ်ပေါင်းသင်းဖို့ တောင်းပန်ခယ ရတော့မည် သာဖြစ်လေသည်။

ယောက်ကွမအိမ်တက်၊ သားမက်မျက်နှာငယ်ဆိုတဲ့ စကားဟာ ငါ့အတွက်များ ဖြစ်နေပြီလားစန်းချိုဟု သူမောနွမ်းစွာ တွေးလိုက်စဉ် ခြေလှမ်းကောမျက်နှာပါ ပျက်သွားကြောင်း စန်းချို၏ ပြူးဝိုင်းသော မျက်လုံးတွေက လှမ်းတွေ့လိုက်၏။

"ဘာဖြစ်နေတာလဲသန်းဆိုင်၊ လာပါဟမြန်မြန်၊ ငါတို့အိမ်ရောက်ကာနီးပါပြီ၊ လမ်းတုန်းက ရွှင်ရွှင်ပြုံးပြုံးနဲ့၊ ငါတို့အိမ်နဲ့နီးမှ နင့်မျက်နှာကြီးက ဘယ်လိုဖြစ်ရတာလဲ" ဟု စန်းချိုမြည်တွန်သည်ကို သန်းဆိုင် စကားမပြန်အား။ အသက်ရှူမှန်အောင် တပင်တပန်း ကြိုးစားနေရသောကြောင့်ဖြစ်၏။ သူသည် ကြိုးစင်ဆီသို့လျှောက်နေသော သေဒဏ်ကျအပြစ်သားရာဇဝတ်ကောင်ပမာ ယောင်မှားခံစားနေရခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

"ဟောဟိုမှာ ငါတို့အိမ်"

စန်းချိုက တက်ကြွလန်းဆန်းစွာ လက်ဆန့်တန်း၍ လက်ညှိုးညွှန်လိုက်၏။

စန်းချို လက်ညှိုးညွှန်ရာသို့ လည်ပင်းဆန့်ပြီး လှမ်းကြည့်လိုက်သောသန်းဆိုင်၏ဟန်ပန်မှာ ခရီးသွားလမ်းညွှန် အမျိုးသမီးက လက်ညှိုးထိုးလျက် "ဟောဟိုက မြူတွေဆိုင်းနေတဲ့ တောင်ထွတ်ကြီးဟာ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေ အလေးအမြတ်ပြု ရှိသေကိုင်းရှိုင်းကြတဲ့ ပုပ္ပားတောင်တော်မြတ်ကြီးဖြစ်ပြီး ၎င်းဟာ မီးငြိမ်းတောင်ကြီးတစ်တောင်လည်းဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာထင်ရှားတဲ့ စစ်တောင်းမြစ်ကြီးဟာ အဲဒီတောင်ထွတ်ကြီးဆီမှာ မြစ်ဖျားခံပါတယ်ရှင်" ဟု ပြောပြရှင်းလင်းနေသလို၊ တောင်မရှိသော မြေပြန့်ကန္တာရနိုင်ငံမှလာသည့် ကမ္ဘာလှည့်ခရီးသည် အူကြောင်ကြောင်ပုဂ္ဂိုလ်တစ်ဦးက ပါးစပ်အဟောင်းသား ငေးမောနေပုံမျိုးနှင့် တထေရာတည်းတူနေပါသည်။

ချောင်းဝမ်းဗိုက်အလယ်ကောင်တွင် တစ်ထွာခန့်သာနက်မည့် မြွေလိမ်မြွေကောက် ရေစီးကြောင်းကလေးသာ ရှိနေသော ရေခန်းနေသည့် ချောင်းကမ်းစောင်းအထက် ကုန်းပေါ်ရှိ အုံ့အုံ့ဆိုင်းဆိုင်း မန်ကျည်းပင်အိုကြီးတစ်ပင်အနီးမှာ အထီးတည်းရှိနေသော ခေါင်စောက်စောက်နှင့် တဲအိမ်ကြီးသည် စန်းချိုညွှန်ပြသည့် (ငါတို့အိမ်)ပင်ဖြစ်တော့သည်။ သန်းဆိုင်က. . . (အိမ်လို့သာပြောတယ်၊ နွားတင်းကုပ်ကြီးလိုလို၊ စပါးကျီကြီးလိုလိုနဲ့)ဟု စိတ်ထဲမှ မှတ်ချက်ချသည်။ ထို "အိမ်"နံဘေး အရပ်လေးမျက်နှာတွင် ရင်စို့ခန့်မြင့်သော ငါးခြောက်လှန်းစင်များ၊ ထိုစင်များအောက်တွင် ငါးပိငံပြာရည်ခံသော ငါးပိသိပ်သော စဉ့်အိုးကြီးငယ်များ နေရာယူထားကြသည်ကို သန်းဆိုင်သတိပြုမိ၏။ ငါးဖမ်းပိုက်အဟောင်းအမြင်းအချို့သည်လည်း ငါးခြောက်လှန်းစင်တစ်ခုမှာ တွဲလွဲခိုအငြိမ်းစားယူနေကြ၏၊ သူ့နှာခေါင်းနှင့် မရင်းနှီးသေးသော ညှီစို့စို့အနံ့ကို သန်းဆိုင်ရှူမိလျက်၊ ဖျို့တို့တို့ ခံစားလိုက်ရလေသည်။ [ဒီအနံ့က ကြာရင် နှာခေါင်းယဉ်သွားမှာပါလေ၊ စန်းချိုနဲ့ငါ ဒီလောက်နီးစပ်နေတာပဲ၊ သူကိုယ်က သနပ်ခါးနံ့က လွဲလို့ ဘာနံ့မှ မှမရတာ]ဟု သန်းဆိုင် ရသေ့စိတ်ဖြေတွေးမိပြန်၏။

စန်းချိုတို့တဲကြီးနှင့် အနီးဆုံးအိမ်မှာ ဝါးနှစ်ပြန်စာလောက်အကွာအဝေးမှာရှိနေပြီး စန်းချိုတို့မှာ ခြံစည်းရိုးကာရံထားခြင်းလည်း မရှိပေ။ တဲကြီးအနီးမှာ သစ်ပင်ဝါးပင်ဆို၍ မန်ကျည်းပင်ကြီးသာလျှင် ထီးထီးမားမားရှိနေ၏။ [စန်းချိုတို့ဟာ ရွာထိပ်ဖျားမှာနေကြတာကိုး] ဟု သန်းဆိုင် ကောက်ချက်ဆွဲသည်။



ဤသို့နှင့်ပင် ခြေတုန်လက်တုန်နေသော သန်းဆိုင်သည် ရင်တစ်ခုန်ခုန်ဖြင့် (စန်းချိုနောက်တစ်လံအကွာကနေ)တဲကြီးအနီးသို့ ရောက်လာသည်။ တဲကြီးတစ်နေရာမှ မီးခိုးတအူအူဝေ့နေသော်လည်း လူသံသူသံမကြား ပကတိတိတ်ဆိတ်နေ၏။ ငါးပိနံ့၊ ငါးခြောက်နံ့များကား ပို၍ သိပ်သည်းပြင်းရှလာကြ၏။

သန်းဆိုင်တို့တဲကြီး၏ နောက်ကျောဘက်မှ လာကြသည်ဖြစ်ရာ၊ တဲကြီး၏ဟင်းလင်းဖွင့်ထားသော မျက်နှာစာကို မတွေ့ခဲ့ကြရပေ။ တဲကြီး၏ ခေါင်းရင်း(အရှေ့အရပ်)ကိုကျော်၍ ဝဲဘက်သို့ကွေ့လိုက်တော့မှ တံခါးမရှိ၊ ဝရန်တာမရှိ၊ ဘာမှအဆီးအတားမရှိသော တဲကြီး၏ဟင်းလင်းပွင့်မျက်နှာစာကို သန်းဆိုင်တွေ့ရသည်။ [သွားမရှိတဲ့အဘိုးကြီးပါးစပ်ပေါက်နဲ့တူလိုက်တာ]ဟု သန်းဆိုင်က တဲကြီး၏မျက်နှာစာကို တင်စားလိုက်၏။ မဟုတ်ရပေ။ ထိုပါးစပ်ပေါက်ကြီးတွင် သွားတစ်ချောင်းတော့ ငုတ်တုတ်ရှိနေပါ၏။ ဧည့်ခန်းဖြစ်ဟန်တူသော [တဲကြီး၏ရှေ့ဆုံးအခန်း] ဝါးကြမ်းပေါ်တွင် လူကြီးတစ်ယောက် တင်ပျဉ်ခွေထိုင်လျက် ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲ ဖွာရှိုက်သောက်ရှူနေသည်။ ခေါင်းတုံးပြောင်ကြီးနှင့်ဖြစ်ပြီး အသားရောင်က စန်းချိုလိုပင် မွဲပြာပြာဖြစ်သည်။ စန်းချိုကဲ့သို့ မျက်ခုံးထူ၊ မျက်လုံးပြူးသည်။ အင်္ကျီမဝတ်။ အရောင်အဆင်းမဲ့ပုဆိုးကို ဒူးနှစ်လုံးဖော်၍ ဝတ်ထားသည်။ ကိုယ်လုံးကိုယ်ဖန် ခပ်သေးသေးပင်ဖြစ်သည်။ ထိုလူကြီးရှေ့တွင် ဒန်ကရားတစ်လုံးနှင့် ဖန်ခွက်ငယ်ကလေးသုံးလုံးတွေ့ရ၏။ ထို့ပြင် ဒန်ကရားအနီးရှိ သတ္တုပန်းကန်ပြားတွင် စားလက်စ ငါးခူကြော်တစ်ကောင် ပုံယွင်းစွာရှိနေသည်။

"အဖေ၊ ဧည့်သည်ပါလာတယ်၊ အမေရေ ဧည့်သည်ပါလာတယ်" စန်းချိုအသံမြင့်၍ ပြောလိုက်ဟန်က ရွာဆော်တစ်ယောက်က ရွာလယ်

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ မောင်းထုရင်း "မြို့ပိုင်ကြီးကြွလာတယ်ဗျို့"ဟု ဆော်သြ ဟစ်ကြွေးသံမျိုးဖြစ်နေသည်။ အဘိုးကြီးက တံစက်မြိတ်အပြင်ဘက်နေရောင်အောက်မှာရပ်နေသော သန်းဆိုင်ကို တစ်ချက်မျှသာကြည့်ပြီး ဒန်ကရားထဲမှ အရည်များကို ဖန်ခွက်တစ်ခွက်ထဲသို့ အပြည့်ငှဲ့လောင်းချလိုက်သည်။ လက်ဖက်ရည်ကြမ်းတော့မဟုတ်၊ ချက်အရက်တွေသာ ဖြစ်၏။

"ကဲ ဒီမှာ ခဏထိုင်ဦး၊ ငါ အမေ့ကိုသွားခေါ်ဦးမယ်"

စန်းချိုက သန်းဆိုင်အား သူမ၏ဖခင် [အမည်ဦးဖိုးလူ] ထိုင်နေသော ဝါးကြမ်းခင်းတစ်နေရာသို့ လက်ညှိုးဖြင့်ယမ်းပြပြီး၊ မီးဖိုဆောင်ဖြစ်ဟန်တူသော တဲနောက်ဘက်သို့ လှစ်ခနဲလှမ်းဝင်သွားသည်။

"ဟေ့ သန်းဆိုင် ထိုင်လေကွာ၊ မင်းမှာ ဖင်မပါဘူးလား" ဟု ဦးဖိုးလူက အရက်တစ်ခွက်မော့ချပြီး ငေါက်ငမ်းငမ်းပြောသည်။ သန်းဆိုင်ကြက်သီးမွေးညင်း ထခမန်း အံ့သြတုန်လှုပ်သွားမိ၏။ ယောက္ခမလောင်းကြီးက ငါ့နာမည်ကိုတောင် ကြိုသိနေပါလား၊ ဘယ်လိုနည်းနဲ့များ သိလိုက်ပါလိမ့်ဟု ယောင်ချာချာတွေးသည်။ သို့နှင့်ပင် ဦးဖိုးလူနှင့်(၅)ပေခန့်အကွာ ဝါးကြမ်းပေါ်မှာ သေတ္တာစုတ်ကလေးပိုက်၍ ခပ်ရို့ရို့ဝင်ထိုင်လိုက်၏။ ထိုင်မိသည်နှင့် ချက်အရက်နံ့သည် သန်းဆိုင်၏ဂန္ဓာရုံကို ထိပါးနှောင့်ယှက်လာသည်။ သန်းဆိုင်သည် တောသားကာလသားပီပီ အရက်ချိုးမဟုတ်တောင်မှ ရံဖန်ရံခါ ပွဲလမ်းသဘင်ရှိလျှင် ဒုမင်္ဂလ၊ သုမင်္ဂလကိစ္စများ၌ လုပ်အားပေးကူညီစဉ်အဖော်အပေါင်းများနှင့် တစ်ခွက်စ၊ နှစ်ခွက်စ သောက်တတ်သည်။ သူ့အဖေဘုန်းကြီးလူထွက်မသိအောင် ခိုးကြောင်ခိုးဝှက်သောက်ရခြင်းဖြစ်သည်။ သူ့အဖေ ခွက်ပုန်းသောက်မှန်းသိသော်ငြား၊ လူလည်ကြီး ဦးကံငွေက ဆေးပြင်းလိပ်နံ့ဖြင့် အကာအကွယ်ယူထားရကား၊ သူ့အဖေထံမှ တစ်ခါမျှ အရက်နံ့မရစဖူးခဲ့။ ယခု ဦးဖိုးလူအနီးမှာ ထိုင်လိုက်သည့်အခါ၊ သူရှူရှိုက်မိသော မွှန်စူးစူး ဟောင်ပုပ်ပုပ် အနံ့ဆိုးကြီးမှာ သန်းဆိုင်တစ်သက်၌၊ ပထမဆုံး ကြုံတွေ့ရသည့် အဆိုးဝါးဆုံး



အနံ့အသက်ဖြစ်နေသည်။ တစ်ချိန်တည်း၌၊ ငါးပိနံ့၊ ငါးခြောက်နံ့တွေကိုလည်း ရှူနေရသဖြင့်၊ သန်းဆိုင် အော်ဂလီဆန်သလိုလို ခံစားလာမိ၏။

"အုတ်ဖိုစုက ဘုန်းကြီးလူထွက် ကိုကံငွေရဲ့သား . . . သန်းဆိုင်ဆိုတာ မင်းပေါ့၊ ဟုတ်လားကွ"

ဦးဖိုးလူက ငါးကြော်တကြွပ်ကြွပ်ဝါးရင်း မေးလိုက်ရာ၊ သန်းဆိုင်သည် မီးစနှင့် အထိုးခံရသလို တွန့်သွားပြီး အဆီပြန်နေသော ရှုံ့တွတွမည်းပြောင်ပြောင် မျက်နှာကြီးဘက် လှည့်လိုက်မိ၏။

"ဟုတ် ဟုတ်ပါတယ်ဦးကြီး"

"အခု ဒီကိုလာတာဟာ မင်းသဘောနဲ့ မင်းလာတာလား၊ ငါ့သမီးစန်းချိုခေါ်လို့ လာတာလားကွ၊ အမှန်အတိုင်းပြော"

အဘိုးကြီးပေါက်စက. . .၊ သန်းဆိုင်က မှန်ရာကိုမဖြေလျှင်၊ သူ့လက်ထဲက အရက်ခွက်ဖြင့် ပေါက်တော့မည့် မျက်နှာထားမျိုးနှင့် မေးလိုက်ခြင်းဖြစ်သည်။ သန်းဆိုင်သည် ဖိုးလူအား မျက်စိပေကလပ် ပေကလပ်ဖြင့်ကြည့်ရင်း၊ တံတွေးသလိပ်တွေကို တဂွပ်ဂွပ်မျိုချကာ၊ စကားပြောဖို့ အရှိန်ယူနေရလေ၏။

"ကျွန်-ကျွန်တော်တို့နှစ်ဦး သဘောတူတိုင်ပင်ပြီးမှ ကျွန်တော်ဒီကိုလာတာပါ။ ကျွန်တော်၊ ကျွန်တော်. . ."

"ဟေ့-နေဦး၊ နေဦးကွသန်းဆိုင်" ဟု ခပ်ဆတ်ဆတ်ပြောရင်း၊ ဦးဖိုးလူသည် ချက်အရက်ကို ရေသောက်ဘိသကဲ့သို့ တကွတ်ကွတ်မြည်အောင် သောက်နေပြန်သည်။ ['ဒီလူကြီးမူးနေရင်တော့ငါတို့ကိစ္စမပြီးစီးဘဲ ကိုးရိုးကားရား ဖြစ်တော့မှာပဲ] ဟု တွေးကာ၊ သန်းဆိုင် စိတ်မော လူမော ဖြစ်စ ပြုလာသည်။ ဦးဖိုးလူက အရက်သောက်ပြီး၊ ငါးခူခေါင်းတို့ ပဲလှော်ဝါးသလို တစ်ပြောက်ပြောက် ကျိတ်ဝါးနေသေး၏။ ဝမ်းထဲသို့ မျိုချပြီးမှ ချောင်းတစ်ချက်ဟန့်၏။ ပြီးလျှင်၊ ဆေးလိပ်တောက်ဖွာနေပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှတ်ထားကွ၊ ငါတို့ ဝက်လူးရွာကနေ ရွာစဉ်လှည့်ပြီး ငါးရောင်းနေကြတဲ့ ငါးစိမ်းသည်တွေဟာ စုံထောက်တွေသေလို့ ဝင်စားတဲ့ စုံထောက်လူဝင်စားတွေချည်းပဲ၊ ဟောဒီ ချောင်းရိုးတစ်လျှောက်မှာတော့ ဘယ်ရွာ ဘယ်သူ့အိမ်မှာ အပ်ကျတာကအစ၊ သူတို့မသိမရှိဘူး၊ အကုန်သိတယ်၊ ငါပြောတာမှတ်ထားကွနော်၊ ငါ့သမီးစန်းချို မင်းတို့ဘက်ကကွင်းမှာ တစ်လလောက် စပါးသွားရိတ်တာ မှန်ပေမဲ့ တစ်လမပြည့်ခင် သူ့သတင်းက ငါ့နားကို ရောက်နေပြီကွ။ ဘယ်သူ့ဘယ်ဝါရဲ့သားနဲ့ သမီးရည်းစားဖြစ်နေတယ်။ ငါတို့က တံငါလုပ်စားလို့ မင်းတို့ဘက်က သဘောမတူတာတို့ ဘာတို့ကအစ ငါတို့ရွာက စုံထောက်မတွေက အကုန်သတင်းရပြီးသား၊ သူတို့ရတဲ့ သတင်းတွေကလည်း ငါ့မယားက တစ်ဆင့် ငါ့နားကိုရောက်တာချည်းပဲ၊ ငါ့သမီးကို မင်းယူရင် မင်းကိုအမွေတွေကော ဆွေခန်းမျိုးခန်းပါ ဖြတ်မယ်ဆိုတဲ့ သတင်းကအစ ငါကြိုတင်ရပြီးသားကွ သန်းဆိုင်။ ဒါပေမဲ့ ငါ့သမီးစန်းချိုကို ငါတို့ဘာတစ်လုံးမှ ဖွင့်မပြောဘဲ မသိချင်ယောင်ဆောင်နေခဲ့ကြတယ်။ ငါ့မှာ သားသမီး (၆) ယောက်ရှိတယ်၊ အမှန်ပြောရရင် ငါ့မှာ သားသမီးစုစုပေါင်း တစ်ကျိပ်ရှိတယ်။ ပထမအိမ်ထောင်နဲ့ (၄) ယောက်ရတယ်၊ အခု ဒုတိယအိမ်ထောင်တော့စုနဲ့ညားတော့ (၆) ယောက် ထပ်ရတယ်။ (၆) ယောက်ထဲမှာ စန်းချိုက အကြီးဆုံး၊ ငါအချစ်ဆုံး၊ ငါအားအကိုးရဆုံး သမီးပဲ။ ဒီတော့ သင်းကို ငါစိတ်မဆင်းရဲစေချင်သလို၊ ငါလည်း စိတ်အထိခိုက် မခံချင်ဘူး သန်းဆိုင် မင်းမှတ်ထား. . ."

ဦးဖိုးလှက အရက်ငှဲ့နေပြန်လေသည်။ [အများတကာပြောတာ ဟုတ်မှာပါပဲ၊ စန်းချိုတို့အဖေက ဒေဝါမလင်းမူးနေတယ်ဆိုတာ၊ ဒါပေမဲ့ သူ့ကြည့်ရတာ အရက်မူးပုံလည်းမရဘူး၊ ရုပ်လည်းမပျက်ဘူး၊ စကားပြောလည်း မမှားပါလား။ တကယ့် ကြွက်တွင်းကြီးပဲ] ဟု အတွင်းကျိတ်ဝေဖန်သုံးသပ်ရင်း၊ သန်းချို ချွေးပြန်အိုက်စပ်လာသည်။ ဝတ်ထားသော အပေါ



စားစပို့ရှပ်ကိုပင် ချွတ်ပစ်ချင်စိတ်ပေါက်လာပေ၏။

ဦးဖိုးလှက၊ ဟန်မပျက် အသံမပျက် စကားဆက်သည်။

"မင်း မြန်မာစကားတစ်ခု ကြားဖူးမှာပေါ့။ (လယ်သမား ချောင်းသမား) ဆိုတဲ့ စကားကွာ။ လယ်သမားဆိုတာ မင်းတို့ ကွင်းသားတွေကို ခေါ်တာ။ ချောင်းသမားဆိုတာက ငါတို့လို ငါးဖမ်းပိုက်ချတဲ့ အင်းသမားတွေကိုခေါ်တာ၊ မြို့က စာတတ်ပေတတ်တွေလို ကြီးကြီးကျယ်ကျယ်ပြောရရင်တော့ ငါတို့ဟာ ရေလုပ်သားတွေပဲ၊ မဟုတ်ဘူးလား၊ မင်း မှတ်ထားနော်၊ ငါတို့ဒေသမှာ လယ်သမားနဲ့ ချောင်းသမားဟာ. . . ငါးခွေးလျှာလို အမြွှာတွဲနေကြတာကွ၊ ထမင်းရဖို့ မင်းတို့က စပါးစိုက်မယ်. . ၊ ဟင်းရဖို့ ငါတို့က ငါးဖမ်းမယ် ဒါပဲ၊ ရှင်းရှင်းကလေးပဲ။ မင်းတို့ဆီကနေ ငါတို့ ဆန်ဝယ်စားတယ်၊ ငါတို့ဆီကနေ မင်းတို့က ငါးတွေ ပုစွန်တွေ ငါးပိ ငါးခြောက်တွေ ဝယ်စားကြရတယ်။ ဒါပဲ၊ မင်းမှတ်ထားကွ။ လောကမှာ လယ်သမားချည်းပဲ နေလို့မရသလို၊ တံငါချည်းပဲလည်း နေမဖြစ်ပြန်ဘူး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီပေါ့လေကွာ၊ ဒါကို မင်းတို့ဘက်က သဘောမပေါက်ဘဲ. . . ငါ့သမီးဟာ တံငါမျိုးမို့ သဘောမတူပါဘူးလို့ ပြောထွက်ရဲတာကို ငါအံ့ဩလို့မဆုံးဘူး၊ မင်းအဖေဟာ ဘုန်းကြီးလူထွက်သာဆိုတယ်။ လောကီသဘာဝကို လုံးလုံးနားမလည်ပါလားကွ ဟေ၊ ဒီသတင်းကို ကြားခါစက ငါစိတ်ရှုပေါက်ပြီး မင်းတို့တစ်ရွာလုံးကို ပြာကျသွားအောင် မီးတိုက်ပစ်ဖို့ ကြံသေးတယ်၊ နောက်မှ. . . ကိုယ့်စိတ်ကိုယ်ထိန်းပြီး [ဪ . . . သင်းတို့ဟာ လူတွေရဲ့ သဘာဝကို နကန်းတစ်လုံးတောင် မသိတဲ့ နလပိန်းတုံးတွေပါလား. . .] လို့ ခွင့်လွှတ်စိတ်ကလေး မွေးလိုက်ရသပေါ့ကွာ၊ ငါခပ်ငယ်ငယ်က စိတ်မျိုးနဲ့သာဆိုရင် မင်းတို့ရွာလည်း ပြာကျ။ ငါလည်း ထောင်ထဲရောက်နေမလား သချိုင်းကုန်းက မြေကြီးအောက် ရောက်နေမလား မဆိုနိုင်ဘူး။ မင်းမှတ်ထား သန်းဆိုင်၊ ဝက်လူးရွာက ဖိုးလှဟာ ပညာမတတ်ပေမဲ့ စဉ်းစားဉာဏ်တော့ အများကြီးရှိတယ်၊ လူကို

www.burmeseclassic.com

www.burmeseclassic.com



လူလိုပဲ မြင်တတ်တယ်၊ လူကို ခွေးလိုလည်း မမြင်တတ်ဘူး၊ နတ်သိကြားလိုလည်း မမြင်တတ်ဘူး၊ ဖိုးလူတို့ သတ္တဝါတွေရဲ့ အသက်ပေါင်းများစွာကို သတ်နေပေမဲ့. . အပျော်သတ်နေတာ မဟုတ်ဘူး၊ ငါးတွေ ပုစွန်တွေ သေကြစမ်းဟာ. . .၊ ဟင်းအိုးထဲ ရောက်ကြစမ်းဟာဆိုတဲ့ စေတနာနဲ့ သတ်နေတာ မဟုတ်ဘူး၊ ငါ့ဝမ်းပူစာ မနေသာဆိုတဲ့ စကားလို မိသားစု စားဝတ်နေရေး ဖူလုံအောင် မလုပ်မဖြစ် စီးပွားရှာနေတာ၊ မင်းမှတ်ထား သန်းဆိုင်. . .။

“မင်းတို့လာတော့ ရွာထိပ်မှာ ဘုန်းတော်ကြီးကျောင်းတွေခဲ့တယ် မဟုတ်လား [ သန်းဆိုင်ခေါင်းညိတ်သည်] အဲဒါ. . . ငါတို့အင်းသမား ချောင်းသမားတွေရဲ့ ချွေးနဲ့စာနဲ့ ဆောက်ထားတဲ့ကျောင်း၊ လှူထားတဲ့ ကျောင်း၊ ဒီကျောင်းမျိုးကို မြို့ကသူဌေးတွေတောင် ဆောက်မပေးနိုင်ဘူး။ အကုသိုလ်တွေ ပေါ့သွားအောင် ရေရောတာလို့တော့ မထင်နဲ့ငါ့လူ၊ ဗုဒ္ဓဘာသာဝင်တွေပီပီ စေတနာသုံးတန် ပြဋ္ဌာန်းပြီး သဒ္ဓါအပြည့်နဲ့ လှူထားတာ၊ ဆက်ပြီးတော့လည်း ငါတို့က လှူနေဦးမှာပဲ၊ ငါတို့ကို တံငါတွေဆိုပြီး ပေါ့တော့တော့ တော့မယူဆလေနဲ့၊ လှူစရာတန်းစရာရှိရင် ငါတို့က ဘုရားလူကြီးလိုလို၊ ဥပသကာလိုလို ကြောင်သူတော်ကပ်စေးနှဲတွေထက် လက်လွယ်တယ်၊ လက်ရဲတယ်၊ နောက်မတွန့်ဘူးကွ၊ မင်းမှတ်ထား. . .”

ဦးဖိုးလူက နောက်တစ်ခွက်သောက်လိုက်ပြန်စဉ် ရှုတ်တရက် ဤနေရာမှ ပြုန်းခနဲထပြီး ခြေဦးတည့်ရာ ထွက်ပြေးလိုစိတ်တွေ သန်းဆိုင်၏ဦးခေါင်းထဲသို့ တိုးဝင်လာကြသည်။ [ မဖြစ်သေးပါဘူး၊ ဒီအခြေအနေ ရောက်နေမှတော့ ငါ့ကို လက်ခံ၊ လက်မခံအောင့်အည်းပြီး စောင့်ကြည့်ရမှာပဲ၊ အဘိုးကြီးက သိပ်တော့မဟန်ဘူး၊ သူ့မျက်လုံးကြီးတွေ တဖြည်းဖြည်းနီလာနေပြီ] ဟု စဉ်းစားချိန်ဆရင်း သန်းဆိုင်ခေါင်းတညိတ်ညိတ် လုပ်နေရ၏။ ခေါင်းတချက်ညိတ်တိုင်း နဖူးကချွေးတွေက ပေါင်ပေါ်တင်ထားသည့် သေတ္တာစုတ်ကလေးပေါ်သို့ တဒေါက်ဒေါက်ကျလာကြသည်။



“မင်းအဖေက စာတတ်ပေတတ်ဘုန်းကြီးလူထွက်၊ ငါက စာမတတ် ပေမတတ် တံငါမို့ အထင်သေးမယ်တော့မကြံနဲ့ ငါ့လူ၊ ငါ့အဘိုးဟာ အင်္ဂလိပ်ခေတ်တုန်းက ဂေါ်ဝနာ [governor ဘုရင်ခံကို ဆိုလိုခြင်းဖြစ်သည်]ရဲ့အိမ်တော်မှာ မာလီလုပ်လာတာ၊ ဘိုစကားဒွတ်ဒက် ရွှတ်ရှက်တွေ မှတ်နေအောင်တတ်တယ်၊ ငါ့အဖေကျတော့လည်း သစ်တောအင်စပိတ်တော်ကြီးအိမ်မှာ ဂျာရှူဝါးလား တာဝန်ထမ်းဆောင်ခဲ့တာ၊ ငါ့ကျတော့ ဘာဖြစ်လဲ၊ လုပ်သားပြည်သူတွေ စားဖို့ သောက်ဖို့ ငါးတွေ၊ ပုစွန်တွေ ရှာပေးနေတဲ့ရေလုပ်သား၊ ငါ့မိန်းမ စောပုက ငါးရံ့ခြောက်ကောင်းကောင်းခွဲတတ်တယ်၊ သုံးဦးစပ်ငါးကြီး ငါးပိကောင်း ကောင်းသိပ်တတ်တယ်၊ အကောင်းစား ငါးငံပြာရည်ခံတတ်တယ်၊ ငါ့သမီး စန်းချိုကျတော့ကော၊ နွေမိုးဆောင်း ရာသီသုံးပါးစလုံးမှာရှိတဲ့ အလုပ်ဟူသမျှ အကုန်လုပ်တတ်တယ်။ ရေအလုပ်ကျွမ်းကျင်သလို မင်းတို့လုပ်ကြတဲ့ ကုန်းအလုပ်လည်း ငါ့သမီးက နိုင်နင်းတာပဲ၊ ဒါများ မင်းတို့ဘက်က သဘောမတူဘူး ရှိရသေးတယ်၊ ငါပြောပြီးပါပကော၊ လယ်သမားနဲ့ ချောင်းသမားဟာ ငါးခွေးလျှာလို ပူးတွဲနေတဲ့ ရဲဘော်ရဲဘက်တွေပါလို့ . . .”

သန်းဆိုင်သည် စိတ်ကျဉ်းကျပ်ရာမှတစ်ဆင့် နှလုံးအခုန်မြန်ပြီး အသက်ရှူမဝသလိုလိုပင် ဖြစ်လာခဲ့၏။ ဦးဖိုးလူ သုံးနှုန်းခဲ့သော ဂေါ်ဝနာ၊ မာလီ၊ ဂျာရှူဝါးလား စကားလုံးတွေကိုလည်း သူနည်းနည်းမျှပင် သဘောမပေါက်။ [စန်းချိုအဖေဟာ မူးရုံတင်မကဘဲ ရူးများရူးနေပြီလားမသိဘူး ငါတော့ ဆုပ်လည်းစူး၊ စားလည်းရူးမယ့်ဘဝရောက်နေပြီလား မသိဘူး] ဟု အတွင်းစိတ်မှာ ခြုံသံပါအောင် ညည်းမိသည်။ ဦးဖိုးလူထံမှ လှမ်းပို့လာသောအရက်နံ့ကို ရှူမိရင်း သူကိုယ်တိုင်ပင် မူးနောက်နောက်ညည်း စီစီခံစားလာရလေသည်။

သန်းဆိုင်ထိုင်ရာမှ လဲကျမသွားအောင် ကူညီကယ်တင်ကြမည့်သူ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး တဲကြီး၏မြေစိုက်မီးဖိုဆောင်ထဲမှ ထွက်ပေါ်လာကြသည်။ စန်းချို နှင့်သူမ၏မိခင် ဒေါ်စောပုတို့ဖြစ်သည်။ ဒေါ်စောပုသည် အရပ်မပုသည့် ပြင် ကရင်တိုင်းရင်းသူဖြစ်၍ စန်းချိုတို့သားအဖ၏ အသားရောင်နှင့် ဆန့် ကျင်စွာ အသားအရည်ဝင်းဝါနေသည်။ မျက်နှာထားကတော့ ဘာခံစားမှု ကိုမှမဖော်ပြသည့် ရုပ်တုမျက်နှာမျိုးဖြစ်၏။

စန်းချိုတို့ကို တွေ့သည်နှင့် ဦးဖိုးလူသည် သောက်လက်စအရက်ကို အလျှင်အမြန် မျိုချလိုက်ပြီးနောက်၊ ဖန်ခွက်ကို ကြမ်းပေါ်သို့ဆောင့်ချ၊ ပါးစပ်ကို ညာလက်ခုံဖြင့်ပွတ်၊ ဘယ်ပေါင်ပေါ် ညာခြေသလုံးချိတ်၍ နေရာပြင်ထိုင်လိုက်သည်။ စန်းချိုက သန်းဆိုင်ကို တစ်လှည့်၊ ဖခင်ကြီး ကိုတစ်လှည့် ရဲရဲဝံ့ဝံ့၊ စူးစူးဝါးဝါး ကြည့်နေသည်။

ဦးဖိုးလူက ဆေးပေါ့လိပ်ကြီးကို ကောက်ယူပြီး ငေ့ါယမ်းလိုက်၏။

"ဟေ့ စောပု၊ ငါပြောတာနားထောင်စမ်း" ဟုလည်း စစ်သူကြီး တစ်ဦး စစ်မြေပြင်မှာ ရဲမက်တွေကို သတိပေးနှိုးဆော်သံမျိုး လည်ချောင်း သံပါပါ အော်သည်။

ဒေါ်စောပု၏ မျက်လုံးများမှာ ဦးဖိုးလူထံမှာ မရှိဘဲ၊ သန်းဆိုင် ကိုယ်ပေါ်၌သာ ရစ်ဝဲရွေ့လျားလျက်ရှိ၏။ သူမ၏အကြည့်မှာ ကျေးတော သားတစ်ယောက်က ရှေးဟောင်းပြတိုက်ထဲရှိ ဒိုင်နိုဆောရုပ်တုကြီးကို အံ့ဩခြင်းတစ်ဝက်၊ ဝေခွဲနားလည်ရန် ခက်ခဲခြင်းတစ်ဝက်တို့ဖြင့် ကြည့်နေ ဟန်မျိုးဖြစ်သည်။ သန်းဆိုင်သည် ဘယ်သူ့ကိုရွေးချယ်၍ ကြည့်ရမှန်းမသိ သည့်အဆုံး ငါးခြောက်လှန်းစင်များကို ကျော်ဖြတ်၍ ရေခန်းစပြုနေသည့် ချောင်းဘက်သို့သာ ငူတူတူကြီး ငေးနေလိုက်တော့သည်။

"ဟေ့. . . စောပု၊ ငါပြောမယ် နားထောင်"

မိန်းမကြီးက ခင်ပွန်းကို စွေစောင်းစောင်းကြည့်၍ (ပြော. . .၊ နားထောင်နေတယ်)ဟု အဓိပ္ပာယ်ရသောမျက်နှာထားဖြင့် မေးထိုးပြ သည်။



"ငါတို့လှောင်ထားတဲ့ငါးပိတွေ၊ ငါးခြောက်တွေ၊ ငါးပိငံပြာရည်တွေ ရတဲ့ဈေးနဲ့အကုန်ထုတ်ရောင်း၊ နှင့် နားကပ်ကိုလည်း ရသလောက်နဲ့ပေါင် ငါပြောတာကြားလားဟေ့ စောပု" ဟု ဦးဖိုးလူက ညွှန်ကြားနေစဉ် မိန်းမ ကြီးသည် သန်းဆိုင်ဘက်သို့လှည့်၍ စူးစမ်းလေ့လာသကဲ့သို့ မျက်တောင် မခတ်ကြည့်နေပြန်သည်။ သန်းဆိုင်သည် သက်မဲ့ကျောက်ရုပ်ကြီးနှင့် မခြား၊ တုတ်တုတ်မျှမလှုပ်။

"ရတဲ့ငွေဟာ ငါ့သမီးအတွက် မင်္ဂလာဆောင် စရိတ်ပဲ၊ မှတ် ထားနော် စောပု"

x x x

x x x

"ဒါဖြင့် မင်းတို့ကို မင်းယောက္ခမဘက်က မင်္ဂလာဆောင်ပေးလိုက် တာပေါ့ ဟုတ်လားကွ သန်းဆိုင်"

ယခုကဲ့သို့ နေပြင်းသော နွေရာသီနေ့လယ်ခင်းတစ်ခုတွင် သူ့ဆိုင် မှ နေ့စဉ် ကွမ်းယာ(၂၀၀) ကျပ်ဖိုး ပုံမှန်ဝယ်စားသော အိမ်နီးချင်း ဘတ် စကားအုံနာ/ဒရိုင်ဘာကြီးဦးဘာဘူကို သန်းဆိုင်က သူနှင့်စန်းချိုတို့ အိမ် ထောင်ကျခဲ့ပုံကို ကွက်စိပ်ဟောသလို ပြောပြနေစဉ်၊ ဦးဘာဘူက ဆိုင်ရှေ့ ခုံတန်းလျားပေါ်ကနေ မြေပြင်ပေါ်သို့ ကွမ်းတံတွေး၊ ဗျစ်ခနဲ ထွေးချပြီး နောက် ဖြတ်မေးလိုက်ခြင်းဖြစ်သည်။ သန်းဆိုင်သည် ယခုကဲ့သို့ပင် တိုယ် ဝတ်မဲ့ဗလာကိုယ်လုံးကြီးကို သင်အူယပ်တောင်စုတ်ဖြင့် တဖျတ်ဖျတ်ခတ် ရင်း၊ ကွမ်းကြေးတွေ စွဲနေသော ရွှေသွားကြီးတွေပေါ်အောင် ပြုံးရင်း ခပ်သဲ့သဲ့ ရယ်လိုက်သည်။

"မဟုတ်ဘူး ဦးဘာဘူရဲ့ . . . ဟဲ. . ဟဲ. . ဟဲ"

ဗိုက်ရွှဲကြီးဦးဘာဘူသည် သန်းဆိုင်ကို မျက်ခုံးတွန့်၍ ကြည့် သည်။

"မင်းဟာကလည်းကွာ၊ မင်းယောက္ခမက ငါးပိ၊ ငါးခြောက်၊

www.burmeseclassic.com

www.burmeseclassic.com



င်ပြောရည်တွေ ထုတ်ရောင်းပြီး မင်္ဂလာဆောင်ပေးမယ်လို့ ပြောတယ်ဆို"

"စကားသက်သက်ပါပဲဗျာ၊ အရက်သမားစကားယုံရတာ မှတ်လို့"

"ဒါဖြင့်၊ မင်းနဲ့စန်းချို ဘယ်လိုလုပ်ညားကြသလဲ"

"မင်္ဂလာမဆောင်၊ လက်မှတ်မထိုးဘဲ ညားခဲ့ကြတာ၊ ဒီနေ့အထိပဲ၊ ကျွန်တော့်သားအကြီးတောင် အသက်(၂၀)ရှိနေလေပြီဗျာ၊ သားအငယ်က (၁၆)နှစ်၊ စန်းချိုကမမွေးလို့၊ မွေးရင်ကလေးတစ်ဒါဇင်လောက် ရနေပြီ၊ ဟဲ ဟဲ ဟဲ"

သန်းဆိုင်သည် ဦးဘာဘူကို ပြက်လုံးထုတ်နေသော လူရွှင်တော်ကြီးတစ်ဦးအဖြစ် ထင်မှတ်ထားသည့်အလား တဟဲဟဲမြည်အောင် ရယ်နေ၏။ ထိုစဉ် ဦးဘာဘူနှင့် မျက်နှာချင်းဆိုင် ခုံတန်းလျားတွင် သန်းဆိုင်တို့နှင့် တစ်လမ်းထဲအတူနေ၊ ဆံပင်ရှည်၊ နှုတ်ခမ်းမွေးရှည်နှင့် စာယောင်ယောင်၊ ကဗျာယောင်ယောင်၊ ဘွဲ့ရပညာတတ်၊ မိဘလုပ်စာ ခပ်တည်တည် ထိုင်စားနေသော ခင်မောင်ငြိမ်း ထိုင်ပြီး ကွမ်းတမြုံ့မြုံ့လုပ်နေရင်း၊ သန်းဆိုင်၏ ဘဝစွန့်စားခန်းဝတ္ထုကို အပျင်းပြေနားထောင်လျက် ရှိသည်။ ခင်မောင်ငြိမ်းက . . .

"ဒီလိုဆို . . ကိုသန်းဆိုင်နဲ့ မစန်းချိုတို့က လင်မယားမှ မဟုတ်ဘဲ ခေတ်စကားနဲ့ပြောရရင် လစ်ဗင်းတူဂဲသားပဲ" ဟု ဝင်ပြောလိုက်သည်။ သန်းဆိုင်ကော ဦးဘာဘူပါ နားဝေတိမ်တောင်ဖြစ်သွားကြသည်။

"ဘာကွ၊ ဘာရယ် . . ."ဟု သန်းဆိုင်က မေးလိုက်သလို၊ ဦးဘာဘူကလည်း "လှဝင်းတူဂဲဓား၊ လှဝင်းတူဂဲဓား"ဟု ဆီမန်း မန်းသလို ရေရွတ်လျက်ရှိလေသည်။

"လစ်ဗင်းတူဂဲသားဆိုတာ အင်္ဂလိပ်စကားလုံးဗျ၊ လက်မထပ်ဘဲ စိတ်တူကိုယ်တူ ပေါင်းသင်းနေထိုင်ကြတာကိုခေါ်တာ၊ အနောက်တိုင်းဓလေ့တစ်ခုပေါ့ ကိုသန်းဆိုင်ရာ၊ ဆန်ဆုံစား၊ ကံကုန်သွားဆိုတဲ့ မြန်မာစကားလို ပျော်တုန်းပေါင်းနေကြ၊ ငြီးငွေ့လာတဲ့တစ်နေ့ ကျောခိုင်းသွားကြ



တဲ့ပုံစံမျိုး"ဟု ခင်မောင်ငြိမ်းက ရှင်းပြနေစဉ် သန်းဆိုင်၏ မျက်နှာဝိုင်းဝိုင်းကြီးမှာ ပွယောင်းယောင်း ဖြစ်လာသကဲ့သို့ ထင်မှတ်ရသည်။ သူသည် ခင်မောင်ငြိမ်းကို စူးစူးဝါးဝါး ကြည့်နေ၏။

"ဟေ့-ခင်မောင်ငြိမ်း၊ ငါတို့အိမ်ထောင်သက် အနှစ်(၂၀)ကျော်ပြီကွ၊ ငါတို့ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းနေကြတာ၊ တစ်နယ်လုံးသိတယ်၊ မင်းပြောတဲ့ ဘိုဓလေ့ ဘိုအကျင့်လို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ပေါင်းနေတာမဟုတ်ဘူး။ ငါတို့ဟာ မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာအတိုင်း ညားခဲ့ကြတာ နားလည်လား"

ခင်မောင်ငြိမ်းကလည်း ပညာတတ်ဉာဉ် ခပ်ပါးပါး စွဲကပ်နေသူပီပီ အလွယ်တကူ အလျှော့မပေး။ အထူးသဖြင့် ကျောင်းပညာမဲ့သန်းဆိုင်လိုလူမျိုး၏ အကျောကိုတော့မခံ။

"ဒါနဲ့၊ ခင်ဗျားစောစောကပြောတော့ ခင်ဗျားနဲ့ မစန်းချို မင်္ဂလာလည်းမဆောင်၊ လက်ထပ်စာချုပ်မှာ လက်မှတ်လည်းမထိုးဘဲ ညားခဲ့တာဆိုဗျ ကိုသန်းဆိုင်" ဟု ပျော့ကွက်ကို အမိအရ ဝင်ထောက်သည်။ ထောက်ကွက်က မိမိရရ ရှိပုံပေါ်လေသည်။

သန်းဆိုင်၏မျက်နှာကြီးမှာ ပိုမိုပွယောင်း ပိုမိုနီမြန်းလာသည်။ သူ့မျက်နှာကို ခင်မောင်ငြိမ်းအနီးသို့ တိုးကပ်တော့မည့်ပမာ လည်တိုင်ကို ရှေ့ဘက်သို့ ဆန့်ထုတ်နေ၏။ [ဒီ စာရူးပေရူးလာတိုင်း လေကုန်ခံပြီး ငြင်းနေရတာချည်းပါလား]ဟု သူ့စိတ်ထဲကလည်း ဒေါမနဿ ပွားနေမိသည်။

"ဟေ့ကောင် ခင်မောင်ငြိမ်း၊ မင်းက လူပျိုပဲရှိသေးတယ်နော်၊ မင်းမိန်းမယူရင်တော့ ဘယ်လိုမင်္ဂလာဆောင်မလဲ မပြောတတ်ဘူး၊ ဟိုတယ်ကြီးတွေမှာတက်ပြီး မင်္ဂလာဆောင်မှ ယောကျ်ားနဲ့မိန်းမညားတာ မဟုတ်ဘူးကွ၊ ငါနဲ့ စန်းချိုတို့မင်္ဂလာမဏ္ဍပ်ကြီးထိုး၊ လော်ကြီးတဂွီဂွီဖွင့်ပြီး မင်္ဂလာမဆောင်ခဲ့ပေမဲ့ မြန်မာ့ဓလေ့အတိုင်း တရားဝင်ညားခဲ့ကြတာကွ၊ မင်းမှတ်ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



သန်းဆိုင်က သူ၏ယောက္ခမကြီး ဦးဖိုးလူ၏လက်သုံးစကားဖြင့် စကားပို်ဒ်ကို လက်စသတ်လိုက်၏။

x x x

x x x

"ရတဲ့ငွေဟာ ငါ့သမီးအတွက် မင်္ဂလာဆောင် စရိတ်ပဲ၊ မှတ်ထားနော် စောပု" ဦးဖိုးလူက လျှာလေးအာလေး ညွှန်ကြားပြီးသည်နှင့် ရုတ်တရက် လေဖြတ်ခံရသကဲ့သို့ ဝါးကြမ်းပေါ်တွင် တစ်စောင်း လှဲချလိုက်သည်။ တစ်မိနစ်အတွင်း ဦးဖိုးလူထံမှ ကျယ်လောင်မြည်ဟည်းသော ဟောက်သံများ စည်းချက်မှန်စွာ ပေါ်ထွက်လာတော့သည်။ သန်းဆိုင်က စန်းချိုကို ကြည့်ပြီး (ဘယ်လိုလုပ်ကြမလဲ)ဟု အမူအရာဖြင့် မေးလိုက်သည်။ စန်းချို၏မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှုလက္ခဏာ ကင်းစင်နေသည်။ ဒေါ်စောပုကလည်း ဖြစ်ရိုးဖြစ်စဉ်၊ အခြေအနေတစ်ရပ်နှင့် တွေ့ကြုံရသကဲ့သို့ စကားတစ်ခွန်းမျှ မပြောဘဲ အိပ်ပျော်သွားသောဦးဖိုးလူအနီးမှ အရက်ကရားတွေ၊ ဖန်ခွက်တွေ၊ အမြည်းပန်းကန်တွေကို သိမ်းဆည်းပြီး မီးဖိုဆောင်ထဲ ဝင်သွားသည်။

သန်းဆိုင်သည် ပွေ့ပိုက်ထားသော သေတ္တာကို လက်ထဲကမချသေးဘဲ၊ ဝါးကြမ်းပေါ်ကနေ စန်းချိုရပ်နေသော မြေပြင်ပေါ်သို့ ဆင်းလိုက်၏။

"စန်းချို၊ ငါတော့ ဘာမှ မပြောတတ်တော့ဘူး၊ နင့်မိဘတွေနဲ့ ကောင်းသလိုသာ ကြည့်ကျက်လုပ်တော့ဟာ. . ." ဟု ပြောလိုက်သော သန်းဆိုင်၏အသံမှာ ပန်းနာရင်ကျပ်ရောဂါသည်တစ်ဦး ရောဂါသည်းထန်ပြီးနောက် နာလန်ထချိန်တွင် ဖွင့်ဟလိုက်သည့် စကားသံကဲ့သို့ သွေ့ခြောက်တိမ်ဝင်နေသည်။ စန်းချိုက နှုတ်ခမ်းတစ်ချက် တွန့်ရင်း၊ သန်းဆိုင်၏ လက်မောင်းအိုးတစ်ဖက်ကို လှမ်းဆိတ်သည်။

"သွေးကြောင်မနေနဲ့ သန်းဆိုင်၊ စိတ်အေးအေးထား၊ ငါ့အိမ်ကို



ရောက်နေပြီ၊ အားလုံး ငါ့တာဝန်၊ ငါ့အမေကတော့ နင်မြင်တဲ့အတိုင်း အရုပ်ပဲ၊ ကောင်းသည်ဆိုးသည် ဘာမှပြောမှာမဟုတ်ဘူး"

"ဒါပေမဲ့ဟာ. . . ယောက္ခမက ငါးပိရောင်း ငါးခြောက်ရောင်းပြီး သမက်ကို သမီးနဲ့မင်္ဂလာဆောင်ပေးရတယ်ဆိုတာ လူကြားလို့ မကောင်းပါဘူး၊ ငါးစဉ်းစားမိရင်း ရှက်ရှက်လာတယ်၊ လူကြားထဲ ငါ့မျက်နှာ ဘယ်လို ပြရမလဲ စန်းချိုရာ. . ."

"ဟေ့. . . ပေါက်တဲ့နဖူးမထူးဘူး၊ လာ. . . မန်ကျည်းပင်ရိပ်မှာ သွားထိုင်မယ်၊ အဖေနိုးလို့ အမူးပြေမှ ပြောစရာရှိတာ ဆက်ပြောမယ်" ဟု ဆိုကာ၊ စန်းချိုက သန်းဆိုင်လက်မောင်းကို ဆွဲခေါ်သည့်အခါ သန်းဆိုင် ယက်ကန် ယက်ကန်ဖြင့် စန်းချိုခေါ်ရာနောက်သို့ ပါသွားသည်။ မန်ကျည်းပင်အောက်တွင် ဝါးကွပ်ပျစ်တစ်လုံး အသင့်ရှိနေပြီး၊ ခြေပစ်လက်ပစ် လှဲလျောင်းကာ၊ ရင်ဆိုင်နေရသော ပြဿနာတို စဉ်းစားကြံဆလိုသော သန်းဆိုင်အဖို့ရာ စိတ်သောကများစွာကြားထဲမှ စိတ်ချမ်းမြေ့စရာ အကွက်ကလေးတစ်ကွက် ရှာတွေ့သွားသည့်နှယ် ရှိသည်။ လေတဟူးဟူး တိုက်နေသဖြင့် ဖွာရရာလွင့်ဝဲနေကြသော စန်းချို၏ နီကြောင်ကြောင် ဆံနွယ်မျှင်များကို သန်းဆိုင် မျက်စိအရသာ ခံနေလိုက်သေး၏။

"နင်. . . တစ်ရေးတစ်မောအိပ်ရင်း အနားယူချင်ယူဦး၊ ငါတို့ ထမင်းစားဖို့ ငါ ဟင်းချက်ဦးမယ်၊ ဟင်းကျက်တော့မှ နင့်ကို လာနှိုးမယ်၊ ပေးစမ်းပါဟာ နင့်သေတ္တာကို၊ ငါသိမ်းထားပါ့မယ်၊ သွားလေရာ သေတ္တာကြီးတမ မနဲ့၊ သေတ္တာထဲမှာ ကျောက်သံပတ္တမြားအပြည့်ပါတာကျနေတာ ပဲ"

စန်းချိုက တဲအိမ်ကြီးဘက် ပြန်ထွက်သွားသောအခါ သန်းဆိုင်လည်း ငါးညှီစော်နံနေသော ဝါးကွပ်ပျစ်ပေါ်မှာ ပက်လက်လှဲချလိုက်၏။ မျက်စိတွေ မှိတ်ပြီး အိပ်ပျော်ရန် ကြိုးစားသော်လည်း အိပ်မပျော်။

www.burmeseclassic.com

www.burmeseclassic.com



ချက်အရက်တွေ တရစပ်သောက်ရင်း စကားဖွာလောင် ဖွာလောင် ပြောနေသော ခေါင်းတုံးပြောင်ကြီးနှင့် ဦးဖိုလူ၏ မျက်လုံးပြူးပြူး မျက်နှာကြီးက သန်းဆိုင်ကို နေခင်းကြောင်တောင် တစ္ဆေခြောက်နေသည်။ စောစောကတည်းက စန်းချိုအဖေဟာ ဘယ်လိုလူစားလဲ၊ ဘယ်လိုပုံစံလဲ ဘယ်လိုစကားပြောတတ်သလဲဆိုတာကို ကြိုသိခဲ့ရင် စန်းချိုနားကို ငါကပ်ခဲ့မှာမဟုတ်ဘူး၊ ခုတော့. . . အားလုံး လွန်ကုန်ပြီ၊ ငါ့ရွာလည်း ငါပြန်လို့မရ. . .၊ ဒီရွာမှာ အခြေစိုက်ဖို့ဆိုတာလည်း မရေရာ မသေချာတဲ့ကိစ္စ၊ မျောက်သစ်ကိုင်းလွတ်ဘဝ ရောက်မယ့်ဟာထက်စာရင်. . .၊ စန်းချိုအဖေ စီစဉ်ပေးသမျှကိုပဲ ခေါင်းညိတ်နာခံလိုက်တာက ပိုပြီး အဆင်ပြေပါလိမ့်မယ်၊ နောက်ပိုင်း ပေါ်လာမယ့်အခြေအနေကို ကြည့်ပြီး စန်းချိုနဲ့ငါ မီးစဉ်ကြည့် ကရမှာပေါ့လေ။

သန်းဆိုင်အိပ်ပျော်လုဆဲဆဲတွင် သူ့ကိုယ်ပေါ်သို့ မန်ကျည်းပင်ကြီးလဲကျလာသလို ခံစားလိုက်ရပြီး သူ့တစ်ကိုယ်လုံး ထုံကျင်သွား၏။

အမှန်တော့. . . ရွှံ့တလူးလူးနှင့် ညွန်ပုပ်နံ့၊ ငါးညှီနံ့တွေ ထောင်းထောင်းထနေခဲ့သော ခန္ဓာကိုယ်တစ်ခုက သန်းဆိုင်ကိုယ်ပေါ်သို့ ကျရောက်ဖမ်းညှစ်လာခြင်းပင် ဖြစ်သည်။ ခန္ဓာပိုင်ရှင်သည် ၁၄/၁၅နှစ်အရွယ် ပိန်ညှောင်ညှောင်ကောင်လေးတစ်ယောက် ဖြစ်ပြီး သူသည် ရွှံ့တွေ ရေတွေ စိုစွတ်နေသည့် ဘောင်းဘီတိုတစ်ထည်ကိုသာ ဝတ်ထားသည်။

"ဟား-မိပြီ၊ သူခိုးမိပြီ၊ သူခိုးမိပြီ၊ ငါတို့လှေကိုခိုးသွားတဲ့ သူခိုးမိပြီ၊ သူခိုးဗျို့၊ သူခိုး. . . ဒီမှာမိနေပြီ. . . ဟားဟား-ဟားဟား"

သန်းဆိုင်သည် အိပ်မက်ထဲမှာ သရဲသဘက်တစ်ကောင်ကောင်နှင့် နပန်းလုံးနေရသည့်အလား အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားမိ၏။ သူ့လည်ပင်းကို ညှစ်ထားသော လက်တွေကို ရှိသမျှအားဖြင့် ဖယ်ရမ်းဖြုတ်ထုတ်ပစ်ကြည့်သော်လည်း ထင်သလောက် မလွယ်ပါချေ။ ကောင်လေးသည် ပိန်တာရိုးကလေးဖြစ်သည့်တိုင် သူ့လက်တွေက



မယုံနိုင်စရာ သန်စွမ်းနေသည်။ သူက လက်တွေနှင့်သာမကဘဲ ခြေနှစ်ဖက်ဖြင့်ပါ သန်းဆိုင်ကို ခွညှပ်ထားလေရာ၊ သန်းဆိုင်သည် လူအချင်းချင်း သတ်ပုတ်ရသည်နှင့်မတူဘဲ၊ တောရိုင်းတိရစ္ဆာန်တစ်ကောင်နှင့် လုံးထွေးနေသည့်နှယ်ရှိသည်။

"သူခိုး-သူခိုး-သူခိုး မိပြီ၊ ဟား-ဟား"

သန်းဆိုင်က အားကုန်ဖြုတ်ဖယ်လိုက်သဖြင့် သူ့လည်ပင်းမှ လက်တွေလွတ်သွားသော်လည်း လည်ပင်းညှစ်ခံရသည်ထက် ပိုမိုဆိုးဝါးသော ဝေဒနာကို ခံရပြန်သည်။ ကောင်းလေးက သန်းဆိုင်၏ လက်မောင်းတစ်ဖက်ကို ကိုက်ခဲလိုက်ခြင်းဖြစ်တော့သည်။ သန်းဆိုင်က အော်ဟစ်ညည်းညူရင်း ဆောင့်ရုန်းသည်။ ကောင်လေး၏ နီကြောင်ကြောင်ဘုတ်သိုက်ဆံပင်ကို ဆုပ်ဆွဲသည်။ ကောင်လေးက အနာခံရင်း သွားသွားတွေကို သန်းဆိုင်လက်မောင်းသားထဲသို့ ဖြည်းဖြည်းချင်း ထိုးသွင်းလျက်ရှိသည်။

"ဟဲ့-တော. . . လွှတ်လိုက်စမ်း" ဟူသော စန်းချို၏ စူးစူးဝါးဝါး အသံနှင့်အတူ ကောင်လေး၏ ညည်းသံပေါ်လာပြီး သန်းဆိုင်လည်း အသက်ရှုချောင်သွား၏။

စန်းချိုသည် မုန်တိုင်းတစ်ခုကဲ့သို့ တရကြမ်း ပြေးဝင်လာပြီး နောက်ကောင်လေး၏ ဆံပင်များကို လက်နှစ်ဖက်ဖြင့် စုကိုင်ကာ နားအုံတစ်ဖက်ကို လက်ဝှေ့သမားဆန်ဆန် ဒူးတစ်ဖက်ဖြင့် ကပ်ဆောင့်လိုက်ခြင်း ဖြစ်သည်။ ကောင်လေးသည် တွပ်ပျစ်ပေါ်တွင် လိမ့်ကျသွားပြီး ဒူးချက်မိသော နားတစ်ဖက်ကို လက်ဝါးအစုံဖြင့် ဖိကာ မြေပြင်ပေါ်တွင် လူးလှိမ့်ရင်း ဝူးဝူးဝါးဝါး အော်ဟစ်ညည်းတွားနေသည်။ သူ့ပါးစပ်တစ်ပိုက်တွင် သန်းဆိုင်၏ လက်မောင်းသွေးတွေက ခြင်းခြင်းနီနေလေသည်။

လက်မောင်းဒဏ်ရာမှ သွေးဒီးဒီးကျနေသော်လည်း သန်းဆိုင်သည် တကယ်ခံစားရသည့် နာကျင်ခြင်းဝေဒနာကို မေ့နေ၏။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



အုံ့ဩထိတ်လန့်ခြင်းနှင့် ဒေါသကိုသာ တနင့်တပိုး ခံစားနေရသည်။

"အဲဒါ. . . ငါ့အောက်က တစ်ယောက်ခြား၊ ငါ့မောင် ဖိုးတာပဲ၊ သူက ဦးနှောက်မကောင်းဘူး၊ ငယ်ငယ်က သစ်ပင်ပေါ်က လိမ့်ကျပြီးကတည်းက ဦးနှောက်ပျက်သွားတာ၊ တစ်နေ့ တစ်နေ့ သူ့ကိုပဲ အလစ်မပေးဘဲ ကြည့်နေရတာက အလုပ်တစ်ခု၊ မနှစ်တ စိတ်ဖောက်လာပြီး ချောင်းထဲမှာ သူများချထားတဲ့ ပိုက်တွေကို ဓားနဲ့ခုတ်ပစ်လို့ လျော်လိုက်ရတာ မနည်းပါလား. . ."

စန်းချိုသက်မ ချသည်ကိုကြည့်ပြီး သန်းဆိုင် ဒေါသပြေသလိုလို ဖြစ်သွား၏။ မြေကြီးပေါ်မှာ ခွေးတစ်ကောင်လို လူးလှိမ့်ဆဲဖိုးတာကို ကြည့်ရင်း ကရုဏာသက်ချင်သလိုလိုလည်း ဖြစ်လာပေ၏။ [ဪ. . . ငါ့ယောက်ဖလောင်းကလေးက စိတ်မှမနှံ့ရှာပဲကိုး] ဟု ကျိတ်၍ မြည်တမ်းမိသည်၊

"နင်လုပ်လိုက်တာ ဘာဖြစ်သွားသလဲမသိဘူး စန်းချို၊ နင့်မောင်ကို တစ်ချက်ကြည့်လိုက်ပါဦးဟာ. . ."

"တောက ဘာမှမဖြစ်ဘူး၊ သူကိုက်လိုက်လို့ နင်သာဖြစ်မှာ၊ ကြည့်စမ်း သွေးတွေကို ဒလဟောပဲ၊ လာ. . . အနာကိုဆန်ဝါးပြီးသိပ်ရအောင်. . ."

စန်းချိုဆွဲခေါ်ရာနောက်သို့ သန်းဆိုင် ဆုတ်ကန် ဆုတ်ကန်ဖြင့် လိုက်ပါလာရ၏။ မြေစိုက်မီးဖိုဆောင်ထဲသို့ ရောက်လျှင် သန်းဆိုင်ကို သစ်တုံးတစ်တုံးကို ခွေးခြေအဖြစ်သာ အသုံးပြုထားသည့် ထိုင်ခုံပေါ်မှာ ထိုင်ခိုင်းပြီး စန်းချိုသည် ဆန်ထည့်သော စဉ်အိုးကြီးတစ်လုံးထဲကနေ ဆန်တစ်ဆုပ် နှိုက်ယူနေသည်။

"ငါသာ ရောက်မလာရင်. . .၊ နင့်လက်မောင်းသား တစ်ဆယ်သားလောက် တော့ပါးစပ်ထဲပါသွားမှာ သေချာတယ်" ဟု စန်းချို လှမ်းပြောနေခိုက်မှာပင် ဒဏ်ရာမှ စူးမျက်သည့်ဝေဒနာကို သန်းဆိုင် စတင်



ခံစားလာရ၏။ လူသွားမှာ အဆိပ်ရှိတယ်ဆိုတာ သေချာပြီ. . .၊ ငါတော့ သွားဆိပ်တက်ပြီး ဖျားတော့မှာပဲ. . . ဟူသော စိတ်သောက အတွေးတွေလည်း ဖိစီးစ ပြုလာ၏။ အရှုးကလေးကိုလည်း စိတ်ထဲကနေ ဖျစ်ဖျစ်နှစ်နှစ် ကျိန်ဆဲပစ်လိုက်၏။

ဆန်စေ့တွေကို ပလုပ်ပလောင်း ဝါးရင်း. . .၊ စန်းချိုက သန်းဆိုင်၏ စပို့ရှပ်အကျီလက်ကို ပခုံးပေါ်ထိ လိပ်တင်သည်။ ဒဏ်ရာမှ သွေးယိုစိမ့်ဆဲသာရှိသည်။ စန်းချိုက ပထမဦးစွာ လက်သုတ်ပဝါဟု ယူဆရသော အဝတ်ညစ်ညစ်တစ်ထည်ဖြင့် ဒဏ်ရာမှ သွေးတွေကို ဖိပွတ်ပစ်လိုက်ရာ၊ မခံမရပ်နိုင်အောင် နာကျင်လွန်းအားကြီး၍ သန်းဆိုင်ဟန်မလုပ်နိုင်တော့ဘဲ. . . [အား-အမေရေ]ဟု မရှိတော့သော မိခင်ကြီးကို ဟစ်အော်တမ်းတလိုက်မိလေသည်။

စန်းချိုက သူ့အတွေးနှင့်သူ 'ခွစ်' ခနဲရယ်၏။ ရယ်လိုက်သဖြင့် ပါးစပ်ထဲမှ ဆန်စေ့တချို့ပင် သန်းဆိုင်မျက်နှာဆီသို့ လွင့်စဉ်လာကြသည်၊ ဝေဒနာဖိစီးထားသဖြင့် သူ့ပါးမှာ ကပ်နေသော ဆန့်စေ့အပိုင်းအစကလေးတွေကိုပင် သန်းဆိုင် မသုတ်အားတော့ချေ။ စန်းချိုက ဝါးထား၍ ချွဲကျိကျိဖြစ်နေကြသော ဆန်စေ့အကျိုးအကြေတွေကို ဒဏ်ရာပေါ်သို့ အုံလိုက်၏။ နာကျင်လွန်း၍ သန်းဆိုင်သည် ကတုန်ကရီနှင့် ချွေးသီးချွေးပေါက်တွေ ဖြိုင်ဖြိုင်ရွှဲရွဲ ယိုစီးလာပြန်တော့သည်။

သူ့နောက်ကျောဘက်မှာ ဘယ်အချိန်က ရောက်နေမှန်းမသိသော ဒေါ်စောပုက ဟောင်းနွမ်းသော်လည်း သန့်ရှင်းပုံရသော ယောကျ်ားကိုင် လက်ကိုင်ပဝါတစ်ထည်ကို စန်းချိုဆီသို့ လှမ်းပေးသည်၊

"အင်း" ဟု ပြောပြီးနောက် ဒေါ်စောပုသည် ဤနေရာတွင် ဆက်လက်မနေသင့်တော့သကဲ့သို့ မီးဖိုဆောင်ထဲမှ သုတ်ခနဲ ပြန်ထွက်သွား၏။ မိန်းမကြီးပြန်ထွက်သွားသည်နှင့် (၁၀) နှစ်ရွယ် မိန်းကလေးတစ်ယောက် (၈) နှစ်ရွယ်ယောကျ်ားကလေးတစ်ယောက်နှင့် (၆) နှစ်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်တို့သည် ဒဏ်ရာရလူနာကို ပြုစုနေသော အဆောင်ထဲသို့ ကုပ်ချောင်းချောင်းကလေးတွေ ဝင်လာကြ၏။ သူတို့သုံးယောက်စလုံး၏ ခန္ဓာကိုယ်များမှ ငါးညှိစော်နှင့် ရွှံ့ပုပ်နံ့များ ထောင်းထောင်းထအောင် မွှန်ဟောင်နေပေ၏။ သုံးယောက်စလုံးမှာလည်း စန်းချို ကဲ့သို့ မည်းတူးတူး လုံးပုပု၊ မျက်လုံးပြူးကလေးနှင့် ဖြစ်ကြပြီး ပေတူးတူး စုတ်စုတ်ချာချာအသွင်သဏ္ဌာန်တွေကလည်း တစ်ပုံစံတည်းလို ထင်ရသည်။ သူတို့သည် မိမိတော်စပ်ရမည့် ခယ်မကလေးနှစ်ယောက်နှင့် ယောက်ဖကလေးတစ်ယောက်ဖြစ်ကြောင်း သန်းဆိုင် ချက်ချင်းလိုလို သဘောပေါက်နားလည်လိုက်ပြီး သက်ပြင်းတစ်ချက် ခိုးရှူလေသည်။ (အင်း. . . ဒီသုံးယောက်ထဲမှာလည်း ဝမ်းတွင်ရှူးဘယ်နှယောက်ပါဦးမလဲ. . . မသိ) ဟု သန်းဆိုင် အလန့်လန့်အဖျပ်ဖျပ် တွေးမိပြန်၏။

"ဟိတ်- ဘာလာရှုပ်ကြတာလဲ၊ သွားကြစမ်း အပြင်ကို ထွက်ကြစမ်း" ခြသေ့်ဂူထဲသို့ ယောင်မှားပြီး ဝင်လာကြသော တောခွေးများသည် ခြသေ့်အဟောက်ခံရ၍ အမြီးကုပ်လျက်၊ ဒရောသောပါး ပြန်ထွက်ပြေးကြသလို၊ ကလေးသုံးယောက်မှာလည်း၊ စန်းချိုက ငေါက်ထုတ်လိုက်သည်နှင့် အလုအယက် တိုးဝှေ့၍ တဲပြင်သို့ ပြေးထွက်သွားကြသည်။ [အင်း-စန်းချိုဟာ သူ့အောက်က တစ်အူထုံ့ဆင်းတွေပေါ်မှာတော့ တကယ့် ပါးကွက်အာဏာသားကြီးပါလား] ဟု သန်းဆိုင်မှတ်ချက်ချသည်။

သန်းဆိုင်၏ လက်မောင်းဒဏ်ရာမှာ ပတ်တီးစည်းပြီးကာမှ၊ ပို၍ ကိုက်ခဲလာသဖြင့် သန်းဆိုင်မျက်နှာက ရှုံ့ရှုံ့တမဲ့မဲ့ ဖြစ်နေ၏။

"ငါတို့ ဒီနေ့ ချိန်းလိုက်တာ ရက်အရွေးမှားပြီတူတယ် စန်းချို။ ဒီနေ့ ပြဿဒါးနေ့ကြီးလားမသိဘူး" ဟုသန်းဆိုင်က ခပ်တိုးတိုး ညည်းဟလိုက်သည်။ တံငါသည်၏ သမီးသည် ဘုန်းကြီးလူထွက်၏ သားကဲ့သို့၊ ပြဿဒါးတွေ၊ ရက်ရာဇာတွေ၊ ဝါရမိတ္တုတွေ မသိပေ။ ထို့ကြောင့် သန်းဆိုင်ကို ဘာတစ်ခွန်းမှလည်း ပြန်မပြောပေ။



ထိုစဉ်၊ စောစောက ထွက်သွားသော ကလေးသုံးယောက်ထဲမှ အကြီးဆုံးကောင်မလေးသည် ဂါဝန်စုတ်တဖားဖားနှင့် ပြေးဝင်လာသည်။

"အမကြီးတို့ကို အဖေကြီးခေါ်နေတယ်၊ ဒီလူကြီးလည်း လာခဲ့ရမယ်တဲ့" ဟု သတင်းပေးနှိုးဆော်ပြီးသော် ကောင်မလေးသည်. . . ဘာစိတ်ကူးပေါက်မှန်းမသိ၊ သန်းဆိုင်၏ ကျောကုန်းကို လက်ဝါးကလေးဖြင့် ပုတ်ကာ လှစ်ခနဲ ပြေးထွက်သွား၏။ (အင်း. . . ဒီကောင်မကလေးလည်း ကျပ်ပြည့်ပုံမရဘူး) ဟုသန်းဆိုင်အတွင်းကျိတ် စိတ်ညစ်သွားမိပြန်တော့သည်။

"လာ သန်းဆိုင်၊ အဖေက ဘာအမိန့်တော် မြွက်ချမှတ်ဦးမလဲမသိဘူး"

စန်းချိုက သန်းဆိုင်၏ ဒဏ်ရာမရှိသော လက်မောင်းကို ပုတ်လိုက်သဖြင့်၊ သန်းဆိုင်မှာ တင်းကုပ်ထဲမှာဝပ်ပြီး စားမြုံ့ပြန်နေခိုက်၊ သခင်က နွားဖားကြိုးလာအဆွဲခံရသော ခိုင်းနွားကြီးတစ်ကောင်ကဲ့သို့၊ လေးလေးတွဲ့တွဲ့ ထရပ်လိုက်သည်။

"နင့်အဖေ အမူးပြေသွားပြီတူတယ်"

"သူက အမြဲတမ်းပုံမှန်အတိုင်းပဲ၊ နင်ဘာမှ ဝင်မပြောနဲ့၊ ကြားလား သန်းဆိုင်၊ ငါပဲ ပြောမယ်" ဟုစန်းချိုက တိုးတိုးကျိတ်ကျိတ် ကပ်မှာနေစဉ်၊ သန်းဆိုင်သည် ရှုံ့မဲ့ထားသည့် မျက်နှာပါရှိရာ၊ ဆံပင်တိုနံ့နံ့နှင့် ဦးခေါင်းကြီးကို တဆတ်ဆတ် ညိတ်ပြနေရပြန်လေသည်။ သိမ်ငယ်စိတ်က သူ့ကို ဖိစီးထားပုံလည်း ရပါလေသည်။

စန်းချိုမှာမူကား၊ သေချာပေါက် အနိုင်ရမည့် ပြိုင်ဘက်နှင့် ထိုးသတ်ရခါနီး လက်ဝှေ့သမားတစ်ဦး၏ ဟန်ပန်ကဲ့သို့ မြှောက်ကြွ မြှောက်ကြွ ဖြစ်နေသည်။ မျက်လုံးမည်းမည်း ရွှဲရွှဲတွေက ညနေ (၄)နာရီခန့်၊ နေရောင်ခြည်ထဲမှာ ရွှန်းရွှန်းတောက်နေကြ၏။ မျက်နှာထားကလည်း အိမ်ထောင်ရေးကိစ္စ တိုင်ပင်ဆွေးနွေးရမည့် မိန်းကလေးတစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မတူ၊ စစ်မြေပြင်မှာ လုံ့စွပ်တပ်သေနတ်ကိုင်၍ ကင်းစောင့်နေသော စစ်သည်တော်ကြီး၏ မျက်နှာထားကဲ့သို့ တင်းမာအေးစက်နေသည်။

ဦးဖိုးလူသည် သန်းဆိုင်နှင့် စတွေ့တုန်းက ပုံစံအတိုင်း ဒူးပေါ် ပေါင်ပေါ် ထိုင်နေ၏။ သူ့ရှေ့တွင် အရက်ကရားနှင့် ဖန်ခွက်မရှိတော့။ သို့သော် ချက်အရက် (၄) ပုလင်းဆန့်သော အဖြူရောင် ပလတ်စတစ်ပုံး တစ်လုံးနှင့် လက်ကိုင်ပြုတ်နေသော ပိန်ရှုံ့ရှုံ့ သတ္တုမတ်ခွက်တစ်လုံးတို့နှင့် အတူ၊ မြေပဲကြော် ပန်းကန်တစ်ချပ် သူ့ရှေ့မှာ ရောက်နေပြန်တော့၏။ သူ့မျက်နှာသည် ပိုမိုမည်းကြုတ်နေပြီး မျက်ခုံးတွေက မီးတောက် မီးလျှံတွေ ထွက်အန်ကျတော့မလို ရဲရဲတွတ်လျက် ရှိကြသည်။ (အခြေအနေကောင်း ပုံမရဘူး) ဟု သန်းဆိုင်စိတ်အားပျက်စွာ တွေးလိုက်၏။

"ဒီမှာ အုတ်ဖိုစုက ဘုန်းကြီးလူထွက်၊ လယ်ပိုင်ရှင် ကိုကံငွေရဲ့ သား သန်းဆိုင်၊ မင်းကို ငါတဲ့တိုးပြောမယ်၊ ငါပြောတာ ကောင်းကောင်း ကြီးမှတ်ထားကွ၊ မင်းတို့ဘက်က ငါ့သမီးနဲ့ သဘောမတူနိုင်ဘူးဆိုတော့၊ ငါကလည်း ပါးကိုက်လို့ နားပြန်ကိုက်ရတော့မှာပဲ၊ ငါကလည်း ငါ့သမီးကို မင်းနဲ့မပေးစားနိုင်ဘူးကွာ. . . ရှင်းလား. . ."

အဘိုးကြီးက မတ်ခွက်ထဲမှ ချက်အရက်တွေကို မော့ချနေခိုက်၊ သန်းဆိုင်နှင့် စန်းချိုတို့ တစ်ယောက်ကို တစ်ယောက် ပြူးပြူးပျာပျာ ကြည့်မိကြသည်။ သန်းဆိုင်မှာ ရပ်နေရာမှ လဲကျတော့မလို ဒယီးဒယိုင်ဖြစ်သွားသည်။

စန်းချိုသည် တဲအိမ်၏နံရံတစ်နေရာရှိ ဓားမတိုကလေးတစ်လက်ကို လှစ်ခနဲပြေး၍၊ ထရံကြားမှ နှုတ်ယူလိုက်၏။

ထို့နောက် ဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် နတ်ပူဇော်သကဲ့သို့၊ နဖူးမှာကပ်ပြီးသော်၊ စန်းချိုသည် ဦးဖိုးလူ၏ ရှေ့သို့တိုးကပ်သွားသည်။ ဦးဖိုးလူက သမီးဖြစ်သူ၏ အပြုအမူကို စိတ်ဝင်စားခြင်း မရှိဟန်မျိုးဖြင့် အရက်ခွက်ကို တစိမ့်စိမ့် မော့သောက်နေပြန်သည်။



"အဖေ ရှုံ့ချည်နှပ်ချည် မလုပ်ပါနဲ့၊ နေ့ခင်းတုန်းက အဖေ စကား တစ်မျိုးပြောတယ်၊ အခု နောက်တစ်မျိုး ပြောင်းပြောတယ်။ အဖေ ဗလောင်းဗလဲလုပ်ပေမဲ့ ကျွန်မက ဆုံးဖြတ်ချက်ကို လုံးဝမပြောင်းဘူး။ သမီးကို သန်းဆိုင်နဲ့ အိမ်ထောင်မပြုစေချင်ရင် ဒီဓားနဲ့သာ ကျွန်မ လည်ပင်းကို ပိုင်းချလိုက်တော့"

စန်းချိုက ပကတိတည်ငြိမ်ပြတ်သားသော အသံဖြင့် ပြောရာမှ အသွားထက်ပုံရသော ဓားမတိုကလေးကို ဖခင်ကြီး၏ရှေ့ ဝါးကြမ်းပေါ်သို့ အသာအယာချပြီး၊ ဆံထုံးကိုဖြေကာ လည်စင်းပေးလိုက်၏။

"တောက် မသာမကလေး"

ကြုံးဝါးရေရွတ်ရင်း၊ ဦးဖိုးလူက ဓားကို ဖျတ်ခနဲကောက်ပြီး တဲရှေ့ ငါးခြောက်လှန်းစင်ဘက်သို့ လွှင့်ပစ်လိုက်ပြီးနောက်-

"ငါ့မှာ အလိုလိုကမှ ငရဲများရတဲ့အထဲ နင်က ငရဲလာပေးနေပြန်ပြီ။ သွား-သွား၊ ဒီလောက်တောင် အဖြစ်သည်းနေရင် သန်းဆိုင်နောက်ကို လိုက်သွားတော့၊ နင့်ကို သမီးစာရင်းကနေ ငါဖျက်လိုက်ပြီ၊ ငါ့ကိုလည်း ဖအေလို့သဘောမထားနဲ့၊ ငါရှိရာအရပ်ကိုလည်း ခြေဦးမလှည့်နဲ့" ဟု လည်ချောင်းသံကြီးဖြင့် အော်ပြောသည်။

တစ်ချိန်တည်း၌ သန်းဆိုင်သည် သွေးရူးသွေးတန်း အမူအရာဖြင့် စန်းချို၏ လက်မောင်းတစ်ဖက်ကို ပြေးဆွဲလိုက်၏။

"မှားကုန်မယ် စန်းချို၊ မှားကုန်မယ်။ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ ဟာ ငါတောင်းပန်ပါတယ်၊ စဉ်းစဉ်းစားစားလုပ်စမ်းပါ စန်းချိုရာ"

စန်းချိုသည် မျက်ရည်ရစ်ဝဲနေခဲ့သော၊ သန်းဆိုင်၏ မျက်နှာကြီးကို တစ်ချက်စောင်းငဲ့ကြည့်ပြီး၊ သူမ၏လက်ကို သန်းဆိုင်၏ လက်ထဲမှနေ ဆောင့်ရုန်းလိုက်ရာ၊ အားလွန်ပြီးလျှင်၊ စန်းချို၏ ထံတောင်ဆစ်နှင့်သည် သန်းဆိုင်၏ မေးရိုးကို ပင့်ရိုက်လိုက်သလို ဖြစ်သွားတော့သည်။ ညည်းတွားရင်း၊ ဒယိမ်းဒယိုင်ဖြစ်နေသော သန်းဆိုင်ကို ကြည့်မနေတော့ဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



စန်းချိုသည် တဲကြမ်းခင်းပေါ်သို့ ခုန်တက်ကာ အတွင်းကျကျ အခန်းထဲသို့ ပြေးဝင်သွား၏။

ထိုအချိန်၌၊ ဒေါ်စောပုသည် ဦးဖိုးလူအား လက်ညှိုးငေါက်ငေါက် ထိုးရင်း၊ မြန်မာစကားတစ်ဝက် ကရင်စကားတစ်ဝက်ဖြင့် ပြစ်တင်ရှုတ်ချ နေ၏။ ဦးဖိုးလူကား ဒေါ်စောပု၏စကားတွေကို နားထောင်နေဖို့ မဆိုထား ဘိ၊ သူနှင့် တစ်လံအကွာမှာ ဒေါ်စောပုရှိနေသည်ဟု အသိအမှတ်ပြုပုံ ပင်မရပေ။ သူသည် အရက်တစ်ကျိုက် သောက်လိုက်၊ မြေပဲကြော် တဖျောက်ဖျောက်ဝါးလိုက်နှင့် ဒူးတစ်လုံးကိုပင် နှန့်နေသေး၏။

သန်းဆိုင်မှာ လက်မောင်းမှ ဝေဒနာဟောင်းကို မေ့ပြီး မေးရိုးမှ ဝေဒနာသစ်ကို မချိမဆံ့ ခံစားနေရလေသည်။ [မှားပြီ၊ အကြီးအကျယ် မှားပြီ၊ စန်းချိုခေါ်ရာကို လိုက်လာမယ့်အစား ငါတို့တစ်နေရာရာကို ထွက်ပြေးကြရမှာ] ဟု နောင်တ တွေးဖြင့် ပူဆွေးမွန်းကျပ်နေမိပြန်၏။ လက်ရှိ အကျပ်အတည်းထဲမှ၊ ဘယ်လို ထွက်ပေါက်ရှာရမည်ကို မစဉ်းစား နိုင်တော့လောက်အောင်၊ သူ့ဦးနှောက်မှာ ထုံထိုင်းအေးခဲလျက်ရှိသည်။

အရှုံးဖိုးတာ အပါအဝင်၊ စန်းချို၏မောင်ငယ်၊ ညီမငယ် (၄) ယောက်က၊ သန်းဆိုင်ကို တောထဲကဖမ်းလာခဲ့ပြီး၊ ယခုအခါ နှောင်ကြိုး တန်းလန်းနှင့် စိတ်အနှောင့်အယှက်တွေ့နေသော မျောက်တစ်ကောင်ကို ဝိုင်းကြည့်သလို မလှမ်းမကမ်းမှ ကြည့်နေကြ၏။ သန်းဆိုင်ကိုယ်တိုင် အချုပ်အနှောင်မိသကဲ့သို့ မကြုံစဖူးအောင်၊ စိတ်ဒုက္ခရောက်နေမှန်း ထို သတ္တဝါကလေးများ မသိကြရှာပေ။ သန်းဆိုင်အား "မျောက်ပွဲ" ကြည့် သလို ကြည့်နေကြသူတွေမှာ၊ စန်းချိုကို ရိပ်ခနဲမြင်လိုက်သည်နှင့် တစ္ဆေ တွေ့လို ရုတ်ခြည်း ပျောက်ကွယ်သွားကြတော့၏။

စန်းချိုသည် ကြိမ်ဆွဲခြင်းအစုတ်ကလေးကို ဆွဲ၍၊ တဲကြမ်းခင်း ပေါ်မှ ခုန်ဆင်းလာသည်။ ပြီးလျှင်၊ မြေပြင်ပေါ်တွင် ကျုံ့ကျုံ့ထိုင်လိုက်ပြီး၊ ဖခင်နှင့်မိခင်ကို ဦးသုံးကြိမ်ချသည်။ ဦးဖိုးလူက အရက်သောက်မပျက်ဘဲ၊



စန်းချိုကို မျက်နှာလွှဲထားသော်လည်း၊ ဒေါ်စောပုမှာ မျက်စိမျက်နှာပျက် ဂနာမငြိမ် ဖြစ်နေ၏။ သို့ဖြစ်နေရာမှ ဒေါ်စောပုသည် စန်းချိုကို ပြေးဖက် လိုက်ပြီး. . .

"ဟဲ့ စန်းချို၊ ညည်း ဒါဘာလုပ်တာလဲ" ဟု ငိုသံပါပါ မေးလိုက် သည်။

"ကျွန်မ အမေတို့နဲ့ မနေတော့ဘူး၊ သူခေါ်ရာလိုက်သွားတော့မယ်၊ ဒီအိမ်မှာနေလို့လည်း မဖြစ်တော့ဘူး"

"အို ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ စန်းချို"

သားအမိနှစ်ယောက် ဖက်သူဖက်၊ ရှုန်းသူက ရှုန်းလုပ်နေစဉ်၊ ဦးဖိုးလူက၊ အရက်ထည့်သော သတ္တုမတ်ခွက်ကို ဝါးကြမ်းပေါ်သို့ ကျောင်း ခနဲမြည်အောင် ဆောင့်ချလိုက်သည်။

"ဟေ့၊ စောပု လွှတ်ပေးလိုက်စမ်း၊ သင်း ယူချင်တဲ့သူကိုယူ၊ သင်း နေချင်တဲ့ နေရာမှာ နေပစေ၊ သင်းနဲ့ ငါတို့နဲ့ ဘာမှမပတ်သက်တော့ဘူး၊ သူသွားလိုရာ သွားပါစေ စောပုရာ၊ သူလည်း အတောင်အလက်စုံပြီပဲဟာ၊ ငါတို့ဘက်ကလည်း မိဘဝတ္တရား ကျေပါပြီ"

ဒေါ်စောပုသည် စန်းချိုကိုလွှတ်ပြီး၊ ဦးဖိုးလူဘက်သို့ လှည့်လိုက် ပြန်၏။ "ဘာ မိဘဝတ္တရားကျေတာလဲ၊ ဘာကျေတာလဲ၊ သမီးကို မင်္ဂလာ ကလေးမှ ဆောင်မပေးနိုင်တာဟာ မိဘဝတ္တရားကျေသလား ကဖိုးလူ၊ တော်ပြောတော့ တော်ငယ်ငယ်က ဘုန်းကြီးဦးတိက္ခကျောင်းမှာ နေဖူး သေးဆို။ [မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေး ဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်. . . ဖခင်မယ်တို့တာ] ဆိုတဲ့ မိဘဝတ္တရား ငါးပါးဆိုတာ မသင်ခဲ့ရဘူးလား"

ဦးဖိုးလူသည် ကြမ်းကိုလက်ဝါးနှစ်ဖက်ဖြင့် ပုတ်ကာ၊ ခွက်ထိုးခွက် လန်ရယ်မောစ ပြုတော့သည်။ ထိုင်၍ ရယ်နေရာမှ၊ ကြမ်းပေါ်သို့ လှဲချ ကာ၊ လက်တွေခြေတွေ လှုပ်ခါရင်း၊ စိတ်လွှတ်ကိုယ်လွှတ် ရယ်မောပြန်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟားဟား၊ ဘုန်းကြီးကျောင်းက ထွက်ပြေးပြီး ငါးမျှားတံစ,ကိုင်တဲ့နေ့ကစလို့၊ သင်ခဲ့ရတဲ့စာတွေ အကုန်လုံးငါ မေ့ပစ်လိုက်ပြီဟ စောပုရဲ့ ဟား ဟား"

ဦးဖိုးလူတို့ ဇနီးမောင်နှံ၊ သူတို့အချင်းချင်းသာ အာရုံစိုက်နေခိုက်၊ စန်းချိုနှင့် သန်းဆိုင်တို့ တဲကြီးအနီးကနေ ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။ စန်းချိုသည် သန်းဆိုင်၏ သေတ္တာကလေးကို ရွက်ရင်း၊ လက်တစ်ဖက်က သူမ၏ အကောင်းဆုံးဝတ်စုံ သုံးလေးစုံပါရှိသော ကြိမ်ဆွဲခြင်းစုတ်ကလေးကို ဆွဲထားသည်။ သန်းဆိုင်မှာ လက်မောင်းမှ ကိုက်ခဲသည့်ဝေဒနာကြောင့်၊ ခြေထောက်များပါ မသန်စွမ်းတော့သည့်အလား၊ ခြေတရွတ်ဆွဲ၍ လျှောက်လျှက်ရှိ၏။

ထိုအခိုက်၊ သူတို့နောက်သို့ အရပ်ပုပျပ်ပျပ်၊ ကိုယ်ကာယကျစ်ကျစ်လျစ်လျစ်၊ အသားမည်းမည်း၊ ဆံပင်ရှည်ကုပ်ထောက်နှင့် လူငယ်တစ်ယောက် အမောတကော ပြေးလိုက်လာလေသည်။ သူကား. . . စန်းချိုနှင့်အသက် (၁) နှစ်ခွဲသာခြားသော စန်းချို၏မောင်ငယ် "သာထူး" ဖြစ်၏။ သာထူးသည် လုံချည်တိုတိုဝတ်ထားပြီး အင်္ကျီမရှိ ဖိနပ်မပါ၊ မျက်နှာတွင်နှံ့ခြောက်အချို့ စွန်းကပ်နေကြ၏။

"အစ်မကြီးစန်းချို. . . အစ်မကြီးစန်းချို"

သာထူးက အစာနင်နေသော ဝမ်းဘဲတစ်ကောင်၏ အသံမျိုးဖြင့် လှမ်းအော်သည်။

စန်းချိုတို့နှစ်ယောက် ပြိုင်တူရပ်လိုက်ကြပြီး၊ သာထူးကို လှည့်ကြည့်လိုက်ကြသည်။ သာထူးသည် စန်းချိုကို အစိမ်းလိုက် ဝါးစားတော့မလိုကြည့်ရင်း အသက်ပြင်းပြင်းရှူလျက်၊ စန်းချို အနီးသို့ကပ်လာ၏။

"နင် ဒါဘာလုပ်တာလဲ စန်းချို၊ မိသားစုကို အရှက်ခွဲတာလား၊ နင်သူ့နောက်မလိုက်ရဘူး၊ အိမ်ကိုပြန်"



သာထူးမှာ ဒေါသကြောင့်လော. . . အရှက်ကြောင့်လော မသိ၊ မည်းနက်သော မျက်နှာမှာပို၍ နှတ်မှောင်မှိုင်းညို့နေ၏။ သာထူး၏ ခန္ဓာကိုယ်တစ်ခုလုံးကလည်း သိသိသာသာ ဆတ်ဆတ်တုန်နေသည်။ စန်းချိုက နှုတ်ခမ်းတစ်ချက်မဲ့ကာ. . .

"ဟင်း အရေးထဲမှာ နင်က ဇယားဝင်ရှုပ်နေပြန်ပြီ၊ ငါ့ကိစ္စမှာ နင်ဘာမှ ဝင်မရှုပ်နဲ့၊ ဘာတစ်ခွန်းမှ မဟနဲ့၊ နင်နဲ့ဘာမှ မဆိုင်ဘူး" ဟု အော်သည်။

"မဆိုင်ဘူးဟုတ်လား စန်းချို၊ နင်နဲ့ငါနဲ့ မောင်နှမအရင်းခေါက်ခေါက်ကြီးဆိုတာတောင် နင်မေ့သွားပြီလား၊ နင့်မှာ မောင်နှမစိတ် မိသားစုစိတ်ကောရှိသေးရဲ့လားဟ. . . ဟင်"

စန်းချိုက ဒေါကြောင်ကြောင် ရပ်နေသည့် သန်းဆိုင်ဘက်သို့ လှည့်လိုက်သည်။

"သန်းဆိုင်၊ နင့်သေတ္တာခဏ ကိုင်ထားစမ်း"

သန်းဆိုင်က ကြောင်ကန်းကန်းနှင့် သူ၏သေတ္တာအပိန်အလိမ်ကလေးကို လှမ်းယူနေစဉ်၊ စန်းချိုက လက်ထဲမှ ကြိမ်ဆွဲခြင်းစုတ်ကို မြေကြီးပေါ်သို့ ချလိုက်ပြီး၊ ဆွဲခြင်းထဲတွင်ရှိနေသော ဘယ်အချိန်က ကောက်ထည့်လာမှန်းမသိသည့်၊ သူမကိုယ်တိုင် ထရံကြားမှ နုတ်ယူပြီး ဦးဖိုးလူရှေ့သို့ချပေးခဲ့သော ဓားမတိုကလေးကို ဆွဲထုတ်လိုက်၏။ ဓားက အရွယ်သေးသော်လည်း အသွားထက်ပုံတော့ ရ၏။ "သာထူး ငါ့ကိစ္စမှာ နင်ဘာမှဝင်မရှုပ်နဲ့၊ ငါ့လမ်းငါလျှောက်မယ်၊ ငါ့လမ်းကို လာပိတ်တဲ့သူတွေကတော့ ဇက်ပြတ်မှာပဲ"

ရှေ့တိုးတော့မည့် သာထူး၏ ခြေလှမ်းများ နောက်သို့ တွန့်ဆုတ်သွားကြ၏။ သူသည် စန်းချို၏ မျက်နှာကို တစ်လှည့်၊ လက်ထဲမှဓားကိုတစ်လှည့် ထိတ်လန့် အံ့သြဟန်ကြည့်နေသည်။

"သွား၊ ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း သာထူး၊ နင် ငါ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိတယ်နော်” ဟုဆိုရင်း၊ စန်းချိုက ခေါင်းကိုဝင့်လိုက်ပြန်၏။

သာထူးသည် အားမတန်၍ မာန်လျှော့လိုက်ရသည့် မျက်နှာထားဖြင့် စန်းချိုတို့ကို ကျောခိုင်းလိုက်သည်။ ကျောမခိုင်းမီ၊ မခံချိမခံသာ ဝမ်းခေါင်းသံကြီးဖြင့်-

“ငါနားလည်ပြီ စန်းချို၊ နင့်မှာ မိသားစုစိတ်မရှိတော့တဲ့အပြင် လူစိတ်ပါ ပျောက်သွားပြီ၊ လူတောထဲနေပြီး လူစိတ်မရှိရင် နင်ဘေးတွေ့မှာပဲ၊ ဘေးမတွေ့ပါစေနဲ့ ငါဆုတောင်းလိုက်ပါရဲ့” ဟူ၍ လှိုက်လှဲလေးပင်စွာ ပြောခဲ့သေးသည်။

“ဟဲ့ မသာ၊ သွားမှာသွားစမ်း၊ စကားကြီး စကားကျယ်တွေ လာအူမနေနဲ့”

စန်းချိုကလည်း မအောင့်နိုင်မအည်းနိုင် ဝေါက်ထုတ်ပစ်အောင်၊ ဝေါက်ထုတ်လိုက်ပါသေး၏။ သန်းဆိုင်ကတော့ မျက်စိပေကလပ် ပေကလပ်နှင့် ပါးစပ်အဟောင်းသား ဖြစ်နေသည်။ သူသည် သားအဖတွေကြားမှာလည်း ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့။ ယခု. . . မောင်နှမကြားမှာလည်း ဘာမှ ညှိနှိုင်းမပေးနိုင်ဘဲ၊ ကြက်ဖကြီး လည်လိမ်ထားသလို ပြူးကြောင်လျက်သား ဖြစ်နေ၏။

စန်းချိုက နေခြည်ဝင်းဝင်းတောက်ဆဲ အနောက်ဘက်ကောင်းကင်ဆီသို့ ၊ မျက်လုံးတွေ ရှေ့မှာ လက်ဝါးကာရင်း လှမ်းကြည့်သည်။

“သွားကြမယ်ဟေ့ သန်းဆိုင်. . .၊ သုံးအိမ်စုကို မမှောင်ခင်ရောက်မှ ဖြစ်မယ်”

“သုံးအိမ်စု” ဆိုသောစကားလုံးကြောင့် သန်းဆိုင်ကြက်သီးဖြန်းဖြန်း ထသွား၏။

xxx xxx xxx

xxx xxx xxx

“သုံးအိမ်စု” သည်ရွာနာမည်တစ်ခု ဖြစ်သော်လည်း ကျေးရွာအင်္ဂါရပ်



နှင့်ပြည့်စုံသော လူနေရပ်ဝန်းတစ်ခု မဟုတ်ပေ။ သုံးအိမ်စုဟု ခေါ်တွင်ကြသော်လည်း သုံးအိမ်စုတွင် စုစုပေါင်း အိမ်ခြေ (၁၈) လုံးရှိ၏။ သို့ရာတွင် အိမ် (၁၈) လုံးတွင် အိမ်ဟုသတ်မှတ်ခေါ်ဝေါ်လောက်သည့် အဆောက်အအုံ တစ်ခုမျှရှိမနေပေ။ လေးတိုင်စင်သာသာ၊ တစ်ဇတ်ရပ်တဲသာသာ မနိမ့်မို့ တဲအိမ်ကလေးများကိုသာ တွေ့နိုင်ပေ၏။ စန်းချိုတို့၏ “ဝက်လူး” ရွာမှ၊ တောင်ဘက်စူးစူး (၇) မိုင်ခန့်အကွာတွင်၊ ရေနတ်ကွင်းဟုခေါ်သော၊ ဇကထောင်ပေါင်းများစွာ ကျယ်ဝန်းသည့် ကွင်းပြင်ကျယ်ကြီးရှိနေပြီး၊ ထိုကွင်းပြင်ကျယ်ကြီး၏အလယ် ဗဟိုချက်မလောက်တွင် (၃) ဖာလုံပတ်လည်ခန့် ကုန်းမို့မို့ကလေးရှိနေကာ၊ ထိုကုန်းပေါ်ရှိ အိမ်စုကို သုံးအိမ်စုဟု ခေါ်ကြခြင်းဖြစ်သည်။ သုံးအိမ်စုကို အနီးဆုံး တောရွာကြီးဖြစ်သည့် တောင်သူလယ်သမားအများစု နေထိုင်ကြရာ “ချောင်းစောက်” ရွာကြီးရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းက (၁) မိုင်အကွာကနေလှမ်း၍ အုပ်ချုပ်သည်။ အင်္ဂလိပ်ကိုလိုနီခေတ်ကတည်းက၊ သုံးအိမ်စုတွင် “အရပ်လူကြီး” မရှိခဲ့သည်မှာ ယခုထက်တိုင်ဖြစ်၏။ သုံးအိမ်စုတွင် အရပ်လူကြီး ခန့်အပ်နေရာပေး၍မရဟု အဆိုရှိသည်။ သက်ဆိုင်ရာမှ၊ သုံးအိမ်စုတွင် အရပ်လူကြီးတစ်ယောက်ယောက် ခန့်ထားလိုက်ပါက၊ မကြာမီ ထိုအရပ်လူကြီးမှာ ချောင်းအရိုက်ခံရလေ့ရှိသည်ဟုလည်း ရာဇဝင်မှာလာသည်။ အနည်းဆုံးတော့ ထိုအရပ်လူကြီး၏ အိမ်မွေးတိရစ္ဆာန်ကြက်ဘဲဝက်သာ မက၊ ခွေးတွေ ကြောင်တွေပါ ပျောက်ရှ (လူခိုးခံရ) တတ်သည်ဟု၊ တစ်နယ်လုံးက နားလည်ထားကြသည်။ စင်စစ် သုံးအိမ်စုသည်၊ အမှီအခိုကင်းမဲ့စွာ ကိုယ့်သဘောကိုယ်ဆောင်၍ ရှင်သန်နေသောအထီးကျန်လူအဖွဲ့ အစည်းကလေး ဖြစ်တော့သည်။

ယခုလို နွေခေါင်ခေါင်ကာလဆိုလျှင်၊ သုံးအိမ်စု ပတ်ပတ်လည်တွင် ပင်လယ်ဝါကြီး ဝိုင်းရံထားသကဲ့သို့၊ ရိုးပြတ်တော ဖုံးလွှမ်းရာ လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ် ပတ်ချာဝိုင်းနေသည်။ နွေခင်းဆိုဝါတာ

www.burmeseclassic.com



သုံးအိမ်စုကို ပတ်ဝိုင်းနေသော ကွင်းပြင်ကြီးထဲတွင် တဲလုပ်တွေ တရိပ်ရိပ် ထနေသဖြင့် အာရုံမှောက်မှားပြီး ကြည့်လိုက်လျှင်၊ သုံးအိမ်စုကို ရေပြင် ဖွေးဖွေးက ဝိုင်းရံထားသည်ဟု ထင်စရာဖြစ်နေမည်။ ထိုအချိန်မျိုးတွင် သစ်ရိပ်ဝါးရိပ်ကောင်းသော သုံးအိမ်စုတဲ၌၊ ကြက်တိုက်ပွဲ (ကြက်ဝိုင်း) တွေ ခြိမ့်ခြိမ့်သဲမျှ ဆူညံစည်ကားနေလိမ့်မည်။ ကြက်ဝိုင်းနှင့်အတူ အနီးထောင်ကဲ့သို့သော လောင်းကစားဝိုင်းတွေလည်း ရှိတတ်သည်။ ပွဲလမ်းသဘင်တမျှ စည်ကားနေသော ဤလောင်းကစားဝိုင်းများတွင် တက်ကြွစွာ ပါဝင်ဆင်နွှဲနေကြသူများမှာ သုံးအိမ်စုသားတွေမဟုတ်။ ဝန်းကျင်ရှိ ကျေးရွာအုပ်စုများမှ ဖြတ်လမ်းလိုက် စီးပွားရေးသမားများသာ ဖြစ်ကြသည်။

ထိုအချိန်မှာ သုံးအိမ်စုသားတွေ ဘာလုပ်ကြသလဲ။

သူတို့က ဧည့်သည်တွေကို ထမင်းဟင်းရောင်းချကြသည်။ အရက်နှင့်ဆေးလိပ် ကွမ်းယာရောင်းချကြသည်၊ ပစ္စည်း ရွှေငွေလက်ဝတ်လက်စား အပေါင်ခံကြသည်၊ "ကယ်ရီယာ" စက်ဘီးများဖြင့်၊ အခကြေးငွေယူ၍ လိုရာခရီးသို့ ပို့ဆောင်ပေးကြသည်။

ဤသို့သော တရားမဝင် ဥပဒေချိုးဖောက်သည့် လောင်းကစားပွဲကို သက်ဆိုင်ရာမှ လက်ပိုက်ကြည့်နေခဲ့ပါသလား။

သက်ဆိုင်ရာ ဥပဒေဘက်တော်သား ဝန်ထမ်းများသည် သုံးအိမ်စုမှ နွေရာသီလောင်းကစားပွဲတွေကို နှိမ်နင်းရန်၊ အတန်တန် ကြိုးပမ်းခဲ့ကြသည်။ ကြိုးပမ်းသလောက် အောင်မြင်မှုမရခဲ့ဟု ဆိုရပါမည်။ သူတို့သည် ကိုင်းဖျားကိုင်းနားလောက်ကိုသာ၊ ခုတ်ပိုင်း ရှင်းလင်းနိုင်ခဲ့ကြပြီး၊ ပင်စည်နှင့်အမြစ်ကို မဖြိုခွင်းနိုင်ခဲ့ပေ။ သို့ဖြစ်ရခြင်းတွင်၊ သုံးအိမ်စုသား လူလည်တစ်ယောက်၏ ပယောဂလည်း ပါဝင်သည်။

"တိုးရွှေ" အမည်ရှိသော ထိုလူလည်သည်၊ ရန်ကုန်မြို့တော်ကြီးသို့ ရောက်သခိုက်၊ အဝေးကြည့်မှန်ပြောင်းတစ်လက်ကို ဝယ်ယူလာခဲ့၏။ ထို



မှန်ပြောင်းသည် ကိုက် (၂၀၀၀) အကွာအဝေးထိ၊ ပီပြင်ရှင်းလင်းစွာ မြင်နိုင်စွမ်းရှိလေသည်။ သုံးအိမ်စုရှိ အမြင့်ဆုံး "မျောက်ချော" ပင်အထက်ပိုင်းသို့ တက်၍ ယာယီလင့်စင်ကလေးထိုးကာ၊ ထိုလင့်စင်ပေါ်ကနေ တိုးရွှေ၏ အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်လိုက်လျှင်. . ၊ ပတ်ပတ်လည် ကွင်းပြင်ထဲရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများအားလုံးကို (ကိုက် ၂၀၀၀ အတွင်း) ကြည်လင်ပြတ်သားစွာ တွေ့မြင်နိုင်သည်။

လောင်းကစားဝိုင်းတွေ ကျင်းပလေ့ရှိသော နံနက် (၉) နာရီမှ ညနေ (၅) နာရီအတွင်း၊ သုံးအိမ်စုသား ကင်းသမားနှစ်ယောက်သည်၊ အလှည့်ကျ လင့်စင်ပေါ် တက်၍၊ မှန်ပြောင်းဖြင့် အရပ်လေးမျက်နှာသို့ စူးစမ်းလေ့လာကြရသည်။ ထိုကင်းသမားနှစ်ယောက်သည် ဧည့်သည် လောင်းကစားသမားအားလုံးကို မှတ်မိသူများဖြစ်ပြီး၊ မျက်နှာစိမ်းဆိုလျှင်လည်း မှန်ပြောင်းထဲမှာ တွေ့သည်နှင့် "မြွေလား ကြိုးလား" ဆိုသည်ကို ချက်ချင်းခွဲခြားနိုင်စွမ်း ရှိကြသည်။ မိမိတို့၏ စီးပွားရေးလုပ်ငန်းကို အန္တရာယ်ပြုနိုင်သော ပုဂ္ဂိုလ်များ လာနေကြပြီဆိုသည်နှင့်၊ ကင်းသမားသည် အသင့်ဆောင်ထားသော ခရာကို တရှိုးရှိုး တွတ်လိုက်တော့သည်။

တာဝန်ရှိသူများ ရောက်လာကြသည့်အခါ၊ ထန်းရည်ဝိုင်းဖွဲ့နေသူများ၊ ရေနွေးကြမ်းသောက်ရင်း စကားစမြည်ပြောနေကြသူများ၊ ကက်ဆက်ဖွင့်ပြီး အရက်မူးမူးနှင့် ကခုန်နေကြသူများကိုသာ တွေ့ကြရလေသည်။ တိုက်ကြက်ဖများလည်း ဘယ်ရောက်ကုန်ပြီမသိ။ ဖဲချပ်ဆိုလို့လည်း စုတ်ပြတ်နေသည့် ဖဲချပ်တစ်ချပ်ကိုမျှ မတွေ့ရ။ ကလေးများသည် မှန်ရာကို ပြောလေ့ရှိသည်ဟု ယူဆကာ၊ ကလေးများကို ချော့ချည်တစ်ခါ ခြောက်ချည်တစ်လှည့်ဖြင့် မေးအံ့။ ခေါင်းတစ်ခါတည်း ခါနေကြသော "သစ္စာရှင်" ကလေးများကိုသာ ကြုံတွေ့ရပေလိမ့်မည်။

သုံးအိမ်စုသား ကျား/မ အားလုံးကလည်း၊ လူကြီးမင်းများတို့ ထိုက်သင့်သလို ဧည့်ဝတ်ပြုရင်း တစ်(ဘူး)တည်း (ဘူး) နေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဥပဒေကို လက်တစ်လုံးခြား လှည့်ဖျားနေခြင်းကို၊ လူကြီးမင်းတို့ ခံပြင်းလွန်းလှပေသည်။

"ခင်ဗျားတို့ ဒီအလုပ်တွေ ရပ်တန်းကရပ်ကြနော၊ ဟောဒီသုံးအိမ်စု ကုန်းတလေးဟာ လူနေရွာလို့ သတ်မှတ်ထားတဲ့နေရာမဟုတ်ဘူး၊ မြေပုံထဲမှာဆိုရင် ဒီနေရာဟာ အစိုးရပိုင်မြေသက်သက်ပဲ၊ ခင်ဗျားတို့က အစိုးရမြေပေါ်မှာ အခွင့်မဲ့ ကျူးကျော်ပြီး နေနေကြတာ၊ ခင်ဗျားတို့ကို အချိန်မရွေး နေရာရွှေ့ခိုင်းလို့ရတယ်"

တစ်ခါက စိတ်တိုတတ်သော လူကြီးမင်းတစ်ဦးက၊ အထက်ပါအတိုင်း သတိပေးစကားပြောခဲ့ဖူးသည်။ ထိုအခါ၊ သုံးအိမ်စုတွင် အသက်အကြီးဆုံးဖြစ်သော၊ မျက်စိတစ်ဖက်လပ်အဘိုးအို "ဦးဖဲဆောင်" က. . .

"ကျုပ်တို့ မကျူးကျော်ရပေါင်ဗျာ၊ ကုလားဖြူမင်းလက်ထက်ကတည်းက ကျုပ်တို့ မိဘတွေ ဒီကုန်းမှာ အခြေတကျနေပြီး လယ်လုပ်လာခဲ့ကြတာပါ" ဟုဝင်ပြောသည်။ လူကြီးမင်းသည် ပို၍စိတ်တိုသွားပြီး. .

"အခု ကုလားဖြူခေတ် မဟုတ်တော့ဘူး အဘိုးကြီး" ဟု ဟောက်လိုက်သည်။

စာရွက်စာတမ်း အထောက်အထားများမရှိသည့်တိုင် သုံးအိမ်စုကုန်းကို ပိုင်ဆိုင်သူမှာ ချောင်းစောက် ကျေးရွာတွင် ကိုလိုနီခေတ်က အကြွယ်ဝဆုံးဖြစ်ခဲ့သော၊ ဘုရားဒကာ၊ ကျောင်းဒကာ၊ မြေပိုင်ရှင်၊ လယ်ပိုင်ရှင်၊ တိုက်နယ်သူကြီး "ဦးလော်ပေါ်" ဆိုသူဖြစ်၏။ သူက၊ မျက်နှာဖြူမျက်နှာနီ ကြေးတိုင်အရာရှိများနှင့်ပေါင်းပြီး သုံးအိမ်စုကုန်းကို အပိုင်ဝယ်ယူထားခဲ့၏။ သူ၏မွန်မြတ်သော စေတနာကား၊ ဤကုန်းမြေတစ်ဝိုက်တွင် လယ်ယာလုပ်ကိုင်ကြသူများ ရာသီမရွေး သောက်ရေသုံးရေ ရရှိရန်၊ ကုန်းတွင်းပိုင်းမှာ ရေကန်တစ်ကန် တူးဖော်လှူဒါန်းထားခဲ့ခြင်းဖြစ်လေသည်။ ထိုရေကန်သည် ယခုထက်ထိ အသုံးဝင် အကျိုးပြုဆဲရှိလေသည်။

သူကြွယ်ကြီး ဦးလော်ပေါ်သည် သူမကွယ်လွန်မီကပင်၊ သူ၏



ရေကန်ကို နောင်လာနောက်သားများ၊ အကျိုးရှိစွာ ဆက်လက်သုံးစွဲနိုင်ရန် ရေကန်ထိန်းသိမ်းစောင့်ရှောက်ဖို့၊ သူ၏လယ်ကျွန် (လယ်ကူလီ/သူရင်းငှား) ထဲမှ၊ ရိုးသားကျိုးနွံသော မိသားစုသုံးစုကို တာဝန်ပေးခဲ့၏။ ထိုမိသားစုသုံးစု၏ မျိုးဆက်သုံးစုသည်လည်း ဤရေကန်ကို စောင့်ရှောက်ပြုပြင်ကြရမည်ဖြစ်၏။ သို့ဖြင့် ရေကန်စောင့် ဒုတိယမျိုးဆက်မှ မိသားစုသုံးစုသည်၊ ရေကန်ရှိရာ ကုန်းကလေးပေါ်သို့ ပြုိင်တူလိုလို လာရောက်နေထိုင်၊ အခြေစိုက်ကြရာမှ. . . ဤနေရာသည် "သုံးအိမ်စု" ဟု အမည်တွင်သွားလေတော့သည်။

ခေတ်ကာလများ ရွေ့လျားပြောင်းလဲလာခဲ့ပြီးသောအခါ၊ သုံးအိမ်စုသည် ပိုင်ရှင်မဲ့နယ်မြေဖြစ်သွားကာ၊ ရပ်ထဲရွာထဲ၌ နေထိုင်ရန် အဆင်မပြေသောမိသားစုများသည် သုံးအိမ်စုသို့ ပြောင်းရွှေ့အခြေချ နေထိုင်လာခဲ့ကြရင်း၊ ယခုအခါ. . .၊ သုံးအိမ်စုတွင် လူနေအိမ်ခြေ (၁၈) လုံးတိတိ တိုးပွားလာခဲ့၏။ သုံးအိမ်စု၏ သက်တမ်းကလည်း နှစ် (၁၀၀) နီးပါးရှိခဲ့ပေပြီ။

သုံးအိမ်စု၏ ပထဝီဝင်အားနည်းချက်တစ်ရပ်တော့ရှိ၏။ မိုးရာသီ (၃/၄) လအတွင်း၊ သုံးအိမ်စုပတ်လည် လယ်ကွင်းများသည် ရေနက်ကွင်းများဖြစ်၍ လူတစ်ရပ်ကျော်ကျော်နက်သော ရေထုရေပြင်ကျယ်ကြီးများအောက်သို့ ရောက်ရှိနစ်မြုပ်နေလေ့ရှိသည်။ ထိုအခါ သုံးအိမ်စုသားတို့သည် ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရန်အလို့ငှာ၊ လှေကိုသာ အားကိုးအားထား ပြုကြရသည်။ သို့ရာတွင် မိုးရာသီတွင် သုံးအိမ်စု၏ ပထဝီဝင်အားသာချက်မှာ၊ သုံးအိမ်စုကို ဝိုင်းရံနေသော ရေပြင်ကြီးမှာ၊ ထိုကာလတွင် "အင်း" ကြီးတစ်အင်းအသွင်သို့ ပြောင်းသွားပြီး၊ ကုန်ငွေပေါင်းများစွာသော ငါး၊ ပုစွန်များ ကျက်စားပေါက်ဖွားရာ အဏ္ဏဝါအာဟာရ ရတနာသိုက်ကြီးအသွင်သို့ ပြောင်းလဲသွားခဲ့ခြင်းပင် ဖြစ်သည်။

ဤအချိန်မျိုးတွင် သုံးအိမ်စုသားများသည် အလိုအလျောက် တံငါ

www.burmeseclassic.com

www.burmeseclassic.com



များဖြစ်လာကြတော့၏။ သီတင်းကျွတ်လ (အောက်တိုဘာ) လောက်တွင် မိုးပါးပြီး ကွင်းထဲ၌ ရေကျသွားချိန်၌ ဆောင်းစပါးစိုက်သော လယ်သမားများက၊ လယ်ကွင်းပြင်ကျယ်ကြီးကို မြစိမ်းရောင်လွှမ်းအောင် ဖန်တီးကြသည့်အခါ၊ သုံးအိမ်စုသားများမှာ အလိုအလျောက် လယ်သမားတွေ၊ လယ်သူမတွေဘဝသို့ ကူးဝင်ခဲ့ကြပြန်တော့သည်။ သို့နှင့်၊ စပါးရိတ်ရာသီပြီးဆုံးသွား၍ နွေရတုချိန်ခါသို့ ရောက်ရှိလာပြီဆိုလျှင်တော့၊ သုံးအိမ်စုသားများသည် "ဧည့်သည်" များကိုမျှော်ရင်း၊ ပိုက်ဆံထည့်ရန် သေတ္တာများကို အသင့်ဖွင့်ထားလိုက်ကြ၏။ ထမင်းဟင်း ရောင်းချမည့်သူများကလည်း ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြွက်သွန်အစရှိသော ကုန်ခြောက်များအပြင်၊ ကြက်ဘဲဝက်များကို အသင့်ခြံလှောင်ထားလိုက်ကြ၏။ အရက်ရောင်းမည့်သူကလည်း ရာဝင်အိုးကြီးများကို ဆေးကြောသန့်စင်၍ နေလှန်းလျက်ရှိသည်။ မျောက်ချောပင်အထက်ရှိလင့်စင်ကို ပြင်ဆင်သူတွေက ပြင်ဆင်နေကြ၏။ တပေါင်း တန်ခူးဆိုသော နွေရာသီနှစ်လသည် သုံးအိမ်စုသားတွေ ငွေအရှင်ဆုံးကာလပင် ဖြစ်ပေသည်။ ကျန်ကာလများတွင်ကား သူတို့သည် ကြုံရာကျပန်းအလုပ်ဖြင့်၊ ရရစားစား၊ ဝါးဝါးမျိုမျို မနက်ဖြန်မရှိသောလူသားများလို ပေါ့ပေါ့လုပ်လုပ်၊ ရောင့်ရောင့်ရဲရဲသာ ရှင်သန်နေထိုင်ကြပေ၏။

သုံးအိမ်စုကို အကုသိုလ် ပစ္စန္တရဇ်အဖြစ် သမုတ်ကြသူတွေ အများအပြားရှိကြပါသည်။ သို့သော်၊ သုံးအိမ်စုတွင် ယနေ့အထိ ကြီးကျယ်သော ရာဇဝတ်မှုကြီးမျိုး ဖြစ်ပွားပေါ်ပေါက်ခဲ့ခြင်းမရှိသေး။ ၄/၅ ချက်လောက် ချုပ်ရရုံ ခေါင်းကွဲအောင် ရိုက်မှုလောက်၊ ဆဲမှုလောက်၊ ကြက်ခိုးမှုလောက်သာ ဖြစ်ခဲ့ဖူး၏။ ထို့ကြောင့်လည်း သုံးအိမ်စုမှာ ဖျက်သိမ်းဖယ်ရှားခြင်းမခံရဘဲ၊ ယနေ့အထိ ကွင်းခေါင်ခေါင်ထဲမှာ တစ်သီးပုဂ္ဂလကျွန်းကလေးတစ်ကျွန်းလို ရပ်တည်နေခဲ့ရခြင်းဖြစ်သည်။

xxx xxx xxx



xxx xxx xxx

သုံးအိမ်စုမှာ၊ စန်းချိုအဖေ ဦးဖိုးလူရဲ့ အစ်ကိုရင်း "ဦးခန့်" ဆိုတာရှိတယ်။ ဦးခန့်ဟာ သုံးအိမ်စုမှာ ရပ်မိရပ်ဖလူကြီးပဲ၊ သုံးအိမ်စုသားတွေ တစ်ညီတစ်ညွတ်တည်း ခန့်ထားတဲ့ သူကြီးလို့ဆိုပါတော့။ အရပ်လူကြီးဖြစ်သလို၊ ဦးခန့်ဟာ သူညီဦးဖိုးလူလို ဂျပုကလေးမဟုတ်ဘဲ၊ အရပ် (၆) ပေလောက်မြင့်တဲ့ လူထွားကြီး။ အရပ်အမောင်းနဲ့ လိုက်ဖက်တဲ့ ခန္ဓာကိုယ်အတ္တဘောကြီးရှိပြီး၊ မည်းမည်းသည်းသည်းနဲ့ တကယ့် ကျွဲသိုးကြီး အတိုင်းပဲ၊ လေးထောင့်စပ်စပ် မျက်နှာကြီးနဲ့၊ ပါးတစ်ဖက်မှာလည်း ဓားဒဏ်ရာအမာရွတ်ကြီးနဲ့။ တကယ်တော့ ဦးခန့်ဟာ တစ်ချိန်က ဓားပြဗိုလ်ကြီးဆိုပဲ၊ ထောင်နန်းစံရတဲ့ အကြိမ်ပေါင်းလည်း မရေမတွက်နိုင်ဘူးတဲ့။

ငါနဲ့ စန်းချိုတို့ ရောက်သွားချိန်မှာတော့ ဦးခန့်က ဓားပြတိုက်ဖို့ စိတ်ကူးပုံမရတော့ဘူး။ ဒါပေမဲ့ စိတ်ပုတီးလည်း ကိုင်တာမဟုတ်ဘူး၊ မိန်းမ (၂) ယောက်ယူထားပြီး၊ မိန်းမတွေ ဈေးတောင်းခေါင်းရွက် လုပ်ကျွေးတာကို အိမ်ဦးခန်းမှာ မြိန့်မြိန့်ကြီး ထိုင်စားနေတယ်။ နွေရာသီ ကြက်ဝိုင်း၊ လောင်းကစားဝိုင်း တွေခင်းကျင်းတဲ့ပွဲ (သူတို့အခေါ် အာဝါဒေးပွဲ) မှာ၊ ဦးခန့်က ကြီးကြပ်ရတာ၊ ကစားဝိုင်းတွေမှာ အကောက်မကောက်ပေမယ့် ပွဲပြီးတဲ့အခါမှာ ကစားသမားတွေစုပြီး၊ ဦးခန့်ကို ရပ်ရေးရွာမှုမှာ သုံးစွဲဖို့ ရန်ပုံငွေချီးမြှင့်ကြတယ်။ အဲဒီငွေထဲကနေ ဦးခန့်က အဝေးကြည့် မှန်ပြောင်းငှားတဲ့ တိုးရွှေနဲ့ အလှည့်ကျကင်းစောင့်တဲ့ ကင်းသမားတွေကို သင့်တန်သလောက် ခွဲတမ်းချတယ်။ ကျန်တာကတော့ သူ့အိတ်ကပ်ထဲ ထည့်လိုက်တာပေါ့။ အာဝါဒေးပွဲက ရလိုက်တဲ့ငွေဟာ၊ ဦးခန့်အတွက် တစ်မိုးတွင်းလုံး ဒူးနှန့်ပြီး ထိုင်စားလောက်တယ်၊ ဒါပေမဲ့ ဦးခန့်ကရတဲ့ ငွေကို စနစ်တကျ သုံးတာမဟုတ်ဘူး၊ ကြက်ဝက်အပေါင်သားငါးတွေကို အိုးကြီးခွက်ပြနဲ့ချက်၊ အရက်တွေ (၅) ဂါလံပုလင်းတစ်ပုံးကြီးနဲ့ မှာပြီး၊ သုံးအိမ်စုသားတွေကို အလှူကြီးပေးသလိုမျိုး ဧည့်ခံပစ်တာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့် အဲသလိုလှူတဲ့ ရက်မျိုးမှာဆိုရင် သုံးအိမ်စုမှာ မီးခိုးတိတ်ပဲ၊ လူကြီး၊ ကလေး၊ ခွေးတွေပါမကျန် လာစားကြတာ၊ ဒီတော့ အာဝါဒေးကရတဲ့ ငွေဟာ (၁၀) ရက်တောင်မခံဘူး၊ ပြောင်သလင်းခါတာပဲ။ ဦးခန့် ဒီလို ဖြုန်းတီးပစ်တာကို သူ့မိန်းမနှစ်ယောက်စလုံး စကားဟဟမဝေဖန်ရဲကြဘူး၊ မိန်းမတွေက သူတို့ လင်ကြီးကို သေးဖြန်းဖြန်းပါအောင် ကြောက်ကြရတာ၊ ဘယ်လောက် ကြောက်ကြရသလဲဆိုရင် "ဟေ့ မပုံ" လို့ မယားကြီးကို ဦးခန့်လှမ်းခေါ်လိုက်ရင်၊ မပုံဟာ ရောက်ရာအရပ်မှာ လန့်ဖျပ်ပြီး ထ ထခုန်တတ်တယ်၊ "ဟဲ့-ထွေးကြည်" လို့ မယားငယ်ကို၊ ဦးခန့်က လှမ်းခေါ်လိုက်ပြန်ရန်လည်း မထွေးကြည်ဟာ အိမ်သာကိုအရင်ဆုံး တန်းပြေးပြီးမှ၊ ဦးခန့်ဆီ ပြန်လာတတ်လေရဲ့။ သားသမီး (ဇနီးတွေက မွေးထားကြတာ) ရှစ်ယောက်ဟာလည်း ဖအေ့ရှေ့မှာဆိုရင်၊ ခြသေ့်ဂူဝက ယုန်ကလေးတွေလို ကတုန်ကရီ နဲ့ မျက်စိသူငယ် နားသူငယ်ဖြစ်ကြလို့။

အဲဒီ ဦးခန့်ဆီကို ငါနဲ့စန်းချို့တို့ ရောက်သွားကြတော့ နေစောင်းနေပြီ၊ ဦးခန့်က သူ့တူမ စန်းချို့ကို ချစ်ခင်တွယ်တာပုံပဲ၊ ငါ့ကိုတော့၊ မျက်လုံးတောက်တောက်ကြီးတွေနဲ့ စက္ကန့်မလပ် အကဲခတ်နေတယ်။

စန်းချို့က သူ့ဦးကြီးကို အခြေအနေ အဖြစ်အပျက်တွေအားလုံး အရင်းအမှန်အတိုင်း ဖွင့်ပြောလိုက်တော့၊ ဦးခန့်က သူ့ညီကို အဝေးကနေ ကလော်တုတ်တော့တာပါပဲ။ သူ့ရှေ့မှာသာ ဦးဖိုးလှူရှိနေရင် နားရင်းပါးရင်း ထအုပ်မလား မဆိုနိုင်ဘူး။ သူတို့ညီအစ်ကိုဟာ သံယောဇဉ်တွယ်ကြပေမဲ့ စရိုက်ချင်း မတူကြတော့၊ လက်ပွန်းတတီး မနေကြဘူး။ (၇) မိုင်လောက်ဝေးတဲ့ နေရာတွေမှာ ခပ်စိမ်းစိမ်းနေကြတာကိုသာ ကြည့်ပေတော့။

"ဖအေလုပ်တဲ့ ဟိုနွားက မင်္ဂလာဆောင်မပေးတော့လည်း ငါ့တူမကို ဦးကြီးကပဲ မိဘအရာကနေ မင်္ဂလာဆောင်ပေးရတာပေ့ါလဟာ" လို့ ဦးခန့်ကပြောလိုက်တော့၊ ငါဖြင့် ဝမ်းသာသွားလိုက်တာ ထကမိမတတ်



ပါပဲ။ [ဤစကားကို ပြောလိုက်စဉ်၊ သန်းဆိုင်သည် သူ့ကိုယ်သူ လွန်ခဲ့သော နှစ် ၂၀ လောက်က၊ ဦးခန့်ရှေ့မှာ ဝမ်းသာခဲ့သည့်ပုံမျိုးဖြင့်၊ လက်နှစ်ဖက်ကို ကတော့မည်ဟန် ကွေးချည် ဆန့်ချည်လုပ်နေသည်။ ဦးဘာဘူနှင့် ခင်မောင်ငြိမ်းတို့က ပြုံးလိုက်မိကြလေ၏]

"မင်္ဂလာဆောင်တယ်ဆိုတာ ဘာမှမဆန်းဘူး၊ ဆန်းတာက လင်နဲ့ မယား ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနဲ့ အေးအတူပူအမျှ ရာသက်ပန် ရှိုးမြေကျ၊ သေမင်းက ခွဲတဲ့အထိ ပေါင်းသင်းသွားကြဖို့ပဲဟေ့" လို့ ဦးခန့်က လူကြီးစကားပြောရာကနေ၊ ငါ့ဘက်ကို စူးစူးစိုက်စိုက်ကြည့်တဲ့ပြီး-

"ဟိတ်ကောင်၊ မင်း ငါ့တူမကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းပါမယ်လို့ ကတိပြုမလား" လို့ လူမိုက်သံနဲ့ မေးတယ်။ ငါလည်း ဓားပြဟောင်းကြီးကိုကြည့်ပြီး ကျောရိုးထဲမှာ စိမ့်သွားတယ်။ [ဦးခန့်ကို မတွေ့ခင် လမ်းမှာ ကတည်းက၊ သူ့ဦးကြီးဟာ ဓားပြဟောင်းကြီးဆိုတာ စန်းချို့က ပြောပြပြီးသား] ကတိပြုပါတယ်လို့ ပါးစပ်က ပြောမထွက်နိုင်အောင် ငါလည်ချောင်းထဲမှာ တစ်ဆို့ဆို့ကြီးဖြစ်နေတာမို့ ငါခေါင်းညိတ်ရုံပဲ ညိတ်ပြနိုင်တယ်။

"အေး၊ ကောင်းပြီ။ မင်းကတိပေးတယ်နော်၊ နောက်ပိုင်းကျမှ ကူလီကူမာ မများနဲ့၊ ငါ့ကိုပေးတဲ့ ကတိဖျက်တဲ့ကောင်တွေကို ငါဘာလုပ်တတ်သလဲဆိုတာ၊ ဟောဟို ချောင်းစောက်ရှာ သချိုင်းက မြေကြီးအောက်မှာ သွားမေးကြည့်၊ မကျေနပ်သေးရင် စန်းချို့တို့ ဝက်လူးရွာတောင်ဖျားက ချောင်းကမ်းစပ်နုန်းတွေအောက်မှာ သွားမေးကြည့်၊ ငါ့တူမက အရှုပ်ဆိုးတော့ ခုကတည်းက မင်းကိုယောကျ်ားအချင်းချင်း ယောကျ်ားစကား ခုကတည်းက ကြိုပြောထားတာကွ"

ဒီနေရာမှာ ငါလည်း၊ ဦးခန့်ဆိုတဲ့လူကြီးကို ကြောက်သလိုလို၊ ထိတ်သလိုလိုဖြစ်နေတဲ့ ကြားကနေ၊ သတ္တိတွေ ဖျစ်ညှစ်ထုတ်ပြီး. . .

"ဦးကြီးတူမ အရှုပ်ဆိုးမှန်းသိတဲ့ကြားက ကျွန်တော် မေတ္တာရှိခဲ့

www.burmeseclassic.com



တာပါ။ သူဒီထက်လည်း ပိုပြီး အရုပ်မဆိုးနိုင်တော့ပါဘူး၊ သူ့ထက် အရုပ်ဆိုးတဲ့ မိန်းကလေးတောင် သူ့လောက်အရုပ်မဆိုးနိုင်တော့ပါဘူး၊ ကျွန်တော်ကလည်း လှတာမက်ရင် ညစာခက်မှာစိုးလို့ အရုပ်ဆိုးတာကိုပဲ ရှာခဲ့တာပါ" လို့ ပါးစပ်ထဲတွေ့ရာ၊ စွတ်ရွတ်ပြောပစ်လိုက်တယ်။ အဘိုးကြီး ငါပြောတာ သဘောကျပြီး ရယ်ပါလေရော။ စန်းချိုကတော့ သူ့ဦးကြီးရှေ့ မရှောင်ဘာမရှောင် [ဟဲ့-မသာ၊ နင်ဘာတွေလျှောက်ပြောနေတာလဲ] ဆိုပြီး ငါ့ကျောကုန်းကို တအုံးအုံးထုတော့တာပါပဲ။

"ကောင်းပြီလေ၊ မင်းတို့နှစ်ယောက်စလုံး မိပစ်ဖပစ်၊ ရုပ်ပစ်ရွာပစ်တွေဖြစ်နေကြပြီဆိုတော့ ငါကပဲ နှစ်ဖက်မိဘတွေကိုယ်စား အကောင်းဆုံး စီမံနေရာချပေးရမှာပဲ" လို့၊ ဦးခန့်က ဆေးတံကြီးခဲရင်း၊ အပြုံးနဲ့သား ပြောတယ်။ ပြီးတော့၊ တစ်ဆက်တည်း. . .

"ကဲ-ပြောနေစကားကြောရှည်မယ်၊ ဟဲ့ မပုံ" လို့ အနားမှာထိုင်နေတဲ့၊ သူ့မယားကြီးဒေါ်ပုံကို ခေါ်လိုက်တယ်။ အဲသလို ခေါ်လိုက်တာနဲ့၊ ကျောက်ရုပ်လို ထိုင်နေရှာတဲ့ ဒေါ်ပုံဟာ ကြမ်းပြင်ပေါ်ကနေ မြောက်ခနဲကြွတက်ပြီး၊ ကြမ်းပေါ်ပြန်ကျတယ်၊ မျက်လှည့်ပြသလား အောက်မေ့ရတယ်။ ထူးဆန်းပါပေ့ကွာ။

"မပုံ၊ ဖိုးဖဲဆောင်တို့ မယ်ခံကြွယ်တို့ သက်ကြီးရွယ်အို လေးငါးခြောက်ယောက်လောက် ဒီကို သွားခေါ်လာခဲ့စမ်း" လို့ ဦးခန့်က၊ ဇနီးကြီးကို အမိန့်ပေးပြီးတဲ့အခါ၊ ဇနီးငယ်ဘက်လှည့်ပြီး "ထွေးကြည်" လို့ခေါ်လိုက်တယ်၊ ခေါ်လိုက်တာနဲ့ ဒေါ်ထွေးကြည်ဟာ မျက်လုံးပြူးပြီး "ခဏနေဦး" လို့ လက်ကာပြတယ်၊ ပြီးတာနဲ့အိမ်သာရှိတဲ့ဆီကို သုတ်သီး သုတ်ပျာထပြေးတော့တာပဲ။

ဒေါ်ထွေးကြည် ဖြစ်ရပုံက၊ သုံးအိမ်စုသားတွေအတွက် အဆန်းမဟုတ်တော့ပါဘူး၊ ငါတော့. . . သူကြည့်ပြီး သနားလည်း သနားရဲ့၊ ရယ်လည်းရယ်ချင်မိပါရဲ့၊ ဒေါ်ထွေးကြည် အဲသလို ဖြစ်သွားအောင် ဦးခန့်



ဘယ်လိုများ ပြုစားလိုက်သလဲဆိုတာ ငါခုထက်ထိ စဉ်းစားလို့ အဖြေမပေါ်ဘူး။ စန်းချို ပြောဖူးတာကတော့ ဒေါ်ထွေးကြည်ဟာ အလွန်မတန် စိတ်လှုပ်ရှား ရင်ရှူးရှူးတွေ ထွက်ကုန်ရောတဲ့၊ ဒါကြောင့် ဦးခန့်ခေါ်လိုက်တာနဲ့ သူသေးထွက်မကျခင် အိမ်သာတန်းတန်းပြေးရရှာတာတဲ့။

ငါနဲ့ စန်းချို မင်္ဂလာဆောင်ပုံကို မင်းတို့ကြားဖူးမယ်တောင် မထင်ဘူး၊ အခု ငါပြောပြတော့ ကြားဖူးသွားလိမ့်မယ်။

ဦးခန့်က ပြောတယ်၊ ဆေးတံကြီးခဲပြီး၊ တည်တည်ကြီးပြောတာ။ "ဟော့ဒီမယ် သန်းဆိုင်နဲ့စန်းချို၊ မင်းတို့ဟာ ခေတ်သား၊ ခေတ်သမီးတွေဖြစ်ပေမဲ့ ရှေးရိုးထုံးတမ်းအတိုင်း လက်ထပ်ကြရလိမ့်မယ်။ ငါတို့ မြန်မာ့ဓလေ့ထုံးတမ်းအရ၊ ဖိုနဲ့မ ချစ်လို့ခင်လို့ပဲဖြစ်ဖြစ်၊ မိဘတွေ သဘောတူပေးစားလို့ပဲဖြစ်ဖြစ် တရားဝင် ပေါင်းသင်းကြတော့မယ်ဆိုင်ရင်၊ ပတ်ဝန်းကျင် ရှေ့ (၇) အိမ်၊ နောက် (၇) အိမ်ကို (ကျွန်တော်ကျွန်မတို့ အရွယ်လည်း ရောက်ကြပါပြီ၊ မေတ္တာလည်းမျှနေကြပါပြီ၊ သေတစ်ပန်သက်တစ်ဆုံး ပေါင်းသင်းဖို့လည်း သစ္စာပြုခဲ့ကြပြီးပါပြီ။ ဒါကြောင့် ဒီနေ့ ဒီရက်ကစပြီး ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် အသိအမှတ်ပြုကြပါ) လို့ ခွင့်ပန်လိုက်ရင်၊ လင်မယားအရာ မြောက်တယ်၊ ကျွေးမွေးဧည့်ခံတာ၊ ဘုန်းကြီးတွေကို မင်္ဂလာဆွမ်းကပ်တာတွေဟာ အဆွယ်အပွားကိစ္စတွေပဲ၊ မင်းတို့ တတ်နိုင်လို့ မင်္ဂလာမဏ္ဍပ်ကြီး ဟည်းနေအောင်ထိုးပြီး၊ ဝက်သားတုံးကြီး ဒူးလောက်ပေါင်လောက်ပဲ ချက်ကျွေးကျွေး၊ ဆင်းရဲချို့တဲ့ကြလို့ မတတ်နိုင်တာနဲ့ ရှေ့ (၇)အိမ် နောက် (၇)အိမ်ကို၊ ပဲလှော်နဲ့ လက်ဖက်ရည်ကြမ်းဝဲ ဧည့်ခံချင်ခံ၊ ဒီကိစ္စတွေက အဓိကမကျဘူး၊ အဓိကကျတာက ရှေ့(၇)အိမ် နောက် (၇)အိမ်က မင်းတို့ကို လင်စုံမယားဖက်အဖြစ်၊ တစ်ညီ တစ်ညွတ်တည်း၊ သဘောတူ အသိအမှတ်ပြုလိုက်ဖို့ပဲ၊ ဒါဟာ ပကာသနမဖက်တဲ့ မြန်မာ့မင်္ဂလာဆောင် သက်သက်ပဲ၊ တတ်နိုင်ရင်တော့ မင်္ဂလာဆွမ်းတွေဘာတွေကပ်၊ ဧည့်ပရိသတ်ကို ထမင်းရည်ချောင်းစီး ကျွေးမွေးဧည့်ခံပေါ့

www.burmeseclassic.com



ကွာ၊ အခုဟာက မင်းတို့မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုသာသာပဲ ရှိကြတယ်၊ နေစရာလည်း မရှိဘူး၊ လက်ဆုပ်လက်ကိုင်ပြစရာ ရေရေရာရာ အလုပ်လည်း မရှိကြသေးဘူး၊ ဒီတော့ ငါစီစဉ်တဲ့အတိုင်းပဲ မင်္ဂလာဆောင်လိုက်ကြ"

ငါတို့နှစ်ယောက် ဘာမှ စောဒကမတက်နိုင်ကြဘူးလေ။ ဦးခန့်ဟာ ငါတို့ရဲ့ ကယ်တင်ရှင်သိကြားမင်းကြီး ဖြစ်နေပြီကိုး။ သူစီမံရာ နာခံရုံပဲပေါ့။

တစ်ခဏနေတော့ သုံးအိမ်စုမှာ လူအိုစာရင်းဝင်လို့ သတ်မှတ်ရမယ့် ယောကျ်ားကြီး၊ မိန်းမကြီး ၁၄/၅ ယောက်၊ ကြောင်တက်တက်အမူအရာတွေနဲ့ ဦးခန့်ရဲ့ တဲကြီးပေါ် တက်လာကြတယ်။ ဦးခန့်က သူအကျဉ်းနှုးလိုက်တဲ့ ငါတို့မင်္ဂလာကိစ္စပြောတော့ လူအိုကြီးတွေက မှုန်သီသီမျက်လုံးတွေနဲ့ ငါတို့နှစ်ယောက်ကို စူးစူးစမ်းစမ်း ကြည့်ကြတယ်၊ အဲဒီလူအုပ်ထဲက မျက်စိတစ်ဖက်လပ် ဦးဖဲဆောင်ဆိုတဲ့ အဘိုးကြီးက၊ အိမ်ဦးခန်းမှာထိုင်ပြီး မမ္ဘကထိကလေသံနဲ့ ငါတို့နှစ်ယောက်ကို ဆုံးမဩဝါဒစကားတွေ တသွင်သွင်ပြောတော့တာပဲ၊ "လင်မှတ်မှတ် သားမှတ်မှတ်ပေါင်းသွားကြနော်" ဆိုတဲ့စကားကို၊ အဘိုးကြီးက မရေမတွက်နိုင်အောင် ထပ်တလဲလဲ ပြောနေတော့၊ ငါဖြင့် ဒီအဘိုးကြီး အရက်များမူးနေသလားလို့တောင် သံသယဝင်မိပါသေးရဲ့။ [နောက်ပိုင်းမှာ သိရတာကတော့ ဦးဖဲဆောင်ဟာ မျက်စိတစ်ဖက်သာ ပျက်နေတာ၊ မိန်းမလေးယောက်တောင် ယူခဲ့ဖူးတဲ့ အာဂယောကျ်ားသားကြီးဆိုတာပါပဲ] အဘွားကြီးတွေကလည်း ကွမ်းနှော်ကြီးနဲ့ ခပ်တည်တည်ထိုင်နေတဲ့ စန်းချိုကို မယားဝတ္တရား ထွေလီကာလီတွေကို ပြောလဲ့မှာ ဇာချဲ့နေကြလေရဲ့။ ငါ့မှာတော့ အားငယ်စိတ်တွေ ဖိစီးပြီး ခေါင်းမဖော်ဝံ့ဘူး။ လက်မောင်းက အနာကလည်း ကိုက်လို့။

လူကြီးဝိုင်းထဲကို ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ပန်းကန်တွေ ရောက်လာကြတယ်။ လူကြီးတွေဟာ သတို့သားနဲ့ သတို့သမီးကို မေ့ပစ်



လိုက်ကြပြီး၊ ရေနွေးကြမ်း တရှုတ်ရှုတ်သောက်၊ လက်ဖက်သုပ် တစွတ်စွတ်ဝါးရင်း၊ သူတို့အချင်းချင်း ရောက်တတ်ရာရာတွေသာ ပြောနေကြတော့တယ်။ ဦးခန့်က ဘယ်ကသွားငှားမှန်းမသိတဲ့၊ ဘက်ထရီမီးချောင်း (၂-ပေချောင်းကလေးပါ) ထွန်းပြီး၊ ကာလသားတွေကို ညွှန်ကြားချက်အမျိုးမျိုးထုတ်နေတယ်။ ယောကျ်ားတစ်ယောက်ရဲ့ဘဝမှာ မင်္ဂလာဆောင်တဲ့နေ့ဟာ အပျော်ဆုံးနေ့ တစ်နေ့ပဲလို့ ပြောကြတယ်။ ငါဖြင့် မပျော်နိုင်ပါဘူး။ လက်မောင်းအနာက ကိုက်တာတစ်မျိုး၊ ထမင်းဆာတာက တစ်မျိုး၊ လူကြီးတွေကြားထဲမှာ ကိုရင်ဝတ်မယ့် ရှင်လောင်းကလေးလို ကုပ်ကုပ်ရုပ်ရုပ်ကလေး ထိုင်နေရတာကြာလို့ ညောင်းလိုက်တာက တစ်မျိုး၊ အိပ်ချင်တာကတစ်မျိုး။ ဝေဒနာပေါင်းစုံ ဝိုင်းနှိပ်စက်နေတော့ ငါဘယ်လို ပျော်နိုင်မှာတဲ့လဲ။

ည (၈) နာရီလောက် လူကြီးတွေ ပြန်သွားကြတော့၊ ကာလသားတွေက၊ တဲရှေ့မီးရောင်အောက်မှာ မီးဖိုပြီး ထမင်းအိုးကြီးတည်ကြတယ်၊ ကြက်သုံးကောင်ကို အမွေးနုတ်သူက နုတ်နေကြတယ်။ မီးရောင်နဲ့ နည်းနည်းဝေးတဲ့ မှောင်ရိပ်မှာ ကာလသား ၃/၄ ယောက် ပုလင်းထောင်ရင်း၊ တဝါးဝါး ရယ်နေကြလေရဲ့။

ဒီနေရာမှာ ငါဟာ သူတစိမ်းသက်သက်ဖြစ်တယ်၊ ပြီးတော့ ကိုယ်ယူမယ့်မိန်းမကို၊ ကိုယ်နဲ့ပတ်သတ်တဲ့ ရပ်ရွာကို ခိုးမသွားနိုင်ဘဲ၊ မိန်းမတာသာ သူ့အမျိုးအဆွေရှိရာကို ခေါ်လာရတဲ့၊ အသုံးမကျတဲ့ လူညံ့တစ်ကောင် ဖြစ်နေတယ်။ ပြီးတော့ မင်္ဂလာဆောင်မှာ ဧည့်ခံဖို့ ငွေကြေးတစ်ပြားတစ်ချပ်မှမရှိတဲ့ ဘိုင်ကောင်။ ဒီတော့ ငါဟာ ဆီးသွားချင်တာတောင် မသွားဘဲ၊ အိမ်ပေါ်မှာပဲ ငေါင်းစင်းစင်း ကုပ်ချောင်းချောင်းကလေး ထိုင်နေမိလေရဲ့။ သုံးအိမ်စုက ကာလသားတွေက ငါ့ကိုမိတ်ဖွဲ့ချင်ဟန် ပြကြပေမဲ့ လိပ်ပြာမလုံတဲ့ ငါက. . . သူတို့နဲ့ သွားမရောရဲဘူး။

ဒီတုန်းမှာ ငါ့အရိပ်အကဲကို စောင့်ကြည့်နေတဲ့ ဦးခန့်က ငါ့ပခုံးကို

www.burmeseclassic.com

www.burmeseclassic.com



လာပုတ်ပြီး "ဟော့ သန်းဆိုင်၊ မင်းမလည်း ညနေစောင်းတတည်းက ဒီနေရာမှာ သစ်ငုတ်ကြီးလို ထိုင်နေရတာ ညောင်းလှရောပေါ့၊ အညောင်းပြေ အညာပြေ အောက်ဆင်းဦးလေ" လို့ လာပြောတော့၊ ငါအတော်အဲသက် ရှုချောင်သွားတယ်။ ငါ အိမ်အောက်ဆင်းလာတော့ ဦးခန့်က ငါ့ပခုံးကို ကိုင်ပြန်ပြီး. . .

"ဒီညဟာ မင်းရဲ့လူပျိုဘဝ နောက်ဆုံးညပဲ ဒီတော့ လူပျိုဘဝကို နှုတ်ဆက်တဲ့အနေနဲ့ ငပိန်တို့ဝိုင်းမှာ ဝင်ထိုင်ချေ။ အများကြီးတော့မလုပ်နဲ့ စားကောင်း သောက်ကောင်းပဲလုပ်" လို့ ငါ့ကို နတ်လမ်းညွှန်ပြန်လေရဲ့။

"ဟော့ ငပိန်တို့၊ ဖိုးစုတို့ ဒီသတို့သားဟာ ငါ့တူသမက်ပဲ၊ အခြေအနေအရ သူလည်း ငါတို့သုံးအိမ်စုသား စားရင်းဝင်တော့မှာ၊ ကဲ-ငါ့တူသမက်နဲ့ မိတ်ဖွဲ့လိုက်ကြစမ်း၊ သူက အုတ်ဖိုစုသားဆိုတော့ မင်းတို့ ဧည့်ခံတာကို ငြင်းမယ်မထင်ပါဘူး"

ဦးခန့်ပြောတာက အမှန်သား၊ ငါတို့ အုတ်ဖိုစုက ဒီနယ်တစ်ဝိုက်မှာတော့ ထန်းလျက်အရက်ကောင်းကောင်း ထွက်တယ်လို့ နာမည်ကြီးတဲ့ရွာပဲ၊ ငါ့အဖေ ဦးကံငွေပါးစပ်က တရားစကားပြောပြီး ခွက်ပုန်းသောက်နေတာသာ ကြည့်ပေတော့။

သုံးအိမ်စုက ကာလသားတွေက ဧည့်ဝတ်ကျေလွန်းကြပါပေရဲ့၊ ငါလည်း လက်မောင်းကအနာကို မေ့အောင်ဆိုပြီး တစ်ခွက်ပြီးတစ်ခွက်သောက်။ ကာလသားချက် ကြက်သားတွေ တစ်တုံးပြီး တစ်တုံးမြည်းလိုက်တာ၊ လက်မောင်းက အနာတင်မကဘူး၊ ငါ့ကိုယ်ငါတောင် မေ့သွားပြီးဝိုင်းထဲက ဖျာကြမ်းပေါ်တင် အိပ်ပျော်သွားတယ်။ ["ခင်ဗျားကို မစန်းချိုကလာမနိုးဘူးလား" ဟု ခင်မောင်ငြိမ်းက ဖြတ်မေး၏။ သန်းဆိုင်က မျက်နှာရှုံ့ပြီး " သင်းက အစောကြီးကတည်းက သူ့ညီမဝမ်းကွဲတွေရဲ့ အခန်းထဲမှာ အိပ်ပျော်နေပြီလေ၊ ဘယ်လောက်ချစ်ဖို့ကောင်းတဲ့ မိန်းမလဲ ဆိုတာ" ဟု အသံအုပ်အုပ်ဖြင့် လှမ်းပြောသည်။ အိမ်ပေါ်က စန်းချိုကြားလျှင်



ပြဿနာပေါ်နိုင်သဖြင့် သန်းဆိုင် အသံအုပ်ပြောခြင်း ဖြစ်သည်။ ယခုအခါ . . ၊ စန်းချိုသည် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလေ့ပြောထမရှိတော့၊ အထူးသဖြင့် သူတို့မောင်နှံ၏ ခက်ခဲကြမ်းတမ်းသော အိမ်ထောင်ဦးခရီး ဇာတ်ကြောင်းတွေကို ပြည်ဖုံးကားချထားလိုတန်ရှိသည်။ သန်းဆိုင်ကသာ၊ သောကြာသားပီပီ၊ ပြောစရာ စကားအသစ်အဆန်းမရှိလျှင်၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်လည်တူးဆွပြီး အာမညောင်း၊ လျှာမညောင်း လေတဖောင်ဖောင် ပစ်တတ်၏။ "သန်းဆိုင်ပြီးပြီးသားတွေ ထားလိုက်တော့နော်၊ မွဲခဲ့တေခဲ့တာတွေ လူတကာလျှောက်လျှောက်ပြောမနေနဲ့၊ ငါတို့အဆင့်က ဟိုတုန်းကလို ဓားမနောက်ပိတ် ခွေးမဟုတ်တော့ဘူး၊ လူတန်းစေ့ နေနိုင်ရုံတင်မကဘူး၊ သူများ မျက်ခုံးမွေးပေါ်တောင် စကြိုလျှောက်နိုင်နေပြီဆိုတာ နင်သဘောပေါက်" ဟု စန်းချိုက မကြာခဏ သတိပေးဟန့်တားတတ်သည်။ သို့သော် သန်းဆိုင်က အကြောင်းတိုက်ဆိုင်လာလျှင် သူ၏ကြီးပွားအောင်မြင်ခြင်း ဇာတ်လမ်းကို တဖွဲ့တနွဲ့မလုပ်ရလျှင် မနေနိုင်]

အဲဒီညက အရက်ဝိုင်းလုပ်တဲ့ သရက်ပင်အောက်က ဖျာကြမ်းပေါ်မှာ ငါမူးမူးမောမောနဲ့ အိပ်ပျော်သွားလိုက်တာ၊ မနက်မိုးစင်စင်လင်းမှနိုးပါလေရောလားကွာ၊ နိုးနိုးချင်း ငါဘယ်ရောက်နေမှန်းမသိဘဲ၊ ကျီးတီးကြောင်တောင်နဲ့ ဟိုကြည့်ဒီကြည့်ပေါ့။ အရက်သောက်စမရှိတော့ အမူးတမပြေသေးဘူး ခေါင်းတွေကိုက်၊ အာခေါင်တွေခြောက်၊ မြေကြီးပေါ်မှာအိပ်တာဆိုတော့ မြေငွေ့ရိုက်ပြီး ကိုယ်တွေလက်တွေလည်း နာနဲ့ပေါ့။ အဆိုးဆုံးက စန်းချိုရဲ့မောင် အရူးငတာ ကိုက်လိုက်တဲ့ ဒဏ်ရာပဲ၊ အနာရှိန်တက်ပြီး တစစ်စစ်ကိုက်ခဲနေတဲ့အပြင်၊ ငါ့လက်မောင်းဟာ ငါ့ပေါင်လုံးလောက် ရောင်ကိုင်းနေပါလေကောဗျာ။

ငါအနာရှိန်တက်ပြီး ဖျားနေတယ်ဆိုတာ၊ နောက်မှပဲ ငါသိခွင့်ရတော့တယ်၊ ဒီဒဏ်ရာကိုလည်း၊ ဦးခန့်က ဝိန္ဓောဆရာတစ်ပိုင်း ရမ်းတုတစ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်း ဆေးဆရာနဲ့ ကုပေးတာ အရက် (၂၀) လောက်ကြာ၊ ငါ့လက်စွပ်လည်း ပြုတ်တော့တာပဲ။

xxx xxx xxx

xxx xxx xxx

သန်းဆိုင် အိမ်ထောင်ကျပြီး ရက်ပိုင်းအတွင်း ပရိယေသန ဝမ်းစာရေးအတွက်၊ စတင်လုပ်ကိုင်သောအလုပ်မှာ "အဝယ်တော်" လုပ်ငန်းပင်ဖြစ်၏။ "အဝယ်တော်" ဟုဆိုရပါသော်လည်း၊ ကျေးရွာရပ်ကွက် သ/မ အဝယ်တော်ကဲ့သို့လည်းကောင်း၊ ဌာနဆိုင်ရာ သက်သာချောင်ချိရေး အဝယ်တော်ကဲ့သို့လည်းကောင်း၊ ဂုဏ်သိက္ခာ အတန်အသင့်ရှိသော အဝယ်တော်မျိုးမဟုတ်။ သုံးအိမ်စု၏ နှစ်စဉ်မပျက် ကျင်းပမြဲဖြစ်သော အာဝါဒေးလောင်းကစားဝိုင်းများမှ လောင်းကစားသမားများ လိုအပ်ရာ အစားအသောက် တိုလီမိုလီအသုံးအဆောင် [ဥပမာ ဆပ်ပြာမွှေး၊ ခေတ်ခဲ၊ ဂက်စ်မီးခြစ်] တို့ကို၊ စက်ဘီးစီး၍ မြို့သို့တက်ပြီး ဝယ်ယူပေးရခြင်းဖြစ်သည်။ အဝယ်တော်လုပ်ငန်းကို ဦးခန့်ကပဲ စီစဉ်ပေးခဲ့ပြီး ဝယ်ယူပေးရသော ကုန်ပစ္စည်းများအပေါ်မှ၊ သန်းဆိုင် ကော်မရှင်စားရ၏။ အသွားအပြန် (၁၅) မိုင်ခရီးကို၊ တစ်နေ့လျှင် (၂) ခေါက်သွားရသဖြင့် ပင်ပန်းတာကတော့ မှန်သည်။ သို့သော် နွားနှစ်ကောင်နှင့် ရွှံ့နွံထဲမှာ ဖက်ချွန်းရသော လယ်ထွန်အလုပ်လောက် မပင်ပန်းဟု သန်းဆိုင်သဘောပိုက်ထား၏။

တစ်ချိန်တည်းတွင်၊ စန်းချိုက သူနှစ်မဝမ်းကွဲတွေနှင့်အတူ၊ အာဝါဒေးပွဲတွင် မုန့်ပဲသရေစာ ရောင်းချလျက်ရှိသည်။ အရင်းမထည့်နိုင်သဖြင့်၊ အမြတ်ထဲမှ စန်းချိုခံစားခွင့်မရှိ။ သို့ရာတွင် သူတို့လင်မယား စားရေးသောက်ရေးကို၊ ဦးခန့်မိသားစုက တာဝန်ယူထားသည်။ နေစရာအတွက်လည်း ဦးခန့်က သူ၏တဲအိမ်ကြီးဘေးမှာ အဖီကလေး ထိုးပေးထားသည်။

အဝယ်တော် သန်းဆိုင်သည် ရသမျှငွေကို ကျစ်ကျစ်ပါအောင်စု



ရင်း အာဝါဒေးပွဲပြီးလျှင်၊ ကိုယ့်အရင်းနှင့်ကိုယ် ဈေးရောင်းနိုင်ဖို့ ကြံရွယ်စိတ်ကူးနေခဲ့၏။ သန်းဆိုင်က သူတို့၏အိမ်ထောင်ရေးဘဝ လှပပြည့်စုံအောင် ထူထောင်ရန် ကြံရွယ်နေဆဲတွင်၊ လူသားတွေ ဘယ်ဘဝရောက်ရောက် အရေးမလုပ်ဘဲ၊ သူ့သဘောသူဆောင်၍ ထင်ရာစိုင်းတတ်သော ကံကြမ္မာလေးပွေသည် သုံးအိမ်စုကို ရုတ်တရက် ဝင်မွှေတော့၏။ အာဝါဒေး နောက်ဆုံးနေ့တွင် ဖဲဝိုင်းတစ်ဝိုင်းမှာ ဓားထိုးမှုဖြစ်သည်။ အူပွင့်သွားသော ဓားထိုးခံရသူအား ဆေးရုံသို့ "အားဂျင်း" ပို့ရသလို၊ ဓားဖြင့်ထိုးသူမှာလည်း ဦးခန့်က ဝါးရင်းတုတ်ဖြင့် နှက်လိုက်သဖြင့် ဆေးရုံရောက်သွားရပြန်လေသည်။

ဤသို့၊ ရာဇဝတ်မှုခင်းကြီး ဖြစ်ပေါ်လာခြင်းကို သက်ဆိုင်ရာမှ မသိချင်ယောင်ဆောင်၍ မရနိုင်တော့ပါ။ တဘက် နယ်ဘက်မှ တာဝန်ရှိသူများ သုံးအိမ်စုသို့ အလုံးအရင်းနှင့် ဆင်းလာခဲ့ကြသည်။ ဦးခန့်အပါအဝင် သုံးအိမ်စုသား (၈) ဦးကို ငြိမ်ဝပ်ပိပြားရေး ဥပဒေအရ ဖမ်းဆီးလိုက်သည်။ သုံးအိမ်စုကိုလည်း မြေလှန်ရှာဖွေရာ၊ ဖဲထုပ်များ၊ ခြောက်ကောင်ဂျောက်ဂျက် အရုပ်များအပါအဝင် လောင်းကစားကိရိယာများ၊ အရက်ပုန်း စဉ့်အိုးများ၊ ပလက်စတစ် ပုံးများကို ရှာဖွေသိမ်းဆည်းရမိသည်။ သုံးအိမ်စုက ကြက်ဖမှန်သမျှကိုလည်း တိုက်ကြက်စာရင်းသွင်း၍ ဖမ်းဆီး ကြိုးချည်ထားလိုက်ကြသည်။

"ဆရာကြီးတို့ ခုလို ကြက်ဖတွေ အကုန်ဖမ်းသွားတော့ ကျုပ်တို့ သုံးအိမ်စုမှာ ကြက်တွန်သံတောင် ကြားရမှာမဟုတ်တော့ပါဘူးဗျာ၊ ကျုပ်တို့ ဆင်းရဲသားတွေက၊ နာရီမဝယ်နိုင်ကြတော့ ကြက်တွန်သံကို နားထောင်ပြီး အချိန်နာရီကို မှတ်သားနေကြရတာပါဗျာ၊ ကျုပ်ရဲ့ မဲကြက်ဖကြီးကိုတော့ ပြန်ပေးခဲ့ပါ ဆရာကြီးတို့ရယ်၊ ဒီကောင်ကြီးက အချိန်မှန်တွန်နေတာခင်ဗျ. . ."

သုံးအိမ်စု၏ ဖိုးသက်ရှည်ဖြစ်သော ဦးဖဲဆောင်မှာ၊ မနှစ်က ကြက်

www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ယောက်က ကြက်ရှုံးသဖြင့်၊ ထိုကြက်ကို စိတ်နာနာဖြင့် ဦးဖဲဆောင်အား ပေးပစ်ခဲ့ရာမှ၊ သူသံယောဇဉ်တွယ်နေသော တိုက်ကြက်ဖအိုကြီးကို ပြန်တောင်းနေသည်။

"မရဘူးအဘ၊ ဒီကြက်ဖဟာ သက်သေခံပစ္စည်းပဲ၊ ဒီတိုက်ကြက်ဟာ အဘရဲ့ကြက်ဆိုရင် အဘကိုပါ ကြက်လောင်းမှုနဲ့ အရေးယူရလိမ့်မယ်" ဟု ရဲဝတ်စုံနှင့် မျက်နှာထားတင်းတင်း လူရွယ်က ပြောလိုက်သောအခါ ဦးဖဲဆောင်သည် လက်အုပ်ကလေးချီလျက်၊ နောက်ဆုတ် နောက်ဆုတ်နှင့် ရှောင်ဖယ်သွားတော့သည်။

သက်ဆိုင်ရာမှ၊ သုံးအိမ်စုကို အရေးယူနိုင်ခဲ့သော်လည်း တစ်နယ်တစ်ကျေးမှ လာရောင်လောင်းကစားသူများကိုလည်းကောင်း၊ သူတို့ပါလာသော တိုက်ကြက်ဖများကိုလည်းကောင်း ဖမ်းဆီးရမိခြင်းမရှိခဲ့ပေ။ သို့သော် ရဲများသည် ထွက်ပြေးတိမ်းရှောင်သွားကြသော၊ "ကျော်စောပုဒ်မ" နှင့် ငြိစွန်းနေကြသော လောင်းကစားသမားများကို၊ သူတို့ ပုန်းခိုသောနေရာအထိ လိုက်လံဖမ်းဆီးခဲ့ကြရာ၊ ဖဲသမား၊ ကြက်သမား တစ်ဒါဇင်ခန့်ကို ထိန်းသိမ်းချုပ်နှောင်နိုင်ခဲ့ကြ၏။

ရက်ပိုင်းအတွင်း သုံးအိမ်စု၏ သမိုင်းကြောင်းမှာ၊ မြွေအရေခွံလဲသတဲ့သို့ ပြောင်းလဲသွားခဲ့ရလေသည်။ ချောင်းစောက်ကျေးရွာနှင့် ကပ်လျက်၊ ပလပ်မြေ ကျွဲစားကျက်ကွင်းကြီးရှိ၏။ ထိုကွင်းကို ဘူဒိုဇာဖြင့် မြေညှိကာ၊ မြေကွက်များ ရိုက်သည်။ ရေနုတ်မြောင်းတွေ ဖော်ပြီး၊ လူသွားလမ်းတွေ ဖို့သည်။ ပြီးလျှင် သုံးအိမ်စုရှိ တဲအိမ် (၁၈) လုံးစလုံးကို၊ ထိုကွက်သစ်ငယ်ကလေးဆီသို့ ရွှေ့ပြောင်းစေသည်။ သူတို့ ယခုရရှိသည့် ပေ (၂၀) ပေ (၄၀) မြေကွက်သည်၊ ဂရံချထားပေးမည်ဖြစ်သော ကိုယ်ပိုင်မြေကွက်ဖြစ်သည်။ သားစဉ် မြေးဆက်အာမခံချက်ရှိသည်။ သုံးအိမ်စုကုန်းဆိုသည်ကား၊ နိုင်ငံတော်ပိုင်မြေသာဖြစ်၏။ သုံးအိမ်စုသားအများစုသည် သူတို့ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ခဲ့ရသော၊ ပင်လယ်ထဲမှ ကျွန်း



ကလေးတစ်ကျွန်းပမာ ရှိနေသည့် သုံးအိမ်စုကုန်းကလေးကို လွမ်းဆွတ်တသစွာ မျက်ရည်လည် ငေးမျှော်နေစဉ်၊ သုံးအိမ်စုသား၊ လက်ကြောမတင်းသည့် လူပျင်းအရက်သမား ငပိန်က လက်ပမ်းပေါက်ခတ်သည်။

"ငေး-တစ်သက်လုံး မြေကြီးတစ်ဆုပ်တောင် မပိုင်ခဲ့တဲ့ ငပိန်၊မြေပိုင်ရှင်ဖြစ်ပြီကွ"

ဦးခန့်နှင့် အပေါင်းပါများ အချုပ်မှ လွတ်မြောက်လာခဲ့ကြချိန်၌ ချောင်းစောက်ရွာပြင်ရှိ၊ ကွက်သစ်မြေပြင်ပေါ်တွင် တဲအိမ် (၁၈) လုံး အစီအရီ ရှိနေခဲ့ကြပြီ။ ဦးခန့်က သူ၏လက်ပါးစေ ကာလသားတစ်ယောက်ကို တာဝန်တစ်ရပ် ပေးလိုက်သည်။ ထိုကာလသားသည် မြို့သို့ အလျှင်အမြန်တက်သွားပြီး၊ ပြန်လာသောအခါ၊ သစ်သားဘောင်ကွပ်သွပ်ပြား ဆိုင်းဘုတ်တစ်ချပ်ပါလာသည်။ သုံးပေပတ်လည်အရွယ်၊ အနက်ခံတွင် အဖြူရောင်စာလုံးများ ရေးထားသော ဆိုင်းဘုတ်ဖြစ်သည်။ |သုံးအိမ်စုရွာသစ်ကွင်း၊ လောင်းကစား ကင်းရှင်းနယ်မြေ| ဟု ဆိုင်းဘုတ်က ကြွေးကြော်နေသည်။

"လမ်းထိပ်မှာ ဒီဆိုင်းဘုတ်ကို ကျကျနန စိုက်လိုက်ကြတော့၊ ကျွဲတွေ နွားတွေမတိုးရအောင် ပတ်လည်မှာ ကြခတ်ဆူးတွေ ဝိုင်းထားလိုက်" ဟု ဦးခန့်က ညွှန်ကြားလိုက်ပြန်၏။

သုံးအိမ်စုသားတို့သည် လောကဓံတရားနှင့် ထွေးရောယှက်တင်နေလာခဲ့ကြပြီး၊ ကံကြမ္မာ၏ အထုအထောင်းကို ထုသားပေသားကျလာခဲ့ကြပြီးဖြစ်ရာ၊ နေရာသစ်တွင် နဂိုကအတိုင်း ရရစားစား၊ ဝါးဝါးမျိုမျိုပျော်ပျော်ပါးပါးသာ နေလာတတ်ကြ၏။ ရွာသစ်ကွင်းတွင် အနေမတတ်၊ အထိုင်မတတ်၊ ကြွေမရဖြစ်နေသူမှာ သန်းဆိုင်ဖြစ်၏။ အဝယ်တော်သာဝတုန်းက ရခဲ့သည့်ငွေစ ကြေးစကလေးတွေမှာ စားရင်းသောက်ရင်း ပွန်းပဲ့ကာ၊ အရင်းအနှီး ထူထောင်ဖို့ မလုံလောက်တော့။ လက်ရှိနေနေအထားကနေ၊ ရှေ့ခရီးကို ချောမောစွာ ဆက်လှမ်းနိုင်ဖို့ တွေးမိလေတိုင်း၊ သန်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင် အသက်ရှူကျပ် စိတ်မောလာရစမြဲ။ သန်းဆိုင်ကိုကြည့်လိုက်လျှင် သက်ပြင်းတဟင်းဟင်းမှုတ်ရင်း မှိုင်တွေချနေသည်ကိုသာ တွေ့မြင်ရမည်ဖြစ်သည်။ စန်းချိုကတော့၊ ကမ္ဘာပျက်သွားသည်ကို မသိလိုက်သူတစ်ဦးကဲ့သို့ အပြောအဆို အနေအစား မျက်နှာထားကအစ မပျက်။ ထို့ကြောင့် ဝေဒနာကို မဝေမျှမခံယူကောင်းလားဟူ၍ သန်းဆိုင်က စန်းချိုကို ကျိတ်မြီးတိုနေမိခဲ့၏။

. . . ကောင်မ၊ ငါကတော့ ရွှေ့ရေးကိုတွေးပြီး ရင်လေးရင်ပူနေရတယ်။ သင်းကတော့ သူ့အမျိုးတွေကြားမှာ ရယ်လိုမောလို့၊ အစားမပျက် အအိပ်မပျက်။ (အံမယ်) စန်းချို ဝတောင်ဝလာသလိုပဲ၊ သင်းအသားတွေလည်း မည်းပြာနေရာကနေ တဖြည်းဖြည်း ညိုဝင်းလာသလိုပဲ၊ သုံးအိမ်စုရောက်မှ သူ့အစ်မ၊ သူ့ညီမအဖျိုတွေနဲ့ ပေါင်းပြီး အလှအပ ပိုမက်လာတယ်။ အလှပြင်လိုက်တာကလည်း ပွဲကမယ့် မင်းသမီးအန္တိုးပေးလောက်ပါပေရဲ့၊ ဒါတွေက အကြောင်းမဟုတ်ဘူး။ မကြာခင် သင်း ဗိုက်ကြီးတော့မှာ၊ လင်ကိုယ်မယား နှစ်ယောက်တည်းတောင် ကပ်ပါးဘဝရောက်နေတာ၊ ကလေးမွေးလာရင် ကလေးလည်း ကပ်ပါးပေါက်စနကလေး ဖြစ်ချေဦးတော့မယ်။ ဦးကြီးခန့်လည်း ဒီနွေရာသီမှာ ဝိုင်းပျက်သွားတော့ ရနေကြရန်ပုံငွေ မရလိုက်လို့ ကသီလင်တဖြစ်နေပြီ၊ ငါတို့ကို အရင်ကလို တင်ကျွေးထားနိုင်မှာ မဟုတ်တော့ဘူး၊ ငါတို့ ကိုယ့်အားကိုယ်ကိုးကြမှ ဖြစ်မယ်၊ တစ်အိုးတစ်အိမ် ထူထောင်နိုင်မှသာ အသက်ရှူဝမယ်၊ အခုဟာက သူများနှာခေါင်းပေါက်နဲ့ အသက်ရှူနေရတာ၊ သူများသေရင်ကိုယ်ပါ လိုက်သေရမယ့် ကိန်းကြီးပါလား၊ ဒီသဘောတရားတွေကို ×××ကောင်မ တွေးမိပုံမရဘူး၊ (အံမယ်) ဒီကနေ့ ထဘီသစ် အင်္ကျီသစ်နဲ့ပါလား။ ဘယ်တုန်းက ဝယ်လိုက်ပါလိမ့် . . .

နေ့ခင်းဘက်၊ တဲအိမ်အရိပ်တစ်နေရာမှာ၊ ဆေးပေါ့လိပ်ခဲရင်း ငူတူတူငေါင်တောင်တောင်ဖြစ်နေသော သန်းဆိုင်အနီးသို့၊ ပုတုတ်တုတ်



ကိုယ်လုံးကလေးကို ဆင်မယဉ်သာလှမ်းရင်း စန်းချိုကပ်လာပြီး၊ သန်းဆိုင်ဘေးမှာ ဝင်ထိုင်သည်။

"ဒီမယ်၊ လဒ (လင်းတ) ကြီး၊ အချိန်ရှိသရွေ့ တမှိုင်တည်းမှိုင်နေတော့တာပဲနော်၊ အလုပ်ကလေး ဘာလေးလုပ်ဖို့ မစဉ်းစားတော့ဘူးလားဟဲ့"

"အလုပ်လုပ်ဖို့ စဉ်းစားနေတာဟ၊ ငါဈေးရောင်းချင်တယ်၊ ဈေးကွက်လည်း တွေ့ထားတယ်၊ အရင်းမရှိတော့ လိပ်ပက်လက်လှန်ထားသလို ဖြစ်နေတာစန်းချို"

"ပူမနေစမ်းပါနဲ့ ယောကျ်ားရယ်" ဟုပြောကာ စန်းချိုက ညှိုညှိုတုတ်တုတ် လက်မောင်းတစ်ဖက်ကို၊ သန်းဆိုင်၏ ပခုံးပေါ်သို့ လှမ်းတင်လိုက်ရာ၊ သန်းဆိုင်မှာ သူ့ပခုံးပေါ် အေးစက်စက် ပျော့စိစိ အကောင်တစ်ကောင်တင်လာသလို၊ တစ်ကိုယ်လုံးတွန့်သွား၏။ [ဒီမိန်းမ . . . ငါ့ကို နေ့ခင်းကြောင်တောင် ဒီလိုပရောပရီ တစ်ခါမှ မလုပ်ဖူးပါဘူး] စန်းချိုခန္ဓာမှ လွင့်စီးလာသော မွှေးရနံ့မှာ သန်းဆိုင်၏ ဝင်သက်နှင့်အတူ၊ ရင်ခေါင်းထဲမှာ လှိုင်းထပြည့်လျှံသွားသယောင် ထင်လိုက်ရလေသည်။ စန်းချို၏ ဝန်းရွဲသော မျက်လုံးနက်ကြီးတွေကလည်း၊ နေခြည်လှိုင်းတွေထဲမှာ ပြောင်ရွှန်းလက်တောက်နေကြသည်။ [အင်း-ဒီမိန်းမ. . . ဘာအရှူးထချင်နေသလဲမသိဘူး၊ စိတ်ရှုပ်ရတဲ့အထဲ] သန်းဆိုင်က စန်းချို၏ လက်မောင်းကို အသာအယာ ဆွဲဖယ်လိုက်သည်။

"ပူရအိုက်ရတဲ့အထဲကွာ၊ နင့် ပေါင်ဒါနံ့ကြီးက မွှန်ထူနေတာပဲ"

"အမလေး-ပေါင်ဒါနံ့ကြီးတဲ့၊ အဲဒီပေါင်ဒါဘူးက (၂၀၀) တောင်ပေးရတာတော်ရေ့၊ အပေါစား အညံ့စားမဟုတ်ဘူး၊ အိန္ဒိယနိုင်ငံကလာတဲ့ပေါင်ဒါ"

"ငါ့နှာခေါင်းထဲတော့ နံတာနဲ့ မွှန်တာပဲသိတယ် စန်းချို"

စန်းချိုက သန်းဆိုင်ကို တွယ်ဖက်လိုက်ပြန်ကာ၊ သန်းဆိုင်၏ နဘး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်အနီးသို့ သူမ၏မျက်နှာကို တိုးကပ်လာ၏။ သန်းဆိုင် သနိုးသရိနှင့် အနေရခက်လာသည်။

"နင့်ကို ပြစရာရှိတယ်၊ လာ. . .၊ နောက်ဖေးက ကိုင်းတောထဲသွားရအောင်" ဟု စန်းချိုက ခပ်ဖွဖွကလေးပြောပြီး ထရပ်သည်။

သန်းဆိုင်က အဝတ်အစားသစ်နှင့် အသွင်ပြောင်းနေသည့်မြင်မျက်နှာထားက ကြာမှုပိုသလိုလို ပြိတီတီဖြစ်နေသော ဇနီးကို မယုံမရဲကြည့်နေမိ၏။

"လာပါဟ၊ ဘယ်သူမှ မတွေ့ခင် ကိုင်းတောထဲသွားရအောင်"

စန်းချိုက အမိန့်သံပါပါ၊ ခပ်တိုးတိုးပြောရင်း၊ သန်းဆိုင်၏ လက်ကို လှမ်းဆွဲလိုက်ရာ၊ သန်းဆိုင် ကြောင်တိကြောင်တက်နှင့်ပင် ထရပ်ပြီး၊ စန်းချိုခေါ်ရာ လိုက်ခဲ့ရတော့၏။

လက်ခုပ်တစ်ဖောင်ကျော်ကျော်မြင့်သော ကိုင်းပင်ရှည်ကြီးများကြားသို့ စန်းချိုက ဦးဆောင်ပြီး တိုးဝင်လာခဲ့ကြသည်။

"သူများတွေမြင်ရင် ငါတို့ကို တစ်မျိုးတစ်မည် ထင်တော့မှာပဲ စန်းချို"

သန်းဆိုင်အသံ ကတုန်ကယင်နှင့် ပြောလိုက်သည်ကို၊ စန်းချိုက မကြားသယောင်ပြုပြီး၊ သန်းဆိုင်၏ လက်ကိုသာ မလွှတ်တမ်း ဆုပ်ညှစ်ထား၏။ [ဟုတ်ပါပြီ၊ စန်းချိုတော့ နေပူပူနဲ့ သွေးဆူပြီး စိတ်ရူးထနေပါပြီ] ဟု သန်းဆိုင်အတွင်းစိတ်မှ ခံစားမိလိုက်သည်။

အရိပ်အနည်းငယ်ရသော မြေကွက်ကွက်ကလေးမှာ သူတို့ထိုင်လိုက်ကြ၏။ သန်းဆိုင်ထင်သလို မဟုတ်ရဘဲ၊ စန်းချိုက လူချင်းခွာ၍ မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ စန်းချိုမျက်နှာကတော့ မချိုမချဉ်နှင့် ပဟေဠိဖွက်နေဆဲ။

"တဲ့ နင်ဘာပြမှာလဲ စန်းချို"

"ပြမှာပေါ့ဟဲ့"



စန်းချိုက ဘလောက်စ်အင်္ကျီကို ဝမ်းဗိုက်ပေါ်အောင် လှန်တင်ပြီး လိပ်ထားသော ထဘီအထက်ဆင်စကို ဖြေလိုက်၏။ အလိပ်ပြေသွားသောအခါ လက်ကိုင်ပဝါပတ်ထားသည့် အထုပ်တစ်ထုပ် ထွက်လာသည်။ လက်ကိုင်ပဝါမှ ချည်ထုံးကို ဖြေနေသော စန်းချို၏လက်ချောင်းတွေ တုန်နေသလို၊ သန်းဆိုင်မှာလည်း ရင်တဒိန်းဒိန်း ခုန်နေ၏။ သန်းဆိုင်၏ မျက်လုံးတွေကလည်းအလျှင်း မျက်တောင်မခတ်ဘဲ၊ လက်ကိုင်ပဝါထုပ်ကိုသာစိုက်ကြည့်လျက်ရှိသည်။ လင်မယားနှစ်ယောက်စလုံး အသက်ရှူသံပြင်းထန်နေကြသဖြင့်၊ ကိုင်းတောထဲတွင် သူတို့၏ တရှူးရှူး အသက်ရှူသံများသာ မြည်ဟည်းနေသည့်နှယ် ထင်ရလေသည်။

"ဟ-ပိုက်ဆံတွေ မနည်းပါလား စန်းချို"

လက်ကိုင်ပဝါ ပြေသွားသောအခါ၊ ပေါ်ထွက်လာသည့် အရွယ်မျိုးစုံ၊ အရောင်မျိုးစုံ ငွေစက္ကူလိပ်ကိုကြည့်ရင်း၊ သန်းဆိုင် ပါးစပ်ဟောင်းလောင်း ဖြစ်သွားတော့သည်။

"အားလုံး တစ်သောင်းနှစ်ထောင်နဲ့ငါးရာ" ဟု စန်းချိုက ပြောပြီး ကြက်ပေါင်ကွင်းဖြင့် ပတ်ထားသော ငွေစက္ကူလိပ်ကိုဖြေပြီး၊ ဖြန့်လိုက်စဉ်၊ သန်းဆိုင်မှာ လည်မျိုဇလုတ်ကြီး နိမ့်ချည်မြင့်ချည်နှင့် တံတွေးတဂွတ်ဂွတ်မျိုချလျက်ရှိသည်။ သူ့ဘဝတွင် ဤမျှ များပြားသော ငွေကြေးကို ပိုင်ဆိုင်ဖို့မပြောနှင့် ကိုင်ပင်မကိုင်စဖူးခဲ့။ သူ့လုပ်အားဖြင့် ရှာဖွေရရှိသော ငွေကြေးကတော့၊ ဤငွေထက်များစွာ ပိုခဲ့သည်။ သို့သော်. . . သူကိုင်တွယ် ထိန်းသိမ်းသုံးစွဲရန် အခွင့်မရခဲ့။ မိသားစု၏ ငွေကြေးမှန်သမျှကို၊ ဘုန်းကြီးလူထွက်ကြီး ဦးကံငွေကသာ ကိုင်တွယ်ထိန်းသိမ်း၊ စီမံခန့်ခွဲ၏။ [ဘုန်းကြီးတွေက ဝိနည်းတော်အရ ဝတ္ထုလို့ခေါ်တဲ့ ပိုက်ဆံငွေကြေးကို မကိုင်တွယ်ကြရဘူး၊ နဝကမ္မ အလှူငွေရရင် ဘုန်းကြီးရဲ့ လှူယုံကပ္ပိယကပဲ ဒီပိုက်ဆံကို ဘုန်းကြီးကိုယ်စား ထိန်းသိမ်းထားပြီး၊ ဘုန်းကြီးက လှူဖို့တန်းဖို့ ဝယ်ခြမ်းစရာရှိရင် ကပ္ပိယက အဲဒီငွေနဲ့ ဝယ်ခြမ်းပေးရတယ်၊ ငါ့အဖေက သင်္ကန်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဘဝမှာ ပိုက်ဆံမကိုင်ခဲ့ရတော့. . .၊ လူ့ဘဝလည်းရောက်ကရော ပိုက်ဆံကို အတိုးချပြီး ကိုင်တာလားမသိပါဘူးကွာ၊ ပိုက်ဆံသိမ်းတဲ့ ဗီရိုသော့ကိုလည်း သူ့ကိုယ်ပေါ်က မချဘူး၊ ခွေးယိုအိမ်သာ တတ်တာတောင် သော့တွဲကို အိတ်ရှူကလေးနဲ့ထည့်ပြီး လည်ပင်းမှာ ဆွဲထားတဲ့လူကွ. . ဟု သန်းဆိုင်တစ်ခါက မိတ်ဆွေတွေကို ပြောပြဖူးလေသည်]

"နင်. . . နင်၊ ဒီပိုက်ဆံတွေ ဘယ်ကရတာလဲ စန်းချို"

ငွေကိုမြင်ပြီး သန်းဆိုင်ကယောင်ကယင် ဖြစ်နေသော်လည်း စန်းချိုက ဣန္ဒြေဆည်နိုင်သေးသည်။ မျက်လုံးတွေမှ ရမ္မက်ခိုးကို ချုပ်တည်းနိုင်သေးသည်။

"ဖဲဝိုင်းမှာ ခားထိုးမှုဖြစ်ပြီး ရုတ်ရုတ်သဲသဲနဲ့ ပြေးဟယ်လွှားဟယ် ဖြစ်တုန်း ဘယ်သူကျကျန်ခဲ့တာလဲ မသိဘူး၊ ငါလည်း အတင်းတိုးဝှေ့ပြီး ကိုယ့်အထုပ်လိုလို ဘာလိုလိုနဲ့ကောက်ပြီး၊ ဘော်လီအင်္ကျီရင်ဘတ်ကြားထဲ တိုးထည့်ထားလိုက်တာပေါ့။ နင့်ကိုချက်ချင်း မပြောသေးတာက၊ ငါတို့အတွက် တကယ်အရေးကြီးတော့မှ နင့်ကို ဖွင့်ပြောမယ်ဆိုပြီး ဒီငွေတို ငါပိပိရိရိ ဖုံးဖိထားခဲ့တာ၊ ဒီငွေထဲက တစ်ပြားတစ်ချပ်မှလည်း ငါမသုံးဘူး နင်ကလွဲရင် ဒီကိစ္စကို ငါ့ကိုယ်စောင့်နတ်တောင် မသိဘူး။ အခု ငါတို့ ဒီငွေကို သုံးရတော့မယ်လေ၊ နင်အရောင်းအဝယ်လုပ်ဖို့ အရင်းအနှီး ရပြီ၊ ငါလည်း ကုန်စိမ်းနဲ့ ပန်းဖောက်သည်ယူပြီး ရောင်းဖို့ စိတ်ကူးထားတယ်"

"ငါတို့ အရင်းအနှီး ဘယ်ကရသလဲလို့ နင့်ဦးကြီးတွေ နင့်ညီမတွေကမေးရင် ဘယ်လိုပြောမလဲ၊ ဖဲဝိုင်းက ကောက်ရတယ်လို့ ပြောရင်လည်း မဖြစ်ပြန်ဘူး၊ ပျောက်တဲ့ ငွေရှင်သိရင် ပြဿနာပေါ်နေဦးမယ်ဟ"

သန်းဆိုင်သည် စန်းချိုလက်ထဲမှ ငွေစက္ကူထပ်ကြီးကို ထိတ်လန့်ဖွယ် သတ္တဝါအလား၊ စိုးစိုးရွံ့ရွံ့အကြည့်ဖြင့် ကြည့်နေပြန်သည်။

"နင်ကလည်း၊ အရန်ကောဟယ်၊ အာဝါဒေးပွဲတုန်းက နင်အဝယ်



တော်လုပ်တော့ ဖဲသမား၊ ကြက်သမားတွေဆီက ဘောက်ဆူးတွေရတယ် မဟုတ်လား။ ရတဲ့ဘောက်ဆူးတွေ နင်မသုံးဘဲ စုထားတယ်လို့ ပြောလိုက်ရုံပဲ။ နင်ရတဲ့ ကော်မရှင်ခတွေကိုလည်း နင်တကယ် စုထားတာပဲဥစ္စာ။ တစ်ဆယ်ရတာကို တစ်ရာရတယ်လို့ ပြောလိုက်၊ တစ်ရာရရင် တစ်ထောင်လို့ ပိုပြောလိုက်ပေါ့ဟဲ့၊ နင့် ဉာဏ်ကလည်း ဒီလောက်တောင် တုံးရသလား"

xxx xxx xxx

xxx xxx xxx

ပထမဆုံး ငါလောင်စာဆီ စရောင်းတယ်၊ လောင်စာဆီဆိုလို့ သိပ်ကြီးကျယ်တယ် မထင်နဲ့၊ ငါတို့ဘက်က ရွာတွေမှာ "မီးထွန်းဆီ" လို့ခေါ်တဲ့ ဒီဇယ်ဆီရောင်းတာ။ ဒီဇယ်ရောင်းတယ်ဆိုပြန်တော့. . . အခုလို၊ ကားသမားတွေ၊ ထော်လာဂျီသမားတွေ၊ ရေစုတ်စက်သုံးတဲ့ စိုက်ပျိုးရေးသမားတွေကို ဂါလံလိုက်ရောင်းတယ်လို့လည်း မထင်ကြနဲ့ဦး၊ ငါက အငယ်စားလက်လီဒီဇယ်ရောင်းသမားပါ"

ငါ့ကို ဦးခန့်က အပိုင်စားပေးထားတဲ့ စက်ဘီးရှိတယ် မဟုတ်လား။ "ဟာကြူလီ" အမျိုးအစား လက်ဟောင်းကြီးဆိုတော့ အမြင်အားဖြင့် စုတ်ပြတ်ညစ်ပေနေပေမဲ့ သိပ်မာတဲ့ ကောင်ကြီး၊ ငါတို့တောဘက်က၊ ကန်သင်းရိုးလမ်း၊ မြေလမ်း၊ သဲလမ်းတွေမှာတော့ ဒီကောင်ကြီးတ သစ်ဆွဲတဲ့ ဆင်ကြီးတစ်ကောင်လို ကောင်းကောင်း ရုန်းနိုင်တယ်။ "ဝိတ်" အလေးကိုလည်း သယ်နိုင်တယ်။

ငါက ဘာလုပ်သလဲဆိုရင်၊ စက်ဘီးကယ်ရီယာခုံမှာ "ခွခြင်း" တို ချိတ်လိုက်တယ်။ "ခွခြင်း" ဆိုတာ တချို့မြင်ဖူးကြမှာ မဟုတ်ဘူး၊ အနံ(၂) ပေ၊ ဇောက် (၂) ပေခွဲလောက်ရှိတဲ့ ဝါးတောင်းနှစ်လုံးကို၊ စက်ဘီးကယ်ရီယာတစ်စုံစာ၊ အလယ်ကနေ ဝါးကြောတွေနဲ့ပဲ ရက်ပြီး ဆက်ထားတဲ့ ရင်ချင်းဆက်တောင်း အမွှာပေါ့၊ တို့ကတော့ "ခွခြင်း" လို့ခေါ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကယ်ရီယာခုံကိုခွပြီး ထိုင်ထားတာကိုး။ တောင်းနှစ်လုံးထဲမှာ မင်းကြိုက်တဲ့ ကုန်ပစ္စည်းထည့်ပြီး သယ်လို့ရတယ်၊ ဝါးနဲ့ရက်ပြီး သစ်စေးသုတ်ထားတော့ ခွခြင်းဟာ သတ္တုခြင်းတွေထက်တောင် ခိုင်ခံ့မာကျောသေးရဲ့။ စိပ်စိပ်ကလေး ရက်ထားတော့ ရေထည့်ရင်တောင် သိတ်မယိုဘူး၊ စိမ့်ရုံလောက်ပဲ။ (ထားပါတော့. . . )

ငါက မြို့မှာရှိတဲ့၊ လောင်စာဆီ မှောင်ခိုအကြီးအကျယ် ရောင်းတဲ့ တရုတ် "ကြင်ဝှက်" ဆီကနေ၊ မှောင်ခိုဈေးနဲ့ ဒီဇယ်တစ်ဆင့် ပြန်ဝယ်တယ်။ ပလတ်စတစ်ပုံးနှစ်လုံးနဲ့ထည့်ပြီး ခွခြင်းတစ်လုံးဆီမှာ ပုံးတစ်လုံးစီထည့်တယ်၊ ပုံးတွေတောင်းထဲမှာ မလှုပ်အောင်၊ ဂုန်နီအိတ်စုတ်တွေနဲ့ ကျပ်နေ အောင် ပတ်ထားရတယ်၊ လမ်းကြမ်းမှာ စက်ဘီးကို နင်းရမှာဆိုတော့၊ ပုံးထဲက ဒီဇယ်တွေ ဘောင်ဘင်ခတ်ပြီး မဖိတ်စင်ရအောင်၊ အဆို့ကို သေသေချာချာ ဆို့ရတယ်။ ပြီးတော့၊ ခြင်ပုလင်းလို့ခေါ်တဲ့ ငှက်ပျောဖူး ပုလင်းလွတ်တစ်လုံးရယ်၊ ပလတ်စတစ်ကန်တော့ရယ်၊ စားသုံးဆီ ခြင်တွယ်ရာမှာသုံးတဲ့၊ သံဖြူမှုတ်ကလေး (၂) ခုဆောင်ထားရတယ်။ (၁၀) သားမှုတ်နဲ့ (၂၀) သားမှုတ်ပေါ့။ ဒီနေရာမှာ ဒီဇယ်ရောင်းတာနဲ့ ဒီမှုတ်တွေနဲ့ ဘာဆိုင်လို့လဲဆိုပြီး၊ မသိတဲ့လူတွေက မေးလာလိမ့်မယ်။ ဆိုင်တယ်လေ။ ငါတို့ဘတ်ကတော့ ရွာတွေမှာ ဒီဇယ်ကို ပုလင်းလိုက်၊ ဂါလံလိုက် ဝယ်သုံးကြတာမဟုတ်ဘူး၊ (၁၀)သား၊ (၂၀)သား၊ အဝက်သား၊ အစိတ်သားဆိုပြီး နည်းနည်းချင်း ဝယ်သုံးကြတာ၊ သူတို့က၊ မီးအန္တရာယ်ကြောက်တတ်လွန်းအားကြီးလို့ အိမ်မှာ ဘယ်တော့မှ ဒီဇယ်များများထားလေ့မရှိဘူး။ ဒီဇယ်နဲ့လည်း မီးဖိုမှာ မီးမမွှေးရဲကြဘူး။

ငါက. . . (၂)ရက်ခြား၊ (၃)ရက်ခြား ရွာစဉ်လှည့်ပြီး စက်ဘီးဘဲသံတာဒင်ဒင်နဲ့ (မီးထွန်းဆီ. . . မီးထွန်းဆီ) ဆိုပြီး အော်ရောင်းတာ၊ ခန့်မှန်းခြေ တစ်ရက်ကို ရွာပေါင်း ၁၄/၅ရွာတော့ ငါရောက်တယ်၊ ခရီးမိုင်အားဖြင့် တွက်ကြည့်ရင် မိုင်(၅၀)နီးပါးလောက်တော့ ရှိလိမ့်မယ်။ ပင်ပန်း



သလားမမေးနဲ့၊ အလေးကိုတင်ပြီး စက်ဘီးနင်းရတာဆိုတော့ မသက်သာဘူး၊ သာမန်အလုပ်ကြမ်း လုပ်ရတာနဲ့ ဘယ်တူနိုင်ပါ့မလဲ၊ ညနေစောင်းလို့ "သုံးအိမ်စုရွာသစ်ကွင်း" ကို ပြန်ရောက်ရင်၊ ငါခြေကုန်လက်ပန်းကျပြီး လေးလံနေတော့တာပေါ့၊ ကျောတွေ၊ ပခုံးတွေ၊ လက်မောင်းတွေကလည်း ဖျစ်ဖျစ်မြည်မတတ် ကိုက်လိုက်ခဲလိုက်သမှ၊ သေချင်စော်ကို နံပါကရော။

အဲသလို. . . အပင်ပန်းခံရကျိုးတော့ နပ်ပါရဲ့။ ငါတစ်ရက်ဆီ ထွက်ရောင်းလို့ရတဲ့ အမြတ်ဟာ ငါတို့ လင်မယားသုံးရက် ထိုင်စားလို့ရတယ်။ ဒါပေမဲ့ စီးပွားရေးလုပ်တဲ့နေရာမှာ အမြတ်ကို ကုန်အောင်သုံးပြီးမှ နောက်ထပ် အမြတ်ထပ်ရှာတယ်ဆိုတဲ့ ပုံစံစနစ် ဘယ်မှာမှ မရှိဘူး။ [တစ်နေ့လုပ် တစ်နေ့စား ဘဝတွေကိုတော့ ငါထည့်မပြောချင်ဘူး] ငါကတော့. . . ငါ့ဒီဇယ်ဖောက်သည်တွေရဲ့ အိမ်ကလေးတွေမှာ ညဘက်လိမ္မော်ရောင် နီကြင်ကြင် မီးရောင်ကလေး ပုံမှန်လင်းနေနိုင်ဖို့၊ သူ့ရက်ပတ်နဲ့သူ၊ ပုံမှန်ဒီဇယ် ထွက်ရောင်းနေတာပဲ။

အဲဒီအချိန်မှာ. . . ငါ့အချစ်ဆုံး၊ အချစ်ခဲ စန်းချိုက. . . ငါ့လုပ်စာကို ထိုင်စားနေသတဲ့လား။ (ဟိုး-ဟိုး-နိုး-နိုး) သူကလည်း သူစိတ်ကူးထားတဲ့အတိုင်း၊ "မယင်းကုန်း" တို့ "မိုးကြိုးပစ်" တို့လို ဥယျာဉ်ရွာတွေကနေ၊ ပန်းမျိုးစုံနဲ့ ဟင်းရွက်သီးနှံတွေ ဖောက်သည်ယူပြီး၊ တောင်းတစ်လုံး၊ ချိန်ခွင်တစ်လက်နဲ့ ရွာစဉ်လှည့်လို့ (ဟင်းရွက်စုံ. . . ပန်း) လို့အော်ရောင်းရရှာတယ်။ သူလည်း တစ်နေ့ကို အသွားအပြန် မိုင် ၂၀ လောက်တော့ လျှောက်ရတာပဲ။ (၃)လလောက်ကြာတော့ နဂိုက တုတ်ခဲနေတဲ့ သူခြေသလုံးမည်းမည်းကြီးတွေ ဆင်ခြေထောက်ရောဂါသည်လို ပိုတုတ်လာတော့တာပဲ၊ ဒါပေမဲ့ စန်းချိုက ဝက်လူးမှာနေတုံးက အပျိုဘဝကတည်းက ရောင်းတတ် ဝယ်တတ်ခဲ့တာဆိုတော့ သူ ကုန်စိမ်းနဲ့ ပန်းရောင်းတာက ငါဒီဇယ်ရောင်းတာထက်တောင် ပိုမြတ်သေး။

[မင်းတို့အဲသလို စီးပွားရေးအဆင်ပြေလာကြတော့ ကိုယ့်အိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ် သီးခြားခွဲပြီး မဆောက်ကြဘူးလားဟု ဦးဘာဘူက မေးသော အခါ၊ သန်းဆိုင်ကလေးနက်သော မျက်နှာထားဖြင့်၊ ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြသည်]

. . . သုံးအိမ်စုရွာသစ်ကွင်းဆိုတဲ့ ပျံကျရွာမှာ. . .၊ နေ့ချင်းညချင်း အိုးသစ်အိမ်သစ် ထဆောက်လို့မဖြစ်ဘူး ဦးဘာဘူ၊ ကျွန်တော်တို့ကို စိတ်ဝင်စားပြီး မျက်လုံးဒေါက်ထောက် ကြည့်လာကြလိမ့်မယ်၊ ပြီးရင် ပတ်ဝန်းကျင်ကလည်း အချေးအငှား ထူတတ်ပါဘိနဲ့၊ သူခိုးသူဝှက်ကလည်း ပေါသေးဗျ၊ ဒီတော့ ကျွန်တော်တို့က ရှိတာကလေးတွေကို ကျစ်ကျစ်ပါအောင် ထုပ်ထားပြီး မွဲလက်စနဲ့ မွဲချင်ယောင်ဆောင်နေရတယ်၊ ကျွန်တော် ဒီဇယ်လျှောက်ရောင်းလို့ မြတ်တာကိုလည်း လျှော့ပြောရတယ်။ တစ်ခါတလေ ဒီဇယ်ပုံးပေါက်သွားလို့ အရှုံးပေါ်တယ်ဆိုပြီး၊ ပလီစီချောက်ချက် သတင်းလွှင့်ရသေးတယ်၊ စန်းချိုကလည်း ကျွန်တော့်ထက်တောင် ပါးသေးတယ်၊ နားကပ်ပန်နိုင်ရဲ့သားနဲ့ နားကပ်တောင် မလုပ်ဘူး၊ သူ့ကုန်စိမ်းတွေကလည်း ခဏခဏပုပ်ရတာနဲ့၊ ပန်းတွေလည်း ညှိုးရိကုန်လို့ လွှင့်ပစ်ရတာနဲ့ ဟားဟား၊ ပတ်ဝန်းကျင်ကို ယုံလောက်အောင် လှည့်စားထားရတာပေါ့ဗျာ၊ ကုန်ကုန်ပြောရရင် ကျွန်တော်တို့ လင်မယားဘယ်တော့မှ ဟင်းကောင်း ကျွေးကောင်း အမဲသား ငါးဖွယ်ဖွယ်ရာရာ ချက်မစားဘူး၊ ငါးပိရေတို့စရာ. . . ပဲပြုတ်. . . ဒါတွေပဲ အုပ်ပြနေခဲ့ကြတယ်၊ ကျွန်တော်လည်း ပုဆိုးအစုတ်၊ အကျႌကုပ်ပြဲနဲ့ ဒီဇယ်လှည့်ရောင်းနေတာပဲ၊ စန်းချိုကလည်း သင့်တော်ရုံ အဝတ်အစားပဲ ဝတ်တယ်။ အဖိုးတန် နောက်ဆုံးပေါ်တွေ ဝယ်နိုင်ရဲ့သားနဲ့ ဝယ်မဝတ်ဘူး၊ ကျွန်တော်တို့က မင်သေသေနဲ့ သရုပ်ဆောင်ပြတော့ ပတ်ဝန်းကျင်ကလည်း၊ သန်းဆိုင်နဲ့ စန်းချိုတို့ လင်မယားဟာ မျောက်လောင်းဘဝက မတက်လာပါလားလို့ ယုံကြည်သွားကြတယ်။ ကျွန်တော်တို့ နှစ်ယောက်၊ ဦးခန့်အိမ်ဘေးက၊ ကတ်သီးကတ်သတ် ကျဉ်းကျဉ်းကျုတ်ကျုတ် အဖီ



ကလေးထဲမှာ ခွေးတိုးဝက်ဝင်နေမြဲ နေခဲ့ကြတာပေါ့။ တစ်ခုတော့ ရှိတယ်. . .၊ ဦးခန့်ရဲ့ စက်ဘီးနဲ့ ကျွန်တော်က စီးပွားရေးလုပ်နေတော့၊ စက်ဘီးရဲ့ တန်ရာတန်ကြေးကို ကျွန်တော် အရစ်ကျ ဆပ်လိုက်တာ၊ စက်ဘီးကို ကျွန်တော် ပိုင်သွားပြီ။

ဦးခန့်ဟာ ကျွန်တော့်ကျေးဇူးရှင် ဖြစ်သလို၊ ဒီ. . ဟာကြူလီဘီးအိုကြီးဟာလည်း ကျွန်တော့်သွေးသောက်ရဲဘော်ကြီးပေါ့။ ဒီကောင်ကြီး ရှာပေးခဲ့တဲ့ ပိုက်ဆံက နည်းနည်းနောနောမှ မဟုတ်တာပဲ။ စက်ဘီးနဲ့ မဟုတ်ဘဲ၊ တခြား မီးထွန်းဆီသည်တွေလို တောင်းနဲ့ရွက်၊ အထမ်းနဲ့ ထမ်းပြီး လည်ရောင်းကြည့်ပါလား၊ စက်ဘီးနဲ့ လောက်ဘယ်ခရီးတွင်ပါ့မလဲ။ စန်းချိုခြေသလုံးကြီးတွေ တုတ်လာသလို၊ ကျွန်တော့်ခြေသလုံးကြွက်သားတွေလည်း စက်ဘီးနင်းရလွန်းလို့ ကျောက်တုံးကျောက်ခဲတွေလို မာကျစ်ကုန်ကြပြီ။

ရှေးလူကြီးစကားရှိရဲ့နော်။ "သွားပါများ ခရီးရောက်" တဲ့။ ကျွန်တော့်ကျတော့ "သွားပါများသတင်းရ" တာ၊ "မေးပါများစကားရ" တာ မဟုတ်ဘူး၊ ကိုးကျောင်းကိုးကျင်း လျှောက်သွားနေတော့ အကျိုးရှိမယ့် ပါးစပ်သတင်းတွေရတာပေါ့။

ကျွန်တော်. . . မြို့က တရုတ်ကြင်ဝှက်ဆီမှာ ဒီဇယ်လာဝယ်တိုင်း ဟောဒီ ကျိုက်ဒေးယျံဘုရားကြီးဘေးက ဖြတ်ဖြတ်လာရတယ်။ ပြန်ရင်လည်း ဘုရားကြီးဘေးက ဖြတ်ဖြတ်ပြန်ရတယ်။ ကျွန်တော်က ဘုန်းကြီးလူထွက်သားမို့၊ ဘာသာတရား ကိုင်းရှိုင်းတာမဟုတ်ဘူး၊ ဟောဒီ. . ကျိုက်ဒေးယျံဘုရားကြီးဟာ သမိုင်းဝင်ဆုတောင်းပြည့် ဘုရားကြီးလို့ ကြားဖူးနားဝရှိတဲ့အတွက်၊ ဒီဇယ်လာဝယ်ရင်း. . . ဘုရားကြီးမှာ စက်ဘီးထောက်ရပ်ပြီး၊ ဘုရားရင်ပြင်တော်ပေါ်က ကျွန်တော့်ရဲ့ မွေးနံ၊ ရာဟုထောင့်မှာ ဘုရားဝတ်ပြုရင်း ဆုတောင်းတတ်တယ်။ (ဟဲ-ဟဲ) ဆုတောင်းတာတွေကတော့၊ တစ်ခါဘုရားဖူး တစ်မျိုးပဲ၊ ဒီဇယ်ရောင်းကောင်းဖို့လည်း ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိပေါက်ဖို့လည်း ပါတယ်၊ လိမ္မာပြီး ရုပ်ချောတဲ့ သမီးဦးကလေးရဖို့လည်း ပါသေးရဲ့၊ မျက်လုံးပြူး၊ နှာတံတို၊ ပါးစပ်ပြဲ၊ အသားမည်းမယားက သမီးချောကလေးမွေးဖို့ဆိုတာကတော့. . . တောင်ထိပ်မှာ ကြာပေါက်မယ့် အံ့ဖွယ်သရဲထူးကဲတဲ့ ဆုလာဘ်ကြီးပါလေ။

အဲဒီတုန်းက. . . ဘုရားကြီးဟာ ပြုပြင်စောင့်ရှောက်မှု လျော့ရဲနေတော့၊ အတော့်ကို အသွင်အပြင် ညှိုးငယ်နေတယ်၊ ရွှေသက်န်းတွေ ကွာကျပြီး ကြေးညှော်အလိမ်းလိမ်းနဲ့ပဲ၊ ထီးတော်မှာလည်း သံချေးစွဲ ပြီး မည်းတူးနေတယ်။ ဆည်းလည်းတွေ မစုံလင်ကြတော့သမို့ ဆည်းလည်းသံ တိတ်ဆိတ်နေတယ်။ ရင်ပြင်တော်မှာလည်း ရေညှိတွေ၊ သစ်ရွက်ခြောက်တွေ၊ ငှက်ချေးတွေ တင်းကျပ်းပြည့်လို့၊ မဟာရံတံတိုင်းကလည်း နေရာတော်တော်များများမှာ ပြိုကျပဲ့ရွဲ့ ယိုင်နဲ့နေလေရဲ့။ ဘုရားကြီးရဲ့ စနေထောင့်မယ်ရှိတဲ့. . . တန်ဆောင်းကြီးကလည်း သွပ်မိုးတချို့ လန်ထွက်ပြီး၊ အုတ်တိုင်တွေမှာ အင်္ဂတေကွာပြီး၊ အောက်ခံအုတ်တွေ ကွက်ကျား ပေါ်နေကြတယ်။ ဂန္ဓကုဋီတိုက်တစ်ခုပဲ၊ နည်းနည်းပါးပါး သပ်ရပ်တယ်။ ဒါတောင် သန့်ရှင်းမှုနည်းတော့ ပန်းခြောက်တွေကော၊ အပြင်ကလွင့်လာကြတဲ့ သစ်ရွက်ခြောက်တွေပါ သမံတလင်းပေါ်မှာ အမြဲပြန့်ကျဲနေတာ တွေ့ရတတ်တယ်၊ ဆင်းတုတော်ကိုလည်း မှန်မှန်ရောင်တော်ဖွင့်ပုံမရဘူး။

ဝမ်းနည်းစရာပေါ့လေ။ ရှေးဟောင်း သမိုင်းဝင်စေတီတော်ကြီး ဟာ မြို့နဲ့လည်းနီး၊ အနားတစ်ဝိုက်မှာ လူနေရပ်ကွက်လည်း ရှိရဲ့သားနဲ့၊ တောကြိုအုံကြားမှာ အမေ့ပျောက်ခံထားရတဲ့၊ ဘုရားအို၊ ဘုရားပျက်ကြီး လို အဆင်းအသရေတော် ညှိုးမှိန်နေရတယ်။ ဒါကြောင့်လည်း ဘုရားဖူး လာတဲ့သူ ရှားတယ်၊ ရွှေမရှိတဲ့ ဘုရား အများမဆည်းကပ်ဆိုလားဘာလား၊ အဲဒီရှေးစကားလို ဖြစ်နေတယ်။ ကျွန်တော် ဘုရားဝင်ဖူးတိုင်း၊ ဘုရားဖူး ညှော်သည် တွေ့ရခဲတယ်၊ များသောအားဖြင့် ဂန္ဓကုဋီဘုရားတိုက်ထဲမှာ ပုတီးစိပ်နေ အာနာပါနရှုနေတဲ့ ယောဂီဝတ်တစ်ယောက်စ နှစ်ယောက်စ၊



လူဝတ်ကြောင် တစ်ယောက်တလေလောက်ပဲ တွေ့ရတတ်တယ်။

ဘုရားကြီးရဲ့ မုခ်ဝအနား၊ မဟာရံတံတိုင်းဘေးမှာ အကြော်ဆိုင်တဲ ကလေးတစ်လုံးရှိတယ်။ ကျွန်တော်က ရွာကထွက်လာရင် အဲဒီအကြော် ဆိုင်မှာ စက်ဘီးအပ်ပြီး၊ ဘုရားတက်ဝတ်ပြု ဝတ်ပြုပြီး ပြန်ဆင်းလာရင် အဆာပြေ အကြော်စားရင်း လက်ဖက်ရည်ကြမ်း ဝင်သောက်တတ်တယ်။ ထူးထူးဆန်းဆန်းပဲ အကြော်ကြော်ရောင်းနေတာက အသက်(၅၀) ယောက် မိန်းမလျှာကြီးတစ်ယောက်ကိုး၊ အပြောအဆို အဆက်အဆံ ကတော့ မိန်းမသားအစစ်ထက်တောင် သိမ်မွေ့ပါသေးဗျား။ သူ့ဆိုင်မှာ ကျွန်တော်က ပုံမှန်ဖောက်သည်လို ဖြစ်နေတော့. . .၊ သူနဲ့ ကျွန်တော် မိတ်ဟောင်း ဆွေဟောင်းတွေလို ရင်းနှီးပြီး လေပေးဖြောင့်နေကြတာပေါ့။ ကျွန်တော် ဒီခြံကွက်ကို ဝယ်ဖြစ်တာ၊ အဲဒီအကြော်သည် မိန်းမလျှာကြီး ကိုစစ်တင်ကြောင့်ပဲ။ သွားပါများသတင်းရဆိုတဲ့ စကားအတိုင်း ကျွန်တော် အကျိုးအမြတ်ရခဲ့တာလေ။

အဲဒီတုန်းက. . .၊ ကျွန်တော့် မြေကွက်ပိုင်ရှင် ဖဲသမားအဘိုးကြီး ဦးစိန်သီးဟာ၊ ကျွဲသူဌေးကုလားကြီးရဲ့ မြေကွက်ကြီးကို မောင်ပိုင်စီးပြီး ဖဲရှုံးတိုင်း ဖဲ့ဖဲ့ရောင်းလာတာ ဘာမှ မကျန်တော့ဘူး၊ အခု ကျွန်တော် ပိုင်တဲ့ပေ (၄၀) (၆၀) မြေကွက်ပဲ ကျန်တော့တယ်၊ အဘိုးကြီးဟာ မွဲတေပြီး စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ဖြစ်နေတော့ ဒီမြေကွက်ကို မရောင်းမဖြစ်၊ ရရာ ဈေးနဲ့ ရောင်းရတော့မယ်၊ အကြော်သည်မိန်းမလျှာကြီး ကိုစစ်တင်က [နင်ဝယ်နိုင်ရင် ဒီမြေကွက်ကို ဝယ်ထားလိုက်၊ ဦးစိန်သီးက အလကားပဲ တင်းဈေးနဲ့ရောင်းမှာဟဲ့၊ သူက မသေခင်ကလေးမှာ ခြံရောင်းရတဲ့ငွေနဲ့ ဖဲရိုက်သွားချင်သေးပုံရတယ်။ နင်လိုချင်ရင် ငါစပ်ပေးမယ်၊ ငါပွဲစားလုပ်မှာ တော့ မဟုတ်ဘူးနော် ကောင်လေး] လို့ပြောတယ်။

ခြံကွက်က၊ ဘုရားကြီးရဲ့ မုခ်ဦးတနေ ပေ(၁၀၀)ကျော်တော့်ပဲ ဝေးမယ်ထင်ပါရဲ့။ မြို့ဘက်ကနေ၊ ဘုရားကြီးရဲ့ မုခ်ဦးဆီကို ဦးတိုက်လာတဲ့

www.burmeseclassic.com



မြေလမ်းရဲ့ ညာဘက်မှာ ကပ်လျက်။ မြေကွက်ပေါ်မှာ ဘာပင်မှတော့ မရှိဘူး။ ရေတွင်းတူးရင်လည်း သိပ်အနက်ကြီး တူးစရာမလိုဘူးတဲ့။ ဒီတော့. . .၊ ခုလို (ဗိုက်နာ) နေတဲ့ ခြံရှင်ရဲ့ခြံကို အနီးအနားကလူတွေ၊ မြို့ထဲကလူတွေ ဘာကြောင့်မဝယ်ကြရသလဲလို့ ကျွန်တော် တစ်ဆိတ်လေ့လာကြည့်ရတာပေါ့။ ဝယ်ပြီးကာမှ ပြဿနာပေါ်လာပြီး၊ အရှုပ်အရှင်းတွေဖြစ်ရင် ကျွန်တော့်ငွေဆုံးမှာ မဟုတ်လား။ ကျွန်တော့်ငွေက အမွေရတဲ့ငွေ၊ ထီပေါက်တဲ့ငွေ၊ ကောက်ရတဲ့ငွေမဟုတ်ဘူး။ လင်မယားနှစ်ယောက် ကျွဲလိုနွားလိုအလုပ်လုပ်၊ ခွေးလိုဝက်လိုစားပြီး၊ အဆင်းရဲခံစုဆောင်းထားခဲ့ရတဲ့ငွေ. . .။ တစ်နည်းအားဖြင့်၊ ဒီငွေတွေဟာ ကျွန်တော်တို့လင်မယားရဲ့ ချွေးတွေသွေးတွေပဲ။ ဒီငွေကို အရင်းပြုပြီး၊ ကိုယ်ပိုင်ခြံမြေဝယ်ရမှာ၊ ပြီးတော့ ကိုယ်ပိုင်အိမ်ဆောက်ရဦးမှာ. . .၊ ဒီငွေကို အဟောသိကံ အလဟဿတော့ အဖြစ်မခံနိုင်ဘူး။

ဒီလိုဗျ. . .၊ ဦးစိန်သီးရဲ့ မြေကွက်ကို ဘာကြောင့်မဝယ်ကြသလဲဆိုရင်၊ ဒီမြေကွက်ဟာ ဘုရားဝတ္တကမြေနဲ့ ငြိနေတယ်လို့ တချို့ကပြောကြတယ်၊ အရပ်စကားတစ်ခုကလည်း၊ သူပုန်တွေက ကုလားကြီးရဲ့ ကျွဲတွေကို ဝင်ဖမ်းတုန်းက၊ ခုခံတဲ့၊ ကုလားကြီးရဲ့ လူယုံတော် "ဆာမိ" ဆိုတဲ့ ကုလားပုကလေးကို ဒီမြေပေါ်မှာ လှံစွပ်နဲ့ထိုးသတ်ဖူးတယ်၊ ဒီမြေကွက်တစ်နေရာမှာပဲ အလောင်းကို မြှုပ်လိုက်တယ်လို့ ဆိုတယ်. . .၊ ပါးစပ်ရာဇဝင်ဆိုတော့ ဟုတ်မဟုတ်တော့ မသိဘူး၊ အဲဒီ ကုလားဆာမိဟာ မကျွတ်မလွတ်သေးဘူးတဲ့၊ သူ့သခင်ကြီးရဲ့မြေကို သစ္စာရှိစွာ စောင့်ရှောက်နေတုန်းပဲတဲ့။ ဒါက အရပ်စကားတစ်ခု။ နောက်တစ်ခု ရှိသေးတယ်။ ဘင်္ဂလားကို ရောက်သွားတဲ့ ကျွဲသူဌေးကုလားကြီး ဦးမန်းနီးဟာ. . .၊ သူ့ကျွဲတွေကို ဖမ်းလည်းဖမ်း၊ သတ်လည်းသတ်၊ သူ့မြေကိုလည်း အဓမ္မသိမ်းပိုက်တဲ့၊ သူခိုးဓားပြအုပ်စုကို ကလဲ့စားချေတဲ့အနေနဲ့၊ ဘင်္ဂလားကနေကျိန်စာတိုက်နေခဲ့သတဲ့၊ ဒါကြောင့်လည်း သူ့မြေကွက်ကြီးကို မတရား



အပိုင်သိမ်းလိုက်တဲ့ သောင်းကျန်းသူ အဆက်အနွယ် ဦးစိန်သီးဟာ ဆက်တိုက် ကံဆိုးမိုးမှောင်ကျခဲ့ရတယ်၊ သူ့မယား မြွေကိုက်ခံရလို့ သေတယ်၊ သားတစ်ယောက်က စွာလွန်း၊ မိုက်လွန်းလို့ ဝိုင်းရိုက်သတ်လိုက်တာ လက်သည်တောင် မပေါ်ဘူး၊ ဦးစိန်သီးလည်း လောင်းကစားတိုင်း တစ်ရှုံးတည်းရှုံးပြီး၊ စီးပွားပျက်သွားတယ်။ ဘယ်သားသမီး၊ ဘယ်ဆွေမျိုးကမှ သူ့ကို အဖက်မလုပ်ဘဲ ဝိုင်းပယ်စွန့်ပစ်ခြင်း ခံရတယ်။ အိုကြီးအိုမအရွယ်မှာ သူတောင်းစားဖြစ်လုလု၊ ကုန်းကောက်စရာမရှိအောင် မွဲသွားလေရဲ့၊ ဒါတွေဟာ ကုလားကြီးဦးမန်းနီးရဲ့ ကျိန်စာထိတာပဲတဲ့။ ဦးစိန်သီးဆီကနေ ဒီမြေကွက်ကို ပေါချောင်ကောင်းနဲ့ ဝယ်တဲ့သူကိုလည်း၊ ကုလားကြီးရဲ့ ကျိန်စာကဆက်ပြီး စူးနေဦးမှာပဲတဲ့။

ဒါတွေဟာ မိန်းမလျာကြီး ကိုစစ်တင်ဆီက ကျွန်တော်ကြိုတင်ကြားသိရတဲ့ သတင်းကောင်းတွေပါပဲ။ သတင်းကောင်းလို့ ပြောလို့ နားမရှုပ်ကြပါနဲ့။ သူတစ်ပါးတွေ မဝယ်ရဲကြလို့။ အရောင်းထိုင်းနေတဲ့ မြေကွက်ဟာ တက်ဈေးမရှိဘဲ ကျဈေးပဲရှိနေမှာပေါ့။ မဟုတ်ဘူးလား။ ပြီးတော့ကလည်း၊ မတန်ရေတန်ရေနဲ့ ဈေးလျှော့ရောင်းတော့မှာလေ။ သူတစ်ပါးလက်မဦးခင် ကိုယ်က ခြေလှမ်းသွက်ထားမှ။

ဒီလိုနဲ့ ကျွန်တော် ဒီမြေကွက်ကို ရလိုက်တယ်၊ ကျွန်တော်ဘယ်လောက်ပဲ ပေးခဲ့ရတယ်ဆိုတာ ပြောပြရင် ဒီခေတ်မှာ လူရယ်စရာကြီးဖြစ်သွားမယ်။ ထားပါတော့၊ ကျွန်တော် တကယ်ပေးခဲ့ရတဲ့ ဈေးအမှန်ကို၊ ကျွန်တော်တို့ လင်မယားရယ်၊ မြေရှင်ဦးစိန်သီးရယ်၊ မိန်းမလျာကြီး ကိုစစ်တင်ရယ်ကလွဲလို့ ဘယ်သူမှ မသိနိုင်ပါဘူး။ ဒီမြေကွက်ကို ကျွန်တော်ဝယ်လိုက်လို့၊ အနီးဝန်းကျင်မှာတော့ ဝေဖန်သံတွေ စီစီညံသွားသတဲ့။ တစ်နေ့ကုန် အကြော်ဆိုင်မှာထိုင်ပြီး၊ ရပ်ရွာထောက်လှမ်းစုံစမ်းရေးအခမဲ့တာဝန်ထမ်းဆောင်နေတဲ့ ကိုစစ်တင်ပြောပြတာပါ။

"ဦးစိန်သီး မြေကွက်ကို ဝယ်လိုက်တာ ဘယ်သူလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ချောင်းစောက်ဘက်မှာနေတဲ့. . . ခပ်တုံးတုံးငနဲ တစ်ကောင်ပေါ့ကွာ၊ ဦးစိန်သီးနဲ့ ဟို. . . ဂန့်ဒူးစစ်တင်နဲ့ ပေါင်းပြီး အချဉ်ဖမ်းလိုက်ကြတာလေ။ ဒီမြေက ဘုရားမြေကွ၊ ဒါကြောင့်. . . ဦးစိန်သီး အော်ရောင်းနေတာကိုတောင် မသိချင်ယောင်ဆောင်နေခဲ့ကြတာ နှစ်ပေါင်းဘယ်လောက်ကြာပြီလဲ"

"ဒါ. . . ဘုရားမြေမဟုတ်ဘူးကွ၊ ကုလားမြေ. . . ကုလားမြေ၊ ကျွဲမွေးတဲ့ကုလားကြီးရဲ့ မြေ၊ ဟိုတုန်းက ခေတ်ပျက်တော့ ကုလားကြီးက ကျွဲတွေကော မြေကွက်ကြီးကိုပါ ထားရစ်ခဲ့ပြီး ကုလားပြည်ပြန်ပြီး ပြေးရှာတာ၊ ဗမာ (မြန်မာ)ပြည်မှာ သူ့အမျိုးတစ်ယောက်မှ မကျန်ရစ်ဘူးတဲ့"

"အမှန်တော့. . . ဘုရားမြေလည်း မဟုတ်ဘူး၊ ကုလားမြေလည်း မဟုတ်ဘူး၊ နိုင်ငံပိုင်မြေပဲ၊ အစိုးရက ဂရံချမပေးရင် အချိန်မရွေး ပြည်သူပိုင်သိမ်းလို့ရတယ်။ ဒီတောသားမို့ မစဉ်းမစား စွတ်ဝယ်ရဲသကွာ၊ ငါဆို အလကားပေးတောင် မယူဘူး၊ ပြီးတော့ ဒီမြေကွက်က ခိုက်တတ်တယ်ဆိုတာ တစ်နယ်လုံး သိထားကြတာပဲ"

"အသတ်ခံရတဲ့ ကုလားလေးကလည်း မကျွတ်သေးဘူးလို့ ပြောတယ်၊ လသာတဲ့ ညတွေမှာဆိုရင်. . . ကုလားသီချင်းဆိုသံ အမြဲကြားရဆိုပဲ. . "

"မင်းတို့ ကောင်တွေကလည်း စကားမရှိစကားရှာ၊ အတော်ပေါက်တီးပေါက်ရှာပြောတဲ့ သတ္တဝါတွေ၊ ဘုရားကြီးနားမှာ မင်းအမေ့လင် အစိမ်းသရဲတွေ နေဝံ့ပါတဲ့မလား"

တစ်ညတော့. . .၊ အိပ်ရာထဲမှာ စန်းချိုကို ကျွန်တော်က နှစ်ကိုယ်ကြားပြောတယ်။

"စန်းချို. . . နင် သရဲတစ္ဆေကြောက်တတ်လားဟင်"

"ဘာပြုလို့တုံးဟ"

ကျွန်တော်က ပါးစပ်နဲ့ သူ့နားရွက်နဲ့ ထိမတတ်ကပ်ပြီး. . .



"ငါတို့. . . ဝယ်လိုက်တဲ့မြေကွက်မှာ ကုလားသရဲရှိတယ်လို့ ပြောနေကြလို့ဟ၊ အဲဒီကုလားကို သူပုန်တွေက ငါတို့မြေကွက်ပေါ်မှာသတ်ပြီး အဲဒီ မြေကြီးထဲမှာပဲ မြှုပ်ပစ်ခဲ့ကြတာတဲ့။ ကုလားသရဲဆိုတော့လည်း ပရိတ်ရွတ်တာကို နားလည်မှာမဟုတ်ဘူး၊ ဘုရားတရားလည်း သိမှာ မဟုတ်ဘူး၊ ဒါကြောင့်. . . ဒီသရဲ သက်ဆိုးရှည်ပြီး ဒီမြေမှာ စွဲနေတာဖြစ်လိမ့်မပေါ့"

စန်းချိုက သူ့အသံအောအောပြဲပြဲကြီးနဲ့ ထရယ်တယ်။ သူ့ကိုယ်လုံးကြီး လှုပ်လိုက်တော့၊ ကျွန်တော်တို့နေတဲ့ တဲအဖီဝါးကြမ်းပြင်လည်း ဂျိုးဂျိုးဂွတ်ဂွတ် မြည်သွားလေရဲ့။ ကျွန်တော်တို့ ခြံဝယ်ထားတာကို ဦးခန့်တို့မပြောနဲ့၊ သုံးအိမ်စု ရွာသစ်ကွင်းကော၊ ချောင်းစောက်တစ်ရွာလုံးပါ ဘယ်သူမှ မသိဘူး၊ ကျွန်တော်ကလည်း ဟန်မပျက် ဒီဇယ်ရောင်းတုန်း၊ စန်းချိုကလည်း ကိုယ်ဝန်ဗိုက်ကြီးတစ်ခွဲသားနဲ့ ကုန်စိမ်းတွေ ပန်းတွေလည်ရောင်းတုန်းပါပဲ၊ ရသမျှကို စုကြတယ်၊ ငွေစုရင် အထုပ်အထည်ကြီးလို့ ငွေသားမစုဘူး၊ ရွှေထည်လက်ဝတ်လက်စားလည်း မစုဘူး၊ လက်ဝတ်လက်စားက ပြန်ရောင်းရင်၊ ကိုယ်လုပ်တုန်းက အချိန်အတွယ်အတိုင်း ဘယ်တော့မှ မရဘူး၊ အရှုံးနဲ့ ပြန်ရောင်းရတာ၊ ရွှေဈေးကျချိန်ဆို ပိုနာသေးတယ်။ ဒီတော့ ကျွန်တော်တို့က ရွှေသားချည်းတစ်ပဲတတ်နိုင် တတ်နိုင်၊ တစ်မူးတတ်နိုင် တတ်နိုင် ဝယ်စုတယ်၊ သိမ်းလို့လည်း လွယ်တယ်၊ ပြန်ရောင်းရင်လည်း ဈေးမနာဘူး။

လက်ဝတ်လက်စားမလုပ်ဘဲ၊ ရွှေသားချည်းစုဖို့ အကြံပေး လမ်းညွှန်သူကတော့၊ ကျွန်တော့် အချစ်ဘူးကြီး စန်းချိုပေါ့လေ။

ဒီမြေကွက်ပေါ်မှာ၊ ပထမဆုံး ဝါးအိမ်ကလေးစဆောက်တော့လည်း စီစဉ်ညွှန်ကြားသူက စန်းချိုပဲ။ တံငါသည့်သမီး၊ ငါးစိမ်းသည်က အဆောက်အအုံ အကြောင်း. . .ဆယ်လိုနားလည်နေပါလိမ့်. . . ကျွန်တော် စဉ်းစားမရဘူး။ ခြံစည်းရိုးကိုတောင် စန်းချိုက သူကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဗိုက် ကြီးတစ်မမနဲ့ သယ်ပြီးခတ်တာ။ လှဖြတ်၊ သံရိုက်၊ နှီးတုပ် . . . အကုန်သူ ပဲလုပ်တာ။ ကျွန်တော်တို့ ဘုရားကြီးနား ပြောင်းလာကတည်းက. . . ဈေးမရောင်းကြတော့ဘူး၊ ကျွန်တော်က ဆိုက်ကား အငှားနင်းနေပြီး ရတာကလေးနဲ့ မြိုးမြိုးမြက်မြက် ချွေတာစားနေကြတယ်။ ဒီအိမ်ကလေးမှာပဲ ကျွန်တော့်သားအကြီးကောင် မိုးကျော်အောင်ကို မွေးတာ။ သားဦးရလို့ ကံထူးတာလား၊ ကံထူးလို့ သားဦးရတာလားတော့ မသိဘူး။ ကျွန်တော်တို့ ကံထူးလာတာတော့ အမှန်ပဲ။

xxx xxx xxx

xxx xxx xxx

နိုင်ငံခြားဆေးပညာကျောင်းတော်ကြီးများမှ၊ ဘွဲ့ထူးဂုဏ်ထူးများ တသီတတန်းကြီး ရထားခဲ့သော၊ ဆရာဝန်ကြီး ဦးလှံ့တိတ်သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင် တရုတ်လူမျိုးဖြစ်ပြီး၊ ရန်ကုန်မြို့တော်ကြီးတွင် နေထိုင်လျက်ရှိ၏။ တစ်နေ့သောအခါ၊ ဆရာဝန်ကြီး ဦးလှံ့တိတ်သည် မိသားစုနှင့်အတူ ကျိုက်ဒေးယျုံစေတီသို့ ဘုရားဖူးရောက်လာခဲ့၏။ သူသည် ယိုယွင်းပျက်စီးစပြုနေသော စေတီတော်ကြီးနှင့်တကွ၊ သာသနိက အဆောက်အအုံနှစ်ခု၊ မဟာရံတံတိုင်း၊ ရင်ပြင်တော်တို့ကို အထူးဂရုစိုက် ကြည့်ရှုသတိပြုမိခဲ့ပုံ ရ၏။

ရက်အနည်းငယ်ကြာသောအခါ ဆရာဝန်ကြီးဦးလှံ့တိတ်သည်၊ မြို့မိမြို့ဖအချို့၊ စေတီဂေါပကလူကြီးများ၊ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူအချို့နှင့် အတူ၊ ဘုရားကြီးသို့ ရောက်လာပြန်သည်။ သူတို့သည် တန်ဆောင်းပျက်ထဲတွင် အတန်ကြာအောင် စကားပြောဆို တိုင်ပင်ဆွေးနွေးနေခဲ့ကြ၏။ ထိုညတွင်. . .

"သန်းဆိုင်ရေ. . ၊ ငါတို့စီးပွားရေးလုပ်ငန်းတစ်ခု စကြမယ်" ဟု စန်းချိုက ကောက်ကာငင်ကာ ပြောလာသောအခါ၊ တစ်နေကုန် ဆိုက်ကားနင်းခဲ့ရ၍ ညောင်းညာပင်ပန်းပြီး အိပ်ချင်နေသည့် သန်းဆိုင်မှာ



ကြောင်ငေးထုံထိုင်းနေ၏။

"ဘာ ဘာလုပ်ငန်းလဲ စန်းချို"

"ငါတို့အိမ်ရှေ့မှာ ကွမ်းယာဆေးလိပ်နဲ့ မုန့်ပဲသရေစာဆိုင်ကလေးဖွင့်မယ်၊ ငါဒီနေ့ ဘုရားကြီးပေါ်က လူကြီးတွေ အစည်းအဝေးလုပ်တာကို မလှမ်းမကမ်းကနေ သွားနားထောင်ရင်း ဒီအကြံပေါ်လာတာဟဲ့၊ ဘုရားကြီးကို ပြုပြင်ကြလိမ့်မယ်၊ ငါတို့အိမ်ရှေ့က မြေလမ်းကိုလည်း ဂဝံကျောက်ခင်းမယ်တဲ့၊ ရာသီမရွေး ကားတွေ၊ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ သွားလို့ရတဲ့ လမ်းဖြစ်အောင် လုပ်မတဲ့၊ ဘုရားကြီးကိုလည်း လျှပ်စစ်မီးသွယ်ပေးဦးမှာ၊ လမ်းဆုံကနေ ဘုရားကြီးတောက်လျှောက် လမ်းမီးတွေလည်း ထွန်းပေးမတဲ့"

မေးငိုက်ထိုင်းမှိုင်းလွန်းသောကြောင့်၊ သန်းဆိုင်သည် ဘုရားကြီးပြုပြင်ခြင်း၊ လမ်းကို ကျောက်ခင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းတို့နှင့် မိမိတို့အိမ်ရှေ့မှာ ကွမ်းယာ ၊ ဆေးလိပ်၊ မုန့်ပဲသရေစာ ဆိုင်ဖွင့်ခြင်းတို့ကို မည်သို့မျှ ဆက်စပ်စဉ်းစား၍ မရခဲ့ပေ။

"ဆိုင်ဖွင့်တာတော့ ဟုတ်ပါပြီ စန်းချို၊ ဘယ်သူက ဆိုင်မှာထိုင်ရောင်းမှာလဲ၊ ငါက ဆိုက်ကားထွက်နင်း၊ နင်က ကလေးငယ်တစ်ဖက်၊ ချက်ရေးပြုတ်ရေး လျှော်ရေးဖွပ်ရေးတစ်ဖက်နဲ့၊ ငါဆိုက်ကား နင်းကျွေးတာကို အေးအေးထိုင်စားစမ်းပါ စန်းချိုရာ၊ ဒီလောက် လူအသွားအလာပါးပြီး ဆင်းရဲသားများတဲ့ နေရာမှာ ကွမ်းယာဆေးလိပ် ဆိုင်ဖွင့်တော့ ဘယ်သူက လာဝယ်စားမှာတဲ့လဲ"

တုံးလုံးလှဲရင်း၊ မျက်ခွံမှေးထားသော သန်းဆိုင်ကို စန်းချိုက၊ ဦးခေါင်းမှ တစ်ဆင့်၊ ခပ်ကြမ်းကြမ်းဆွဲထူလိုက်ရာ၊ သန်းဆိုင် ညည်းညူရင်း ထထိုင်၏။

"ထစမ်းဟာ သန်းဆိုင်၊ နင်ဟာ နုံတယ်၊ အတယ်ပြောပြန်ရင်လည်း မကြိုက်ဘူး၊ နင့်မှာ ဦးနှောက်မရှိဘူး၊ ရှိရင်လည်း ခြေဦးနှောက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိမှာ. . ."

မလှမ်းမကမ်းရှိ ရေနံဆီ ဖန်မီးအိမ်အလင်းရောင်ဝါ ဖျော့ဖျော့သည်၊ စန်းချို၏ အတိုညှပ်ထားသော ပွယောင်းယောင်း ဆံပင်တွေပေါ်သို့ ဖြာကျနေရာ၊ နက်မှောင်သော ဆံပင်အပေါ် ယံလွှာတို့သည်၊ သန်းဆိုင်၏ အမြင်အာရုံတွင် ရွှေရောင်တောက်လက်နေကြသည်။ [သူမ၏ ဆံပင်ပုံစံမှာ "မေဆွိ" ကေ ဟုခေါ်ကြောင်း စန်းချိုကပြောပြဖူး၏] မည်းပြောင်ပြောင် မျက်နှာမှာ သနပ်ခါးမရှိသည့်တိုင်၊ မီးရောင်ထဲတွင် ဝင်းပနေသည်။ [စန်းချိုဟာ တစ်သားမွေးတစ်သွေးလှဆိုတဲ့အတိုင်း. . .၊ သားဦးကလေး မွေးပြီးမှ ပိုပြီးကြည့်လို့ကောင်းလာတယ်။ ကိုယ်လုံးကလည်း အပျိုတုန်းက ထက်တောင် ပိုပြည့်လာသလိုပဲ] ဟု သန်းဆိုင် အိပ်မှုန်စုံမွှားနှင့် တွေးမိသည်။

"အေးပါ စန်းချိုရာ၊ နင့်လင်ခေါင်းထဲမှာ ချေးတွေပဲရှိတယ်လို့သာ မှတ်ထားလိုက်ပါ၊ နင်ကွမ်းယာဆိုင် ဘယ်လိုဖွင့်မှာလဲ. . . ပြော"

သန်းဆိုင်က အိပ်ချင်မူးတူးဟန်ဖြင့်၊ စန်းချို၏ ဖောင်းမို့နေသော ရင်ခွင်ထဲဆီသို့ ဦးခေါင်းကို ငိုက်ချလိုက်သော်လည်း စန်းချိုက တွန်းမထုတ်ဘဲ၊ သန်းဆိုင်၏ ချွေးစော် ကြေးစော်နံသော ခေါင်းကို လက်နှစ်ဖက်ဖြင့် ပွေ့ထားလိုက်၏။ "နင်စဉ်းစားကြည့်လေ. . . သန်းဆိုင်၊ ဘုရားကြီးပြင်ဖို့ဆိုရင် အလုပ်သမားတွေ အများကြီးရောက်လာမှာ၊ လမ်းပြင်ပြီး ကျောက်ခင်းမယ်ဆိုရင်လည်း အလုပ်သမားတွေ အများကြီးရောက်လာမှာ၊ ဒီနားတစ်ဝိုက်မှာ ဆေးလိပ်ကွမ်းယာဆိုင်၊ မုန့်ပဲသရေစာဆိုင်မှ မရှိပဲ၊ သူတို့ ဆေးလိပ်ကွမ်းယာလိုချင်ရင် ဟိုး. . . လမ်းဆုံကို အဝေးကြီး ထွက်ဝယ်ကြရမှာ၊ ဒီနားမှာဆိုင်ရှိရင် ဒီမှာပဲ နီးနီးနားနား ဝယ်ကြမှာပေါ့၊ မဟုတ်ဘူးလား"

"နင်က ကွမ်းယာ ယာတတ်လို့လား"

"ဟော့ ဘယ်သူမှ မွေးကတည်းက မတတ်ဘူး၊ တတ်တဲ့သူဆီမှာ



သင်ရတာပဲ"

"ဒါဖြင့် သားကလေးကျ ဘယ်သူထိန်းမှာလဲ"

"ငါ့ညီမ. . . မိထူးကိုခေါ်ပြီး ထိန်းခိုင်းမယ်၊ ကောင်မ (၁၁) နှစ်သမီးရှိနေပြီ။ ကလေးထိန်းရုံတင်မကဘူး၊ ထမင်းချက်၊ အဝတ်လျှော်ပါ သင်ပေးထားလို့ရပြီ၊ နင်က ဆိုက်ကားနင်း ငါက ကွမ်းယာဆိုင်ဖွင့်မယ် ဒါပဲ"

သန်းဆိုင်သည် စန်းချိုရင်ခွင်ထဲကနေ၊ အနံ့ဆိုးများရှူရ၍ အသက် ရှူမဝသည့်ဟန်ဖြင့်၊ သူ့ဦးခေါင်းကို ဆွဲထုတ်ထူမတ်လိုက်သည်။

"နင့်အဖေဆရာကြီး မောင်ဖိုးလူက သူ့သမီးကို လွှတ်ပါ့မလားဟ စန်းချို၊ လွှတ်တယ်ထားဦး၊ ဒီမှာနေလို့ အသားကျမှ စိတ်ပြောင်းပြီး လာခေါ်ရင် ကိုးရိုးကားရားတွေ ဖြစ်ကုန်ဦးမယ်နော်"

"မခေါ်စေရပါဘူးဟယ်၊ သူပြန်မခေါ်အောင်လုပ်တဲ့ နည်းငါသိတယ်"

"ဘာနည်းတုံးဟ"

"တစ်ပတ်ကို အာမိဝရမ်အရက်တစ်ပုလင်း တစ်ပုလင်း သူ့ဆီ လူကြုံနဲ့ ပို့ပေးလိုက်ရုံပဲ"

သူတို့လင်မယား သုံးအိမ်စုရွာသစ်ကုန်းမှာ နေကြ၍၊ စန်းချိုရွာစဉ် လှည့်ဈေးရောင်းစဉ်ကပင်၊ ဝက်လူးရွာရှိ မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမများထံ၊ စန်းချိုအဝင်အထွက်၊ အဆက်အဆံရှိခဲ့သည်ကို သန်းဆိုင်မသိပါ။ စန်းချိုကလည်း ဖွင့်မပြောခဲ့ပါ။ [ပြောလည်း မထူးပါဘူး၊ သူက လက်မောင်းမှာ ဖိုးတာကိုက်လို့ သေရာပါအမာရွတ်ကြီး ရထားတော့ သူ့စိတ်ထဲမှာ ကျေချင်မှကျေမှာ၊ အဖေ့ကိုလည်း သူက ရွံကြောက်ကြီး ကြောက်သွားပုံရတယ်] ဟု တွေးမိကာ၊ စန်းချိုက မိသားစုနှင့် ပြန်လည်ဆက်သွယ်ခဲ့ကြောင်း လင်သားကို ဖွင့်မပြောခဲ့ခြင်းဖြစ်လေသည်။

xxx xxx xxx

www.burmeseclassic.com

www.burmeseclassic.com



xxx xxx xxx

မြို့တွင်းဘက်ရှိ လမ်းဆုံတစ်နေရာမှ ဖြောင့်တန်းစွာ လဲလျောင်း၍၊ ကျိုက်ဒေးယျုံ စေတီတော်မြတ်ကြီး၏ မုခ်ဦးဝသို့ ဦးခိုက်လျက်ရှိသော လမ်းသည် (၃) ဖာလုံနီးပါးရှည်လျားသည်။ ရှေးက ထိုလမ်းမရှိခဲ့။ လွတ်လပ်ရေးခေတ်ကျမှ၊ မြို့သူမြို့သား၊ ရပ်သူရွာသားတွေ၏ အလှူငွေ လုပ်အားတို့ဖြင့် ထိုလမ်းကို ဖောက်ခဲ့ခြင်းဖြစ်သည်။ ယခု. . . အများအသုံးပြုနေကြသော နိုင်လွန်ကတ္တရာလမ်းကိုမူ၊ နိုင်ငံတော်သာသနာရေး ဦးစီးဌာနနှင့် ဒါနရှင်များ ပူးပေါင်းလက်တွဲ၍၊ ချောမွေ့ညီညာအောင် ဖောက်လုပ်စီမံထားခြင်းဖြစ်သည်။ ဤနိုင်လွန် ကတ္တရာလမ်းဖောက်လုပ်ရာတွင်၊ ကွမ်းယာဆိုင်ရှင် "ဦးသန်းဆိုင် ဒေါ်စန်းချို" ဇနီးမောင်နှံက အလှူတော်ငွေ ၅၀၀၀ ကျပ်ထည့်ဝင်ခဲ့ကြ၏။

"မင်းတို့ စိန်သီးဆီက ဒီမြေကွက်ကို ဝယ်လိုက်တဲ့အချိန်တုန်းက ငါတို့လမ်းထဲမှာ လယ်သမားနဲ့ ကုန်သည်ပွဲစား၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေပဲနေကြတာ၊ အိမ်ကြီးအိမ်ကောင်းလည်း မရှိဘူး၊ တိုက်အိမ်လည်း တစ်လုံးမှ မရှိဘူး၊ လမ်းကလည်း မိုးတွင်းဆို ဗွက်ပေါက်နေတာ" ဟု သန်းဆိုင်၏ ကွမ်းယာဆိုင်ရှေ့၊ ကနဖျင်းအောက်က ခုံတန်းလျားမှာ လာထိုင်တတ်သော၊ အိမ်နီးချင်းအဘိုးအို အသက် (၈၀) ကျော် ဘိုးပေါက်တူးက ပြောပြဖူးသည်။

"နောက်တော့ ဘိုးဘွားအစဉ်အဆက်ကတည်းက ထွန်ယက်စိုက်ပျိုးလာတဲ့ လယ်မြေတွေက မြေဆီမြေသား ဩဇာဓာတ်ခန်းခြောက်ပြီး စပါးအထွက် ဆုတ်ယုတ်လာတယ်၊ ဆန်ကောင်း ဆန်ချောထွက်တဲ့ စပါးစိုက်လို့မရတော့ဘူး၊ ဧစိတ်ဆန်ထက် ပိုကြမ်းတဲ့ ဆန်မျိုးထွက်တဲ့စပါးပဲ စိုက်လို့ရတော့တယ်။ ဒီတော့ လယ်သမားတွေ စီးပွားမတက်ဘဲ စီးပွားပျက်ပြီး၊ လယ်ရောင်း အိမ်ရောင်း၊ လှည်းရောင်း နွားရောင်းနဲ့ တစ်ရပ်တစ်ကျေးကို လွင့်ကုန်ကြတယ်၊ တချို့ လယ်သမားတွေလည်း ကုန်သည်



ဈေးသည်တွေ ဖြစ်သွားကြတယ်၊ လယ်သမားက ပေါက်ဖွားတဲ့ သားသမီးတွေဟာ လယ်သမားမဖြစ်ကြတော့ဘဲ၊ အစိုးရဝန်ထမ်းတွေ၊ အရောင်းအဝယ်သမားတွေ၊ တချို့လည်း၊ အရက်သမား၊ ကြက်သမား၊ ဖဲသမားတွေဖြစ်သွားကြတာပေါ့လကွယ်၊ အဘလည်း ဟိုတုန်းက လယ်ပိုင်ရှင်လယ်သမားကြီးပေါ့၊ (အင်း). အခုအသက် (၈၆) နှစ်ဘိုးပေါက်တူးဟာ ကားဒရိုင်ဘာသားနဲ့ ကျောင်းဆရာမသမီးတို့ကို မှီခိုနေရတဲ့ လယ်သမားဟောင်းဇရာအိုကြီးဖြစ်နေပြီ"

ဤလမ်းကို နိုင်လွန်ကတ္တရာခင်းသည့်နှစ်မှာပင်၊ အများဆန္ဒအရ [အမှန်မူ လူကြီးသုံးလေးယောက်၏ အကြိုက်] "ကျိုက်ဒေးယျုံဘုရားကြီးလမ်း" ဟု မှည့်ခေါ်ဆိုင်းဘုတ်တင်လိုက်လေသည်။ လမ်းဘယ်ညာတွင် တိုက်တာအိုးအိမ်အသစ်တွေ တိုးပွားပြည့်နှက်လာခဲ့ကြ၏။ ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များသာမကဘဲ၊ ကုန်တင်ယာဉ်အသေးစားအဖြစ် အသုံးပြုသော "ထော်လာဂျီ" ပိုင်ဆိုင်ကြသော ကြေးရတတ်လူကုံထံတွေ လမ်းထဲသို့ ရောက်ရှိအခြေစိုက်လာကြသည်။ ဘုရားကြီးရှေ့လမ်းထိပ် အစွန်းတွင်မူ၊ ကွမ်းယာဆိုင်ရှင်ကိုသန်းဆိုင်၏ သွပ်မိုးပျဉ်ထောင် သုံးပင်အိမ်ကလေးက သပ်ရပ်ခံ့ညားစွာဖြင့်၊ ဘုရားရိပ်အောက်မှာ သက်ဝင်ရှင်သန်နေလေသည်။

"ကျွန်တော်တို့လမ်းထဲမှာ တရုတ်သူဌေးရှိတယ်၊ ကုလားသူဌေးရှိတယ်၊ အစိုးရအရာရှိမကြီးတစ်ယောက်ရှိတယ်၊ အငြိမ်းစား ဗိုလ်မှူးရှိတယ်၊ ကျောင်းဆရာ ကျောင်းဆရာမကြီးတွေလည်း ရှိတယ်၊ ပင်လယ်ကူးသင်္ဘောသားရှိတယ်၊ ကားဝပ်ရှော့ ပိုင်ရှင်ကြီးရှိတယ်၊ ဘတ်စကားတွေအများကြီးပိုင်တဲ့ ကားအုံနာကြီးလည်း ရှိတယ်။ ဗိန္ဓောဆေးဆရာကြီးတစ်ယောက်လည်းရှိတယ်။ အခု ဆရာလေးက ကျွန်တော်တို့ လမ်းထဲကို ပြောင်းလာတော့၊ ကျွန်တော်တို့လမ်းထဲမှာ ဆရာဝန်တစ်ယောက် ရှိသွားပြီပေါ့ဗျာ. . .။ နာဖျားမကျန်းဖြစ်ရင်. . . အားကိုးရာရပြီပေါ့ဆရာလေး

www.burmeseclassic.com

www.burmeseclassic.com



ရာ. . ."

သန်းဆိုင်သည် သူ့တင်ပါးတစ်ဖက်ရှိ သွေးစုနာကို ဆရာဝန် ဒေါက်တာတင်ဆန်းဦးကို သွားရောက်ပြသရင်း၊ သူ့ကိုယ်သူ နတ်ဘုံနတ်နန်း၌ နေထိုင်ရသူတစ်ဦးအလား. . . ဂုဏ်ဝင့်စကားတွေ ဖွဲ့နွဲ့နေသည်။ လူပျိုကြီးဆရာဝန်ကလေးက ပြုံးရုံပဲ ပြုံးလျက်ရှိ၏။ သူသည် မြို့တော်ကြီး၏ အထင်ကရ ဆေးရုံကြီးတစ်ရုံမှ တာဝန်ထမ်းဆောင်ကာ အားလပ်ချိန်တွင် နေအိမ်၌ အထွေထွေလူနာ လက်ခံကုသ၏။

"ကျွန်တော်က လေကောင်းလေသန့်လည်း ရှူချင်တယ်၊ ဘုရားနဲ့လည်း နီးနီးနားနားနေချင်တယ်၊ ဒါကြောင့်. . . ရန်ကုန်ကန်တော်လေးက တိုက်ခန်းကို ရောင်းပြီး ဒီကိုပြောင်းလာခဲ့တာ၊ ဒီမှာ ဆေးခန်းဖွင့်တာက ကျွန်တော့်ကားခနဲ့ လက်ဖက်ရည်ဖိုးလောက်ပဲ ရတယ်၊ ဒါပေမဲ့ ပိုက်ဆံနဲ့ ဝယ်လို့မရတဲ့ ကျန်းမာရေးနဲ့ စိတ်ချမ်းသာသုခကိုတော့. . . ဒီနေရာမှာ ဖောဖောသီသီရတယ်" ဟု ဆရာဝန်ကလေးက ပြောလေသည်။

"ဆရာဝန်လူပျိုကြီးကလည်း ရုပ်ကချော၊ ပညာကတတ်၊ စီးပွားဥစ္စာလည်းရှိရဲ့သားနဲ့ ဘာလို့များ မိန်းမမယူပါလိမ့်နော်"ဟု ရောဂါမရှိရောဂါရှာပြီး ဒေါက်တာတင်ဆန်းဦးထံ သွားတွေ့ရာမှ ပြန်လာသော စန်းချိုက အားမလိုအားမရ ညည်းတွားပြရာ သန်းဆိုင်က မကြားချင်ယောင်ဆောင်နေလိုက်၏။

"သေသေချာချာ ကြည့်ရင် ဒေါက်တာတင်ဆန်းဦးက မင်းသားရန်အောင်ရုပ်နဲ့ ခပ်ဆင်ဆင်ပဲဟ"ဟု စန်းချိုက စကားဆက်နေပြန်၏။

"ငါသာ အပျိုတုန်းကဆိုရင် ဒီဒေါက်တာကို မရရအောင် ပိုးပစ်လိုက်မှာပဲ၊ ယောကျ်ားတွေဟာ အတွေ့ဆိုရင် မရှောင်နိုင်ပါဘူးဟယ်"

သန်းဆိုင်သည် နံဘေးနံဘီကို လှည့်စောင်းကြည့်၏။ အိမ်ထဲမှာ ဘယ်သူမှ မရှိ။ သည့်တော့မှ စိတ်ချလက်ချ ဆဲပစ်လိုက်လေသည်။

"သားနှစ်ယောက် လူပျိုကြီးဖားဖားဖြစ်နေတာတောင် နင်က ရှူချင်တုန်းပဲလား စန်းချို"

"ရှူတာမဟုတ်ဘူး မသာရဲ့၊ တစ်ခါတလေ စိတ်ကူးယဉ်ကြည့်တာ"

စန်းချိုက ရှေးမူမပျက် သူ့ဝသီအတိုင်း နှုတ်လှန်ထိုးတော့ ကျွဲမြီးတိုနေသည့် သန်းဆိုင် စိတ်ဆိုးမာန်ဆိုး ဝင်လာ၏။ သို့သော်. . . အော်ကြီးဟစ်ကျယ် ပြောရမည့်စကားမျိုး မဟုတ်မှန်၊ ဘေးပတ်ဝန်းကျင်နှင့် သားလူပျို (၂) ယောက်ကြားသိလျှင် မသင့်တော်မှန်းသိ၍ အသံအုပ်၍ ခပ်ထန်ထန် ပြောသည်။

"စိတ်ကူးယဉ်တယ်ဆိုတာ တန်ရာတန်ရာ စိတ်ကူးယဉ်ရတယ်ဟ၊ နင်က စိတ်ကူးယဉ်တယ်ထားဦး ဟိုလူက နင့်လိုကလေး (၂) ယောက်အမေ ကွမ်းယာသည်မ မဲလုံးဘုတ်ဆုံမကို ယောင်လို့တောင် အိပ်မက်မက်ပါမတဲ့လား"

"ဟေ့-သူကြိုက်ကြိုက်၊ မကြိုက်ကြိုက်. . . ငါ့ဘက်က ကြိုက်ရရင်ပြီးရော၊ သူ့မျက်နှာကို မြင်နေရရင်. . . ငါ့ရင်တွေ နှလုံးတွေ ရေခဲသေတ္တာထဲရောက်သလို အေးမြသွားတာပဲဟဲ့၊ နားလည်လား သန်းဆိုင်"

[မကြာမီက၊ နွေရာသီတွင် အဖျော်ယမကာအချိုရည် အအေးနှင့် ရေခဲထုပ်ရောင်းရန် စန်းချိုက တစ်ပတ်ရစ်ရေခဲသေတ္တာတစ်လုံး ဝယ်ထားခဲ့၏]

"နင်ဟာလေ လင်ကြီးကို ရှေ့မှာ ငုတ်တုတ်ထားပြီး လင်တနွှေးရောဂါထ ဖွံ့သေးတယ်နော်၊ အံ့ပါရဲ့ကွာ. . .၊ ဘုရားကြီးနားနေပြီး ကာမေသုမိစ္ဆာစာရကံကို နင်စိတ်နဲ့ ကျူးလွန်နေပြီ စန်းချို နင်တော့ အပါယ်လားမှာပဲ. . ."

"ဟဲ့၊ ဘုန်းကြီးလူထွက်သား မျက်စိပေမွေး၊ ငါ့ကို မကျိန်ဆဲနဲ့၊ နင့်မျက်နှာပြုပြုပွပွကြီးရယ်. . .၊ နင်ဗိုက်ရွှဲကြီးရယ်ကို ငါစိတ်ကုန်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



နှင့်မျက်ခွက်ကို အနှစ် (၂၀) လောက် နေ့တိုင်းမြင်နေရတဲ့နောက် မရိုးမအီဘဲ ခံနိုင်ပါတော့မလားဟဲ့"

သူတို့လင်မယား၏ စကားစစ်ပွဲက အချိန်တာရှည်လျားတတ်၏။ သို့ဖြင့်. . . ထိုညက. . . သန်းဆိုင်သည် အိမ်ဦးခန်းဘုရားစင်ရှေ့မှာ ထွက်အိပ်ရရှာတော့သည်။

သူတို့လင်မယားသည် (ရံဖန်ရံခါ) ကလေးလင်မယားကဲ့သို့ စကားနိုင်လုရင်း ကတောက်ကဆဖြစ်၊ ဆဲပာယ်ဆိုဟယ်၊ ကျိန်ဟယ် တွယ်ဟယ် နှင့် တောစရိုက် မပျောက်သေးကြသော်လည်း နှစ်ဦးတည်းသာရှိသော [စန်းချိုမမွေးနိုင်တော့သောကြောင့်] သားနှစ်ယောက်မှာ ယဉ်ကျေးသိမ်မွေ့သည့် လူအေးကလေးများ ဖြစ်နေကြသည်။ အကြီးကောင် မိုးကျော်အောင်သည် (၁၀) တန်းကျပြီးကတည်းက ကားဝပ်ရှော့တစ်ခုမှာအလုပ်သင်ဝင်လုပ်ရင်း ယခု. . . ဝင်ငွေကောင်းကောင်း ရနေပြီ။ သားငယ်ပြည့်ဖြိုးအောင်က (၈) တန်းကျောင်းသား။ ဤမြို့တွင် သုံးနှစ်ဆက်တိုက် ပညာရည်ထူးချွန်ဆုရသူ။ ညီအစ်ကိုနှစ်ယောက်စလုံးအားလပ်ချိန်တွင် ကွမ်းယာဆိုင်မှာ အရောင်းကူကြ၏။ ထူးခြားချက်က . . . သူတို့သည် မအေကဲ့သို့ အသားမမည်း၊ အရုပ်မဆိုးကြ၊ ဖအေကဲ့သို့ ပခုံးကျယ်ဖင်ရှူးကာတွန်းရုပ်မျိုးလည်း မဟုတ်ကြ။ အသားလတ်လတ် လူရည်သန့်ကလေးတွေ ဖြစ်နေကြခြင်းပင်။

"ကိုသန်းဆိုင်တို့ မစန်းချိုတို့များ. . . ကိုယ်တိုင် မမွေးနိုင်ကြလို့ မွေးစားတာတောင် မွေးစားရကျိုး နပ်ပါပေ့ဗျာ၊ ဒီညီအစ်ကိုနှစ်ယောက်ကို ဘယ်ဆေးရုံမှာ သွားအလှူခံတာလဲ ဟင်"

ဆိုက်ကားသမား ကျော်ကြီးတို့လို ရင်းနှီး၍ အနောက်အပြောင်သန်သူတွေက သူတို့သားနှစ်ယောက်နှင့် ပတ်သက်ပြီး ကျီစယ်လေ့ရှိကြသည်။ စန်းချိုစိတ်ကောင်းဝင်နေချိန်မှာတော့ ဘာမှုပြန်ပြောမည်မဟုတ်။ သူအလုပ်ရှုပ်ပြီး မောမောပန်းပန်းနှင့် စိတ်တိုနေချိန်ဆိုလျှင်တော့. . .၊



ဘုရားနားမှာနေတာတွေဘာတွေ ဂရုမစိုက်ဘဲ နှုတ်ခမ်းတစ်လံ ပန်းတစ်လံ နှင့် "တုတ်" ပေလိမ့်မည်။

"ငါ့သားနှစ်ယောက်က ရွှေညီအစ်ကိုတွေကွ စန်းချို၊ သူတို့နှစ်ယောက် ဆက်တိုက်လိုလို မွေးပြီးကတည်းက ငါတို့စီးပွားတတ်လာတာ၊ နင့်ကိုယ်ပေါ် မှာ ရွှေသီးလာတာမဟုတ်လား"

စန်းချိုက ခေတ်ပညာသာတတ်လျှင် ရုပ်ဝါဒီ၊ လက်တွေ့ဝါဒီ စစ်စစ်တစ်ယောက် ဖြစ်သွားနိုင်သည်။ သူမသည် "ငါလုပ်မှ ငါ့ဗိုက်ဝမည်၊ ငါ့ဗိုက်ဝမှ တခြားသူတွေကို မျှဝေနိုင်မည်" ဟူသော အယူဝါဒကို စွဲစွဲမြဲမြဲ ခံယူလိုက်နာသူဖြစ်၏။

"သူတို့မမွေးလည်း တက်မယ့်စီးပွားကတော့ တက်မှာပဲဟဲ့၊ ကွမ်းယာကလည်း ရောင်းကောင်းလိုက်တာ မြို့ထဲက လူတွေတောင် ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေနဲ့ လာရတဲ့အထိဆိုတာ နင်သိသားပဲ၊ ငါတို့ ဆိုင်မှာ ဆိုင်းဘုတ်တပ်စရာတောင် မလိုဘူး၊ ဘုရားကြီး ကွမ်းယာဆို မြို့ပေါ် တင်မကဘူး၊ တောပိုင်းကပါ သိနေကြတာ၊ ငါအကြံအစည်ကောင်းလို့ ဒီဘဝရောက်တာပါ သန်းဆိုင်၊ နင့်ဈေးဦးနှောက်နဲ့ဆိုရင် နင်လည်း ဆိုက်ကားသမားဘဝက ဝင်္ကျွတ်မှာမဟုတ်ဘူး၊ ငါလည်း ဈေးတောင်းခေါင်းရွက်ရလွန်းလို့ ဆံပင်တွေကျွတ်ပြီး ခုလိုတောင် ဆံပင်ကောက်နိုင်မှာ မဟုတ်ဘူး"

"ဟုတ်ပါတယ် စန်းချိုရာ၊ ငါတို့ ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဘဝကနေ ဒီဘဝရောက်လာတာ နင်တော်လို့ပါ၊ နင်တကယ်တော်ပါတယ်ဟာ၊ နင်သာ ငါ့ထက် အသက်ကြီးမယ်ဆိုရင် နင့်ကို ငါညတိုင်း ရှိခိုးပြီးမှ အိပ်မှာပါ"

တစ်ခါတစ်ရံမှာတော့၊ သူတို့၏ ညဉ့်နှောင်းပိုင်း နှစ်ကိုယ်ကြားစကားဝိုင်းက ငြိမ်းအေးရွှင်ပျဖွယ် ကောင်းနေသည်။ ထိုအချိန်မျိုးမှာ စန်းချိုက၊ စီးပွားရေး လုပ်ငန်းတိုးချဲ့ဖို့၊ စုဖို့ဆောင်းဖို့ ရှိပြီးသားကို

www.burmeseclassic.com

www.burmeseclassic.com



ထပ်မံပွားများအောင်လုပ်ဖို့ဦးဆောင်အကြံပြုရင်း မိမိနှင့်ထိုက်တန်သင့်လျော်သော အသုံးအဆောင်ပစ္စည်းတွေ ဝယ်ယူဖို့ စီမံချက်ချသည်။ တီဗွီ၊ အောက်စက်၊ ရေခဲသေတ္တာ၊ ပန်ကာ၊ လျှပ်စစ်မီးဖို၊ မီးဖိုချောင်သုံး စတီးအိုးခွက်ပန်းကန်များ၊ အဖိုးတန် အဝတ်အစား၊ ထီး ဖိနပ်များအားလုံး၊ အယုတ်သဖြင့် အိမ်သာထဲက အမွှေးခဲကအစ စန်းချိုအစီအစဉ်ဖြင့် ဝယ်ယူထားခဲ့ခြင်းသာဖြစ်၏။ ဟင်းလျှားသားငါးကိုလည်း စန်းချို အကြိုက်ချည်းသာ ချက်ပြုတ်လေ့ရှိ၏။

"ကိုသန်းဆိုင်၊ ခင်ဗျားကို ကျွန်တော်တို့အုပ်စုက (အခက) အဖွဲ့ဝင်အဖြစ် သတ်မှတ်ရကောင်းမလား၊ (မယက)အဖွဲ့ဝင်အဖြစ် သတ်မှတ်ရကောင်းမလား စဉ်းစားနေတာဗျ"

ဆိုက်ကားသမားအုပ်စု၊ သန်းဆိုင်၏ ခုံတန်းလျားမှာ စုဝေးမိကြစဉ် တစ်နေ့မှာ၊ နင်းသားတစ်ဦးဖြစ်သော ရန်ပိုင်က အတည်ပေါက်လေသံဖြင့် စကားစချိန်တွင်၊ ကျန်နင်းသား လူငယ်တွေက ပြုံးစိစိလုပ်နေကြမှန်း သန်းဆိုင် မရိပ်မိခဲ့။

ဘုရားကြီးမုခ်ဦးရှေ့တွင်၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းမှ "အနေးယာဉ် ၁၅ စီး" ဟု၊ ဆိုက်ကား "ပါကင်" နေရာလုပ်ပေးပြီး နားခိုရန် တဲငယ်တစ်လုံးပါ တည်ဆောက်ပေးထားသည့်တိုင်၊ ဆိုက်ကားသမား အများစုတဲထဲမှာ အနားမယူကြ။ နည်းနည်းကလေး အားလပ်ခွင့်ရသည်နှင့် သန်းဆိုင်၏ ဈေးဆိုင်ရှေ့မှ ခုံတန်းလျားနှစ်လုံးဆီမှာ လာထိုင်တတ်ကြ၏။ ထိုသို့ ထိုင်ရင်း ထွေလာသောင်းပြောင်း ပြောနေတတ်ကြသည်။ သူတို့တစ်တွေထံကနေ သန်းဆိုင်သည် ရပ်ကွက်ထဲရှိ "ကျိတ်ပိုင်း" "ကြက်ပိုင်း" သတင်းတွေကအစ၊ ဆက်သွယ်ရေး ဖြိုဖြတ်တုမှလာသော နိုင်ငံတကာသတင်းအထိ ကြားသိခွင့်ရသည်။ ဆိုက်ကားသမားတွေမှာ မြို့တွင်းနေရာ အနှံ့သို့ ရောက်တတ်သူများဖြစ်ရာ၊ သူတို့ မြို့မှ ထူးခြားဖြစ်စဉ် ကလေးတွေကို တစ်နေ့တစ်မျိုး မရိုးအီရလေအောင်၊ သန်းဆိုင် ဆိုင်ရှေ့မှာ ထုတ်



လွှင့်တတ်ကြလေသည်။ သူတို့မှာ ထုတ်ပြန်စရာ သတင်းမရှိလျှင်တော့၊ သူတို့၏ ပစ်မှတ်မှာ သန်းဆိုင် (သို့မဟုတ်) စန်းချိုတို့သာ ဖြစ်နေတော့၏။ ဤလင်မယားကို နောက်ရင်းပြောင်ရင်း သူတို့၏ ငြီးငွေ့ပင်ပန်းဖွယ် ဘဝ၏နာရီအနည်းငယ်ကို ပျော်စရာသွန်းလောင်းကြခြင်းပင် ဖြစ်၏။ သည်လိုနှင့်ပင်၊ ဘုရားကြီးဂိတ်မှ ဆိုက်ကားသမားအားလုံးနှင့် သန်းဆိုင်တို့ လင်မယား ဆွေနီးသွေးစပ်တွေလို ကျွမ်းဝင်ရင်းနှီးလာကြသည်။

သန်းဆိုင်သည် ဝယ်သူတစ်ဦးအတွက် ကွမ်းယာစီစဉ်နေရင်း၊ ရန်ပိုင်ဆိုသော ပိန်ညှောင်ညှောင် သွားခေါခေါဆိုက်ကားသမားထံ မျက်လုံးတစ်ချက် ဝင့်ကြည့်သည်။

"ဟေ့ကောင် ရန်ပိန် - မင်းက ငါ့ကို စေ့ာ်းမှတ်လို့လား၊ (အခက) ဆိုတာ အချစ်ကျွန်ကွ၊ (မယက) ဆိုတာ မယားကြောက်လို့ပြောတာ၊ (အခက) ဆိုတာကိုတော့ ငါလက်မခံဘူး၊ ကျွန်ဆိုတာ ဘာကျွန်ဖြစ်ဖြစ် မကောင်းဘူး၊ အောက်တန်းနောက်တန်းကျတဲ့ အနှိမ်ခံဘဝလို့ အဓိပ္ပာယ်ပေါက်နေတယ်။ (မယက) ကိုတော့ ငါလက်ခံမယ်၊ ဟုတ်တယ်၊ ငါ မယားကြောက်ပဲ၊ မယားရှိသေ အသက်ရှည်ဆိုတဲ့စကား မင်းတို့ ကြားဖူးမှာပေ့ါ၊ မယားရှိုခိုး သွားမကျိုးဆိုတဲ့ စကားပုံလည်း ရှိသေးတယ်၊ ဒီမယ်ကြည့်ပါလား၊ ငါ့သွား (၃၂) ချောင်းလုံး ဘာအပြစ်အနာအဆာမှ မရှိသေးဘူး"

သန်းဆိုင်က ကွမ်းချေးစွဲနေသော သွားမည်းမည်းကြီးတွေ ပေါ်လာ သည်အထိ၊ ပါးစပ်ကို အရုပ်ဆိုးစွာ ဟဖြဲပြလိုက်၏။

"ဩော် ဒါဆို .. ခင်ဗျားက မစန်းချိုကို တစ်နေ့ဘယ်နှခါ ရှိခိုးသလဲဗျ" ဟု ရန်ပိုင်က မျက်နှာထားတည်တည်နှင့် ထပ်ဆွလိုက်သော အခါ၊ သန်းဆိုင်ပါးစပ်မှ အဆဲစကားတစ်လုံး လွင့်ထွက်လာ၏။ မျက်နှာ ထားကလည်း ချက်ချင်းပုပ်သွား၏။

"x x x ရန်ပိန်၊ ဒါတော့ မင်းလွန်လာပြီကွာ၊ ငါဟာငါ ငါ့မိန်းမကို တစ်နေ့ဘယ်နှခါ ရှိခိုး ရှိခိုး၊ မင်းတို့ သိစရာမလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



ခုံတန်းလျားမှာ ထိုင်နေကြသည့် ဆိုက်ကားသမားတွေ တစ်ညီတစ်ညာတည်း အာခေါင်ခြစ်၍ ရယ်လိုက်ကြသည်။ ရန်ပိန် (ခေါ်) ရန်ပိုင်က တမင်သက်သက် သံသေးသံကြောင်ဖြင့် ရယ်ရင်း လက်ခုပ်လက်ဝါးတီးနေသေး၏။

ထိုစဉ် ဈေးဆိုင်အကွယ်ကနေ လူရိပ်ကြီးတစ်ခု လှစ်ခနဲခုန်ထွက်လာကာ၊ ရန်ပိုင်၏အင်္ကျီကော်လာစကို ကုပ်ပိုးကနေ ဖမ်းဆွဲလိုက်တော့သည်။

နေ့ခင်းကြောင်တောင် လှချင်ရက်စက်စက်ယိုချင်လွန်း၍ သားအကြီး၏ သားရေဂျာကင်အနက်ရောင် ဖားဖားကြီးကို ဝတ်ဆင်ထားသည့် စန်းချိုဖြစ်သည်။ ဂျာကင်အောက်နားမှာ၊ စန်းချို၏ ဒူးခေါင်းနားအထိ ဖားလျားကျနေ၏။ ရန်ပိုင်၏ အင်္ကျီကော်လာစကို ဆုပ်မိသည်နှင့် ကျန်လက်တစ်ဖက်ဖြင့် ရန်ပိုင်၏ လက်မောင်းတစ်ဘက်ကိုပါ ဆွဲလိမ်ထားလိုက်ပြန်ရာ ဆင်နှာမောင်းရစ်ပတ်ခြင်း ခံထားရသော တောခွေးပိန်တစ်ကောင်လို ရန်ပိုင် ယက်ကန် ယက်ကန်နှင့် အော်ဟစ်ညည်းညူလျက်ရှိသည်။

"ငါ့ယောက်ျားက ငါ့ကို တစ်နေ့ဘယ်နှကြိမ် ရှိခိုး ရှိခိုး နင့်အပူလားဟဲ့ ပိန်တာရိုးရဲ့၊ ကမ်းနားပိုင်းက အရက်သည်မ စွေစောင်းမကြီးကိုကျတော့ နင် နေ့တိုင်းသွားရှိခိုးနေတာ မဟုတ်ဘူးလား . . . ဟင်"

စန်းချိုသည် အဆီပြင်ကြီးများ ဖုံးလွှမ်းထားသည့် ခန္ဓာကို ပိုင်ဆိုင်ထားသော်လည်း၊ သူမ၏ကြွက်သား အကြောအခြင်တွေက ငယ်စဉ်ကလိုသန်စွမ်းဆဲ ဖြစ်၏။ ရန်ပိုင်မှာ ရုန်းလေ၊ နာလေဖြစ်၍ မရုန်းဝံ့တော့။

"ဟုတ် . . . ဟုတ်၊ ဟုတ်ပါတယ် မစန်းချိုရာ အရက်အကြွေးရောင်းတဲ့ ဒေါ်ဥကိုလည်း ကျွန်တော်ရှိခိုးပါတယ်၊ ကိုသန်းဆိုင်လိုပဲ အိမ်ကမိန်းမကိုလည်း ရှိခိုးပါတယ်၊ ရှိခိုးရုံတင်မကဘူး၊ ထဘီတောင် လျှော်ပေးပါတယ်ဗျ၊ ကျွန်တော်နဲ့ ကိုသန်းဆိုင်တို့က ဘဝတူ (မယက) တွေပါ



မစန်းချို၊ လွှတ် . . လွှတ်ပါတော့ဗျာ၊ လက်မောင်းနာသွားလို့ ဆိုက်ကားမနင်းနိုင်ရင် . . မိန်းမက ဆော်ပလော်တီးမှာဗျ . . ."

ဆိုက်ကားသမားအုပ်စုကော၊ မျက်နှာချင်းဆိုင် ဈေးတန်းမှ မုန့်သည်တွေပါ စန်းချိုလက်ထဲမှာ ရှုံ့မဲ့ ညည်းညူနေသည့် ရန်ပိုင့်ကိုကြည့်ကာ ပွဲကျနေကြသည်။ သန်းဆိုင်က (မအေပေး သူခိုးသေဖော်ညို့နေမြန်ပြီ) ဟု စိတ်ထဲက ရေရွတ်လိုက်သည်။

လွန်ခဲ့သော နှစ် (၂၀) က ဘုရားကြီးမုခ်ဦးအနီးတွင် ဈေးဆိုင်ဆို၍ သန်းဆိုင်၏ ခနော်နီခနော်နဲ့ ကွမ်းယာဆေးလိပ်၊ တိုလီမိုလီမုန့်ပဲသရေစာဆိုင်ကလေး တစ်ဆိုင်သာရှိခဲ့၏။ ယခုကား . . . သန်းဆိုင်နှင့်မျက်နှာချင်းဆိုင်၊ လမ်း၏အခြားတစ်ဖက်တွင် ဈေးဆိုင်ငယ်တွေအစီအရီ ရင်ပေါင်တန်းလျက်၊ ဈေးကွက်စစ်မျက်နှာ ဖွင့်လာခဲ့ကြပြီဖြစ်လေသည်။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ခေါက်ဆွဲ/ကြာဆံအသုပ်စုံ၊ အကြော်ဆိုင် [မိန်းမလျာကြီး ကိုစစ်တင်၏မျိုးဆက်၊ မိန်းမလျာကလေးအလိမ္မာဆိုသူက ညနေ (၃) နာရီမှ၊ ည (၉) နာရီအထိ အကြော်စုံကြော်ရောင်း၏။ ကိုစစ်တင်ခမျာတော့ . . .၊ သူဝတ်ပုံစားပုံ၊ သွားဟန်လာဟန်ကို မျက်စိနောက်ပုံရသော ခွေးတစ်ကောင်ကိုက်လိုက်ရာမှ အညော်ဝင် အနာရင်းပြီး မေးခိုင်ပိုးဝင်ကာ အနိစ္စရောက်ခဲ့ရှာလေပြီ] ထို့အပြင် စာအုပ်အဟောင်း အငှားဆိုင်ကလေးတစ်ဆိုင် (အဟောင်းမြင်းဆုံး အစုတ်ပြဲဆုံး ကာတွန်းစာအုပ်များကိုသာ ရနိုင်သည်) ပါ အားဖြည့်ထားသည်။

ဆရာဝန်ကြီး ဦးလှုံ့တိတ် တမကထပြု၍ ဘုရားကြီးကို ပြုပြင်မွမ်းမံ၊ လမ်းကို ကျောက်ခင်းလိုက်ကတည်းက၊ နှစ်ပေါင်းများစွာ ဘုရားကြီးကို မေ့လျော့ထားခဲ့ကြပုံရသော ရပ်ဝေးရပ်နီး ဗုဒ္ဓဘာသာဝင်လူထုသည် ဘုရားကြီးတွင် ရွှေရောင်တဝင်းဝင်း လျှပ်စစ်မီးတလင်းလင်း တွေ့ရပြီဖြစ်၍ တဖွဲဖွဲလာရောက် ကြည်ညိုပူဇော်လျက်

www.burmeseclassic.com



ရှိကြသည်။ အလှူခံပုံးထဲသို့ ငွေအလှူထည့်ကြသည်။ ပန်း၊ ဆီမီး၊ အမွှေးတိုင်များ ဆက်ကပ်ပူဇော်ကြသည်။ အိတာလျှံကျောက်ပြားတွေ ခင်းထားသောရင်ပြင်ပေါ်တွင် ပုတီးစိပ်သူ၊ အာနပါနရှုသူတွေကို တွေ့လာရသည်။ ဘုရားကြီးအနီးတွင် သာသနိကအဆောက်အအုံသစ်တွေ၊ နတ်ကွန်းတွေလည်း အလျှိုအလျှို ပေါ်ထွန်းလာကြသည်။

ထိုကာလတွင် သန်းဆိုင် + စန်းချိုတို့၏ ကွမ်းယာဆေးလိပ် အခြေပြု ဖြုတ်စဗျင်းတောင်း ကျူလယာဆိုင်ကလေးက ခိုင်မာဖွံ့ထွားစွာ ရောင်းပန်းဝယ်ပန်း သာလွန်နေခဲ့ပြီ ဖြစ်၏။ ဆရာဝန်ကြီး ဦးလျှံတိတ်သည် သူ မကွယ်လွန်မီ၊ ဘုရားကြီးသို့ လာရာလမ်းကို သူတစ်ဦးတည်း တာဝန်ယူ၍ နိုင်လွန်ကတ္တရာခင်း (၁၈) ပေကျယ်လမ်းကြီးအဖြစ် တိုးချဲ့ပြုပြင် လှူဒါန်းသွားခဲ့သေး၏။ သို့ဖြင့် . . . ကျိုက်ဒေးယျုံဘုရားကြီး လမ်းပေါ်တွင် ဘုရားဖူးများနှင့် မြို့ခံနယ်ခံလူထု၏ မော်တော်ကားတွေ တဝီဝီ၊ မော်တော်ဆိုင်ကယ်တွေ တဖွတ်ဖွတ်၊ မြင်းလှည်းတွေ တဂျောင်းဂျောင်း၊ ဆိုက်ကားတွေ တကလင်ကလင်၊ စက်ဘီးတွေ တတီတီ၊ ထော်လာဂျီတွေ တဂွမ်းဂွမ်းဖြင့် ပွဲတော်တမျှ စည်ကားရှုပ်ထွေးလျက် ရှိတော့၏။ စိတ်ဝင်စားစရာအကြောင်းခြင်းရာ တစ်ခုရှိသည်။ ဘုရားကြီးမှ တစ်မိုင်ပတ်လည်အတွင်း၊ သန်းဆိုင်၏ကွမ်းယာဆိုင်မှတစ်ပါး အခြားကွမ်းယာဆိုင် တစ်ဆိုင်မျှ ရှိမနေခြင်း ဖြစ်သည်။ မြန်မာ့စလေ့အတိုင်း တစ်ဦးရောင်းကောင်းသော ကုန်ပစ္စည်းကို နောက်တစ်ဦးက (သမုဒ္ဒရာရေပဲ အများသောက်ရမှာပေါ့) ဟု ကြွေးကြော်ကာ ဘုရားကြီးမုခ်ဦးအနီးမှာ ကွမ်းယာဆေးလိပ်ရောင်းသူအချို့ ပေါ်ထွက်ခဲ့ဖူး၏။ ထိုဆိုင်ကလေးတွေ ကြာရှည်ရပ်တည်နိုင်ခြင်းမရှိပါ။ အရောင်းထိုင်းအရင်းပြုတ်ပြီး အားလုံးတပ်လန်နောက်ဆုတ်သွားကြရသည်သာ ဖြစ်လေသည်။

"သန်းဆိုင်နဲ့စန်းချိုက ဘုရားပေါ်က ရသေ့ကြီးကို ပူဇော်ပသပြီး အစီအရင်၊ အဆောင်အယောင်တွေ လုပ်ထားတာ၊ ရသေ့ကြီးက အဲဒီ



ပညာမှာ စွမ်းတယ်၊ သန်းဆိုင်တို့ကို သွားမတုနဲ့၊ စုတ်ပြတ်မွဲတေသွားမယ်" ဟု ဝါရင့်ဆိုက်ကားသမားကြီး ဦးခင်ညိုက ဂယနဏာမသိပါပဲ၊ မျက်မှန်းရမ်းဆပြောခဲ့ဖူးသည်ကို ကြားသိသူတိုင်းကလည်း "ခွေးစကားကျားယုံ" ဆိုဘိသကဲ့သို့ ဖြစ်နေကြတော့သည်။

xxx xxx xxx

xxx xxx xxx

အချိန်ကိုက်ထားသော နှိုးစက်နာရီက၊ နံနက် (၅) နာရီမြည်သံပေးသည်၊ သန်းဆိုင်သည် အိပ်ရာဘေးမှာ အော်မြည်မနေသော ဓာတ်ခဲနာရီကလေးမှ ခလုတ်ကို လှမ်းပိတ်လိုက်သည်။ (၅) နာရီမှာ နိုးနေကျ ဖြစ်သော်လည်း သန်းဆိုင်က (၄း၃၀) ကတည်းက ကြိုနိုးခဲ့ပြီး ထနေကျ အချိန်ကျမှ ထမည်ဆိုကာ 'နှပ်' နေခဲ့ခြင်း ဖြစ်၏။

သန်းဆိုင်ထထိုင်ပြီး လုံချည်ကို ပြင်ဝတ်သည်။ သူ့ဘေးမှာ ခြေကားယား၊ လက်ကားယား ပတ်လက်ကြီးအိပ်ရင်း တဂူးဂူးဟောက်နေသော စန်းချို၏ မလုံမလဲစိတ်ပျက်ဖွယ် ခန္ဓာကိုယ်ဇရာမကြီးကို တစ်ချက်စောင်းကြည့်ဖြစ်အောင်တော့ ကြည့်ဖြစ်လိုက်သေး၏။ (ဟင်း . . . စားတော့လည်း ခွေးစားသလို ဗိုက်ကားအောင်စား၊ အိပ်တော့လည်း အစာဝတဲ့ဝက်ကြီးလို တစ်မေ့တစ်မောအိပ်၊ ဒီလောက်အိပ်၊ ဒီလောက်စားနေမှတော့ သင်း မဝဘဲခံနိုင်ပါတော့မလား၊ ဒီကြားထဲ . . . သွေးပေါင်တက်တယ်၊ ဇက်ကြောထိုးတယ်ဆိုပြီး ဒေါက်တာတင်ဆန်းဦးဆီ သွားသွားပြနေရတာကလည်း ဂရိုးဂရိုး) ညည်းနေကျ ညည်းချင်းကို ညည်းကာ၊ သန်းဆိုင်သည် ရှုတတ်ပါလျှင် ခူး[illegible]ချင်းတောထွက် တရားအားထုတ်ချင်စိတ်ပေါက်အောင် သရုပ်ပြနှိုးဆော်နေသော တဂူးဂူးအော်မြည်နေသည့် သတ္တဝါကြီး[illegible]ကျောခိုင်း၍

www.burmeseclassic.com

www.burmeseclassic.com



ခြင်ထောင်ထဲမှ ထွက်လိုက်သည်။ မီးခိုးနံ့ရသည်၊ လျှပ်စစ်မီးပျက်နေ၍ . . . ခယ်မတော်မိထူးက မီးသွေးမီးဖိုကို မီးမွှေးနေခြင်း ဖြစ်မည်။

(၁၁) နှစ်သမီးအရွယ်တွင် အစ်မကြီးက . . . ကလေးထိန်းရအောင်ဟုဆိုကာ အဖော်ခေါ်လိုက်သော မိထူးသည် ယခုအခါ အသက် (၃၀) ကျော် အပျိုကြီးဘဝဖြင့် သန်းဆိုင်တို့၏ အိမ်ဖော်ထမင်းချက် ဖြစ်နေရှာသည်၊ စန်းချိုက ညီမအရင်းအချာကို အလှအပပြင်ပေးသည်။ ရွှေငွေလက်ဝတ်လက်စား ဆင်ပေးသည်၊ သုံးစွဲဖို့ငွေလည်း အမြဲပေးသည်၊ သို့ပါသော်လည်း . . . သူမ၏အစ်မရင်းချာ စန်းချိုကဲ့သို့ အသားကမည်း၊ မျက်နှာပေါက်ကဆိုးသည့် မိထူးအနီးသို့ ဘယ်သူကောင်းသားမှ မသီလာကြ။ အသားပြည့်ပြည့် ကိုယ်လုံးကိုယ်နေကလေးကသာ မိထူး၏ ကွတ္တိယဂုဏ်သရေကို အဖတ်ဆည်ထားသလို ရှိလေသည်။ မိထူးအလှပြင်ပြီး ရေမွှေးနံ့၊ ပေါင်ဒါနံ့ ထထောင်းထောင်းနှင့် ကွမ်းယာဆိုင်မှာထိုင်လျှင်တော့၊ ဆိုက်ကားသမားငမူး (ရင်းနှီးသူ) တချို့က . . . "ကြည်လဲ့လဲ့ဦးရေ ကွမ်းယာကို ထုံးမပေါက်ပါစေနဲ့ဟာ"၊ "ဟေး စိုးမြတ်နန္ဒာ . . . နိုင်တီတူးနဲ့ ငါးဆယ်ဖိုးပေ့" စသည် စသည်ဖြင့် မထိခလုတ် ထိခလုတ် စတတ်၊ ပြောင်တတ်ကြသည်။ သို့သော် . . . မိထူးက စန်းချိုလို အာသွက်လျှာသွက်မဟုတ်၊ နှုတ်သီးကောင်းစွာကျယ်ကျယ်လည်းမဟုတ်။ မထုံတက်သေး၊ အင်းမလှုပ်အဲမလှုပ် အရုပ်ကြီးလို ငုတ်တုတ်မဲ နေတတ်၏။ (အင်း မိထူးတော့ ဒီဘဝ လင်ရကိန်းမမြင်ဘူး) ဟု သန်းဆိုင်က ကျိတ်၍ဟောကိန်းထုတ်သည်။

မနက် (၅) နာရီခွဲမှာ သန်းဆိုင်က ရာသီမရွေး ဝတ်စုံဖြစ်သော လုံချည်ချက်ပြုတ်၊ အကျီမပါဗလာကိုယ်ထီးဖြင့် ဆိုင်ဖွင့်ခင်းကျင်းရန် အသင့်ဖြစ်နေပြီ။ သူသည် နေအိမ်နှင့် တစ်ဆက်တည်းဖြစ်သော လှေကားမှဆင်းကာ ဈေးဆိုင်နောက်ကျောတံခါးမှ သော့ကိုဖွင့်ပြီး မှောင်ရီရီဆိုင်ခန်းထဲသို့ ဝင်လာခဲ့၏။ ဦးစွာ . . . ပြတင်းပေါက်နှစ်ပေါက်ကို



ဖွင့်လိုက်သည်၊ နံနက်နေအလင်းက ဆိုင်ခန်းကလေးထဲသို့ ဖြာလင်းတဲ့ရောက်လာသည်။

"ဟာ - စာအိတ်တစ်အိတ်"

ဆိုင်မျက်နှာစာ၊ ကဲလားနှင့် ဆိုင်၏ကောင်တာဆန်ဆန် သစ်သားစင်တို့ထိစပ်ရာ၊ လက်တစ်ချောင်းစာအဟကြားမှ ပြူထွက်နေသော လေယာဉ်စာအိတ်တစ်အိတ်ကို သန်းဆိုင် သတိထားမိလိုက်သည်။ ပိတ်ထားသောစာအိတ်ဖြစ်သည်၊ စာအိတ်ပေါ်တွင် . . . "ဦးသန်းဆိုင်" ဟု ဝိုင်းစက်သောလက်ရေးကြီးကြီးဖြင့် ရေးထားသည်ကို မြင်ရသည်နှင့် သန်းဆိုင်ရင် ဒိုင်းခနဲခုန်လှုပ်သွားသည်။ ငါ့ကိုပေးထားတဲ့ . . . စာပါလား။

ဤဆိုင် ဖွင့်လှစ်ရောင်းချလာခဲ့သည်မှာ နှစ် (၂၀) ကျော်ပြီ။ ယခုကဲ့သို့ လူမသိသူမသိ စာချလာခြင်းမျိုး တစ်ခါမှ မကြုံဖူးသေး။ ထူးတော့ထူးသည်။ စာအိတ်ကိုင်ထားသော သန်းဆိုင်၏လက်ချောင်းတွေ တဆတ်ဆတ်တုန်နေကြ၏။ မင်္ဂလာဆောင်ဖိတ်စာလည်း မဖြစ်နိုင် . . .၊ သည်အရပ်က သာရေးနာရေးဖိတ်စာကို စာအိတ်ဖြင့်ထည့်ပေးရိုးမရှိ၊ အရေးတကြီးစာဖြစ်၍ သူတို့အိပ်ပျော်နေခိုက်၊ မနှိုးလိုသောကြောင့်၊ တံခါးကြားမှာ ထိုးညှပ်သွားတာလည်း ဖြစ်နိုင်ခြေရှိသည်၊ သန်းဆိုင်က အပေါ်စားစာအိတ်တစ်ဖက်စွန်းကို အလျင်စလို ဆွဲဆုတ်ပစ်လိုက်ပြီးလျှင် အထဲမှာ လေးချိုးခေါက်ထားသော အပေါ်စားဗလာစာရွက်ကို ဖြန့်ဖတ်လိုက်၏၊

မိတ်ဆွေကြီး ဦးသန်းဆိုင်

မိတ်ဆွေကြီး၏ ကောင်းကျိုးကို မျှော်ကိုး၍ စေတနာမေတ္တာ ရှေ့ထားပြီး ကြိုတင်သတိပေးလိုပါသည်။

မိတ်ဆွေကြီး၏ဇနီး မစန်းချိုသည် မြို့မဈေးကြီးအနောက်ဘက်ရှိ ကုလားလက်ဖက်ရည်ဆိုင်၌ ကုလားဒိန် လူစိမ်းတစ်ယောက်နှင့် နေ့စဉ်လိုလို နှစ်ယောက်တည်း ထိုင်နေကြသည်၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိသည်မှာ (၁၀) ရက်လောက် ကြာပါပြီ။ ကုလားဒိန်က ခပ်ငယ်ငယ်၊ ခပ်ချောချောဖြစ်ပြီး လူလည်ပန်ကာပုံပေါက်နေပါသည်။ သူတို့နေပုံထိုင်ပုံကလည်း ရိုးသားပုံမရပါ။ မစန်းချိုက ပိုက်ဆံအိတ်ထဲကနေ . . . ထိုကုလားဒိန်အား ငွေအထပ်လိုက် ထုတ်ပေးတာလည်း တွေ့ရပါသည်။ ထိုကိစ္စကို မိတ်ဆွေကြီးက အချိန်မီ တားဆီးနိုင်ရန် စေတနာကောင်းဖြင့် အသိပေး အကြောင်းကြားလိုက်ရခြင်း ဖြစ်ပါသည်။

(ပုံ) စိတ်ကောင်းရှိသော
မိတ်ဆွေတစ်ဦး

သန်းဆိုင်သည် လက်ရေးရှင်းရှင်းနှင့် ရေးသားထားသောစာကို သုံးခေါက်တိတိ ဖတ်ရှုပြီးသည်နောက် . . . သူ၏ဦးခေါင်းမှာ ပွယောင်းပြန့်ကားလာလျက်၊ သံလုံးကြီးတစ်လုံးကို သူ၏လည်ပင်းက ချိုင်းထိန်းမတ်ထားရသည့်သဖွယ် သူ၏ခန္ဓာကိုယ်က တယိမ်းယိမ်းတယိုင်ယိုင် ဖြစ်လာသည်။ (ဟင်း . . . ဒီကုလားဒိန်နဲ့ တွေ့တွေ့နေတာ ဆယ်ရက်လောက်ရှိပြီဆိုတော့၊ ဆယ်ရက်မတိုင်ခင်ကကော . . . သူတို့မတွေ့ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။ သူတို့ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ . . . ဘယ်က ကုလားဒိန်နဲ့ ဘယ်လိုများတွေ့ခဲ့ကြပါလိမ့်၊ စန်းချိုတို့အမျိုးထဲမှာလည်း ကုလားမရှိပါဘူး၊ ငါတို့အသိထဲမှာလည်း ကုလားဒိန်တစ်ယောက်မှ မရှိဘူး၊ ငါတို့ဆိုင်ကိုလည်း ဘယ်ကုလားဒိန်မှ ကွမ်းယာလာမဝယ်ဘူး၊ ဒီကုလားဒိန်ဆိုတာ ဘယ်သူလဲ . . . ) သူ့ဘာသာမေးသော မေးခွန်းများကို သူကိုယ်တိုင်ပြန်မဖြေနိုင်တော့ သကဲ့သို့ သန်းဆိုင်သည် ဦးခေါင်းကို ခါယမ်းပစ်လိုက်၏။ ထိုအခါ . . . ရှက်ပိုးထားသော လေးလံဖိစီးမှုတွေကို ခါချပစ်လိုက်ရသလို . . . သူ၏ဦးခေါင်းသည် ပေါ့ပါးကြည်လင်သွားပြန်သည်။



သူသည် အိမ်ဘက်သို့ ကျီးလန့်စာစား မျက်လုံးများဖြင့် ကြည့်ရင်း စာရွက်ကို စာအိတ်ထဲပြန်ထည့်သည်။ တစ်ဖန် စာအိတ်ကို အလိပ်လိပ်ဖြစ်အောင်ခေါက်ပြီး ပုဆိုးခါးပိုက်ထဲသို့ ထည့်သွင်းလိုက်၏။ ပြီးမှ ခါးပိုက်ထဲတွင်လုံခြုံမှု မရှိသေးဟန်ဖြင့် စာအိတ်ကို ပြန်ထုတ်ယူကာ ဆိုင်ခန်းထဲတွင် စာအိတ်ကို သိုဝှက်ရန် တောင်ကြည့်မြောက်ကြည့် မျက်လုံးကစားနေပြန်သည်။ (စန်းချိုလို ပုံဆိုးပန်ဆိုးကြီးကို ကပ်တဲ့ကောင်ဟာ၊ ကြိုက်နှစ်သက်တာ မဖြစ်နိုင်ဘူး၊ ချစားချင်လို့ ဖြစ်မယ်၊ x x x ယောက်ျားပိုင်းလုံး၊ အိမ်ကကောင်မကလည်း နေ့တိုင်းသွားနေတဲ့ဈေးကို ရှိရှိသမျှ ရွှေတွေ အကုန်ထုတ်ထုတ် ဝတ်သွားတယ် . . . ၊ x x x ကမြင်းမ . . . ) အသက်ရှူသံ တရှူးရှူးတရှဲရှဲနှင့် ဆိုင်ခန်းကျဉ်းကျဉ်းကလေးထဲမှာ ယောင်တိယောင်ကန်း ပတ်ချာလှည့်နေသော သန်းဆိုင်သည် စာအိတ်ကို ခါးပိုက်ထောင်ထဲသို့ ပြန်ထည့်ကာ၊ ခါးပုံစကို ပုဆိုးအထက်နားစ၊ သူ၏ချက်အောက်တည့်တည့်ကြားတွင် ဖိသိပ်ထိုးညှပ်၍ လုံခြုံမှုရှိမရှိ စစ်ဆေးသည့်အလား ငုံ့ကြည့်လိုက်၊ လက်ဖြင့်စမ်းကြည့်လိုက် လုပ်နေသည်။ ထိုနောက် အိမ်ဘက်သို့ အစာခိုးစားနေသည့် ကြွက်မျက်လုံးမျိုးဖြင့် စောင်းကန်းကန်းကြည့်လိုက်ပြန်လေသည်။ ဤ 'ပစ်စာ' ကို သူမှတစ်ပါး၊ အခြားဘယ်သူမျှ မတွေ့စေချင်၊ အထူးသဖြင့် စန်းချိုမတွေ့ဖို့ အရေးအကြီးဆုံး။ (သေနာမ သားတွေ လူပျိုဖြစ်လို့ သင်း ကိုယ်တိုင် အသက် ၄၀ နီးမှ ထချင် ရွှချင်လို့ကတော့ . . . ငါကိုယ်တိုင် ဓားနဲ့ခုတ်သတ်မယ် . . . ) ဟု ကျိန်းဝါးလျက်၊ စိတ်ထဲမှ တရစပ်ဆဲရင်း၊ သန်းဆိုင်သည် ဆိုင်မျက်နှာစာကဲလားတံခါးကို ဖွင့်၊ ကွမ်းယာပစ္စည်းတွေကို ခင်းကျင်း၊ မုန့်ပဲသရေစာ အထုပ်တွေကို သူ့နေရာနှင့်သူ ချိတ်ဆွဲနေသည်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက် . . . နှာခေါင်းအိုးအစုံ ပွစိ၊ ပွစိ ဖြစ်နေမှန်းကို သူကိုယ်တိုင်ပင် သတိမပြုမိ။

သူ၏အိမ်ထောင်သက်တစ်လျှောက်၊ သူ့ဇနီးငယ် မယားစန်းချို

www.burmeseclassic.com



သည် အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်လိမ့်မည်ဟု သန်းဆိုင် အိပ်မက်ထဲ၌ပင် ယောင်ယမ်း၍ မမက်ခဲ့စဖူး၊ စန်းချို၏ ရုပ်သဏ္ဍာန်နှင့် အနေအထိုင် အပြောအဆို ဟန်ပန်ဂိုက်ဆိုက်ကလည်း လော်လီဖောက်ပြားခြင်းနှင့် ဝေးကွာလွန်းလှသည်။ သို့ရာတွင် . . . ယခုအခါ စန်းချိုသည် ငွေကြေးနေကလည်း အသင့်အတင့်ရှိလာပြီ၊ စာမတတ်သော်လည်း မြို့သူမြို့သားတွေနှင့် ကြာရှည်ပွန်းတီးစွာ ဆက်ဆံခဲ့ရာမှ၊ တီဗွီ၊ ဗီဒီယိုတွေ အမျှင်မပြတ်ကြည့်ရှုရာက . . . နဂိုတောစရိုက်တွေ ကွာကျလာကြပြီး မြို့စရိုက်အလွှာသစ်တွေဖြင့် သူ့ကိုယ်သူ ဖုံးရစ်စပြုနေမှန်း သန်းဆိုင် သတိထားမိခဲ့၏။ စန်းချို့ဝတ်ပုံစားပုံ၊ ပြင်ပုံဆင်ပုံတွေက လိုတာထက် ပိုကဲပြီး "ပြင်လွန်း၍ဖင်ချွန်း" နေမှုကြောင့်၊ ရင်းနှီးသူတွေ၏ အနောက်အပြောင် အကျီအစယ်ခံနေရမှန်းလည်း သန်းဆိုင်သိသော်ငြား၊ သည်းခံခွင့်လွှတ်ခဲ့၏။ မိန်းမပဲ လှချင်ပချင်တာ သဘာဝပဲ၊ မြို့ထဲက ခေါက်ဆွဲကြော်ဆိုင်ပိုင်ရှင် တရုတ်မကြီးတောင် အသက်က (၇၀) လောက်ရှိပြီ၊ ရွတ်တွနေပြီ။ ဒါတောင် တရုတ်မကြီးက ဆံပင်အတိုကလေး ကောက်ပြီး နှုတ်ခမ်းနီ၊ ပါးနီနဲ့ အဆင်နုနုကလေးတွေ ဝတ်လို့ . . . ဟု နှိုင်းယှဉ်ဖြေသိမ့်ထားခဲ့၏။ တစ်ခါတစ်ရံတော့ . . . စန်းချိုပြင်ဆင်ချယ်သတာတွေကို စေ့စေ့ကြည့်ရင်း . . . (ကောင်မတော့ ကိုယ့်ပစ္စည်းနဲ့ကိုယ် သူများကဲ့ရဲ့စရာ ဖြစ်တော့မယ်၊ ဒေါက်ဖိနပ်တစ်ထွာလောက်ကြီးစီးတော့ နဂိုကမှ အရှုပ်ဆိုးရတဲ့ ဖင်ကောက်ကြီးက စူထွက်နေပြီ၊ ချော်လဲပြီး သွားခေါ်ကြီးတွေ ကျွတ်ထွက်စမ်းပါစေဗျား) ဟု ဒေါမနဿပွားမိတတ်သည်။

ဆိုင်ဖွင့်သည်နှင့် ကွမ်းယာဆေးလိပ် ဝယ်မည့်သူတွေ တဖွဲဖွဲရောက်လာကြ၏။ အနောက်အပြောင်စကားနှင့် နှုတ်ဆက်နေကျ၊ ဆိုက်ကားသမား ကျော်ကြီးပင် မျက်နှာကြီးအိုနေသော သန်းဆိုင်ကို သတိပြုမိကာ . . . မျက်နှာပိုးသတ်ထားလိုက်၏။ ကျော်ကြီး၏မျက်နှာ၌ (ညက မစန်းချိုနဲ့ အဆင်မပြေဘူးနဲ့တူတယ်) ဟူသော ခန့်မှန်းတွေးဆ



ချက်က ပေါ်လွင်နေသည်။

သန်းဆိုင်သည် ဝယ်သူတွေကို ရဲရဲမကြည့်ဝံ့ဘဲ၊ မျက်လွှာချ၍ ကွမ်းယာလိုက်၊ ငွေယူ ငွေအမ်းလိုက် လုပ်နေ၏။ ခါတိုင်းဆိုလျှင်တော့ သန်းဆိုင်သည် ဝယ်နေကျဖောက်သည်များကို စကားမရှိစကားရှာပြီး အရည်မရ အဖတ်မရ ပဋိသန္ဓာရပြုနေကျ ဖြစ်သည်။ မျက်လုံးတွေကလည်း ဂနာမငြိမ်တတ်။ ယခုတော့ . . . ကွမ်းယာဆိုင်ထဲမှာ စက်လူရုပ်ကြီး ရောက်နေသလားပင် ထင်မှတ်ရတော့၏။

သန်းဆိုင်ကို ဂရုတစိုက်အကဲခတ်ကြည့်ပါလျှင် . . . သူသည် မကြာခဏ (တစ်မိနစ်တစ်ကြိမ်လောက်) သူ၏ ဝမ်းဗိုက်ရှိ ပုဆိုးခါးပိုက်ထောင်ကို ငုံ့ငုံ့ကြည့်နေမှန်း တွေ့ကြရပေမည်။ ထိုသို့ကြည့်စဉ် သူ၏ မျက်လုံးသည် အလျှင်းမျက်တောင်မခတ်သည်ကိုလည်း တွေ့ရမည်။ **စင်စစ်** . . . သန်းဆိုင်အတွက် ခါးပိုက်ထောင်ထဲမှစာသည် အချိန်မရွေးထွက်ပြေးနိုင်သည့် သက်ရှိသတ္တဝါတစ်ကောင်နှင့် တူနေသည်။ အချိန်ရသည်နှင့် . . . ထိုစာကို ဘယ်နေရာမှာ သိမ်းဆည်းရမည်ဆိုသည်ကိုလည်း၊ ဈေးရောင်းရင်းကနေ . . . သူအပြေးအလွှား စဉ်းစားနေမိ၏။ အဝတ်အစားဗီရိုအောက်ဆုံးထပ်က သတင်းစာစက္ကူအောက် ထိုးထည့်ထားရကောင်းမလား . . .၊ တီဗွီထည့်ထားသည့် မှန်ဗီရိုနောက်ကျောဘက်မှာ ဝှက်ထားရကောင်းမလား . . .၊ ဘုရားစင်ပေါ်က ဘုရားကျောင်းဆောင်အောက်မှာ ထားလိုက်ရင်ကော (ဟာ - မဖြစ်သေးပါဘူး၊ ကျက်သရေမင်္ဂလာမရှိတဲ့ စာကို ဘုရားစင်ပေါ်တင်ရင် ငရဲကြီးကုန်ဦးမယ် . . .)

စာကို ဝှက်ဖို့နေရာကို စဉ်းစားသည့်နည်းတူပင် ဤ 'ပစ်စာ' ကို လာထားသည့် ကာယကံရှင် ဘယ်သူဖြစ်မလဲဆိုသည်ကိုပါ၊ သန်းဆိုင်သည် ပူထူနေသော ဦးနှောက်က အရည်ပျော်ကျမတတ် ဝေခွဲတွေးဆနေမိပြန်လေ၏။ စာအဆုံးသတ်တွင် လက်မှတ်မထိုး၊ အမည်မဖော်ဘဲ "ဝိတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရှိသော မိတ်ဆွေတစ်ဦး" ဟု နာမည်ဝှက်ထားခြင်းကပင် ပဟေဠိဆန်နေသည်။ မိမိမှာက မိတ်ဆွေကောင်းတွေကော၊ မိတ်ဆွေညံ့တွေပါ တစ်လှေကြီး ရှိနေသည်မဟုတ်လား။ ပြီးတော့ . . . သူတို့တစ်တွေကို အရေအတွက်တိတိကျကျ သတ်မှတ်လို့ကလည်းမရ . . .။ စန်းချိုကို ဈေးမှာ နေ့စဉ်တွေ့သူဟုဆိုလျှင်၊ ထိုမိတ်ဆွေသည်လည်း ဈေးသို့နေ့စဉ်ရောက်တတ်သူ ဖြစ်ရမည်။ ဈေးနောက်ကျောက ကုလားလက်ဖက်ရည်ဆိုင်အနီးအနားမှာ နေထိုင်သူလည်း ဖြစ်နိုင်သည်။ စန်းချိုက ကုလားဒိန်ကို ငွေထုတ်ပေးတာမြင်သည် ဆိုပါက . . .။ စန်းချိုက ကုလားဒိန်ကို ငွေထုတ်ပေးနေချိန်တွင် 'ပစ်စာ' ချသူမိတ်ဆွေသည် လက်ဖက်ရည်ဆိုင်ထဲမှာ ရှိနေခဲ့၍သာ ဖြစ်ရမည်။ ထိုမိတ်ဆွေသည် မိမိတို့လင်မယား၏ ရင်းနှီးသောအသိအကျွမ်းထဲက ဖြစ်ပါက စန်းချိုသည် မျက်နှာစိမ်းကုလားဒိန်နှင့် လက်ဖက်ရည်ဆိုင်ထဲမှာ အတူထိုင်ဝံ့မည်မဟုတ်။ ထိုမိတ်ဆွေသည် မိမိတို့ကွမ်းယာ အားပေးသူဖောက်သည်တစ်ယောက်လား . . .။ စန်းချိုနှင့် ကုလားဒိန်တို့ ပြောဆိုဟန်ကို ကြည့်၍၊ ရိုးသားပုံမရဟု ကောက်ချက်ချခြင်းအားဖြင့် . . ထိုမိတ်ဆွေသည် . . သန်းဆိုင် (မိမိ) ဘက်မှ မခံမရပ်နိုင်သော စိတ်စေတနာလည်း ပါဟန်ရှိသည်။ မဖြစ်သင့်တာ မဖြစ်ရအောင်၊ ကြိုတင်သတိပေးလိုပုံလည်း ရသည်။ ထိုမိတ်ဆွေသည် ဘယ်သူလဲ၊ ဘယ်သူလဲ၊ ဘယ်သူလဲ။

သူ၏တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ အသုံးမပြုရသေးသော၊ သူ၏ဦးနှောက်ထဲမှ အကန့်အလွှာ အသစ်ကျပ်ချွတ်များထဲသို့ မွှေနှောက်ထိုးဆွကာ . . . သူ့ရှေ့မှောက် ရောက်နေသော ပုဏ္ဏာကြီး တစ်ပုဒ်၏ အဖြေကို . . . သန်းဆိုင် အသည်းအသန် ဖွဲ့ထန်ထန် ရှာဖွေလျက်ရှိသည်။ သူ့မျက်နှာပြုပြုဖောင်းဖောင်းကြီးသည် နီမြန်းလျက်၊ နဖူးမှာ ချွေးသီးတွေ စို့နေ၏။ သူ့နှာခေါင်းကြီးမှာလည်း အဆီတဝင်းဝင်းနှင့် ရှုံ့ပွရှုံ့ပွ ဖြစ်နေလေသည်။



"သန်းဆိုင် . . . မင်းငါ့ကို ဒီလိုမျိုး မနောက်သင့်ပါဘူးကွာ . . ."

အိမ်နီးချင်း ကွမ်းယာဖောက်သည် ကားဒရိုင်ဘာ ကားအုံနာကြီး ဦးဘာဘူ ပျာယီးပျာယာရောက်လာခြင်း ဖြစ်၏။ သူ့လေသံမှာ စိတ်ဆိုးဟန်တော့မပါ။ သို့သော် . . . မသိမသာ ကျွဲမြီးတိုနေဟန် ရှိသည်။ ဦးဘာဘူက ကွမ်းယာထုပ်ကြီးကို သန်းဆိုင်ရှေ့၊ ကွမ်းယာခုံပေါ်သို့ ဖုတ်ခနဲ ပစ်ချလိုက်သည်။ သန်းဆိုင် ကြောင်စီစီ ဖြစ်သွားသည်။

"ဦးဘာဘူ . . . ကျုပ် ဘာ ဘာ နောက်လို့လဲဗျာ ဟင်"

"ဘာနောက်သလဲဆိုတာ သိချင်ရင် . . . မင်းကွမ်းယာတွေကို မင်းဖွင့်ကြည့် စောစောက ငါ့မြေးဗိုက်ပူကို မင်းဆီမှာ ကွမ်းအဝယ်ခိုင်းလိုက်တာ၊ ပြန်လာတော့ ခံတွင်းချဉ်တာနဲ့ ချက်ချင်းကောက်ဝါးကြည့်တယ်၊ ပေါ့ရွှတ်ရွှတ်ကြီး ဖြစ်နေတယ်၊ နောက်တစ်ယာဝါးတယ်၊ ပထမဥစ္စာ အတိုင်းပဲ၊ ဘယ်လိုကြီးဖြစ်နေမှန်း မသိဘူး၊ ဒါနဲ့ . . . မသင်္ကာတာနဲ့ ကွမ်းယာတွေ ဖွင့်ကြည့်မှ . . . တစ်ယာမှထုံးမပါဘူးဆိုတာ တွေ့ရတယ်၊ မင်းကိုယ်တိုင် ယာပေးလိုက်တာလို့ ဗိုက်ပူက ပြောတယ်ကွ . . ."

သန်းဆိုင်က ယောင်ချာချာနှင့်ပင် ကွမ်းယာတွေကို ကတုန်ကယင် ဖြေကြည့်သည်။ ဟုတ်နေသည်။ တစ်ယာမှ ထုံးဆွတ်မထား။ စိတ်ကယောင်ချောက်ချား ဖြစ်နေချိန်မို့ သည်လို မေ့လျော့ပေါ့ဆသွားတာပဲ ဖြစ်မည်။ ခွင့်လွှတ်ကြပါ။

"စိတ်မရှိပါနဲ့ ဦးဘာဘူရာ . . . ဟိုကာတွန်းစာအုပ်ထဲမှာ ရေးထားသလိုပေါ့ဗျာ၊ မှားတဲ့အခါလည်း မှားပေမပေါ့ . . . ဟဲ ဟဲ ဟဲ"

မဟာချင်သော ပါးစပ်ကို ဟ၍၊ မထွက်ချင်သော အသံကို ဖျစ်ညှစ်ထုတ်လိုက်ရ၏။ အရှုံးခံပြီး ကွမ်းယာ (၅၀) ကျပ်ဖိုး အသစ်ပြန်ယာပေးလိုက်ရသေး၏။ (ငြိုဟ်မ . . . ငြိုဟ်မ . . . စန်းချိုကြောင့် ဖြစ်ရတာ၊ နေနှင့်ဦး . . . သင်း အိပ်ရာကထမှ သိမယ်) သည် အချိန်မှာ . . . စန်းချိုက ဟောက်လို့ကောင်းတုန်းပါ။ (၈) နာရီနီးပါးကျော်မှ အိပ်ရာ

www.burmeseclassic.com

www.burmeseclassic.com



က ထမှာဖြစ်သည်။ မနက် (၄) နာရီ အိပ်ယာက ထတတ်သော ခေါင်းရွက်ဈေးသည်မကလေး စန်းချိုမှ မဟုတ်တော့ပြီပဲ။

"ဒီမယ် ကိုသန်းဆိုင်၊ ခင်ဗျားကိုယ်ခင်ဗျား ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌကြီးအောက်မေ့နေလား" ဟု ပြုံးဖြဲဖြဲပြောရင်း၊ ဆိုက်ကားသမား ရန်ပိုင်ရောက်လာပြန်သည်။ သူ့လက်ထဲတွင် တစ်ရာကျပ်တန်ငွေစက္ကူတစ်ရွက်ကို ဖြန့်လျက်သားကိုင်ထား၏။

"ဟော့ကောင် စောစောစီးစီး . . . နောက်တီးနောက်တောက်လာမလုပ်နဲ့"

"ခင်ဗျား တော်တော်ခက်တဲ့လူပဲ၊ ကျုပ် ဘာမှ နောက်တီးနောက်တောက်မလုပ်ဘူး၊ ခုနကတုန်းက ကျုပ်ဆေးလိပ်လာဝယ်တော့ ငါးရာတန်ထုတ်ပေးလို့ ခင်ဗျားပြန်အမ်းတာ ရာတန်တစ်ရွက် ပိုလာတယ်။ ရော့ . . ဒီမှာ ဒီတစ်ခါတော့ ပြန်ပေးလိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ ဆောရီးပဲနော် . . ."

ရန်ပိုင့်ကို (ကျေးဇူးပဲကွာ) ဟူသော ဘာမှအပန်းမကြီးလှသော စကားတစ်ခွန်းပင် ပြန်မပြောအား။ သူ့လည်ချောင်းထဲမှာ တစ်ဆို့လျက်အသက်ရှူကျပ်သလိုလို ယောင်မှားခံစားနေမိပြန်လေသည်။ အပူအတွေးလှိုင်းတွေ ရင်ထဲမှာ ဘောင်ဘင်ခတ်လျက်၊ ဦးခေါင်းချာချာလည်နေစဉ် ဈေးရောင်းရင်း ငွေယူငွေအမ်းအလုပ်ထဲမှာ ပုံမှန်အတိုင်း အာရုံမစိုက်နိုင်တော့ပါ။ ရန်ပိုင့်လို ခင်မင်ရင်းနှီးသူမို့ ပိုအမ်းမိသောငွေကို ပြန်ပေးခြင်းဖြစ်သည်။ ရထိုက်လို့ရတဲ့ငွေပဲဟူသော အတ္တသမားနှင့်တွေ့လျှင် . . . ငွေတစ်ရာအချောင်ဆုံးမည်။ ဒီမနက် . . . ငါငွေတွေပိုအမ်းမိတာ ဘယ်နှဦးရှိသွားပြီလဲမသိဘူး၊ ဘယ်နှဦးရှိရှိကွာ၊ ဒီဈေးဆိုင်မှာ ရောင်းချင်တဲ့စိတ်တောင် မရှိတော့ဘူး . . .၊ စန်းချို စန်းချို သူ့ရုပ်သူ့ရည် သူ့အရွယ်နဲ့ နန့်ကြောကထချင်သေးတယ်၊ ဒီကုလားဒိန်နဲ့ ဘယ်လိုကဘယ်လိုတွဲမိကြပါလိမ့် . . .၊ သူ့ကို ငွေကိုင်ရာထူးအပ်ခဲ့မိတာ နောက်ဆုံးတော့



ငွေကောလူပါ ကုလားလက်ထဲ ရောက်တော့မှာပါလား . . .။ သန်းဆိုင်သည် မျက်လုံးတွေဖွင့်ထားလျက်က စန်းချို၏ ခေတ်လွန်ပုံပျက်အလှမွမ်းမံထားသော ရုပ်သွင်ကို မြင်ယောင်ကာ၊ လက်တွေ့မျက်တွေ့အမြင်၌မူ အာရုံဘွေမှောက်နေသည်။

"ဟေး - ကိုသန်းဆိုင်၊ ခင်ဗျား မျက်မမြင် ဆွံ့အ နားမကြားဖြစ်နေပြီလား . . .။ မြန်မာဆေးဂုံခါး (၂၀) ဖိုးလို့ မှာနေတာ သုံးခါရှိပြီ။ ကျွန်တော့်ကိုမကြည့်ဘဲ ဆိုင်ရှေ့ကိုပဲ ပြူးကြည့်နေတယ်။ လုပ်ဗျာ . . . မြန်မြန်"

ဖောက်သည်တစ်ယောက်က အော်ပြောလိုက်မှ သန်းဆိုင် သတိမှန်ဝင်လာ၏။

"ဟာ . . . ကိုသန်းဆိုင်၊ ဂုံခါးထည့်ပါဆို နွယ်ချိုတွေထည့်နေပြန်ပြီ။ ခင်ဗျား ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား . . ." ဟု ဖောက်သည်ကသတိပေးပြန်သည့်အခါ၊ သန်းဆိုင်သည် ယာလက်စထဲမှ နွယ်ချိုတွေဖယ်ပြီး ရေစိမ်ထားသော ဂုံခါးမြစ်အစကလေးများကို ကွမ်းယာထဲသို့ထည့်သည်။

"နွယ်ချိုက အစာအိမ်ရောဂါကို ကာကွယ်တယ်ကွ၊ ဒါကြောင့် စေတနာနဲ့ ထည့်ပေးတာ၊ ဂုံခါးကများများစားလို့ မသင့်ဘူး။ တော်ကြာ . . မင်းမိန်းမကလေးမရဘဲ နေလိမ့်မယ်၊ ဂုံခါးကို လျှော့စားကွ . . ."

ဆရာကြီးလုပ်တတ်သော သူ့ဝသီက အလိုလိုပေါ်လာသည်။ ကွမ်းယာဝယ်သူက ကွမ်းတစ်ယာကို ပါးစပ်ထဲပစ်ထည့်လိုက်ပြီး . . .

"ခင်ဗျား ကွမ်းယာမရောင်းဘဲ ဆေးဆရာသာ လုပ်စားဗျာ၊ ကိုသန်းဆိုင် ဆေးကုစားရင်တော့ ဒီလမ်းထဲကဆရာဝန်ကလေး တင်သန်းဦး ထွက်ပြေးရမှာပဲ ဟား ဟား"

ဝယ်သူက ဟက်ဟက်ပက်ပက် ရယ်နေသော်ငြား ရောင်းသူကမရယ်နိုင်ပါ။ ဝယ်သူထုတ်ပေးသော ကျပ် (၂၀၀) တန်ကို အမှားအသွင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိအောင် အကြွေဖျက်ရင်း ထပ်တလဲလဲ မှားနေသောကြောင့် ငွေစက္ကူ ရွက်တွေကို ပိုက်ဆံပုံးထဲကနှိုက်လိုက်၊ ပြန်ထည့်လိုက်နှင့် ယောင်တီး ယောင်လည် ဖြစ်နေတော့၏။ ဝယ်သူက စောင့်ရတာစိတ်ရှည်ပုံမရ။

"အကြွေမရှိလည်း နောက်မှယူဗျာ၊ ကျပ် ၂၀၀ တန်ပြန်ပေးလိုက်၊ ကျုပ်တခြားဝယ်စရာရှိသေးတယ်ဗျ ကိုသန်းဆိုင် . . ."

"မင်းအမေ့လင် . . .၊ လောမနေစမ်းပါနဲ့ကွ ရမှာပေါ့"

ပြန်အမ်းငွေကို ဆောင့်ကြီးအောင့်ကြီး ပေးလိုက်ပြီးနောက် သူ ကွမ်းယာထိုင်ရောင်း၍ မရနိုင်လောက်အောင် စိတ်ယောက်ယက်ခတ်နေ ပြီလို့ အတွင်းစိတ်က နှိုးဆော်သတိပေးလာသည်။

(ငါ . . . ဒီလိုတစ်ခါမှ မဖြစ်ဖူးခဲ့ပါဘူး . . . ဈေးရောင်းရတာ အလွဲလွဲအချော်ချော်ချည်းပဲ . . .)

သန်းဆိုင်သည် အိမ်ပေါ်ရှိ သားအငယ် ပြည့်ဖြိုးအောင်ကို လှမ်း ခေါ်ကာ ကျောင်းချိန်ဝေးသေး၍ ကွမ်းယာရောင်းဖို့ လက်လွှဲလိုက်၏။ သူက အိမ်ပေါ်သို့ လူမမာကြီးလို လေးလေးနွဲ့နွဲ့လှမ်းတက်လာကာ သူတို့ အိပ်ခန်းမှ ခန်းဆီးလိုက်ကာကို အသာဖယ်၍ အထဲသို့မဝံ့မရဲ ချောင်း ကြည့်၏။ အိပ်ပျော်နေသော ကိုယ့်ဇနီးကို အခန်းဝကနေ တစေ့တစောင်း ချောင်းကြည့်တာမျိုး၊ သန်းဆိုင်၏အိမ်ထောင်သက်တစ်လျှောက် ခု တစ်ကြိမ်က ပထမဆုံးအကြိမ်ဖြစ်နေသည်။

နိုင်လွန်ဇာခြင်ထောင် ပါးပါးကလေးဖြစ်ပြီး အိပ်ခန်းမီးမှိန်မှိန် ကလေးထွန်းထားသဖြင့် ခြင်ထောင်ထဲမှ စန်းချိုကို သဲကွဲစွာမြင်တွေ့ခွင့် ရသည်။ စန်းချိုသည် ဘယ်ဘက်သို့ စောင်းကာ၊ ဖက်ခေါင်းအုံးကို ညာခြေ ဖြင့် ခွထားသည်။ ထဘီအောက်နားစမှာ ဒူးကောက်ကွေးအထက်နား အထိ လန်တက်နေရာ၊ တုတ်ခဲတစ်ရစ်သည့် ခြေသလုံးညိုညိုကြီး အစုံ သည် လူခြေထောက်နှင့်မတူဘဲ မီးကျွမ်းကာစ အသားကင်ကြီး နှစ်တုံးနှင့် သာတူနေတော့သည်။ (တွေ့ကြသေးတာပေါ့ စန်းချိုရာ . . .) စိတ်ထဲမှ



ကြုံးဝါးရာက ခါးပိုက်ထောင်ကို ဆုပ်ကိုင်မိပြန်၏။ သည်စာကို ဘယ်မှာ ဝှက်ရမှန်း ခုထိ စဉ်းစားမရသေး။

အိမ်သာတက်ရန် မီးဖိုခန်းထဲ ဝင်လာစဉ် နံနက်ပိုင်းအဆာပြေ စားကြရန် ထမင်းကြော် ကြော်နေသော ခယ်မ မိထူးအနီးမှ ဖြတ်လာရ၏။ ဒယ်အိုးထဲမှ ဆီညှော်နံ့ကို သန်းဆိုင်မရှူမိ။ မိထူးခန္ဓာဆီမှ 'ရွှေပြည်နန်း' သနပ်ခါးခဲနံ့ကိုသာ အမှတ်မထင် ရှူလိုက်မိသည်။ သင်းတို့ ညီအစ်မ တွေက ရုပ်တွေသာအကျည်းတန်တာ အလှအပအမွှေးနံ့သာတော့ ကြိုက်မှကြိုက် . . .၊ မိထူးဆို မိုးမလင်းသေးဘူး ရေချိုးပြီး ဖီးလိမ်း ဝတ်စားပြီးပြီ၊ အလှပြင်ပြီးမှ မီးဖိုချောင်ထဲ ဝင်တဲ့ကောင်မ . . .။

အိမ်သာဝရောက်မှ ဘာဆန္ဒမှ ပေါ်မလာသည်နှင့် သန်းဆိုင် အိမ်သာထဲမဝင်ဖြစ်တော့ဘဲ ယောင်နနကြောင်အအဖြင့် မီးဖိုချောင်ဘက် ပြန်လျှောက်လာသည်။ မိထူးက သန်းဆိုင်ကို တစ်ချက်စွေကြည့်သော် လည်း သန်းဆိုင်မှုပျက်နေဟန်ကို ရိပ်စားမိပုံ မရပါ။ ထုံးစံအတိုင်း ခယ်မနှင့်ခဲအိုတို့ စကားစမြည်လည်း မပြောကြပါ။ မိထူးက စကားနည်းရ သည့်အထဲ သန်းဆိုင်ကလည်း ငယ်မွေးခြံပေါက် ခယ်မကို အပျိုမဖြစ်မီ ကတည်းက သူစိမ်းတစ်ရံဆံလို ခပ်တန်းတန်းနေလေ့ရှိ၏။ သည်မနက် တော့ သန်းဆိုင်သည်မိထူးကို ကြည့်လိုက်ရင်း (နင့်အစ်မကြီး ဘာတွေ ဇာတ်လမ်းရှုပ်နေသလဲဆိုတာ သိချင်ရင် ဒီစာသာဖတ်ကြည့်တော့) ဟု ပါးစပ်မှ ထွက်လုဆဲဆဲဖြစ်ရင်း၊ ခါးပိုက်ထောင်ကို စမ်းမိလေသည်။ ပြီးမှ . . . ဟီးခနဲပင့်သက်ရှိုက်သည်။ ဟီး . . . ငါ တော်းပဲ၊ မိထူးက စာတစ်လုံး မှတတ်တာမဟုတ်ပဲ . . .၊ စာတတ်လည်း သင်း အစ်မ ချောက်မ ထားတာ အသိပေးလို့မဖြစ်ပါဘူးလေ။

XXX XXX XXX

XXX XXX XXX

www.burmeseclassic.com



ရင်ဘတ်တွင် BULL ဟူသော အနီရောင်စာလုံးဒီဇိုင်းပါရှိသော အနက်ရောင် ဆွယ်တာလက်ရှည်အကျီကြီးကိုဝတ် (ထိုဆွယ်တာကို စန်းချိုက လမ်းဘေးမှာပုံရောင်းသော 'ဖျာပုံ' သည်ထံမှ ဝယ်ပေးခဲ့ခြင်း ဖြစ်၏) ဆောင်းရာသီသုံး သိုးမွေးခေါင်းစွပ်အညိုရောင်ကြီးကို နားရွက်တွေ ဖုံးအောင်စွပ်လျက်၊ အိမ်ရှေ့ခန်း ကြိမ်ထိုးဆက်တီကုလားထိုင်ပေါ်မှာ လူလိုသူလိုမထိုင်ဘဲ၊ ကြိမ်ခင်းပေါ် ဆောင့်ကြောင့်တက်ထိုင်ကာ ဒူးနှစ်လုံးကို အားပြု၍ လက်မောင်းနှစ်ဖက်တင် ဦးခေါင်းကိုလည်း တင်ထားသည့် မလှုပ်မယှက်ပုံဟန် ဖြစ်နေသော သန်းဆိုင်အား အိပ်ခန်းထဲမှ ထွက်လာသည့် စန်းချိုက ထဘီစွန်တောင်ဆွဲထားရင် မို့အစ်နေသော မျက်ခွံထူကြီးတွေကို ပင့်၍ မျက်လုံးပြူးကြည့်၏။

"ဟင် သန်းဆိုင်၊ နင်ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား" ဟု အိပ်ရာထစအသံအက်ကြီးနှင့် မေးသည်ကို သန်းဆိုင်က မကြည့်ဘဲ မျက်လွှာချ၍ ခေါင်းညိတ်ပြသည်။ "ညသန်းခေါင်အထိ နင် အကောင်းကြီး ရှိပါသေးတယ်ဟာ. . .၊ ခုမှ. . . ဘယ်လိုဖြစ်ရတာလဲ"

အပြစ်တင်သံပါပါကလေးပြောပြီး စန်းချိုသည် ထဘီဘိုသီ တက်သီနှင့် ကိုယ်လုံးကြီးတလှုပ်လှုပ်နှင့် မီးဖိုချောင်းဘက် ရွေ့လျားသွားသည်။ စန်းချို၏ နောက်ကျောကို လှမ်းကြည့်ရင် [သေနာ့မ. . .၊ နေမကောင်းဘူးဆိုတာတောင် နဖူးကလေးဘာလေးလာစမ်းဖော်မရဘူး၊ ဟင်း . . . ကုလားဒိန့်ဆေးမိနေပြီလားမှ မသိတာ] ဟု စိတ်ထဲမှ မြည်တမ်းကျိန်ဆဲလိုက်၏။ ခါတိုင်းလည်း သန်းဆိုင်အပရိကနေထိုင်မကောင်းဖြစ်လျှင် စန်းချိုက လင်သည်ကို အားပေးနှစ်သိမ့်ရာရောက်အောင် တောင်စမ်း၊ မြောက်စမ်း ဟိုကိုင်သည်ကိုင် လုပ်လေ့လုပ်ထ မရှိ။ ဘာဆေးဝယ်သောက်လိုက်. . .၊ ဒေါက်တာတင်ဆန်းဦးဆီသွားပြပါလားဟဲ့. . .၊ မိထူး ကွမ်းရွက်ပြုတ်ပေးလိုက်စမ်း ကွမ်းရွက်ပြုတ်ရည်နဲ့ ဆရာမောင်ဆေးနီမှုန့်သောက်. . . စသည်ဖြင့်သာ ကရုဏာသံ မဖက်ဘဲ အမိန့်



ဆန်ဆန်သာ ညွှန်ကြားလေ့ရှိသည်ကို သန်းဆိုင် မေ့နေ၏။

သူသည် ကုလားထိုင်ပေါ်မှ ဆင်းလိုက်ပြီး ကော်ဇောခင်းကြမ်းပေါ်တွင် လက်နောက်ပစ်၍ ကရွတ်ကင်းလျှောက်၊ လျှောက်နေမိသည်။ လျှောက်နေရာက အမှတ်မထင် ရွှေရောင်ဝင်းဝင်းပြက်နေသော မြတ်စွာဘုရားကျောင်းဆောင်ငယ်ကို မော့ကြည့်ဖြစ်သည်။ သည်ဘုရားကျောင်းဆောင်နှင့် ကြေးသွန်းဆင်းတုတော်တို့ကို ဝယ်ယူပူဇော်သူမှာ စန်းချိုသာပဲ ဖြစ်လေသည်။ ဘုရားစင်မှာ ပန်းတွေမညှိုးမနွမ်း အမြဲတမ်းစိုပြည်လန်းဆန်းအောင် ထာဝရ ဂရုစိုက် ဆက်ကပ်ကိုးကွယ်နေသူမှာလည်း စန်းချိုသာဖြစ်၏။ ဆွမ်းရေချမ်း၊ ဆီးမီးတို့သည်လည်း ဘုရားစင်မှာ မပြတ်မလပ်စေရအောင် ဂရုမမှုပြုနေသူကလည်း စန်းချိုမှ စန်းချိုသာဖြစ်ဘိတော့သည်။ [အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိန္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ. . . အိမ်သူကျင့်အပ်စွာ . . . တဲ့၊ ငါ့အဖေဘုန်းကြီး လူထွက်ကြီး ရွတ်လေ့ရှိပါပကောလား. . .၊ ခုတော့. . . အရှင်ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်မြတ်ကြီး စန်းချိုက မိန္တာကိုမကြဉ်ရှောင်တော့ပါဘူး ဘုရား. . .]

ဘုရားစင်ကို မော့ကြည့်နေရာက သန်းဆိုင်သည် ဦးခေါင်းကို ဆတ်ခံနဲ ငိုက်ချလိုက်သည်အခါ ဘယ်အချိန်က စို့ရိစ်ခိုတွဲနေမှန်းမသိသော မျက်ရည်တစ်ပေါက်သည်။ ကြမ်းခင်းဖယောင်းကော်ဇောပေါ်သို့ ဖောက်ခနဲ အသံထွက်အောင် ကျရောက်သွားသည်။ သတိဝင်လာပြီး သန်းဆိုင်က အကျီလက်ဖြင့် မျက်လုံးတွေကို ပွတ်လိုက်၏။ [တောက် . . .] ဒီ×××မျက်ရည်က ဘယ်ကရောက်လာရတာလဲ. . . ဟု အတွင်းကျိတ် ရေဝါပြန်သည်။

"ဟဲ့ သန်းဆိုင် ဘုရားစင်ရှေ့မှာ ဘာလို့ တောက်ခေါက်နေတာလဲ၊ တောက်ခေါက်စရာ နေရာရှားလို့လား ဟဲ့. . ."

အိမ်သာမှ ပြန်လာသော စန်းချိုက ရေမစင်သော ဘယ်လက်ကို

www.burmeseclassic.com

www.burmeseclassic.com



ထဘီတင်ပါးမှာ ပွတ်ရင်း စူစွာစွာ ငေါက်လိုက်သည့်အခါ သန်းဆိုင် လန့်ဖျပ်ငေးကြောင်သွား၏။ ဘာပြန်ပြောရမှန်းလည်း မသိ။ ယောင်တန်းကန်းဖြင့် စန်းချိုကို လှည့်ကြည့်ရင်း စိတ်ကူးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

"နေရာရှားလို့မဟုတ်ဘူးဟ. . .၊ တောင်တွေးမြောက်တွေးနဲ့ ငါ့ဆီက ကွမ်းယာအကြွေးစားသွားပြီး ကြွေးလာမဆပ်တဲ့ ကုလားဒိန်တစ်ကောင်ကို သတိရလို့ ဒေါသထွက်ရင်း အလိုလို တောက်ခေါက်မိတာ" ဟု ပြောကာ၊ စန်းချို၏ မျက်နှာအမူအရာကို မရဲတရဲ အကဲခတ်သည်။ စန်းချိုက ဘာမှထူးထူးခြားခြား ခံစားရပုံမပြ။

"ဘယ်ကကုလားဒိန်လဲ. . .၊ ငါတို့ဆိုင်မှာ ကွမ်းယာစားတဲ့ ကုလားဒိန် မရှိပါဘူး သန်းဆိုင်ရာ. . ."

"ဟို ကွက်သစ်ချောင်ထဲက ဒန်အိုးပေါက်ဖာတဲ့ ကုလားဒိန်ဟာ နင်မသိပါဘူးစန်းချို၊ မနှစ်က သူများမယား ကြာခိုလို့ အရိုက်တောင်ခံလိုက်ရသေးတယ်"

သန်းဆိုင်၏ စကားလုံးတွေက စန်းချို၏ နားထဲသို့ပင် ဝင်ရောက်နိုင်စွမ်းရှိပုံမရပါ။

စန်းချိုက သန်းဆိုင်၏စကားများကို နားလည်းမလည်။ နားလည်လျှင်လည်းအမှုမထားဟူသော အကြည့်မျိုးဖြင့် ကြည့်ပြီး လှည့်ထွက်သွားသည်။ သန်းဆိုင်သည် မခံချိမခံသာ ခံစားမှုဖြင့် တုန်တုန်ရီရီ ဖြစ်လာပြန်သည်။ [တော်တော်ဟန်ဆောင်ကောင်းတဲ့ ပခြုပ်သည်မ. . .] ရပ်နေရာမှ မူလက ကြိမ်ဆက်တီမှာ ပခုံးကျုံ့လက်ပိုက်ပြီး မှိုင်တွေတွေကြီးသွားထိုင်နေပြန်၏။ စန်းချိုနဲ့ ကုလားဒိန်နဲ့ အဆက်ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲမသိဘူး. . .၊ ကောင်မက ငွေအထပ်လိုက် ထုတ်ပေးနေပုံထောက်ရင် ကြာပြီနဲ့တူတယ်. . .၊ ညဘက် သူ့ညီမ မိထူးကိုခေါ်ပြီး မြို့ထဲက ရုပ်ရှင်ရုံမှာ ည (၉) နာရီပွဲ ရုပ်ရှင်သွား သွားကြည့်



တာကလည်း ယုံလို့မရဘူး၊ ကုလားဒိန်နဲ့ တစ်နေရာရာမှာ ချိန်တွေ့ချင်တွေ့နေမှာ၊ မိထူးက သူ့အစ်မသြဇာခံပဲ၊ စန်းချိုဘာလုပ်လုပ် ပြောဝံ့မှာမဟုတ်ဘူး၊ စန်းချိုက အာဏာနဲ့ နှုတ်ပိတ်ထားလိုက်ရင် သူ့ပါးစပ်ကို အပ်ချည်နဲ့ချုပ်ထားလိုက်သလို. . .၊ ရေငုံနှုတ်ပိတ်ဖြစ်သွားမှာပဲ. . .။

စိတ်အတွေးတွေ ဂနာမငြိမ် မွှန်းလျှောင်နေသည့်ကြားမှ သန်းဆိုင်သည် နေမကောင်းချင်းယောင် ဆောင်နေသည့် ဝဋ်ဒုက္ခဒဏ်ကို အလူးအလဲ ခံစားနေရသေး၏။ ခါတိုင်း အကျႌချွတ်နှင့်နေတတ်သည့်သူက ဆွယ်တာကြီးဝတ်ပြီး ခေါင်းစွပ်စွပ်ထားသည့်အခါ နွေခေါင်ခေါင် ခြင်ထောင်ထဲမှာ စောင်ခေါင်းမြီးခြုံထားရသည့်သဖွယ်၊ ပူစပ်လောင်မြိုက်လျက် ရှိတော့သည်။ မထွက်ချင်ဘဲ တရဟောထွက်အန်လာသည့် ချွေးတွေက သူ့တစ်ကိုယ်လုံးမှာ သံပူရည်တွေ ဆွတ်ဖျန်းနေသကဲ့သို့ ရှိလေသည်။ အင်းငယ်ငယ်က ကျောင်းမတက်ချင်လို့ နေမကောင်းချင်ယောင်ဆောင်ရင် ကျောင်းလည်းမသွားရဘူး၊ အိမ်မှာ မာတ်စာဟင်းကောင်းကောင်းလည်း စားရတယ်၊ ခုတော့ ငရဲမှ ငရဲပဲဟေ့. . .ဟု သန်းဆိုင် ငုံးဆူလူမသိကျိတ်ညည်းညည်းနေမိ၏။ သည်လို ဟန်မလုပ်လို့လည်း မဖြစ်၊ သူ၏လျှို့ဝှက် အကြံအစည်အရ. . .၊ လူမမာဟန်ပြထားမှ ယုတ္တိရှိမည်မဟုတ်လား. . .။

"ဟဲ့. . . သန်းဆိုင်၊ နေမကောင်းဘူးဆိုပြီး ငုတ်တုတ်ကြီးထိုင်မနေနဲ့လေဟာ၊ ဒေါက်တာတင်ဆန်းဦးဆီ သွားပါလား. . .၊ ခုနေသွားမှ သူ့ကိုမီမှာ၊ (၉) နာရီဆိုသူက ဆေးရုံသွားတော့မှာ. . .၊ နင်ရောဝါရပုံလည်း ဆန်းမှဆန်း. . .၊ ညကဖြင့် လန်းလန်းဆန်းဆန်း ဆင်တီတောင် လည်ပင်းညှစ်သတ်မယ့် ပုံစံမျိုးနဲ့. . .၊ ခုမှပဲ ကောက်ကာ ငင်ကာရောဂါရသတဲ့"

ရေချိုးပြီး အိမ်ပေါ်တက်လာသော စန်းချိုက မြည်တွန်တောက်တီး ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"မနက်မိုးလင်းလို့ အိပ်ရာထပြီး ဆိုင်ဖွင့်မယ်လုပ်ကာမှ အဖျား ဝင်လာတာဟ. . .၊ နင်ဘာသိလို့လဲ"

ဒေါသကို ချုပ်တည်း၍ အသံကို ထိန်းအော်လိုက်ရာ၊ အသံကကွဲ အက်အက်ဖြစ်နေ၍ လူမမာသံနှင့် ပို၍ တူသယောင်ယောင် ဖြစ်သွားလေသည်။ မကြာမီ အခန်းထဲမှ စန်းချို၏ သနပ်ခါးသွေးသံ တကျိုးကျိုးကို ကြားလာရသည်။ [ဟင်း. . .၊ ကိုရွှေကုလား ရွှေဘောတော်ကျအောင် မွှန်နံ့သာခြယ်ကာ သတော့မယ်. . .၊ ရေမွှေးတွေလည်း ဆွတ်ပြပါလိမ့်မယ်ဗျား၊ ဝက်ပါးစပ်လို နှုတ်ခမ်းထော်ထော်ကြီးကိုလည်း မျောက်ဖင်နီဖြစ်အောင် နှုတ်ခမ်းနီတွေ ရဲပတောင်းခတ်အောင် ဆိုးပါလိမ့်ဦးမယ်၊ သေနာမ] ဟု စိတ်ထဲကနေ၊ စိတ်ရှိလက်ရှိ ကျိန်ဆဲမိသည်ကတခြား၊ နှလုံးသားနာကျင်ပူလောင်နေရသည်က တခြားဖြစ်ကာ၊ သန်းဆိုင်၏ မျက်နှာကြီးသည် သောကနှင့် ဒေါသနသဿအပြင်. . .၊ စိတ်ရှုပ်ထွေးနောက်ကျူခြင်းတို့ဖြင့် ပုံယွင်းရှုံ့မဲ့နေသည်။

"သန်းဆိုင်. . .၊ ဆရာဝန်ဆီသွားတော့လေ" ဟု ခန်းဆီးနောက်ကနေ၊ စူစူစွာစွာ အသံထွက်လာသည်။

"ဒီအဖျားလောက်နဲ့ ငွေကုန်မခံဘူးဟေ့၊ ဒီလောက်ကလေးဖျားရုံနဲ့ သေချင်လည်း သေပစေ၊ ငါသေလည်း နင့်အတွက် ဘာမှ နောက်ဆံတင်းစရာမလိုဘူး" ဟု ဘုဂလန့် (ကန့်လန့်) စကားလိုလိုနှင့် သွယ်ဝိုက်ပြီး စောင်းပါးရိပ်ခြည်ကလိ ကြည့်လိုက်၏။

"ရတယ်ဟေ့၊ ရတယ်၊ င့ါအတွက် နင်ဘာမှ နောက်ဆံတင်းစရာ မလိုဘူး၊ နင်သေသွားလည်း ငါသားနှစ်ယောက်နဲ့ ငါလုပ်ကိုင်စားသောက်တတ်တယ်၊ နင်သေသွားရင် ကောင်းတာတော့ အနည်းဆုံး. . . အိမ်မှာ တစ်နေ့ကို ဆန်နို့ဆီဘူး သုံးလုံးသက်သာသွားမှာပဲ သန်းဆိုင်"

အခန်းထဲက တုံ့ပြန်သံကိုကြားသော် သန်းဆိုင် ထိုင်ရာမှ ဒေါက်ခနဲထထိုင်မိတော့မလို ဖြစ်သွားသည်။ [ကြည့်စမ်း၊ ဒါ. . . အိုးရွဲ့ကို



စလောင်းရွဲ့နဲ့ ဖုံးလိုက်တာပဲ၊ ငါကသေမှာ မဟုတ်ဘူး၊ နင်နဲ့ နင့်ကုလားဒိန်ကိုသာ နှစ်လောင်းပြိုင် သင်္ချိုင်းရောင်အောင် ငါကိုယ်တိုင် ပို့မှာ] ဟု စိတ်ထဲက ကြုံးဝါးစဉ်၊ ဘုရားစင်ကို ကြည့်မိလျက်သားဖြစ်ကာ၊ လိပ်ပြာမလုံသလို၊ သရိုးသရီ ခံစားလိုက်ရ၏။

"အေးပါ စန်းချိုရာ၊ အေးပါ. . . နင် င့ါကို ဘာကြောင့် သေစေချင်လဲဆိုတာကို ငါရိပ်မိပါတယ်" ဟု တစ်ဘက်လှည့်စကားနှင့် ဆွကြည့်လိုက်ပြန်သည်။

"သန်းဆိုင်×××စကားရှည်မနေနဲ့၊ ဆေးခန်းသွားမှာသွား၊ တော်ကြာ နင့်ပထွေး ဆရာဝန်က ဆေးရုံထွက်သွားဦးမယ်" ဟုသော စန်းချို၏ အော်သံက တစ်အိမ်လုံး တုန်ခါသွားစေလောက်အောင် ကျယ်လောင်မြည်ညံသွားသည်ဟု မှတ်ရပါသည်။ ခွန်းတုံ့မပြန်တော့ပါဘူးဟု စိတ်ကို ထိန်းကြည့်သော်လည်း မရပါ။ သန်းဆိုင်လည်ချောင်း သံအစ်အစ်ဖြင့် ပြန်အော်ဖြစ်၏။

"ဒီမြို့မှာ ဆရာဝန်ဆိုလို့. . . တင်ဆန်းဦးတစ်ယောက်တည်းရှိတာမဟုတ်ဘူးဟေ့"

xxx xxx xxx
xxx xxx xxx

နံနက် (၈) နာရီခွဲလောက်တွင် ယခင်နေ့များအတိုင်း စန်းချိုသည် သနပ်ခါးအဖွေးသား၊ အဝတ်အစား အဖိုးတန်တပြောင်ပြောင် တလက်လက် ရွှေတဝင်းဝင်းဖြင့် ဈေးသွားရန် ကြော့ကြော့မော့မော့ကလေး အသင့်ဖြစ်နေသည်။ ဆံထုံးမရှိဘဲ၊ တိုနံ့နံ့ကောက်ထားသော ဆံပင်မှာ၊ ခေါင်းရင်း၌ သူကိုယ်တိုင် စိုက်ထားသော သနပ်ခါးပန်းပင်မှ သနပ်ခါးပန်းဝါရွှေရွှေတစ်ခက်ကို ပန်ထားရာ အဆီအငေါ်မတည့်လှဘဲ အရှုမဝန်

www.burmeseclassic.com



ပန်ထားသည်နှင့် တူနေသည် (ဟု. . . သန်းဆိုင်မြင်မိ၏။) . . . ဒီလို ကြီးကို ကုလားဒိန်က ကြိုက်မှာမဟုတ်ဘူး၊ သင်း လည်ပင်းက ငါး ကျပ်သား ဆွဲကြိုးကြီးရယ် ကြံဆစ်လက်ကောက်တွေရယ်ကိုသာ ခွေးသား ကမျက်ဆိကျနေမှာ. . .။

စန်းချိုသည် သန်းဆိုင်ရှေ့မှ အိပွဲ အိပွဲ ဖြတ်လျှောက်ကာ အိမ်ရှေ့သို့ ဆင်းသွားသည်။ စန်းချိုက သန်းဆိုင်ကို ဖုတ်လေသည့် ငါးပိ၊ ရှိလေသည်မထင်ဟန် ဘာသိဘာသာ ထွက်သွားသော်လည်း၊ သန်းဆိုင်က မျက်လုံးပြူးကြီးများဖြင့် မျက်စိတဆုံး လိုက်ကြည့်နေ၏။ သူ့လက်တစ်ဖက်ကလည်း "ပစ်စာ" ရှိရာ၊ ခါးပိုက်ထောင်ကို မိမိရရ ဆုပ်ကိုင်ထားမိလျက်သား ရှိ၏။ [ကဲ. . . ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ ကြသေးတာပေါ့. . .] အံတစ်ချက်ကျိတ်ကာ သန်းဆိုင်သည် အိပ်ခန်းထဲ သို့ ကပျာကသီ ဝင်ခဲ့သည်။

အိပ်ခန်းထဲတွင် ဟန်ဆောင်ဝတ်စုံကို ကမန်းကတန်း ချွတ်ပြီး၊ ပုဆိုးအသစ် အင်္ကျီအသစ်လဲဝတ်သည်။ အညိုစား ဂျင်းဂျက်ကက်ကြီး ကို သတိတရ ထုတ်ဝတ်သည်။ (ဒါလည်း စန်းချိုကိုယ်တိုင် စတိုးဆိုင်က ဝယ်လာပေးခြင်း ဖြစ်ပါသည်) အညာထည် မာဖလာကြီးကိုလည်း ခေါင်းပေါင်း ပေါင်းသလို ဦးခေါင်းမှာ ရစ်ပတ်လိုက်ပြန်၏။ (ရုတ်တရက် . . . စန်းချို မမှတ်မိအောင် ဒီလိုပုံဖျက်ထားမှ. . ) မှန်ထဲမှာ သူ့ပုံသူ ကြည့်ပြီး၊ စိတ်သောကတွေကြားထဲကနေ. . . ပီတိအကြည်ဓာတ်ကလေး က၊ ဟဒယနှလုံးမှာ ဖျတ်ခနဲ ပေါ်လာသေး၏။ တစ်ဖန်. . . သားနှစ် ယောက်၏ အိပ်ခန်းထဲဝင်ပြီး အလွယ်တကူထားတတ်သည့် သားအကြီး ၏ ရွှေကိုင်းနေကာမျက်မှန်ကို တပ်ဆင်လိုက်ပြန်သည်။ တပ်နေကျမဟုတ် ၍ အမြင်အာရုံက ဝါးတားတား နောက်ကျိကျိဖြစ်သွားသည်။ ခဏနေမှ . . .. အမြင်ကြည်သလိုလို ရှင်းသလိုလို ထင်လိုက်မိသည်။

သန်းဆိုင်မီးဖိုချောင်ထဲသို့ ဝင်လာခဲ့သောအခါ ထူးထူးခြားခြား



ပုံဟန်သွင်ပြင် ပြောင်းလဲနေသော သန်းဆိုင်ကို ကြည့်ပြီးငရုတ်သီး ထောင်းနေသည့် မိထူးသည် အလန့်လန့်အဖျပ်ဖျပ် ဆတ်ခနဲထရပ်လိုက် သည်။ သူမ၏ နဂိုပြူးသောမျက်လုံးတွေက ပိုပြူးနေပြီး ပါးစပ်ပေါက်က အစာတောင်းနေသော တိရစ္ဆာန်တစ်ကောင်၏ ပါးစပ်ကဲ့သို့ ဟပြနေ၏။ မိထူး၏ ညီညာသော သွားတွေကတော့ ဖယောင်းတုံးကလေးတွေလို ဖြူလဲ့နေကြသည်။

သန်းဆိုင်က. . . သူမျက်နှာပြကြီးနှင့် အံမကိုက်လှသော နေကာ မျက်မှန်ကို နေရာအနေအထားပြင်လိုက်သည်။

"မိထူး၊ ငါကောင်းကောင်းနေမကောင်းဘူး၊ မျက်စိလည်းနာချင် သလိုဖြစ်နေလို့ မြို့ထဲက (သစ္စာမေတ္တာ) အထူးကုဆေးခန်းကို သွားပြမယ် သားငယ်ကျောင်းချိန်နီးရင်. . . နင်ဆိုင်မှာ သွားထိုင်လိုက်၊ ကြားလား"

"အင်း. . ."

မိထူးက (အင်း) တစ်လုံးတည်းပြောပြီး ပြန်ထိုင်သည်။ မိထူး၏ စကားပြောအဘိဓာန်တွင် (ဟုတ်ကဲ့၊ ဟုတ်ကဲ့ရှင့်၊ ဟုတ်ကဲ့ပါ) ဆိုသော ဝေါဟာရတွေ မပါရှိ။ (အင်း) တစ်လုံးသာရှိ၏။ ဘုန်းကြီးရဟန်းနှင့် စကား ပြောရာတွင်လည်း မိထူးထံမှ (တင်ပါဘုရား၊ မှန်ပါဘုရား) တွေ ထွက်လာ မည်မဟုတ်။ (အင်း. . .) ပဲ။

ဘုရားကြီးမုခ်ဦးဝအနီးရှိ ဆိုက်ကားဂိတ်သို့ သန်းဆိုင် ကပျာကသီ လျှောက်လာသောအခါ၊ ဆိုက်ကားဂိတ်တွင် နောက်ပြောင် သံတွေ စီစီညံသွားလေသည်။

"ဟား. . . ဒီဗိုင်းက မိုက်တယ်ဟေ့"

"ရော့. . . ဒီဦးထုပ်ဆောင်းလိုက် ကိုသန်းဆိုင်၊ ဒါမှ ဆားပုလင်း နှင်းမောင်နဲ့တူသွားမှာ. . ."

"ဟေ့လူကြီး၊ ကျုပ် ဂျင်းဂျက်ကက်ငှားထားတာ ပြန်ပေးဦး လေ. . ."

www.burmeseclassic.com

www.burmeseclassic.com



သန်းဆိုင်က အားလုံးသော အနောက်အစတွေကို ဥပေက္ခာပြုလိုက်ကာ. . .၊ ဆိုက်ကားနံပါတ် (၁၉၂)ဆီသို့ လျှောက်သွား၏။ အလှည့် ကျ စနစ်အရ. . .၊ အရင်ဆုံးထွက်ရန် နံပါတ် (၁၉၂) သည် ဆိုက်ကားတန်း၏ရှေ့တွင် အသင့်နေရာယူထား၏။ နင်းသားက ကွမ်းဝါးရင်း ဆိုက်ကားဘေးမှာ ရပ်နေသည်။

“ဟေ့. . . ဝမ်းနိုင်တူး၊ ဈေးကို သွားမယ်ဟေ့. . .” ဟု သန်းဆိုင်က နင်သားကို အများခေါ်နေကျအသုံးအနှုန်းဖြင့် အော်ပြောလိုက်ပြီး ဆိုက်ကားရှေ့ခုံမှာ ဝင်ထိုက်၏။

“မစန်းချို ခုပဲ သွားတယ်၊ သူ့နောက်လိုက်မလို့လားဗျ” ဟု ဝမ်းနိုင်တူးက ဘုမသိဘမသိသဘောရိုးနှင့် မေးသည်ကို ရင်မှာမချိတရိ ခံစားနေရသော သန်းဆိုင် ဒေါကန်သည်။

“စကားများမနေနဲ့ကွာ၊ နင်းမှာနင်း၊ ကောားများနေလို့ မင်းအမေ့လင်က ထမင်းလာကျွေးမှာမဟုတ်ဘူး”

“ဟုတ်ပ၊ ဟုတ်ပ ဆရာသမား၊ အခုပဲပြြည့် ကိုသန်းဆိုင်က ကျွန်တော့်ကို ထမင်းဖိုး ငွေတစ်ရာပေးတော့မှာလေ. . . ဟပ်-ဟပ်”

ဝမ်းနိုင်တူး ငတိကလေးကတော့ သန်းဆိုင်တစ်ယောက် ဒိန်းဒလိန်းနတ် ဖမ်းစားခံနေရသည်ကို လုံးဝမရိပ်မိဘဲ. . . ခါတိုင်းလို ခပ်ရွှင်ရွှင် ခပ်သောသော လေပေါနေ၏။

“စန်းချိုစီးသွားတဲ့ ဆိုက်ကားကို တွေ့ရင် သူတို့နောက်က ခပ်ခွာခွာ လိုက်နင်းကွာ၊ သိပ်မကပ်နဲ့. . .” ဟု သန်းဆိုင်က စူပွပွ ညွှန်ကြားသည်။

“ဘာပြုလို့လဲဗျာ၊ ကိုယ့်မိန်းမနဲ့ နီးနီးကပ်ကပ် မစီးချင်ဘူးလား” |xxx မအေပေးဝမ်းနိုင်တူး၊ လေကြောကို ရှည်လွန်းတယ်| ဟု စိတ်ထဲက ကျိန်ဆဲကာ စိတ်ထဲပေါ်လာသည့်အတိုင်း ပြန်ပြောလိုက်၏။

“သင်းနဲ့ ငါရန်ဖြစ်ထားတယ်ကွာ၊ မျက်နှာချင်းမဆိုင်ချင်



ဘူး. . .”

“အဟော့-ဟော-ဟော-ဟော ဒါကြောင့်ကိုး၊ ဆရာသမားတို့ကလည်းဗျာ မပင်မပန်း သက်သောင့်သက်သာနဲ့ စီးပွားဖြစ်နေတဲ့ ဆရာသမားတို့လို လင်မယားတွေကြားမှာ ပြဿနာမပေါ်သင့်ပါဘူးဗျာ၊ ကျွန်တော်တို့လို မိုးလင်းက မိုးချုပ် အရိုးအဆစ်တွေပြုတ်ထွက်ကုန်မတတ် အကြောအခြင်တွေ ပြတ်သတ်ထွက်ကုန်မတတ် ဆိုက်ကားနင်းရတဲ့ ကောင်မျိုးတောင် ဝင်ငွေမကောင်းတဲ့ကြားက မယားနဲ့တော့ တည့်အောင်နေသဗျို့၊ ဟော-ဟော. . .”

ဝမ်းနိုင်တူးက ရယ်ရယ်မောမောနှင့် ဆိုက်ကားကို ရှုပ်ထွေးနေသော လမ်းသွားလမ်းလာတွေ စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်း၊ ဆိုက်ကယ်၊ မော်တော်ယာဉ်တွေကြား၌ ဘဲလ်တဂွမ်ဂွမ်တီး၍ ခပ်သွက်သွက်နင်းရင်း စကားဆက်နေပြန်၏။

“ဘုရားကြီးဆိုက်ကားဂိတ်မှာတော့ မင်း×××စကားအများဆုံးပဲဝမ်းနိုင်တူး၊ ငါ့ကို ဆရာကြီးလာမလုပ်နဲ့၊ ငါလည်း ဆိုက်ကားသမားဘဝကလာတဲ့ကောင်၊ ဟာ -ဟေ့ကောင် ဟို-ဟိုမှာ စန်းချိုတို့ဆိုက်ကား၊ အရှိန်လျှော့လိုက်တော့. . .၊ ခပ်ခွာခွာကလေးလိုက်ကွ”

သန်းဆိုင်သည် လက်ညှိုးတထိုးထိုးနှင့် ဣန္ဒြေမဆည်နိုင်လောက်အောင် လှုပ်လှုပ်ရှရှ ဖြစ်နေ၏။ ခေါင်းပေါင်းကိုလည်း နေကာမျက်မှန်ဖုံး မတတ်ဆွဲချလိုက်သေးသည်။

“ဒိုတေ. . . ဆရာသမား၊ ကျွန်တော် သဘောပေါက်ပါတယ်” ဟု ပြောကာ ဝမ်းနိုင်တူးက သူတို့ရှေ့ဘက်ကိုက် (၁၀၀) နီးနီးအကွာမှာ ရွေ့လျားနေသော စန်းချိုလိုက်ပါနေသည့် ဆိုက်ကားကို မျက်ခြည်မပြတ်ကြည့်နေသည်။ သန်းဆိုင်ကလည်း သနပ်ခါးပန်းပန်ထားသော စန်းချို၏ ဦးခေါင်းကြီးနှင့် အနီရဲရဲအကျီဝတ်ထားသည့် ကျောပြင်ကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်လျက်သားရှိသည်။ ရင်အခုန်ပိုမိုမြန်ဆန်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သူသတိမမူမိ။ နံနက်နေရှိန်ပျော့ပျော့အောက်မှာပင် သူချွေးပြိုပြိုကျနေပြီ။ ခေါင်းပေါင်းနှင့် မျက်မှန်ကို ချွတ်ချင်သော်လည်း မချွတ်ရဲ။

စန်းချိုတို့၏ ဆိုက်ကားသည် မြို့မပြည်သူ့ဈေးကြီးမှ သုံးထပ်ဈေးသစ်အဆောက်အအုံရှေ့ အနေးယာဉ်ဂိတ်မှာ ထိုးဆိုက်လိုက်၏။ သန်းဆိုင်တို့ ဆိုက်ကားက ကိုက် (၁၀၀) ခန့်ခွာပြီး အနေးယာဉ်ဂိတ်မရောက်မီ ရပ်သည်။ သန်းဆိုင်သည် ဆိုက်ကားခ ကမန်းကတန်းပေးကာ ဆိုက်ကားပေါ်မှ ကတိုက်ကရိုက်ဆင်းပြီး စန်းချိုကို မျက်ခြည်မပြတ်မိ လူအုပ်ကြားမှ တိုးဝှေ့ရှေ့လျားတော့၏။ သူက. . . ရှပ်ဖျက်ရာတွင် ပို၍ လုံခြုံပိရိအောင် လက်ကိုင်ပဝါဖြင့် မျက်နှာအောက်ပိုင်းကိုဖုံးကွယ်ထားသေးသည်။ ပခုံးအစုံကိုကျုံ့၊ လည်ပင်းကို အနည်းငယ်ငိုက်ထားသဖြင့်. . .၊ သန်းဆိုင်ကို ရုတ်တရက်ကြည့်လျှင် နေထိုင်မကောင်းဟန်တော့ ပေါ်လွင်နေပါသည်။ မတော်တဆ စန်းချိုနဲ့တွေ့ရင်လည်း ဒေါက်တာတင်ဆန်းဦးကို မမီလို့၊ မြို့ထဲက ဆရာဝန်မဆီလာပြတာလို့ ပြောလိုက်ရုံပဲလေ. . .ဟု သန်းဆိုင်က တွေးသည်။

စန်းချိုကို လှမ်း လှမ်းကြည့်ရင်းကနေ သန်းဆိုင်၏ အသိထဲသို့ ငုတ်လျှိုးစိတ်က တိုးဝင်ကာ တွေ့ တွေ့သမျှ ကုလားလူရွယ်မှန်သမျှကို စန်းချို၏ အဆက် ကုလားဒိန်ဟု ယောင်မှားထင်မြင်စေလျက်ရှိသည်။ စင်စစ်. . . ဤမြို့မဈေးကြီးတစ်ဝိုက်တွင်၊ မဟာမေဒင် ဘာသာဝင်အများစုနေထိုင်ကြကြောင်း၊ ဈေးထဲတွင်. . . ဟိန္ဒူကော၊ မူစလင်ပါ အများအပြား ရောင်းဝယ်ဖောက်ကားနေကြကြောင်း သန်းဆိုင်သိဖို့တော့ ကောင်း၏။

စန်းချိုကတော့. . . သူ၏ နောက်မှာ 'အရိပ်' ပါလာမှန်း စိုးစဉ်းမျှ သိဟန်မပေါ်။ ပလတ်စတစ်ဈေးဝယ်ခြင်းကြီးကို လက်မောင်းတစ်ဖက်မှာ ချိတ်ရင်း ပိုက်ဆံအိတ်ဖောင်းဖောင်းကြီးကို ကိုင်ကာ ဈေးသွားလူအုပ်ကြားထဲမှာ အိပွဲ၊ အိပွဲ တိုးဝှေ့ရှေ့လျားနေသည်။ သူမမှာ. . .



အမှိုက်ပုံထဲမှာ တွားသွားနေသည့်နောက်ချေးပိုး မည်းမည်းကြီးတစ်ကောင်နှင့်ပင် တူနေလေသည်။

သန်းဆိုင်သည် ထူထပ်ရှုပ်ထွေးသော ဈေးဝယ်နာဝယ်တွေကြားမှာ စန်းချိုအား မျက်ခြည်ပြတ်သွားမှာစိုးပြီး ခပ်သုတ်သုတ်လိုက်ခဲ့ရာ၊ စန်းချို၏နောက်ကျောဘက် (၁၀) ကိုက်အကွာထိ ရောက်သွားရာမှ (မတော်) စန်းချိုကလှည့်ကြည့်ပါက သူ့ကိုမြင်တွေ့သွားမှာ စိုးရိမ်စိတ်ဖြင့် ခြေလှမ်းတွေကို အလန့်တကြား လျှော့လိုက်၏။

ဈေးရုံကြီးထဲသို့ ဝင်လာခဲ့ပြီးနောက် စန်းချိုသည် ဝယ်နေကျ တရုတ်ကုန်ခြောက်နှင့် မုန့်မျိုးစုံဆိုင်ကြီးထဲသို့ ဝင်သွားရာ၊ သန်းဆိုင်သည် မလှမ်းမကမ်း အထည်ဆိုင်အနီးတွင်ရပ်လျက်၊ တရုတ်ဆိုင်ကို စောင့်ကြည့်သည်။ ငါးမိနစ်ခန့်ကြာလျှင် စန်းချိုသည် တရုတ်ဆိုင်ထဲမှ ထွက်လာပြီး အခြားဆိုင်တန်းဘက်သို့ လျှောက်သွားသည်ကိုသန်းဆိုင်မြင်ရသည်။ ဝယ်စရာရှိတာတွေကို မှာထားခဲ့ပြီး အားလုံးဝယ်ပြီးမှ ကုလားဒိန်ရှိတဲ့ လက်ဖက်ရည်ဆိုင်ကို သွားမယ်တူတယ်. . .ဟု သန်းဆိုင်ရင်တဒိတ်ဒိတ်ကြားက ခန့်မှန်းချက်ထုတ်၏။

စန်းချိုသည် ကွမ်းရွက်ကွမ်းသီးနှင့် ကွမ်းယာအဆာပလာစုံရောင်းသော ဝယ်နေကျဆိုင်ကြီးတွင် ရပ်လိုက်ပြီး ဆိုင်ရှင်ယောက်ျားကြီးကို လိုအပ်သော ကုန်ပစ္စည်းစာရင်းစာရွက် လှမ်းပေးသည်။ [ထိုစာရင်းကို ညတိုင်း သားကြီးက ရေးပေးရ၏] ထိုနောက် ဆိုင်ရှင်ထိပ်ပြောင်ကြီးနှင့် ရယ်လားမောလား စကားပြောနေသည်ကို တွေ့ရ၏။ ထိုမြင်ကွင်းကို လမ်းထောင့်ချိုးကနေကြည့်ရင်း၊ သန်းဆိုင်တစ်ကိုယ်လုံး ဖျင်းခနဲ ခံစားလိုက်ရသည်။ ဆိုင်ရှင်လူကြီးအကြောင်းကို သန်းဆိုင် တောင်းတောင်းသိသည်။ သူ့ဆိုက်ကားနင်းစားကတည်းက အဲဒီထိပ်ပြောင်ကြီး မိန်းမငွေမှန်း သန်းဆိုင်က အမိုင်အမာ သတင်းရထားခဲ့သည်။ [. . .စန်းချို စန်းချိုထိပ်ပြောင်ကြီးအကြောင်း မသိသေးဘူးတူပါရဲ့၊ ဒီကောင်ကြီးက နင့်ဘကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ထက်တောင် စွံသေးရဲ့၊ မိန်းမသုံးယောက်ကို အိမ်သုံးလုံးနဲ့ ထားတာ] စိတ်မှ အော်ပြောလိုက်၏။

ထိပ်ပြောင်၏ ဆိုင်မှထွက်ခွာလာသော စန်းချိုသည်. . . သားငါးအရောင်းဆိုင်တန်းဘက်သို့ တိုးဝှေ့ရွေ့လျားသွား ပြန်သည်။ သန်းဆိုင်ကလည်း မျက်မှန်နက်ကြီး တဝင်းဝင်းဖြင့် မျက်နှာကို မော့လိုက်၊ ငုံ့လိုက်ဖြင့် နောက်ကလိုက်နေသည်။ တောသူတောင်သား ဈေးဝယ်မိန်းမတွေက ဈေးဝယ်သူပုံစံမပေါက်ဘဲ ကြွန့်ဖြူကြဲနေသော သန်းဆိုင်ကို မျက်လုံးရိုင်းတွေဖြင့် ကြည့်ကြ၏။ "မျက်လုံးလေးလုံးပါတာတောင်. . . လူတစ်ယောက်လုံးကို မမြင်ဘူးလား. . . တော့်" ဟု အတိုးအတိုက်ခံရသည့် မိန်းမငယ် တစ်ယောက်က သန်းဆိုင်ကို ခပ်စွာစွာ ငေါက်လိုက်စဉ် စန်းချို လှည့်ကြည့် မှာမူပြီး သန်းဆိုင်က မိန်းမငယ်ကို လက်အုပ်ချီ၍ တောင်းပန်ဟန်ပြုလိုက် ရလေသည်။

စန်းချိုသည် ငါးဆိုင်မှ စိုဝင်းလတ်ဆတ်လှသော မွေးမြူရေး ငါးကြင်းကြီးတစ်ကောင်ကို ဝယ်ယူနေသည်။ သန်းဆိုင်က စန်းချိုကို လှမ်းကြည့်လိုက်၊ တစ်စုံတစ်ယောက်ကို ရှာဖွေစောင့်မျှော်သကဲ့သို့ ဦးခေါင်းကို ဘယ်ညာငဲ့စောင်းလိုက်ဖြင့်၊ ငါးစိမ်းတန်းထဲမှာ အညှီအဟောက်နံ့တွေကို ရှူရင်း ဈေးဝယ်မိန်းမတွေ၏ မထိခလုတ်၊ ထိခလုတ် တိုးတိုက်ခြင်းကို ကျိတ်မှိတ်ခံနေရ၏။ ခုံဖိနပ်မြီးတိုကြီးစီးထားသော စုတ်ဖွားဖွားပေတူးတူး မိန်းမကြီးတစ်ယောက်က သူ့ခြေထောက်ကို နမော်နမဲ့ ပွတ်နင်းသွားစဉ်၌လည်း နာကျင်လွန်းပြီး မိန်းမကြီးကို ကိုင်ပေါက်ပစ်ချင်စိတ်တွေ ဝင်လာသေး၏။ သို့ရာတွင်. . . စန်းချိုက ငါးတစ်ရိုက်လောက်အကွာမှာ ရှိနေ၍ သန်းဆိုင်အောင့်အည်း သည်းခံလိုက်သည်။

ငါးဝယ်ပြီးနောက်. . . စန်းချိုသည် ဝက်သားဆိုင်ရှေ့မှာ သွားရပ်လိုက်သဖြင့် သန်းဆိုင် ပူနွေးစွာ စိတ်လှုပ်ရှားမိသည်။ သူတို့အိမ်မှာ ဝက်သားစားပြီး ဝက်သားကြိုက်သူမှာ သန်းဆိုင်တစ်ယောက်တည်းသာ



ရှိ၏။ ကျန်အိမ်သားတွေတစ်ယောက်မျှ ဝက်သားမစား၊ ဘာကိုးကွယ်ညာကိုးကွယ်လို့ရယ်မဟုတ်။ မကြိုက်လို့မစားကြခြင်းသာ ဖြစ်သည်။ သို့တစေ. . . အိမ်ဦးနတ်ကြီး သန်းဆိုင်အတွက်မူ စန်းချိုကိုယ်တိုင် ကျကျနန ချက်ပေးတတ်ပါသည်။

ဓားလွှယ်ခုတ်လောက်နေရာကနေ စန်းချို ဝက်သားဝယ်ယူနေပုံကို သူခိုးကြည့် ကြည့်ရင်း၊ သန်းဆိုင် ရင်အုံကြီး မောက်ချည် နိမ့်ချည်နှင့် အသက်ရှူပြင်းလာ၏။ . . . ဒီအခြေအနေရောက်တာတောင် နင်က ငါ့အပေါ် စေတနာပိုနိုင်တုန်းပါလား စန်းချို၊ ငါ့အကြိုက်ကို နင်လိုက်လျောတုန်းပါလား. . . အမှန်တော့ ဒါက မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်နည်းလုပ်ဟန်ပဲ. . .၊ မရိုးသားတဲ့ လှည့်ဖျား ကောက်ကျစ်မှုပဲ. . .၊ ငါတို့ရွာက. . . အရှူးကြီး ဦးတောကျော် လမ်းပေါ်မှာလျှောက်ဆိုတဲ့ ဟိုသီချင်းထဲကလို (လှေကြီးပေါ်တွင် လှေငယ်တင်၊ အလှည့်တွင် ပဲ့စင်ကလှူပ်၊ လှိုင်းကပုတ်သတဲ့ သမုဒ်ဘယ့်နှယ်ကူးပါ့မယ်) ဆိုတာမျိုးပါပဲ စန်းချိုရာ. . .၊ ငါဝက်သားအလွန်ကြိုက်ပေမဲ့. . . နင်ဝယ်ချက်မယ့် ဝက်သားကို စားချင်စိတ်မရှိတော့ပါဘူး. . .။

ငေးကြောင်တွေဝေနေစဉ် တံတောင်ဆစ်များ ဈေးဆွဲခြင်းများက သန်းဆိုင်ကို ပမာမခန့် ပွတ်တိုက်သွားကြ၏။ သန်းဆိုင် အမှတ်မထားနိုင်အားပါ။ ရွေ့လျားထွက်ခွာသွားသည့် စန်းချိုနောက်သို့ လူတွေကြားမှ အသာအယာတိုးပြီး ခိုးကြောင်ခိုးဝှက်လိုက်ရပြန်လေ၏။ သည်တစ်ခါတော့. . .၊ စန်းချိုသည် ကုန်စိမ်းတန်းမှာ တစ်မျိုးပြီးတစ်မျိုး ဝယ်ယူနေသည်။ ကန်စွန်းရွက်ကော. . . ချဉ်ပေါင်ရွက်ကော၊ မျှစ်ကော၊ သခွားသီး ဘုံလုံသီးကော၊ ငရုတ်သီးစိမ်းကော၊ တမာချဉ်ကော. . . ဝယ်ခြမ်းလို့ရသူမ၏ ပလတ်စတစ်ဆွဲခြင်းကြီး မောက်လျှံထွက်သွားတော့၏။ ဆွဲခြင်းကြီးကို ညာလက်ဖြင့် ဆွဲကိုင်လျက်. . . စန်းချိုသည် ကုန်စိမ်းတန်းထဲမှ ချွေးတလုံးလုံးနှင့် ထွက်လာသည်။ သန်းဆိုင်မှာလည်း ပင်ပန်းဖြင့် ချွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို တရစပ်သုတ်နေရ၏။ . . . အင်း-ဝယ်စရာပစ္စည်းတွေတော့ စုံလောက်ပြီ၊ သင်း ဈေးနောက်ကျောက ကုလားလက်ဖက်ရည်ဆိုင်ကို သွားတော့မယ်ထင်တယ် . . . ဟု စဉ်းစားမှန်းဆရင်း သန်းဆိုင်သည် စန်းချို၏ နောက်ကျောဘက် ကိုက် (၂၀) ခန့်ခွာ၍ လိုက်လျှောက်နေသည်။

စန်းချို၏ ခြေလှမ်းတွေက ဈေးနောက်ကျောဘက်သို့ ဦးမတည်ခဲ့ပါ။ စောစောက ကွမ်းယာပစ္စည်းရောင်းသည့် ဇနီးသုံးဖော်နှင့် ထိပ်ပြောင်ကြီးဆိုင်ရောက်သွားသည်။ ကြွပ်ကြွပ်အိတ်တစ်လုံးအပြည့် ကုန်ပစ္စည်းတွေကို အားသည့်လက်တစ်ဖက်ဖြင့် ဆွဲပြီး ထွက်လာသည်။ ထိုဆိုင်သည် ဈေးနောက်ကျောနှင့် သိပ်မဝေးလှသော်လည်း စန်းချိုက ဈေးနောက်ကျောကို ခြေဦးမလှည့်ဘဲ၊ ကုန်ခြောက်ဆိုင်ခန်းများရှိရာသို့သာ အထုပ်တစ်ဖက်၊ ဆွဲခြင်းတစ်ဖက်ဖြင့် တန့်ဲ့န့်ဲ့ လျှောက်နေပြန်၏။ ဩ-ပစ္စည်းတွေစုံမှပဲ သင်းက ကုလားဒိန်ဆီ သွားမယ်မှတ်ပါရဲ့ . . . ဟု သန်းဆိုင်တွေးဆကြည့်မိပြန်သည်။

တရုတ်ကုန်ခြောက်ဆိုင်ထဲက ထွက်လာသောအခါ . . . စန်းချို၏ ဦးခေါင်းပေါ်တွင် ပိန်းအိတ်ဖောင်းဖောင်းကြီးကို ရွက်ထားကြောင်း သန်းဆိုင်တွေ့ရ၍ အတန်ငယ်အံ့ဩပြန်၏။ . . ဒီလိုအထုပ်အပိုးတွေနဲ့တော့ ကုလားလက်ဖက်ရည်ဆိုင်ကို မသွားတန်ကောင်းပါဘူးလေ၊ ဒါဖြင့် . . . သင်း ဘယ်ကိုသွားဦးမှာတဲ့လဲ . . . ဟုတွေးရင်း သန်းဆိုင်ခြေလှမ်းများမတတ် ဗျာယီးဗျာယာဖြစ်နေလေတော့သည်။

သန်းဆိုင်၏ မိနစ်ပေါင်းများစွာ ကြိုတင်ခန့်မှန်းချက် မျှော်လင့်ရှုမြင်ခြင်းတို့သည် လက်တွေ့အမြင်နှင့် ပါစင်အောင်လွဲခဲ့ရပြီ။

စန်းချိုသည် မည်သည့်ဈေးဆိုင်ကိုမှ မဝင်တော့ဘဲ သုံးထပ်ဈေးသစ်ကြီးရှေ့မှ အနေးယဉ်ဂိတ်သို့သာ တန်းတန်းမတ်မတ်ကြီး သွားနေသည်။ ဂိတ်ရောက်သော် . . . ဆိုက်ကားတစ်စီး၏ နောက်ခုံပေါ်သို့



အထုပ် တွေကို တင်၏။ ဆိုက်ကားကယ်ရီယာခုံပေါ်သို့ ဆွဲခြင်းကိုတင်ပြီး ဆိုက်ကားဆရာက ဆွဲခြင်းကို ကြိုးတစ်ချောင်းဖြင့် သိုင်းချည်တုပ်နှောင်ပေးသည်၊ စန်းချိုက သန်းဆိုင်မကြားနိုင်သော စကားများကို ပါးစပ်က တလှုပ်လှုပ်ဖြင့် ရေရွတ်ပြီး ဆိုက်ကားရှေ့ခုံမှာ တက်ထိုင်သည်နှင့် ဆိုက်ကားလည်း ဘီးလှိမ့်စ ပြုလေသည်။

သန်းဆိုင်သည် လာခဲ့ရာ လမ်းမအတိုင်း ပြန်သွားသော စန်းချိုကို တင် ဆောင်သွားသည့် ဆိုက်ကားကို မျက်စိတစ်ဆုံး ငေးကြည့်လျက် သက်ပြင်း ချလိုက်သည်။ စန်းချို အိမ်ပြန်ခြင်းသာ ဖြစ်ပေလိမ့်မည်။ သည်ကနေ့ . . . ကုလားဒိန်နှင့် အချိန်းအချက် မရှိဘူးထင်ပါရဲ့။ သင်းတို့ စိတ်ဆိုးစိတ်ကောက်များ ဖြစ်ကြလို့လား . . . ။ ဒီလိုမဟုတ်ရင်လည်း . . . ကိုရွှေကုလားက သည့်ကနေ့ အလုပ်မအားလို့ဖြစ်မယ်။

ဖြစ်နိုင်ခြေရှိသော . . . အခြေအနေအရပ်ရပ်ကို သန်းဆိုင်က တပင်တပန်း တွေးကြည့်ရင်း ပလက်ဖောင်းပေါ်ရှိ နေရောင်အောက်မှာ လည်တိုင်ဆန့် လက်ပိုက်လျက် ရည်ရွယ်ချက်မဲ့ ရပ်နေမိ၏။ တစ်ခဏနေတော့မှ . . . ၊ သူသည် ဈေးဝင်းထဲသို့ ဝင်ခဲ့ကာ ဈေးနောက်ကျောဘက်သို့ ကမူးရှူးထိုး လျှောက်ခဲ့လေသည်။ ပူအိုက်လွန်းသဖြင့် . . . ၊ မာဖလာခေါင်းပေါင်းကြီးကို ချွတ်ပစ်မည်ဟန်ပြင်ပြီးမှ . . . ၊ [ဟာ-မဖြစ်သေးဘူး။ ဒီကုလားဟာ ငါ့ကို သိချင်သိနေမှာ။ ဒီတော့ ခုအတိုင်းရုပ်ဖျက်ထားမှ ကောင်းမယ်] ဟူ၍ အတွေးပေါက်ကာ ခေါင်းပေါင်းကို သပ်ရပ်အောင် ပြန်လည်ပြုပြင် နေရာချလိုက်၏။

ဤပြည်သူ့မြို့မဈေးကြီး စတင်ပေါ်ပေါက်ကတည်းက၊ ဈေးဝင်း၏ နောက်ကျောဘက်တွင် မဟာမေဒင်လူမျိုး မိသားစုတစ်စု ဖွင့်လှစ်ရောင်းချသော လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိခဲ့သည်မှာ . . . ၊ ယနေ့ဆိုလျှင် နှစ်ပေါင်း (၄၀) ကျော်ခဲ့ပြီ။ ယခု ဆိုင်ပိုင်ရှင်မှာ မူလဆိုင်ရှင်၏ မျိုးဆက် "အိဗရာဟင်" ဆိုသူဖြစ်သည်။ အိဗရာဟင်သည် ဈေးကြီးထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



လယ်ယာသုံးနှင့် အိမ်ဆောက်ပစ္စည်း ကုန်မာဆိုင် ကြီးတစ်ဆိုင်လည်း ဖွင့်လှစ်ထားပြီး၊ ကုန်မာဆိုင်က အကျိုးအမြတ် များပြား၍၊ လက်ဖက်ရည်ဆိုင်က မရှုံးရုံတစ်မည်သာရှိရကား. . .၊ အီဗရာဟင်ကလည်း လက်ဖက်ရည်ဆိုင်ကို အရင်းမပြုတ်ရုံတစ်မည်။ နေရာမပျောက်ရုံ တစ်မည်မျှသာ သဘောထားပြီး ဖုတ်လိုက် ဖုတ်လိုက်နှင့် သက်ဆိုးရှည်အောင် ဖန်တီးထားသည့်သဖွယ်ရှိပါသည်။ ဤမြို့မှာ အညံ့ဆုံးလက်ဖက်ရည်ကို၊ အီဗရာဟင်၏ စားပွဲဟောင်း၊ ကုလားထိုင်ဟောင်း၊ ယင်တလောင်းလောင်းနှင့် ဤလက်ဖက်ရည်ဆိုင်မှာ ရနိုင်ပါသည်။ သို့ရာတွင်. . . အညံ့ဆုံးလက်ဖက်ရည်ကို မညည်းမညူအားပေး သောက်သုံးမည့်သူများ ရှိနေပေရာ။ အီဗရာဟင်၏ဆိုင်မှာ ယခုလို နံနက်ပိုင်းဆိုလျှင် စားသုံးသူမပြတ်လှပေ။ ကြိတ်ကြိတ်ခဲမျှ တိုးဝှေ့စားသောက်သူမရှိသည့်တိုင်၊ ယောက်ျားကြီးများ၏ လက်ဖက်ရည်ဝိုင်း ၃/၄ ဝိုင်းတော့ အမြဲရှိတတ်သည်။ တောကနေ ဈေးတက်ရောင်းသည့် တောသူအချို့မှာလည်း. . အီဗရာဟင်၏ သစ္စာရှိဖောက်သည်များ ဖြစ်ကြသည်။ သူတို့က သကြားဖျော်ရည်နှင့် သိပ်မကွာခြားသော အီဗရာဟင်၏လက်ရာ "ချိုဆိမ့်" လက်ဖက်ရည်ကို စွဲလမ်းနှစ်ခြိုက်ကြကုန်၏။ သန်းဆိုင်ကိုယ်တိုင်လည်း ဆိုက်ကားသမားဘဝတုန်းက၊ အီဗရာဟင်ဆိုင်မှာ တစ်ခါ/နှစ်ခါ ခရီးသွားဟန်လွှဲ လက်ဖက်ရည်ဝင်သောက်ဖူးပါ၏။ လက်ဖက်ရည် ကောင်းမကောင်း တောသားစစ်စစ် သန်းဆိုင်မဝေခွဲတတ်။ အီဗရာဟင်ဆိုင်က မြို့ထဲရှိ အခြားလက်ဖက်ရည်ဆိုင်များထက် ကျယ်ဝန်းပြီး၊ လူရှင်းခြင်းကိုသာ၊ သန်းဆိုင်သဘောတွေ့ခဲ့သည်။

အီဗရာဟင့်ဆိုင်နှင့်ကပ်လျက်၊ ဘိလိယက်ခုံထောင်ထားသည့်၊ ကက်ဆက်ခွေနှင့် စာအုပ်အငှားဆိုင်ထဲဝင်ကာ၊ ဘိလိယက်ဝိုင်းကို ကြည့်သလိုလိုနှင့်၊ အီဗရာဟင့် လက်ဖက်ရည်ဆိုင်ဘက် လှမ်းကြည့်လိုက်သောအခါ၊ အဘိုးကြီး အီဗရာဟင်မရှိတော့သည်ကလွဲလျှင် ဆိုင်မှာ ဘာမှ



အပြောင်းအလဲမရှိ။ လက်ဖက်ရည်ဖျော်သူနှင့် စားပွဲထိုးနှစ်ယောက်မှာ၊ အီဗရာဟင်ရှိစဉ်ကတည်းက၊ သည်ဆိုင်မှာ အမှုထမ်းခဲ့ကြသည့် ပုညက်ညက် ကုလားပိန်ကလေးသုံးယောက်သာ ဖြစ်ကြသည်။ အလိုဗျာ. . .၊ လက်ဖက်ရည်ထိုင်သောက်နေသူတွေထဲမှာ လူမျိုးခြားနှင့်တူတာ တစ်ဦးတစ်ယောက်မျှ ရှိမနေပါကလား. . .။

သန်းဆိုင်သည် ဘိလိယက်ဝိုင်းအနီးမှာရပ်ရင်း၊ အီဗရာဟင် လက်ဖက်ရည်ဆိုင်ဘက်သို့ စူးစိုက်အကဲခတ်နေခဲ့သည်မှာ နာရီဝက်ခန့် ကြာခဲ့သော်လည်း၊ သူမျှော်လင့်သော ခပ်ရွယ်ရွယ် ကုလားဒိန်ကို တွေ့ရဖို့မပြောနှင့်၊ ဆိုင်ထဲသို့ မြန်မာတိုင်းရင်းသားတွေ၊ အသားဝါလူမျိုးတွေကလွဲလျှင်၊ နှာယောကောက် မျိုးနွယ်တစ်ဦးတလေမျှ ဝင်ရောက်သည်ကို မတွေ့ခဲ့ရပေ။ ဒီကနေ့ သင်းတို့ချိန်းမထားလို့ ကုလားဒိန်ပေါ်မလာတာဖြစ်မယ်. . .၊ ဒီကနေ့မလာလည်း နောက်နေ့ပေါ့. . .၊ တစ်နေ့ တစ်လ ပုဂံဘယ်ရွှေ့မလဲကွာ. . . ဟု စိတ်ပျက်အားလျော့ခြင်းတစ်ဝက် မျှော်လင့်အားတင်းခြင်းတစ်ဝက်တို့ဖြင့် သန်းဆိုင်လှည့်ထွက်လာ၏။ အိမ်ပြန်ရုံကလွဲလို့ ဘာမျှ လုပ်စရာမရှိတော့. . .။

အိမ်ပြန်ရောက်သည်နှင့် ကိုယ်နေဟန်ထား သွားလာလှုပ်ရှားမှုတို့ တမင်လေးကွေး ယိမ်းနွဲ့ပစ်လိုက်၏။ ပခုံးကျုံ့ ဇက်ပုထားလိုက်၏။

"ဟဲ့-နင်ဘယ်ဘေးခန်းသွားတာလဲ" ဟု ဈေးဆိုင်မှာ တိုလီမိုလီ မုန့်ပဲသရေစာ ထုပ်တွချိတ်ဆွဲနေသော စန်းချိုက စူးစမ်းဟန်ဖြင့် လှမ်းမေးသည်။

"ဘူတာနားက. . . တရုတ်ဆရာဝန်မ အေမီလွင့်ဆေးခန်း"

တိုတိုပြတ်ပြတ်ပြောပြီး၊ အိမ်ပေါ်သို့ လှမ်းတက်သွားသည်။ စန်းချိုကို မျက်နှာချင်းမဆိုင်။

"ဖင်နာခေါင်းနာရုံကလေးနဲ့ ဒီလောက်အဝေးကြီးကို သွားရသတဲ့ တရုတ်မရဲ့ ဆေးက ဘယ်လောက်စွမ်းလို့လဲ. . .၊ ပြောရတာ. . . လက်

www.burmeseclassic.com

www.burmeseclassic.com



အကိုင်ခံရတာ အမြတ်ဆိုပြီးသွားသပေါ့လေ. . .”

ဘုရားကြီး၏ ကိုက် (၁၀၀၀) ပတ်လည်အတွင်း အာကြမ်းလှ၊ ကြမ်းအနိုင်ဆုံး ဘွဲ့ထူးကို ထာဝရဆွတ်ခူးထားသည့် စန်းချို့စကားကို၊ သန်းဆိုင်မကြားယောင် ပြုလိုက်သည်။ ခေါင်းပေါင်းနှင့် မျက်မှန်ကို ချွတ်လိုက်သော်လည်း ဂျက်ကက်ကိုမချွတ်။ ဂျက်ကက်အတွင်းအိတ်ထဲမှာ မိတ်ဆွေတစ်ဦး၏ “စာ” ရှိနေသည်ကိုး။ ထိုစာကို ဘယ်သူမှ မတွေ့အောင် အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ရမည်။ ထိုစာသည် အမြှောင်တားသည့် တိရစ္ဆာန်မလည်ပင်းကို စွပ်မည့်ကြိုးကွင်းဖြစ်၏။

“ဖျားတာနဲ့. . . နေကာမျက်မှန်ကြီးနဲ့ ဘာဆိုင်လို့လဲ. . .” ဟူသော စန်းချို၏ ဗျစ်တီးဗျစ်တောက်သံသဲ့သဲ့ကို ကြားလိုက်ရသေးသည်။ (မျက်စိနာချင်သလိုလို ဖြစ်နေလို့ဟ) ဟုပြောမည့် ဟန်ပြင်ပြီးကာမှ၊ သန်းဆိုင် ပါးစပ်ပိတ်ပြီး၊ အိပ်ခန်းထဲ ဝင်လှဲနေလိုက်၏။ ငါ့ယောက်ျား နေမကောင်းဘူး၊ ဘာများစားချင်ပါလိမ့်၊ ကြက်သားဆန်ပြုတ် သောက်မလား၊ နွားနို့သောက်မလား. . . ဘာလား ညာလားလို့မေးသင့်တာပေါ့ . . . ဟု ခြင်ထောင်အမိုးကို ငေးကြည့်ရင်း ဝေါမနသယ်ပွားနေမိ ပြန်သည်။ စန်းချိုက. . . တော်ရုံတန်ရုံ ရောဂါမျိုးဆိုလျှင် သန်းဆိုင်နား ကပ်လေ့ကပ်ထမရှိရိုး. . . သူသိဖို့ သတိရဖို့ မေ့နေမိ၏။

အိပ်ခန်းက၊ တစ်ခုတည်းသာရှိသော ပြတင်းပေါက်ပိတ်ထားသဖြင့်၊ လေမဝင်ဘဲ၊ လှောင်အိုက်နေ၏။ သန်းဆိုင်မှာ ချွေးအောင်းနေသော လူမမာကြီးကဲ့သို့ ချွေးဒီးဒီး ယိုစီးအိုက်စပ်နေတော့သည်။ ပိုးဟပ်ချေးနံ့လိုလို. . .၊ အဝတ်ဟောင်းတွေဆီမှ မှိုနံ့လိုလို၊ မွှန်းဟောင်သည့် အနံ့များကို ရှူမိကာ၊ သန်းဆိုင် နေမထိထိုင်မသာ ဖြစ်လာနေသည်။ လှဲလျောင်းရာမှ. . . ထထိုင်ပြီး၊ ဂျက်ကက်၊ ရှပ်အင်္ကျီနှင့် စွပ်ကျယ်တို့ကို ချွတ်လိုက်၏။ ပြီးလျှင်. . .၊ “ပစ်စာ” လုံခြုံစိတ်ချရေးအတွက် ဂျက်ကက်ကို ရင်ဘတ်ဟောင်းလောင်းနှင့် ပြန်ဝတ်ထားလိုက်သည်။ အနည်း



ငယ်. . . ပူအိုက်မှုသက်သာရာရသွားသော်လည်း. . .၊ အသက်ရှူ ကောင်းကောင်းမဝသေး။ ထို့ကြောင့်. . . ခြင်ထောင်ထဲမှထွက်ပြီး ဧည့်ခန်းက ဆက်တီကုလားထိုင်မှာ ငုတ်တုတ်ကြီး လာထိုင်သည်။ နေမကောင်း ဟန်ဆောင်ရာမှ၊ တကယ်ပဲ နေမကောင်းဖြစ်သွားပြီလားဟု ယောင်မှား ခံစားမိရသေး၏။

“အို နေမကောင်းဘူးလည်းပြောသေး၊ အင်္ကျီရင်ဘတ်ဟပြကြီးနဲ့. . .” ဟု စကားစပျိုးလိုက်ပြီးလျှင်၊ လက်ညှိုးငေါက်ငေါက်ထိုး လျက်. . .

“ဒီဂျင်းဂျက်ကက်က ထ သွားလာသွား ဝတ်ဖို့သန်းဆိုင်ရဲ့ နင်က (၆၀၀၀) တန်ဂျင်းဂျက်ကက်နဲ့ ဝါးလုံးခေါင်းထဲ လသာနေတာကိုး၊ အိမ်ထဲ နေတာပဲ မနက်ကဝတ်တဲ့ ဆွယ်တာလက်ရှည် ဝတ်ထားပါလားဟဲ့” ဟု စန်းချိုက လာပြောအခါ၊ သန်းဆိုင်က မလှုပ်မယှက် မျက်လွှာချထားသည်။

“ဆွယ်တာကြီးက အိုက်လွန်း၊ ချွေးမတရားထွက်လွန်းလို့ဟ”

“နေမကောင်းတဲ့သူက ချွေးထွက်မှပေါ့ သေနာရဲ့ နင်ဒီလို ရင်ဘတ်ဟပြကြီးနေတော့ ချွေးမထွက်ဘဲ ချွေးငုပ်သွားမှာပေါ့”

“ငါချွေးမငုပ်ဘူး၊ ချွေးစုံအောင် ထွက်သွားပြီးပြီ။ အခုဟာ က. . . အဆစ်အမြစ်တွေ ကိုက်ခဲနေတာ”

စန်းချိုက သန်းဆိုင်ရှေ့မှာ ခါးထောက်ရပ်ပြီး၊ သန်းဆိုင်တစ်ကိုယ်လုံးကို၊ နွားပွဲစားတစ်ဦးက ရောင်းချရန်ရှိသော နွားတစ်ကောင်ကို အကဲခတ်သလို ကြည့်ရှုနေ၏။

“အဆစ်အမြစ်ကိုက်တာဆိုရင်. . . နင် တုပ်ကွေးဝင်တာပဲ ဖြစ်မယ်၊ တုပ်ကွေးက ကူးတတ်တယ်။ ဒီည. . . နင် ငါနဲ့လာမအိပ်နဲ့၊ ဘုရားစင်ရှေ့ထွက်အိပ်. . .” ဟု အကြင်နာ ကရုဏာငွေ့ကင်းစွာ ငေါက်ဆတ်ဆတ်ပြောရင်း စန်းချိုက အိမ်ရှေ့ပြန်ဆင်းသွားရာ၊ စန်းချို ရေမွှေးနံ့တ

www.burmeseclassic.com

www.burmeseclassic.com



သန်းဆိုင်အနီးမှာ ဝေ့ကျန်ရစ်ခဲ့လေသည်။ ကုလားသဘောကျ အောင် ရေမွှေးတွေ ဘယ်လောက်ဆွတ်ထားသလဲမသိဘူး ခုထိ. . . အနံ့ က မပျောက်သေးဘူး။ ငါ့ကိုသာ ဂျက်ကက်ဝတ်တာကို ဝါးလုံးခေါင်းထဲ လသာသလေ ဘာလေးနဲ့၊ သင်းကျတော့ သောင်းကျော်တန် ဝတ်စုံကို ကွမ်းယာရောင်းရင်းဝတ်လို့. . .၊ ကောင်မစုတ်. . . နေမကောင်းပါဘူး ဆိုမှ ငါ့ချည်းအပြစ်လိုမ့်ရှာနေတယ်။ သင်းက အားကိုးရာမြင်ထားပြီ ကိုး. . .။

သန်းဆိုင်သည်. . . ထမင်းစားချိန် မွန်းတည့်တိုင်သည့်အထိ ကုလားထိုင်မှာပဲ၊ အစာငတ်နေသည့် လင်းတတစ်ကောင်လို ဇက်ကျိုးလျက် သား ထိုင်နေသည်။ လူခန္ဓာက မလှုပ်သည့်တိုင်. . .၊ သူ့စိတ်အတွေးတွေ ကတော့. . . ရုန်းရင်းဆန်ခတ် ဖြောင်းဆန်လျက်ရှိသည်။ သူသည် "ပစ်စာ"ကို ထုတ်မကြည့်ဘဲ၊ စာရွက်ပေါ်မှ စာသားများကို မှတ်မိသမျှ စိတ်ထဲမှ အလွတ်ဆိုကြည့်နေသည်။

"ကိုကြီးသန်းဆိုင်၊ ထမင်းစားလို့ရပြီ။ ပြင်ပြီးပြီ" ဟုမိထူးက မီးဖို ချောင်တံခါးဝကနေ လှမ်းပြောတော့၊ သန်းဆိုင်မှာ ရန်လိုနေသောခွေးကို ရန်သွားစသကဲ့သို့ ရှူးရှူးရှားရှား ဖြစ်သွား၏။

"နင့်အမေ့လင် နေမကောင်းပါဘူးဆိုနေမှ ထမင်းခေါ်ကျွေးတဲ့ သူက ရှိသေးတယ်၊ အတော်ချောက်မှန်းကမ်းမှန်း မသိတဲ့ဟာမကလေး"

ပြစ်တင်ကြိမ်းမောင်းခံရသည့်တိုင် မိထူးကတော့ ခံစားမှုကင်းမဲ့ ဟန် ကျောက်ရုပ်မျက်နှာကြီးဖြင့် ပြန်လှည့်သွားသည်။ မိထူးကို ငေါက် လိုက်ရသဖြင့်၊ စန်းချိုကို ငေါက်ငမ်းဆူပူလိုသော ဆန္ဒအချို့တစ်ဝက် လျော့ပါးသွားသည့်နှယ်၊ သန်းဆိုင်ရင်ပေါ့သလိုလို ခံစားရလေ၏။ သို့သော်. . . မိနစ်ပိုင်းအတွင်း "ပစ်စာ" ၏နှိုးဆွလှုပ်ယမ်းမှုကို အသည်း တအေးအေး ခံစားသတိရလာပြန်ကာ၊ အသက်ရှူမြန်လာခဲ့ရပြန်လေ သည်။ လက်နှစ်ဖက်ကို လက်သီးဆုပ်လိုက် ဖြန့်လိုက်လုပ်နေမိ၏။



"ဟေ့-အိမ်ပေါ်က လူမမာ၊ ထမင်းမစားရင် ဆန်ပြုတ်သောက် မလား၊ ယမ်ယမ်ခေါက်ဆွဲပြုတ်သောက်မလား. . .၊ စားချင်တာကို မိထူး ပြောလိုက်။ ပြီးမှ နေမကောင်းတာကို အခွင့်အရေးယူပြီး ကကျိကကြောင် မလုပ်နဲ့ဟေ့"

မိထူးကိုငေါက်သံ စန်းချို ကြားသွားပြီး၊ ဈေးဆိုင်ကနေ သန်းဆိုင် ကို လှမ်းငေါက်လိုက်သောအခါ၊ သန်းဆိုင်အသံမထွက်မိအောင် ပါးစပ် တင်းတင်းစေ့ထားလိုက်တော့၏။

xxx xxx xxx

xxx xxx xxx

မရေမတွက်နိုင်အောင် များပြားလှသော အသချေ်နေ့လယ်ခင်း ကာလများတွင်၊ အိမ်ရှေ့ ဈေးဆိုင်ကလေး၏ ကြမ်းပြင်ကျဉ်းကျဉ်းကလေး မှာ ထိုင်နေကျဖြစ်ခဲ့သော အကျင့်သည် ယနေ့မူ. . .၊ ယင်း၏ ပုံမှန်ဖြစ်မြဲ အစီအစဉ်ပျက်နေခြင်းကို ဆန့်ကျင်တွန်းလှန်နေသည်။ သန်းဆိုင်မှာ နေမ ကောင်းချင်ယောင်ဆောင်ပြီး အိမ်ပေါ်မှာ ငုတ်တုတ်ထိုင်လိုက်။ အိပ်ရာထဲ ဝင်လှဲလိုက်နှင့် နေလို့မရတော့။ နေမထိထိုင်မသာ၊ ရင်ထဲမှာ ဟာတာတာ ဖြစ်လာသည်။ နောက်ထပ် ဆိုးချက်တစ်ခုကတော့. . .၊ နေမကောင်းဟု ဆိုကာ ကူလီကူမာလုပ်ပြီး ထမင်းမစားဘဲ တင်းခံနေခြင်းကြောင့်၊ ဝမ်းဗိုက် ပူပူကြီးထဲမှာ လေလှိုင်းတွေ တဂွီးဂွီးအော်လျက် ရင်တလှပ်လှပ် တုန် အောင် ဆာလောင်နေခြင်းဖြစ်၏။ နေ့လယ်မွန်းတည့်လောက်က တော့. .၊ လူမမာဟန်ပန်တစ်ခွဲသားဖြင့် မိထူးကို၊ ဆိုင်မှာရောင်းသော ကော်ဖီမစ်တစ်ထုပ် ဖျော်ခိုင်းသည်။ ဆိုင်မှာ ရောင်းသည့်၊ ကလေးကြိုက် သကြားဥပနာ နှစ်လွှာထပ်ဘီစကစ်မုန့်နှစ်ချပ်နှင့် ကော်ဖီမစ်ကို သောက် ခဲ့သည်။ သူ့ဝမ်းခေါင်းကျယ်ကြီးက၊ ထိုမျှသော အာဟာရဖြင့်မည်သို့လျှင် တင်းတိမ်နိုင်မည်နည်း။ ဆင့်ပါးစပ်နှမ်းပက်ရုံမျှသာ. . .၊ ကျွားငတ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အမဲသားစ, ငါးကျပ်သားကျွေးရုံမျှသာပ။

ဆိုင်မှာလည်း ဆင်းထိုင်ချင်၊ ဆိုင်မှာရှိသည့် ဖီးကြမ်းငှက်ပျောသီးကိုလည်း အဆာပြေစားချင်သည်နှင့်၊ သန်းဆိုင် ဆွယ်တာကြီးဝတ်၊ ခေါင်းပေါင်းကြီးပေါင်းပြီး အိမ်ပေါ်က ဆင်းလာသည်။ စျေးရောင်းနေသော မိထူးကို နေရာဖယ်ခိုင်း အနားပေးပြီး သူ၏ရာဇပလ္လင်သဖွယ်ဖြစ်သော ဆိုင်ကြမ်းပြင်ကလေးမှာ ဝင်ထိုင်သည်။ ထိုအချိန်မှာ. . . စန်းချိုကတော့၊ ထမင်းတဝတပြစားပြီး၊ စက်တော်ခေါ်နေပြီဖြစ်၏။ အိပ်ရာက နိုးလျှင် ရေမိုးချိုးအဝတ်လဲ၊ အလှပြင်ပြီး ဆိုင်မှာ ရေမွှေးနံ့လှိုင်လှိုင်နှင့် ထိုင်ပါလိမ့်မည်။ "နေပူကပူနဲ့၊ ဆွယ်တာကြီးဝတ်လို့ဗျာ၊ ခေါင်းပေါင်းကြီးလည်း ပေါင်းထားသေး၊ ခင်ဗျားကြည့်ပြီး ကျွန်တော်တို့တောင် အိုက်လာပြီဗျာ. . ."

အလုပ်မရှိ အကိုင်မရှိ အားအားလျားလျားရှိလျှင်၊ ဆိုင်ရှေ့ခုံတန်းလျားမှာ ကွမ်းတမြုံ့မြုံ့နှင့် လာထိုင်တတ်သော၊ စာယောင် ကဗျာယောင် ခင်မောင်ငြိမ်းက၊ ဆိုက်ကားကို မှေ့ထားပြီး၊ ဆိုင်ရှေ့မှာ လာအပျင်းထွေနေသော ကျော်ကြီးဘေးကနေ လှမ်းပြော၏။ ခုံတန်းလျားနှစ်လုံးတွင် သူတို့နှစ်ယောက်မှတစ်ပါး အခြားသူတွေမရှိ။

"တောင်ထိပ် ကြာပေါက် အနောက်နေထွက်ဆိုတာ ဒါပေါ့ကွ၊ အမြဲတမ်း အင်္ကျီချွတ်နဲ့နေတဲ့သူ. . . နွေခင်းကြောင်တောင် အိုက်ကြရတဲ့ အထဲ ဆွယ်တာကြီးဝတ်လို့၊ ကိုသန်းဆိုင် ဦးနှောက်မှ ကောင်းသေးရဲ့လားဗျာ" ဟု ကျော်ကြီးက မထိခလုတ်ထိခလုတ် လှမ်း၍ စ,လိုက်ပြန်သည်။ သန်းဆိုင် မျက်မှောင်ကြုတ်ပစ်လိုက်၏။

"မင်းတို့ အတော်ဖျင်းတဲ့ ကောင်တွေပဲ၊ ဒီအချိန်မှာ ငါဆွယ်တာကြီးဝတ်ထားကတည်းက. . . ငါနေမကောင်းလို့ဆိုတာ မပြောဘဲနဲ့ သိဖို့ကောင်းတယ်. . . ချီး. . ."

"ဆောရီးဗျာ၊ ဆောရီး. . . ကျွန်တော်တို့ မသိလို့ပါဗျာ၊ ကိုသန်းဆိုင် မနေ့ညက အကောင်းကြီးပါဗျာ။ ဆိုင်ပိတ်ပြီးမှ. . . ကာရာအိုကေ



အိမ်မှာ သီချင်းလာဆိုတာတောင် ကျွန်တော်တွေ့လိုက်သေးတယ်၊ တွံတေးသိန်းတန်သီချင်းကို. . . ကိုသန်းဆိုင် ဟစ်သွားတာ တကယ်ပိုင်တယ်ဗျာ၊ ပြိုင်ပွဲသာဆိုရင် ကိုသန်းဆိုင် ဆုရနိုင်တယ်ဗျ. . ." ဟု ခင်မောင်ငြိမ်းက၊ လေပြေထိုးသော်လည်း သန်းဆိုင်ကတော့ မှုန်တေတေနှင့်ပင်။ [ဘယ်သူနဲ့မှ စကားမပြောချင်ကာမှ. . .၊ စကားမရှိ စကားရှာတဲ့ ကောင်တွေနဲ့ လာတိုးနေရပြီ၊ လာ လာပြန်ပြီ လေအိုးတစ်ယောက် ဝမ်းနိုင်းတူးဆိုတဲ့ကောင်] သန်းဆိုင်ရှုဆေးဗူးကို ဟန်ဆောင် ပန်ဆောင် ရှူပြလိုက်သည်။

ဝမ်းနိုင်းတူးက အားလပ်နေသော ခုံတန်းလျားမှာ ခြေပစ်လက်ပစ် ဝင်ထိုင်သည်။

"ဘယ်လိုလဲ ဆရာသမား. . .။ ငြိမ်းချမ်းရေး ရပြီလားဗျ. . ."

ဝမ်းနိုင်းတူးက၊ ဝသီအတိုင်း စကားစသည်။ မနက်က သူ့ဆိုက်ကားစီးစဉ်က၊ စန်းချိုနှင့် ရန်ဖြစ်ထားသည်ဟု သန်းဆိုင်ပြောထားခြင်းကို မှတ်မိဟန်ဖြင့် စပ်စပ်စုစု လုပ်လာခြင်းဖြစ်လေသည်။ သန်းဆိုင်က စကားမဆက်ဖို့၊ မျက်နှာထား ပုပ်ပုပ်လုပ်ပြရင်း ခေါင်းခါသည်။ ဝမ်းနိုင်းတူးက. . .

"အိုကေ. . . အိုကေ" ဟု အတွန့်တက်လိုက်သေး၏။

"နေမကောင်းလည်း. . . အိမ်ပေါ်မှာ နေပေါ့ဗျာ။ ဘာလို့ ဆိုင်မှာ လာထိုင်ရတာလဲ၊ ဒီမှာက လေစိမ်းတွေတိုက်တယ်၊ မစန်းချိုကို ရောင်းခိုင်းရင်ရရဲ့သားနဲ့ ကိုသန်းဆိုင်ရာ"

ကျော်ကြီးကလည်း အမှန်တကယ် ကရုဏာသက်ဟန်ဖြင့် ပြောပြန်သည်။ "ဒီလောက်ကြီးလည်း မဟုတ်ပါဘူးကွာ။ အာဂန္တုဖျား ဖျားတာပါ။ သက်သာသွားပါပြီ၊ အိမ်ပေါ်မှာနေရတာ ပျင်းလို့ကွ"

မရည်ရွယ်ဘဲနှင့် ကျော်ကြီးကို စကားပြန်လိုက်၏။ ဟုတ်တော့ ဟုတ်သား. . .။ သူ့အသိကသာ ဘယ်သူနဲ့မှ စကားမပြောချင်တာ၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



အတွင်းစိတ်ကမူ. . . ဒါတိုင်းလို ဆိုင်ကိုလာသမျှ လူတွေနှင့် စကားဖောင်ဖွဲ့ဖို့ တောင်းဆိုနေတာကလား. . .။

"ကျွန်တော်တော့ နေမကောင်းလို့ အိမ်မှာ ကုပ်နေရပေမဲ့ မပျင်းတတ်ဘူး၊ စောင်ကလေးခြုံ ပက်လက်ကုလားထိုင်မှာကွေးပြီး ဝတ္ထုကောင်းကောင်းတစ်ပုဒ်ကို ဇိမ်နဲ့ ဖတ်နေတော့တာပဲ၊ အဲသလို ဖက်လိုက်ရင် ဖျားတဲ့အဖျားက တစ်ဝက်လောက် လျော့ကျသွားရောပဲ ကိုသန်းဆိုင်၊ မယုံမရှိနဲ့၊ ကျွန်တော့်ကိုယ်တွေ့ပဲ၊ စာပေဟာ ဆေးဝါးတစ်မျိုးဆိုတာ ကျွန်တော်လက်ခံတယ်. . ."

ခင်မောင်ငြိမ်းက သန်းဆိုင်နှင့် နီးအောင်နေရာရွှေ့ထိုင်ရင်း သန်းဆိုင်မျက်နှာကို တည့်တည့်ကြည့်ပြီး တက်ကြွလန်းရွှင်စွာ ပြောလာသည်။

သန်းဆိုင်သည် စန်းချို မနိုးမီ၊ မတွေ့မမြင်မီ၊ ဖိကြမ်းငှက်ပျောသီးတွေကို ဆာဆာနှင့် ပလုတ်ပလောင်း ဝါးရင်း. .

"မင်းက စာရူးပေရူးဆိုတော့ ဒီလိုပဲပြောမှာပေါ့ကွာ၊ စာဖတ်ရုံနဲ့ အဖျားကျသွားတယ်ဆိုတာတော့ လုံးဝယုတ္တိမရှိဘူး၊ ဖျားတဲ့လူတစ်ယောက်ဟာ မျက်ခုံးရိုးတွေကိုက်၊ မျက်စိတွေပူနေတဲ့နောက်. . . စာဖတ်နိုင်ပါဦးမလားတဲ့ကွာ ဟင်" ဟု ခင်မောင်ငြိမ်းကို နှာသာခံခက် နှိပ်ကွပ်လိုက်၏။

"ကျွန်တော်က စာပေဝါသနာပါလို့ စာပေဘက်က လိုက်ပြောတာမဟုတ်ပါဘူး ကိုသန်းဆိုင်၊ ကျွန်တော် အဖျားပျောက်တဲ့ စာအုပ်မျိုးကို ခုလို ကိုသန်းဆိုင်ဖျားတဲ့အချိန်မှာ ဖတ်ကြည့်စေချင်တယ်. . .၊ အနည်းဆုံးတော့ အဖျားလျော့သွားစေရမယ်"

"မင်း စာအုပ်က ဘာစာအုပ်မို့တုံးကွ"

"မြန်မာလိုရေးထားတဲ့ နိုင်ငံခြားဇာတ်လမ်းဗျ၊ အင်မတန်စိတ်ကောင်း နှလုံးကောင်းရှိပြီး သိပ်ရိုးတဲ့ မြို့စားကြီးရဲ့ မိန်းမကတော်



တော်လှတယ်၊ ရုပ်ရှင်မင်းသမီး နန္ဒာလှိုင်တို့ထက်တောင် လှဦးမယ်၊ မြို့စားကြီးထက်လည်း အသက်ငယ်တယ်၊ မြို့စားကြီးက သူ့မိန်းမ မြို့စားကတော်ကလေးကို ဖူးဖူးမှုတ်မတတ် ချစ်တဲ့အပြင်၊ အရမ်းအလိုလိုက်တယ်၊ အလိုလိုက်တော့ ကောင်မက အမိုက်စော်ကားတော့တာပေါ့၊ အဲဒီမိန်းမဟာ သူတို့ခြံဝင်းကြီးထဲမှာ ပန်းပင်တွေရေလောင်း၊ ပေါင်းရှင်းအမှိုက်ကျုံးတဲ့ အလုပ်သမားနဲ့ ဖောက်ပြန်သတဲ့ဗျ။ အလုပ်သမားတအခုစေခံ ကျေးကျွန်ဆိုပေမဲ့၊ အရွယ်ငယ်တယ်၊ ဗလတောင့်တယ်၊ ရုပ်ဖြောင့်တယ်၊ တုလားတွေလို အမွေးအမှင်ထူထူနဲ့ပေါ့ဗျာ. . ."

"ဟေ့၊ ခင်မောင်ငြိမ်း. . . တော်တော့ကွာ၊ မင်းအမေ့လင် ကျက်သရေမရှိတဲ့ စာအုပ်ကြီးပဲ၊ လင်ငယ်နေ မျောက်မထားတဲ့ စာအုပ်မျိုးမင်းမို့ ဖတ်သကွာ. . . ထွီ"

သန်းဆိုင်မှာ၊ ငြိမ်သက်စွာ ထိုင်နေရာမှ၊ တစ်ကိုယ်လုံး တုန်တုန်ရီရီ ဖြစ်လာပြီး၊ မျက်နှာကြီးကပါ၊ ပုံပျက်ပန်းပျက် နီမြန်းလာ၏။ သူ့ကိုကြည့်၍ မြစ်တင်ဟိန်းဟောက်ခြင်းခံရသော ခင်မောင်ငြိမ်းပင် အံ့အားသင့်သလိုလို ငေးကြောင်သွားရာမှ၊ မချိသွားဖြဲပြုံးကာ. .

"အဲဒီ စာအုပ်က ကမ္ဘာကျော်စာအုပ်ဗျ" ဟု၊ အနာပေါ်တုတ်ချလိုက်ပြန်လေလျှင်၊ သန်းဆိုင်မှာ ထခုန်တော့မတတ် လှုပ်လှုပ်ရွရွ ဖြစ်သွားတော့သည်။

"ကမ္ဘာကျော်-မင်းအမေ့လင်ကမ္ဘာကျော်. . .။ ကာမေသုမိစ္ဆာအကြောင်းရေးထားတဲ့စာအုပ်က. . . ကမ္ဘာကျော်၊ ဟုတ်လား. . .၊ တော်တော့ကွာ. . တော်တော့၊ ကြားရရုံနဲ့ နားသနလွန်းတယ်"

သန်းဆိုင်က အာခေါင်ထဲမှ တံတွေးအကပ်အသပ်ကို ကုတ်ခြစ်ပြီး ထွေးလိုက်ပြန်သည်။ သူ၏ ပြင်ပအမူအရာ၊ သဏ္ဍာန်ထက်စာလျှင် သူ့ခန္ဓာတွင်းမှာ မီးဟုန်းဟုန်း ထတောက်သွားခြင်းက ပို၍ စိုးစိတ်ကြောက်မက်ဖွယ်ကောင်းနေမှန်း သူမှတစ်ပါး ဘယ်သူမှမသိ။ စန်းချို ဖောက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



တာသိရလို့ ဘာမှမကြာသေးဘူး။ ဖောက်ပြန်တဲ့ မိန်းမအကြောင်းရေးထားတဲ့စာအုပ်ကိုဖတ်ဖို့ လာပြောတဲ့ကောင်က ပေါ်လာသေး. . .၊ အတော်မင်္ဂလာ ကျက်သရေတုံးတဲ့နေ့ပဲ. . .။

ခင်မောင်ငြိမ်းတို့ သုံးယောက်က သန်းဆိုင်ကို ဝိုင်းကြည့်ပြီး သရော်ပြုံး ပြုံးနေကြ၏။ သုံးယောက်ထဲတွင်၊ လူကဲခတ်အညံ့ဆုံးနှင့် စကားအပေါက်အစပ်အများဆုံး ဝမ်းနိုင်တူးက ထရပ်လိုက်ကာ. . .

"ဒီကိစ္စက ဘာဆန်းလို့လဲဗျာ၊ လောကကြီးရဲ့ ဖြစ်ရိုးဖြစ်စဉ်တွေပဲ ဆရာသမား" ဟု၊ စကားတံရှည်လိုက်သည့်အခါ. . . သန်းဆိုင်သည် ဆိုင်ပေါ်ကနေ ခုန်ဆင်းပြီး ဝမ်းနိုင်းတူးကို လည်ပင်းညှစ်ချင်စိတ်တွေ ရှမ်းထလာတော့၏။ သူ့စိတ်အာရုံတွင် အလွန်အကျွံ အလှပြင်ထားသော စန်းချို၏ပုံသွင်သည် အီဗရာဟင်၏ လက်ဖက်ရည်ဆိုင် မြင်ကွင်းနှင့် ထွေးယှက်ရောရှုပ်လာသည်။ အလိုအလျောက်၊ ထင်ယောင်ထင်မှားပေါ်လာသော သူစိမ်းလူမျိုးခြား၏ ရုပ်သဏ္ဍာန်ကလည်း သူ့စိတ်အမြင်ထဲမှာ ပေါ်ချည်ပျောက်ချည်ဖြစ်လျက်ရှိသည်။

"ဟိတ်ကောင် ဝမ်းနိုင်းတူး၊ ဖြစ်ရိုးဖြစ်စဉ်ဆိုရင်. . . မင်းမိန်းမ လင်ငယ်နေရင်ကော မင်းမသိချင်ယောင် ဆောင်နေမှာလားကွဟင်" ဟု သန်းဆိုင်သည် မူမမှန်သော အသံအောကြီးဖြင့် အော်ပစ်လိုက်မိသည်။

"ကျုပ်မိန်းမ မီးယပ်ပိန်မီးယပ်ခြောက်မကာ။ ကလေး ၅ ယောက်နဲ့ ဂျင်ခြေလည်နေလို့. . . မကဲအားပါဘူး ဆရာသမားရယ်"

ဝမ်းနိုင်းတူးက ရယ်ရယ်မောမော ပြောနေစဉ်၊ သန်းဆိုင်၏ မျက်နှာကြီးမှာ နီမြန်းရာက ညိုပုပ်မည်းညစ်ရှုံ့တွလာလေသည်။ ဒီ ခွေးသားတွေ ငါ့ကို တမင်ဒုက္ခလာပေးနေကြတာပါလား. . . ဘုရား. . . ဘုရား . . . ဟု သွေးရူးသွေးတန်း ဘုရားတမိပြန်တော့၏။

ဤတွင်. . .၊ သန်းဆိုင်အတွက် ကယ်တင်ရှင်ပေါ်လာသည်။ ကွမ်းယာဝယ်ရန်၊ ဘုရားကြီးအနောက်ဘက် ကွက်သစ်ထဲမှ လူရွယ်နှစ်



ယောက်ဝင်လာကြခြင်းဖြစ်၏။ သန်းဆိုင်လည်း ဝမ်းနိုင်းတူးကို မဆဲဖြစ်တော့။ စကားတပြောပြောနှင့် ရောက်လာကြသော လူရွယ်တွေက ဆိုင်ရှေ့မှာ ရပ်သည်အထိ စကားကြောမပြတ်ကြသေး။

"မင်းဆရာကတော်ကို ပဲခူးမှာ သွားမိတော့ မင်းဆရာက ဘာလုပ်သလဲ"

"ငါ့ဆရာက. . . ပုတီးသမား သူတော်ကောင်းကြီးကွ၊ ဆရာကတော်ယူသွားတဲ့ လက်ဝတ်လက်စားတွေကို လက်ဖွဲ့အဖြစ်ပေးပြီး၊ သူတို့နှစ်ယောက်ကို သူကိုယ်တိုင် ရုံးမှာ အတိအလင်း လက်ထပ်ပေးလိုက်တယ်ကွ၊ ဟိုငနဲက တော်တော်ကံထူးတာပဲကွာ"

"ငါဆိုရင်တော့. . . နှစ်ယောက်စလုံးကို ဓားနဲ့နုပ်နုပ်စဉ်းပြီး ကြိုးစင်တက်လိုက်မယ်ကွာ၊ ဆံတစ်ပင်တင်း ချစ်ခြင်းမယား ရည်းစားလူလုအနူနုကျွဲခတ်တဲ့ကွ. . .၊မင်းဆရာလိုတော့ သဘောထားကြီးမနေနိုင်ဘူးငါ့လူ"

သန်းဆိုင်လက်တွေ တဆတ်ဆတ်တုန်ရင်း၊ ကွမ်းယာအစပ်အဟပ်တွေ တလွဲတချော်တွေ ဖြစ်ကုန်သည်။ ထုံးများသွားသော ကွမ်းရွက်ကို ဘေးဖယ်ပြီး၊ နောက်ကွမ်းရွက်အသစ်မှာ ထုံးဆွတ်ပြန်တော့လည်း ထုံးတွေထူပိန်းဖွေးလက်သွားပြန်၏။ အာမွှေးဘူးအစား၊ ဆေးမွှေးဘူးကို မှား ကိုင်မိသည်။

"ဟာအစ်ကို၊ ဆေးတွေများသွားပြီ၊ ဗမာဆေး ဒီလောက်ကြီးနဲ့သာ ဝါးမိရင် ကျွန်တော်ဒီဆိုင်ရှေ့တွင်. . . မှောက်သွားလိမ့်မယ်"

ကွမ်းယာဝယ်သူ လူရွယ်က ခပ်ပြုံးပြုံးနှင့်သာ သတိပေးသည်။ သန်းဆိုင်က ဆေးရွက်ကြီးတွေကို ပြန်ဖယ်ရင်း ကွမ်းသီးစိတ်တွေပါ ဖယ်ထုတ်မိ၏။ ပြီးမှ သတိရပြီး. . . ကွမ်းသီးစိတ်တွေ ပြန်ထည့်သည်။ ပုံမှန်ထက်၊ ကွမ်းသီးစိတ်တွေ ပိုသွား၍ ကမန်းကတန်း ပြန်နှုတ်ယူရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူစားတတ်တဲ့ ကွမ်းယာနဲ့မှားလို့ ဖြစ်ပါလိမ့်မယ် ငါ့ညီရာ. . .၊ *ဒီဆရာကြီးက ဆေးဝိဇ္ဇာကွ၊ ဗမာဆေး ဘယ်လောက်စားစား မမူးဘူး* ဟဲဟဲဟဲ"

ပါးစပ်အငြိမ်မနေနိုင်သော ဝမ်းနိုင်းတူးက၊ သက်သက်မဲ့ လျှာချောင်နေပြန်သည်။ သန်းဆိုင်သည် ဝမ်းနိုင်းတူးကို စိတ်ထဲကနေ ပျစ်ပျစ်နှစ်နှစ်ဆဲ နေသည်။ ကွမ်းယာလုပ်ရတာ အဆင်မပြေရတဲ့အထဲ. . . ဝမ်းနိုင်တူး ခွေးသားက ကြားကနေ လေကြောင်တွေ ဝင်မှုတ်နေပြန်ပြီ။ ငါဒီနေ့. . .ကွမ်းယာရောင်းရတာ အဆီအငေါ်ကို မတည့်ပါလား. . . ဟု တွေးရင်း၊ သန်းဆိုင်သည် အသံမမြည်အောင် သက်ပြင်းတွေ တစ်လုံးပြီး တစ်လုံးချကာ အသက်ပြင်းပြင်း ရှူသွင်းနေရရှာ၏။

ယခုအခါ. . .၊ အမြန်ငပဲငဆပြောပြီး၊ အပေါ်စည်းက ဖိဆက်ဆဲထားခဲ့သော ဝမ်းနိုင်းတူး၊ ကျော်ကြီးနှင့် ခင်မောင်ငြိမ်းတို့၏ မျက်နှာများကို ရဲရဲမကြည့်ဝံ့သလို ခံစားနေရသည်။ လိပ်ပြာမလုံသော သိမ်ငယ်စိတ်က၊ မဝင်စဖူး ဝင်လာသောကြောင့် သန်းဆိုင်သည် တစ်ခုခုဆုံးရှုံးသွားရသကဲ့သို့ ဝမ်းနည်းနေပြန်၏။

လူရွယ်နှစ်ယောက်ကို ကွမ်းယာပေး၊ ငွေသိမ်းပြီးသည်နှင့်၊ သန်းဆိုင်သည် အိမ်ဘက်သို့ ခေါင်းငဲ့ကာ. . .၊ အသံအစ်အစ်နှင့် အော်ခေါ်လိုက်သည်။

"မိထူးရေ. . . မိထူး၊ ဆိုင်ကိုလာဦးဟ"

အိမ်ပေါ်မှာ ပျင်းပျင်းရှိ၍၊ ဆိုင်ထဲသို့ ဆင်းလာကာမှ၊ နဂိုကယောက်ယက်ခတ် ပူလောင်နေသော စိတ်တွေပို၍ ကယောက်ကယက်ဖြစ်အောင် ဖန်တီးသည့် ပယောဂကောင်တွေနှင့် လာတိုးနေသည်။ ဖောက်ပြန်သည့် လင်ရှိမယားတွေအကြောင်းပဲ ကြားနေရသည်။ ဆောက်တည်ရာမရတော့သဖြင့် ဈေးရောင်းရာမှာလည်း အမှားအယွင်း၊ အဖုအထစ်တွေ တွေ့လာရ၏။ အိမ်ပေါ်တက်ပြီး လူမမာဟန်ဆောင်နေခြင်း



သာ အသင့်တော်ဆုံးဖြစ်မည်။

သန်းဆိုင်က စိတ်လိုတင်းပြီး၊ ဆိုင်ရှေ့က ဂြိုဟ်ကောင်သုံးဖော်တို လှမ်းကြည့်လိုက်ရာ၊ သင်းတို့၏ မျက်လုံးခြောက်လုံးက မိမိကို ပြိုင်တူဝိုင်းကြည့်နေကြကြောင်း တွေ့ရသဖြင့်၊ သန်းဆိုင် ကျောရိုးထဲမှာ ကျဉ်ခနဲဖြစ်သွား၏။ [ဒီကောင်တွေ. . . စန်းချိုနဲ့ ကုလားဒိန်နဲ့ ဖြစ်နေတာကိုများ ရိပ်မိနေသလား၊ ပစ်စာချတဲ့ကောင်က ဒီကောင်တွေကိုများ ပြောထားသလား မသိဘူး] သန်းဆိုင်သည် ရုတ်ခြည်း မျက်နှာလွှဲကာ၊ ချောင်းမဟန့်ချင်ဘဲ လည်ချောင်းခြောက်သံဖြင့် ချောင်းဟန့်လိုက်၏။ "ဆရာသမားတကယ်နေမကောင်းဖြစ်နေတာဗျ၊ ဆရာသမားရဲ့ မျက်နှာကြီးကသပြေသီးမှည့်ရောင်သန်းလို့. . ." ဟု ဝမ်းနိုင်းတူးက စိတ်မချမ်းမြေ့ဟန်လုပ်ပြီး မျက်နှာညှိုးညှိုးဖြင့် ပြောသည်။ သန်းဆိုင်စကားမပြန်။ ငြိမ်သက်ခေါင်းငိုက်ထားသည်။

မိထူးက ကျောက်ရုပ်မျက်နှာထားဖြင့် ရောက်လာသည်။

"မိထူး၊ ဆိုင်မှာ ခဏထိုင်ဦး၊ ငါ ခေါင်းတွေကိုက်လာလို့"

"အင်း"

ဆိုင်ကြမ်းခင်းပေါ်မှ၊ ပိဘီလူမမာကြီးပမာ၊ စုတ်တသတ်သတ်နှင့် ချည့်နဲ့စွာ ဆင်းကာ တင်ပါးကို အကြောင်းမဲ့ လက်ဝါးနှစ်ဖက်ဖြင့် ပွတ်နေမိသည်။ ဟန်လုပ်ပြီး ကိုယ်ကို ယိမ်းယိုင်လိုက်သောအခါ၊ မိထူးကို ပခုံးချင်း ဝင်တိုက်မလိုဖြစ်သွားစဉ်၊ လက်မြန်ခြေမြန်ရှိသော မိထူးက သန်းဆိုင်၏ ပခုံးတစ်ဘက်ကို အသာတွန်းဖယ်ပစ်သည်။ ထိုအချိန်တွင် ကျော်ကြီးတို့ လူစုကလေးဆီမှ၊ ဘာကြောင့်မှန်းမသိသော ရယ်မောသံ တဝါးဝါးပေါ်ထွက်လာ၏။ သန်းဆိုင်ကမူ. . .၊ ရယ်သံသည် မိမိကိုဦးတည်ပြောင်လှောင်ခြင်းသာ ဖြစ်ရမည်ဟု နာကျင်စွာ ခံစားလိုက်လေသည်။ အင်း ဒီကောင်တွေ ငါ့ကိုကြည့်ပုံက တစ်မျိုးပဲ၊ ငါမသိစေချင်တဲ့ကိစ္စ တစ်ခုခုကို သူတို့ကပဲ သိထားတဲ့ပုံစံမျိုး၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ စန်းချိုပြသာ နာတို

www.burmeseclassic.com



အဖြူအမည်း သဲကွဲအောင်လုပ်မှဟု တွေးရင်း သန်းဆိုင် အိမ်ပေါ် တက်ခဲ့သည်။ စိတ်ကူးကတော့. . . စန်းချိုကိုနှိုးပြီး၊ စာကိုပြကာ. . .၊ အပြစ်ကို ဝန်ခံခိုင်းဖို့ပင်။ သို့သော် အိပ်ခန်းဝရောက်တော့. . .၊ သန်းဆိုင်သည် တစ်ကိုယ်လုံး လျှပ်စစ်လှိုင်းတွေ စီးဝင်ခြင်းခံရသည့်နှယ်. . .၊ တုန်တုန်ဆတ်ဆတ် ဖြစ်လာပြီး၊ လဲကျမတတ် ခြေထောက်တွေ ညွတ်ချင်ချင်ဖြစ်လာကြလေ၏။ နေဦး၊ နေဦး၊ ကုလားနဲ့တွဲထိုင်တာကို လက်ပူးလက်ကြပ် ဖမ်းပြီးမှ၊ ကွက်သစ်ထဲက ကောင်ကလေးပြောသွားသလို၊ နှစ်ယောက်စလုံးကို ဓားနဲ့ခုတ်သတ်ပစ်မယ်ဟူ၍ ပိုင်းဖြတ်ရင်း အိပ်ခန်းဝကနေ မီးဖိုချောင်ဘက်သို့ ဆက်လျှောက်သည်။ ဆာလောင်မှုက သူ့ခြေထောက်တွေကို တွန်းပို့လိုက်ခြင်းဖြစ်သည်။ ငှက်ပျောသီးစားရုံနှင့် အဆာမပြေသေးပါတကား။

မျှော်မှန်းထားသည့်အတိုင်း၊ ကြောင်အိမ်ကို ဖွင့်လိုက်သည်နှင့် အဖုံးဟထားသော ဝက်သားဟင်းအိုးဆီမှ ချင်းနှင့် ကြာညို့ (ပဲငံပြာရည်) တို့ပေါင်းစပ်ထားသည့် ရနံ့ကို ကြည်နူးစွာ ရှူရှိုက်မိ၏။ [ကောင်မက. . . သင်း မစားပေမဲ့ ငါစားဖို့တော့ စားနေကျအတိုင်း ချက်ပေးထားသားပဲ] အလျင်ဆုံး၊ ဟင်းခပ်ဇွန်းကြီးတစ်ချောင်းကို နံရံမှဖြုတ်ယူသည်။ သားသတ်သမားတစ်ယောက် ဓားကိုင်ပြီး၊ အမဲကောင်အနီး ကပ်လာသည့် ပုံဟန်မျိုး၊ မျက်နှာထားမျိုးဖြင့် ဇွန်းကြီးကို တဆဆကိုင်ကာ. . .၊ ဝက်သားဟင်းအိုးကို ကြောင်အိမ်အဆင့် အစွန်းဘက်သို့ ရွှေ့ယူသည်။ အဖုံးဖွင့်လိုက်သော အခါ၊ အညိုရင့်ရောင်၊ ညိုဝါရောင်၊ ဝါဖန့်ဖန့်ရောင် ဝက်သားတုံးကြီးများ [သုံးထပ်သား အတုံးကြီးတွေနှင့် သရက်သီးခြောက်ဖတ်များ ဘေးချင်းကပ် အစီအရီနေရာယူထားကြသည်။ မဆလာအနည်းငယ်လည်း ပါ၏] က သန်းဆိုင်၏ မွတ်သိပ်မှုကို ပြန့်ကားကြီးထွားလာစေရာ၊ သူ့မျက်လုံးကြီးတွေ ပြူးထွက်လာသည့်နည်းတူ၊ အာခံတွင်းထဲမှာ တံတွေးတွေက ရသာရုံ နိုးထလာကြောင်း ကြေညာသည့်သဖွယ် စိမ့်ထွက်ပြည့်လျှံလာသဖြင့်၊ သန်းဆိုင်



တံတွေးမျိုချလိုက်ရသေး၏။ အိုးထဲတွင် ဟင်းချက်ဆီတွေက အလကားရသည့်သဖွယ် ဝက်သားတုံးတွေ မြုပ်လုလု ဝင်းလဲ့နေကြလေ၏။

သန်းဆိုင်သည် နှစ်လက်မပတ်လည် အရွယ်မျှရှိသော၊ သုံးထပ်သား ဝက်သားတုံးကြီးကို၊ ဇွန်းဖြင့် ခပ်ယူကာ. . . ဆီကောင်းကောင်းမစစ်တော့ဘဲ ပါးစပ်ကြီးဖြဲကာ ခံတွင်းထဲသို့ ခပ်သွင်းလိုက်သည်။

"ဟိတ် လူမမာ၊ နေမကောင်းဘူးဆိုပြီး ဝက်သားတွေကို ခိုးကြောင်ခိုးဝှက် စားလို့ပါလား. . . ဟင်" ဟူသော စန်းချို၏ ခုနစ်သံချီမြင့်လိုက်သည့်အသံမှာ သန်းဆိုင်အနီးတွင် ဗျောက်အိုးတစ်လုံး ထပေါက်သလို ဟိန်းပွက်သွားလေသည်။

ဝက်သားတုံးကို အးပါးတရ ကြိတ်ဝါးနေသော သန်းဆိုင်မှာ၊ ထခုန်တော့မတတ် လန့်ဖျပ်သွားပြီး ကမန်းကတန်းမျိုချရန် ကြိုးစားသည်။ တစ်ချိန်တည်း၌. . . စန်းချိုကို ပြူးကြောင်ကြောင် လှည့်ကြည့်၏။ သို့ ဖြစ်ရာ. . .၊ ဆီရွှဲနစ်နေသော ဝက်သားတုံးသည် တစ်ဝက်တစ်ပျက်ကြေညက်စဖြင့်၊ သန်းဆိုင်ပါးစပ်ထဲမှ၊ အမြောက်ကျည်ဆန်တစ်ဆန်ပြောင်းထဲမှ ထိုးထွက်သလို တိုးထွက်လာသည်။ သန်းဆိုင် အသက်ရှူမှားပြီး၊ ဆီသီးသွားပြီဖြစ်၏။ ဝက်သားဖတ် အန်ထုတ်ပြီးသည်နှင့် သန်းဆိုင်မှာ ထွက်သက်အပြီးအပြတ် ပါသွားတော့မည်ဟန်၊ နားမချမ်းသာစရာ အသံကြီးဖြင့် တရစပ်ချောင်းဆိုးလာတော့သည်။ နားမချမ်းသာရုံမျှမဟုတ်။ မျက်စိလည်း သာယာဖွယ်မရှိ။ သန်းဆိုင်သည် ဟင်းရည်စေးလက်ဖြင့် ဇွန်းကြီးကို ကိုင်ရင်း၊ ငုတ်တုတ်ထိုင်ချကာ မျက်လုံးပြူးမျက်ဆန်ပြူး ချောင်းတခူးခူး ဆိုးနေ၏။ လက်ဝါးတစ်ဖက်ဖြင့်လည်း သူ့ရင်ဘတ်သူ တဗျတ်ဗျတ် ပုတ်နေလေသေးသည်။

"သေစမ်းဟယ်-သေစမ်း၊ အသက်ပါထွက်သွားစမ်း၊ လူလိုမစားဘဲ ခွေးလိုစားတော့ ကာလနာတိုက်ပြီပေါ့"

စန်းချို ဖျတ်ခနဲပြေးကပ်ကာ၊ ကြမ်းပြင်ပေါ်သို့ ဆီစက်တွေ

www.burmeseclassic.com

www.burmeseclassic.com



တတောက်တောက်ကျနေသည့် ဇွန်းကို လုယူသည်။ သန်းဆိုင်၏ ကျောပြင်ကို လက်ဖနောင့်တစ်ဖက်ဖြင့် ခပ်ဖွဖွ ဖိပေးသည်။ သန်းဆိုင်ကား. . . ချောင်းဆိုးမရပ်သေးဘဲ၊ မျက်နှာကြီးနီရဲ၊ မျက်လုံးကြီးတွေပြူးကြောင်ကာ မျက်ရည်တွေ၊ နှပ်ချေးတွေ ရောနှောသွန်ကျနေတော့မည်။

"နေမကောင်းဘဲနဲ့ မတည့်တာကိုမှ စားချင်ရသလား မသာရဲ့၊ ဝက်သားဆိုတာ အအေးစာမှန်း နင်မသိဘူးလား" ဟု ရေရွတ်မြည်တွန်ရင်း၊ စန်းချိုသည် အနီးရှိသောက်ရေအိုးမှ ရေတစ်ခွက် အမြန်ခပ်ယူသည်။

"ရော့. . . ရေသောက်ချလိုက်၊ ပြီးရင်. . . ပလုတ်ကျင်းပစ်လိုက်"

စန်းချိုပေးသော ရေခွက်ကို ကိုင်ထားသော်လည်း ရေသောက်သည့်ဆီသို့ မရောက်။ စက္ကန့်အနည်းငယ်စီခြားပြီး၊ ချောင်းဆက်တိုက်ဆိုးနေ၍ ဖြစ်၏။ တံတွေးတွေ၊ သလိပ်တွေသည်၊ ဝက်သားဟင်း အဆီများနှင့် ရောနှောကာ. . . သန်းဆိုင်၏ မေးစေ့တွင် မုတ်ဆိတ်အုံကလေးလို ခိုတွဲနေလေ၏။ [တစ်သက်လုံး ဒီလိုတစ်ခါမှ ဟင်းမသီးဖူးပါဘူး၊ ဒီစနေဂြိုဟ်မ ဝင်လာလို့ ခုလိုဖြစ်ရတာ၊ သင်းက ငါ့ကို သေကြောင်းကြံတာပဲ၊ ငါသေမှ သင်း ကုလားဒိန်နဲ့ လွတ်လွတ်လပ်လပ် နန့်ကြောထခွင့်ရတော့မှာကိုး. . .၊ မိစ္ဆာမစန်းချို. . . မြွေဆိုးမ] မပြတ်တမ်း ချောင်းဆိုး၍ လက်ထဲက ရေခွက်သည်လည်း ဖိတ်တစ်ဝက် စင်တစ်ဝက်ဖြစ်နေရပြီ။

စန်းချိုက မျက်မှောင်တွန့်လျက်. . .၊ သန်းဆိုင်၏ အပေါ်စီးမှ ငုံ့ကြည့်နေသည်။ စိတ်မချမ်းသာခြင်းထက် စိတ်အနှောင့်အယှက် ဖြစ်နေပုံပေါ်လွင်နေသည်။

"ရေသောက်လိုက်ပါလို့ဆိုနေဟယ်. . .၊ နင်လှုပ်တာနဲ့ ရေတွေဖိတ်ကုန်ပြီ. . ."

"နင့်-နင့်အမေလင်၊ ချောင်း-ချောင်းက-ဆိုး-ဆိုးနေတာ၊ ××× ဘယ်လိုလုပ်-လုပ်ပြီး ရေ-ရေ-သောက်လို့ ရ-ရမလဲဟ" ဟုသန်းဆိုင်က ချောင်းဆိုးသည့်ကြားမှ ဒေါသမျက်လုံးကြီးတွေ လှန်ကြည့်ပြီး အော်သည်။



စန်းချိုက၊ လက်လှမ်းမီရာ လက်နှိုးစုတ်တစ်ခုယူကာ၊ သန်းဆိုင်၏ မေးစေ့မှ အညစ်အကြေး အရှိအရွဲတွေကို သန့်ရှင်းသုတ်ပွတ်ပစ်သည်။ အညစ်အကြေးတွေတော့ ပြောင်စင်သွားပါ၏။ သို့သော်. . . သန်းဆိုင်မေးစေ့၌၊ လက်နှိုးစုတ်မှ အိုးမည်းတွေ စွန်းပေလျက်၊ မုတ်ဆိတ်မွေးယောင် တစ်ခု ရောက်လာပြန်တော့သည်။

"နင့်အပြစ်နဲ့နင်ပဲ သန်းဆိုင်. . .၊ ဝက်သားမစားဖူးတာကျနေတာပဲ။ ဒီလောက်ကြီး ငမ်းငမ်းတက်ဖြစ်ရတယ်လို့တော်. . .၊ အဖြစ်တောင်နည်းသေး"

"သွားဟာစန်းချို၊ သွား၊ ငါ့နားမနေနဲ့တော့၊ ချောင်းဆိုးတာထက် နင့်အသံကြားရလို့ နားညည်းတာက ပိုဆိုးတယ်။ ဒီမှာ သေမတတ်ဖြစ်နေတာကို သင်း က အပြစ်တင်လို့ မဆုံးချင်သေးဘူး၊ သွား-နင်သွားတော့"

စိတ်တိုနေသော နွားသိုးတစ်ကောင်၏ ဟန်မျိုးဖြင့်၊ ဖြူနီးခနဲထရပ်ပြီး အော်လိုက်သည့်အခါ၊ သန်းဆိုင် မျှော်လင့်သလို စန်းချိုဆီက၊ တုံ့ပြန်ရန်ထောင်သံ ပေါ်မလာခဲ့ဘဲ၊ မဲ့ပြုံးကလေးနှင့် ခနဲ့စကားသာ ထွက်လာကာ၊ စန်းချိုသည် အိပ်ခန်းထဲသို့ ဆင်မယဉ်သာ လှမ်း၍ဝင်သွားလေသည်။

"သွားပါ့မယ်တဲ့ ရှင်၊ သွားပါမယ်တဲ့၊ ကျွန်တော်မျိုးမက အမြင်မတော်လွန်းလို့ အကူအညီပေးတာပါတဲ့ရှင်. . ."

သန်းဆိုင်က နောက်ကလိုက်ပြီး၊ နားရင်းအုပ်တော့မလို မျက်နှာထားဖြင့် ကြည့်နေသည်။ ချောင်းဆိုးကတော့ မရပ်လေသေး။

××× ××× ×××

××× ××× ×××

နောက်. . . (၁၅) မိနစ်ခန့်ကြာသည်အထိ၊ ဝက်သားပေါင်းရည် သီးသည့်ဒဏ်က မသက်သာသေးပါ။ လည်ချောင်းထဲမှာ ငါး[illegible]တစ်ချောင်း စူးဝင်နေသည့်ပမာ၊ ချောင်းဆိုးလိုက် သလိပ်ခတ်လိုက် တံတွေးထွေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် အနေရခက်လွန်လှချေသည်။ ချောင်းဆိုးရလွန်း၍ မျက်နှာကြီးလည်း နီရဲထူအမ်းနေပြီ။ လည်ချောင်းတွေလည်း နာလှပြီ။ ယခုမှပင် ခြည့်ခန်းမှာထိုင်ရင်း ချောင်းတဂတ်ဂတ်ဆိုးနေသော သန်းဆိုင်မှာ တကယ့်လူမမာ အစစ်ကြီးနှင့် တူသွားလေသည်။

စန်းချိုကလည်း ဆန္ဒပြသည့်အလား. . .၊ သန်းဆိုင်ခြေရင်းမှာ တံတွေးထွေးဖို့ ထွေးခံလာချပေးရုံကလွဲပြီး၊ မျက်နှာချင်း မဆိုင်ချင်သည့်ဟန်ဖြင့်၊ ဈေးဆိုင်မှာ ဆင်းထိုင်နေသည်။

"အစ်မကြီးစန်းချို၊ အစ်ကိုသန်းဆိုင် ချောင်းတွေဆိုးလှချည်လား" ဟု ခင်မောင်ငြိမ်းက၊ သိချင်ဇောကပ်နေသည့် လေသံဖြင့် မေးသည်။ စန်းချိုက အရေးမလုပ်ဘဲ၊ ကွမ်းတစ်ယာ ယာနေသည်။ သူ့ဘာသာ စားဖို့ဖြစ်၏။

"စောစောက ဒီမှာ ထိုင်နေတုန်းကသူ ချောင်းတစ်ချက်မှ မဆိုးပါဘူးဗျာ" ဟု ခင်မောင်ငြိမ်းက ညည်းညူပြန်သည်။

"သူ့ချောင်းသံက တီဘီချောင်းသံကြီးကွ" ဟုကျော်ကြီးက ဝင်စွက်သောအခါ၊ စန်းချို ဆိုင်ပေါ်ကနေ ကျော်ကြီးကို မကျေမနပ်လှမ်းကြည့်၏။

"ငါတို့လမ်းထဲက တက္ကစီမောင်းတဲ့ ထွန်းရွှေဆိုတဲ့ကောင် အေအိုင်ဒီအက်ရောဂါနဲ့ သေသွားတာ သိတယ်မဟုတ်လား။ အဲဒီကောင်လည်း ရောဂါစပေါ်ပြီဆိုကတည်းက. . . ခုလို ချောင်းတဟွပ်ဟွပ်ဆိုးတော့တာပဲကွ" ဟု၊ ဝမ်းနိုင်းတူးက အသံကို မလိုအပ်ဘဲ မြှင့်၍ ပြောလိုက်သောအခါ၊ စန်းချို ငြိမ်မနေတော့။ ပါးစပ်ထဲက ကွမ်းဖတ်တွေ တဖွားဖွား ထွက်အောင် ထအော်သည်။

"ဟဲ့ သေခြင်းဆိုးတွေ၊ ဆိုင်ရှေ့လာပြီး နိမိတ်မရှိ နမာမရှိတွေ လာမပြောနဲ့ ငါ့ယောက်ျားက အဲဒီရောဂါမဖြစ်ဘူး၊ နင်တို့လို ပရမ်းပတာနေတဲ့ ကောင်တွေသာ အဲဒီရောဂါရပြီး သေတာနဲ့ သချိုင်းကုန်း တန်းပို့ရမှာတဲ့ သိလား နောတွေ"



ထိုသုံးယောက်ကို၊ စန်းချိုပါးစပ်သေနတ်မှ မီးမကူးခဲ့သည်မှာ ကြာပြီဖြစ်၍ အပြုံးမပျက်ကြ။

"မလုပ်ပါနဲ့ အစ်မကြီးစန်းချိုရယ်၊ တခြားရောဂါနဲ့ သေပါရစေ၊ ပြီးတော့ ကျွန်တော်က လူပျိုဗျ၊ မိန်းမ,မရသေးဘူး၊ အိမ်ထောင်ကျ ပြီးမှ သေရင်လည်း သေပါရစေဗျာ" ဟု ခင်မောင်ငြိမ်းက အရွှန်းဖောက်သည်ကို၊ ကျန်နှစ်ယောက်က အူမြူးပြီး ဝါးလုံးကွဲထရယ်ကြသည်။

အိမ်အောက်ကအသံတွေကို. . .၊ အိမ်ပေါ်ကနေ သန်းဆိုင် အတိုင်းသား ကြားနေရ၏။ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့ရသည့် ချောင်းဆိုးဝေဒနာကလည်း ပျောက်ကင်းရပ်ဆိုင်းခြင်းမရှိသေး။ လည်မျိုနှင့် နှာခေါင်းထဲမှာ မီးထတောက်သကဲ့သို့ ခံစားနေရသည်။ လဲလျောင်းနေလျှင်. . . သက်သာမလားဆိုပြီး လှဲအိပ်ကြည့်သည်၊ အကြောင်းမထူး. . .။ ချောင်းဆိုးမြဲ. . .။ [xxx] သူအလွန်နှစ်သက်သော ဝက်သားဟင်းကို စိတ်ရှိတိုင်း ကျိန်ဆဲပစ်လိုက်၏။ တစ်အိုးလုံး ခွေးကျွေးပစ်လိုက်မှနဲ့ တူတယ်. . . ဟု ရှူးနှမ်းနှမ်း တွေးကြည့်သေးသည်။ [အဲလိုလုပ်ရင်. . . စန်းချိုနဲ့ နပန်းထသတ်ရမှာပဲ၊ အမှန်တော့ ငါခုလို ဖြစ်ရတာ. . . သင်း ကနံပါတ်တစ် တရားခံပဲ၊ သင်းစနက်ပဲ. . .၊ သင်းကြောင့်ဖြစ်ရတာ. . . ] မီးခဲပေါ်ထိုင်မိသော မျောက်ကမှ သန်းဆိုင်ထက် ကွနေ့ချေဦးမည် ဖြစ်လေသည်။

ထလိုက်၊ ထိုင်လိုက်၊ လမ်းလျှောက်လိုက်နှင့် ပါးစပ်က တခွီးခွီး ဖြစ်နေသော သန်းဆိုင်ကို၊ မိထူးက မျက်မှောင်ကြုတ်၊ နှာခေါင်းရှုံ့ပြီး ရပ်ကြည့်နေစဉ်၊ သန်းဆိုင်နှင့် မျက်လုံးချင်းဆုံသွား၏။ သန်းဆိုင်မှာ. . . အဆင်ခြင်မဲ့၊ ကလေးစိတ်ဝင်သလိုလို ဖြစ်လာသည်။

"ဟေး-ဘာကြည့်နေတာလဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်. . ." ဟု လက်ညှိုးထိုး၍ ငေါက်လိုက်၏။

မိထူးက မှုန်တေတေ ထုံပေပေနှင့်ပင် တင်ပါးတလှုပ်လှုပ်နှင့် မီးဖို

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဝင်သွားသည်။ သန်းဆိုင်ကလည်း၊ သူ့ကိုယ်သူ ဘာလုပ်မိမှန်းမသိဘဲ မိထူးနောက်သို့ လိုက်သွား၏။ မီးဖိုခန်းထဲရောက်လျှင် မိထူးက သူ့ကိုမျက်လုံးပြူးကြီးတွေဖြင့်၊ အထိတ်တလန့် ကြည့်နေမှန်း သတိထားမိသည်။ သူသည် မရည်ရွယ်ဘဲ. . .၊ ကြောင်အိမ်ကို ဖွင့်ကာဝက်သားအိုးကို ထုတ်ယူမိသည်။

"အိုဟဲ့. . .၊ ဒါဘာလုပ်ဦးမလို့လဲ သန်းဆိုင်၊ ဒီလောက်ဖြစ်နေတာတောင် အပင်းလျှိုဦးမလို့လား ဟင်"

အလစ်မှာ ကြိမ်လုံးထိသွားသည် နွားတစ်ကောင်လို သန်းဆိုင်တစ်ကိုယ်လုံး တွန့်သွား၏။ ဟင်းအိုးကို ကြောင်အိမ်ထဲ ပြန်ထည့်ရင်း. . .

"ငါ့ဟာငါ၊ ဘာ-ဘာလုပ်လုပ်၊ ဖြစ်-ဖြစ်-ဖြစ်ချင်ရာဖြစ်၊ သေ-သေချင်လည်းသေ၊ ငါ. . . ငါသေမှ အေး-အေးမှာ. . ." ဟု ချောင်းတဟီးဟီးဆိုးရင်း ပါးစပ်ထဲတွေ့ရာကို နှာသံပါပါ ပြောလိုက်သည်။ မျက်ရည်တွေဝဲနေသဖြင့်၊ ကြိမ်းဝါးဟိန်းဟောက်ဖို့ ဟန်ပြင်နေသော စန်းချိုနှုတ်ခမ်းတွေ ပြန်ကိုက်ထားတာ စိတ်လျှော့ချသည်။

"နင်ရူးသလိုလို ပေါသလိုလို လုပ်မနေနဲ့ နင်. . . ဆေးခန်းသွားပြမှဖြစ်မယ်၊ လာ. . . နင့်ကို ကျော်ကြီးဆိုက်ကားနဲ့ လိုက်ပို့လိမ့်မယ်. . ."

"ဟာ၊ နင့်-နင့်အမေလင်၊ နေ့-နေ့ခင်းကြီး ဘယ်ဆေးခန်းက ဖွင့်-ဖွင့်မှာလဲ ဟ၊ ငါ-ငါကကော ဘာ-ဘာဖြစ်နေလို့လဲ. . ."

စန်းချို၏မျက်နှာထားမှာ ဒေါသရိပ်ယောင် ကင်းစင်ပြီး တည်ငြိမ်လေးနက်နေသည်။ သန်းဆိုင်တွေ့ရခဲသော မျက်နှာထားဖြစ်၏။

"နင်. . . ဝက်သားဟင်းသီးတာဟာ မရိုးဘူးတဲ့. . ."

"ဘယ်-ဘယ်သူက-ပြော-ပြောလဲ ဟင်"

"စောစောက. . . ဦးဘာဘူ ကွမ်းယာလာဝယ်ရင်းပြောတာ ဒီမြို့မှာ မကျွတ်သေးတဲ့ ကုလားပုတစ္ဆေက နင့်ကိုဒုက္ခပေးတာတဲ့၊ သူက ဝက်သားစားတာကို မကြိုက်ဘူးတဲ့. . .၊ ဦးဘာဘူက ငါတို့ထက် အလျှင်



ဒီနားမှာနေတာ၊ ဒီမြေဒီရေအကြောင်း ကောင်းကောင်းသိတယ်. . ."

သန်းဆိုင် ရှုံ့မဲ့ ရှုံ့မဲ့ဖြင့်၊ စန်းချိုဘေးမှ ဖြတ်ကာ အိမ်ရှေ့သို့ ထွက်လာသည်။ ဒီကောင်မအရူးထတာပဲ. . .။ ပေါက်ကရစကားတွေလျှောက်ယုံနေတော့တာကိုး၊ ငါ့မှာလည်း အကုသိုလ် အတုံးလိုက်အတစ်လိုက် ဝင်တာပဲ. . .၊ မနက်ကလည်း အပင်ပန်းခံပြီး. . . အီဗရာဟင့် လက်ဖက်ရည်ဆိုင်မှာ စန်းချိုရဲ့အဆက်ဆိုတဲ့ ကုလားဒိန်ကို ရှာခဲ့ရတယ်. . .၊ အခုလည်း. . . ရွှေပဝေသဏီက အသတ်ခံရတဲ့ ကုလားပုက . . . နေ့ခင်းကြောင်တောင် ငါ့ကို ဖမ်းစားနေပြန်ပြီ. . .၊ ဘာတွေဖြစ်ကုန်ပြီလဲမသိပါဘူး. . . ဘုရား-ဘုရား. . . ဟု သန်းဆိုင် ယောင်တီးယောင်ကန်းတွေးသည်။

စန်းချိုက သူ့ဘေးကပ်ကာ၊ ညားကာစကလို အကြင်နာလွှမ်းသော လက်တစ်ဖက်ဖြင့် သူ့လက်မောင်းကို ဆုပ်လိုက်သည်။ သန်းဆိုင် ဆတ်ခနဲ တုန်ပြီး လန့်သလိုလိုဖြစ်သွား၏။

"အဝတ်အစားလဲ သန်းဆိုင်၊ နင်. . . လမ်းထဲက ဆရာကြီး ဦးပွားဆီ သွားရမယ်၊ ဦးပွားရဲ့ ရေမန်းက ဒါမျိုးဆို သိပ်စွမ်းတာ. . ."

ဦးပွားသည်၊ ဤရပ်ကွက်၏ ရှေ့မီနောက်မီ၊ ရပ်မိရပ်ဖ၊ ကျိုက်ဒေးယျံစေတီတော်မြတ်ကြီးမှ ရာသက်ပန် ဂေါပကအဖွဲ့ဝင်ဖြစ်သည်။ သူ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ. . .၊ ကလေးသူငယ်နာမှ လူကြီးသည်းခြေပျက်စိတ္တဇ အထိဂါထာမန္တန်၊ ရေမန်း၊ ဆီမန်းများဖြင့် ကုသိုလ်ဖြစ် ကုသပေးခြင်းဖြစ်သည်။ သမားကြေးအဖြစ်၊ လူနာရှင်က သဒ္ဓါသလောက်သာ ယူသည်။ အပမှီသူ စုန်းပြုစားခံရသူဆိုသော စိတ်ရောဂါရှင်များကိုမူ၊ ဆရာကြီး၏ ဦးပွားက သူ၏နာမည်ကျော် "ဆေးဓား" ဖြင့်၊ ရောဂါရှင်၏ ရင်ဘတ်ကို ဖွဖွကလေးခုတ်ဟန်ပြုကာ မန္တန်ရွတ်၍ ကုသပေး၏။ ဆေးဓားမှာ ဓားအစစ်မဟုတ်၊ သံသတ္တုလည်း မဟုတ်၊ ယမနေသားကို ဓားသဏ္ဍာန် ထုဆစ်ထားသည့် သစ်သားဓားသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သန်းဆိုင် လေ့လာသိရှိမိသလောက်. . .၊ ဦးပွား၏ ကုသမှုသမိုင်းတွင် နာမည်ပျက်မရှိခဲ့။ ထို့အတူ. . .၊ အသက်ထွက်တော့မည့် လူနာကို အသက်ရှည်အောင် ကုသပေးနိုင်ခြင်းမျိုးလည်း မရှိခဲ့ပေ။ သူ့အိမ်မှာ လူနာတွေ ကြိတ်ကြိတ်တိုးနေပုံမျိုးကိုလည်း တွေ့ရမည်မဟုတ်ပေ။ သူက မျှားသောအားဖြင့်၊ ဘုရားကြီးနှင့်ကပ်လျက်၊ ဂေါပကရုံးခန်းတွင် ကွမ်းဝါးရင်း၊ ရေနွေးကြမ်းထိုင်သောက်နေလေ့သာရှိ၏။

စန်းချို၏ ပျော့ပျောင်းသောလေသံနှင့် မျက်နှာထားကြောင့်၊ သန်းဆိုင် အလိုအလျောက် ဒေါသမာန်တွေ လွင့်ပါးသွားသည်။ သို့ရာတွင် "ပစ်စာ. . ." ဆူး၏အဆိပ်က မပြေပျောက်သေး။ သံသယထက်ပိုသော မယုံကြည်နိုင်ခြင်းက၊ ပြောင့်ကြီးကဲ့သို့ သူ့ရင်နှလုံးမှာ ထုတ်ချင်းခတ်စူးဝင်နေသည်။ [ခုလို ဆိုပြန်တော့ နင့်ကို မြွေပေါက်လို လျှာနှစ်ခွနဲ့လို့ ပြောရမှာတောင် ဝန်လေးနေပြီ၊ ဒါပေမဲ့ . . .၊ နင့်ကို ငါအရင်လို သဘောထားဖို့ မဖြစ်နိုင်တော့ဘူး] သန်းဆိုင် ချောင်းဆိုးပြန်သည်။

"ရှုပ်-ရှုပ်ပါတယ်ဟာ၊ ပျောက်-ပျောက်သွားမှာ၊ အလကားဆေးဓားနဲ့ အခုတ်ခံနေရဦးမယ်၊ မသွားဘူးဟာ. . ."

သန်းဆိုင်၏ လက်မောင်းကို ဆုပ်ကိုင်ထားသော စန်းချို၏လက်ချောင်းတွေက ပို၍ တင်းကျပ်လာကြသည်။ အသံကလည်း ကြားရခဲလှသော ချွဲနွဲ့သည့် မိန်းမသားအသံ။

"ဆေးဓားနဲ့ခုတ်ရင် ပိုပြီးတောင် အပျောက်မြန်ဦးမှာ သန်းဆိုင်ရဲ့၊ လာပါဟာ၊ ငါပါလိုက်ခဲ့မယ်. . ."

"ရှုပ်လိုက်တာဟာ" ဟု ပြောအပြီးမှာ၊ တခူးခူးနှာဆတ်လာလေသည်။ စန်းချိုဆန္ဒကို လိုက်လျောဖို့လည်း၊ အလိုလို ဆုံးဖြတ်ပြီးဖြစ်သွား၏။

ကျော်ကြီး၏ ဆိုက်ကားပေါ် လင်မယားစုံတွဲ တက်ထိုင်ကြစဉ်၊ ဝမ်းနိုင်းတုးနှင့် ခင်မောင်ငြိမ်းတို့ ခပ်အုပ်အုပ် ရယ်လိုက်သံ ကိုသန်းဆိုင် ကြားလိုက်ရ၏။



xxx xxx xxx

xxx xxx xxx

သန်းဆိုင်သည် ချောင်းတဟပ်ဟပ်ဆိုးလျက်၊ ဆိုက်ကားပေါ်မှ ဆင်းကာ ပခုံးကျုံ့ ခေါင်းငုံ့၊ ပါးစပ်နှင့် နှာခေါင်းကို လက်ကိုင်ပဝါဖြင့်အုပ်ရင်း . . . အိမ်ပေါ်သို့ သုတ်သီးသုတ်ပျာ တက်သွား၏။ စန်းချို၏ မျက်နှာထားကတော့၊ ပူပင်သောက လုံးဝကင်းစင်နေသည်။ ဆိုင်ရှေ့ခုံတန်းလျားမှာ ထိုင်နေကြသော ခင်မောင်ငြိမ်း၊ ဝမ်းနိုင်းတုးနှင့် ကားဒရိုင်ဘာကြီး ဦးဘာဘူတို့ကို၊ ပြောစရာစကားမရှိဟု အဓိပ္ပာယ်ရသော မျက်နှာထားဖြင့် ကြည့်ရင်း အိမ်ပေါ်တက်သွားသည်။

"ဘယ်လိုလဲကွကျော်ကြီး၊ ဆရာပွားလည်း တစ်ခါတော့ မှားပြီထင်တယ်၊ ကိုသန်းဆိုင် ချောင်းဆိုးမရပ်ပါလား" ဟု ဝမ်းနိုင်းတုးက ဆိုက်ကားကို ဆိုင်ရှေ့နေရိပ်ထဲသို့ တွန်းလာသောကျော်ကြီးကို မေးသည်။

"ရေမန်းလည်းတိုက်တယ်၊ ဆေးဓားနဲ့လည်း လည်မျိုကိုခုတ်တာပဲကွ၊ လည်ပင်းမှာဆွဲထားဖို့ လက်ဖွဲ့အဆောင်လည်း ပေးလိုက်သေးတယ်၊ ဆရာပွားကြီး မတတ်နိုင်ရင်တော့ ရောဂါကြီးလို့နေမှာပဲ၊ ဘာပဲဖြစ်ဖြစ်၊ မစန်းချိုကတော့ တစ်ထောင်တန်တစ်ရွက် ကန်တော့ခဲ့တယ်ကွ၊ ဆိုက်ကားနဲ့လိုက်ပို့ရတဲ့ ငါ့ကျတော့ လူမမာကိစ္စမို့ အခမဲ့ကူညီပါတဲ့ဗျား. . ဟွိုး"

ကျော်ကြီးက ညည်းညည်းညူညူဖြင့် ဦးဘာဘူဘေးမှာ ဝင်ထိုင်၏။ သူညွှန်ကြား၍ ဆရာပွားထံသွားကြခြင်းဖြစ်ရာ သန်းဆိုင့်ဝေဒနာကို ဆရာပွား သက်သာအောင်မဖန်တီးပေးနိုင်သဖြင့် ဦးဘာဘူမျက်နှာ သိပ်မကောင်း။ "ကုလားပုသရဲက အစွမ်းမသေးဘူးကွ၊ ဘုရားကြီးအနားနေပြီး နှစ်(၅၀)ကျော်တာတောင် မကျွတ်တာကြည့်ပါလား"ဟု ဦးဘာဘူက သူ့ကိုယ်သူ ပြန်ပြောသည့်လေသံဖြင့် ပြောသည်။ ဦးဘာဘူက ပရလောကကို အထူးယုံကြည်သူဖြစ်သည်။ သူ၏ ဘတ်စကားကြီးပေါ်တွင် ဒရိုင်ဘာထိုင်ခုံအနီး၌ နတ်(ဘာနတ်မှန်းမသိ)ကို ဆက်ကပ်ထားသည့် ပလတ်

www.burmeseclassic.com

www.burmeseclassic.com



စတစ်ပန်းအိုးမှာ အမြဲတမ်းပန်းမျိုးစုံ ဝေဆာနေတတ်၏။

“ဦးဘာဘူကလည်းဗျာ (၂၁)ရာစု အင်တာနက်ခေတ်ကြီးမှာ တစ္ဆေသရဲတွေ နေစရာမရှိတော့ပါဘူး။ အခုဟာက မမိထူးပြောပုံဆိုရင် ကိုသန်းဆိုင်က အဆီခွဲနေတဲ့ ဝက်သားတုံးကို ကမန်းကတန်းဝါးစားပြီး မျိုချမယ်လုပ်တော့ ဝက်ဆီသီးသွားတာ၊ ဝက်ဆီက အစာမျိုပြွန်ချောင်းထဲ မဝင်ဘဲ လေရှူတဲ့ပြွန်ထဲ ဝင်သွားလို့ ချောင်းဆိုးတာ၊ အဆုတ်ကို ဝက်ဆီနဲ့ ပက်လိုက်သလို ဖြစ်သွားတာပေါ့။ ရေသီးရင်တောင် ခံရခက်သေးတာ၊ ဆီသီးတော့ ပိုဆိုးမှာပဲ”ဟု ခင်မောင်ငြိမ်းက သူ့အယူအဆကို ပြောလိုက်သောအခါ ဦးဘာဘူနေရာပြင်ထိုင်သည်။

“အသက်ရှူကျပ်ပြီး ချက်ချင်းသေသွားအောင် မလုပ်လိုက်တာကိုပဲ ကုလားသရဲကို ကျေးဇူးတင်ရဦးမှာကွ၊ မင်းဘာနားလည်လို့လဲ၊ ကုလားပုက သူစောင့်တဲ့မြေပေါ်မှာ ဝက်သားစားတာ လုံးဝကြိုက်တာမဟုတ်ဘူး၊ မင်းတို့ ခေတ်ပညာသင်ထားတဲ့ကောင်တွေက အင်တာနက်တွေ အင်တာဖြူတွေလောက်ပဲ နားလည်တာ၊ မင်းတို့လို ဘီအေဘီအက်လောက်အောင်ရုံနဲ့ နာနာဘာဝ လောကအကြောင်း နကန်းတစ်လုံးတောင် သိမှာ မဟုတ်ဘူး”

ဦးဘာဘူက ပါးစပ်မှ ကွမ်းဖတ်ရောသော တံတွေးတွေ တဖွားဖွားဖြင့် ခင်မောင်ငြိမ်းကို ဒေါနှင့်မောနှင့် ချိုးနှိမ်လိုက်သော်လည်း ခင်မောင်ငြိမ်းက အပြုံးမပျက်။ “မသိတာကောင်းပါတယ် ဦးလေးရာ၊ သိရင် ဆရာပွားရဲ့ဆေးမားနဲ့ ခဏ ခဏ အခုတ်ခံနေရပါဦးမယ်၊ ဆရာပွားနဲ့ ကျွန်တော်တို့က အိမ်ချင်းကပ်လျက်၊ ကျွန်တော်ကလည်း မကြာခဏ ချချာနေတာဆိုတော့ ဆရာပွားနဲ့ကင်းနိုင်မှာ မဟုတ်ဘူး”

“ဩ- မင်းက ဆရာကြီးပွားကိုတောင် အယုံအကြည်မရှိဘူးလို့ ပြောချင်တာလား”

“လူကိုယုံပါတယ်၊ ဒါပေမဲ့ သူသုံးစွဲတဲ့နည်းလမ်းတွေကို မယုံ



ကြည်တာ၊ သူကုပုံကုနည်းတွေကို တောတွင်းသားပညာမဲ့လူရိုင်းတွေပဲ လက်ခံမယ်၊ ကျွန်တော်တို့ကတော့ အပြတ်ငြင်းမှာပဲ”

“ဟေ့ကောင်-မင်း သူတော်ကောင်းကို မစော်ကားနဲ့ကွ၊ ဆရာကြီးပွားဟာ တစ်ရွာလုံးတစ်ရပ်လုံးက ကြည်ညိုရိုသေတဲ့ သူတော်ကောင်းကြီးကွ၊ ဘုရားကြီးရဲ့ ရာသက်ပန်ဂေါပကလူကြီး မချေမငံမဝေဖန်နဲ့ ကံကြီးထိုက်သွားမယ်”

“မချေမငံမဟုတ်ဘူးခင်ဗျ၊ လွတ်လပ်စွာဝေဖန်ရေးလုပ်တာ”

“သွားစမ်းပါကွာ၊ ဘာလွတ်လပ်စွာ ဝေဖန်ရေးလဲ၊ လွတ်လပ်စွာဝေဖန်ချင်ရင် ဆရာကြီးပွားကို မျက်နှာချင်းဆိုင်သွားပြောပါလားကွ၊ ဟင်း မင်းလိုကောင်မျိုး ဒေးစိမ်းအတောင့်လိုက်ထွက်ချင်ထွက်၊ မထွက်ရင် သွေးပွက်ပွက်အန်သွားမယ် မှတ်”

“ဆရာပွား အဲသလောက်စွမ်းရင် ခုလို အိမ်စုတ်ကလေးနဲ့ ဆင်းတောင့်ဆင်းရဲ နေမတဲ့လား၊ ဦးလေးဘာဘူရာ. . . ဟဲဟဲဟဲ”

‘တောက်-ဘွဲ့ရပြီး အသုံးမကျတဲ့ကောင်လေး၊ သူ့သမာဓိ သူ့ပညာနဲ့သူ ဆင်းရဲတာ ဘာဆိုင်သတုံးကွ”

ဦးဘာဘူက လက်သီးလက်မောင်းတန်းနေစဉ် စန်းချိုဆိုင်ပေါ် တက်လာပြီး လိုအပ်သည်ထက် ပိုလျှံပေါက်ကွဲသော ချောင်းဟန့်သံကြီး ပေးလိုက်သဖြင့် ခင်မောင်ငြိမ်းက တန်ပြန်တိုက်စစ်မဆင်တော့ဘဲ ပါးစပ် ပိတ်ထားလိုက်၏။

“ချောင်းဆိုးတာတော့ သက်သာသွားပြီး ဦးဘာဘူ၊ ဒါပေမဲ့ သန်းဆိုင်ကိုယ်တွေ ပူလာတယ်၊ နှာရည်တွေလည်း တရွဲရွဲနဲ့”ဟု စန်းချိုကပြောရာ၊ ဦးဘာဘူက “ဟင်း ကုလားသရဲကတော့ ခေါ်စာတောင်းနေပြီနဲ့တူတယ်” ဟု မှတ်ချက်ပေးသည်။

အလွန်နှာပါးသည့် သန်းဆိုင်က စန်းချိုနှင့် ဦးဘာဘူတို့၏ စကားသံတွေကို အိမ်ပေါ်ကနေ အထင်အရှားကြားကာ၊ လက်သီးနှစ်ဖက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်မိသည်။ ဦးဘာဘူကလည်း ကမ္ဘာပျက်တဲ့အချိန်မှာမှ ဆီမီးခွက်က ထတောက်နေပြန်ပါပြီ။ ရောဂါကတခြား ဆေးကတလွဲဖြစ်နေတာကို သင်းတို့ မသိကြဘူး။ ငါ ခုလိုဖြစ်ရတာ ကုလားပုသရဲကြောင့် မဟုတ်ဘူး။ ကြာကူလီကုလားပိန်ကြောင့် ဖြစ်ရတာ၊ လက်သည်တရားခံအစစ်ကတော့ စန်းချိုပဲ၊ အခုမှ သင်းက သူ့ကိုယ်သူ ဝတ္တရားရှိရှိ အလိုက်သိတဲ့မယားတစ်ယောက်လို ပျာယာခတ်ပြနေတာ၊ သွားစမ်းပါ၊ ဒီလက်ဖွဲ့ ကြိုးကြီးကလည်း လည်ပင်းယားလိုက်တာ။

သန်းဆိုင်က ဦးပွာက မန်းမှုတ်ပြီး လည်ပင်းမှာ ချည်ပေးလိုက်သော၊ အဝါရောင်ချည်ကြိုးကလေးကို ဆွဲဖြတ်ပြီး အိမ်ခန်းထောင့်တစ်နေရာသို့ လုံးချေလွှင့်ပစ်လိုက်သည်။ ထိုစဉ်. . . စန်းချို၏ ရင်ခေါင်းသံအောအောကြီးကို ကြားမိပြန်၏။

"ကျွန်မတို့ ဒီမြေပေါ်မှာ နေလာကြတာ အနှစ် (၂၀) ကျော်ပြီ၊ ဟိုကပြော သည်ကပြောနဲ့. . . ဒီမြေကို စောင့်နေတဲ့ ကုလားပုသရဲရှိတယ်ဆိုတာ ဒီမြေကွက်မဝယ်ခင်ကတည်းက ကြိုသိနေတာ ဦးဘာဘူရဲ့၊ ဒါပေမဲ့. . . ကျွန်မတို့က လိပ်ပြာသန့်ပြီးသားပါ၊ ပြီးတော့. . . ကျိုက်ဒေးယျုံဘုရားကြီးတစ်ဆူလုံး အိမ်နားမယ်ရှိနေတဲ့ ဥစ္စာပဲ၊ ကုလားသရဲကို ဘာလို့ ကြောက်ရမှာတုံး. . .၊ သန်းဆိုင်ကလည်း ဝက်သားကြိုက်မှ ကြိုက်၊ ကျွန်မတို့က ဘာရယ်ညာရယ် မဟုတ်ဘူး၊ မကြိုက်လို့ကို ဝက်သားရှောင်ကြတာ၊ သူဝက်သားစားလို့ ကုလားပုက ဖမ်းစားမယ်ဆိုရင် ဟိုးယခင် သန်းဆိုင် ဝက်သားစားကတည်းက ကုလားပုက ဒုက္ခပေးတော့မှာပေါ့ မဟုတ်ဘူးလား၊ ဒီနေ့ကျကာမှ ထလုပ်တယ်ဆိုတော့. . . စဉ်းစားစရာပဲ. . ."

"သန်းဆိုင် ကံနိမ့်နေတဲ့အချိန်မှာ. . . သူက ဒုက္ခပေးတာပေါ့ဟာ. . ."

ဦးဘာဘူ၏အသံကိုကြားရပြီး၊ သန်းဆိုင်က နှာခေါင်းရှုံ့၊ နှုတ်ခမ်း



မဲ့ပစ်လိုက်၏။ [ဦးဘာဘူကလည်း အတို့အထောင် တစ်မျိုးပါလား]

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုသန်းဆိုင် ကံနိမ့်နေလို့ဖြစ်ရမယ်"

ကျော်ကြီး၏ ရင်ကျပ်ပန်းနာသည် တစ်ယောက်ကဲ့သို့ ခြောက်အက်အက် အသံဖြစ်၏။ [ဒီခွေးလေးကြမ်းပိုးကောင်၊ ထင်ရာမြင်ရာ စွတ်ပြောနေပြန်ပြီ] သန်းဆိုင်က သူ့ဘယ်ဘက်လက်ကောက်ဝတ်ကို ညာလက်ချောင်းအချို့ဖြင့် ဆုပ်ပြီး၊ ဖျားသွေးရှိမရှိ စမ်းကြည့်နေသည်။ သူ့မျက်လုံးတွေပူပြီး၊ နှာရည်စို့နေသည်ကတော့ အမှန်ပင်။ [ဖျားချင်ယောင်ဆောင်ရာက. . . တစ်ကယ်ဖျားပြီမှတ်ပါရဲ့. . . ] သူ့နဖူး သူ့လက်ဝါးဖြင့် စမ်းကြည့်ပြန်သည်။ ပူရှိန်းရှိန်းကလေးခံစားရလေသည်။ (အမှန်က. . . နေပူထဲက ပြန်လာစမို့ အသားတွေ နွေးနေခြင်းသာ ဖြစ်နိုင်ပါသည်)

"အဲဒါ. . . ညကျရင် နင်တို့ခြံထောင့်မှာ သူတို့ကုလားတွေ ကြိုက်တတ်တဲ့ မုန့်ပဲသရေစာကလေး ဘာလေးနဲ့ ထမင်းထုပ်ကလေးထုပ်ပြီး ခေါ်စာပစ်လိုက် စန်းချို၊ ပြီးတော့. . . အမှားအယွင်းရှိရင် ခွင့်လွှတ်ဖို့ တောင်းပန်လိုက်"

ဦးဘာဘူ၏အသံကို ကြားရပြန်၏။ စန်းချိုက ဘာများပြန်ပြောမလဲဆိုပြီး နားစွင့်ကြည့်သော်ငြား၊ စန်းချိုအသံမကြားရဘဲ ခင်မောင်ငြိမ်း၏အသံသာ ပေါ်လာသည်။

"မုန့်မကျွေးပါနဲ့ဗျာ၊ ထမင်းနဲ့ဆိုတော့ ဟင်းမှသင့်တော်မှာပေါ့၊ မြို့ထဲက ခါလာကြီးဆိုင်မှာ ဆိတ်ကလီစာဟင်းတို့၊ ဖိုက်တင်းဘောတို့ ရှိတယ်၊ အဲဒါ သွားဝယ်ပြီးကျွေးမှ. . . ကုလားပုသရဲ စိတ်ကျေနပ်သွားမှာ. . ."

"ဟော့၊ ဘာမှနားမလည်တဲ့. . . ဘီအေဘီအက်ကောင်၊ သရောလာမလုပ်နဲ့"

"ကိုခင်မောင်ငြိမ်းရယ်၊ နင့်အပေါက် ပိတ်ထားစမ်းပါ၊ နင်နဲ့ဦးဘာဘူတို့က တွေ့လိုက်တာနဲ့ စကားနိုင်လုကြတော့တာပဲ၊ နင့်လေ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်မျိုးနဲ့ ဦးဘာဘူက နင့်ကို သူရွေးချယ်မယ့် သမက်လောင်းစာရင်းထဲ ဘယ်တော့မှ ထည့်မှာမဟုတ်တော့ဘူး၊ ဟုတ်တယ် မဟုတ်လား ဦးဘာဘူ"

စန်းချို၏ စကားသံနှင့်အတူ ရယ်သံတသောသောက သန်းဆိုင်နားထဲသို့ စီစီညံညံ ပြေးဝင်လာ၏။ သည်အချိန်မှာပဲ. . . သူခေါင်းကိုက်ချင်သလိုလို ခံစားနေရမှန်း သန်းဆိုင် သတိထားမိလာတော့သည်။

××× ××× ×××

××× ××× ×××

ညနေ (၆) နာရီလောက်တွင်၊ သန်းဆိုင်နှင့် စန်းချိုတို့ နှစ်ယောက်သား ဒေါက်တာတင်ဆန်းဦး၏ နေအိမ်နှင့်တွဲလျက် ဆေးခန်းသို့ ရောက်သွားကြသည်။ လင်မယားနှစ်ယောက် တပူးတွဲတွဲ သွားလာလေ့မရှိသော၊ သူတို့အတွဲကို ဆေးခန်းမှာ ရောက်နေသော မျက်နှာသိတွေက အံ့သြ အပြုံးကလေးတွေ ပြုံးပြကြသော်လည်း၊ သူတို့က အပြုံးဖြင့် မတုံ့ပြန်အားကြ။ သန်းဆိုင်က မျက်နှာသေနေပြီး စန်းချိုက မျက်နှာအိုနေလေ၏။ သို့ပြား. . . စန်းချိုက သူ့မူအတိုင်း အလွန်အကျွံ ပြင်ဆင်ထားပြီး၊ ပိုင်ဆိုင်သမျှ ရွှေထည်တွေ ညွတ်ဝင်းနေအောင် ဝတ်ဆင်ထားသည်။ ရေမွှေးနံ့လည်း လှိုင်နေသည်။

"အိုး-ဒွေးနဲ့နန္ဒာလှိုင်တို့ပါလား၊ ကျားကိုးစီးစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးတွေဘာများ ဖောက်ပြန်လို့ ဆေးခန်းလာကြတာလဲဗျ. . ."

သူတို့နောက်မှ ရောက်လာသော၊ ဆဲမနာဆိုမနာ ဆိုက်ကားနင်းသား ရန်ပိန် (ခေါ်) ရန်ပိုင်သည် နေမကောင်းသော ခရီးသည် လူနာတစ်ဦးကို ဆေးခန်းသို့လာပို့ရင်း၊ သန်းဆိုင်တို့ကို မြင်မြင်ချင်း ခါတိုင်းလိုပဲ တရင်းတနှီး နှုတ်ဆက်သည်။

စန်းချိုမှာ. . . ကာလ၊ ဒေသ၊ အချိန် ဆင်ခြင်တတ်သူ မဟုတ်။ စိတ်ရှုပ်ရသည့်အထဲ၊ ဆေးခန်းမှာ နောက်တီးနောက်တောက်



နှုတ်ဆက်သော ရန်ပိုင်ကို မျက်စိတွေပြူးကြည့်လိုက်သည်။

"ငါတို့က တစ်ခါတစ်ရံပဲ ဖောက်ပြန်တာရန်ပိန်. . .၊ နင်တတော့. . . ခွေးမသောက်တဲ့ အရည်တွေ နေ့တိုင်းသောက်ပြီး. . . နေ့တိုင်း ဖောက်ပြန်နေတာ" ဟု ပီသာလေးဖြင့် ဘေးထုလိုက်သော်လည်း၊ ရန်ပိုင်က အပြုံးမပျက်ဘဲ၊ လှည့်ထွက်သွားရင်း လက်နှစ်ဖက် မြှောက်ပြကာ၊ ဆေးခန်းအပြင်ကနေ လှမ်းပြောသည်။

"ဘုရားမကြိုက်တဲ့ အလုပ်တွေ မလုပ်တော့ဘူးဗျို့၊ ရာသက်ပန်ရှောင်လိုက်ပြီး ရန်ပိုင်တို့က သန့်သန့်ကလေးပဲ နေတော့မယ်. ."

"အဲဒီစကားကို နင် ချေးစားပြောဦးတော့ မယုံဘူးဟေ့. . ."

စန်းချိုက ပတ်ဝန်းကျင်ကို မထောက်ထားဘဲ၊ ခုနစ်သံချီလိုက်သဖြင့် သန်းဆိုင် မရှိုးမရွဖြစ်ကာ၊ စန်းချိုကို တံထောင်ဖြင့်အသာတို့သည်။

"သင်း ပါးစပ်ကသာ ဘုရားမကြိုက်တဲ့အလုပ်တွေ မလုပ်တော့ဘူး,ဘာဘူးနဲ့၊ ဆေးခန်းရှေ့မှာ သင်း ဆိုက်ကားရပ်ကတည်းက. . .၊ အရင်ဆုံး သူ့အနံ့က ဆေးခန်းထဲရောက်နေပြီ"

နင်တော်တော်လျှာရှည်တာပဲ. . . ဟု ပြစ်တင်ဟိန်းဟောက်မလို ပါးစပ်ပြင်ပြီးမှ သန်းဆိုင်နှုတ်ခမ်းတွေ တင်းတင်းစေ့ထားလိုက်၏။ [ပတ်ဝန်းကျင်ကို အားနာရကောင်းမှန်း မသိတဲ့မိန်းမပါလား၊ ရှက်ဖို့ကောင်းလိုက်တာ] သန်းဆိုင်အနီးရှိ လူမမာများနှင့် လူမမာလိုက်ပို့သူများကို မကြည့်ရဲတော့ဘဲ၊ ခေါင်းငုံ့ထားလိုက်သည်။ "တခြားဆိုက်ကားမရှိတာနဲ့. . . သူ့ဆိုက်ကားကိုပဲ ကြောက်ကြောက်နဲ့ စီးလာခဲ့ရတာ. . ."

ရန်ပိုင်လိုက်ပို့သော လူမမာအဘိုးကြီးက ဖွင့်ဟသည်။

နောက်ထပ်မိနစ် (၂၀) ခန့်ကြာမှပင်. . . သန်းဆိုင်အလှည့်ရောက်လာပြီး၊ ဒေါက်တာ တင်ဆန်းဦးနှင့် တွေ့ခွင့်ရလေသည်။

"ဟုတ်တယ်၊ ဖျားသွေးနည်းနည်းရှိတယ်၊ သိပ်မများပါဘူး၊ ဒီဝရီ ၁၀၀ ပဲရှိတယ်၊ ဖျားတယ်ဆိုရုံကလေးပေါ့၊ ဒါပေမဲ့. . . ထမင်းစားလို့မ

www.burmeseclassic.com

www.burmeseclassic.com



ရဘူး။ ဆန်ပြုတ်ပူပူကလေးသောက်ပြီး နွေးနွေးထွေးထွေးနေဗျာ ကိုသန်းဆိုင်၊ ခင်ဗျားကို တွေ့လိုက်တိုင်း အကျီချွတ်နဲ့ချည်းပဲ။ အဲဒီလိုမနေနဲ့ဗျ၊ အိုက်ရင်လည်း စွပ်ကျယ်လောက်တော့ ဝတ်ထား" ဟုဆရာဝန်က အဖျားတိုင်းသော ပြဒါးတိုင်ကလေးကို ကြည့်ရင်းပြော၏။

'ဒီမှာဆရာလေး. . .၊ဆန်ပြုတ်ကို ဝက်သားနဲ့ပြုတ်သောက်ရင် ရမလား"

သန်းဆိုင်မှာ အိမ်ရှိကြောင်အိမ်ထဲမှ ဝက်သားဟင်းအိုးကြီးကို မြင်ယောင်ရင်း ဆရာဝန်ကို လွှတ်ခနဲ မေးလိုက်မိလေသည်။ ဆရာဝန်က ခေါင်းယမ်းပြသည်။

"ဝက်သားက အစာကျေခဲတယ်ဗျ၊ ကြက်သားနဲ့ ပြုတ်သောက်နိုင်ရင် ကောင်းတယ်" စန်းချိုကလည်း. . .၊ အခွင့်အရေးပေါ်လာသည်နှင့် လက်လွှတ်မခံတော့၊ ဆရာဝန်ရှေ့သော၊ ဘာသော ညာသောမရှောင်၊ ဝသီအတိုင်း ပြောချပစ်လိုက်သည်။

"တော်တော်ခက်တဲ့ လူပါလားဟယ်၊ နင် ဝက်သားကြောင့် ဒုက္ခရောက်တာတောင် ဒီဝက်သားကို တမ်းတတုန်းလား သန်းဆိုင်။ နင့်ကို ဈေးထဲက ဝက်သားသည်မနဲ့ ငါကိုယ်တိုင် ပေးစားပစ်မှနဲ့တူတယ်. . ."

လူပျိုကြီး ဆရာဝန်တင်ဆန်းဦးက၊ ရန်ထောင်နေသော ဇနီးနှင့်၊ ထိတ်လန့်နေသော ယုန်သူငယ်ကလေးကဲ့သို့ ကုပ်ချောင်းချောင်းလုပ်နေသော ခင်ပွန်းသည်တို့ကို ကြည့်ကာ၊ အိမ်ထောင်မပြုရသေးသည့် သူ့ဘဝကိုအားရ ကျေနပ်ဘိသကဲ့သို့ အပြစ်ကင်းစင်စွာ မြိန့်မြိန့်ကြီး ပြုံးနေလေတော့သည်။

xxx xxx xxx

xxx xxx xxx

ဆရာဝန်ပေးလိုက်သော ဆေးလုံး ဆေးတောင့်တွေက၊ သန်းဆိုင် အဖို့ရာ အာနိသင်ကင်းမဲ့လျက်ရှိသည်။ သန်းဆိုင်မှာ ဘုရားစင်ရှေ့ရှိ၊ အိပ်ရာ



ပေါ်တွင် ဘယ်စောင်းညာလှည့်နှင့် အိပ်မပျော်နိုင်။ ဖျားနာခေါင်းကိုက်ခြင်းမှာ. . . သူ့ကို အရေးတကြီး ဒုက္ခပေးနေသော အရာတွေ မဟုတ်။ ဆာလောင်နေခြင်းကြောင့်သာ သူအိပ်မပျော်နိုင်ခြင်းဖြစ်၏။ ညဦးပိုင်းက စန်းချိုတိုက်ကျွေးသော ကြက်သားဆန်ပြုတ်က အရသာလည်း မရှိ၊ အာသာလည်းမပြေ။ ခု. . . ရင်တလှပ်လှပ်တုန်အောင် ဆာလောင်နေပြီ။ နံနက် (၁) နာရီခန့်ရှိပြီဖြစ်ရာ. . .၊ တစ်လောကလုံး အိပ်မောကျသကဲ့သို့ ဆိတ်ငြိမ်လျက်ရှိ၏။ လေသင့်လျှင်၊ ဘုရားကြီးဆီမှ ဆည်းလည်းခတ်သံ သဲ့သဲ့ကိုသာ ကြားခွင့်ရသည်။ ဆည်းလည်းခတ်သံ ကြားရစဉ်၊ သန်းဆိုင်သည် ဘုရားကြီးရင်ပြင်တော်ပေါ်သို့ ရောက်သွားပြီး၊ ရင်ပြင်တော်ပေါ်မှာ တစ်ယောက်တည်း ငေးကြောင်ကြောင် ရပ်နေမိသလိုလို ယောင်မှားထင်မှတ်မိသည်။ သူ့ကိုယ်သူ. . . ဘုရားရှေ့တော်မှောက်မှာ ပုတီးပဲ ထိုင်စိပ်နေသလိုလို. . .၊ ဘုရားကြီး၏ စိန်ဖူးတော်ဆီ မော့ကြည့်နေမိသလိုလိုလည်း ဖျတ်ခနဲ ဖျတ်ခနဲ ခံစားမိ၏။

သန်းဆိုင်သည် ပက်လက်လှဲနေရာက ထထိုင်သည်။ ဘုရားထံပူဇော်ထားသော၊ ဖယောင်းတိုင် ငါးတိုင် (ဝပ်) အား မီးနီကလေးမှ ဖြာကျလာသည့် နီဖန့်ဖန့် မှုန်ရီရီအလင်းထဲတွင်. . .၊ အကျီချွတ်ကြီးနှင့် ထိုင်နေသော ချွေးတလုံးလုံး ရွှဲနစ်နေသော သန်းဆိုင်မှာ၊ သားရဲတွင်းထဲမှ ဒဏ်ရာရ သားကောင်တစ်ကောင်နှင့် တူနေသည်။ ငါထမင်းထစားလိုက်ရင်. . .၊ ရင်တုန်တာတွေ ဗိုက်ထဲက လေထတာတွေ ပျောက်သွားမယ်တူတယ်ဟုတွေးရာက၊ ဟာ-ဟိုဘီလူးမနိုးလာပြီး မိသွားရင် ငရဲပွက်သလို ဖြစ်သွားမယ်. . . ညကြီးမင်းကြီး သင်းအသံကို နားထောင်ရမယ့်အစား. . . ကျားပါးစပ်ထဲသာ ခေါင်းလျှိုသွင်းလိုက်ချင်တယ်. . . ဟု စိတ်ပြောင်းလိုက်ပြန်လေသည်။

တယောက်တယက်ဖြစ်နေသော စိတ်အနေအထားကြောင့်၊ သန်းဆိုင်၏ ခြေလက်အင်္ဂါတွေ လှုပ်ရှားပုံမှာလည်း၊ သွက်ချာပါဒ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



သည်ဆန်နေ၏။ သူသည် ထိုင်ရာမှ ခေါင်းအုံးပေါ်သို့ ဦးခေါင်းကို လှဲချပြီးမှ၊ ဇိုးဇိုးဇတ်ဇတ်နှင့် ထထိုင်ပြန်၏။ ခေါင်းအုံးအောက်မှာ၊ ဖိထားသည့် ဂျင်းဂျက်ကက်ကို တုန်ယင်စွာ ဆွဲထုတ်သည်။ သည်အကျႌထဲမှာ၊ သူ့ အသည်းနှလုံးနှင့် ထပ်တူအလေးထားရမည့် "ပစ်စာ" ရှိနေသည်ကိုး။"

စာကို စမ်းသပ်မိသည်နှင့်၊ သူသည် တိခနဲခုတ်ပိုင်းခံရသော ငှက်ပျောပင် တစ်ပင်ကဲ့သို့၊ အိပ်ရာပေါ် လဲကျသွားပြန်လေသည်။ အကျႌပေါ်ကနေ ဆုပ်ဖမ်းထားသည့် စာခေါက်ကို သူမလွှတ်သေး။ သို့နှင့်ပင်. . .၊ ထိုစာက ပြူစားဖန်တီးလိုက်သော အရိပ်အယောင် ရုပ်လွှာ စုံသည် သူမော့ကြည့်နေသော အိမ်မျက်နှာကြက် သစ်သားပြားတွေပေါ်မှာ၊ ဖလင်မကောင်းသော ရုပ်ရှင်ကားထဲမှ အရုပ်များကဲ့သို့. . . ဝိုးဝါး ပုံရွှဲ့လျက် ပေါ်တင်လှုပ်ရှားလာကြသည်။ ငါ နေမကောင်းလို့ဆိုပြီး ဆေးခန်းလိုက်ပို့တာ၊ ကြက်တစ်ကောင် မရရအောင်ရှာပြီး၊ ကြက်သား ဆန်ပြုတ်လုပ်ပေးတာတွေဟာ စန်းချိုရဲ့ မာယာတွေပဲ. . .၊ ဟန်ဆောင် မျက်နှာဖုံးတပ်ပြီး ဘေးကလူတွေရဲ့ ချီးကျူးလေးစားမှုကို ကလိန်ကျ လုယူ လိုက်တာပဲ. . .၊ ဖောက်ပြန်တဲ့ မိန်းမတစ်ယောက်မှာ လင်ကြီးအပေါ် ဘယ်လိုလုပ်ပြီး ဖြူစင်သန့်ရှင်းတဲ့ စေတနာမေတ္တာ ရှိနိုင်ပါတဲ့မလဲဟူ၍ တွေးရင်း နာကျင်ကြေကွဲမှုဖြင့် သန်းဆိုင်မျက်ရည်တွေ ရစ်ဝဲလာ၏။ [နောက်ဆုံး သတ္တုချလိုက်တော့. . .၊ ဒါတွေဟာ စန်းချိုက ငါ့ကိုအရှုးလုပ် နေတာပဲ၊ သူသာ ငါ့အပေါ် မေတ္တာတရားကြီးမားခဲ့ရင် ငါ့ကို အပြင်ထွက် အိပ်ခိုင်းပါ့မလား. . .၊ မေတ္တာကြီးမားတဲ့ မိန်းမဟာ လင်သားဖျားရုံမက၊ လို့. . . နူနူရွဲ့ရွဲ့ တစ်အိပ်ရာထဲ အတူအိပ်မှာပဲ. . .၊ ခုတော့. . . ခုတော့] ဟု ဆွေးမြည့်စွာ တွေးရင်း၊ သန်းဆိုင်သည် နင့်နင့်နဲနဲ လေးပင်စွာ ရှိုက်ငင် လိုက်သည့်အခါ၊ မျက်ရည်ပူတွေ ယိုဆင်းလာတော့သည်။

မကြာပါ။ တစ်ခဏအတွင်း၊ သန်းဆိုင်သည် ဖြုန်းခနဲထထိုင်ပြီး ပွေ့ပိုက်ထားသော ဂျင်းဂျက်ကက်မှ လက်တစ်ဖက်ဖြင့် မျက်ရည်တွေကို



ကမန်းကတန်း သုတ်နေသည်။ စိတ်တင်းပြီး မျက်ရည်သုတ်သည့် တစ်ချိန် တည်းမှာပင်. . .၊ သူ့ရင်ထဲ၌ ဝမ်းနည်းခြင်းနှင့် မကျေမချမ်းနိုင်ခြင်းတို့က တွန်းထိုးဗလောင်ဆူလာကြ၏။ ဒီမျက်ရည်တွေကို ကောင်မစုတ် တွေ့ လို့မဖြစ်ဘူး၊ မတွေ့သင့်ဘူး၊ အမှန်တော့. . . ဒီမျက်ရည်ဟာ ကောင်မ စုတ်နဲ့တောင် မတန်ဘူး. . .၊ မင်းသမီးခေါင်းဆောင်းထားတဲ့ ဘီလူးမ . . . ဟု စဉ်းစားစဉ်၊ သူ့သွေးစီးနှုန်းက တစ်ဟုန်ထိုး မြန်ဆန်လာသည်။

ထို့နောက်. . . သန်းဆိုင်သည် ရိုက်ကာလှဲခြင်း ခံရသည့်ပမာ၊ အိပ်ရာပေါ်သို့ ပက်လက်လဲကျသွားပြီး၊ ချောင်းတခွတ်ခွတ် ဆိုးနေပြန် တော့သည်။

×××   ×××   ×××

×××   ×××   ×××

ဒုတိယနေ့၊ ထောက်လှမ်းလေ့လာရေးအစီအစဉ်ကို၊ သန်းဆိုင်က ပုံစံပြောင်းလိုက်၏။ နံနက် (၇) နာရီခွဲသာသာတွင်၊ စန်းချို ဈေးမသွားမီ သူက အရင်အိမ်က ထွက်နိုင်အောင် ကလိန်စေ့ငြမ်းဆင်ရပြန်သည်။

"တခြားလူနာတွေအတွက်တော့မသိဘူး၊ ငါ့ကိုတော့. . . ဆရာ လေးတင်ဆန်းဦးရဲ့ဆေးက မလိုက်ဘူး၊ မြို့ထဲက တရုတ်ဆရာဝန်မဆီပဲ သွားမယ်ဟေ့" ဟု တမင်ဟန်လုပ်၍ ခပ်တန်တန်ပြောလိုက်သည့်အခါ၊ စန်းချိုက နှုတ်ခမ်းတွန့်ရုံမှအပ. . .၊ ဘာမျှမပြော။

သန်းဆိုင်သည် သူ့အိမ်နားက ဆိုက်ကားဂိတ်မှ ဆိုက်ကားများတို့ မစီး။ ထိုဂိတ်က ဆိုက်ကားသမားအားလုံး သူ့ကို သိရုံမျှမက၊ "အိုးမကောင်း ချိုးမကောင်း" အကျွမ်းတဝင် ရှိကြသူများဖြစ်ကြသည်။ သူ၏လမ်းကြောင်းတို့ ထိုငနဲတွေ သိလို့မဖြစ်။ ငနဲတွေက ပါးစပ်မလုံဘဲ. . .၊ စန်းချိုကို ခုံတော် ဦးပြန်တင်လိုက်ပါက မိုးမီးလောင်ဦးမည်။

သန်းဆိုင်သည် မနေ့ကလို၊ ဂျင်းဂျက်ကက်ကြီးဝတ်ထားသော် လည်း၊ မာဖလာခေါင်းပေါင်းလည်း မပေါင်း၊ နေကာမျက်မှန်လည်း

www.burmeseclassic.com

www.burmeseclassic.com



မတပ်။ သို့ပေမဲ့ ရုပ်ဖျက်ရန် မာဖလာနှင့် မျက်မှန်တော့၊ စန်းချိုမသိအောင် ဝှက်ယူလာခဲ့၏။ လမ်းဆုံရောက်လျှင်၊ မျက်နှာစိမ်း ဆိုက်ကားသမားတစ်ဦး၏ ဆိုက်ကားကို တက်စီး၍၊ ဈေးဘက်သို့လာခဲ့သည်။ ဈေးရောက်မှ. . . နေကာမျက်မှန်ကြီး ထုတ်တပ်၊ မာဖလာကြီးကို ခေါင်းပေါင်း ပေါင်းလိုက်သည်။ ပြီးလျှင်. . . စန်းချို ဆိုက်ကားပေါ်မှ ဆင်းလာသည်ကို တွေ့နိုင်သော. . .၊ အနေ့းယာဉ်ဂိတ်အနီးမှ ကုက္ကိုပင်ကြီးခြေရင်းရှိ ရေချမ်းစင်ကလေးဘေးမှာ၊ ကွမ်းတမြုံ့မြုံ့ဝါးရင်း သတိထား၍ ရပ်စောင့်နေလိုက်၏။ သတိထားမှ ဖြစ်ပေမည်။ ဤအနေ့းယာဉ်ဂိတ်သို့. . သူ့အသိအကျွမ်း ဆိုက်ကားသမားတွေ ရောက်လာတတ်သဖြင့်၊ သူတို့ကို ကြိုတွေ့သည်နှင့်၊ ရေအိုးစင်အကွယ်မှာ အသာ ကိုယ်ယောင်ဖျောက်ထားနိုင်သည်။

သန်းဆိုင်၏ ဒုတိယနေ့ ကြိုးပမ်းမှုမှာ အရာမထင်၊ အချည်းနှီးသာပင်။ စန်းချိုသည် ယမန်နေ့က ဈေးဆိုင်များသို့ ဝင်ရောက်ဝယ်ခြမ်းပြီးနောက်၊ ယမန်နေ့ကလိုပင်. . . ဆိုက်ကားဖြင့် ပြန်သွားကြောင်း၊ သန်းဆိုင် တိတ်တခိုး ချောင်းမြောင်းရင်း တွေ့ရှိခဲ့ရ၏။ သန်းဆိုင်က. . . အားမလိုအားမရစိတ်ဖြင့်၊ အီဝရာဟင် လက်ဖက်ရည်ဆိုင်ရှေ့မှာ လူးလာခေါက်တုံ့လျှောက်ကြည့်သေးသည်။ ဆိုင်ထဲတွင်. . . လူမျိုးခြား စားသုံးသူတစ်ကောင်တစ်မြီးမျှ မတွေ့ခဲ့ရပါ။ [တန်တော့. . .၊ ဒီကနေ့လည်း သူတို့ချိန်းချက်မထားကြပြန်ဘူး၊ ဧကန္တ. . . ကုလားဒိန်ခရီးများ ထွက်သွားလို့လား. . .၊ နေနှင့်ဦးပေါ့ကွာ၊ ပျံလေတဲ့ငှက်ခါး နားကာမှ သိစေ့မယ်] သန်းဆိုင် လက်သီးဆုပ်၊ အံကြိတ်ပြီး ဈေးထဲတွင် အရူးတစ်ကောင်လိုရည်ရွယ်ချက်မရေမရာဖြင့် လမ်းသလားနေသည်မှာ တစ်နာရီခန့် ကြာလေသည်။ နောက်ဆုံးတော့. . .၊ ပြင်းပြစွာ တောင်းဆိုလျက်ရှိသောပိုးမျိုးရှစ်ဆယ်တို့၏ အလိုဆန္ဒကို ဖြည့်ဆည်းခြင်းအလို့ငှာ။ နန်းကြီးသုပ်နှစ်ပွဲစား၊ ပဲပလာတာတစ်ပွဲဝါး၊ လက်ဖက်ရည်ချိုဆိမ့် တစ်ခွက်သောက်ပြီးနောက်. . .၊ ထောက်လှမ်းရေး စစ်မြေပြင်မှ အောင်မြင်စွာ ဆုတ်ခွာခဲ့လေသည်။



"တရုတ်မအနံ့ကို ရှူလိုက်ရတော့. . . နင့်ရောဂါသက်သာသွားပြီပေါ့ ဟုတ်လား" ဟုစန်းချိုက အိမ်ဝကနေဆီးပြီး၊ ခနိုးခနဲ့ ရန်စကားပြောသောအခါ၊ တစ်လမ်းလုံး ဒေါသမောင်းတင်ထားသည့် သန်းဆိုင်သည် ဒေါသတို့ကို တရဟောဖွင့်ချလိုက်သည်။

"နင်-တော်တော် သဘောမနောပုပ်တဲ့ မိန်းမပဲ. . .၊ နင်ထင်ရာမြင်ရာပြောလို့ ငါလည်း ဘာမှမဖြစ်ဘူး၊ တရုတ်ဆရာဝန်မလည်း ဘာမှမထိခိုက်ဘူး၊ နင်သာ. . . စိတ်စေတနာကောင်းနဲ့ ပိုက်ဆံမတရားမယူဘဲ ဆေးကုသပေးနေတဲ့ ဆရာဝန်အပေါ် မစ္ဆေရစိတ်ပွားတဲ့အတွက် ယောယုဝငရဲမှာ. . . လျှာဖြတ်ခံရမှာ၊ နားလည်လား. . ."

သန်းဆိုင်မျှော်လင့်ထားသလို၊ စန်းချိုက ခါတိုင်းလို ကြွက်ခေါင်းဆိတ်မခံ တုံ့ပြန်လာခြင်းမရှိပါ။ သရော်ပြုံးသာ ပြုံးသည်။

"ငါ့လျှာဖြတ်ခံရမှာက. . . နောက်မှ၊ လောလောဆယ် နင်တရုတ်မအနံ့ကို ရှူရင်းနဲ့ အဖျားပျောက်သွားမှ ဖြစ်မယ်၊ သက်သာရင် ဆိုင်မှာထိုင်တော့. . . ငါတို့မှာ တခြားအလုပ်တွေ တစ်ပုံကြီးရှိသေးတယ်၊ နင်ဆိုင်မှာ မထိုင်နိုင်တော့. . . ဘယ်လောက်ကသီတယ်မှတ်လဲ"

"ဒီလိုဆို. . . ငါသေရင် ဘယ်လိုလုပ်မလဲ"

"အံမယ်. . . ကျောပူခေါင်းကိုက်ဖြစ်ရုံလေးနဲ့ သေစကားထည့်မပြောနဲ့ သန်းဆိုင် နင့်ရောဂါက သေဖို့နဲ့အဝေးကြီး"

"ငါသေရင်ပြောတာဟ၊ ကြိုပြောထားတာ၊ ငါသေရင် ကုလားဒိန်တစ်ယောက်ငှားပြီး ဆိုင်မှာ ကွမ်းယာရောင်းခိုင်း၊ ဒီကောင်တွေက ကွမ်းယာစပ်တာ သိပ်တော်တယ်. . ."

စန်းချို၏ မျက်နှာထား လုံးဝအပြောင်းအလဲမရှိ၊ စကားလည်းမပြန်တော့၊ သန်းဆိုင်ကို မတွေ့မမြင်သည့်အလား. . . အိမ်အောက်သို့

www.burmeseclassic.com



ဆင်းသွား၏။ သန်းဆိုင်က မချင့်မရဲ ခံစားမှုဖြင့်၊ စန်းချိုကို လိုက်ကြည့်နေဆဲ။ [တော်တော်အရေထူတဲ့ မိန်းမ၊ ဒီပုံဆို. . ကုလားဒိန်နဲ့ လက်ပူးလက်ကြပ်မိရင်တောင် မျက်နှာတစ်စက်မှ ပျက်မှာမဟုတ်ဘူး. . .]

xxx xxx xxx

တတိယနေ့နှင့် စတုတ္ထနေ့တို့၌၊ သန်းဆိုင်၏ ကြိုးပမ်းအားထုတ်မှုမှာ၊ ယခင်နေ့များကအတိုင်း အကျိုးတရား မဖြစ်ထွန်းပြန်ချေ။ ယခင်. . . နည်းဗျူဟာအတိုင်း သန်းဆိုင်က စန်းချိုထက်အရင် အိမ်ကထွက်ပြီး၊ ဈေးအနီး၊ အနေးယာဉ်ဂိတ်နားကနေ ပုန်းလျှိုးကွယ်လျှိုး စန်းချိုကို စောင့်ကြည့်သည်။ စန်းချိုရောက်လာလျှင် စန်းချိုနောက်သို့၊ သတိဝီရိယကြီးစွာထား၍ ခြေရာခံလေ့လာ စူးစမ်းသည်။ သူသည်. . . သားကောင်နောက်သို့ စိတ်ဇောကြီးစွာ လိုက်လံချောင်းမြောင်းနေသော တောလိုက်မုဆိုးနှင့်တော့ တူသယောင်ယောင်ရှိသည်။ မုဆိုးနှင့် မတူသည်ကတော့. . . မုဆိုးသည် သားကောင်နှင့် ရင်ဆိုင်ရမှာ မစိုးရွံ့သော်လည်း. . . သန်းဆိုင်ကမူ၊ သူလိုက်ချောင်းနေတုန်း စန်းချိုက တပ်အပ်တွေ့မြင်သွားမှာကို နှလုံးသွေးရပ်မတတ် ကြောက်လန့်နေခြင်းဖြစ်၏။

တစ်နာရီခန့်. . .၊ မိမိ၏ခြေနှစ်ချောင်းကို ရွှေ့လျားလိုက်၊ ခေတ္တရပ်နားလိုက်၊ ခိုင်းစေ မောင်းနှင်နေသော၊ သာမန်လူတစ်ဦးအဖို့ရာ၊ မခံမရပ်နိုင်အောင် ညောင်းညာပင်ပန်းခြင်း မဖြစ်နိုင်သော်လည်း. . .၊ သန်းဆိုင်ကဲ့သို့. . .၊ စန်းချို၏နောက်ဘက် ကိုက် (၃၀)အကွာလောက်ကနေ၊ ရှုပ်ထွေးတိုးဝှေ့နေသော လူအုပ်၏ ဦးခေါင်းတွေ ခန္ဓာတွေကို ကွေ့ရှောင်ရင်း၊ လည်တဆန့်ဆန့် ခေါင်းတငဲ့ငဲ့ဖြင့်၊ မျက်တောင်မခတ်ပြူးပြူးပျာပျာ ကြည့်မျှော်ကာ၊ စန်းချိုလျှောက်လျှင် လျှောက်လိုက်၊ စန်းချိုရပ်လျှင်ရပ်လိုက်၊ ကိုယ်က မြင်သာပြီး သူမမြင်နိုင်သောနေရာမှ ကိုယ်ကိုရှို၍ ပုန်းကွယ်လိုက် လုပ်နေရသော လှုပ်ရှားမှုမှာ၊ သူ၏ကြွက်သားစိုင်များကို သာမက၊ အာရုံခံနာဗ်ကြောစုကိုပါ အတင်းအကျပ် မောင်း



နှင်နှိပ်စက်သလို ဖြစ်နေသည်။ လူမော၊ စိတ်ပန်းအလုပ်ဖြစ်သည်။ စိတ်ပန်းရုံမျှသာမက. . .၊ သူကသာ စန်းချိုနောက်ကို လိုက်ချောင်းနေသော်လည်း စန်းချိုက သူ့ကိုလိုက်ဖမ်းနေသကဲ့သို့ ရင်တခုန်ခုန်နှင့် သွေးတဒိန်းဒိန်းတိုးကာ မွန်းကျပ်လာရပေ၏။

ပဉ္စမမြောက်နေ့ နံနက်ခင်း၌မူ၊ စန်းချိုကို လိုက်လံချောင်းမြောင်းဖို့ သန်းဆိုင် စိတ်လျှော့ချင်သလိုလို ဖြစ်လာသည်။ မကျန်းမာချင်ယောင်ဆောင်သည့်ဒဏ်ကလည်း၊ ပက်လက်လှန်ပြီး တံတွေးထွေးသည့်လူလို၊ ကိုယ့်အပြစ်နှင့်ကိုယ် ခံနေရပါ၏။ စားနေကျအတိုင်း၊ ထမင်းမစားရသဖြင့် သန်းဆိုင်ခွန်းအားတွေ ဆုတ်ယုတ်လာ၏။ တကယ်တန်း အဖျားဝင်လာချိန်၌. . .၊ ဆန်ပြုတ်သောက်ရသည်ကို မတင်းတိမ်နိုင်။ စန်းချိုအလစ်မှာ မုန့်တွေ အသီးအနှံတွေ ခိုးစားခဲ့ပါသော်လည်း သူ၏ဝမ်းခေါင်းကျယ်ကြီးမှာ ငါးမန်းကြီးပါးစပ်ထဲ ငါးသန်ငါးမွှားကလေး လက်တစ်ဆုပ်လောက်ပစ်ထည့်သည့်နှယ် တဏှာအာလျှ မပြေနိုင်ဘဲရှိ၏။

ဤရက်ပိုင်းအတွင်းမှာပင်၊ သန်းဆိုင်မျက်လုံးအစုံတစ်ဝိုက်တွင် အညိုကွင်းကြီးနှစ်ကွင်း ခပ်ယောင်ယောင် ပေါ်လာကြသည်။ ပြည့်ဖောင်းခဲ့သော ပါးတွေ မသိမသာချိုင့်ဝင်သွားသလိုလည်း ထင်ရသည်။ တောက်ပ ရှင်သန်ခဲ့ကြသော မျက်လုံးတွေမှာ အသက်ဓာတ် လျော့ပါးကာ. . ဝေဝေရီရီမှိုင်းပျလာကြသည်။ သူသည် ဈေးဆိုင်သို့လည်း ဆင်းမထိုင်တော့. . .၊ ဆိုင်ရှေ့ခုံတန်းလျားမှာ အမြဲလိုလို လာထိုင်နေတတ်သော ခင်မောင်ငြိမ်း၊ ကျော်ကြီးနှင့် ဝမ်းနိုင်းတူးတို့နှင့် အရင်ကလို နောက်လား၊ ပြောင် လား စကားမပြောချင်သည်က တစ်ကြောင်း. . .၊ အကြောင်းရင်းကို အဖြေရှာမရသည့် သိမ်ငယ်စိတ်က လူအများနှင့် ရောနှောဆက်ဆံရန် ခွင့်မပြု၊ ဟန့်တားနေသည်က တစ်ကြောင်း၊ စန်းချို၏ ကြင်နာယုယမှု (မာယာလုပ်၍ ဟန်ပြပြုစုသည်ပဲ ဖြစ်စေ. . .) ကို လူမမာအဖြစ် မျှော်လင့်ထားသည်က တစ်ကြောင်းတို့ကြောင့် သန်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှာပဲ ထိုင်လိုက်၊ ထလိုက်၊ လှဲအိပ်လိုက် တီဗွီ (စိတ်မပါဘဲ) ကြည့်လိုက်နှင့် အချိန်နာရီတွေကို ပင်ပန်းစွာ ဖြတ်ကျော်နေခဲ့သည်။

ယခုအခါ. . . သူ့အစစ်အမှန် မမာမကျန်းဖြစ်နေမှန်း၊ သန်းဆိုင် နားလည်လာခဲ့ပြီ။

"သန်းဆိုင်. . .၊ နင့်တရုတ်မဆီ မသွားတော့ဘူးလား. . ."

အိပ်ရာထဲမှာ၊ တစောင်းခွေနေသည့် သန်းဆိုင်ကို၊ စန်းချိုက ရန်လိုသံမပါစေဘဲ၊ မေးရိုးမေးစဉ်အသံဖြင့် လာမေးသည်။ သန်းဆိုင်က လက်တစ်ဖက်ထောင်၍ ခါပြလိုက်၏။

"နင့်ဟာက မဟုတ်သေးဘူး သန်းဆိုင်၊ ဟိုဆရာဝန်ပျောက်နိုးနိုး၊ ဒီဆရာဝန်ပျောက်နိုးနိုး လုပ်မနေနဲ့၊ ဆေးပတ်လည်အောင် ကုမှပေ့။ နင့်ကြည့်ရတာ ဆရာဝန်ပေးတဲ့ ဆေးတွေလည်း မှန်မှန်သောက်ပုံမရပါဘူး၊"

သန်းဆိုင်က စကားမပြန်ဘဲ၊ ခန္ဓာအောက်ပိုင်း ခြုံလွှမ်းထားသော စောင်ကိုဆွဲယူ၍ ခေါင်းမြီးခြုံထားလိုက်၏။ ခေါင်းမြီးခြုံပြီးမှ အတွင်းကနေ လူမမာသံပီသအောင် တုန့်ဆိုင်းလေးတွဲ့စွာနှင့်. . .

"ငါ့အတွက်မပူနဲ့ စန်းချို၊ နင့်လုပ်စရာရှိတာလုပ်၊ သွားစရာရှိတာ သွား၊ ချိန်းထားတာများရှိရင် နောက်ကျနေဦးမယ်" ဟု၊ သူ့အစီပွာယ်နှင့် သူ မထိခလုတ် ထိခလုတ်စကား ထောက်လိုက်သည်။

စန်းချိုက မျက်မှောင်ချီလိုက်ပြီး၊ သန်းဆိုင်နားသို့ တိုးရပ်သည်။

"ဟဲ့ သန်းဆိုင် နင်ကယောင်ကတမ်းနဲ့ ဘာတွေ လျှောက်ပြောနေတာလဲ၊ ငါက ဘာကိစ္စဘယ်သူနဲ့ ချိန်းထားရမှာလဲဟဲ့"

"သိဘူးလေ၊ နင်စျေးထဲမှာ အချိန်းအချက်တစ်ခုခုများ ရှိမလားလို့ ငါက သတိပေးတာပါဟာ၊ ချိန်းထားတာရှိရင် အချိန်မီသွားအောင်လို့ပါ"

ခေါင်းမြီးခြုံထဲကနေ အသံလေးကြီးဖြင့် ပြောနေသဖြင့်၊ သန်းဆိုင်၏စကားသံမှာ သေအံ့မူးမူး လူမမာအသံနှင့် တူနေတော့၏။

"ငါ ဘယ်လင်ငယ်နဲ့မှ ချိန်းမထားဘူးဟဲ့၊ နင်တော့ ဖျားရဲ့



သက်သက် မဟုတ်ဘူး၊ ငန်းဝင်ပြီး ပေါက်တတ်ကရတွေ လျှောက်ပြောနေပြီ၊ ဆရာပွားကို ပင့်မှနဲ့တူတယ်"

ဆရာပွားဆိုသော စကားလုံးကို ကြားသည်နှင့်။ သန်းဆိုင်သည် ခေါင်းမြီးခြုံကြီးကို ဇတ်ခနဲဖယ်ကာ၊ ဝေါက်ခနဲ ထထိုင်သည်။ နံနက်ပိုင်း အပူချိန်မပြင်းထန်ခင်မှာ သန်းဆိုင်ကတော့ ချွေးသီးချွေးပေါက်ကျကာ၊ နေပူထဲက ဖြတ်လာသူနှင့်တူနေ၏။

"ဟေ့ စန်းချို၊ ဆရာပွားတော့မပင့်နဲ့၊ ငွေကုန်တာပဲ အဖတ်တင်မယ်၊ ငါ့သူ့ပညာနဲ့ ဘာမှမဆိုင်ဘူး၊ သူ့ဂါထာ မန္တန်တွေ လျှာထွက်အောင်ရွတ်လည်း ငါ့ရောဂါက ပျောက်မှာ မဟုတ်ဘူး"

သန်းဆိုင်က ဒေါမာန်ပါပါ၊ တစ်"ဘူး" တည်း"ဘူး" နေသဖြင့်၊ စန်းချိုအလျှော့ပေးဟန် မျက်နှာထားပြင်သည်။

"ဆရာပွားနဲ့မကုရင်၊ ဆရာလေး တင်ဆန်းဦးနဲ့ဖြစ်ဖြစ် ဆေးပတ်လည်အောင် ကုပါလား သန်းဆိုင်ရယ်. . .၊ ဆရာလေးက တစ်လမ်းထဲနေတာဆိုတော့ ညရေးညတာ သွားပင့်ဖို့လည်း လွယ်တယ်၊ ပြီးတော့ ဆေးဖိုးဝါးခ ဘယ်လောက် ဘယ်ရွေ့ ကျတယ်ပြောတာမဟုတ်ဘူး။ (ကြည့်သာပေးဗျ၊ ပါသလောက်သာပေးပါ) နဲ့ပဲ ပြီးသွားတာ၊ ဒီအချိန် ဆရာလေး ဆေးရုံမသွားသေးဘူး၊ သူ့ဆီသွားမလား"

အချိန်ကာလ ကြာရှည်စွာ မကြားဖြစ်ခဲ့ရသော စန်းချို၏ ပျော့ပျောင်းသော ဖျောင်းဖျသံကို ကြားလိုက်ရလျှင်၊ သန်းဆိုင်မှာ သူ့ရင်ခေါင်းထဲသို့ အပူလှိုင်းတစ်လှည့် အအေးလှိုင်းတစ်လှည့်စီ လှိမ့်ဝင်လာကြသကဲ့သို့၊ အသက်ရှူမှားနေသည်။ သို့သော် ခဏသာဖြစ်၏။ အသက်မှန်မှန်ပြန်ရှူရင်း၊ စန်းချိုကို မလိုလားသလို၊ နှုတ်ခမ်းမဲ့ ကြည့်သည်။

"ငါ့ရောဂါကို ဆရာလေးလည်း ကုမပေးနိုင်ဘူးဆိုတာ ငါသိတတ်သိတယ် စန်းချို"

ကလေးဆိုးကြီးအသံမျိုးဖြင့်ပြောလျှင် စန်းချိုပင်သက်ရှိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ သန်းဆိုင်တော့ ငန်းဖမ်းပြီး ပြောချင်ရာပြောနေပြီ"

သူမဘာသာ ရေရွတ်ကာ၊ ဂန်းချိုထွက်သွားလျှင်. . .၊ သန်းဆိုင်ကိုယ်တိုင်လည်း ကျယ်ကျယ်လောင်လောင် ပင့်သက်ရှိုက်ရင်း၊ အိပ်ရာပေါ် တုံးတုံးလုံချလိုက်သည်။ ပြီးလျှင် ပြန်ထထိုင်၍၊ ဆွယ်တာတွေ၊ ဂျက်ကက်တွေကို ချွတ်ပစ်၏။ အောက်ခံစွပ်ကျယ်ကိုပါ ဆွဲချွတ်ပြီး၊ အပေါ်ပိုင်း ဗလာကျင်းလိုက်၏။ သန်းဆိုင်၏ ပြည့်ဖောင်းသော ခန္ဓာမှာ ချွေးတွေဖြင့် ပြောင်လက်လျက်ရှိသည်။ ကျန်းမာသန်စွမ်းသည့် ကာယသဏ္ဌာန်က ထင်ရှားသော်လည်း. . . သန်းဆိုင်၏ မျက်လုံးတွေကမူ၊ သူရူးတစ်ယောက်လို ကြောင်စီစီရီဝေနေ၏။ သူက လှဲချပြီး ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ထားလိုက်ပြန်လေသည်။

ငါမှားပြီး ငန်းဖမ်းနေတာမဟုတ်ဘူး စန်းချို၊ ငါ့ကို ဒိန်းဒလိန်းနတ်ဖမ်းနေတာ၊ ငါဟာ ရည်းစားဦးမိသလို ခံစားနေရတာ၊ ဒီထက်တောင် ဆိုးပါသေးရဲ့ဟာ၊ နှစ်ကိုယ်တူ အသည်းနင့်အောင် ချစ်ကြကြိုက်ခဲ့ကြပြီး၊ အခက်အခဲတွေကြားက အိမ်ထောင်ပြုခဲ့ကြတယ်။ ဝတ်ခဲ့ ပြတ်ခဲ့ ဆင်းဆင်းရဲရဲ နေခဲ့ကြရတယ်။ အနှစ် (၂၀) ကျော်ကြာလို့ လူမွေးလူတောင်လည်းပြောင်. . . သားနှစ်ယောက်လည်း လူပျိုဖြစ်ကာမှ . . . နင်က ဖောက်ဖောက်ပြန်ပြန်လုပ်တော့ ငါ့ရင်ကျိုးရတာပေါ့ စန်းချို၊ ငါဘယ်လို ခံစားရသလဲဆိုတာ. . . နင်ငါ့ရင်ကိုသာ ခွဲကြည့်စမ်းပါတော့ ဟု စိတ်ထဲမှာ မြည်တမ်းရာက၊ သန်းဆိုင်မျက်ရည်တွေ ယိုစိမ့်လာကာ၊ မျက်ရည်များသည် ခေါင်းအုံးစွပ်ကိုဖြတ်၊ ခေါင်းအုံးပိတ်သားကိုဖောက်၍ ခေါင်းအုံးမှို့များထဲသို့တိုင် စိမ့်ဝင်သွားကြသည်။

မကြာမီ. . .၊ အိမ်ခန်းဘက်မှ စန်းချိုသနပ်ခါးသွေးသံ တကျိုးကျိုး ကြားရပြီး၊ အမွှေးနံ့သာနံ့လှိုင်းပါ သန်းဆိုင်ထံပါး လှုလှုလွင့်ကူးလာ၏။ နင်မလှတာကို လှရုပ်ဆင်ခဲ့ပေမဲ့ ငါကျေနပ်ခဲ့တယ် စန်းချို၊ နင်ဆံပင်ကောက်တာတို့၊ မျက်နှာပေါင်းတင်တာတို့ကို ငါဘာတစ်ခွန်းမှ မပြောခဲ့



ဘူး၊ နှုတ်ခမ်းနီတွေ မိတ်ကပ်တွေ နင်ဈေးကြီး ပေးဝယ်တာကိုလည်း ငါ မသိချင်ယောင်ဆောင်ခဲ့တယ်။ အခုများကျတော့ နင်အလှပြင်သမျှဟာ ငါဒုက္ခခံစားဖို့ချည်းပဲ ဖြစ်နေပြီ စန်းချို၊ မုန့်လုစားခံရတဲ့ ကလေးလိုငိုပြီး လမ်းပေါ်မှာ ငါလျှောက်ပြေးနေချင်တယ်ဟာ၊ ငါရူးချင်နေပြီ၊ ရူးချင်နေပြီ. . . ဟု စိတ်မှမြည်တမ်းစဉ်၊ မျက်ရည်တွေက တရဟော ပိုမိုသွန်ကျလာကြ၏။

အခန်းထဲမှ ဝတ်စားပြင်ဆင်ပြီး ဆွဲခြ[redacted] စန်းချိုသည်၊ သန်းဆိုင်အင်္ကျီချွတ်ကြီးဖြင့် ခွေခေါက်ခေါက် မှောက်နေပုံကို ကြည့်ရှုံ့သာကြည့်ပြီး၊ အိမ်အောက်သို့ ခပ်သုတ်သုတ် ပြေးဆင်းသွားသည်။

ကွမ်းယာဆိုင်မှာ မိထူးက ဖောက်သည်တွေကို လက်မလည်အောင် ကွမ်းယာရောင်းပေးလျက်ရှိ၏။ ခုံတန်းလျားမှာတော့. . . ခင်မောင်ငြိမ်းနှင့် ဝမ်းနိုင်းတူးတို့ ပူးပူးကပ်ကပ်ထိုင်ကာ၊ မျက်လုံးတွေ ဂနာမငြိမ်ကြဘဲ၊ လေသံဖြင့် စကားပြောနေကြသည်ကို. . . စန်းချိုတွေ့မိသည်။

"မိထူး၊ ငါဈေးသွားရင်း ဆရာဦးပွားကို ဝင်ပင့်ခဲ့မယ်၊ ဦးပွားလာရင် ဖျာတွေဘာတွေ ခင်းပေး၊ သူခိုင်းတာလုပ်ပေး" ဟု စန်းချိုက ညွှန်ကြားသည်။

"အင်း"

ဝမ်းနိုင်းတူးက၊ ထိုင်ရာမှ ကမန်းကတန်းထရပ်သည်။

"မစန်းချို ဆရာသမားမသက်သာဘူးလား" ဟု မျက်နှာသေကလေးလုပ်၍ မေးသည်။

"သန်းဆိုင် ငန်းဝင်နေပြီ၊ ဆရာဦးပွားကို သွားခေါ်မှဖြစ်မယ်" ဟုဆိုကာ၊ စန်းချို သုတ်သီးသုတ်ပျာ လှမ်းထွက်သွားစဉ်၊ ဝမ်းနိုင်းတူးနှင့် ခင်မောင်ငြိမ်းတို့က တစ်ဦးကိုတစ်ဦး အပြန်အလှန်ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးဆိုင်မှ စကားသံများကို ကြားသည်နှင့် သန်းဆိုင်သည် မှောက်အိပ်နေရာမှ၊ ဖြုန်းခနဲထပြီး၊ အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။ ခုတင်ခေါင်းရင်းမှာ၊ ဓားအိမ်နှင့် ချိတ်ဆွဲထားသော ငှက်ကြီးတောင်ဓားကို ဆွဲထုတ်ကာ၊ ဧည့်ခန်းထဲသို့ ပြန်ထွက်လာ၏။ ဓားကို စားပွဲပုပေါ် အသာချကာ၊ ပုဆိုးကို တင်ပါးနှစ်လုံးပေါ်သည်အထိ မျှောင်နေအောင်၊ အောက်ပိုးကျိုက်လိုက်၏။

××× ××× ×××

××× ××× ×××

ဝမ်းနိုင်းတူးက စန်းချိုကိုတင်ပြီး ဆိုက်ကားနှင့် ထွက်သွားပြီဖြစ်ရာ ခင်မောင်ငြိမ်းတစ်ယောက်တည်း ဦးပွားအလာကို လည်တဆန့်ဆန့်ဖြင့် မျှော်နေသည်။

"မမိထူး၊ ညကကော ကိုသန်းဆိုင် ကောင်းကောင်းအိပ်ရဲ့လား" ဟု ခင်မောင်ငြိမ်းက မိထူးကို လှမ်းမေးသည်။ မိထူးက မျက်နှာသေကြီးဖြင့်. . .

"ငါက သူနဲ့အတူတူ အိပ်တာမှမဟုတ်ဘဲ၊ ဘယ်သိမလဲ" ဟု သံပြတ်ဖြင့် ပြောသော်လည်း ခင်မောင်ငြိမ်းက အရိပ်အကဲကို နားမလည်ဘဲ. . .

"ငန်းဝင်တယ်ဆိုတာ အဖျားကြီးလို့ပဲ မမိထူးရဲ့၊ ကိုယ်ပူချိန်တက်ပြီး. . . ဦးနှောက်အာရုံကြောတွေ ကပြောင်းကပြန် ဖြစ်ကုန်တာ၊ ဒါကို မြန်မာ့အယူအဆအရ. . . ငန်းဝင်တယ်၊ ငန်းဖမ်းတယ်လို့ ပြောတာ၊ ဒီဆိုင်မှာ. . . ငန်းဆေးမရောင်းဘူးလား"

"ငန်းတွေဘာတွေ ငါ့လာမပြောနဲ့၊ ငါ. . . ဘဲငန်းပဲသိတယ်"

မိထူးက၊ ခင်မောင်ငြိမ်းကို မကြည့်ဘဲ၊ ကွမ်းယာဝယ်သူကို ကွမ်းယာယာပေးနေရာမှ၊ ဘောက်ဆတ်ဆတ် ပြောလိုက်တော့၊ ခင်မောင်ငြိမ်း ပါးစပ်စေ့ထားလိုက်ရ၏။ [သူ့အစ်မနဲ့တော့ လေပေါက်က တစ်ချိုးတည်းပဲ



အပြောဆိုး အရုပ်ဆိုးတဲ့နောက် ဘယ်လိုလုပ် လင်ရတော့မှာလဲ] ခင်မောင်ငြိမ်းက မိထူးထံမှ မျက်နှာလွှဲလိုက်၏။

ခင်မောင်ငြိမ်း မျှော်လင့်ထားသူမှာ၊ ဆရာကြီးဦးပွားဖြစ်သော်လည်း၊ ဆေးအိတ်ကလေးပိုက်လျက်၊ ဆိုက်ကားတစ်စီးဖြင့် ရောက်လာသူမှာ၊ သူဝတ်နေကျအတိုင်း ရှပ်အကျီဖြူ ကော်လာကတုံးလက်ရှည် ချည်ချောပုဆိုးဝတ်လျက်၊ ဆောင်နေကျအတိုင်း၊ ချာလီထီးကောက်ကြီးကိုင်ထားသော ဒေါက်တာတင်ဆန်းဦး ဖြစ်နေသည်။ ဟာ မစန်းချိုတော့ ဘာကြောင်သွားပြီလဲ မသိဘူး၊ ဆရာပွား လွှတ်လိုက်မယ်ဆိုပြီး ရောက်လာတော့ ဆရာလေးတင်ဆန်းဦးဟု ခင်မောင်ငြိမ်း စိတ်ထဲက မြည်တမ်းလိုက်၏။

ဆရာဝန်ကလေးက၊ ဈေးဆိုင်ခေါင်းရင်းဘက် ခြံဝင်းတံခါးဝသို့ ခြေအချမှာ အိမ်ရှေ့လှေကားအတက် ဖိနပ်ချွတ်တွင် ဓားထမ်း၍ ခါးတောင်းကျိုက်ထားသည့် သန်းဆိုင် အကျီဗလာကိုယ်လုံးဖြင့် မားမားကြီးရပ်လာလေသည်။

"အားတော့နာပါတယ်ဆရာလေး၊ ကျုပ်ကို ဆေးကုဖို့လာတယ်ဆိုရင် ဆရာလေး လာရာလမ်းအတိုင်း ပြန်ကြွပါ။ ခြေကြွခ ကျုပ်ပူဇော်လိုက်ပါ့မယ်" ဟု သန်းဆိုင်ပြောလိုက်သည့်အခါ ဆရာလေး ကြောင်အမ်းအမ်းဖြစ်သွားသည်။ ထူးခြားပြီး သူရှူးဆန်သော မျက်နှာကြီးကို စေ့ငုစွာတော့ အကဲခတ်နေသည်။

"ကိုသန်းဆိုင်ဇနီးက ကိုသန်းဆိုင် အဖျားတက်ပြီး ငန်းဝင်သလိုလိုဖြစ်နေလို့ အမြန်သွားကြည့်ပေးပါဆိုတာနဲ့ ကျွန်တော်စိတ်ပူပြီး ပြေးလာတာ၊ ဆေးခန်းမှာတောင် တခြားလူနာတွေ စောင့်ခိုင်းထားခဲ့ရတယ်"

ဒေါက်တာတင်ဆန်းဦးက စိတ်ရှုပ်ဟန်ကို ဖုံးကွယ်လျက် ခြေသွားဖြဲအပြုံးဖြင့် ပြောစဉ် သန်းဆိုင်က ခေါင်းတစ်ခါခါလုပ်နေ၏။

"တန်တော့ပါရဲ့ ဆရာလေးရာ၊ ကျုပ်မိန်းမ အဓူအပင်လွန်သွား

www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ ကျုပ်ဘာမှမဖြစ်ဘူး၊ ငန်းလည်း မဝင်ဘူး၊ မြွေပွေး မြွေဟောက်လည်းမဝင်ဘူး၊ ဆရာလေး အလုပ်သာပြန်လုပ်ပါ၊ အားနာလိုက်တာ ဆရာလေးရာ တကယ်ပါပဲ"

"ကဲ ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး ကိုသန်းဆိုင်" ဟုဆိုကာ ဆရာလေးသည် သူအပြန်ကို စောင့်နေသော သူစောစောက စီးလာသည့် ဆိုက်ကားဆီသို့ ပြန်လှည့်သွား၏။

"ကျုပ်မိန်းမ သိပ်ဦးနှောက်မကောင်းတော့ဘူးဗျို့၊ သူ့အရူးရောဂါကိုသာ ကုပေးပါဗျာ၊ ရူးတာက ရိုးရိုးရူးတာမဟုတ်ဘူး၊ ကျုပ်လင်ကြီးငုတ်တုတ်ရှိရဲ့သားနဲ့ လင့်တရူး ရူးနေတာဗျ ဟပ်-ဟပ်-ဟပ်"

အသံကွဲကြီးဖြင့် ရယ်ရင်း၊ သန်းဆိုင်က အော်ပြောနေသည်။ လမ်းသွားလမ်းလာတွေကော ဆိုင်နီးချင်းတွေကပါ သန်းဆိုင်ကို တစေ့တစောင်း လှမ်းကြည့်ကြသည်။ သန်းဆိုင်က ဘယ်သူ့ကိုမှ အမှုမထားဟန်ဖြင့်၊ ဓားထမ်းပြီး အိမ်ထဲပြန်ဝင်သွားသည်။

"ခက်တာပဲ မမိထူးရာ" ဟုခင်မောင်ငြိမ်းက၊ မိထူး၏ တုံ့ပြန်မှုကို စူးစမ်းလိုသဖြင့် ညည်းပြလိုက်၏။

"အင်း"

မိထူးက မျက်နှာသေကြီးဖြင့် ခေါင်းညိတ်သည်။

ခင်မောင်ငြိမ်းသည် တစုံတစ်ရာကို စိတ်ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်၊ လက်ဝါးနှစ်ဖက်ပူးကပ်၍ လက်သီးဆုပ်ဆုပ်ပြီး ဆတ်ခနဲ မြန်ဖြေချလိုက်ကာ၊ အိမ်ပေါ်သို့ တက်သည့်လှေကားဆီသို့ လျှောက်သွားသည်၊ လှေကားခုံရင်းမှာ ရပ်လိုက်ပြီး အိမ်ပေါ်ကို လှမ်းကြည့်ရာ သန်းဆိုင်၏ အရိပ်အယောင်ကို မတွေ့ရ။

"ကိုသန်းဆိုင်. . . ကိုသန်းဆိုင်ရေ၊ ကျွန်တော်ခင်မောင်ငြိမ်းပါ" ဟု ခင်မောင်ငြိမ်းက မရဲတရဲအသံပြုသည်။

"ဘာတုန်းကွ၊ မင်းကော ငါ့ကို ငန်းဖျားရောဂါသည်လို့ သတ်မှတ်



ချင်လို့လား၊ ငန်းအကြောင်း လာမပြောနဲ့၊ ငါ့ငှက်ကြီးတောင်နဲ့ တွေ့မယ်" ဟု ကြိမ်းမောင်းသံကြောင့်၊ ခင်မောင်ငြိမ်းမျက်နှာမဲ့၍ ပြန်ထွက်လာသည်။

"ကြားတယ်မဟုတ်လား မမိထူး" ဟု ခင်မောင်ငြိမ်းက မဲ့ပြုံးပြုံး၍ မိထူး၏ ထင်မြင်ချက်ကို မျှော်လင့်လိုက်ပြန်သည်။ ပါးကွက်သနပ်ခါးထူထူ နှစ်ဖက်ကြောင့် ဖိုးဝရုပ်မျက်နှာနှင့်တူနေသော မျက်နှာသေကြီးဆီမှ၊ တုံ့ပြန်နေကျအသံတိုတစ်ချက်သာ ထွက်လာသည်။

"အင်း"

"ကိုသန်းဆိုင်ဖျားတာ ရိုးရိုးအဖျားမှ ဟုတ်ရဲ့လားဗျာ၊ ငှက်ဖျားအခံတွေ ဘာတွေများ သူ့မှာရှိလားမသိဘူး၊ ငှက်ဖျားပိုး ဦးနှောက်ထဲရောက်သွားရင်လည်း ခုလိုပဲ ရူးကြောင်ကြောင် ဖြစ်သွားတတ်တယ်ဗျ၊ တချို့ဆို ဦးနှောက်သွေးကြောပြတ်ပြီး တစ်ခါတည်းသေရော"

ခင်မောင်ငြိမ်းက စိတ်ပါလက်ပါ ပြောနေသည်ကို၊ မိထူးက မျက်လုံးကြီးတွေပြူးလျက် ကြည့်ရုံသာကြည့်သည်။ ဘာတစ်လုံးမှ ပြန်မပြော။ ခင်မောင်ငြိမ်း တိုက်ပုံအကျီအနွမ်း၊ အရောင်လွင့်အကျီ၊ ပုဆိုးတို့ ဆင်မြန်းလျက်၊ ကော်ဖီမှုန့်ရောင် လွယ်အိတ်တစ်လုံးလွယ်ကာ၊ ဝါးတောင်ဝှေး တဒေါက်ဒေါက်ဖြင့်၊ သန်းဆိုင်တို့ အိမ်ရှေ့သို့ ရောက်လာသော ဆရာဦးပွားကို တွေ့သည်။ ဦးပွားသည် ပိတ်ဖြူစဖြင့် ရစ်ပတ်ဖုံးလွှမ်းထားသော သူ၏ နာမည်ကျော်ဆေးဓားကို ပခုံးတစ်ဖက်မှာ ထမ်းထားသည်။ ကြီးမားရှည်လျားသော အရိုးပုတီးကြီးက သူ့လည်ပင်းမှ ခါးနားအထိ တွဲလောင်းကျနေ၏။ သူ၏မျက်နှာထားမှာ၊ ဆေးကုဆရာကြီးနှင့် မတူဘဲ၊ သားသတ်ရုံသို့ သားသတ်ဖို့ သွားနေသည့် သားသတ်သမား၏မျက်နှာနှင့်သာ တူနေသည်။

"ဟာ ဦးကြီးပွား ကိုသန်းဆိုင်ဆီလာတာလား ခင်ဗျ" ဟု ခင်မောင်ငြိမ်းက စိတ်မပါဘဲ၊ လောကွတ်လုပ်၍ ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အိမ်း ဟုတ်သကွ။ မစန်းချို လာပင့်တာနဲ့ ငါပုတီးစိပ်ဖျက်ပြီး ထလိုက်လာတာ၊ သန်းဆိုင်အိမ်ပေါ်မှာ ရှိတယ်မဟုတ်လား"

ဦးပွားသည် ခါးကိုင်းကိုင်းနှင့် ပိန်တာရိုးအဘိုးကြီး ဖြစ်သော်လည်း အသံသြဇာကမူ၊ ဗိုလ်ခြေတစ်ထောင်ကို စစ်မိန့်ပေးနေသော စစ်သူကြီး တစ်ဦးပမာ၊ ထည်ဝါဟိန်းညံသည်။ သူက ဆံရှည်ထားသော်လည်း သျှောင်ထုံးမထုံးဘဲ၊ လူငယ်ဖက်ရှင်ကဲ့သို့ ဖားလျားချထားရာ၊ ပခုံးနှစ်ဖက် ပေါ်တွင် အဖြူ၊ မီးခိုး၊ အညိုဖျော့၊ အဝါဖျော့ ရောင်စုံရောယှက်နေကြ သည့် ဆံပင်တွေက အိုမင်းလှသည့် ခြင်္သေ့ကြီးတစ်ကောင်၏ လည်ဆံမွေ များလို ဖွာရရာဝဲကျနေကြ၏။

ခြီထဲဝင်တော့မည့် ဦးပွား၏ ခြေလှမ်းသည် ရုတ်တရက် တုန့်ရပ် သွားသည်။ စောစောကအတိုင်း ငှက်ကြီးတောင်ကိုင်ထားသော သန်းဆိုင် က ခါးတောင်ကျိုက်ကြီးဖြင့် ခုန်ထွက်လာသောကြောင့် ဖြစ်လေသည်။

"ဒီမယ် ဘကြီးပွား၊ ဘကြီးပွားရဲ့ အသက်အရွယ်နဲ့ ပညာဂုဏ်ကို ကျုပ်ကန်တော့ပါတယ်။ ဒါပေမဲ့ ကျုပ်မယား စန်းချိုကလာပင့်လို့ ကြွလာ တာဆိုရင်တော့ ဝမ်းနည်းပါတယ်။ ကိုယ့်အိမ်ကိုယ်ပြန်ပါ ဘကြီးပွား။ ကျုပ်ဘာမှ မဖြစ်ဘူး၊ ကျုပ်မိန်းမ မစန်းချို သည်းခြေဖောက်ပြီး ကျုပ်ကို ငန်းဖမ်းနေပြီ တစ္ဆေဖမ်းနေပြီဆိုပြီး ပေါက်တတ်ကရ လျှောက်ပြောနေ တာ၊ ဒါဟာ သင်း ကျုပ်ကို အရှက်ခွဲ သိက္ခာချတာပဲ၊ သင်း ဈေးက ပြန်လာမှ ကျုပ်အကြောင်းသိမယ်။ ကျုပ်ဓားက ဘကြီးပွားရဲ့ ဓားလို သစ်သားဓား မဟုတ်ဘူး၊ သိပ်ပြတ်တဲ့ ဓား၊ ခြေသလုံးမွေးတောင် ရိတ် လို့ရတယ်"

သန်းဆိုင်က ဓားတဝင့်ဝင့်ဖြင့် အော်ပြောနေရာ၊ သန်းဆိုင်ဓား တစ်ချက်ဝင့်လိုက်တိုင်း ဦးပွားမှာ မျက်တောင်တစ်ချက်ခတ်လျက်ရှိလေ သည်။ ဤသို့ မျက်တောင်ခတ်နေရာမှ၊ ဦးပွားသည် အသက် (၇၀)



ကျော်အရွယ်မှာ တောက်ပစူးလက်ဆဲရှိကြသည့် သူ၏မျက်လုံးနက်ကြီး များကို မျက်တောင်မခတ်တော့ဘဲ၊ သန်းဆိုင်ကို စိတ်ညို့နေသည့်သဖွယ်၊ သန်းဆိုင်၏ မျက်လုံးအစုံတည့်တည့်ကြီး စိုက်ကြည့်နေတော့သည်။ သန်းဆိုင်ကလည်း၊ မျက်စိမလွှဲဘဲ ခပ်ရဲရဲ ပြန်ကြည့်ကာ ပြုံးလိုက်၏။

"တောင်းပန်ပါတယ် ဘကြီးပွား၊ ကိုယ့်အိမ် ကိုယ်ပြန်ပါတော့၊ ဘကြီးပွားရဲ့ သမထအစွမ်းတန်ခိုးတွေ လာပြမနေပါနဲ့၊ အလကားမျက်စိ ညောင်းတာပဲ အဖတ်တင်လိမ့်မယ်၊ ဘကြီးပွားရဲ့ ပညာထက် အဆ တစ်ရာ ပိုပြီးစွမ်းတဲ့ တရုတ်သိုင်းသမားတွေရဲ့ ပညာကို ကျုပ်က ညတိုင်း တီဗွီမှာ ကြည့်နေရတာ၊ ကဲ ပြန်ပါတော့ဗျာ"

ဦးပွားကလည်း လွယ်လွယ်နှင့် အလျှော့ပေးတတ်သည့် အကျင့် မရှိ။ သူမှာ သတ္တိလည်းရှိ၊ ဇွဲလည်းကောင်း၊ ခေါင်းလည်းမာသဖြင့်သာ လက်ရှိအလုပ်နှင့် အသက်မွေးနေခြင်းဖြစ်သည်။

"မောင်သန်းဆိုင်၊ မင်း. . ဘကြီးရဲ့ မေတ္တာတရားကို လက်ခံတဲ့ အနေနဲ့ ဘကြီးတိုက်မယ့် ရေမန်းတစ်ခွက်တော့ သောက်ရမယ်၊ ဘယ့် နှယ်လဲ"ဘကြီးဦးပွားက အသံသြဇာမြင့်မြင့်နှင့် တောင်းဆိုသည်ကို သန်းဆိုင်က စိတ်ထဲမှာ ချက်ချင်းပေါ်လာသည့် အတွေးဖြင့် ငြင်းလိုက်၏။ စိတ်ကတော့ တိုချင်နေပြီ။

"မဖြစ်ဘူး၊ ဆရာဝန်က ကျုပ်ကို ရေစိမ်းမသောက်ရဘူးလို့ မှာ ထားတယ်။ ကဲဗျာ ဘကြီးပွား ပြန်တော့၊ ဟိုမှာကြည့်ဦး၊ ကျုပ်တို့က မျက် လှည့်ပွဲပြနေသလိုလို၊ မျောက်ပွဲပြနေသလိုလို၊ လူတွေက ဝိုင်းကြည့်ကုန် ပြီ၊ ဆိုင်ရှေ့မှာ လူတွေပိတ်ရပ်တော့ ဈေးရောင်းအတယ်ဗျ"

မှန်ပါသည်။ သန်းဆိုင်၏ ကွမ်းယာဆိုင်တစ်ဝိုက်တွင် အနီးသန်း ကျင်မှ ကလေးလူကြီး (၂) ဒါဇင်ခန့် စုဝေးပြီး၊ သူတို့နှစ်ယောက်ကို စိတ် ဝင်တစား ကြည့်နေကြ၏။ ထိုလူစုကို အင်အားဖြည့်တင်းမည့်သူများ လည်း အရပ်လေးမျက်နှာကနေ အပြေးအလွှား လာနေကြသည်။ လမ်း

www.burmeseclassic.com

www.burmeseclassic.com



သွားလမ်းလာတွေ ရှုပ်လာသဖြင့် လမ်းပေါ်တွင် စက်ဘီး၊ ဆိုက်ကားတို့မှ ဘဲလ်တီးသံတွေ တချွင်ချွင်ညံနေပြီ။ လူတွေ ရုတ်ရုတ်သဲသဲဖြစ်၍၊ ဈေးတန်းကို မှီခိုစားသောက်နေကြသော ခွေးလေခွေးလွင့်တွေလည်း၊ ဟိုပြေးသည်လွှားနှင့် [ဘာကိုရည်ရွယ်မှန်းမသိ] နားညည်းအောင် ဟောင်နေကြပြန်တော့သည်။

ဖြစ်ပေါ်လာသော အခြေအနေအရ ဆရာကြီးဦးပွား လက်လျှော့နောက်ဆုတ်လိုက်ရတော့သည်။ သူသည် ပါးစပ်မှ တတွတ်တွတ်ရွတ်ဖတ်သရစ္ဈာယ်လျက် လူအုပ်ကို တိုးဖြတ်ကာ ပြန်ထွက်သွား၏။ လူအုပ်ကတော့. . . ငှက်ကြီးတောင်ဓားကို ကိုင်၍ ခါးထောင်းကျိုက်ကြီးဖြင့် ရပ်နေသော သန်းဆိုင်ကို အံ့ပွဲကြည့်သလို၊ မျက်စိတွေ အပြူးသား၊ ပါးစပ်တွေ ဟောင်းလောင်းဖြင့် လှမ်းကြည့်နေကြဆဲ. . .။

သန်းဆိုင်က ဖိနပ်ချွတ်အဆင့်ကနေ လှေကားထစ် တစ်လှမ်းဆင်းလိုက်ရာ၊ လူတချို့နောက်သို့ အလန့်တကြား ဆုတ်လိုက်ကြ၏။

သန်းဆိုင်က ဓားရှည်ကြီးကို၊ မိုးကောင်းကင်ဆီသို့ လက်ဆန့်တန်းကာ မြှောက်ရွယ်လိုက်ရင်း၊ ကျန်လက်တစ်ဖက်ကိုလည်း နံဘေးသို့ ကားထုတ်ကာ. . .

"ဟေး သွားကြ၊ သွားကြ၊ ဆိုင့်ရှေ့မှာ မပိတ်နဲ့၊ ဖယ်ကြစမ်း" ဟု ရင်ခေါင်းသံကြီးဖြင့် အော်လိုက်သည်တွင်၊ လူအုပ်မှာ တိုးတိုးဝှေ့ဝှေ့နှင့် ရှုံ့ကုန်ကြသည်။ သွေးကောင်းသော ခပ်တေတေ၊ ဆိုက်ကားသမားအချို့ကတော့ ရပ်မြဲရပ်နေကြသည်။

"ဘယ်လိုလူစားတွေလဲကွ ဟေ၊ ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲ သူများကိစ္စပဲ လိုက်စပ်စုနေကြတဲ့ ငပျင်းငအတွေ၊ ဘာလဲကွ ×××အဓိပ္ပာယ်မရှိ ခွေးနှစ်ကောင်ကိုက်လည်း ဝိုင်းကြည့်၊ လူတစ်ယောက် ချော်လဲလည်း ဝိုင်းကြည့်နဲ့၊ အသုံးမကျတဲ့ လူပေါ့လူဖျင်းတွေ၊ အဲဒီ ××× ကျင့်ကြောင့် နိုင်ငံတို့ နင်တို့ မွဲတေ စုတ်ပြတ်နေကြတာသိလား"



သန်းဆိုင်က ဓားတဝင့်ဝင့်နှင့် အော်ပြောရင်း လှေကားခုံ သမံတလင်းပေါ်သို့ ခုန်ဆင်းလိုက်ချိန်၌မူ၊ လူစုကွဲမလောက် ဖြစ်သွားသည်။ ဘုရားကြီးဆိုက်ကားဂိတ်တွင်၊ မကြာခဏ ခိုက်ရန် ဖြစ်ပွားတတ်ပြီး၊ မကြာခဏ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်တတ်သည့် ဆိုက်ကားသမား အောင်ဂျမ်းတစ်ယောက်သာ၊ ရပ်ရာမှ မရွေ့ဘဲ သန်းဆိုင်ကို စိုးရိမ်မကင်းသည့် မျက်နှာထားဖြင့် ငေးကြည့်နေသည်။

"ဟေ့ကောင် အောင်ဂျမ်း၊ မင်းကော ဘာလုပ်နေတာလဲ သွားဆိုက်ကားသွားနင်းတော့၊ အံမာ. . မင်းက မထိတရိနဲ့ မင်းကိုယ်မင်း အချုပ်ခန်းထဲ ဝင်စို့ ထွက်စို့ လုပ်နေတာပဲဆိုပြီး ငါ့ကို ဂရုမစိုက်တာလား" ဟု သန်းဆိုင်က မိုက်တီမိုက်ကန်းပုံစံဖြင့် အော်ပြောလိုက်သော်လည်း အောင်ဂျမ်းက နေရာမရွေ့။

"စိတ်ကို လွှတ်မထားပါနဲ့ ကိုကြီးသန်းဆိုင်ရာ၊ စိတ်ကို ထိန်းပါ။ ကိုကြီးသန်းဆိုင် တစ်ခုခုဖြစ်မှာစိုးပြီး ကျွန်တော် စောင့်ကြည့်နေတာပါ"

အောင်ဂျမ်းက စိတ်ရင်းစေတနာမှန်ဖြင့် ပြောခြင်းဖြစ်သော်လည်း စိတ်အသိတွေ ဆင်ခြင်မှု မဲ့သလိုဖြစ်နေသော သန်းဆိုင်နားမဝင်။

"ငါ့စိတ်ကို ထိန်းရအောင် ငါ့စိတ်က မင်းမိန်းမဆီ ရောက်နေလို့လားကွ ဟင်" ဟုအော်ရင်း သန်းဆိုင်ရှေ့လှမ်းဆင်းသောအခါ၊ တစ်ချိန်လုံး ရပ်ကြည့်နေခဲ့သော ခင်မောင်ငြိမ်းသည် အရဲစွန့်ပြီး ပြေးထွက်ကာ၊ သန်းဆိုင်ရှေ့မှာ ကာရပ်လိုက်၏။

"ကိုသန်းဆိုင်၊ ကျွန်တော်ဟာ ကိုသန်းဆိုင်နဲ့ ညီအစ်ကိုအရင်းလို နေတဲ့ သူပါ။ ကျွန်တော် တောင်းပန်ပါတယ်၊ အိမ်ပေါ်ပြန်တက်ပါဗျာ၊ နေမကောင်းရတဲ့အထဲမှာ ပတ်ဝန်းကျင်ကလည်း ဝေဖန်ကြဦးမယ်ဆိုရင် ဘယ်ကောင်းမလဲ"

ခင်မောင်ငြိမ်းသည် သန်းဆိုင်ရှေ့ခြေတစ်လှမ်းအကွာထိ၊ လက်ဝါးနှစ်ဖက်ကို ရင်ဘတ်ရှေ့မှာ လက်အုပ်ချီသလို ကပ်၍၊ ခြေလှမ်းမှန်စွာ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားသည်။

ဤသို့သော အခြေအနေတွင်၊ လမ်းဆုံမှာကတည်းက သန်းဆိုင်သောင်းကျန်းနေသည့်သတင်းကို ကြိုတင်ကြားသိထားခဲ့သည့် စန်းချိုသည် သူမစီးနင်းလာသော ဆိုက်ကားမှ နင်းသား ဝမ်းနိုင်းတူးကို နွားတစ်ကောင်အား ကြိမ်ဖြင့် ရိုက်မောင်းသကဲ့သို့ အတင်းအဓမ္မ ဒုန်းစိုင်းနင်းခိုင်းနေခဲ့ရင်း ဆိုက်ကားသည် ပြိုင်ကားတစ်စီးပမာ အိမ်ရှေ့သို့ ဘဲလ်သံတညံညံဖြင့်ရောက်လာပြီး၊ ကျွီခနဲမြည်အောင် ဘရိတ်အုပ်လိုက်၏။ စန်းချိုကို တွေ့သည်နှင့် သန်းဆိုင်သည် ချာခနဲ လှည့်၍ အိမ်ပေါ်ပြန်တက်သွားသည်။

"ဘာတွေဖြစ်နေကြတာလဲ ဟေ့၊ ဘာတွေဖြစ်ကုန်ပြီလဲ" ဟု ဆိုက်ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း စန်းချိုက ညည်းတွားဟစ်အော်လိုက်လေသည်။

လူစုကွဲသွားဟန်ပြသော်လည်း. . .၊ အနီးအနား ဈေးဆိုင်များတစ်ဝိုက်၌ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ရပ်နေကြသည့် သူတို့က စန်းချိုရောက်လာသည်နှင့် ပွဲကြီးပွဲကောင်းတစ်ခုခု ကြည့်ရတော့မည်အလား. . .၊ လည်တိုင်တွေကို စွင့်ထားကြ၏။ စန်းချိုသည် ဈေးဆွဲခြင်းတွေ၊ အထုပ်အပိုးတွေကို ဂရုမစိုက်အားတော့ဘဲ၊ ထဘီအောက်နားစနှစ်ဘက်ကို ဒူးကောင်းပေါ်အောင် မလျက် အိမ်ပေါ် ပြေးတက်သွားသည်။ ပွဲကြည့်ပရိသတ်၏ သိလိုဇောမှာ အဟုန်ပြင်းပြင်း အရှိန်မြင့်တက်လာပုံရ၏။ သူတို့သည် အိမ်ရှေ့သို့ တရွေ့ရွေ့ စုပြုံချဉ်းကပ်လာကြပြန်သည်။

ထိုစဉ် ရပ်ကွက်လူကြီးဖြစ်သော [ရဲကြပ်ကြီးဟောင်း] ဦးရဲမြင့်သည် ၎င်း၏ အိုးစရည်းပိုက်ရွဲကြီးကို သယ်မလျက် သန်းဆိုင်တို့ အိမ်ရှေ့သို့ မျက်နှာကြောတင်းတင်းဖြင့် ရောက်ရှိလာ၏။ ဦးရဲမြင့်ကား သန်းဆိုင်တို့၏ ထာဝရကွမ်းယာဖောက်သည်ကြီးလည်း ဖြစ်ကာ၊ သူတို့လင်မယားနှင့် လက်ပွန်းတတီး ရင်းနှီးသည်။

"ဘဘရဲ လာတယ်ဟေ့၊ လမ်းဖယ်ကြ၊ လမ်းဖယ်ကြ" ဟု လူတေ



အောင်ဂျမ်းက လက်နှစ်ဘက် ဝှေ့ယမ်း၍ ဟစ်အော်နှိုးဆော်လျက်ရှိလေသည်။

ဦးရဲမြင့်က အောင်ဂျမ်းကို မျက်စောင်းထိုးကြည့်ပြီး-

"ဟေ့ကောင်အောင်ဂျမ်း၊ ငါ့ကို ဘဘရဲလို့ မခေါ်စမ်းနဲ့၊ ဘဘဖြင့်ဘဘ၊ ဦးရဲဖြင့် ဦးရဲလို့ခေါ်၊ ဒီတစ်ခါ ဘဘရဲလို့ခေါ်ရင် မင်းနာပြီသာမှတ်" ဟု လှမ်းဟောက်သောအခါ၊ အောင်ဂျမ်းသည် (ဟုတ်ကဲ့ ဘဘရဲ. . . ဟုတ်ကဲ့ဘဘရဲ. . .၊ ဟာ ယောင်လို့) ဟု အသံသေးအသံကြောင်ဖြင့် အော်ရင်း လူအုပ်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွား၏။ [ဘဘရဲ. . ဟူသော နာမည်မှာ ရာဇဝင်ရှိခဲ့သည်။ တစ်ချိန်က မုဆိုးဖိုဖြစ်ခဲ့သော ကိုရဲမြင့်၊ လက်ရှိလက်ထပ် ပေါင်းသင်းနေသော မိန်းကလေးမှာ၊ ဘုရားကြီးရှေ့ဈေးဆိုင်တန်းတွင် ယခင်က ခေါက်ဆွဲသုပ် ရောင်းသူကလေး ဖြစ်သည်၊ ဦးရဲမြင့်ကို ကောင်မလေးက ဘဘရဲ. . . ဘဘရဲဟုခေါ်ရင်း သူတို့ညားသွားခဲ့ရာ၊ ထိုအချက်ကို ရည်ရွယ်ပြီး အောင်ဂျမ်းက ထိကပါး ရိကပါး ခနဲ့ခြင်းဖြစ်သည်] ဦးရဲမြင့် မျက်နှာကြီး နီသွားသည်ကို ကြည့်ပြီး ဓာတ်သိအချို့က ပြုံးကြသည်။

ဦးရဲမြင့်က ဣန္ဒြေဆည်လိုက်ပြီး၊ သန်းဆိုင်တို့ အိမ်ပေါ်သို့ ဝမ်းလှသောခန္ဓာကြီးကို တပင်တပန်းသယ်ပြီး တက်သွား၏။

"ဟေ့ မောင်သန်းဆိုင်တို့၊ မစန်းချိုတို့. . ."

ဦးရဲမြင့်က ခေါ်သံပေးရင်း အိမ်ထဲဝင်လိုက်ရာ၊ ဘုရားစင်ရှေ့တွင် စောင်ကိုလည်ပင်းအထိ ခြုံလွှမ်းလျက် ငုတ်တုတ်ထိုင်နေသော သန်းဆိုင်နှင့်၊ သန်းဆိုင်၏ နားထင်နှစ်ဖက်ကို လက်ချောင်းများဖြင့် ဖိနှိပ်ပေးနေသော စန်းချိုတို့ကို တွေ့ရ၏။ သန်းဆိုင်က ဦးရဲမြင့်ကို ပြူးကြောင်ကြောင်ကြည့်သည်။ စန်းချိုက မချိပြုံးပြုံးလျက်. . .

"ဩော်- ဦးလေး၊ လာ-လာ၊ ကုလားထိုင်ပေါ်မှာထိုင်ပါ" ဟု အသံအစ်အစ်ဖြင့် ဆီးကြိုသည်။ ဦးရဲမြင့်မှာ သူ့အား. . . ပြူးကြောင်ကြောင်

www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေသော သန်းဆိုင်ကို မကြည့်ဝံ့သကဲ့သို့ . . မျက်နှာလွှဲပြီး ကုလားထိုင်မှာ ခပ်စောင်းစောင်းထိုင်သည်။

"မောင်သန်းဆိုင် နေမကောင်းဘူးကြားလို့ ဦးလေးလာကြည့်တာ မစန်းချို" ဟု ဦးရဲမြင့်က၊ အနီးတွင် သန်းဆိုင်လုံးဝမရှိသည့်အလား၊ စန်းချိုဘက်သို့သာ စောင်းငဲ့၍ အသံကို တမင်တင်းပြီး စကားစလိုက်သည်။ စန်းချိုစကားမပြန်နိုင်မီ. . . .

"ကျုပ် အပရိက ဖျားတာပါဗျာ. . .၊ ဒါလေးကို လူတွေက တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး၊ ကျုပ် ငန်းဖမ်းပြီး ရှူနေသလေး ဘာလေးနဲ့ အသံလွှင့်ရုံလုပ်နေကြပါရောလား။ အလုပ်မရှိ အလုပ်ရှာ ကိုယ့်ထမင်းကိုယ်စားပြီး မဆိုင်တဲ့ အပေါက်ကို ကလိုင်နဲ့ခေါက်ချင်ကြတဲ့ လူဗလငတုံးတွေ၊ အဲသလို ဆန်ကုန်မြေလေးတွေကို လူ့ပြည်မှာ မထားဘဲ ပေါဒီမားနဲ့သာ ခုတ်သတ်ပြီး ငရဲပို့ပစ်ချင်ပါ့ဗျာ" ဟု သန်းဆိုင်က ဖျာအောက်မှာ ဝှက်ထားသည့် ဓားကိုဆွဲထုတ်၍ ကြားဖြတ်အော်ပြောလိုက်သည်။

ဦးရဲမြင့်မှာ ကိုင်လှုပ်ခြင်းခံရသလို ဆတ်ခနဲတုန်သွား၏။ သူကား ရဲကြပ်ကြီး လူထွက်ဟုဆိုရပါသော်လည်း ခိုးဆိုး လုယက် ဒုစရိုက်ကောင်တွေကို နင်လား ငါလား ယှဉ်ပြိုင်အနိုင်ယူခဲ့ရသူ မဟုတ်။ ရဲစခန်းရှိ စာရေးစားပွဲကြီးတွင်၊ သက်ဆိုင်ရာ မှတ်တမ်းဇယားများ၊ မှတ်သားရေးသွင်းရင်း လုပ်သက်ဆားပင်ပြည့်ကာ၊ အငြိမ်းစားယူခဲ့သော ပုဂ္ဂိုလ်ဖြစ်၏။

"မောင်-မောင်သန်းဆိုင် . . မ-မကြော့နုပ်ရင်၊ သူ-သူတို့ကို အသရေဖျက်မှု ပုဒ်မ (၅၀၀) နဲ့တရား -တရားစွဲလို့ရတယ်လေကွာ"

ဦးရဲမြင့်က တစ်တီးထစ်အပြောရာ၊ သန်းဆိုင်က ဓားနှောင့်ကို ကြမ်းပေါ်သို့ ဒိုင်းခနဲ ဆောင့်ချသည်။ ပြီးလျှင် စန်းချိုဘက်လှည့်ကြည့်သည်။

"ကျုပ်ကို အရှက်ခွဲမှုနဲ့ တရားစွဲမယ်ဆိုရင်၊ ပထမဆုံး စန်းချိုကို တရားစစွဲရလိမ့်မဗျ။ သူသတင်းလွှင့်လို့ တစ်ရပ်ကွက်လုံး ယုန်ထင်ကြောင်



ထင်ထင်ကုန်ကြတာ၊ ကြာနီကန်ဘုန်းကြီး တရားထဲကလို အိမ်ထဲက မီးအိမ်ပြင်ထုတ်တဲ့ မိန်းမ"

သန်းဆိုင်က ဓားနှောင့်ဖြင့် ကြမ်းပြင်ကို ဒိုင်းခနဲမြည်အောင် မာန်ပါပါဆောင့်လိုက်ပြန်ရာ၊ ဦးရဲမြင့်ထိုင်ရာမှ ဖင်တကြွကြွ ဖြစ်သွား၏။ သူ့မျက်နှာပေါ်မှာ၊ သန်းဆိုင်တို့ အိမ်ရှေ့ရောက်ကာစတုန်းက. . .၊ သူ့တစ်ပါးအပေါ် စိုးမိုးချုပ်ကိုင်လိုသော ဩဇာအရိပ်အငွေ့တွေ ထင်ဟပ်နေခဲ့သော်လည်း ယခုတော့ သူ့မျက်နှာကြီးမှာ ဖြူလျော်ညိုးနွမ်းနေသည်။

"အင်း-လော-လောကကြီးမှာ လူအမျိုးမျိုး နတ်အထွေထွေ ရှိတာပေါ့ မောင်သန်းဆိုင် တော်ရုံလည်း သည်းခံမှပေါ့၊ ကိုယ်မကျန်းမာရင် ဆေးကုပြီး အေးအေးဆေးဆေး အိမ်မှာအနားယူနေပေါ့။ မဟုတ်ဘူးလား မောင်သန်းဆိုင်" ဟု ဦးရဲမြင့်အားတင်းပြီး လေချိုသွေးကြည့်၏။ မရပေ၊ သန်းဆိုင်က ခေါင်းတစ်ခါတည်း ခါပြနေသည်။

"ကျုပ်က ကျုပ်အိမ်ထဲမှာ ဘာသိသာသာငြိမ်နေတာဗျ၊ ဒါကို ဒီမိန်းမက ဟိုဆရာခေါ် . . . ဒီဆရာခေါ်နဲ့ ဦးပွားကြီးကလည်း သူ့ဆေးဓားကြီးထမ်းပြီး အိမ်ရှေ့မှာလာရပ်တယ်၊ ဒီတော့ အလိုလိုကမှ စပ်စုချင်တဲ့ ပတ်ဝန်းကျင်က မျက်လှည့်ဝိုင်းကြည့်သလို ကျုပ်အိမ်ရှေ့မှာ လာပြုံနေကြကရော၊ ဒီ သူတောင်းစားတွေက အိမ်ရှေ့မှာ စုပြုံပိတ်ရပ်နေကြတော့ ကျုပ်ဆိုင်လမ်းပိတ်ပြီး အရောင်းအ တာပေါ့ဗျ၊ ကျုပ်က ရပ်ကွက်ကိုကော စည်ပင်ကိုပါ အခွန်အကောက်မှန်မှန်ပေးပြီး ဈေးရောင်းနေတာ။ ကျုပ်စီးပွားရေးတော့ အထိခိုက်မခံနိုင်ဘူး၊ ကျုပ်လုပ်ငန်းကို နှောင့်ယှက်တဲ့ ကောင်တွေကို ဓားနဲ့ပိုင်းပစ်ရမှာ ဝန်မလေးဘူး"

သန်းဆိုင်စကားပြောနေစဉ်၊ ဦးရဲမြင့်၏ကျောမှာ ကုလားထိုင်နောက်မှီထဲသို့ ထိုးဖောက်ဝင်ရောက်သွားတော့မလို့ တစ်ဖြည်းဖြည်း ကိုင်းပ်နေတော့၏။

"သန်းဆိုင် နင့်ဓားကြီး ဘေးချထားစမ်းပါဟယ်၊ ဘယ်သူ့မှ မခုတ်

www.burmeseclassic.com

www.burmeseclassic.com



မိဘဲ နင့်ကိုယ်နင် ပြန်ထိမှ ရောဂါတိုးနေဦးမယ်"

စန်းချိုက ချိုချိုသာသာ ဟန့်တားသော်လည်း သန်းဆိုင်က ဓားကို လက်ကမချသည့်ပြင်၊ စန်းချို၏ ပခုံးတစ်ဖက်ကို ခပ်ဖွဖွတွန်းဖယ်သည်။

"ငါ သက်ဆိုင်ရာ အရပ်လူကြီးနဲ့ စကားပြောနေတာ စန်းချို နင် ကန့်လန့်ကန့်လန့် ဝင်မရှုပ်နဲ့၊ ငါက ဦးလေးရဲမြင့်နဲ့ ဥပဒေအကြောင်း၊ စီးပွားရေးအကြောင်းတွေ ဆွေးနွေးနေတာ၊ နင်အသာနေ" ဟု တန်းဟောက်ရင်း၊ သန်းဆိုင်က ဓားနှောင့်ကို ဆောင့်ပြန်သောအခါ ဦးရဲမြင့် မျက်စိ ပေကလပ်ပေကလပ် ဖြစ်သွားပြန်လေသည်။

"မောင်သန်းဆိုင်ရဲ့ ပြဿနာက ဓားကိုင်ဖို့ မလိုပါဘူးကွာ"

ဦးရဲမြင့်က ပြောသောအခါ သန်းဆိုင်က စောစောကလို ခေါင်းခါပြန်၏။ "ဦးရဲမြင့် မသိလို့ဗျ၊ ဒီဘုရားကြီးနားမှာ ကျုပ်နေလာတာ နှစ် (၂၀) ကျော်ပြီး ဒီနားတစ်ဝိုက်က လူတွေဟာ အကျိုးမရှိတဲ့ ကိစ္စတွေမှာ သိပ်အချိန်ကုန်ခံကြတာ၊ အလွန်လည်း စပ်စုတယ်၊ အတင်းပြောကြတဲ့ နေရာမှာလည်း ပထမတန်းပဲ၊ ဘုရားကြီးနောက်မှာ အသစ်တိုးလာတဲ့ ကွက် သစ်က လူတွေဆို ပိုဆိုးသေး၊ ဘုရားကြီးရှေ့က ဆိုက်ကားဂိတ်မှာ ဆိုက် ကားသမားနှစ်ယောက်ရန်ဖြစ်ပြီး နပန်းလုံးကြတာ၊ ပုဆိုးတွေ ကျွတ်ကုန်ပြီ လို့လည်းကြားရော. . . အဝေးကြီးကနေ၊ နေပူကျဲကျဲကြီးမှ ပြေးလာပြီး ကြည့်ကြသတဲ့၊ မိန်းမတစ်ယောက်ဆိုရင် နပန်းပွဲကို လာကြည့် တာများ၊ အိမ်က တည်လက်စထမင်းအိုးကြီး ဆန်ပြုတ်ဖြစ်ရုံမကဘူး၊ တူးကုန်လို့ သွန်ပစ်လိုက်ရသတဲ့ဗျား၊ ပြီးတော့ ကွက်သစ်သားတွေကို ကြွေးမရောင်းရဲဘူး၊ ရေထဲကို ခဲလုံးပစ်ချတာမှ ပလုံခနဲမြည်ဦးမယ်၊ ကွက်သစ်သားကို ကြွေးချလို့ကတော့ နိဗ္ဗာနပစ္စယော ဟောတုလို့သာ သဘောထားလိုက်ပေတော့ဗျာ၊ ခုလည်း ကျုပ်ကိုလာကြည့်တဲ့အထဲမှာ ကွက်သစ်သားတွေ အများဆုံး"

"နင် အဲလိုတော့ ကျေးဇူးကန်းစကားမပြောနဲ့ ငါတို့ဆိုင်မှာ အား



အပေးဆုံး ဖောက်သည်တွေက ကွက်သစ်သားချည်းပဲ"

သူ့အရှိန်နှင့် သူသွားနေသော သန်းဆိုင်ကို၊ စန်းချိုက ကြားဖြတ် ဝင်ဟန့်လိုက်ခြင်းက၊ နဂိုကမှ ထပြေးချင်နေသော ဦးရဲမြင့်ကို မြန်မြန် ပြေးနိုင်အောင် ထွက်ပေါက်ဖန်တီးပေးလိုက်သည်နှင့် တူသည်။

"စန်းချို ငါစကားပြောနေတုန်း ဝင်မရှုပ်နဲ့လို့ဆိုနေနော်၊ ငါ လုပ် လိုက်ရ"

သန်းဆိုင်က ကြိမ်းဝါးပြီး ဓားဖြင့်ရွယ်သလို၊ စန်းချိုကလည်း လူ ကောင်ကြီးနှင့်မလိုက်၊ လှစ်ခနဲခုန်ထပြီး ခါးထောက်ရပ်သည်။

"ဟေ့ ခုတ်ရဲရင် ခုတ်လိုက်စမ်းသန်းဆိုင်၊ နင်ခုတ်ရဲလို့ကတော့ စန်းချိုတို့က ဘာလို့မသေးရဲရမှာလဲ. . . ခုတ်လေ. . . ခုတ်လိုက်စမ်း"

စန်းချိုက ခုနစ်သံချီတင်ပြီး စူးစူးရှားရှား အော်နေသော်လည်း၊ သန်းဆိုင်မှာမူ ထိုင်ရာကမထဘဲ ဓားကို ခပ်ပျော့ပျော့ကိုင်၍ ရွယ်ရုံသာ ရွယ်ထား၏။ ဦးရဲမြင့် မနေသာတော့။ တာဝန်ရှိသူတစ်ဦး၏ အသိဖြင့် ဝုန်းခနဲထပြီး လင်မယားနှစ်ယောက်ကြား ဝင်ရပ်သည်။

"ဟာ-ဟေ့-ဟေ့၊ စိတ်လိုက်မာန်ပါ မလုပ်ကြနဲ့လေ၊ ဘာမဟုတ် တာလေးနဲ့ ဓားကြိမ်းကြိမ်းရသလား မောင်သန်းဆိုင်ရာ"

"ဘာမဟုတ်တာလေးမဟုတ်ဘူး ဦးရဲမြင့်၊ ဘာဟုတ်တာကြီးဗျ၊ ဘာဟုတ်တာကြီး၊ ကျုပ်တို့ အတွင်းရေးကို ခင်ဗျားမသိလို့၊ သိသာသိရင် ဓားကိုင်ရုံတင်မကဘူး၊ အမြောက်နဲ့ပါ ထုချင်စိတ်ဝင်လာလိမ့်မယ်၊ သင်း ဖြိုဟ်မွှေလို့ ရပ်ကျော်ရွာကျော်ဖြစ်ရတာ"

သန်းဆိုင်ကလည်း ဓားကိုင်လျက် ထရပ်၏၊ သုံးယောက်စလုံး လိုလို၊ အသားတွေ ဆတ်ဆတ်တုန်နေကြပြီး ပြဇာတ်ကကွက်တစ်ခု ခင်း နေတော့၏။

"မင်းတို့ကိစ္စ ငါမသိဘူး၊ ဓားနဲ့ခုတ်မယ်ဆိုလည်း ငါ့တွယ်ရာမှာ သာခုတ်၊ လူကြီးစကားနားမထောင်ချင်တဲ့ လူစားမျိုးအတွက် ငါသတ်သေ

www.burmeseclassic.com

www.burmeseclassic.com



မလိုက်ချင်ဘူး၊ မှတ်ထားနော်. . . ငါပြန်သွားမှ မင်းတို့လင်မယား သတ်ကြ၊ ဒါပဲ. . . "

ချုပ်တည်းထားသမျှတွေ ဖွင့်ချသကဲ့သို့ ဦးရဲမြင့်က လင်မယားနှစ်ယောက်ကို တစ်ယောက်တစ်လှည့်စီ လက်ညှိုးထိုးကာ အော်ပြောပြီး ထွက်ခွာရန် ခြေလှမ်းပြင်ဆဲတွင် အိမ်ပေါ်သို့ မိထူး၊ ခင်မောင်ငြိမ်းနှင့် ဆိုက်ကားဆရာ ဝမ်းနိုင်းတူးတို့ အူယားဖားယား ပြေးတက်လာကြ၏။

သန်းဆိုင်က ဘယ်သူမျှ မမျှော်လင့်သော လှုပ်ရှားမှုကို ပြသလိုက်သည်။ သူသည် ငှက်ကြီးတောင်ဓားကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်ပြီး၊ အိပ်ရာပေါ် ပြန်လှဲချကာ၊ သူ၏ထူထဲကြီးမားသော ဂွမ်းစောင်ကြီးကို ဆွဲယူ၍ ခေါင်းမြီးခြုံထားလိုက်ခြင်းပင် ဖြစ်တော့သည်။

×××   ×××   ×××

×××   ×××   ×××

အဆီပြင်တွေ ဖုံးထားသဖြင့်၊ အရိုးအဆစ်မပေါ်သော ညိုဝါဝါကျောပြင်ကို ရေဆွတ်ထားသည့် မျက်နှာသုတ်ပဝါအဟောင်းဖြင့်၊ ပွတ်ချလိုက်သောအခါ. . . ရက်သတ္တတစ်ပတ်ခန့် ရေမချိုးခဲ့သောကြောင့်၊ ချွေးစေးတွေနှင့်အတူ တွယ်ကပ်ခိုအောင်းနေခဲ့ကြသော ကြေးဖတ်များသည် အလိပ်လိုက်ကွာကျလာကြသည်။

"ဖြည်းဖြည်းလုပ်ပါဟ စန်းချို၊ နင်ရေဖတ်တိုက်တာက ကျားလျှာနဲ့ ပွတ်တာကျနေတာပဲ၊ ကျောကုန်း အရေပြားတွေ ပွန်းများကုန်ပြီးလားမသိဘူး"

"နင့်အရေပြားကွာမှာ မပူနဲ့၊ နင့်ကျောတုန်းမှာ ကြေးတွေက သုံးလေးလွှာလောက်ထပ်ပြီး ထုတက်နေတာ၊ ရွံ့ဖို့တောင် ကောင်းသေး"

သန်းဆိုင်က ပုဆိုးခါးတောင်းကျိုက်၊ အကျီချွတ်ဖြင့် မီးဖိုချောင်ကြမ်းပြင်ပေါ်မှာ တင်ပြဲ့ခွေ၍ ထိုင်နေစဉ်၊ ထဘီရင်လျားနှင့် စန်းချိုကနာလန်ထလူမမာ (အယောင်ဆောင်) ကို ရေဖတ်တိုက် သန့်ရှင်းပေးနေ



ခြင်းဖြစ်၏။ အနီးတွင် ရေသန့်များရှိသော ပလတ်စတစ် ရေပုံးတစ်လုံးနှင့် ရေညစ်တွေ ညစ်ထည့်ရန် ပလက်စတစ်ခွက်တစ်ခွက်ရှိသည်။

ယနေ့ဆိုလျှင်၊ သန်းဆိုင် နေမကောင်းခြင်းကို အကြောင်းပြု၍ စန်းချိုဈေးမသွားသည်မှာ (၃) ရက်မြောက်ရှိပြီ။ စန်းချိုကိုယ်စား၊ သားအကြီး မိုးကျော်အောင်က အလုပ်မသွားမီ၊ ဈေးဝယ်ပေးရ၏။ စန်းချိုက ဈေးဝယ်လည်း မထွက်တော့သလို၊ ယခင်ကလိုလည်း အလွန်အကျွံ မြင်ဆင်ဖီးလိမ်းခြင်း မပြုတော့။ ဈေးရောင်းချိန်၌ သနပ်ခါးရေကျဲလောက်သာ လူးထားလေ့ရှိတော့သည်။ စန်းချို အချိုးပြောင်းသွားတာ စိတ်ဝင်စားစရာပဲ၊ ငါစိတ်ဖောက်ပြီး ဓားနဲ့ခုတ်မှာ ကြောက်လို့လားမသိဘူး၊ ခုတစ်လော သင်း ငါ့ကို သိပ်ဂရုစိုက်နေတယ်၊ ဆန်ပြုတ်ကို ဇွန်းနဲ့ခပ်ပြီး မပူအောင် သူ့ပါးစပ်နဲ့မှုတ်ပြီး ငါ့ကို တယုတယခွံ့ရတာနဲ့၊ ကာဖီရည်သောက်ရင်လည်း ကြွက်ဥပူတင်းကို သူကိုယ်တိုင် ဇွန်းကလေးနဲ့ဖွဲ့ပြီး ငါ့ပါးစပ်ထဲထည့်ပေးရတာနဲ့၊ ငါ့နဖူးကို ခဏ ခဏလာစမ်းရတာနဲ့၊ သူ ဈေးဘက်ခြေဦးမလှည့်ပုံထောက်ရင် သူ့ကုလားဒိန်နဲ့ အဆက်ပြတ်သွားပြီထင်ပါရဲ့၊ သူ့ဆွဲကြိုးတွေ လက်ကောက်တွေတော့ တစ်ခုမှ လျော့တာမတွေ့ဘူး၊ အင်းလေ စန်းချိုလို ရုပ်ဆိုးမကို ချူစားဖို့ကြံတဲ့ကောင်မျိုးဟာ ချူလို့မရရင် ခွာသွားမှာပေါ့ဟု သန်းဆိုင်က စဉ်းစားဝေဖန်ကြည့်ခဲ့သည်။

"နင့် ပေါင်ခြံတွေ၊ တင်ပါးတွေပါ ရေဖတ်တိုက်မှ ဖြစ်မယ် သန်းဆိုင်"

"ဟာ မိထူးမြင်သွားလို့ မသင့်တော်ပါဘူး"

"ကောင်မကဆိုင်မှာ ဈေးရောင်းနေတာ၊ ဘယ်လိုလုပ် မြင်မှာလဲဟဲ့"

"ရုတ်တရက် အိမ်ထဲဝင်လာရင်း မကောင်းပါဘူးဟာ"

"အိမ်ထဲမလာပါဘူးဟဲ့၊ သူ. . . ဆိုင်ကို ပစ်ပြီး[illegible]ဘူး" ဟု ပြောပြောဆိုဆို စန်းချိုက၊ ခါးတောင်းကျိုက် ပုဆိုးစကိုဖြုတ်ပြီး ပုဆိုးကို

www.burmeseclassic.com

www.burmeseclassic.com



လျှော့ချလိုက်၏။ သန်းဆိုင်ငြင်းပယ်ဖို့ သတိမရ။ အတွေးတစ်ခုက အသိဉာဏ်ထဲမှာ လင်းလက်ထင်ရှားလာသည်။ [ညားကတည်းက ခုလိုတစ်ခါမှ ငါ့ကို သန့်ရှင်းရေးလုပ်မပေးခဲ့ဖူးပါလား၊ သူအခုလုပ်ပေးနေတာကကော၊ တကယ်စိတ်စေတနာပါလို့ကော ဟုတ်ရဲ့လား] သူ၏ညာဖက်ပေါင်အတွင်းသားကို ရေဖတ်တိုက်နေသည့် စန်းချိုလက်ကို သန်းဆိုင်ဖမ်းဆုပ်ထားလိုက်သည်။

"စန်းချို၊ ဈေးထဲက နင့်အသိတွေထဲမှာ ကုလားဒိန်တစ်ယောက်တလေရှိလား" ဟု သန်းဆိုင်က အမှတ်မထင် မေးလိုက်ရာ၊ စန်းချိုက သူ့လက်ကို ဇတ်ခနဲ ရုတ်လိုက်၏။ စန်းချို ငေးကြောင်အံ့ဩနေမှန်း သိသာသည်။

"ကုလားဒိန်လည်း မရှိဘူး၊ ကုလားဒက်လည်း မရှိဘူး၊ ငါ့အသိထဲမှာ ကုလားတစ်ယောက်မှ မရှိဘူး၊ တရုတ်တော့ ရှိတယ်၊ ငါဝယ်နေကျ ကုန်စုံဆိုင်ကြီးက ဆိုင်ရှင်တရုတ်အဘိုးကြီး ဦးကျူး၊ နင်လည်း သိပါတယ်၊ ရွှေသွားတွေအများကြီးနဲ့ ခေါင်းဖြူတရုတ်ကြီးလေ၊ ဒါနဲ့ နေပါဦး၊ ငါ့အသိထဲမှာ ကုလားဒိန်ရှိတော့ နင်ဘာလုပ်မလို့လဲ"

ပြူးဝိုင်းတောက်ပနေကြသော စန်းချို၏ မျက်လုံးတွေကို သန်းဆိုင်ရင်မဆိုင်ရဲပါ။ စန်းချို ကျွဲမြီးတိုနေမှန်း ရိပ်မိသည်။

"ဘာမှ မလုပ်ဘူး၊ ညက ငါ့အိပ်မက်ထဲမှာ နင်နဲ့ကုလားဒိန်တစ်ယောက်နဲ့ ဈေးနောက်က အီဗရာဟင့် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြတယ်လို့ အိပ်မက်မက်လို့ဟ"

သန်းဆိုင် မျက်လွှာချထားရာ၊ မျက်ခွံလှန်ပြီး စန်းချိုကို လျှပ်တစ်ပြက် အကဲခတ်စူးစမ်းသည်။ စန်းချို ခနိုးခနဲ့ ပြုံးနေခြင်းကိုသာ တွေ့ရ၏။

"နင့်ငန်းဖျားက ထွက်ခတ်ခတ်သွားတာပါ။ နင့်ကို ကယောင်ချောက်ချားဖြစ်အောင်လုပ်ပြီး မဟုတ်တရုတ် အိပ်မက်တွေ ပေးသွားတာ၊ ထိဂုဏ်နန်းကလေး ဘာလေးတော့ မပေးခဲ့ဘူး၊ မဟုတ်ကဟုတ်က ငါ့ကိုမှ



ကုလားနဲ့ပေးစားပလေတယ်. . . ဟင်"

"အင်း၊ နင်ပြောမှ ငါသတိရတယ်၊ အိမ်ရှေ့မှာ တစ်ယောက်တည်း အိပ်ရတော့၊ အိပ်မက်ဆိုးတွေချည်း မက်မက်နေတယ် စန်းချို၊ ဒီညတော့ အခန်းထဲ ပြောင်းအိပ်မှ၊ ငါဖျားမှ မဖျားတော့ပဲ" ဟု သန်းဆိုင်က လေလျော့ကလေးနှင့် စကားအဆုံးသတ်လိုက်၏။

××× ××× ×××

××× ××× ×××

(၆) ညတာ ကင်းကွာခဲ့ရသော အိပ်ရာဟောင်းသည်၊ ယခုအခါမှာ အိပ်ရာသစ်ပမာ ဖြစ်နေသည်။ အိမ်ရှေ့ခန်းမှာ ထွက်အိပ်ရစဉ်က ဘုရားစင်မှ အမွှေးတိုင်ရနံ့ကိုသာ သဲ့သဲ့ပါးပါး ရှူသွင်းခွင့်ရခဲ့၏။ယခုမူ အရင်အရင်ကအတိုင်း ခေါင်းအုံးတွေ၊ စောင်တွေ၊ အိပ်ရာခင်းတွေ၊ ဖက်လုံးတွေကဆီက ပေါင်ဒါနံ့၊ ရေမွှေးနံ့များ သင်းသင်းကြူလျက်ရှိပြီး၊ အဆစ်အဖြစ် သူ့ဘေးမှာ ပက်လက်လှဲနေသော စန်းချိုဆီမှ သနပ်ခါး ရေကျဲရနံ့ကိုပါ ရှူနမ်းခွင့်ရနေလေသည်။

ည (၁၁) နာရီကျော်ပြီ။ သူက ဂျက်ကက်ကြီးဝတ်လျက်သားနှင့် အိပ်ရာထဲ အစောကြီးရောက်နေခဲ့သော်လည်း၊ စန်းချိုက ဆိုင်သိမ်း၊ ငွေစစ်၊ မနက်ဖြန်ဝယ်ယူရမည့် ပစ္စည်းစာရင်းတွေ သားငယ်ကို ရေးခိုင်း၊ တံခါးမကြီးတွေကို အတွင်းမှ သော့လျှောက်ခတ်နှင့်၊ ရှုပ်နေကျအတိုင်း အလုပ်တွေ ရှုပ်နေခဲ့ကာ မကြာခင်ကမှ သူ့ဘေးရောက်လာပြီး ပေါင်ချိန် (၁၃၀) ခန့်ရှိသော ကိုယ်လုံးကြီးကို ပက်လက်လှဲချခဲ့သည်။ စကားမပြောဖြစ်ခဲ့ကြသေး။ သန်းဆိုင်က ညာနံတောင်းဖြင့် တစောင်းလှဲနေပြီး အိပ်ပျော်ချင်ယောင် ဆောင်နေသည်။ စန်းချိုကို ကျောပေးထားသလိုဖြစ်၍၊ စန်းချို၏ ကိုယ်နေဟန်ထားကို မတွေ့ရ။ အသားချင်းထိဖို့သည်း (၆) လက်မကျော် ကွာဝေးနေသေး၏။ စန်းချို အိပ်ဦးမှာတော့မဟုတ်။ စန်းချို အိပ်ပျော်ပြီဆိုသည်နှင့်၊ နှုတ်ခမ်းထူကြီးတွေ သွားခေါကြီးတွေကြားထဲ

www.burmeseclassic.com

www.burmeseclassic.com



ကနေ ဟောက်သံ တရှူးရှူးထွက်လာမည်ကို၊ သန်းဆိုင် အတတ်သိသည်။ ထို့ပြင်၊ အိပ်ခန်းထဲမှ ဝပ် (၆၀) အား မီးလုံးမပိတ်သေးခြင်းမှာ စန်းချို မအိပ်သေး၍ ဖြစ်၏။ စန်းချိုက မီးဖွင့်မအိပ်တတ်။

သန်းဆိုင်သည် ဖြည်းညင်းစွာထ၍ ကုတင်ပေါ်မှ ဆင်းသည်။ စန်းချိုက မှေးထားသော မျက်ခွံတွေကို ဖွင့်လိုက်ပြီး၊ သန်းဆိုင်၏ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေ၏။ သန်းဆိုင်က အမြဲတမ်းဖွင့်အိပ်နေကျ၊ အိပ်ခန်းတံခါးမကြီးကို ပိတ်၍ ဂျက်ထိုးလိုက်သည်။ စန်းချို ဖြုတ်ခနဲထထိုင်၏။ [လူမမာ နာလန်ထ ဘာစိတ်ကူးနဲ့ တံခါးထပိတ်ပါလိမ့်]

"အိုက်ကအိုက်နဲ့ဟာ၊ ဘာလို့ တံခါးပိတ်ရတာလဲ" ဟု စန်းချိုက ခပ်တိုးတိုးပြောသည်။ ခပ်တိုးတိုးဆိုသော်ငြား၊ တစ်အိမ်လုံးကော ပတ်ဝန်းကျင်ပါ တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် စန်းချိုပင်ကိုအောသော အသံက အခန်းထဲမှာ လိုက်သံထွက်နေ၏။

"ငါညဘက် အိပ်ပျော်နေတုန်း လေစိမ်းတွေဝင်မှာ စိုးလို့ဟာ၊ နေကောင်းကာစ လေစိမ်းမိရင် အလုပ်ရှုပ်ကုန်ဦးမယ်"

"ခြင်ထောင်ချပြီး စောင်ခြုံအိပ်ရင် နင်လေစိမ်းကို ပူစရာမလိုဘူး၊ နင်လည်း ဂျင်းအင်္ကျီကြီး ဝတ်ထားတာပဲ မဟုတ်လား၊ ခုမှပဲ အအေးပတ်မှာ ကြောက်နေလိုက်တာ၊ ဆယ်နှစ်ဆယ်မိုး အင်္ကျီကျွတ်နဲ့ နေလာတဲ့သူက များ"

တစ်နေကုန် ချိုသာပျော့ပျောင်းခဲ့သည့် စန်းချိုအသံမှာ မကျေနပ်ခြင်းအငွေ့အသက်တချို့ တွယ်ကပ်စပြုလာ၏။ သန်းဆိုင်က ခုတင်ဆီပြန်လာပြီး စန်းချိုနှင့် မျက်နှာချင်းဆိုင် ပူးပူးကပ်ကပ် ထိုင်လိုက်သည်။ သူ့အကြံအစည်နှင့်သူမို့၊ စန်းချိုကို စူးစူးစိုက်စိုက် ကြည့်သည်။ စန်းချိုက လယ်ဟိုက်ပြီး လက်မပါသည့်၊ ခပ်ပါးပါး သင်တိုင်းရှည် (ဂါဝန်) ပန်းရောင်ကလေးကို ဘိုမဆန်ဆန်ဝတ်ထားရာ၊ သန်းဆိုင်အမြင်၌ စန်းချိုသည်၊ ခြင်ထောင်အမိုးကို ဖြတ်၍ဝင်လာသော အလင်းဖျော့ဖျော့ထဲ၌ နဂိုထက်



နုပျိုလျက်ရှိ၏။ တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန် ကြည့်နေကြစဉ်၊ သန်းဆိုင်က စန်းချို၏ ပြည့်တင်းမာကျောသော ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ရင်း၊ သူ့မျက်နှာကို ရှေ့သို့တိုးလိုက်သည်။ စန်းချို မျက်လုံးကြီးတွေ ပို၍ကျယ်လာကြဟန်ရှိ၏။

"စန်းချို. . .၊ နင်အဇစ်ကို သတိမရဘူးလား" ဟုသန်းဆိုင်က လေသံကို နှိမ့်၍ မေးလိုက်သည်နှင့်၊ စန်းချို၏ ထူထဲသောမျက်ခုံးတွေ ရှုံ့ရွဲ့သွားကြသည်။

"အဇစ်၊ ဘာအဇစ်လဲ"

စန်းချိုက ပင်ကိုအသံဖြင့်၊ ငေါက်ဆတ်ဆတ် ပြန်မေး၏။ သန်းဆိုင်က လှောင်သလို ရိသလို ပြုံးရင်းမှ. . .

"ဈေးကြီးနောက်ကျောက အီဗရာဟင့် လက်ဖက်ရည်ဆိုင်မှာ နင်နဲ့အတူ လက်ဖက်ရည်ထိုင် ထိုင်သောက်တဲ့ ကုလားဒိန်လေ၊ တစ်လောက နင်သူ့ကို ပိုက်ဆံတွေတောင် ပေးလိုက်သေးတယ်လေ" ဟု ပြောလိုက်သည်နှင့် စန်းချိုသည် သန်းဆိုင်၏လက်ကို တွန်းဖယ်ပစ်လိုက်တော့၏။ သူမ၏ မျက်လုံးကြီးတွေက ကြောက်ဖွယ်ကောင်းအောင် ပြောင်လက်လာကြသည်။

"သန်းဆိုင်. . . နင်ဘာတွေ လာပြောနေတာလဲ၊ နင်ဦးနှောက်မှ ကောင်းရဲ့လား၊ နင်ပြောတဲ့ အဇစ်ကုလားဆိုတာလည်း ငါမသိဘူး၊ အီဗရာဟင့်ဆိုင်မှာ ငါလက်ဖက်ရည် ဝင်မသောက်တာလည်း ကြာလှပြီ ဘာရယ်. . . ငါက အဇစ်ကုလားကို ပိုက်ဆံတွေပေးတယ်ဟုတ်လား၊ နင်ပြောပုံက ငါက လင်ငယ်နေပြီး လင်ငယ်ကို ထောက်ပံ့ကြွေး ပေးနေသလို ဖြစ်နေပြီ သေခြင်းဆိုးရဲ့၊ ဒီလို ပေါက်ပန်းဈေးပြောရအောင် နင့်ကို ဘယ်သူမြှောက်ပေးလဲ၊ ငါဟာ မဟုတ်တမဟုတ်တာ အစွပ်စွဲခံရမယ့် မိန်းမစားမျိုး မဟုတ်ဘူး. . . ဟဲ့၊ အပျိုတုန်းက ရှာမိုးတိုးပေါက် ဈေးသည်ရောင်းခဲ့တာ ဘယ်သူနဲ့မှ အငြိအစွန်းမရှိခဲ့ဘူး သားတွေလူလားမြောက်လို့

www.burmeseclassic.com



အသက် (၄၀) ကျော်ကာမှ လင်ငယ်နေ မျောက်မထားတယ်လို့ လင်သား ကစွပ်စွဲ လာသတဲ့တော်. .၊ လဲသာသေလိုက်ချင်တော့တာပဲ သန်းဆိုင် ရယ်"

စန်းချိုသည် နေရာရွှေ့၍၊ ခုတင်ခြေရင်းအစွန်းမှာ ဆောင့်ကြီး အောင့်ကြီး ထိုင်ချသည်။ သန်းဆိုင်က ဒေါသငွေ့မပါသော မျက်နှာထားဖြင့် စန်းချိုအနီးသို့လိုက်၍ ကပ်ကာ၊ ပေါင်တစ်ဖက်ပေါ် လက်တင်မြန်၏။ စန်းချိုက ဒေါကြီးမောကြီးဖြင့် သန်းဆိုင်၏လက်ကို ဖယ်ထုတ်ပစ်လိုက်သည်။ အသံကိုလည်း မြှင့်လိုက်သည်။

"နေ့ခင်းကတည်းက နင်ငါ့ကို ဒီကိစ္စ စွပ်စွပ်စွဲစွဲ လုပ်ချင်နေတာ မဟုတ်လား သန်းဆိုင်၊ အိပ်မက်ထဲမှာ ကုလားနဲ့တွဲထိုင်သလေး ဘာလေးနဲ့ နင်ပလီစီချောက်ချက် ဉာဏ်ဆင်နေတာ မဟုတ်လား၊ နင့်ဦးနှောက်ဟာ ချေးဦးနှောက်ဖြစ်နေပြီလား သန်းဆိုင်၊ နင်နဲ့ငါနဲ့ ပေါင်းလာတာနှစ် (၂၀) ကျော်ပြီ၊ ငါ့စာရိတ္တကို နင် ခုထိမသိသေးဘူးလား၊ ဘယ်ယောကျ်ားနဲ့ငါ ပရောပရီနေဖူးလို့လဲ၊ ပွဲလမ်းသဘင်သွားရင်တောင် မိထူးနဲ့ဖြစ်ဖြစ်၊ သားတွေနဲ့ဖြစ်ဖြစ် အဖော်လုပ်ပြီးသွားတာ နင်မတွေ့ဘူးလား ကာလနာ သန်းဆိုင်ရဲ့"

"တိုးတိုးပြောစန်းချို၊ သားတွေကော မိထူးပါ မကြားနိုင်အောင် ငါအခန်းတံခါးကို တမင်ပိတ်ထားတာ၊ ဒီကိစ္စက ဘယ်သူမှ ကြားလို့မသင့်ဘူး"

သန်းဆိုင်ကတော့ ကြိုးစားပမ်းစား လေသံအုပ်အုပ်မျှထွက်အောင်ပဲ ပြောနေလေသည်။ စန်းချိုက ခုတင်ပေါ်မှဆင်းပြီး ရပ်သည်။

"ဟော့ ဘယ်သူကြားကြား ×××ဂရုမစိုက်ဘူး၊ မဟုတ်တမ်းတရမ်း အစွပ်စွဲခံရတာကိုတော့ မယားငယ်သံ အိုညက်၊ အိုညက်နဲ့မငြင်းနိုင်ဘူး၊ မတရားအစွပ်စွဲခံရတဲ့ အကြောင်းရပ်သိရွာသိဖြစ်အောင် မောင်းထုပြီး အော်မှာပဲ၊ စန်းချိုကို ဘယ်လိုမိန်းမစားများ အောက်မေ့လို့လဲ၊ မတရားရင်



ဘယ်သူ့မှ ခေါင်းငုံ့မခံဘူးမှတ်တဲ့"

စန်းချို၏ လက်ညှိုးတုတ်တုတ်ကြီးက သန်းဆိုင်မျက်နှာအနီးမှာ၊ ထိုးတော့မည် လှံတစ်လက်လို ဝဲနေသဖြင့် သန်းဆိုင်မျက်နှာကို နောက်သို့တိမ်းလိုက်၏။

"ငါမတရားမပြောဘူး မိန်းမ. . .၊ ငါ့မှာ သက်သေအထောက် အထားရှိတယ်"

သန်းဆိုင်သည် တရားခွင်မှ၊ အနိုင်စီးရယူထားသော အမှုလိုက်ရှေ့နေအရာရှိတစ်ဦး၏ လေသံမျိုးဖြင့်ပြောရင်း၊ ဂျက်ကက်အတွင်းအိတ်ထဲမှ တွန့်ကြေနေသည့် စာအိတ်ကို ထုတ်ယူလိုက်၏။

"ဒီစာဟာ သက်သေအထောက်အထားပဲ"

သန်းဆိုင်က ခနဲ့တဲ့တဲ့ပြုံးရင်း စာအိတ်ကို စန်းချိုဆီ လှမ်းပေးကာ၊ တင်ပြဉ်ခွေထိုင်ရင်း၊ အောင်နိုင်သူတစ်ဦးကဲ့သို့ ဒူးနှန့်နေလေသည်။

စန်းချိုသည် စာအိတ်ကို ကမန်းကတန်းဖွင့်၍၊ အတွင်းမှ စက္ကူခေါက်ကလေးကို တရကြမ်းဆွဲထုတ်၏။ ပြီးလျှင် မီးရောက်အောက်သို့ သွားပြီး၊ စာရွက်ကိုဖြန့်၍ ပါးစပ်တလှုပ်လှုပ် ဖတ်နေသည်။ စာဖတ်လည်း နှေး၊ အကြိမ်ကြိမ်လည်း ဖတ်နေသဖြင့် (၃) မိနစ်ခန့် ကြာသွား၏။ ပြီးလျှင် သန်းဆိုင်ဘက်သို့ ချာခနဲလှည့်လိုက်သည်။

"ဒီစာကို ဘယ်သေခြင်းဆိုး လာပေးတာလဲ" ဟု ကတုန်ကရီ အော်မေးသည်။

"ငါနေမကောင်းမဖြစ်ခင်ကလေးမှာ၊ မနက်ဘက်ဆိုင်ဖွင့်တော့ တံခါးကြားမှာ ဒီစာကို တွေ့ရတာပဲ"

သန်းဆိုင်က စန်းချိုကိုမကြည့်တော့ဘဲ၊ သက်သေအထောက် အထား ခိုင်လုံကြောင်း တင်ပြလျှောက်ထားပြီးသည့်၊ ပိုင်နိုင်သော ရှေ့နေ တစ်ဦး၏ အမူအရာဖြင့် မျက်နှာကို မော့တော့တော့ လှမ်းထားလိုက်၏။ သည်ပုံစံက စန်းချို၏ခံပြင်းမှု မီးတောက်အပေါ် ဓာတ်ဆီလောင်းချလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် တူလေသည်။ စန်းချိုသည် ပြေးကပ်လာပြီး သန်းဆိုင်၏ မျက်နှာကို စာရွက်ဖြင့် ပုတ်ခတ်လိုက်သည်။

"ဘယ်က. . . ကလေကစကောင်က လက်ကမြင်းကြောထပြီး သူတစ်ပါးလင်မယား စိတ်ဝမ်းကွဲအောင်၊ ယုံထင်ကြောင်ထင်ဖြစ်အောင်ရေးတဲ့ ပစ်စာကို နင်ယုံရသလား သန်းဆိုင်။ နင့်မှာ ကိုယ်ပိုင်ဉာဏ်တုံးနေပြီလား၊ ပစ်စာချတဲ့ကောင်ဟာ ရိုးသားစစ်မှန်တယ်ဆိုရင် နင့်ကို တစ်ဖက်လှည့်နဲ့ တိုးတိုးကြိတ်ကြိတ် လာပြောမှာပေါ့ သေနာရဲ့ ဟင်"

စန်းချိုသည် အသံကော၊ လူတစ်ကိုယ်လုံးပါ အတိုင်းမသိဆတ်ဆတ်တုန်နေလေ၏။ သူမ၏မျက်လုံးကြီးတွေက လူသတ်တော့မည့်မျက်လုံးမျိုးတွေ ဖြစ်သည်၊ သန်းဆိုင်က စာရွက်ဖြင့် အပုတ်ခံရသောမျက်နှာကို လက်တစ်ဖက်ဖြင့် ပွတ်ရင်း-

"စာချတဲ့ သူကိုအပြစ်မဖို့နဲ့ စန်းချို၊ ဒီကိစ္စမျိုးက ဖအေနဲ့သားတောင် မျက်နှာချင်းဆိုင် ပြောလို့ဖြစ်တာမဟုတ်ဘူး၊ မယားအပေါ်ယုံကြည်စိတ်ချပြီး တမ်းတမ်းစွဲဖြစ်နေတဲ့ လင်မျိုးဆိုရင် လာပြောတဲ့ကောင်ကို ထိုးလွှတ်မှာ၊ ရှေ့နောက်မစဉ်းစားတဲ့ လင်မျိုးဆိုရင်လည်း စာရတာနဲ့မယားကို ချက်ချင်းထသတ်တော့မှာ၊ ဒီစာရေးတဲ့သူဟာ (စိတ်ကောင်းရှိသော မိတ်ဆွေတစ်ဦး) ဆိုတဲ့အတိုင်း၊ ပြဿနာကို အေးအေးဆေးဆေးရှင်းလို့ရအောင် မယုတ်မလွန်ရေးထားတာ စန်းချို၊ သူဟာ ငါတို့လင်မယားအကျိုးကို လိုလားတဲ့ သူပဲဖြစ်မှာပါ" ဟု လေအေးကလေးဖြင့် ပြောသည်။

"ဘာ ငါတို့လင်မယားအကျိုးကို လိုလားတဲ့သူ ဟုတ်လား၊ လင်မယားထသတ်အောင် ပစ်စာချတဲ့ နင့်ယောက်ဖကို နင်က ကျေးဇူးတင်ဦးမလို့ပေါ့လေ" ဆင်ခြင်ထိန်းချုပ်စိတ် လျော့ပါးလာသည်နှင့်အမျှ စန်းချို လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။ သန်းဆိုင်၏ ရင်အုံကို လက်နှစ်ဖက်ဖြင့် ဆောင့်တွန်းလိုက်ရာ၊ သန်းဆိုင်အိပ်ရာပေါ်သို့ လဲသွား၏။



"နင်က နင့်ယောက်ဖ ခွေးမျိုးဘက်က နာသလားဟဲ့၊ နာသလား"

စန်းချိုက ကုတင်ပေါ်လွှားခနဲတက်ပြီး၊ သန်းဆိုင်၏ ဂျက်ကက်တိုစုဆွဲကာ. . .၊ ကြွမ်းကြွမ်းတမ်းတမ်း ဆွဲခါနေပြန်၏။ သန်းဆိုင်မှာ ပူထူဝေဝါးပြီး ရှုန်းရမှန်းပင်မသိ။

"နင့်ယောက်ဖ မဟုတ်တမ်းတရမ်းရေးတာကို နင်ယုံသလားဟဲ့. . . ဟင်"

"နင် မ. . . မ. . . မဟုတ်ရင်၊ မနာနဲ့ပေါ့. . ." ဟုအော်ရင်း စန်းချိုက သူ့ကို ကိုင်မပေါက်နိုင်မီ၊ သန်းဆိုင်ခုတင်တစ်ဖက်သို့ လိမ့်ဆင်းလိုက်သည်။ သန်းဆိုင် ကုန်းထ၍ ခါးမမတ်နိုင်မီ၊ စန်းချိုက နောက်မှလိုက်လာပြီး ဂျက်ကက်အကျီကော်လံကို ဖမ်းဆွဲထားလိုက်ပြန်၏၊ သန်းဆိုင်မှာ လည်ပတ်ကြိုး ဆောင့်ဆွဲခံရသည့် ခွေးတစ်ကောင်လို၊ လည်ပင်းတစောင်းစောင်း ဖြစ်နေတော့သည်။

"မဟုတ်လို့ နာတာပေါ့၊ မတရားလို့ မခံတာ၊ ဟုတ်တိုင်းမှန်ရာပြောလာလို့ကတော့ စန်းချိုတို့ပါးကို စီးတဲ့ဖိနပ်ချေးသုတ်ပြီး ရိုက်သွားဦးပါးထိုးပေးလိုက်မယ်၊ ကဲ-ပြောစမ်း၊ ဘယ်သူမှန်းမသိတဲ့ ကာလနာရေးတာကို နင်ယုံသလား၊ မယုံဘူးလား၊ တစ်ခွန်းတည်းဖြေစမ်း"

စန်းချို၏ အသံစူးစူးကြီးက၊ အိမ်ထဲတွင် ခွေးတစ်အုပ် စုပြုံအူနေကြသည်ထက်ပင်၊ နားညည်းဖွယ် ဆူလောင်နေသည်။ လုံချည်ကျွတ်နေသော သန်းဆိုင်မှာ၊ လက်တစ်ဖက်ဖြင့် စန်းချိုကို ခပ်ဖွဖွတွန်းဖယ်ရင်း၊ ကျန်တစ်ဖက်ဖြင့် ပုဆိုးစကိုစုကိုင်ပြီး ရင်ဘတ်မှာ စုကိုင်ထား၏။ နှစ်ယောက်စလုံး ချွေးဒီးဒီးကျကာ၊ မျက်နှာကြီးတွေက လက်ဝှေ့သမားနှစ်ဦးလို ပြောင်လက်နေကြလေသည်။

"ပြောလေ မသာ၊ နင်ယုံသလား၊ မယုံဘူးလား"

"မ-မယုံဘူး" ဟု သန်းဆိုင်က အူကြောင်ကြောင်နှင့်ပင် ပြောမိပြောရာ ဟစ်ထုတ်လိုက်ပြီးမှ၊ သူ့ကိုယ်သူ ကျိန်ဆဲမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ဒီစာရကတည်းက နင်ငါ့ကို ဘာလို့ဖွင့်မပြောခဲ့တာလဲ သေခြင်းဆိုးရဲ့"

ထိုအခိုက်မှာပင်၊ အခန်းတံခါးကို တအုံးအုံးထုသံနှင့်အတူ၊ သားအကြီးကောင်၏ ခက်ထန်တင်းမာသည့်အသံ ပေါ်ထွက်လာသည်။

"အဖေနဲ့အမေ၊ အချိန်မတော်ကြီးဗျာ၊ အများကြားလို့ မသင့်တော်ပါဘူး၊ ရှက်ဖို့ကောင်းလိုက်တာ၊ တော်ကြပါတော့ဗျာ၊ အဖေတို့သာ မသိတာ အိမ်နီးချင်းတွေ ကျွန်တော်တို့အိမ်ကို ဝိုင်းကုန်ပြီဗျ၊ တော်ကြတော့"

သားကြီး၏အသံပေါ်လာသည်နှင့် စန်းချို၏ လက်တွေအားလျော့သွားရာ၊ ထိုတစ်ခဏမှာပင် သန်းဆိုင်က အင်္ကျီကို ရုန်းထွက်လိုက်ပြီး အခန်းတံခါးကို အမြန်ဖွင့်၍ အပြင်သို့ ကမူးရှူးထိုး လှမ်းထွက်၏။ စိတ်လှုပ်ရှားမှု လွန်ကဲပြီး၊ အမြင်အာရုံတွေ ချွတ်ချော်ကာ၊ သန်းဆိုင်သည် ပထမဦးစွာ တံခါးဝမှ သားကြီးမိုးကျော်အောင်ကို ဝင်တိုးမိ၏။ ထို့နောက် မိမိပုဆိုးစ မိမိပြန်နင်းမိပြီး ဝမ်းလျားထိုးလဲကျသွားစဉ် ကြမ်းခင်းနှင့် မေးစေ့မထိမီ၊ သူ့နဖူးက ဧည့်ခန်းရှိ ဆက်တီစားပွဲစောင်းကို အရှိန်ဖြင့် ဝင်ဆောင့်မိသွားသည်။ နောင်သောအခါ. . .

"ငါ့နဖူးနဲ့ စားပွဲစောင်းနဲ့ ဘယ်သူက ပိုမာသလဲဆိုပြီး စမ်းကြည့်တဲ့အချိန်မှာ ငါ့မျက်စိထဲမှာ မီးပွားတွေ တဝင်းဝင်းဖြစ်သွားတော့တာပါပဲကွာ. . ." ဟု သန်းဆိုင်က၊ အကြောင်းတိုက်ဆိုင်လျှင် ရယ်ရယ်မောမောပြောပြတတ်သည်။

xxx xxx xxx

xxx xxx xxx

မနက် (၇) နာရီခွဲ အိပ်ရာမှထပြီး (၆) နာရီမှာ ဆိုင်ဖွင့်၊ ဆိုင်ခင်းလုပ်ကာစကမူ မိုးကျော်အောင် ထိုင်းမှိုင်းလေးလံ မအီမသာဖြစ်ခဲ့သေးသည်။ တစ်ပတ်လောက်ကြာတော့ ကျင့်သားရပြီး လန်းလန်းဆန်းဆန်းနှင့် ဆိုင်ဖွင့်နိုင်လာ၏။ သူက သန်းဆိုင်တုန်းကထက်ပင် ဆိုင်ဖွင့်ချိန်



တော်လေ့ရှိသည်။ သူ့မွေးသဖခင် သန်းဆိုင်မှာ ဆိုင်ဖွင့်ခြင်း၊ ဈေးရောင်းခြင်း၊ ဆိုင်ပိတ်ခြင်း အလုပ်တို့မှ၊ ခေတ္တအနားယူနေဟန် ရှိလေသည်။

ဆိုင်နောက်ကျောတံခါးကို ဖွင့်ပြီးနောက် ဆိုင်ထဲသို့ဝင်ပြီး ညက သူကိုယ်တိုင် သိမ်းဆည်းခဲ့သော မုန့်ပဲသရေစာထုပ်အစရှိသော တိုလီမိုလီကုန်ပစ္စည်းတွေ နေသားတကျရှိမရှိ သိရအောင် လက်နှိပ်ဓာတ်မီးထိုး၍ စစ်ဆေးကြည့်လိုက်၏။ ဤတွင် တံခါးကြားမှ ဆိုင်ခုံပေါ်သို့ ထိုးသွင်းထားသော စာအိတ်ကို မိုးကျော်အောင် တွေ့ရလေသည်။

စာကိုတွေ့တွေ့ချင်း၊ မြွေဆိုးတစ်ကောင်ကို တွေ့ရသလို၊ မိုးကျော်အောင် အခိုက်အတန့်မျှ လန့်သွားသလိုလိုရှိသည်။ ပြီးလျှင်၊ စာအိတ်ကို ကောက်ယူပြီး၊ လက်နှိပ်ဓာတ်မီးဖြင့်၊ စာအိတ်ပေါ်မှ (ဦးသန်းဆိုင်သို့) ဟူသော စာတန်းကို ထိုးကြည့်ပြီးသည့်အခါတွင်မူ၊ မိုးကျော်အောင် အလန့်ပြေပြီး သက်မချသည်။ သည်စာအိတ်က၊ သူ့အတွက် မြွေဆိုးထက်ပင် အဆိပ်ပြင်းစရာ ဖြစ်ကောင်းဖြစ်နိုင်သည်။

စာအိတ်ကော၊ စာအိတ်ပေါ်က လက်ရေးပါ၊ သူ့ဖခင်သန်းဆိုင် ရခဲ့သော ပစ်စာနှင့် တော်တော်တူသည်။ ယခု စာကိုလာချသူမှာ၊ ပထမစာကိုချခဲ့သူပဲ ဖြစ်ရမည်ဟု မိုးကျော်အောင် ယုံကြည်သည်။ ပထမစာသည် သူတို့မိသားစုကို ပြုကွဲလုခမန်း ကောင်းကောင်းကြီး ဂြိုဟ်မွှေသွားခဲ့သည်။ ညကြီးမင်းကြီး မိဘနှစ်ပါး ဝရုန်းသုန်းကား ဖြစ်သောညကပင်၊ သန်းဆိုင်သည် နဖူးနှင့် မေးစေ့တို့မှ သွေးယိုစီးလျက်. . . သားနှစ်ယောက်နှင့် မိထူးတို့အား၊ ပစ်စာရချိန်မှစ၍ သူစိတ်နှလုံးချောက်ချား ကြေကွဲဝမ်းနည်းခဲ့ရကြောင်း နတ်သံနှောသည်။ စန်းချိုကို လိုက်ချောင်းခဲ့ပုံ၊ နေမကောင်းဟန် ဆောင်ရာမှ၊ တကယ်နေမကောင်းလာခဲ့ပုံတွေကို ဝန်ခံသည်။

"အဲဒီရက်ပိုင်းက အဖေရတဲ့ရောဂါက အဖျားအနာ မဟုတ်ပါဘူး သားတို့ရာ၊ အသည်းကွဲနာပါ" ဟု သန်းဆိုင်က ငိုသံပါကြီးနှင့် ပြောခဲ့

www.burmeseclassic.com



သည်။ ထိုအခါ၊ ဒေါသအရှိန် မပြေသေးသော စန်းချိုက . . .

"အသည်းကွဲလည်း အဲဒီကတည်းက တန်းသေရင်အေးရော" ဟု ဘုစကားဝင်ပြောသည်။

"ငါသေရင် နင်ဖောက်ပြန်တယ်ဆိုတဲ့ အစွဲပါသွားပြီး ကျွတ်မှာ မဟုတ်ဘူး၊ ဒီခြံထဲမှာ ကုလားပုသရဲအပြင် . . ၊ သရဲသန်းဆိုင်ပါ တိုးလာမယ်" ဟုသန်းဆိုင်က အတည်လိုလို ရယ်စရာလိုလိုနှင့် ဒဏ်ရာတွေကို နနွင်းသိပ်ပေးနေသည့် ခယ်မ မိထူး၏ အပြုအစုအောက်မှာ ငြိမ်သက်နေရာက ထအော်ခဲ့သေး၏။

မိုးကျော်အောင်က ကော်ကပ်ထားသည့် ပြားချပ်ချပ် စာအိတ်ကလေးကိုကြည့်ရင်း ပင့်သက်တရှိုက်ရှိုက် မှုတ်နေသည်။ အဖေ့ကို ခေါင်းတပ်ထားတော့ အဖေမဖတ်ရခင် ငါဖွင့်ဖတ်လို့ သင့်တော်ပါ့မလား၊ ပထမစာကတော့ အဖေ့နဖူးမှာ သုံးချက်ချုပ်ရပြီး မေးစေ့ကြီး ဖူးရောင်သွားအောင် လုပ်ပစ်လိုက်ပြီ။ ပတ်ဝန်းကျင်ကလည်း အထင်အမြင်သေးအောင် ပယောဂဖက်လိုက်ပြီ၊ ဒေါက်တာ တင်ဆန်းဦးလည်း အခင်မင်ပျက်သွားပြီ၊ ဘကြီးပွားလည်း ငွေပုံပေးပြီး သွားပင့်တောင် လာမှာမဟုတ်တော့ဘူး၊ အဖေ မဖတ်သင့်တဲ့စာဆိုရင် ငါဖတ်ပြီး မီးရှို့ပစ်လိုက်မယ် . . . ဟူ၍ အချိန်ယူစဉ်းစားပြီးမှ မိုးကျော်အောင်က စာအိတ်ကို ဖြဲ၍ ဖွင့်လိုက်သည်။

မိတ်ဆွေကြီး . . . ဦးသန်းဆိုင်ခင်ဗျား

ကျွန်တော်၏ပထမစာသည် အဖြစ်မှန်ကိုရေးသားခြင်းမဟုတ်၍၊ မယုံကြည်ပါနှင့်။ မေ့ပစ်လိုက်ပါ။ မီးသာရှို့ပစ်လိုက်ပါခင်ဗျား။ ခင်ဗျား၏ဇနီး ဒေါ်စန်းချိုသည် မယားဝတ္တရား ပြည့်ဝသည့်ဇနီးကောင်းတစ်ယောက်သာ ဖြစ်ပါသည်။ ကျွန်တော် လုပ်ဇာတ်ခင်း၍ အပျင်းပြေရယ်ရမောရအောင် ကျီစယ်လိုက်ခြင်းဖြစ်ပါကြောင်း။

လွန်တာရှိ ဝန္ဒာမိပါခင်ဗျာ။

နောက်ပြောင်ကျီစယ်တတ်သော
မိတ်ဆွေတစ်ဦး



"အိုး ဒီလိုကိုး" ဟုပင် မိုးကျော်အောင် မထိန်းနိုင်မသိမ်းနိုင် အသံထွက်၍ ရေရွတ်လိုက်သည်။ ဝမ်းမြောက်ရွှင်လန်းခြင်းကြောင့် စာကိုတိုင်ရင်း၊ ဆိုင်ဖွင့်ဖို့ပင် ခေတ္တမေ့သွားသည်။ ဒီစာတွေရေးတာ ငါတို့ ဓာတ်သိမိတ်ဆွေတွေထဲကပဲ ဖြစ်ရမယ်၊ ဆိုက်ကားသမားအုပ်စုကတော့ ဒီလောက်လက်ရေးလက်သား မကောင်းနိုင်ဘူး၊ ကဗျာဆရာ မောင်မိုးပြာလို့ နာမည်ခံထားတဲ့ ကိုခင်မောင်ငြိမ်းများဖြစ်မလား၊ သူ့လက်ရေး ငါမြင်ဖူးတာပဲ၊ သူ့လက်ရေးက သေးသေးချွန်ချွန်ကလေးတွေ၊ ဒီစာက လက်ရေးလိုဝိုင်းဝိုင်းကြီးတွေ မဟုတ်ဘူး၊ ဒါပေမဲ့ စာချတဲ့လူက တခြားတစ်ယောက်ကိုအရေးခိုင်းလည်းရသားပဲ၊ စာချတဲ့လူကိုတော့ ဖမ်းလို့ရမှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် အဖေနဲ့အမေ ငြိမ်းချမ်းရေးတော့ ရသွားမှာပဲ ဟုတွေးရင်း၊ ကွမ်းယာဆိုင်ရှေ့ဘက် မျက်နှာစာကဲလား တံခါးကြီးကို မိုးကျော်အောင် ဖွင့်လိုက်တော့လေသည်။

××× ××× ×××

××× ××× ×××

နဖူးဆံစပ်မှ ဒဏ်ရာသည် ချုပ်ရိုးဖြေပြီး၍ အနာကင်းသေသွားပြီးဖြစ်သော်လည်း၊ သန်းဆိုင်သည် ကွမ်းယာဆိုင်မရောင်း၊ အိမ်ပေါ်မှအောက်သို့ မဆင်း။ ခါတိုင်းဖွင့်ထားနေကျ အိမ်ရှေ့တံခါးကို ဧည့်သည်တွေ အလွယ်တကူ မဝင်နိုင်အောင်၊ စေ့ထားလိုက်သည်။ အညောင်းပြေလမ်းလျှောက်လိုလျှင်၊ ညဘက်အိမ်ရှေ့လမ်းပေါ်မှာ အသွားအလာရှင်းပြီး လူခြည်တိတ်ချိန်ကျမှ၊ ဆိုင်ရှေ့နားမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ ခပ်လှမ်းလှမ်းကနေ၊ ရင်းနှီးသူတစ်ယောက်ယောက်ဟု ထင်မှတ်ရသူလာနေလျှင်၊ သန်းဆိုင်အိမ်ပေါ်သို့ သုတ်သုတ်တက်၍ တိမ်းရှောင်၏။

[နဖူးနဲ့မေးစေ့က ဒဏ်ရာတွေကို ချော်လဲတာပါလို့ပြောလည်း ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူး၊ ငါဆေးခန်းသွားပြီး ချုပ်ရ ဆေးထည့်ရတာကို ကြည့်ကြပြီး၊ ဟိုညက စန်းချိုငါ့ကိုရိုက်လို့ နဖူးကွဲ မေးစေ့ပြဲသွားတယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲမှာ သတင်းက ပြန့်နေတာ၊ သင်းတို့ကို ဖြေရှင်းနေရရင် ××× လုပ်ရှုပ်မယ်၊ ပါးစပ်ညောင်းမယ်၊ နဂိုကမှ လူတစ်ယောက်ပြသ နာဖြစ်ရင် စပ်စုဖို့ အတင်းချဖို့ စောင့်နေတဲ့ သတ္တဝါတွေ၊ ဩော်. . . လူတွေ၊ လူတွေ များကွာ. . . ဝူး| သန်းဆိုင် ပင့်သက်ရှူနေတော့၏။

သန်းဆိုင်မှာ၊ အနီးကပ် အတိတ်ကားဆီသို့ စိတ်ကို လွှတ်မိနေရင်းမှ၊ ရှက်ရွံ့အားငယ်ပြီး အိမ်အောက်မဆင်းဝံ့အောင် သိမ်သိမ်ငယ်ငယ် ခံစားနေရသော်လည်း |နောက်ပြောင်ကျီစယ်တတ်သော မိတ်ဆွေတစ်ဦး| ၏စာကို ရရှိသည့်နေ့မှစ၍ စန်းချိုကတော့ ယခင့်ယခင်ကအတိုင်း၊ ဖြီးလိမ်းဝတ်စား၍ ဈေးဝယ်ပြန်ထွက်နေပြီဖြစ်သည်။ စန်းချိုက သူမကို အမိပ္ပာယ်အမျိုးမျိုးဖြင့် ကြည့်လာကြသည့် ပတ်ဝန်းကျင်မှ မျက်လုံးအမျိုးမျိုးကို၊ သူ၏ပြူးတောက်သော မျက်လုံးကြီးများဖြင့် ခပ်ရဲရဲပြန်ကြည့်ပစ်လိုက်ရုံသာမက၊ ယခင်က ဈေးဆိုင်နှင့်အိမ်မှာသာ ရံဖန်ရံခါ သောက်ဖွာလေ့ရှိသည့် စီးကရက်ကို ဈေးသို့ အသွားလမ်းထဲကအဖြတ်၊ ဆိုက်ကားပေါ်မှာ ရုပ်ရှင်မင်းသမီး အိုက်တင်အပြည့်နှင့် မီးခိုးတထောင်းထောင်းဖွာပြသည်။

"ဟား တို့အစ်မကြီးတို့က တစ်လိပ် (၃၀) တန် လုံဒုံပစ်စလက်တွေ ဘာတွေခဲလို့ပါလား၊ မင်းသမီး ခင်စိုးပိုင်ကျနေတာပဲကွာ" ဟုဆိုက်ကားသမားရန်ပိုင်က အဆဲခံရတော့မည်မှန်းသိလျက်နှင့် နောက်လေသည်။

"ဟဲ့-မသာရန်ပိန်၊ နင် ငါ့လို လန်ဒန်သောက်နိုင်လို့လား၊ လန်ဒန်သောက်ရမှာကျတော့ နှမြောပြီး ဟိုအရည်ဖိုးကျတော့ မနှမြောဘူး၊ မိန်းမထဘီတောင် အရက်ပေါင်သောက်တဲ့အကောင်" ဟု စန်းချိုက လူကြားထဲမှာ ချိုးနှိမ်လိုက်သော်လည်း ရန်ပိုင်က သွားကျိုးကလေးတွေပေါ်အောင် ရယ်ပြသည်။

"ငါ ဒီနေ့ ဈေးပြန်နောက်ကျမယ်ဟေ့၊ ပန်းထိမ်ဆိုင်ဝင်စရာရှိတယ်" ဟု ဈေးသွားခါနီးမှာ စန်းချိုက အမွှေးနံ့သာ တထောင်းထောင်း



နှင့် ခန္ဓာကိုယ်ကြီးကို၊ သန်းဆိုင်နား လာရပ်ပြီး၊ အရာရှိက အောက်လက်ငယ်သား အလုပ်သမားကို အသိပေးသည့်ဟန်မျိုးဖြင့် ပြောသည်။ သန်းဆိုင်သည် သူ့အကျင့်အတိုင်း၊ ကြိမ်ထိုးဆက်တီ ကုလားထိုင်ပေါ်မှာ မှိုင်တွေတွေဖြင့် ဆောင့်ကြောင့်ထိုင်နေသည်။

"ဝမ်းနိုင်းတူးကိုပါ နင်ပြန်တဲ့အထိ စောင့်ခိုင်းမလို့လား၊ သူ့ကို ပစ္စည်းတွေနဲ့ အရင်ပြန်လွှတ်လိုက်လေ၊ နင်က ဘယ်လောက်တောင်ကြာမှာမို့လဲ" ဟု သန်းဆိုင်က စိတ်လိုလက်ရ မရှိလှသော မျက်နှာထားစူစူနှင့် မေးလိုက်သည်။ စန်းချိုက စီးကရက်ငွေ့တွေကို၊ သန်းဆိုင်၏ မျက်နှာသို့ ဖွာထုတ်သည်။

"ဘယ်လောက်ကြာမလဲ ငါမပြောတတ်ဘူး၊ ဆံပင်တွေ ပြန်ဖြောင့်မလို့ ဆံပင်ကောက်ဆိုင်လည်း ဝင်ရဦးမှာ၊ နင့်စိတ်ထဲမှာ ခုထက်ထိ ငါ အီဗရာဟင် ကုလားလက်ဖက်ရည်ဆိုင်ကို သွားဦးမယ်လို့ ထင်နေတုန်းလား သန်းဆိုင်"

သန်းဆိုင်သည်၊ မိမိတစ်ကိုယ်လုံးကို ကိုက်ခဲနေကြသည့် ခြင်တွေမှက်တွေကို အမြီးရမ်း၍ ခါလိုက်သော မြင်းမကြီးကဲ့သို့ ဆတ်ဆတ်တုန်သွား၏။ စန်းချိုကိုလည်း အလန့်တကြား မော့ကြည့်သည်။

"ချေးခြောက်ရေ မနှူးစမ်းနဲ့စန်းချို၊ နင်သွားစရာရှိတာသွား၊ ငါ့ဖို့ ဝက်သားဝယ်ပေးလိုက်ရင် တော်ပြီ"

"ဝက်သားတင်မကဘူး၊ ဝက်သားသည်မကိုပါ ထည့်ပေးလိုက်မယ်" ဟုဆိုရင်း စန်းချိုက စီးကရက်မီးခိုးတွေကြားကနေ တလူပ်လှုပ်ထွက်သွားသည်။ သန်းဆိုင်၏ မျက်နှာထားမှာ၊ စန်းချိုနှင့် စကားမပြောမီကထက်၊ ပို၍ ညှိုးမှိုင်ငြိမ်သက်လာ၏။ သူ့မျက်လုံးတွေက ဘုရားစင်ဆီသို့ ငေးနေသော်လည်း မှန်ကျောင်းဆောင်အတွင်းမှ တင်ပြဉ်ခွေ ထိုင်းတုတော်ကို တွေ့မြင်ပုံတော့မရ။ သူ့စိတ်ကြည်လင်ခြင်း မရှိပေ။ သံသယအပင်ကြီး သူ့ရင်ထဲမှာ ခုတ်ပိုင်းလှဲဖြိုပြီးသည့်တိုင်၊ သစ်ငုတ်က ကြွင်းကျန်

www.burmeseclassic.com

www.burmeseclassic.com



ရစ်နေသည်။

ပစ်စာချတဲ့ ကမြင်းမသားက. . .၊ သူ့အရှုပ်ကို သူပြန်ဖြေပေးတာတော့ ဟုတ်ပါရဲ့၊ စန်းချိုက ကျေနပ်သွားပေမဲ့ ငါ့ရင်ထဲမှာ ခိုးလိုးခုလုဖြစ်နေတယ်၊ ဒီကောင်က ပထမပစ်စာလည်းချပြီးရော ငါတို့အိမ်မှာ ဗရုတ်သုက္ခတွေဖြစ်တာကို ကြည့်ပြီး စိတ်မကောင်း ဖြစ်သွားပုံရတယ်၊ ဒါကြောင့် ငါတို့ စိတ်ချမ်းသာရာရအောင် (တကယ်မဟုတ်ပါဘူး၊ နောက်တာပါ) လို့ တောင်းတောင်းပန်ပန်နဲ့ ဖြေရှင်းစာရေးလိုက်တာ၊ နောက်တစ်မျိုး စဉ်းစားလို့တော့ ရသေးတယ်၊ ပစ်စာချတဲ့ ခွေးမျိုးဟာ စန်းချိုနဲ့ လူစိမ်းကုလားဒိန် လက်ဖက်ရည်ဆိုင်မှာ တွဲ တွဲထိုင်တာကို တကယ်တွေ့ထားတဲ့ကောင်ဖြစ်ရမယ်၊ သူပထမစာရေးပြီးမှ (တခြားသူတွေကိစ္စ ကြားကနေ ငထွားခါးနာ နေလို့မဖြစ်ပါဘူး) လို့အတွေပေါက်၊ (သူတို့ဟာ ဖြစ်ချင်ရာဖြစ်ကြပစေ၊ သူ့အရှိန်နဲ့ သွားပစေ၊ ငါမမြင်မသိရင်ပြီးတာပဲ) ဆိုပြီး ငါ့ကို အာရုံလွှဲပေးတဲ့အနေနဲ့၊ စိတ်ပြောင်းအောင် လုပ်ပေးတဲ့အနေနဲ့ ဒုတိယစာကို ရေးလိုက်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒုတိယစာဟာ ငါ့ကို အရူးလုပ်လိုက်တာပဲ၊ ငါက စန်းချိုကို စိတ်ချလက်ချ ယုံကြည်ပြီးလွှတ်ထားလိုက်ရင် သူတို့လွှတ်လွှတ်လပ်လပ် စခန်းသွားလို့ရတာပေါ့၊ ဒီခွေးမျိုးဟာ ငါတို့အကျိုးကို လိုလားသလိုလိုနဲ့ ကြားကဝင်ပြီး သပ်လျှိုတာပဲ၊ စန်းချိုကို ကုလားဒိန်က ချူစားနိုင်အောင် သွယ်ဝိုက်တဲ့ နည်းနဲ့ အားပေးတာပဲ၊ ဘယ်ကောင်ဆိုတာ တိတိကျကျ သိရလို့ကတော့ကွာ၊ အဲဒီကောင်ရဲ့ စာရေးတဲ့လက်ကို မားနဲ့ခုတ်ဖြတ်ပစ်မယ်ဟု တွေးတောဝေခွဲ ကြည့်နေရာမှ၊ သန်းဆိုင်၏ ဦးခေါင်းထဲသို့ ရှုထောင့်အသစ်တစ်မျိုး ဝင်လာခဲ့ပြန်လေသည်။

ငါ့သားကြီးရဲ့ အယူအဆအတိုင်းဆိုရင်၊ ပစ်စာချတဲ့ကောင်ဟာ ငါတို့နဲ့ မဆုံ့ရင်ကန် ရင်းနှီးခင်မင်ပြီး၊ အနောက်အပြောင် ဝါသနာကြီးတဲ့ ကောင်ပဲဖြစ်ရမယ်၊ ပထမစာက၊ လက်ဆပြင်းသွားပြီး ငါတို့လင်မယား



တွေကသောင်းကနင်းဖြစ်တာတွေ့တော့၊ အခြေအနေ ပိုမဆိုးအောင် နိုးနိုးသားသားစိတ်နဲ့ ဒုတိယစာချပြီး ဖြေဆေးထိုးပေးလိုက်တာ၊ ငါတို့မှာလည်း ဆဲမနာဆိုမနာ အသိအကျွမ်းတွေက တစ်ပုံတစ်ခေါင်းကြီး ဘယ်သူတရားခံလဲဆိုတာ ခန့်မှန်းရခက်ပါဘိ. . . (ဟူး) . . . ။

သန်းဆိုင်သည် ကုလားထိုင်ပေါ်မှ ငေးကန်စွာ ဆင်းလိုက်ပြီး ပြတင်းပေါက်မှာ ငူငိုင်ငိုင်ရပ်သည်။ ပြတင်းပေါက်မှ အနောက်အရပ်သို့ ကြည့်လျှင်၊ သစ်ပင်မျိုးစုံကို ဖြတ်သန်းလျက်၊ ကောင်းကင်နောက်ခံတွင် ရွှေရောင်ဝင်းနေသော ကျိုက်ဒေးယံ့စေတီ၏ ငှက်ပျောဖူးအထက်ပိုင်းကို ငှက်မြတ်နားတော်အထိ ဖူးတွေ့နိုင်သည်။

ထိုအခိုက်၊ ဘုရားကြီး မုခ်ဦးအနီးရှိ အလှူခံမဏ္ဍပ်မှ ဖွင့်နေသော တရားသံကို၊ သန်းဆိုင်ကြားမိပြီး မရည်ရွယ်ဘဲ နားစွင့်ကြည့်သည်။ ဟောကြားနေသော ဘုန်းတော်ကြီးမှာ မထင်မရှားထဲက ပုဂ္ဂိုလ်ဖြစ်ဟန်ရှိသည်။ ကျော်ကြား ထင်ရှားသော ဆရာတော်ကြီးများ၏ တရားကက်ဆက်ခွေများကိုကား၊ အလှူခံမဏ္ဍပ်မှ (၁၂) ရာသီ ဖွင့်လှစ်ပေးလေ့ရှိသဖြင့် သန်းဆိုင်နားယဉ်လျက်ရှိပေပြီ။ သို့ရာတွင် သူက၊ အရယ်အသောကလေးများပါရှိသော ကြာနီကန်ဆရာတော်၏ တရားခွေများကိုသာ တိတ်တခိုးတောင့်တနေခဲ့၏။ ဘုရားကြီးဝေယျာဝစ္စအတွက် သန်းဆိုင်က အလှူငွေရက်ရက်ရောရော ပေးလှူတတ်သော်လည်း၊ အခါကြီး ရက်ကြီးတွေမှာဥပုသ်သီတင်း မစောင့်ဖြစ်။ ဘုရားကြီးတန်ဆောင်းထဲက တရားပွဲသို့လည်း မရောက်ခဲ့။ သူ့အဖေဦးကံငွေ မသေမီက၊ သန်းဆိုင်တစ်ယောက် ရှေးဟောင်းသမိုင်း ဝင်စေတီကြီးနားမှာ အခြေချနေထိုင်သော သတင်းကိုကြားသောအခါ "သန်းဆိုင်ဆိုတဲ့ကောင်က ဘုရားနားမှာနေတဲ့ တိတ္တိရစ္ဆာန်ငါသည်သမီး ငါးစိမ်းသည်မကို ယူထားတဲ့ကောင်ပဲ" ဟု ရှုတ်ချသည်ဟု သန်းဆိုင်ကြားခဲ့ရ၏။ ထို စကားပြောစဉ်က၊ ဦးကံငွေသည် ဆေးပေါ့လိပ်မှ အရက်နံ့မထွက်အောင်၊ ဆေးပြင်းလိပ်ခိုးတွေ လှိုင်လှိုင်ကြီး မှုတ်ထုတ်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု သန်းဆိုင် ကျိန်ပြောရပါသည်။ အသံချဲ့စက်အော်လံကြီးထဲမှ ဘုန်းတော်ကြီး၏ ကြည်လင်စူးရှသောအသံမှာ. . .

"လောကုတ္တရာတရားကို ဟောအပြီးမှာတော့၊ ဘုန်းကြီးက လောကီတရားကလေး နည်းနည်းကြားညှပ်ဟောချင်တယ် တရားနာပရိသတ်တို့ရဲ့ [တင်ပါဘုရား. . .]

ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးများနဲ့ တစ်မင်္ဂ၊ တစ်ဖိုလ်ရပြီးတဲ့ ပုဂ္ဂိုလ်ထူးများကလွဲရင်၊ ဘုန်းကြီးတို့ ပုထုဇဉ် လူသားအများစုဟာ မောဟန္ဓနှစ်ပြီး ရူးမိုက်မှားယွင်းနေကြတာ. . . လောကရဲ့ ဓမ္မတစ်ခုပေါ့နော်၊ ဘုန်းကြီးပြောချင်တာကတော့ ပုထုဇဉ်လူသားရဲ့ အကျင့်သဘာဝအရ သူတစ်ပါးရဲ့ အပြစ်ကို မြင်လွယ်သလောက်၊ မိမိရဲ့ အပြစ်ကိုကျ မမြင်တတ်ကြဘူး၊ မြင်ခဲတယ်၊ မြင်ပြန်ပါသော်လည်း. . . မမြင်ချင်ယောင် ဆောင်တတ်ကြတယ်. . .။

သန်းဆိုင်သည် အသံချဲ့စက်မှ ဟောပြောချက်ထဲတွင် အလိုလို စိတ်ဝင်စားလာပြီး၊ ပြတင်းပေါင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကာ မျက်နှာကို မော့လိုက်၏။

ဘုန်းကြီးတို့ရွာမှာ လင်မယားနှစ်ယောက် ရှိကြတယ်၊ ငယ်လင်ငယ်မယား၊ သားသမီးကလေး (၂) ယောက်က အရွယ်မရောက်တစ်ရောက်ဗျ၊ ဇနီးသည်က ဈေးတောင်းခေါင်းရွက်ပြီး စီးပွားရှာတယ်၊ လင်လုပ်သူကတော့ ယာကလေးလုပ်သယောင်နဲ့ ကြက်ဝိုင်းမှာ အချိန်ကုန်ပြီး ထန်းရည်အမြဲမူးနေတယ်၊ ထန်းရည်မူးရင် တပင်တပန်း ဈေးရောင်းရရှာတဲ့ အိမ်သူဇနီးကို ဆဲဆိုနှိပ်စက်တယ်. . .၊ ကြာတော့ ဇနီးခမျာ သည်းညည်းမခံနိုင်ရှာတော့ဘူး၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနိုင်လွန်းတော့ ထွက်ပေါက် ရှာတယ်မှတ်ပါရဲ့၊ တစ်ရွာသား မုဆိုးဖိုတစ်ယောက်နဲ့ လိုက်သွားပါလေရော တရားနာပရိသတ်တို့ [မှန်လှပါ ဘုရား]

သည်တော့၊ ထန်းရည်သမားဟာ ဒေါသူပုန်ထတဲ့ပြီး၊ သူ့မယား



ဟာ ဧရာမဒုစရိုက်မှုကြီးကို ကျူးလွန်တယ်၊ ကာမေသုမိစ္ဆာစာရကံကို မရှောင်ကွင်းဘူးလို့ ရွာရိုးလျှောက်ပြီး ထန်းရည်မူးမူးနဲ့ ကြော်ငြာပါတယ်၊ ပြီးတော့ ဓားတစ်လက်ဆွဲပြီး၊ အိမ်က ထွက်လာသတဲ့၊ သူ့ဇနီးကို တွေ့ရာသချိုင်း ဓားမဆိုင်းဘူးလို့လည်း လူသိရှင်ကြား ကြိမ်းမောင်းအော်ဟစ်နေသပေါ့၊ သူဟာ အချိန်တန်တော့ သောက်နေကျ ထန်းရည်တဲကို ရောက်သွားတယ်၊ ထန်းရည်တဲမှာ သူနဲ့တစ်ရွာတည်းသား၊ ငယ်သူငယ်ချင်း၊ ညီအစ်ကိုလိုခင်တဲ့ ဝါသနာတူ ထန်းရည်သမား "ငကျိုး" နဲ့သွားတွေ့တယ်၊ ပြောရရင်၊ ငကျိုးကိုယ်တိုင်လည်း အလုပ်မည်မည်ရရ မလုပ်ဘဲ ထန်းရည်ပဲမူးနေလို့ မယားကပစ်ပြီး နောက်အိမ်ထောင်ထူသွားတာကို တွေ့ကြုံထားရတာ မကြာလှသေးဘူး၊ ဒါပေမဲ့ ငကျိုးက ဘုန်းကြီးပြောတဲ့ ထန်းရည်သမားလို မဟုတ်ဘူး၊ ခပ်အေးအေးသမား၊ သူ့ သူငယ်ချင်းဓားဆွဲပြီး ဖောက်ပြန်သွားတဲ့ မယားကို ရှာသတ်မလို့ လုပ်နေမှန်းသိတော့ သူငယ်ချင်းကို တရားချသတဲ့. . .။

(သူငယ်ချင်း. . .၊ ငါ့မိန်းမ နောက်အိမ်ထောင်ပြုသွားတာကို ငါလုံးဝအပြစ်မပြောခဲ့တာ တစ်ရွာလုံးအသိပဲ၊ သူပိုင်ဆိုင်သင့်တဲ့ ပစ္စည်းပစ္စယတွေတောင် ငါခွဲပေးလိုက်သေးတာ မင်းသိတယ်မဟုတ်လား၊ ငါသူတော်ကောင်းစိတ်ဝင်ပြီး ငါ့မယားကို ခွင့်လွှတ်တာမဟုတ်ဘူး. . .၊ သူအပြစ်မကျူးလွန်ခင် ငါကနှစ်ပေါင်းများစွာ စောပြီး အပြစ်တွေကျူးလွန်နေခဲ့တာ၊ ငါ့အပြစ်ကတော့ အိမ်ထောင်ဦးစီး မပီသဘဲ ရွာရိုးကိုးပေါက်လျှောက်ပြီး အရက်သောက်၊ ဖဲရိုက်၊ ထန်းရည်မူး၊ မူးယစ်ရမ်းကား၊ ကိုယ့်စီးပွားကို ဖျက်တဲ့အပြစ်တွေပဲ၊ လင်နဲ့မယား တစ်ယောက်ယောက်က မှားပြီဆိုရင် ကျန်တဲ့တစ်ယောက်မှာလည်း ချွတ်ယွင်းချက် ကင်းခဲ့တယ် သူ့မှာလည်း အပြစ်တစ်ခုခုတော့ ရှိနေတတ်တာပဲ၊ မင်းလည်း မင်းမယားချည်းပဲ အပြစ်တွေ ပုံမချနဲ့၊ မင်းအပြစ်တွေ မင်းပြန်သတိရဦး၊ မင်းမှာ အမှားတွေ ချွတ်ယွင်းချက်တွေ လင်ဝတ္တရား မကျေတာတွေ အများကြီးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ငါအသိဆုံး သူငယ်ချင်း)

ဘုန်းတော်ကြီး၏ ဟောပြောချက်ထဲတွင် သန်းဆိုင်၏ သောတ အာရုံမကပ်ငြိတော့။ သူသည် ပြတင်းပေါက်မှ ချာခနဲလှည့်ထွက်လာသည်။ ကတုန်ကယင် ခြေလှမ်းများဖြင့် အိမ်ထဲတွင်၊ ဝက်ပါထဲ၌ မျက်စိလည်နေသူတစ်ဦးပမာ ပတ်ချာလည် လျှောက်နေသည်။ ဧည့်ခန်းကနေ မီးဖိုဆောင် ရောက်သွားပြီး၊ မီးဖိုဆောင်ကနေ အိမ်ဦးခန်း ဘုရားစင်ရှေ့ ရောက်လာသည်။ ဘုရားစင်ရှေ့ကနေ၊ အိပ်ခန်းထဲသို့ ဝင်သွားပြီး၊ စမ်းတီးစမ်းတားဟန်ပန်ဖြင့် ဧည့်ခန်းထဲ ပြန်ရောက်လာပြန်၏။ စိတ်လှုပ်ရှားမှုကြောင့်၊ တသွင်သွင် ယိုဆင်းလာသော ချွေးတွေက သူ့ကို စွတ်စိုသော အပူမာတ်ဖြင့် ဖုံးလွှမ်းထားခြင်းကိုလည်း သူခံစားမိဟန်မရှိ။

ငါ့မှာ ဘာအပြစ်များရှိလို့လဲ အချစ်စစ် အချစ်မှန်နဲ့ ချစ်ပြီး မိဘဆွေမျိုးတွေရဲ့ အပစ်ပယ်ခံဘဝနဲ့ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းခဲ့တယ်။ ညားပြီဆိုကတည်းက လူချင်းတူတူ သူချင်းမျှမျှ နေနိုင်အောင် ငါဟာ တပင်တပန်း စီးပွားရှာခဲ့တာ အားလုံးအသိ၊ ငါ အရက်မသောက်၊ ဖဲမရိုက်၊ ကြက်မတိုက်ဘူး၊ အပျော်အပါးဆိုတာ ဝေလာဝေး၊ ဘုရားပွဲအချိန်မှာ ဘယ်ကရောက်လာမှန်းမသိတဲ့ ဟာမတွေ ပြိတ်တီလာလုပ်တာတောင်. . . ငါကဆဲလွှတ်ခဲ့တဲ့ကောင်၊ ငါက တစ်လမ်းသွားစနစ်နဲ့ကောင်၊ စုန်းချိုမှ စန်းချို၊ သင်း အရုပ်ဆိုးမှန်းသိတယ်၊ ဒါပေမဲ့ ငါ့စိတ်နှလုံးထဲမှာတော့ စန်းချိုအကျည်းတန်တယ်ဆိုတာ မရှိဘူး. . .။

အိမ်ထောင်သက်တမ်း တစ်လျှောက် ငါလင်ဝတ္တရား ပျက်ကွက်ချွတ်ယွင်းတာများကော ရှိခဲ့ဖူးသလား၊ ငါဟာ သူ့ကိုဘယ်တုန်းကမှ နိုင်လိုမင်းထက် မပြောဆို မဆက်ဆံခဲ့ဘူး၊ ငါရှာရသမျှ ပိုက်ဆံ သူ့လက်အကုန်အပ်ခဲ့တာချည်းပဲ၊ ပြီးတော့ တခြားမိန်းမတွေနဲ့ ဘယ်တုန်းကမှ ဇာတ်လမ်းမရှုပ်ဘူး၊ အဝတ်အစား အဆောင်အယောင်ဆိုရင် သူ့ကိုပဲ ဦးစားပေးတယ်။ သူဝတ်ချင်တဲ့ ထဘီမျိုးတွေ့ရင် ငါကိုယ်တိုင် ဝယ်ပေး



ခဲ့တာကလား၊ ငါ့ပါးစပ်ကသာ ဘာဖဲ့ညာဖဲ့နဲ့ ပြောထွက်ချင် ထွက်တာ၊ သူ့ကိုချစ်ခင်ကြင်နာစိတ်နဲ့ ငါအမြဲ ဆက်ဆံခဲ့တာချည်းပဲ၊ ဒါတွေဟာ ရှေးလူကြီးတွေ သတ်မှတ်တဲ့ လင့်ဝတ္တရား (၅) ပါးပဲ မဟုတ်လား၊ ငါဟာ လင့်ဝတ္တရား ကျေပွန်တဲ့အပြင် ပိုတောင်ပိုလျှံနေသေးတယ်လို့ ပြောရဲတယ်။ ငါ့လိုလင်ယောကျ်ားမျိုးအပေါ် သစ္စာဖောက်လော်လည်တဲ့ မိန်းမဟာ သေရင် ဟိုးအောက်ဆုံးရဲ့ အောက်ဆုံးက ယောယုဝငရဲမှာ ခံရမှာ မြေကြီးလက်ခတ်မလွဲဘူး. . .၊ ဒါပေမဲ့ သူငရဲကျတဲ့အထိတော့ ငါကစောင့်မကြည့်နိုင်ဘူး၊ သူလမ်းလွဲလိုက်ရင်တော့ အချိန်မီ ထိန်းသိမ်းရမယ်၊ ထိန်းလို့မရရင် ဘုန်းကြီးတရားခွေထဲက ထန်းရေသမားလို ဓားဆွဲရမှာပဲ. . .'

ဘုန်းကြီးရဲ့ တရားခွေကို နားထောင်လိုက်တော့ ငါတရားရလာတယ်၊ ငါ့မှာ အပြစ်ရှိမရှိ ပြန်လည်သုံးသပ်ဖို့ သတိဝင်လာတဲ့ တရားပါ၊ ငါဟာ အပြစ်ဆိုလို့ မြူတစ်မှုန်စာတောင် မရှိတဲ့ အိမ်ထောင်ဦးစီး လင်ကောင်းတစ်ယောက်ဆိုတာ ထင်ထင်ရှားရှား တွေ့ရပြီ၊ ငါ့လို လင်သားမျိုး ရှာကြည့်ကြစမ်းပါ. . . လို့ အိမ်ထောင်ရှင် မိန်းမတိုင်း၊ အိမ်ထောင်ပြုကြမယ့် မိန်းမပျိုတိုင်းကို ရဲရဲဝံ့ဝံ့ လက်မထောင် ရင်ကော့ပြီး ကြွေးကြော်ဝံ့ပြီ ဟူသော အတွေးအာရုံများက၊ သန်းဆိုင်ကို ထွေးယှက်လွှမ်းခြုံထားသဖြင့် သူသည် အချိန်ကာလနှင့် နေရာအခင်းအကျင်းတို့၏ ဆက်စပ်မှုက လွတ်ထွက်လုလု မိန်းမောတွေဝေနေ၏။ သူသည် ပစ္စုပ္ပန်၌ မတည်ရှိ၊ ပစ္စုပ္ပန်ကိုခုန်လွှား၍ အတိတ်နှင့်အနာဂတ်ကို ပေါင်းကူးပျံသန်းနေသယောင်ရှိသည်။

လူတွေဟာ ဆင်းရဲတဲ့ဒုက္ခကို ခံနိုင်ကြတယ်။ ချမ်းသာတဲ့ ဒုက္ခကို မခံနိုင်ကြဘူး၊ အထူးသဖြင့် ဆင်းရဲသားတစ်ယောက် ချမ်းသာသွားရင် အောက်ခြေလွတ်သွားတတ်တယ်လို့ ပြောစမှတ်ပြုထားကြတယ် မဟုတ်လား၊ အဲဒီထဲမှာ စန်းချိုပါနေတယ်၊ ဆင်းရဲတုန်းက အဝတ်ကို ဖြိုးဖြိုးခြွေ

www.burmeseclassic.com

www.burmeseclassic.com



တာတယ်၊ အစားကို ငွေကုန်အသက်သာဆုံးနဲ့ပဲ ရောင့်ရဲတင်းတိမ်တယ်။ ငွေစ ကြေးစကလေးလည်း ပိုလျှံလာရာ သင်း ကသူဌေးကတော်ရှုံး အောင် ဝတ်ချင်လာတယ်။ အစားဆိုလည်း ဆီပြန်ဟင်း သုံးလေးခွက်ချက် ပြီး ဟိုတယ်မှာ တက်စားသလို စားပစ်တယ်။ ပိုဆိုးတာက ကိုယ့်ထက် အပုံကြီး ချမ်းသာတဲ့လူတွေကို အတုခိုးတာပဲ၊ လိုက်တုတာပဲ၊ တိုက်ကြီး ဆောက်၊ ကားကြီးစီးဖို့ ထိတွေအမျိုးမျိုး ထိုးလိုက်ရတာလည်း (ပလုံ၊ ပလုံ) မြည်နေတာပဲ၊ သေချာပေါက်. . . ထိပေါက်နိုင်အောင် စီမံပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ ဝေဒင်ဆရာတွေဆီ ပြေးရတာလည်း အမော၊ ငွေလည်း သောက်သောက်လဲကုန်၊ တကယ်လို့ သူယုံကြည်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က (လူမျိုးခြားနဲ့ လက်တွဲပြီး စီးပွားရေးလုပ်ပါ) လို့ ညွှန်ကြားလိုက်ရင် စန်းချို ဟာ ကုလားဒိန်ကော နွားနို့ကုလားကော စဉ်းစားနေမှာ မဟုတ်တော့ဘူး၊ အဲသလို ဘဝမေ့ပြီး စိတ်ဓာတ်ပျက်စီးသွားတဲ့ မိန်းမတစ်ယောက်ဟာ အရုပ်ဘယ်လောက်ပဲ ဆိုးဆိုး၊ အသက်ဘယ်လောက်ပဲရှိရှိ စာရိတ္တဖောက် ပြန်ဖို့ ဝန်လေးနေမှာ မဟုတ်တော့ဘူး၊ ဒီစိတ်ဓာတ်မျိုးဝင်သွားရင် ဖောက် ဖျက်ဖို့ ခဲယဉ်းတယ်၊ ဘုရားတရား ကြည်ညိုသယောင်ယောင်နဲ့ ဘုရားကြီး ကို မှန်မှန်လာဖူး၊ ပုတီးစိပ်ပြီး နောက်ဆုံးကျတော့ စီးနေကျဆိုက်ကား သမား 'ငတွတ်' ဆိုတဲ့ကောင်ဆီက ငွေတစ်ထောင်လိမ်သွားတဲ့ အဘွား ကြီးကြည့်ပါလား၊ အသက် (၆၀) ကျော်လို့ ခေါင်းတွေဖြူနေပြီ၊ ငတွတ်က လိုက်စုံစမ်းတော့ အဘွားကြီးကို တွေ့ကရော၊ ငတွတ်ကကောင်းလို့ အရိုက်မခံရတာ၊ အဘွားကြီးရဲ့လင်က သူ့သားလောက်ပဲရှိသတဲ့၊ အဲဒီ ကောင်က သူ့ရပ်ကွက်မှာ လူမိုက်ဆိုပဲ၊ ငွေလိမ်တယ်လို့ သူမယားကြီးကို မတရားစွပ်စွဲပါတယ်ဆိုပြီး ရိုက်မလို့လုပ်တာ ငတွတ်ဆိုက်ကားကို အတင်း နင်းပြေးခဲ့ရသတဲ့. . . ။

လောကကြီးမှာ အဲသလို သီလကြောင်မိန်းမတွေရှိနေတာ မဆန်း ဘူး၊ ဒါပေမဲ့ ကိုယ့်မိန်းမက အဲဒီစာရင်းထဲဝင်သွားရင်တော့ ဆန်းသွား



မယ်၊ ငါလည်း နွားပြာကြီးအောက်သွားမရှိတဲ့ ပုံစံနဲ့ လူတကာ **အထင်သေး** ခံရမယ်၊ ဒီတော့ စန်းချိုကိုအရင်လို စိတ်ချလက်ချ လွှတ်ထားလို့**မဖြစ်** တော့ဘူး၊ သူ့ခြေလှမ်းကို စောင့်ကြည့်ရမယ်၊ ပစ်စာ (၂) စောင်ဟာ နိမိတ်ပြတဲ့ သတိပေးစာတွေ၊ ငါ့ကို အိပ်မောကျရာကနေ နှိုးလိုက်တာပဲ။

XXX XXX XXX

XXX XXX XXX

"နင့် ဘယ်လက်မြှောက်စမ်း သန်းဆိုင်"

နေ့လယ် (၂) နာရီ နေပူပူထဲမှ ဖြတ်ပြန်လာသဖြင့် စန်းချို ချွေး ပြိုက်ပြိုက်ကျနေသည်။ ချွေးနဲ့ မိတ်ကပ်၊ ရေမွှေး၊ ဘော်ဒီစပရေးနံ့တွေ ရောစပ်ပေါင်းယှက်လိုက်သောအခါ . . . ၊ သန်းဆိုင်နှာခေါင်းထဲတွင် အမည်မဖော်တတ်သော အော့နှလုံးနာဖွယ် အနံ့အသက် ဖြစ်လာသည်။ စန်းချိုပြန်လာကတည်းက အကွေ့အကောက် အတွန့်အညွန့်တွေ မရှိ တော့သော စန်းချို၏ ဆံပင်ပုံစံအသစ်ကိုမြင်ပြီး (တီဗွီမှာလာတဲ့ ဆတ် ကော့လတ်ကော့ဟာမရဲ့ ဆံပင်ပုံစံမျိုးပါလား) ဟု တွေးမိကာ၊ သန်းဆိုင် က စန်းချိုကို မကြည့်မိအောင် ကြိုးစားနေခဲ့သည်။

ခုတော့ . . . မကြည့်လို့မရ။ သေခါနီးလူမမာ၏ တောက်လက် တတ်သော မျက်လုံးမျိုးဖြင့် မော့ကြည့်သည်။

"ဘာလုပ်မလို့တုံးဟ -"

"ပေးစမ်းပါဟာ၊ နင့်လက်"

စန်းချိုက ဖိုးဖိုးဖတ်ဖတ်နှင့်၊ သန်းဆိုင်၏အကြောသေသလို ဖြစ်နေသော ဘယ်လက်ကို ဆွဲယူလိုက်၏။ ဘယ်ဘက်လက်သူကြွယ်ကို ဆွဲထုတ်၍၊ မူလက ဝှက်ကိုင်ထားခဲ့သော ရွှေလက်စွပ်ကို၊ သန်းဆိုင်၏ ဘယ်ဘက်လက်သူကြွယ်မှာ စွပ်ပေးလိုက်၏။ လေးထောင့်ပုံ ကျောက်နီ ကလေးကို ရွှေဖြင့်ကွပ်ထားသည့် လက်စွပ်ဖြစ်သည်။ ငါးမူးသားခန့်တော့ ရှိမည်။ သန်းဆိုင်၏လက်သူကြွယ်နှင့် မဆိုစလောက်ကလေးတော့

www.burmeseclassic.com

www.burmeseclassic.com



ချောင်နေ၏။ သန်းဆိုင်က သူ့လက်ပေါ်မှာ ပိုးမွှားတစ်ကောင်ကောင် တွယ်ကပ်လာသကဲ့သို့ နှာခေါင်းရှုံ့ရင်း လက်စွပ်ကို ငုံ့ကြည့်နေသည်။

"ငါတို့အိမ်ထောင်ကျကာစတုန်းက ဝယ်စုထားတဲ့ အတိုအစ ကလေး ၅ ပဲသားကို ဖြည့်ပြီးလုပ်လိုက်တာ၊ ဒီအိမ်မှာ အားလုံးလက်စွပ် တွေနဲ့ချည်း၊ နင့်မှာ လက်စွပ်မရှိသေးဘူး၊ ပြီးတော့ . . . နတ်စင်ကုန်းက ဗေဒင်ဆရာမကလည်း သောကြာသားကို ကျောက်နီလက်စွပ် ဆင်ရမယ် လို့ ယတြာပေးထားလို့"

ကျေနပ်ကြည်နူး ဝင်းပနေသော စန်းချိုမျက်နှာကို သန်းဆိုင်က ရန်လိုသောမျက်နှာထားဖြင့် မော့ကြည့်လိုက်သည်။

"လမ်းဘေး ကွမ်းယာဆိုင်ရောင်းရတဲ့ကောင်က ရွှေလက်စွပ်ဝတ် ထားရမလား . . . ဟ၊ ကြွားတယ်ထင်ပြီး သက်သက်မဲ့ သူများက ကွယ်ရာမှာ ဆဲလိမ့်မယ်၊ ဒီခေတ်မှာ ရွှေရည်စိမ်အတုတွေ ဝတ်တဲ့ကောင် တွေအများကြီး၊ ကိုယ်က အစစ်ဝတ်လည်း (ကွမ်းယာသည် သန်းဆိုင် ရွှေလက်စွပ်အတုကြီးနဲ့ဟေ့) ဆိုပြီး အကဲ့ရဲ့ခံရဦးမယ်၊ နင့်လက်စွပ် ပြန်ချွတ် . . . ငါမဝတ်ဘူး"

စန်းချို မျက်လုံးတွေကျယ်လာပြီး၊ နှုတ်ခမ်းထော်ထော်တွေ တွန့် လိုက်သည်။

"သန်းဆိုင်ရယ် . . . ငါစိတ်ညစ်လိုက်တာ၊ နင့်ကိုဝတ်စေချင်လို့ ငါက စိတ်ချရတဲ့ ပန်းထိမ်ဆိုင်မှာ တကူးတကန့် အပ်ပေးရတာဟဲ့၊ နင် တောင်ပြောမြောက်ပြောနဲ့ ခွမလုပ်နဲ့၊ ရွှေရည်စိမ်ထည်ဝတ်တော့ ကော ဘယ်သူ့ x x x ဂရုစိုက်ရမှာလဲဟဲ့၊ ရွှေရည်စိမ်တောင် မဝတ်နိုင်တဲ့ ဖွတ်တွေ တစ်ပုံကြီး . . ."

"ဗေဒင်ဆရာမ . . . ဟောလို့ နင် ငါ့ကို လက်စွပ်ဆင်တာ မဟုတ် လား"

စန်းချိုက ရာဇဝတ်သားကို ရဲက ဟိတ်ဟန်ပါပါ မေးခွန်းထုတ်



သည့် လေပေါက်၊ မျက်နှာထားတို့ဖြင့် မေးရာ၊ စန်းချို ဒေါသအငွေ့ ပြူထွက်လာ၏။

"နင်ဟာ စေတနာကို ဝေဒနာဖြစ်အောင်လုပ်တဲ့ အလကား ကောင်ပဲ သန်းဆိုင်၊ မဝတ်ချင်လည်းနေ၊ ဂျီးဂျွတ်တော့များမနေနဲ့၊ ငါဝတ်ပြ မယ် . . ."

စန်းချိုသည် လေထဲမှာမြောက်ထားဆဲရှိသော သန်းဆိုင်၏ ဘယ်လက်မှလက်စွပ်ကို ဝတ်ပေးတုန်းကလိုမဟုတ်ဘဲ ဆောင့်ဆောင့် အောင့်အောင့် ဆွဲချွတ်၏။

"ဖြည်းဖြည်းလုပ်ပါ ကမြင်းမရဲ့၊ လက်ပါပြုတ်ပါသွားဦးမယ်"

"ပြုတ်ပြုတ် . . ."

စန်းချိုသည် လက်စွပ်ကို ချွတ်ယူပြီး၊ သန်းဆိုင်အနီးမှ ဒေါနှင့် မောနှင့် ထွက်သွားသည် ကိုသန်းဆိုင်က . . . ပေစောင်းစောင်းလိုက် ကြည့်သည်။

ငါ့ကို သူငယ်နှပ်စားများ အောက်မေ့နေသလားမသိဘူး၊ သင်း အပေါ်မှာ ငါသံသယရှိနေတုန်းလို့ထင်ပြီး သံသယပြေအောင် ငါ့ကို လက်စွပ်နဲ့ချော့တာ၊ သွေးတိုးစမ်းကြည့်တာ၊ ဘယ်ရမလဲစန်းချိုရာ ငါ့ကို ငတုံးလို့ထင်ရင် မှားသွားမှာပေါ့၊ ကျိုက်ဒေးယျုဘုရားကြီးရှေ့မှာ ကွမ်းယာရောင်းလာတာ နှစ် (၂၀) ရှိပြီ၊ လူဆိုးလူကောင်း၊ ဘုန်းကြီး ရဟန်း၊ ဖွားသီလ၊ ဆိုက်ကားသမား၊ အရက်သမား၊ ရသေ့၊ အရှူး . . . လူမျိုး (၁၀၁)ပါးနဲ့ ဆက်ဆံလာခဲ့တာဆိုတော့ ငါဟာ အုတ်ဖိုစုက ဘုန်းကြီးလူထွက် ဦးကံငွေရဲ့သား၊ လယ်သမားအနုံအအ သန်းဆိုင်မဟုတ် တော့ဘူး . . .၊ ပညာဗဟုသုတတွေ ပြည့်လျှံနေတဲ့ ခြံပိုင်အိမ်ပိုင်၊ ဆိုင်ပိုင် ဆိုက်ကားငါးစီးအုံနာ . . . မြို့သားကြီးသန်းဆိုင် ဖြစ်နေပြီ . .၊ ငါ့ကို ကြောမယ်မကြံနဲ့ . .၊ သူများလည်တာ . . သန်းဆိုင်ရင်နေသလောက်ဝဲ ရှိသေးတယ် . . . ဟု စိတ်ထဲက ကြုံးဝါးရာမှ တစ်ဖန်၊ လက်နောက်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လမ်းထလျှောက်ရင်း . . .

ငါ့အဖေ ဦးဇင်းဘဝတုန်းက ဟောဖူးတဲ့တရားဇာတ်လမ်း တစ်ပုဒ်ရှိတယ်၊ မိန်းမများကို ခေါင်းဖြူစွယ်ကျိုး အရွယ်တိုင်အောင် မျက်စိစုံမှိတ်ပြီး မယုံဖို့ အဓိကကတော့ ကာမတဏှာအမိုက်အမှောင်သဘောကို ရှင်းပြတာပဲ၊ ဒိသာပါမောက္ခဆရာကြီးက သူ့တပည့်လူငယ်ကလေးကို မိန်းမသားများဟာ ဇရာထောင်းပေမဲ့ တဏှာကမဟောင်းဘူး၊ ယောကျ်ား ချောချောခန့်ခန့်တွေ့ရင် ငယ်မူငယ်သွေးဝင်ပြီး စိတ်ဖောက်ပြန်တတ်တဲ့သဘာဝရှိတယ်ဆိုတာ . . .၊ တပည့်ရဲ့မိခင် အဘွားအိုကြီးနဲ့ သက်သေသာကေ ထုတ်ပြတဲ့ဇာတ်ပေါ့ . . .၊ ဒီလို . . . ပညာပေး ဇာတ်တွေကို ယောကျ်ားတိုင်းလေ့လာမှတ်သား ကြရမယ်။ ကိုယ့်ဇနီး၊ ကိုယ့်သမီး၊ ကိုယ့်နှမ၊ ကိုယ့်တူမ၊ ကိုယ့်ဒေါ်ကြီးဒေါ်လေးတွေဟာ ယောကျ်ားချောချောနဲ့ ပရောပရီနေပြီဆိုရင် သတိသာထားပေရော့၊ ရုပ်ရှင်မင်းသားချောချောတွေ ဘာကြောင့် အောင်မြင်ပြီး ပိုက်ဆံတွေ လှိမ့်ရကြသလဲ၊ မေးစရာမလိုဘူး၊ ကြီးငယ်မဟူ မိန်းမတွေက ငမ်းငမ်းတက်စွဲလမ်းပြီး ဝက်ဝက်ကွဲအောင် အားပေးနေကြလို့ပေါ့၊ ငါ့အဖေ တစ်ခါတစ်ခါပြောတဲ့ (ဣတ္ထိဝဏ်၊ နဒီဝင်္က) ဆိုတာလို မြစ်တွေကွေ့ကောက်သလို . . မိန်းမတွေလည်း ကွေ့ကောက်လော်လည်ကြတာပဲ၊ နင့်ကို . . ငါမယုံနိုင်ဘူးစန်းချို၊ ဗေဒင်တွေ၊ နတ်တွေနဲ့လည်း ငါမသိမမြင် ထုံထိုင်း အနနေအောင် နင်ပြုစားခိုင်းလို့ မရဘူးမှတ်ပါ . .၊ နင့်ကို ငါသံသယမျက်လုံးနဲ့ အမြဲကြည့်နေမယ် . . .၊ နင် ငါ့ဘေးမှာ အိပ်ပျော်နေတာတောင် နင်ဘာအိပ်မက်တွေ မက်နေသလဲဆိုတာသိအောင် ငါ ကြိုးစားမယ် . . . ဟူသော မတွေးဖူးသည့် အတွေးစများကို တစ်မေ့တစ်မော ဖြန့်ကြက်ရက်ဖွဲ့နေလေသည်။

ထိုစဉ် . . .၊ အိမ်ရှေ့ဈေးဆိုင်ဆီမှ စန်းချိုဦးဆောင်သော၊ ဝမ်းနိုင်းတူးအပါအဝင် ဆိုက်ကားသမားတစ်စု၏ ရယ်သံတအုံးအုံး ပေါက်ကွဲ



ထွက်လာရာ၊ သန်းဆိုင်အတွေးစ ပြတ်ပြီး၊ လမ်းလျှောက်နေရာမှ သံပတ်ကုန်သွားသောအရုပ်ကြီးလို၊ မတ်တတ်ငြိမ်သက်သွားတော့၏။ သူ့အိမ်ပေါ်က အိမ်အောက်မဆင်းသည့်အကြောင်းပြောပြီး၊ ရယ်မောပြောင်လှောင်ကြခြင်းသာ ဖြစ်ရမည်ဟူသော အတွေးကြောင့်၊ သူ့နှလုံးသည် သူ့ရင်ပုံမှကွဲအက်မတတ် ယမ်းခါခုန်လှုပ်လာသည်။ (ငမည်းတူးမကြီး၊ မိန်းမချင်း စကားဝိုင်းဆို မရယ်ဘူး၊ ယောကျ်ားတွေနဲ့ဆိုရင် သွားခေါကြီး တဖွေးဖွေးနဲ့ ရယ်ပြပါလိမ့်မယ်) ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ရင်း . . .၊ သန်းဆိုင် တရှူးရှူးမြည်အောင် အသက်ပြင်းစွာ ရှူနေ၏။

XXX XXX XXX

XXX XXX XXX

လက်စွပ်ကိစ္စကလေးကို အရင်းခံ၍၊ တစ်နေ့လုံး လင်မယားနှစ်ယောက် မျက်နှာချင်းမဆိုင်၊ စကားမပြောဖြစ်ကြသော်လည်း ည (၁၁) နာရီမှာ အိပ်ရာထဲအတူတကွ ရောက်ရှိကြချိန်တွင်မူ . . . စကားပြောဖြစ်စရာ အခြေအနေက ပေါ်လာသည်။ စန်းချိုသည် နဖူးပေါ်လက်တင်၍ ပက်လက်ငြိမ်သက်နေသော သန်းဆိုင်ဘက်သို့ လှည့်ကာ၊ တံတောင်ဆစ်နှစ်ဘက်ဖြင့် အားပြုထောက်လျက် ဝမ်းလျားမှောက်လိုက်သည်။ မွှေးပျံ့နေကျရနံ့ကို . . သန်းဆိုင်က မေ့ပျောက်ပစ်ပယ်၍ မရသည့် နောက်ဝယ် . .၊ ခိုးကြောင်ခိုးဝှက် မျှင်း၍ ရှူလိုက်လေသည်။

သန်းဆိုင်က မျက်ခွံတွေကို မှေးထားသည့်တိုင် . .၊ မျက်တောင်မွေးတွေကြားကနေ စန်းချို၏ အလင်းကျောခိုင်းထားသော မျက်နှာသဏ္ဌာန်ကို ဝိုးဝိုးဝါးဝါး တွေ့မြင်ခွင့်ရနေ၏။ ကောင်မ၊ ငါ့ကို ဘယ်လိုအပျော့ဆွဲ ဆွဲဦးမလဲ မသိဘူး၊ ညနေကလည်း ငါသိပ်ကြိုက်တဲ့ ဝက်ခြေထောက်စွပ်ပြုတ်တွေ သွားဝယ်လာသေးတယ်၊ (ကြည့်) အခုလည်း

www.burmeseclassic.com



ငါ့အသားကို မထိတထိလုပ်နေတယ် . . . ဟု သရိုးသရီ ယားကျိကျိ ဖြစ်လာသလိုခံစားရင်း တွေးသည်။

စန်းချိုက မှောင်ခြည်ပျပျထဲမှာပင် တောက်ပစူးလက်နေသော မျက်ဝန်းကြီးများဖြင့် သန်းဆိုင်မျက်နှာကို အနီးကပ်စိုက်ကြည့်နေ၏။ သန်းဆိုင်မှာ စိတ်ညို့ခံလိုက်ရသည့်အလား . . ၊ မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်ကြည့်၏။ စန်းချို၏ ထူးခြားသောမျက်ဝန်းတွေကိုတွေ့လျှင် . . ၊ ရင်မဆိုင်ဝံ့သည့်စိတ်ဖြင့် သူ့မျက်လုံးတွေ ပြန်မှိတ်သည်။

"ဒီမယ် သန်းဆိုင် . . ၊ နင်နေကောင်းနေပြီပဲဟယ်၊ ကွမ်းယာလေး ဘာလေးဆင်းရောင်းပါဦး၊ နင့်ဖောက်သည်တွေက ကိုသန်းဆိုင်ယာတဲ့ ကွမ်းပဲစားချင်တယ်ဆိုပြီး ဂျီတိုက်နေကြလို့ဟဲ့ . . ၊ ငါနဲ့မိထူးလည်း ဆိုင်ကတစ်ဖက်၊ အိမ်မှာ ချက်ရပြုတ်ရ လျှော်ရဖွပ်ရတာက တစ်ဖက်နဲ့ ဖတ်သီလိုက်နေပြီ"

စန်းချိုဆီမှ ကြားရခဲ့စွသော ညင်သာတိုးညင်းသံကို ကြားရသည်။ သန်းဆိုင်၏စိတ်ဘဝင်ကတော့ ညွတ်နူးမသွားချေ။

"ငါနေကောင်းမှန်း ငါသိတယ်၊ ငါ ဆိုင်မှာ မထိုင်ချင်လို့ကို အိမ်အောက်မဆင်းတာ"

မျက်လုံးတွေပြန်ဖွင့်ပြီး မာဆတ်ဆတ် ပြော၏။

"နင်ဘာလို့ ဆိုင်မှာမထိုင်ချင်ရသလဲဆိုတာ . . . ငါကောင်းကောင်းသိတယ် သန်းဆိုင်"

"နင့်အမေ့လင် . . ဘာသိတာလဲ" ဟု သဟောက်သဟသံနှင့် ပြောကာ၊ နဖူးပေါ်မှလက်မောင်းကို ဖယ်လိုက်သည်။ စန်းချိုက ပေါ်လာသော အမာရွတ်အသစ်စက်စက်ကို လက်ညှိုးဖြင့် ဖွဖွထောက်၏။

"ဒီအမာရွတ်ကို လူတွေမြင်မှာ နင်ရှက်လို့မဟုတ်လား ဟင်"

သန်းဆိုင် တုဏှိဘာဝေလုပ်နေလိုက်၏။ မျက်လုံးကို ခြင်ထောင်အမိုးဆီမှာ ငေးစိုက်ထားသည်။



"အမာရွတ်ကို လူမမြင်စေချင်ရင် . . ခေါင်းပေါင်းပေါင်းပြီး ရောင်းပေါ့ဟယ်၊ မဟုတ်ဘူးလား . ." ဟု စန်းချိုက သန်းဆိုင့်ပခုံးတစ်ဖက်ကို ဖွဖွလှုပ်ရင်း ပြောသည်။

"နင့်အမေ့လင်၊ ဒီလောက် ပွတဲ့အိုက်တဲ့ရာသီကြီးမှာ ခေါင်းပေါင်းကြီးပေါင်းထားရအောင် ငါက x x x ရူးမှ မဟုတ်တာ"

စန်းချိုက ဝမ်းလျားမှောက်ရာမှထ၍ တင်ပြဲခွေထိုင်ချလိုက်ရာ၊ ကြီးမားသောဒူးခေါင်းကြီးတစ်ဖက်နှင့် ပေါင်လုံးကြီးတစ်ဖက်က သန်းဆိုင်၏ ရင်ဘတ်တစ်ခြမ်းကို ဖိလာကြ၏။ သန်းဆိုင်က ဘာမျှ မခံစားရသလို ငြိမ်နေသည်။

"မနက်ဖြန် . . နင်ဆိုင်မှာထိုင်မှ ဖြစ်မယ်သန်းဆိုင်၊ မိထူးထဘီလာနေလို့ဟဲ့၊ ရှင်းပြီလား . . ၊ ကွမ်းရွက်ကနတ်ကြီးတယ်၊ ကွမ်းရွက်ခင်းထဲဆိုရင် မသန့်တဲ့မိန်းမတွေတောင် ဝင်ခွင့်ရှိတာမဟုတ်ဘူး"

အံမယ် . . . ကောင်မက ဒီဗဟုသုတတွေတောင် သိလို့၊ မခေပါလား . . ဟု သန်းဆိုင်စဉ်းစားရင်း စန်းချို၏ ကြီးမားတုပ်အိသော ပေါင်လုံးကြီးကို တွန်းဖယ်လိုက်၏။

"ဟူး နင်တို့မိန်းမတွေကို ဇယားရှုပ်လွန်းပါတယ်ဟာ၊ ထဘီလာရတာနဲ့၊ သွေးပေါ်ရတာနဲ့၊ ဓမ္မတာဆင်းရတာနဲ့ လုပ်စားကိုင်စားဖို့ကို အချိန်မရှိဘူး"

"ဟဲ့ နင်ဘာသိလို့လဲ၊ ကွမ်းရွက်အဖျားနဲ့ အညှာဘက်မှာ နတ်ဘီလူးနှစ်ပါး စောင့်ရှောက်တယ်ဆိုတာ နင်ကြားဖူးလို့လား၊ ကွမ်းရွက်ကအသန့်ကြိုက်တယ်ဟဲ့"

"နေ့တိုင်း ဈေးထဲမှာ ကွမ်းရွက်ရောင်းနေတဲ့ မိန်းမတွေ ဘယ်လို လုပ်မလဲ၊ နင်ပြောသလိုဆို ရာသီလာတိုင်း ကွမ်းမရောင်းရတာနဲ့ ငတ်သေကုန်မယ် ဟင်း၊ နင်တော ရာသီလာနေတုန်း ကွမ်းယာရောင်းနေတာပဲ မဟုတ်လားစန်းချို"

www.burmeseclassic.com

www.burmeseclassic.com



"ငါက နတ်ဘီလူးတွေကို ကန်တော့ပြီးမှ ရောင်းတာ၊ အဲဒီအချိန်မှာ ပိုတောင်ရောင်းကောင်းသေး"

"ဟ ဒါဆို၊ နင့်နတ်ဘီလူးတွေက တန်ခိုးမရှိတဲ့ ပေါတောတောနဲ့ ဘီလူးတွေပဲဖြစ်မှာပါဟာ၊ အသန်ကြိုက်တယ်လည်း ပြောသေး၊ ကန်တော့လိုက်တော့လည်း ရောင်းကောင်းအောင်တောင် ကူညီသေး၊ ဟပ် ဟပ် ဟပ် နင်တို့ညီအစ်မ တစ်ယောက်တစ်လှည့်စီ ဓမ္မတာဆင်းပေးနေကြစမ်းဟာ၊ ဒါမှ နင်ဖြစ်ချင်တဲ့ တိုက်တွေကားတွေ မြန်မြန်ဝင်လာမှာ ဟပ် ဟပ်"

"မသာကောင်၊ နင်မယုံရင်နေ၊ နတ်ကို မစော်ကားနဲ့၊ နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့၊ နင်လုပ်လိုက်လို့ ဒီတစ်ခါ နဖူးကွဲရုံတင်မကဘူး၊ ဦးနှောက်ပါအဖတ်လိုက် ထွက်သွားမယ် . . ၊ ဘာမှတ်လို့လဲ . . "

"ငါနဖူးကွဲတာ နင့်ကြောင့်ပါ စန်းချိုရာ"

အရည်မရ အဖတ်မရ စကားနိုင်လုကြရာကနေ၊ အချိန်တန်တော့လည်း လင်မယားနှစ်ယောက် ကျောချင်းကပ်ပြီး အိပ်ပျော်သွားကြသည်။ အိပ်ပျော်ကာနီးမှာ သန်းဆိုင်က . . . အမာရွတ်မပေါ်အောင် ငါ့ဆံပင်ကို ရာဇာနေဝင်းပုံစံ ရှေ့ကိုအုပ်ပြီး ဖြီးချထားရမယ်ဟု မနက်ဖြန် ဆိုင်ထွက်ဖို့ ဆုံးဖြတ်ရင်း ကြိုတင်စိတ်ကူးနေခဲ့သေးသည်။

xxx xxx xxx

xxx xxx xxx

ဆိုင်မှာ ပြန်ထိုင်ထိုင်ချင်း . . ၊ တစ်ခါမှပဲ မထိုင်ဖူးသလို ကြောင်တက်တက်ယောင်များခံစားရင်း၊ သန်းဆိုင်မျက်နှာထားက ပြုံးမလိုလို၊ မဲ့ မလိုလို ဖြစ်နေသည်။ အမာရွတ်ကို၊ ဆံပင်တိုနှံ့နှံ့ဖြင့် ဖုံးထားသည့်ပြင်၊ ဆံပင်ကိုပါ သူ့သားတော်မောင်တွေ သုံးစွဲကြသည့် FEEL ဆိုသော ခေါင်းလိမ်းဆီမွှေး



လူးထားသဖြင့် ဆီမွှေးရနံ့ရှုရင်း သူ့ဘာသာသူ ကျိတ် ၍ရှက်ကိုးရှက်ကန်း ဖြစ်နေရပြန်ပေ၏။ သူ့တစ်သက်မှာအုန်းဆီကလွဲလို့၊ မည်သည့် ခေါင်းလိမ်းဆီမွှေးမှ မလူးစဖူးခဲ့။ မနေ့က အမာရွတ်ကတော့၊ သေးငယ်သဖြင့် မုတ်ဆိတ်မွေးငုတ်တိုကလေးတွေကြားမှာ ပျောက်ကွယ်နေသည်။ သို့သော် သေချာစူးစမ်းကြည့်မည့် မျက်စိရှင်သူတွေကတော့ တွေ့မြင်နိုင်လိမ့်မည်။

ဆိုင်ဖွင့်ပြီး နေထွက်ပြုစအချိန်၊ ဝယ်သူမကျသေးခင်၊ တစ်စုံတစ်ယောက်က ဆိုင်၏ကဲလားတံခါးအောက်သို့ ခပ်သုတ်သုတ်ဝင်လာသည်။ စောစောစီးစီး ဘုရားမှာပုတီးစိပ်ပြီး၍ ပြန်ဆင်းလာသော ဆေးဆရာကြီးဦးပွား ဖြစ်သည်။ သူက ဝါးတောင်ဝှေးကို မထောက်ဘဲ မြေပြင်နှင့်ပြိုင်လျက် ကန့်လန့်ကိုင်ထားသဖြင့်၊ တောင်ဝှေးထောက်သံ မထွက်။ သန်းဆိုင်ကလည်း ခေါင်းငုံ့ပြီး ငွေစာရင်းစာအုပ်ကို ကြည့်နေသောကြောင့် ဦးပွားရောက်လာသည်ကို မသိလိုက်။ ဦးပွားကလည်း ခါတိုင်းနေ့တွေလို သန်းဆိုင်သားကြီး မိုးကျော်အောင် ထိုင်နေမည်ဟု ထင်ကာ ဆေးပြင်းလိပ်ဝယ်ဖို့ ဝင်လာသည်။

"ဆေးပြင် ဟာ"

မျက်နှာမော့လိုက်သော သန်းဆိုင်ကို တွေ့သည်နှင့်၊ ဦးပွားသည် လောက်တဖွားဖွားတက်နေသော အလောင်းကောင်ပုပ်တစ်ခုကို တွေ့မြင်ရသကဲ့သို့ နှာခေါင်းရှုံ့ကာ ချာခနဲလှည့်ထွက်သွားတော့၏။ ပြိုင်တူလိုပင် သန်းဆိုင်ကလည်း ဦးပွားကိုတွေ့သည်နှင့် ပါးပျဉ်းထောင်နေသည့် မြွေဟောက်ကြီးတစ်ကောင်ကို ရုတ်တရက်တွေ့လိုက်သလို . . အလန့်တကြား မြည်တမ်းသည်။

"အိုး ဘကြီးပွား "

ဦးပွားသည် သန်းဆိုင်ရှေ့မှ တစ္ဆေတစ်ကောင်လို ရိပ်ခနဲ ပျောက်သွား၏။ (အဘိုးကြီး ငါမားကြိမ်းကြိမ်းတာကို တော်တော်စိတ်နာသွားပုံ

www.burmeseclassic.com



ရတယ်၊ စန်းချိုသိရင်တော့ ငါ့ကို အပြစ်တင်ဦးမှာပဲ၊ အို ကိုယ်မယုံကြည်တဲ့လူကို ဘာလို့ ကိုးကွယ်နေရမှာလဲ၊ သွားစမ်းပါ) သန်းဆိုင်ချက်ချင်းမာန်ဝင်ပြီး အံကြိတ်ထားလိုက်သည်။ (ရေတစ်ခွက်ကို ငွေငါးရာနဲ့ ရောင်းစားနေတဲ့လူကြီး)

ဤသို့ လူမှုဆက်ဆံရေးတွင် သန်းဆိုင်ကို အဖုအထစ်တွေ့ကြုံရအောင် စတင်ဖန်တီးလိုက်သူမှာ၊ သူ့ဖခင် ရဟန်းလူထွက်ကြီး ဦးကံငွေဖြစ်၏။ လူရှေ့သူရှေ့မှာ ဘုရားကြောင်း၊ တရားကြောင်း အသံကောင်းဟစ်ပြီး၊ ကွယ်ရာတွင် အရက်ခိုးသောက်နေသည့် ဖခင်ကြီးကို ကြည့်ကာ သန်းဆိုင်က 'ဆရာ' ဆိုသူတိုင်းကို ဖွတ်မှိတ်မယုံကြည်တတ်တော့။ စန်းချိုအပေါ်မယုံကြည်နိုင်သော အစွဲကလည်း . . ၊ သန်းဆိုင်စိတ်နှလုံးထဲမှာ အမြစ်တွယ်ခဲ့ကြီးလို ဖြစ်သွားခဲ့ပေပြီ။

သန်းဆိုင် ကွမ်းယာဆိုင်မှာ ပြန်ထိုင်ပြီဆိုသည်နှင့် သူ၏ ရဲဘော်ရဲဘက်ဟောင်းလည်းဖြစ်၊ သူ၏ဆိုက်ကားတွေနှင့် ထမင်းစားနေကြရသော နင်းသားများလည်းဖြစ်၊ ရင်းနှီးသောအသိအကျွမ်းတွေလည်း ဖြစ်ကြသော လူကြီးလူငယ် အရွယ်စုံတို့သည် ဆိုင်ရှေ့က ခုံတန်းလျားနှစ်ခုမှာ စုရုံး စုရုံးဖြစ်လာကြပြန်သည်။ နောက်သံပြောင်သံ၊ ရယ်သံမောသံတွေသာမက၊ အခံရသက်သာသော ဆဲသံဆိုသံကလေးတွေလည်း ကွမ်းယာဆိုင်ရှေ့မှာ စီစီညံစ ပြုလာ၏။

"ကိုကြီးသန်းဆိုင် နေမကောင်းဖြစ်ပြီးမှ ဝလာသလိုပဲ၊ မျက်နှာကြီးကိုပြလို့" ဟု ရန်ပိန် (ခေါ်) ရန်ပိုင်က 'ထောင်' ပေးလိုက်လျှင် ကျော်ကြီးက . . .

"မစန်းချိုက သူ့ကို နေ့တိုင်းဝက်သားချည်း ချက်ကျွေးနေတာကွ၊ ကြာရင် မျက်နှာက မပြဲဘဲ၊ ဝက်လိုချွန်းသွားမှ မျက်နှာချွန်းကြီး ဖြစ်နေဦးမှာမြင်ယောင်သေး" ဟု ရယ်ကြဲကြဲမျက်နှာထားဖြင့် 'ရိုက်' ချလိုက်သည်။ ထိုအခါ သန်းဆိုင်က -



"ဟော့ကောင် မင်းမျက်ခွက်ကို မင်းပြန်ကြည့်စမ်း၊ မင်းမျက်ခွက်မှ ချွန်းနေတာ၊ ချွန်းတာက ဝက်လိုတောင်မဟုတ်ဘူး၊ ကြွက်စုတ်ချွန်းချွန်းနေ တာ" ဟု လက်ညှိုးကြီးထိုးပြီး ထအော်သောအခါ ရယ်မောသံတွေ ဆူပွက် သွားပြန်လေသည်။

ဝတ္ထုစာအုပ်ကလေးတစ်အုပ်ကို လက်ထဲမှာ ကိုင်ထားသော ခင်မောင်ငြိမ်းကမူ၊ သန်းဆိုင်၏မျက်နှာကို ကွက်ကြည့် ကွက်ကြည့်လုပ်ရင်း . . .

"မမစန်းချိုတို့ကတော့ဗျာ၊ (ရိုက်ဆွင်း) ကော (အပ်ပါးကတ်) ပါ တော်တော်ကျွမ်းပုံရတယ်။ (လင်းနော့လူးဝစ်) ကိုတောင် စိန်ခေါ်ဖို့ကောင်းသား" ဟု သူ့ဘာသာတစ်ယောက်တည်း ပြောသလို ပြောလေ့ရှိသည်။ ပထမတော့ အင်္ဂလိပ်လက်ဝှေ့ အားကစားအခေါ်အဝေါ်တွေ၊ ဟဲဗီးဝိတ်ချံပီယံနာမည်တွေမှန်း၊ သန်းဆိုင်မသိ။ နောက်မှ . . နားလည်သူတစ်ယောက်က သန်းဆိုင်ကို ရှင်းပြသောအခါ၊ စန်းချိုက မိမိကို ညာဝိုက်လက်သီးနှင့် ပင့်လက်သီးသုံး၍ ထိုးသတ်ခဲ့၍ နဖူးနှင့်မေးစေ့မှာ အမာရွတ်ရခဲ့ခြင်းကို ဆိုလိုကြောင်း သန်းဆိုင်သိသွားပြီး ခင်မောင်ငြိမ်းကို စက်သေနတ်ပစ်သလို ကျိန်ဆဲလေတော့သည်။

ဘတ်စကားပိုင်ရှင် ဒရိုင်ဘာကြီး ဦးဘာဘူလာလျှင်တော့ သူကြားရသမျှ၊ ဖတ်ရသမျှ၊ တီဗွီမှာ မြင်ရသမျှ သတင်းစုံကို ဘယ်သူကမှ မမေးမမြန်းမတောင်းဆိုဘဲ၊ ကရားရေလွှတ် အစီရင်ခံတင်ပြတတ်ပြီး နောက်ဆုံးတွင် . . .

"သန်းဆိုင် ငါပြောသလို မင်းခြံထဲက တစ္ဆေကုလားပုကို ခေါ်စာ မှန်မှန်ပစ်နော်၊ ဒါမှ . . မင်းလည်း နေ့တိုင်းဝက်သားဟင်း ဖြောင့်ဖြောင့် တန်းတန်းစားနိုင်မှာ" ဟူသော သတိပေးစကားနှင့်သာ အဆုံးသတ်လေ့ရှိသည်။ သန်းဆိုင်က ပထမတော့ . . (ကျုပ်ခြံထဲမှာ ကုလားပုလည်း မရှိဘူး၊ ကုလားရှည်လည်း မရှိဘူး။ ကျုပ်က ကျုပ်တို့အုတ်ဖိုရွာက စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းဂန်တတ် ဆရာတော်ဦးဩဘာသ ဆီမှာ ပရိတ်ကြီးကုန်တဲ့အထိ သုံးနှစ်လုံးလုံး ဘုရားစာတွေ သင်လာခဲ့တာ၊ ရတနာသုံးပါးကလွဲပြီး ဘာမှ မယုံဘူး၊ ခေါစာလည်းမပစ်ဘူး၊ ယတြာလည်းမချေဘူး) ဟု ဘုစကားပြောမည်ကြံပြီးမှ၊ ဦးပွားကဲ့သို့ မိတ်ပျက်မည်စိုး၍၊ အင်းမလှုပ်အဲမလှုပ် ငြိမ်နေလိုက်၏။ ဦးဘာဘူကတော့ ဆိုင်မှ ပြန်ထွက်ကာနီးတိုင်း . . .

"သန်းဆိုင်ရေ . .၊ တစ္ဆေကုလားပုအတွက် မမေ့နဲ့နော . ." ဟု မမေ့မလျော့ သတိပေးသွားလေ့ရှိ၏။ သို့ဖြင့် ကျော်ကြီးတို့ ဆိုက်ကားသမားတွေအတွက် (သန်းဆိုင်ရေ . . တစ္ဆေကုလားပုအတွက် မမေ့နဲ့နော) ဟူသော ဦးဘာဘူ၏ မှာတမ်းစကားမှာ ပြက်လုံးတစ်ခု ဖြစ်လာခဲ့ရပြန်ပါလေသည်။

ကွမ်းယာဆိုင်တွင် သန်းဆိုင်ထိုင်ရောင်းချိန်သည် အခြားသူတွေထိုင်ရောင်းချိန်နှင့် မတူပါ။ စန်းချိုထိုင်ရောင်းလျှင် အဆဲခံဝံ့သူတချို့သာ စရဲနောက်ရဲသဖြင့် ရယ်ရခဲသည်။ မိထူးထိုင်လျှင်တော့ . .၊ ဆိုင်ပေါ်မှာ စကားသံတိတ်နေတော့၏။ မိုးကျော်အောင်တို့ ညီအစ်ကိုထိုင်သည့်အခါတွင်လည်း ဆိုင်မှာ ရယ်သံမောသံ သိပ်မကြည်။ သန်းဆိုင်ထိုင်ချိန်တွင်ကား၊ ဆိုင်ရှေ့ခုံတန်းလျားမှ အုပ်စုနှင့်အတူ ရောက်ရာပေါက်ရာ၊ ပေါက်တီးပေါက်ရှာတွေ လျှောက်ပြောရင်း၊ နောက်ကြ ပြောင်ကြနှင့်ဝါးလုံးကွဲရယ်သံတွေ ပွက်ပွက်ညံနေတတ်ပါသည်။ တစ်ခါတစ်ရံ ဗိုက်ရွှဲကြီးတလှုပ်လှုပ်ဖြင့် အော်ရယ်တတ်သော သန်းဆိုင်ရယ်သံက အကျယ်ဆုံးဖြစ်နေတော့၏။

သို့သော် သန်းဆိုင်သည် 'ပစ်စာ' မရမီက သန်းဆိုင်မဟုတ်တော့မှန်း ဘယ်သူမျှမရိပ်မိ။ အများနှင့်အတူ ရောယောင်ရယ်မောနေသော်လည်း အများပျော်သလို သန်းဆိုင်ရင်ထဲမှာ ပျော်ရွှင်မြူးထူးခြင်းမရှိကြောင်း ဘယ်သူမျှ အကဲမခတ်မိနိုင်ကြ။ သန်းဆိုင်ကိုယ်တိုင်လည်း ယခင်ကလို သူ့အပြည့်အဝ မပျော်ရွှင်နိုင်တော့မှန်း နားလည်ခံစားနေရ



သည်။

တကယ်တွေ့လို့ မြင်လို့ မဖြစ်သင့်တာ မဖြစ်ရအောင် စေတနာကောင်းနဲ့ သတိပေးတာပဲဖြစ်ဖြစ်၊ အပျော်အပြက်နောက်ချင် ပြောင်ချင်လို့ပဲဖြစ်ဖြစ် ပစ်စာလာချတဲ့ကောင် ဘယ်သူဆိုတာတော့ ပေါ်အောင်လုပ်ရလိမ့်မယ်၊ ငါ့ဆိုင်ရှေ့မှာ လူပေါင်းစုံ ရောကြောသောကော လာထိုင်ကြတယ်၊ အားလုံးလိုလို ငါတို့မိသားစုနဲ့ ခင်နေကြတယ်၊ ငါတို့ လင်မယားအကြောင်းကိုလည်း သူတို့ ထိုက်သင့်သလောက် သိထားကြတယ်။ ဒီတော့ ပစ်စာချတဲ့ကောင်ဟာ ငါ့ဆိုင်ရှေ့မှာ လာလာထိုင်တတ်တဲ့ကောင်တွေထဲက တစ်ယောက်ယောက်ပဲ ဖြစ်ရမယ်ဟူ၍ သန်းဆိုင် စုံထောက်အတွေး တွေးကြည့်၏။

တစ်ခုစဉ်းစားဖို့ ရှိတာက၊ အီဗရာဟင့်ဆိုင်မှာ စန်းချိုတို့ကို နေ့စဉ်ရက်ဆက်တွေ့တယ်ဆိုတော့၊ သူတို့ကော စန်းချိုက သတိမထားမိဘဲ နေမတဲ့လား၊ အသိအကျွမ်းထဲက ဖြစ်နေရင် စန်းချိုက သူ့အပြစ်ကို ဖုံးကွယ်ရအောင် ဖက်လှဲတကင်း နှုတ်ဆက်မယ်၊ လက်ဖက်ရည်ခေါ် တိုက်မယ်၊ ကုလားဒိန်ဟာ ကုန်သည်ပွဲစားတစ်ယောက်ဖြစ်ပြီးသူနဲ့စီးပွားရေးကိစ္စ ဆွေးနွေးနေတဲ့အကြောင်း ကြံဖန်လီဆယ်ပြီး လုပ်ဇာတ်ခင်းမယ်၊ ယုတ္တိရှိရှိဖြီးမယ်ပေါ့လေ၊ နောက်ရက်တွေကျတော့ အီဗရာဟင့်ဆိုင်မှာ မထိုင်ကြတော့ဘဲ တခြားဆိုင်မှာ ပြောင်းထိုင်မယ်၊ အသိအကျွမ်းတွေ မတွေ့အောင် ချောင်ကျကျနေရာမှာ ပုန်းပြီးထိုင်မပေါ့၊ အဲဒါကြောင့် ပစ်စာရေးတဲ့ကောင်ဟာ ငါတို့အသိအကျွမ်းထဲက မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ သူကတော့ ငါတို့ကို တစ်ဖက်သတ်သိနေတယ်လို့ ယူဆနိုင်တယ် . .၊ သူဟာ ကုလားဒိန်ကို လူလိမ်လူကောက်တစ်ယောက်လို့ထင်ပြီး ငါ့ကို စေတနာနဲ့ အသိပေးတာ ဖြစ်ချင်ဖြစ်မယ်ဟု တွေးခေါ် ရှင်ဆန်ဆန်တွေးနေတတ်သည့် သန်းဆိုင်မှာ ဒုတိယပစ်စာကို သုံးသပ်စိစစ်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



ပထမစာကို ပစ်တဲ့ကောင်ကပဲ ဒုတိယစာကို ရေးပြီးပစ်ပြန်တာမဟုတ်လား၊ ပထမစာမှာ မိုးလားကဲလားတင်ပြီးမှ ဒုတိယစာမှာ 'လျှော' ချသွားတာ မဟုတ်လား၊ အတည်ကြီးပြောပြီးမှ(နောက်တာပါဗျာ) လို့ ဗလောင်းဗလဲ ပြောတဲ့ခွေးသား . . ၊ တစ်ခုတော့ရှိတယ်၊ သူ့ပထမစာကြောင့် ငါတို့လင်မယား ခုလောက်ကြီး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားလိမ့်မယ်လို့ သူကြိုတွေးမိပုံမရဘူး၊ ငါက စုန်းပူးသလိုလို၊ နတ်ပူးသလိုလို လုပ်ပြလိုက်တော့မှ သူရေးတာ လက်လွန်သွားပြီလို့ နောင်တရပြီး ဖြေစာရေးတာ၊ အဲဒီတော့ ဒီခွေးသားကို မယုံရလည်းအခက်၊ ယုံရလည်းအခက်ပဲ . . . ဟု တွေးမိပြန်ရင်း၊ ဒေါသနှင့် ဒေါမနဿပေါင်းယှက်ကာ၊ သူ့ခန္ဓာထဲက သွေးစီးဆင်းသံတွေ မြည်ဟည်းဆူညံလာကြတော့သည်။

ဆိုင်မှာထိုင်ရင်း အရောင်းပါးသည့်အခါ ခုံတန်းလျားမှာ စကားပြောဖော်တွေ မရှိသည့်အခါ၊ သူစဉ်းစားမိသည်မှာ . . .

နောက်မယ်ပြောင်မယ်ဆိုလည်း၊ ပါးစပ်နဲ့ နောက်နိုင်တဲ့ကောင်တွေ အရှိသားပဲ၊ ကျော်ကြီးတို့၊ ရန်ပိန်တို့ဆိုရင် ဘယ်လိုပဲဆဲဆဲ၊ နောက်နေကြတာပဲ၊ တစ်ခါက ရန်ပိန်ဆိုရင် စန်းချိုကို ငါမရှိခင် အတည်ပေါက်ကြီးလာနောက်တာ (မစန်းချို၊ ကိုသန်းဆိုင်ကို ညဘက် ကာရာအိုကေရုံကို မလွှတ်နဲ့၊ ရုံဘေးမှာ 'ပွင့်စွယ်တော်' ဆိုတဲ့ လက်ဖက်ရည်ဆိုင်ရှိတယ်မဟုတ်လား၊ အဲဒီဆိုင်ရှင်မိန်းမက နှစ်ခုလပ်တဲ့ဗျ၊ ညဘက်ဆိုကိုသန်းဆိုင်က ကာရာအိုကေဝင်မဆိုဘဲ အဲဒီဆိုင်မှာ လက်ဖက်ရည်ဝင်သောက်ရင်း ဆိုင်ရှင်အမျိုးသမီးနဲ့ နှစ်ယောက်တည်း စကားလက်ဆုံကျနေကြတာဗျ၊ ခင်ဗျားလူကြီးကို လွှတ်မထားနဲ့နော်၊ ဟိုမိန်းမက အသက်ကသာ ၅၀ နားကပ်နေပေမဲ့ မော်ဒယ်ဂဲလို ပြင်ထားတာ၊ ကိုသန်းဆိုင်ကြီး ပါသွားမှဖြင့်) လို့ကို စန်းချိုကို တည်တည်ကြီးလာကပ်ပြောတာ၊ စန်းချိုက နောက်မှန်းသိတော့၊ (ပါသွားပစေဟယ်၊ သူပါသွားတော့လည်း ငါက ဆံပင်အစေ့လင်အစေ့ ယူပစ်လိုက်မယ်) လို့



ရွဲ့ပြောပစ်ခဲ့တာ၊ ရန်ပိန် နောက်တာကို စန်းချိုက ငါ့ကို ပြန်မပြောပါဘူး၊ ရန်ပိန်ကိုယ်တိုင် ငါ့ကို ရယ်ရယ်မောမောနဲ့ လာပြောလို့ ငါသိရတာ . . . ၊ (ဟေ့ကောင် အရက်သမား အဲသလိုတော့ မနောက်နဲ့ကွာ၊ အဟုတ်မှတ်ပြီး စန်းချိုနဲ့ငါ နပန်းလုံးနေရဦးမယ်) လို့ ရန်ပိန်ကို ဟန့်လိုက်ရသေး၊ ဝမ်းနိုင်းတူးဆိုတဲ့ မအေပေးကလည်း တစ်ခါ ငါ့ကိုလာချွန်သေးတယ်၊ (ကိုသန်းဆိုင် ရာ . . ၊ မစန်းချိုတို့က ဈေးထဲမှာ သိပ်မျက်နှာပွင့်တာပဲဗျာ၊ သူ့ကိုတွေ့တာနဲ့ လက်ယပ်ခေါ်နေကြတော့တာပဲ၊ ခေါ်တဲ့ဈေးသည်တွေကလည်း ရုပ်ဖြောင့်ဖြောင့် ယောကျ်ားတွေချည်းပဲ၊ မစန်းချိုကလည်း ယောကျ်ားတွေရောင်းတဲ့ဆိုင်တွေချည်း ရွေးဝယ်တာကိုးဗျ) တဲ့၊ (ဟေ့ကောင် အဲဒါ မင်းအပူဘယ်နှပြားဖိုးပါလို့လဲ၊ သူ့ဟာသူ ယောကျ်ားရောင်းတဲ့ဆိုင်မှာ ဝယ်ဝယ်၊ ဂန်ဒူးရောင်းတဲ့ဆိုင်မှာပဲ ဝယ်ဝယ်၊ မင်း x x x လုပ် မဟုတ်ဘူး) လို့ ငါကဆဲတော့မှ (အလကားပါဗျာ၊ ကိုသန်းဆိုင်ကို ခင်လို့စိတ်စမ်းကြည့်တာပါ ဟဲ ဟဲ) ဆိုပြီး မျက်နှာသွေးသပ်ပြောတယ်၊ (ငါ့ကိုစိတ်မစမ်းနဲ့ မင်းကြီးဒေါ်အပျိုကြီးကိုပဲ စိတ်သွားစမ်း၊ အူကြောင်ကြောင်မလုပ်နဲ့၊ စန်းချို ဈေးသွားဈေးပြန်ဖို့ မင်းဆိုက်ကားကို အော်ဒါမချဘဲ၊ တခြားဆိုက်ကားကို ပြောင်းငှားလိုက်မယ်)လို့ ခြောက်လိုက်လှန့်လိုက်မှ ခွေးမျိုးလက်အုပ်ချီတယ်၊ (အဲသလိုတော့ မလုပ်လိုက်ပါနဲ့ . . ကျေးဇူးရှင်ကြီးရယ်) တဲ့၊ နောက်ပိုင်း . . ဒီကောင်ပြောလို့လားမသိဘူး၊ ငါ့ကို ဘယ်သူမှ စန်းချိုနဲ့ ပတ်သက်ပြီး မချွန်ရဲကြတော့ဘူး၊ ဟင်း ဒီပစ်စာချတဲ့ ခွေးသူတောင်းစားနဲ့ကျမှပဲ ငါ့မှာ ဦးနှောက်စားနေရပြီဟု တွေးရင်း သန်းဆိုင်သက်မတချချ ဖြစ်မိရလေသည်။

သူ၏ အပြင်းပြ၊ အပူလောင်ဆုံး ဆန္ဒမှာ ပစ်စာတွေကို အပြီးအပြတ် လုံးဝမေ့ဖျောက်လိုခြင်း ဖြစ်၏။ မေ့ဖျောက်နိုင်စွမ်းမရှိ၍ သူ့အတွင်းကျိတ်မအီမသာ ခံစားနေရသည်။ သူက ရှေ့မှုပျက်၊ သူ့စရိုက်သူ့ဟန်အတိုင်း အားလုံးနှင့် ဆက်ဆံပြောဆို နေထိုင်လျက်ရှိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်တွင်းတစ်နေရာမှာ ခိုကပ်နေသော သက်ာရန့်မရှင်းလင်းခြင်းနှင့် ပစ်စာတရားခံကို မဖော်ထုတ်နိုင်ခြင်းတို့ကြောင့် သူစိတ်ချမ်းမြေ့မှုမရှိ။ အပြင်းအထန်မဟုတ်သော်လည်း စိတ်အနှောင့်အယှက် ဖြစ်စေသည့် သွားကိုက်နာကို လူမသိသူမသိ ကျိတ်ခံစားနေရသည်နှင့် တူသည်။

သူ့မှာသာ အနာအကင်းမသေသလို လှိုု့ဝှက်အွံ့ပုန်း ခံစားနေရသော်လည်း စန်းချိုကတော့၊ မူလပုံစံအချိုးအတိုင်း အအိပ်မပျက်၊ အစားမပျက်၊ အလှပြင်မပျက်၊ ပူပန်ကြောင့်ကျကင်းမဲ့ဟန် ပေါ်လွင်နေပါသည်။ သန်းဆိုင် အံ့ဩရသည့် စိတ်ကူးဆန်းတစ်ခုကိုပင် စန်းချိုက အကောင်အထည်ဖော်လိုက်သေးသည်။ စင်စစ်၊ အားလုံးအံ့ဩဖွယ်စိတ်ကူးဆန်းပင်ဖြစ်၏။ စန်းချိုသည် ဘယ်သူ့ကိုမှ ကြိုတင်အသိမပေးဘဲ၊ ငွေထောင်ချီ၍ အကုန်အကျခံကာ ရောင်စုံဖိုင်ဘာဖြင့် စာလုံးဖော်ထားသော ခေတ်မီဆိုင်းဘုတ်တစ်ခုကို မှာယူ၍၊ ကွမ်းယာဆိုင်၏ရှေ့ဘက်၊ ကဲလားတံခါးအစွန်းမှာ ချိတ်ဆွဲထားလိုက်ခြင်း ဖြစ်သည်။ အဖြူရောင်ဖိုင်ဘာပြားအောက်ခံတွင်၊ ပန်းရောင်၊ ဖက်ဖူးရောင် စာလုံးများ ဖောင်းကြွတောက်ပနေကြပြီး၊ စာလုံးတွေက ကြေညာဖိတ်ခေါ်ထားကြသည်မှာကား . . .

(မူလလက်ဟောင်း ဦးသန်းဆိုင်၊ ဒေါ်စန်းချို ကွမ်းယာနှင့် မုန့်မျိုးစုံဆိုင်) ဟူသတည်း။

xxx xxx xxx

xxx xxx xxx

"ဟော့ သန်းဆိုင်၊ ငါမသိလို့ မေးကြည့်ပါရစေကွာ၊ မင်းတို့ ဆိုင်းဘုတ်မှာက မူလလက်ဟောင်းဆိုတော့ . . . လက်သစ်တွေပေါ်နေလို့လား" ဟု ဦးဘာဘူက အမှန်တကယ် မသိနားမလည်ဟန်ဖြင့် မေးရင်း၊ ကျီစယ် စကားပြောခြင်း ဖြစ်သော်လည်း၊ ဆိုင်းဘုတ်နှင့်ပတ်သက်၍ စိတ်မကြည်



မသာသော သန်းဆိုင် အနာအဆွခံရသလို ဟန်မလုပ်နိုင်။ စန်းချိုတသူ့ကိုလည်း မတိုင်ပင်ဘဲ၊ ဆိုင်းဘုတ်အတွက် ငွေသုံးထောင်၊ ဆိုင်းဘုတ်ချိတ်သောနေ့က၊ ကန်တော့ပွဲပေးပြီး အနီးအနားက လူကြီးကလေးတွေကို ကြက်သားကြာဆံချက် တိုက်ကျွေးလှူဒါန်း၍ ကုန်ကျသော ငွေခြောက်ထောင် . . .၊ စုစုပေါင်း ငွေတစ်သောင်းနီးပါးထွက်သွားခြင်းကို သန်းဆိုင်က အလဟဿဖြုန်းတီးခြင်း၊ ပကာသနလုပ်ခြင်းဟု သတ်မှတ်ပြီး ဤကိစ္စမှာ သူ့ကို စန်းချိုက တိုင်ပင်ဆွေးနွေးနေရာမပေး၍ သူ တနုံ့နုံ့ ခံစားနေရသည်။

"အိမ်က အရူးမ သက်သက်မဲ့ အရှုးထပြီး ဆိုင်းဘုတ်တင်တာပါဗျာ၊ ကျုပ်ဆိုင်က ဆိုင်းဘုတ်မလိုပါဘူး၊ ကွမ်းယာဆိုင်ဖွင့်လာတာ နှစ် (၂၀) ကျော်ပြီ၊ ဘုရားကြီးရှေ့မှာ ကျုပ်ဆိုင်ရှိတယ်ဆိုတာ. . . ဟိုပဲခူးတို့ သန်လျင်တို့က လူတွေတောင် သိတယ်၊ အလကားမိန်မပစ်စလက် ခတ်ငွေဖြုန်းတာ၊ ဘာမဟုတ်တဲ့ ပလတ်စတစ်ပြားကို သုံးထောင်တောင်ပေးရသတဲ့၊ ဘူတာရုံနားက ဘော်ကြီးတို့ ကွမ်းယာဆိုင်ဆိုရင် သွပ်ပြားစုတ်မှာ ထုံးနဲ့ ဖြစ်ကတတ်ဆန်း ရေးပြီး ဆိုင်းဘုတ်ချိတ်ထားတာပဲ ကျုပ်တို့ထက်တောင် ပိုရောင်းကောင်းသေး၊ အိမ်က ကောင်မက သူ့ကိုယ်သူ. . . သူဌေးမယားငယ်လို သဘောထားပြီး ဖြုန်းတီးတာဗျ. . ."

"ဘာပြောပြော. . . ဆိုင်းဘုတ်ချိတ်ပွဲတုန်းက ကျွေးတဲ့ ကြာဆံချက်ကတော့ ရှယ်ပဲဟေ့၊ ငါသုံးပန်းကန်တောင် တီးပစ်လိုက်တယ်"

ဦးဘာလူက ကြာဆံချက်အကြောင်း အစဖော်ပေးတော့ သန်းဆိုင် မေးကြောကြီးတွေ ထောင်ထလာ၏။ [သားကိုသခင်၊ လင်ကိုဘုရား ဆိုတဲ့စကားကို နားမလည်တဲ့ မိန်းမ. . .] ထိုနေ့က ကြာဆံချက်မရလောက်၍ သန်းဆိုင် တစ်ဇွန်းမျှမမြည်းလိုက်ရပါ။ ကြက်ရိုးတွေကိုလည်း ရန်ပိုင်တို့ ဆိုက်ကားဆရာ အရက်သမားအုပ်စု အမြည်းလုပ်ဖို့ အကုန်သယ်သွားသဖြင့်. . . .၊ ဆိုင်ရှင်ကြီးသန်းဆိုင်ခမျာ ကြက်ခြေထောက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ပင် ကိုက်ခွင့်မရလိုက်ရှာ။

"ကြာဆံချက်အကြောင်း. . . မပြောချင်ပါနဲ့ဗျာ၊ စိတ်နာလွန်းလို့"

ခုတစ်လော ချိုးနှိမ်ထိန်းချုပ်ထားခဲ့သော ဒေါသမြွေဆိုးကလေးတွေက ပခြုပ်နှင့်တူစွာသော သူ့ရင်ခေါင်းနှင့် နံရိုးအိမ်ထဲမှာ လူးလွန့်လာကြသည်။

"ဘာဖြစ်လို့ ကြာဆံချက်ကို စိတ်နာရတာတုံးကွ"

"စိတ်နာပါတယ်ဆိုမှ ခင်ဗျားကလည်း မေးနေပြန်ပါပြီဗျာ။ စိတ်နာတဲ့ကိစ္စ ဘယ်သူက ပြောချင်မှာလဲဗျ" ဟု သန်းဆိုင်၏ ဒေါသသည် စန်းချိုကို ဦးတည်နေခဲ့ရာမှ ပစ်ချက်ကျော်ပြီး ဦးဘာဘူကို ရှပ်မှန်သွားသည်။

"ဒီနေ့. . . မင်းနဲ့စကားပြောလို့မကောင်းဘူး" ဟု ဆိုကာ ဦးဘာဘူ ထသွားသည်။

ဩ. . ငါဘုမှတ်တာကို နှာကောက်သွားတယ်ပေါ့၊ နှာကောက်ရုံမကလို့ နှာပဲပြတ်ကျပြတ်ကျ. . . ဟူ၍ ဒေါသတွေး တွေး၍ မဆုံးမီ ဦးဘာဘူက ပြန်လှည့်လာပြီး ဆိုင်ရှေ့မှာ ရပ်၍

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . .၊ မင်း တစ္ဆေကုလားပုကိုတော့ မမေ့ပါနဲ့၊ သူက အစိမ်းသေ သေတာတာဆိုတော့ ကောင်းကျိုးထက် ဆိုးကျိုးပေးဖို့များတယ်" ဟု အော်ပြောပြီးမှ ပြန်ထွက်သွားသည်။ သန်းဆိုင်မှာ မျက်လုံးပြူးကြီးတွေနှင့် ကြောင်အအ ဖြစ်နေ၏။

မမျှော်လင့်ဘဲ သူ၏ အကျီမဲ့ ကျောပြင်အောက်ပိုင်း အောင့်သွားသည်။ သူက ဆတ်ခနဲ လှည့်ကြည့်ရာ၊ ချိန်ရွယ်ထားဆဲ. . . လက်စွပ်တဝင်းဝင်းနှင့် စန်းချို၏လက်သီးဆုပ်မည်းမည်းကြီးကို တွေ့ရသည်။ မျက်နှာဖောင်းပွပွကြီးမှာ မျက်လုံးကော နှုတ်ခမ်းပါ ပြုံးနေကြ၏။

"လူမသိပေမဲ့. . . ငါ့ကိုယ်စောင့်နတ်က သိတယ်၊ နင် ငါ့အတင်းပြောတော့မယ်ဆိုတာ ကြိုတင်သတိပေးလို့ ငါလာချောင်းနေတာ၊



ဦးဘာဘူကို နင်အတင်းချနေတာနဲ့ တန်းတိုးတော့တာပဲ ဟင်း-ဟင်း ဆိုင်းဘုတ်လည်း ချိတ်ပြီးပြီ၊ ဆိုင်ရာပိုင်ရာကိုလည်း တင်မြှောက်ပသပြီး လူတွေကိုလည်း လျှါဒါန်းကျွေးမွေးပြီးပြီ၊ နင်က. . . ဘာခုမှ ချေးခြောက်ရေနှုးနေတာလဲ သန်းဆိုင်၊ ကြာဆံချက်ကို စိတ်နာရတယ်ဆိုတာလည်း နင်မစားလိုက်ရလို့ မဟုတ်လား၊ နင်လက်နှေးလို့ ငတ်တာ၊ ငတ်ပလေ့စေ၊ နင် ဒီလောက်ငတ်ကြီးကျရင် နင်တစ်ယောက်တည်း မျိုရဆို့ရအောင် ငါချက်ကျွေးဦးမယ်၊ စားမလား ပြောစမ်း"

သန်းဆိုင်က ဆိုင်ရှေ့ဘက် ပြန်လှည့်ပြီး မကြားမသိချင်ယောင်မထုံတက်သေး လုပ်နေလိုက်၏။ ရှိရင်းစွဲ ဒေါသကို ထပ်မံမတိုးချဲ့လိုတော့။ အမြစ်စွဲနေသည့် အဆိုးမြင်သံသယနှင့်၊ လတ်တလော ဒေါသပေါင်းတပ်လိုက်မိပါက ရက်ပေါင်းများစွာ ငြိမ်းချမ်းသာယာလာခဲ့သော လင်မယား ဆက်ဆံရေး အခင်းအကျင်းကလေး ပျက်စီးသွားဦးမည်။ [အရှုံးပေးရင် နှလုံးအေးတဲ့ဆေး. . . လို့ တရားစကားမှာလာတာပဲ] သူက လျှော့ပေမဲ့၊ စခန်းချိုက တင်းပြန်သည်။

"ပြောလေသန်းဆိုင် နင် ကြာဆံချက် အဝစားချင်လို့လား"

"နင်ချက်ကျွေးရင် ငါက သေဆေးတောင် စားမှာပါ စန်းချိုရာ"

သန်းဆိုင်က အသံခြောက်အက်အက်နှင့် အေးစက်စက်ပြောလိုက်သော စကားက ခုံတန်းလျားအုပ်စုအတွက် မြက်လုံးဟောင်းဖြစ်သွားကာ တသောသော ရယ်ကြသည်။ စန်းချိုက သန်းဆိုင်၏ ပခုံးတစ်ဘက်ကို ကိုင်လှုပ်သည်။ သန်းဆိုင်က ရှုန်းပယ်ခြင်းမပြုဘဲ ငြိမ်ခံနေ၏။

"နင်အတည်ပြောတာလား၊ ငါ ဒီနေ့ပဲ ကြာဆံချက် ချက်ကျွေးမယ်"

ဆိုက်ကားနင်းသား ရန်ပိုင်က ထိုင်ရာမှ ထလာပြီး. . .

"စားမယ်လို့ ပြောလိုက်ဗျာ ကိုသန်းဆိုင်၊ ခင်ဗျား စားလို့မကုန်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဝိုင်းစားပေးမယ်" ဟု သန်းဆိုင်ကို မျက်စိတစ်ဖက်မှိတ်ပြရင်း ပြောသည်။

"ငါ ပြောပြီးပါပလောလားကွာ၊ သူက အဆိပ်ဟင်း ကျွေးရင်တောင် ငါစားပါ့မယ်လို့"

ရယ်သံတွေ ပိုမိုမြည်ညံဆူပွက်လာသည်။ စန်းချိုက သန်းဆိုင်ကို တစ်ချက်ကိုင်လှုပ်ပြန်ပြီး နောက် ဘာကိုမှ အလေးမထားတော့သလို အိမ်ပေါ်ပြန်တက်သွားသည်။

"တစ်ယောက်ကလည်း ယောက်ျားကို ကြာဆံချက်အဝကျွေးချင်တယ်၊ တစ်ယောက်ကလည်း မိန်းမကသာ ချက်ကျွေးလို့ကတော့... အဆိပ်ပါရင်တောင် စားဝံ့တယ်တဲ့၊ အဲဒါပေါ့ကွ၊ လေးဆယ်ကျော်အချစ်ဆိုတာ... အားကျလိုက်တာကွာ"

"စိုင်းထီးဆိုင်သီချင်းလို ကမ္ဘာတည်မယ့်မေတ္တာပေါ့ကွာ..."

"လိုမီယိုနဲ့ ဂျူးမြစ်ချက် အချစ်မျိုးကွ"

ခုံတန်းလျားအုပ်စုက ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ဆူပွက်နေစဉ် သန်းဆိုင်မှာ ရယ်ချင်လျက်နှင့် မရယ်နိုင်ပါဘဲ မျက်နှာသေကြီးဖြင့် ကွမ်းယာ ရောင်းနေသည်။ သို့ရာတွင် ရန်ပိုင်၏ စကားကိုတော့ သူစိတ် ဘဝင်မကျမိပါ။ သူနှင့် (ရိုမီယိုနှင့် ဂျူးလိယက်) ဇာတ်လမ်းမှာ အလှမ်းဝေးကွာလွန်းပါသည်။

"ဟေ့ကောင်ရန်ပိန်၊ ဘာ.. လိုမီလိုတွေ ဂျူးမြစ်ဟင်းတွေ လာအော်နေတာလဲ၊ ဘာစကားတွေလဲ၊ လမ်းပေါ်ကစကားတွေ လမ်းပေါ်မှာထားခဲ့၊ ငါ့ဆိုင်ရှေ့မှာ မင်္ဂလာမရှိတဲ့ စကားတွေ လာမပြောနဲ့ လာဘ်တိတ်တယ်" ဟု သန်းဆိုင်က ပေါက်ကာမှပင် ရန်ပိုင်က အတွန့်တက်သည်။

"ကိုသန်းဆိုင်ကလည်းဗျာ၊ မင်္ဂလာမရှိတဲ့စကားမဟုတ်ဘူး၊ မင်္ဂလာရှိတဲ့စကားဗျ၊ လိုမီလို အဲလေ... လိုမီယိုနဲ့ ဂျူးမြစ်ချက်ဆိုတာ



အသက်ပေးပြီး ချစ်ကြတဲ့ချစ်သူတွေဗျ၊ ခင်ဗျားနဲ့ မစန်းချိုတို့အချစ်ကို လိုမီယိုတို့အချစ်နဲ့ နှိုင်းယှဉ်ပြလိုက်တာ သဘောပေါက်ပြီလား၊ ဒါဟာ... ချစ်ရေးချစ်ရာ မင်္ဂလာစကားပဲ၊ ကိုသန်းဆိုင်နဲ့ မစန်းချို နှစ်တစ်ရာတိုင် ပေါင်းရစေသားလို့ နိမိတ်ဖတ်လိုက်တဲ့ ထူတိဩဘာ မင်္ဂလာစကားပါမဲဗျို့"

ထိုစဉ်... ဝတ္ထုစာအုပ်ကလေး ချိုင်းကြားညှပ်၍ ရောက်လာသော ခင်မောင်ငြိမ်းက...

"ရန်ပိန်... မင်း ဘာမှမသိဘဲ ရှီးမနေနဲ့၊ မင်းစကားက မင်္ဂလာစကားမဟုတ်ဘူး၊ ရိုမီယိုနဲ့ ဂျူးလိယက်ဟာ နှစ်ဖက်မိဘသဘောမတူကြလို့ နှစ်ယောက်စလုံး သချိုင်းဂူထဲမှာ ကိုယ့်ကိုယ်ကို သတ်သေကြတာ...၊ ဘယ်လိုလုပ်ပြီး မင်္ဂလာစကားဖြစ်မှာလဲ..." ဟု ဝင်ပြောလိုက်သောအခါ သန်းဆိုင်ပါးစပ် ဟသွား၏။ ခင်မောင်ငြိမ်းလို ဘွဲ့ရပညာတတ်၏ စကားကိုတော့ အတည်မှတ်ယူရပေမည်။ မူလတန်းအောင်ရုံသာရှိသော ရန်ပိုင်လည်း ခင်မောင်ငြိမ်းကို အာခံငြင်းဆန်ခြင်း မပြုရဲဘဲ ပြုံးဖြဲဖြဲကလေး လုပ်ရုံသာလုပ်နေသည်။

"မဟုတ်က... ဟုတ်က တော်တော်ရှီးချင်တဲ့ ခွေးမျိုး"

သန်းဆိုင်က သူ့နားမှာ အသင့်ရှိနေသော စီးကရက်ဘူးခွံတစ်ခုကို ကောက်ယူကာ၊ ခင်မောင်ငြိမ်း၏ ဘန်းစကားလုံး (ရှီး) ကိုယူသုံးလျက်၊ ရန်ပိုင်ကို (ရွှစ်-ဒေါက်) ဟူသောအသံ မြည်သွားစေရအောင် လှမ်းပေါက်လိုက်၏။

ရန်ပိုင်က နဖူးကိုပွတ်၍ ထွက်ပြေးရင်း အော်သွားသည်။

"ဟေ့ကောင် ခင်မောင်ငြိမ်း မင်းတော်တော်ချွန်တဲ့ကောင်၊ ငါ့ကို ရန်ပိန်လို့ခေါ်ကြသလို မင်းကိုလည်း ခင်မောင်ချွန်လို့ ဒီနေ့ကစပြီး ခေါ်မယ်၊ လိုမီယိုတို့ ဘယ်လိုပဲသေသေ...၊ သူတို့ချစ်ပြီးမှ သေကြတာကွ... သေတာတောင် အလောင်းချင်းထပ်သေသော... နားလည်

www.burmeseclassic.com

www.burmeseclassic.com



လား. . .”

xxx xxx xxx

xxx xxx xxx

သူ့ဘေးမှာ ပက်လက်အိပ်ပျော်နေသော စန်းချိုထံမှ ဟောက်သံမကြားရသဖြင့် သူထထိုင်ပြီး စန်းချိုမျက်နှာကို အနီးကပ်ကြည့်၏။ နဂိုဟနေသော နှုတ်ခမ်းထူကြီးတွေက ပို၍ ဟပွင့်နေကြပြီ၊ နှုတ်ခမ်းတွေက ဖြူဖပ်ဖြူလျော်ဖြစ်နေကြသည်။ စန်းချိုအသက်မရှုတော့။ စန်းချိုသေနေပြီ။ စန်းချိုသေသွားပြီ။ [အောင်မယ်လေး -ဘုရားကြီးကယ်တော်မူပါ ဘုရား . . . ရား. . . ရား]

ပါးစပ်က ယောင်ယမ်းမြည်တမ်းရင်းနှင့် အိပ်မက်ဆိုးမှ လန့်နိုးလာပြီး၊ စန်းချိုရှိမည့် သူ၏ ဘယ်ဘက်သို့ ဖြုန်းခနဲ လှည့်စောင်းကြည့်၏။ စန်းချိုရှိမနေ။ အခန်းထဲကို လှည့်ပတ် မျက်စိကစားကြည့်ပြန်သည်။ အပေါ့အပါးသွားလို့လျှင်. . .၊ အိပ်ခန်းထဲမှာ 'ညအိုး' ရှိသည်။ စန်းချို အိမ်ပြင်က အိမ်သာမှာ အစာဟောင်းသွားစွန့်ခြင်းပဲ ဖြစ်ရမည်။ နှလုံးသွေးရပ်မတတ် ခံစားလိုက်ရသော အိမ်မက်ကြောင့် သူရင်တုန်ပန်းတုန် ချွေးဖြိုင်ဖြိုင်ယိုစီးနေသည်။ အသက်ရှုမဝသလို ဖြစ်လာပြီး ခြင်ထောင်ပြင်သို့ ကမန်းကတန်း ထွက်သည်။ အိပ်ခန်းထဲကပါ အပြင်သို့ ဒယိမ်းဒယိုင် လှမ်းထွက်သည်။ မီးဖိုဆောင်ဘက်သို့ ရွေ့လျားလာခဲ့ပြန်၏။ အိမ်သာသို့ထွက်သော မီးဖိုဆောင်တံခါးမကြီးက ပိတ်လျက်သားရှိနေသည်။ သို့သော် အတွင်းမှ မင်းထုပ်ထိုးထားခြင်း မဟုတ်၊ အပြင်မှ စေ့ထားခြင်းဖြစ်၏။ [ဒီမိန်းမကလည်း အိမ်သာထဲကနေ အိမ်ထဲ လူဝင်လူထွက်ဖြစ်နိုင်အောင် မီးဖိုခန်းတံခါးဖွင့်ထားတာ မဟုတ်ဘူး၊ လဘော်သရေနိုင်တဲ့မိန်းမ] သန်းဆိုင်သည် သွပ်ပြားကို သစ်သားဘောင်ဖွဲ့ထား



သည့် တံခါးအား အလျှင်စလို တွန်းဖွင့်လိုက်သဖြင့် ဂျိုးဂျိုးဂျောင်းဂျောင်း မြည်သွားသည်။

အင်္ဂတေအုတ်တိုက်အိမ်သာကလေးက၊ သူရပ်နေရာမှ (၁၅) ပေခန့်သာ ဝေးသည်။ လူရှိလျှင် ထွန်းထားတတ်သည့် လျှပ်စစ်မီးပွင့်တ မလင်း၊ အိမ်သာတံခါးကတော့ ပိတ်လျက်သားရှိ၏။ [မီးလုံးကျွမ်းတာ လုံးဝမဖြစ်နိုင်ဘူး ညနေကမှ ဝယ်တပ်ထားတာ]

“စန်းချို. . .၊ စန်းချို နင်အိမ်သာထဲမှာလား”

အသံအုပ်အုပ်ဖြင့် ခေါ်ကြည့်ရာ အိမ်သာဆီမှ ဘာတုံ့ပြန်သံမှ ပေါ်မလာ။

သန်းဆိုင်မှာ တစ်ကိုယ်လုံး အကြောအခြင်တွေ၊ ဖြိုင်တူတောင့်တင်းသွားသလို ဖြစ်နေရာမှ၊ ပါးစပ်မှအသံဖြင့် ခေါ်ရင်း အိမ်သာဆီသို့ သုတ်သုတ်ပျာပျာလှမ်းသွား၏။

“စန်းချို. . . စန်းချို. . . ဟင်”

သန်းဆိုင်၏ သွေးတွေ ဖြုန်းစားဖြင်းစားကြီး အေးခဲသွားသလား ထင်လိုက်ရ၏။ အိမ်သာတံခါးကို အပြင်ဘက်ကနေ၊ တံခါးချိတ်ကလေးဖြင့် မိမိရရ ချိတ်ထားပါသည်။ အတွင်းမှာ လူရှိလျှင် ချိတ် ချိတ်ထားဖို့ မလိုပါ။ သန်းဆိုင်က မကျေနပ်သေးဘဲ အိမ်သာတံခါးကို တုန်တုန်ရီရီ လက်ချောင်းတွေဖြင့် ဖွင့်ကြည့်သည်။ အနံ့ဆိုးပျပျ ရှူမိပြီး တံခါးကို ပြန်ဆောင့်ပိတ်လိုက်၏။ သူ့နှလုံးသည် သူ့ရင်ပုံရိုးကို တဒိုင်းဒိုင်းတိုး ဆောင့်နေတော့သည်။

စန်းချိုဘယ်မှာလဲ. . . ဘယ်မှာလဲ၊ ဘယ်ထွက်သွားလဲ. . . အချိန်မတော်ကြီး ဘယ်များလျှောက်သွားနေလဲ ဘုရား. . . ဘုရား ဟူသောအသံက သူ့ခန္ဓာထဲမှာ မြည်ဟည်းနေ၏။ သူ၏ ဦးခေါင်းသည် လေထိုးလိုက်သော ဘောလုံးအခွံကဲ့သို့ ဖြည်းဖြည်းချင်း ဖောင်းကားလာသည်ဟု သူထင်နေမိပြန်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မီးဖိုတံခါးပေါက်က နေအိမ်ထဲသို့ ပြန်ပြေးဝင်၏။ အိမ်ရှေ့ခန်းသို့ ပြေးလာသည်။ အိမ်ရှေ့တံခါးမကြီးမှာ၊ မင်းတုပ် အပြည့်အစုံချ၍ ပိတ်ထားသည်။ ပြတင်းပေါက်တွေလည်း ပိတ်နေကျ အကုန်ပိတ်လျက်သား ရှိကြ၏။ နောက်ဖေးကပတ်ပြီး ဈေးဆိုင်ထဲများ ရောက်နေသလားမသိဘူး။ မနက် (၃) နာရီလောက်ကြီး ဆိုင်ထဲ ဘာလို့ သွားရမှာလဲ. . . ဟူ၍ တိုင်ကပ်နာရီကို မော့ကြည့်ရင်း အတွင်း စကား ပြောလျက် အိမ်ရှေ့တံခါးမကြီးမှ ခေါက်တံခါးရွက်တစ်စုံကို ဖွင့်လိုက်သည်။ တံခါးပွင့်သွားလျှင် မီးထိန်အောင်ထွန်းထားသော ဈေးဆိုင်ကိုတွေ့ရသည်။ ဈေးဆိုင်သို့ ဝင်ပေါက်သစ်သားတံခါးသည် အာမခံသော့ ခလောက်ပိတ်လျက်သား ရှိနေသည်ကို ကြည့်ပြီး၊ သန်းဆိုင် အသက်ရှူ ကျပ်သွားသည်။ စန်းချို. . . စန်းချိုဘယ်ရောက်နေသလဲဟု ရင်ထဲမှ ဟစ်အော်ရင်း သူသည် ခြံထဲရှိ ပန်းပင်တွေ၊ သစ်ပင်တွေကြားမှာ ကုပ်ချောင်းချောင်းနှင့် လျှောက်သွားနေပြန်၏။ စန်းချို၏ အရိပ်အယောင် တစ်စွန်းတစ်စမျှ မရှိပါ။

သန်းဆိုင်သည် မောကြီးပန်းကြီးဖြင့် ခြံတံခါးဝသို့ ရောက်လာသည်၊ ခြံတံခါး သော့ပွင့်နေခြင်း မရှိ၊ သို့သော်. . . သော့ကို အတွင်းမှ မခတ်ဘဲ အပြင်ဘက်မှ ပြန်ခတ်ထားသည်။ သန်းဆိုင်သည် လူတစ်ရပ် လောက်မြင့်သော (၂) တစ်လက်မသစ်သားချောင်းတွေ ခပ်စိပ်စိပ် ရိုက်ထားသည့် ခြံတံခါးကို မှီလျက် ဒူးနှစ်ဖက်ပျော့ခွေပြီး လဲကျမသွား အောင် အားတင်းထားသည်။

သူထွက်သွားပြီ. . . သူထွက်သွားပြီ. . . စန်းချိုထွက်သွားပြီဟု စိတ်ထဲမှ မြည်တမ်းညည်းရှိုက်ကာ. . .၊ မာန်သွင်း၍ အိမ်ပေါ် ပြေးတက် ပြန်၏။ ညည့်ခန်းသို့အတက်က၊ သစ်သားခါးပန်းကို ခလုတ်တိုက်ကာ၊ လေးဖက်ထောက်ကြီးလဲကျသွားသည်။ ခလုတ်တိုက်လဲကျရသည်ကို စိတ်မှတ်မထားအားချေ။ အစိုးမရနိုင်သော၊ အမည်မဖော်နိုင်သော



လှုပ်ခတ်ဆူလောင်နေကြသည့် ဝေဒနာတွေဖြင့် သန်းဆိုင်သည် သူ၏ ခန္ဓာကိုယ်ကြီးကို အားယူ ထရပ်လိုက်၏။

"ဟေး-သားကြီးနဲ့ သားငယ် ထကြစမ်း၊ ထကြစမ်း"

သားနှစ်ယောက်၏ အိပ်ခန်းနံရံကို ခပ်ပြင်းပြင်းထုပုတ်ပြီးနောက် ခဏမျှမစောင့်နိုင်၍ အခန်းတံခါးကို လက်ဖနောင့်ဖြင့် တရစပ်ပုတ်ခတ်နေ ပြန်သည်။

"မိထူး. . . မိထူး၊ အရေးကြီးလို့ ထစမ်း မြန်မြန်ထ. . ."

အရင်ဆုံးသားတွေက အိပ်မှုန်စုံမွှားထလာကြသည်။ ပုဆိုးတိုတို ဝတ်လျက်၊ ဗလာကိုယ်လုံးကြီးမှာ ချွေးတွေရွှဲကာ. . .၊ မျက်နှာက ငိုတော့ မယောင်ဖြစ်နေသော ဖခင်ကို လူငယ်နှစ်ယောက် ကြောင်းအမ်းအမ်း ကြည့်ကြသည်။

"အဖေ. . . ဘာဖြစ်လို့လဲဟင်" ဟု သားကြီးက အသံအစ်အစ် ဖြင့် မေးသည်။

"မင်း-မင်းတို့အမေ မင်းတို့အမေစန်းချို မရှိတော့ဘူးကွ၊ ထွက်-ထွက်သွားပြီ၊ ငါတစ်ခြံလုံး လှည့်ပတ်ရှာကြည့်ပြီးပြီ. . .။ မတွေ့ဘူး ခြံတံခါးကိုလည်း အပြင်ကသော့ပြန်ခတ်သွားတယ်၊ သော့လည်း ဘယ်နား ထားခဲ့မှန်း မသိဘူး၊ ဒုက္ခပါပဲကွာ"

သန်းဆိုင်သည် ထိုင်နေကျကုလားထိုင်ပေါ်သို့ ကြိုးပြတ်လဲကျ သွား၏။

သားကြီးက၊ သူ့ဖခင်လေဖြတ်သွားပြီဟု ထင်မှတ်သည့်အလား၊ သန်းဆိုင်ကို ပြေးဖက်သည်။ သန်းဆိုင်က သူမျက်ရည်ကျသည်ကို သားကြီးမမြင်စေလိုသဖြင့် မျက်နှာကို ရင်ဘတ်နှင့် ဖိကပ်ထားရင်း၊ ရင်ခေါင်းသံအက်အက်နှင့် ညည်းတွားနေ၏။

"ဒုက္ခပါပဲ၊ ဒုက္ခပါပဲ. . .၊ ဒီမိန်းမ ဘာတွေစိတ်ရှုပ်ပြီးပေါက်သွားပြီ လဲမသိဘူး၊ ညကြီးမင်းကြီးလမ်းမှာ ပြဿနာတက်တော့မှာပဲ. . .၊

www.burmeseclassic.com

www.burmeseclassic.com



ဩ. . . ဒုက္ခ၊ ဒုက္ခ. . . ”

“ကျွန်တော်နဲ့အဖေနဲ့ ထွက်ရှာမယ်ဗျာ၊ ကောင်စီရုံးကိုလည်း ဝင်အကြောင်းကြားမယ်” ဟု သားကြီးကလည်း မချိတင်ကဲသံဖြင့် ပြောသည်။

သားငယ်နှင့် မိထူးတို့ကော. . . မျက်စိပေကလပ်နှင့် ငြိမ်သက်စွာ ရပ်နေကြလျက်။ သန်းဆိုင်ကိုသာစိုးရိမ်တကြီး ကြည့်နေကြ၏။

“မင်း. . . အမေက ခြံတံခါးကိုလည်း အပြင်က သော့ခတ်သွား တယ်ကွ၊ သော့လည်း ဘယ်ထားခဲ့မှန်းမသိဘူး၊ ဒုက္ခမှ အကြီးအကျယ် ဒုက္ခပဲ. . . ”

“သော့မရှိလည်း. . . တံခါးကို ဖျက်ရမှာပဲအဖေ၊ သူဘယ်အချိန် က ထွက်သွားလဲမသိဘူး၊ ဒီအချိန်. . . ဘတ်စကား မထွက်သေးတော့ သူ ဘတ်စကားဂိတ်နဲ့ ညလုံးပေါင်ဖွင့်တဲ့ ဈေးနားက လက်ဖက်ရည်ဆိုင်မှာ ပဲ ရှိမှာ. . . ”

သားကြီး၏ အဆိုပြုချက်ကို သူလက်ခံပါသည်။ သို့သော်. . . ယခုအခါ သန်းဆိုင်မှာ “ဝါဇီကရဏ” ခွန်အားဓာတ်ကုန်ခန်းသွားသူကဲ့သို့ လက်တွေ ခြေတွေပင် မလှုပ်ချင်အောင် နွမ်းချည့်နေလေသည်။ လမ်းမလျှောက်နိုင်ပဲ သူဘာသာ သူသိနေ၏။ သူ့ခန္ဓာမှ အဆီပြင်များ ကလည်း သူ့ကိုမောဟိုက်အောင် မောင်းနှင်နေကြ၏။

“အဖေ၊ အဖေ တစ်ရေးနိုးလို့. . . သူ့ဘက်လှည့်ကြည့်တော့မှ သူမရှိမှန်းသိတာ၊ အဖေတို့. . . ရန်လည်းမဖြစ်ကြပါဘူးကွာ၊ တီဗွီအတူတူ ကြည့်ပြီး အေးအေးဆေးဆေး အိပ်ရာဝင်ကြတာ. . . သားကြီးတို့လည်း အမြင်ပဲ. . . ၊ဟုတ်-ဒုက္ခပါလားနော်”

“အစ်ကိုကြီး ဒုက္ခကို ဘေးချိတ်ထားဦး အစ်မကြီး စန်းချို ဘာပစ္စည်းတွေယူသွားသလဲဆိုတာလည်း. . . ပြန်ကြည့်ဦးလေ”

အဆွဲ့အအလိုနေတတ်သော မိထူးက ဤနေရာမှာတော့



ဆီလျော်သည့်အကြံဉာဏ်ကို ပေးလာ၏။ သဘာဝကျတယ်၊ လက်တွေ့ ဆန်တယ်၊ လုပ်သင့်တယ်ဟု သန်းဆိုင်တွေးလိုက်သော်လည်း ပါးစပ်မှ မပြောဖြစ်။ သူ့စိတ်ထဲကတော့၊ စန်းချို လင်နောက်လိုက်ပြီဆိုကတည်းက ရွှေတွေ ငွေတွေ အကုန်မသွားမှာ သေချာသည်ဟု ယုံကြည်ပြီးသား ဖြစ်နေသည်။

“နင်-နင်တို့ပဲ အခန်းထဲဝင်ပြီး သေတ္တာတွေ၊ ဗီရိုတွေ ဖွင့်ကြည့်ကြ ပါတော့ဟာဟု၊ အစာနင်သံကြီးဖြင့် ပြောကာ၊ သန်းဆိုင်သည် မျက်နှာ ကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားလိုက်၏။ သားကြီးက အဖေအား နှစ်သိမ့်နေသည့် လက်များကို ဖယ်ပြီး ထရပ်သည်။ ထိုနောက် သူတို့ တူဝရီးသုံးယောက်. . . အိပ်ခန်းထဲသို့ဝင်သွားကြသည်။

သန်းဆိုင်သည် မရှိုက်မိအောင် စိတ်ကို ပင်ပန်းကြီးစွာ ချုပ်ထိန်း နေသော်လည်း မျက်နှာကိုကာအုပ်ထားသည့် လက်ချောင်းတွေကြားထဲ ကနေ. . . မျက်ရည်စီးကြောင်းတွေ တစိမ့်စိမ့် ယိုထွက်လာကြသည်။ လှည့်စားနိုင်ပါပေ့ စန်းချိုရယ်. . . ၊ လှည့်စားနိုင်ပါပေ့. . . ၊ နင် ပညာ သားပါပါနဲ့ ငါ့ကို ချာလပတ်လည်အောင် လုပ်ပစ်လိုက်တာကိုး. . . ၊ ပစ်စာချတဲ့ကောင်ကို နင်သိတယ်။ သိလို့လည်း တစ်နည်းနည်းနဲ့ စည်းရုံးပြီး ဒုတိယပစ်စာရေးခိုင်းပြီးတော့ နင့်အပေါ် သံသယကင်း အောင် ကြံစည်တယ်။ နင့်ကို ငါယုံကြည့်လောက်ပြီဆိုတော့မှ အပိုင်ခုန် ထွက်သွားတော့တာပါလား. . . ၊ နင်. . . လူမဆန်ဘူး စန်းချို၊ နင်ဟာ တိရစ္ဆာန်တစ်ပိုင်း မိန်းမရိုင်းဖြစ်သွားပြီ၊ ငါ့အသည်းကို ဟက်တက်ကွဲ အောင် ခွဲတယ်။ သားတွေမျက်နှာငယ်ရအောင် အရှက်ခွဲတယ်၊ အခြေ ကျ နိုင်မာနေတဲ့ အိမ်ထောင်ရေးကို ဖြိုခွဲတယ်၊ နင်ဟာ တမ်းကုန်အောင် ရောစက်တဲ့ မိန်းမအဖျက်သမားကြီးပဲ. . . ဟူသော ဗျာပါဒ အတွေးများ နှင့်အတူ သန်းဆိုင် တသိမ့်သိမ့် ရှိုက်နေတော့သည်။

အိပ်ခန်းထဲတွင်တော့. . . တူဝရီးသုံးယောက် စကားအုပ်အုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပစ္စည်းတွေ မွှေနှောက်နေကြသံ၊ ဂျိုးဂျိုးဂျောက်ဂျောက်တွေ ထွက်ပေါ်လျက်ရှိ၏။ သေတ္တာကို ကြမ်းပေါ်မှာ အလျင်စလို တရွတ်တိုက် ဆွဲသံကလည်း တဂျီးဂျီးမြည်သည်။ ဇီရိုတံခါးဖွင့်သံ၊ ပိတ်သံ၊ ဗီရိုအံဆွဲ ဆောင့်ပိတ်သံတွေလည်း ဂျိန်းဂျိန်းဒေါင်းဒေါင်း ညံနေကြလေသည်။

(၁၅) မိနစ်ခန့်ကြာတော့ သုံးယောက်သား ခွေးတလုံးလုံး မျက်နှာတွေ ခက်ထန်တင်းမာလျက် ပြန်ထွက်လာကြ၏။

"လက်ဝတ်လက်စားတွေ ဘာတစ်ခုမှ မတွေ့တော့ဘူး၊ ပိုက်ဆံဆိုလို့လည်း ဈေးဆိုင်ပိုက်ဆံသေတ္တာကလေးထဲက ငွေနှစ်ထောင်ကျော်ပဲ ကျန်တော့တယ်၊ အဝတ်အစားတော့ များများပါမသွားဘူး၊ နောက်ဆုံးချုပ်တဲ့ အသစ် ၄/၅ စုံလောက်ပဲ ယူသွားပုံရတယ်၊ ခေါက်ထီးအသစ် ယူသွားတယ်၊ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေလည်း လျော့နေတယ်၊ မစီးသေးဘဲ သိမ်းထားတဲ့ ဒေါက်ဖိနပ်အသစ် မရှိတော့ဘူး၊ လက်ကိုင်ပဝါတွေလည်း အများကြီးယူသွားပုံပဲ"

မိထူးက ဒေါသသံဖြင့် အစီရင်ခံနေသည်ကို သူငိုထားမှန်းသိမှာဆိုးသော သန်းဆိုင်က မျက်နှာကြီး ငုံ့လျက်နားထောင်ရင်း... တစ်အိမ်လုံးသာမယူသွားပါတော့ စန်းချိုရယ်... ဟု မြည်တမ်းခံစားမိရာမှ ကျယ်လောင်စွာ ရှိုက်ငင်လိုက်တော့၏။

"ငိုမနေပါနဲ့ အဖေရာ...၊ တစ်ချိန်ကျရင် အမေကောင်းကောင်းကြီး နောင်တရမှာပါ" ဟု သားကြီးက မျက်ရည်ဝဲလျက် ပြောသောအခါ သားငယ်တလည်း...

"အမေ့ကို လိုက်ရှာကြမယ်ဗျာ၊ တော်ကြာ... လမ်းမှာ ရွှေတွေ ပိုက်ဆံတွေ အလုခံနေရဦးမယ်" ဟု စိတ်မရှည်သံကလေးဖြင့် ဝင်ပြောပြန်သည်။

"ရဲစခန်းကို တိုင်ပါလားအစ်ကိုကြီး" ဟု မိထူးက ပြောစဉ် သန်းဆိုင် စိတ်ဒုက္ခကြားတနေ ကျွဲမြီးတိုလာ၏။



"ကိုယ်မိန်းမလင်ငယ်နောက်လိုက်တာ ရဲသွားတိုင်မယ့်အစား ငါ့မျက်နှာပဲ မားနဲ့ပြန်လှီးမယ်"

"ပြောနေကြာတယ်အဖေ၊ ကားဂိတ်တို့ ဈေးတို့ဘက်လိုက်ကြည့်ရအောင်" ဟု ဆိုပြီး သားကြီးက သူ့ဒူးတစ်ဖက်ကိုလာလှုပ်သောအခါ သန်းဆိုင် ခေါင်းခါသည်။

"အဖေ ခေါင်းတွေတအား ကိုက်နေတယ်၊ အဖေမလိုက်နိုင်ဘူး၊ သားတို့ညီအစ်ကိုနှစ်ယောက်ပဲ သွားရှာကြကွာ...၊ တွေ့ရင် အဖေ တက်ပြီး သတိလစ်သွားလို့ ဆရာဝန်တင်ဆန်းဦးကို ခေါ်ထားရတယ်လို့ ပြော၊ မင်းတို့သွားရင်... ဘေးဆီးရန်ကာ... အိမ်ကဝါးရင်းတုတ်တစ်ချောင်းစီ ကိုင်သွား၊ သားကြီး... ရုံးတွေဘာတွေ တိုင်မနေပါနဲ့ကွာ၊ ကိုယ့်အထုပ်ကိုယ် ဖြေပြရာကျမယ်...၊ ကိုယ့်ပြဿနာကိုယ်ရှင်းတာကောင်းတယ်...၊ ဟင်း... ဒုက္ခမှ အတုံးလိုက်အတစ်လိုက် ပါလားနော်"

သားကြီးနှင့် သားငယ်တို့ အဝတ်အစားအမြန်လဲ၊ လက်နှိပ်ဓာတ်မီးနှင့် ဝါးရင်းတုတ်တွေ ယူပြီး အိမ်ပေါ်မှ ဆင်းသွားကြသည်။ ခြံတံခါးဖျက်သံကြားရပြီးနောက်၊ အသံဗလံတွေ တိတ်ဆိတ်သွားတော့၏။ တိတ်ဆိတ်ငြိမ်သက်သွားခြင်းကြောင့် အားငယ်စိုးရွံ့စိတ်ဖြင့် ချောက်ချားတုန်လှုပ်လာကာ သန်းဆိုင်မှိတ်ထားသည့် မျက်လုံးတွေ ဖွင့်၍ မျက်နှာကို မော့လိုက်သည်။

မျက်နှာသုတ်ပဝါကို ကိုင်လျက် မျက်ရည်တွေ ရစ်ဝဲကာ၊ သူ့ရှေ့မှာ ရပ်ရင်း သူ့ကို စိုက်ကြည့်နေသော မိထူးကို တွေ့မြင်လိုက်ရလျှင် ရှတ်တရက်တော့ မိထူးကို အခုမှပဲ တွေ့ဖူးသလိုထင်ယောင်ခံစားမိ၏။ စစ်စစ်... မိထူးကိုစသိကတည်းက ယနေ့ထက်ထိ မိထူး မျက်ရည်ဝဲခြင်း ငိုယိုခြင်းတို့ကို သန်းဆိုင် မတွေ့ဖူးခဲ့ပါ။ ငယ်စဉ်က မိထူးအမှားအယွင်း တစ်ခုခုလုပ်မိ၍ စန်းချို လက်ဝါးကြမ်းကြီးဖြင့် နားထင်နားရင်းတွေ "အုပ်"

www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း မိထူးက ကြိတ်မှိတ်ခံတတ်သည်။ မညည်းတွား၊ အသံမထွက်၊ မျက်ရည်မကျတတ်။ ယခု. . . မိထူး မျက်ရည်ဝဲကာ. . . ငိုလုလုဖြစ်နေပုံက. . . သန်းဆိုင်၏ ရင်အုံကို ခပ်ဖွဖွထုနှက်လိုက်သလို ဖြစ်သွားလေသည်။

"အစ်ကိုကြီး. . . မျက်ရည်တွေသုတ်ပစ်လိုက်စမ်းပါ၊ ငိုမနေပါနဲ့တော့. . ." ဟု ပြောရင်း မိထူးက မျက်နှာသုတ်ပဝါ လှမ်းပေးစဉ် သန်းဆိုင်က သက်မကြီးဟည်းခနဲချရင်း မျက်နှာသုတ်ပဝါကို လှမ်းကိုင်သည်။ သူ့လက်တစ်ဖက်က မိထူး၏ လက်တစ်ဖက်ကို ဆုပ်ကိုင်လျက်သား ဖြစ်သွားပြီး လွှတ်လိုက်ရမည့်အစား. . .၊ ယောင်ယောင်ကန်းကန်းနှင့် ပို၍ တင်းစွာဆုပ်ထားလိုက်မိတော့သည်။ မိထူးကလည်း ရုန်းဖယ်လိုက်ဖို့ မေ့နေသယောင်ယောင်. . .။

"လူကြားလို့မှ ကောင်းကြသေးရဲ့လား မိထူးရာ. . . ဟင်. . .၊ ငါ့မျက်နှာကြီး ဘယ်မှာသွားထားရပါ့မလဲ. . . နင်တို့လည်း မျက်နှာမပူကြဘဲနေမလား. . .၊ နင့်တူတွေဆို လူပျိုကလေးတွေ. . . အရမ်းရှက်ကြမှာပဲ. . . တော်တော်မိုက်ကန်းတဲ့မိန်းမ. . . ဟင်း-ဟင်း"

စိတ်မာန်တင်းသော်လည်း သန်းဆိုင်သည် ရင်ထဲမှာ ဆို့ဗိုက်တင်းကျပ်လာပြီး အသံအက်ကြီးနှင့်သာ ငိုမိပြန်လေသည်။ သူ့လက်ကတော့ နွေးနေသောမိထူးလက်ကို မလွှတ်။ မိထူးက မရုန်း။ မီးရောင်ဖြင့် မျက်ရည်တွေ ရွှဲစိုတောက်လက်နေသော ပုံပန်းရွှဲ့စောင်းနေသည့် မျက်နှာကြီးကိုသာ ပြူးကြောင်ကြောင် ငုံ့ကြည့်နေ၏။

"ဒီပြဿနာကြီးနဲ့. . . ငါမျက်နှာပြောင်တိုက်ပြီး ဆိုင်မှာ ဘယ်လိုလုပ်ပြီး ကွမ်းယာထိုင်ရောင်းလို့ရမှာလဲ မိထူးရယ်"

သန်းဆိုင်က မငိုမိအောင် အသက်ကို တစ်ဝကြီး ပြင်းပြင်းရှူသွင်းပြီး မျှင်း၍ မျှင်း၍ ပြန်ရှိုက်ထုတ်လိုက်သည်။ ထိုအချိန်မှာ မိထူးက သူမ၏ လက်ကို ဖြည်းညင်းစွာ ဆွဲထုတ်၏။



"ရွာမှာ အမေနေမကောင်းလို့ အစ်မကြီး ညတွင်းချင်း ရွာကို လိုက်သွားရတယ်လို့ ပတ်ဝန်းကျင်ကို အသံလွှင့်ထားလိုက်မယ် အစ်ကိုကြီးသန်းဆိုင်"

ထုံပေပေ အူတူတူနှင့်ခယ်မအပျိုကြီး၏ လုံးဝန်းသော ဦးခေါင်းထဲ၌ ဤသို့သော ဖြတ်ထိုးဉာဏ်ကလေးတွေ ရှိနေပါလား. . . ဟု တွေးပြီး သန်းဆိုင်က မိထူးကို စူးစူးရဲရဲ မော့ကြည့်လိုက်သည်။ မိထူးက နောက်ဆုတ်ပြီး ရပ်၏။

"ဟိုစာထဲမှာပါတဲ့. . . ကုလားဒိန်နောက်လိုက်သွားတာပဲ ဖြစ်ရမယ်၊ ကုလားက လူပျိုမှန်း လူအိုမှန်းလည်း မသိ၊ အစ်မကြီးစန်းချို. . . ရှုးများရှူးသွားသလားမသိပေါင်တော်၊ အဖေသာ မသေသေးလို့ ဒီလိုသတင်း ကြားရင် အစ်မကြီးကို ဓားနဲ့လာခုတ်သတ်မှာ၊ ဒီကိစ္စ ရွာက မသိအောင် ဖုံးဖိထားရဦးမယ်အစ်ကိုကြီးသန်းဆိုင်. . .၊ အစ်ကိုသာထူးက အဖေ့ထက် ဆယ်ပြန်ဆိုးမှာ. . .၊ သူက ထောင်ကလွတ်တာ ဘာမှ မကြာသေးဘူး၊ သူကြားရင် ဓားဆွဲပြီး အစ်မကြီးစန်းချိုကို မြေလှန်ရှာတော့မှာ. . ."

မိထူးတစ်ယောက်၊ ဤမျှ ဤမျှ စကားတံရှည်ရှည် လေအေးအေးနှင့် ပြောပြသည်ကို တစ်ခါမှ မကြာဖူးခဲ့၍ သန်းဆိုင် တအံ့တဩနှင့် ငေးပြီးနားထောင်လျက်ရှိ၏။ မိထူးပေးသော မျက်နှာသုတ်ပဝါကြီးနှင့်လည်း မျက်ရည်ခြောက်သွေ့ပြီဖြစ်သည့် သူ့မျက်နှာကို ထပ်တလဲလဲ ပွတ်နေသည်မှာ မျက်နှာအရေခွံတွေ ခွာရန် ကြိုးစားသည့်နှင့်ပင် တူနေလေ၏။

"သူ့ကိုသတ်ရင် သတ်တဲ့သူပဲ အပြစ်ဒဏ်ထိမှာ မိထူး၊ သူကျူးလွန်တဲ့ပြစ်မှုကတော့ ပပျောက်သွားမှာမဟုတ်ဘူး"

"အင်း. . ."

" သင်းအပြစ်က. . . ယောက်ျားနောက်လိုက်ပြေးတဲ့ အပြစ်တင်

www.burmeseclassic.com

www.burmeseclassic.com



မကဘူး ရှိသမျှ ရွှေတွေခိုးသွားတယ်၊ ငွေတွေ ယူသွားတယ်၊ လင်မယား အတူရှာတဲ့ ပစ္စည်းမို့ သူယူမယ်ဆိုရင် တစ်ဝက်ပဲ ယူသင့်တယ်မဟုတ်လား မိထူး"

"အင်း"

သန်းဆိုင်သည် မိထူးနှင့် တစ်ယောက်ချင်း ဤသို့စကားကြော ရှည်ရှည်ပြောဖူးခဲ့သည်မဟုတ်ပေ။ ယခုအချိန်တွင်ကား. . . သူသည် မိထူး၏ ဆွဲဆောင်မှုကင်းမဲ့သော မျက်နှာကို စိုက်ကြည့်ရင်း၊ စကားပြောလို စိတ်တွေ ပြင်းထန်လှုပ်ခတ်နေသည်။ စကားပြောနေရခြင်း၌လည်း သာယာကြည်နူးသလိုလိုနှင့် သောကတွေကို မေ့လျော့နေတော့သည်။

သန်းဆိုင်က သူ့လက်ညှိုးကို မိထူး၏ ရင်ညွန့်ဆီသို့ ချိန်ရွယ်လိုက်၏။

"ဒီမယ်. . . မိထူး စဉ်းစားကြည့်စမ်း၊ ပျိုပျိုရွယ်ရွယ်ဆိုရင်တော့ ထားပါတော့၊ စန်းချိုရဲ့အသက်အရွယ်ကို ဘယ်ယောကျ်ားက မက်မောတွယ်တာမှာလဲ၊ ဘယ်ခွေးသူတောင်းစားက သစ္စာရှိရှိ ကြင်နာမြတ်နိုးမှာတဲ့လဲ. . .၊ အဲ. . , သင်း တို့ မက်မှာက စန်းချိုဝတ်ထားတဲ့ ရွှေတွေ၊ ဖောင်းကားနေတဲ့ စန်းချိုချိုင်းကြားက ပိုက်ဆံအိတ်ကြီး၊ ဒါတွေကိုပဲ မက်မှာ၊ အဲဒီရွှေတွေကို ချူစားပြီးတာနဲ့ စန်းချိုကို စုတ်ပြီးသား ကြံဖတ်လို လွှင့်ပစ်လိုက်တော့မှာပေါ့ မိထူးရာ၊ မဟုတ်ဘူးလား. . ."

"အင်း"

မိထူးသည် ကုလားထိုင်အလွတ်တွေရှိသော်လည်း ကုလားထိုင်ပေါ်မှာ မထိုင်တတ်သကဲ့သို့ နံရံကို မှီပြီး ကြမ်းပေါ်မှာ ငုတ်တုတ်ထိုင်ကာ ဒူးတစ်ဖက်ပေါ် လက်တစ်ဖက်ထောက်၍ လက်ဝါးတစ်ဖက်ဖြင့် မေးစေ့ကိုမထားသည်။ မျက်လုံးကြီးတွေကလည်း ကြမ်းပြင်ပေါ်သို့ ထွက်ကျမတတ် ငုံ့စိုက်ငေးကြည့်နေ၏။ မိထူးကိုကြည့်ရင်း သန်းဆိုင်မှာ စန်းချို၏ရုပ်သွင်ကို တရေးစပ်မြင်ယောင်နေမိသည်။ ညီအစ်မအရင်းပီပီ



စန်းချိုနှင့် မိထူးတို့က ရုပ်သွင်သဏ္ဌာန် အတော်ဆင်သည်။ အရွယ်အစား အကြီးအသေးသာ ကွာသည်။ ယခု အသက် (၃၀) အရွယ် မိထူးသည် စန်းချိုအသက် (၂၀) တုန်းက ကိုယ်လုံး အဆက်အပေါက်မျိုးပင် ဖြစ်သည်။

သန်းဆိုင်က မျက်ရည်မကျဘဲ. . .၊ မျက်ရည်သုတ်သကဲ့သို့ ပဝါဖြင့် မျက်လုံးတွေကို ခပ်ဖွဖွတို့နေလိုက်ပြန်သည်။

"အဟင်း. . . ဟင်း-မိုက်လိုက်တဲ့မိန်းမ၊ မိုက်လိုက်တဲ့မိန်းမ၊ ငါ ဒီလိုခြံခုန်ထွက်သွားရင် နောက်ပိုင်းကလူတွေ ဘယ်လိုဖြစ်ကျန်ရစ်ခဲ့ကြမယ်ဆိုတာကို မစဉ်းစားဘူး. . .၊ ဒီပြဿနာကြီးနဲ့ ငါ ဆိုင်မှာ ဘယ်လိုဈေးထိုင်ရောင်းရမှာလဲ မိထူးရယ်. . .၊ ငါ သိပ်ရှက်တယ်. . .၊ ရှက်လွန်းလို့ သေ-သေတောင် သေ-သေချင်မိပါရဲ့ဟာ. . ."

သန်းဆိုင်စကားလုံးတွေ ထစ်ငေါ့၊ အသံအက်၊ မျက်နှာကြီးက ငိုလုဆဲဆဲ မဲ့ရှုံ့လာသောအခါ၊ မိထူးလည်း ငိုနေရာမှ ထရပ်သည်။ သန်းဆိုင်အနီးသို့ တိုးကပ်လာသည်။

"အစ်ကိုကြီးသန်းဆိုင် မရောင်ချင်လည်း. . , နေမကောင်းလို့ ဆိုပြီး အိမ်ပေါ်မှာပဲနေပေါ့တော်. . .၊ ကျွန်မတို့ တူဝရီးတွေ တစ်လှည့်စီ ရောင်းမှာပေါ့၊ အစ်မကြီး စန်းချို သူ့ဘာသာ ထွက်သွားတာ အရေးမကြီးဘူး၊ ဈေးရောင်းတော့ အပျက်ခံလို့မဖြစ်ဘူး. . .၊ ဆိုင်ကရနေတဲ့ ဝင်ငွေမျိုး တော်ရုံတန်ရုံ ရှာလို့ရနိုင်တာမှ မဟုတ်ဘဲ"

သန်းဆိုင်က မိထူးကို အလန့်တကြား မျက်လုံးတွေဖြင့် မော့ကြည့်ပြီး တစ်နေရာရာသို့ ထသွားတော့မည့်ဟန်မျိုး ထရပ်သည်။ ပြီး၍ မျက်နှာသုတ်ပဝါကို မိထူးပခုံးတစ်ဖက်ပေါ် လှမ်းတင်လိုက်ပြီး သွေ့ခြောက်ခြောက်ဆို့နစ်နစ်အသံကြီးဖြင့်. . .

"မိထူးတို့ ကောင်းမယ်ထင်သလိုသာ ကြည့်လုပ်ကြပါတော့ဟာ. . .၊ အစ်ကိုကြီးတော့ ခေါင်းမီးတောက်ပြီး ဘာကိုမှ စဉ်းစားလို့မရ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ခေါင်းတင်မကဘူး၊ တစ်ကိုယ်လုံး မီးတောက်နေတာ. . . . အံ့မယ်လေး နေရင်းထိုင်ရင်း ရင်တောင်ပူလာသလိုပါလား မိထူးရယ်" ဟု ပြောကာ ကုလားထိုင်ပေါ်သို့ လူမမာကြီးတစ်ဦးပမာ ယိုင်နဲ့နဲ့ ပြန်ထိုင်ချ၏။ စိတ်ထဲမှ ခံစားရသည်ကို နှုတ်ဖြင့် လိုသည်ထက်ပိုပြီး ဖွင့်ဟလိုက်သောအခါ ဝေဒနာတိုးပွားသွားသည့်နှယ်. . . သန်းဆိုင်မျက်ရည် ပေါက်ပေါက်ကျလာလေသည်။

မိထူးက မျက်နှာသုတ်ပဝါလှမ်းပေးပြန်သည်။ သည်တစ်ခါလည်း သန်းဆိုင်က မိထူးလက်တစ်ဖက်ကို ဆုပ်ထားလိုက်ပြန်သည်။ လက်နှစ်ဖက်စလုံး တုန်ယင်နေကြမှန်းကို နှစ်ယောက်စလုံး သတိပြုမိဟန်မရှိ။

"မိ. . . မိထူး၊ အစ်-အစ်ကိုကြီးကို သောက်-သောက်ရည်တစ်-တစ်ခွက်လောက်"

xxx xxx xxx
xxx xxx xxx

အမေရှာပုံတော်ခရီးဆန့်ခဲ့ကြသော သားနှစ်ယောက်သည် နံနက်ခင်းအရုဏ်ရောင်နီလာလုလု အချိန်ကျမှပင်. . . ကိုယ်စီခေါင်းငိုက်စိုက်ဖြင့် ပြန်ရောက်လာခဲ့ကြ၏။ သူတို့သည် မြို့တစ်ခွင်လုံး ပြိုပြိုစင်အောင် မိုင်ပေါင်းများစွာ လှည့်လည်စူးစမ်းနေခဲ့ကြ၏။ ပါးစပ်မှလည်း မိခင်၏ ပုံသဏ္ဍာန်နှင့် ခရီးဆောင်သားရေအိတ်အမျိုးအစား၊ အရောင်အသွေးကို ဖော်ပြ၍ လမ်းသွားလမ်းလာတို့ထံ၌ မေးမြန်းခဲ့ကြ၏။ မီးရထားဘူတာရုံရှိ ညဘက်တာဝန်ကျ ဝန်ထမ်းအချို့ထံမှာလည်း ချဉ်းကပ်စုံစမ်းခဲ့ကြ၏။ ညလုံးပေါက် မိုးအလင်းဖွင့်သော လက်ဖက်ရည်ဆိုင်မှာလည်း လက်ဖက်ရည်မသောက်ချင်ဘဲ ဝင်သောက်ကြရင်း စားပွဲထိုးထံ တီးခေါက်ကြည့်ခဲ့ကြ၏။ ညဈေးတစ်ပိုက်မှာ ကျက်စားနေတတ်သော လေလွင့်စိတ္တဇ



ဝေဒနာရှင်ကြီးကိုပင် လူကောင်းထင်ပြီး မေးမြန်းအကူအညီ တောင်းခဲ့ရာ. . . အရူးကြီး တောင်ဝှေးကိုမြှောက်ရွယ်ပြီး. . .

"မိန်းမ၊ မိန်းမ. . . မိန်းမဆို ဘယ်မိန်းမမှမသိဘူးကွ၊ ငါ့ကို မွေးထုတ်လိုက်တဲ့သူတောင် မိန်းမမဟုတ်ဘူး၊ ငါ့အဖေက သူ့ဗိုက်ခွဲပြီး မွေးတာ၊ လာမရှုပ်နဲ့၊ သွားကြစမ်း- သွားကြစမ်း" ဟု ဝေါက်ထုတ်သဖြင့် အမြန်ရှောင်တိမ်းခဲ့ကြရ၏။

သားနှစ်ယောက်တို့ စိတ်နှလုံးညှိုးချုံးစွာ အိမ်ပြန်ရောက်ချိန်၌ သန်းဆိုင်သည် ဘုရားစင်ရှေ့ ဖယောင်းပုဆိုးကောဇောပေါ်တွင် ခေါင်းအုံးမပါ၊ ဖျာမခင်းဘဲ လာက်မောင်းနှစ်ဖက်ပေါ် မျက်နှာအပ်လျက် အားလျားမှောက်ကြီး လူသေကောင်လို လဲကျနေသည်။ အသက်ပြင်းစွာ ရှူနေသဖြင့် သူ့ကျောကုန်းကြီးကို ဖားခုံညင်းတစ်ကောင် အန္တရာယ်တွေ့သကဲ့သို့ ဖောင်းချည်၊ ပိန်ချည်ဖြစ်နေမှန်း. . . ဂရုစိုက်ကြည့်မှ တွေ့နိုင်လိမ့်မည်။

"မတွေ့ခဲ့ဘူးမဟုတ်လား" ဟု မိထူးက ဆီးမေးသည်ကို သားငယ်ပြည့်ဖြိုးအောင်က မျက်နှာကလေး ရှုံ့မဲ့ကာ ခေါင်းတယမ်းယမ်း ခါသည်။ သားကြီး မိုးကျော်အောင်ကမူ အေးစက်ခက်ထန်နေသည့် မျက်နှာထားဖြင့် ကုလားထိုင်မှာ ခြေပစ်လက်ပစ် ထိုင်ချသည်။ ပြီးလျှင် မျက်နှာမော့၍ ကျယ်လောင်စွာ သက်ပြင်းမှုတ်လိုက်လေသည်။

"မသမာတဲ့နည်းနဲ့ ခိုးကြောင်ခိုးဝှက် ထွက်သွားချင်တဲ့သူဆိုတော့ ကြိုတင်ပြီး ပိရိအောင် ကြံစည်ထားမှာပေါ့ကွာ၊ အိမ်က ထွက်ပြီဆိုတာနဲ့ သင်းက ခြေရာဖျောက်ပြီးသားပဲ၊ ခြေရာလည်းပျောက်. . . ရှေ့လည်းနောက်ဆိုတဲ့ စကားလိုပါပဲကွာ. . . အဟင်း"

သန်းဆိုင်က မျက်နှာမှောက်လျက်ကနေ ချွဲအောင်းနေသော မီးနေသည် မိန်းမသံမျိုးဖြင့် ညည်းပြော ပြောသည်။ ကျန်သုံးယောက်တာတော့ ငူငိုင်ငိုင် နှုတ်ဆိတ်နေကြ၏။ တစ်ယောက်မျက်နှာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဝံ့ကြသလို၊ တစ်နေရာဆီသို့သာ ကြည့်နေကြရှာတော့၏။

"သားကြီးနဲ့ သားလေး. . . ရေ၊ မင်းတို့အမေ သူတော်ကောင်း မကြီး လူ့ပြည်မှာ မရှိတော့ဘူးလို့ပဲ မှတ်လိုက်ကြပါတော့ကွာ. . . (ဟီးဟီး)။ ဆိုင်လုပ်ငန်းကိုတော့ ပုံမှန်အတိုင်း ဆက်လုပ်ကြပါ။ ဘယ်သူ မေးမေး. . . ဝက်လူးက မင်းတို့အဘွားနေမကောင်းလို့ မင်းတို့အမေ သွားပြီး ပြုစုနေတယ်လို့သာ ဖာထေးပြီး ပြောလိုက်ကြပါတော့၊ မင်းတို့ ဒေါ်လေးမိထူးရဲ့ စကားကို နားထောင်ပြီး ဟန်မပျက်သာ နေသွားကြကွာ၊ အဖေ အဖေတော့ (ဟီးဟီး) လူပုံအလယ်မှာ မျက်နှာမပြဝံ့တော့ဘူး၊ မေးရင်. . . အဖေလည်း ဖျားနေတယ်လို့သာ ဖုံးဖုံးဖိဖိ ပြောကြပေတော့ ဟေ့. . .၊အင်း. . . ဒုက္ခ. . . ဒုက္ခ"

သန်းဆိုင်က မှောက်လျက် ငိုနေစဉ် မိထူးကလည်း သူ့ပခုံးပေါ် မှာ ဘယ်အချိန်က ပြန်ရောက်နေမှန်း မသိသော [စောစောက သန်းဆိုင် မျက်ရည်သုတ်သည့်] မျက်နှာသုတ်ပဝါဖြင့် မျက်နှာကို အုပ်လိုက်ပြီး၊ မိုးကျော်အောင်က မော့ထားသော မျက်နှာကို ငုံ့ပစ်လိုက်ကား ပြည့်ဖြိုး အောင်က အိမ်အောက်သို့ ဆင်းသွားလေသည်။

xxx xxx xxx

xxx xxx xxx

တစ်မနက်ခင်းလုံး မိုးမျက်ရည်စွေခဲ့ပြီးသော်. . .၊ မွန်းလွဲနာရီ ပြန် (၂) ချက်တီးတွင် သန်းဆိုင်သည် ဇနီးသူတစ်ပါးနောက်သို့ ကောက် ကောက်ပါအောင် ရွှေငွေတွေ အကုန်ယူ၍ လိုက်ပြေးသည့်အရေးအခင်း အတွက်. . . ဝမ်းနည်းခြင်းအထိမ်းအမှတ် အခမ်းအနား ကျင်းပလေ၏။

အခမ်းအနားကျင်းပမည့်နေရာမှာ သူ့အိမ်မှ မီးဖိုဆောင်အတွင်း ရှိ ထမင်းစားစာပွဲမှာဖြစ်သည်။ အခမ်းအနားသို့ ဖိတ်ကြားခံရသူ မရှိဘဲ



အခမ်းအနားကျင်းပသည့် ပုဂ္ဂိုလ်တစ်ဦးတည်းသာ တက်ရောက် ဆင်နွှဲ သည်။ စားပွဲပေါ်တွင် "ဂရင်းရှိုင်ရယ်ဝီစကီ" လေးထောင့်ပုလင်းကြီး တစ်လုံးကို ခံ့ညားစွာ နေရာချထားသည်။ ပုလင်းဘေးတွင်၊ စတီးမတ် ခွက်ဖြင့် ထည့်ထားသော သောက်ရေတစ်ခွက်၊ ဧည့်သည်လာလျှင် အသုံးပြုသည့် လက်ကိုင်ပါသည့် ကိုင်းဖန်ခွက်ကြီးတစ်ခွက်၊ ကြွေပန်းကန် ငယ်တစ်ချပ်ဖြင့် ထည့်ထားသော နီနီရဲရဲအကောင်တုတ်တုတ် ပုစွန် ခြောက်ကြီးများကို တွေ့ရပြီး အခမ်းအနား ဦးစီးကျင်းပသူသည် ပုဆိုး အဟောင်းကြီးဝတ်လျက် အကျီမဝတ် ဗလာကိုယ်လုံးကြီးဖြင့် စားပွဲဘေး မှာ၊ ဖင်ထိုင်ခုံပုကလေးတစ်ခုံဖြင့် ဒူးနှစ်လုံးထောင်၍ ထိုင်လျက်ရှိ၏။ [ယုတ္တိရှိရှိ အယုံသွင်းနိုင်ရန် သန်းဆိုင်သည် ဆိုက်ကားသမားကလေး ရန်ပိန် (ဝါ) ရန်ပိုင်အား လက်တို့ခေါ်၍. . .၊ ငါ့ရေချိုးမှား အအေးပတ်ပြီး ဖျားချင် သလိုလို ဖြစ်နေတယ်။ ဒီလိုဖြစ်ရင် ငါက သွေးဆေးနဲ့ အရက်ရော သောက်ရင် ပျောက်တယ်။ နတ်စင်မှာ ကိုကြီးကျော်အတွက် စန်းချိုဆက် ထားတဲ့ အကောင်းစား အရက်မျိုးတစ်ပုလင်းလောက် ဝယ်ပေးစမ်းကွာ၊ ဘယ်သူ့မှတော့ လျှောက်မပြောနဲ့နော်. . .၊ မင်းကို ဆိုက်ကားခအပြင် မင်း ညနေ ဘီအီးသောက်ဖို့ တစ်ပုလင်းဖိုး သတ်သတ်ပေးမယ်၊ ဟုတ်ပြီ လား. . . ဟု ညှိနှိုင်းလိုက်သောအခါ ရန်ပိန်ကလည်း သန်းဆိုင်ကို ကြည့်၍. . . ဟုတ်တယ်။ ခင်ဗျားဖျားနေပြီ၊ ခင်ဗျားမျက်လုံးကြီးတွေ နီပြီး နှာသံတွေပါနေတယ် ဟု ပြော၏။ သန်းဆိုင် ငိုယိုထားခြင်းကြောင့် မျက်စိနီ နှာသံပါနေမှန်း ရန်ပိန်မသိ။ မည်သို့ဆိုစေ. . .၊ ရန်ပိန်သည် သန်းဆိုင်၏ အခမ်းအနားဖြစ်မြောက်ရေးကောက်မတီမှ တစ်ဦးတည်း သော အဖွဲ့ဝင်ရာထူးရရှိသွားတော့သည်]

အိမ်ထဲတွင် သန်းဆိုင်မှလွဲ၍ ဘယ်သူမျှမရှိ။ ဆိုင်မှာမိထူးထိုင် နေပြီး လူငယ်နှစ်ယောက်မှာ စိတ်နောက်ကျိညှိုးနွမ်းနေကြသော်လည်း ပတ်ဝန်းကျင်က သူတို့အတွင်းရေးကို မရိပ်မိအောင် ကျောင်းသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



သူသွား၊ အလုပ်ဆင်းသူက ဆင်းနေသည်။ စန်းချို၏ အရိပ်အယောင်ကို မတွေ့၍ မေးမြန်းလာသူများကို စကားအပြောဖြိုးဖြဲချွဲတာတတ်သူ မိထူးခမျာ. . .၊ စိတ်ရှည်လက်ရှည် အစီရင်ခံနေရလေသည်။ [ကျွန်မတို့ အမေ. . . အသည်းအသန်ဖြစ်လို့ ညက ကျွန်မအစ်ကိုလာခေါ်တာနဲ့ အစ်မကြီးစန်းချိုရွာကို လိုက်သွားရတယ်] ဟူသော ဝါကျကို ယနေ့ မိထူး ဘယ်နှကြိမ်ဘယ်နှခါ ပြောမိမှန်းပင် မမှတ်မိနိုင်တော့။

သန်းဆိုင်၏ ဝမ်းနည်းခြင်းအထိမ်းအမှတ်စတင်ကျင်းပသည်မှာ နာရီဝက်ခန့်တော့ကြာခဲ့ပြီ။ ဝီစကီပုလင်းထဲမှ ပယင်းရောင်ယစ်ရွှေရည် လက်လေးလုံးခန့်လည်း လျော့နေပြီ။ သန်းဆိုင်၏ နားရွက်တွေ၊ နှာခေါင်းတွေပါးတွေလည်း နီစပ်စပ်ဖြစ်စ ပြုလာပြီ။

သန်းဆိုင်သည် အိမ်ရှေ့ခန်းသို့ ထလာပြီး နံရံမှ စန်းချို၏ ရောင်စုံဓာတ်ပုံကြီးကို ဖြုတ်ယူလိုက်၏။ ဓာတ်ပုံမှာ (၅×၈) လက်မအရွယ်ဖြစ်သည်။ ကျိုက်ဒေးယျံစေတီတော်၏ ရင်ပြင်တော်နေရာမှာ စေတီတော်အထက်ပိုင်းကို နောက်ခံပြု၍ စန်းချို၏ ဒူးလောက်ကနေ ဦးခေါင်းအထိပေါ်အောင် ဓာတ်ပုံဆရာက လက်စွမ်းပြထားခြင်းဖြစ်သည်။ စန်းချိုကလည်း စိတ်တိုင်းကျ မိတ်ကပ်တွေမှုန်း နှုတ်ခမ်းနီတွေဆိုး အကွက်အဆင်အပေါ်လွင်ဆုံး ထက်အောက်ဆင်တူဝတ်စုံကို ကိုယ်လုံးနှင့် အံကိုက်ဝတ်ဆင်၊ ဓာတ်ပုံဆရာကလည်း စန်းချို၏ ခေါ်မောက်သောသွားတွေမပေါ်လွင်စေရအောင် အတတ်နိုင်ဆုံး ဆေးရောင်ပြုပြင်ပေးထားသဖြင့်. . . ဤဓာတ်ပုံကို ကြည့်မိသောသူတစ်မိမ်းတစ်ယောက်သည် (စန်းချိုကိုသာ အပြင်မှာ မတွေ့ဖူးပါက) ဓာတ်ပုံရှင်အမျိုးသမီးသည် ကျက်သရေရှိလှသော လူကုံထံကြေးရတတ်တစ်ဦးပါကလား . . . ဟု ထင်ကြေးပေးရန် ဝန်လေးမည်မဟုတ်။ စန်းချိုကလည်း ထိုဓာတ်ပုံကို မိမိဘာသာ နှစ်သက်သဘောကျလွန်း၍ နောက်ဓာတ်ပုံတစ်ပုံပွား၊ မှန်ပေါင်သွင်းပြီး ကွမ်းယာဆိုင်ထဲမှာ ချိတ်ဆွဲထားလိုက်သေးသည်။ ဓာတ်ပုံချိတ်ကာစက၊ ခင်မောင်



ငြိမ်းက အများရှေ့တွင် ဓာတ်ပုံကိုကြည့်ပြီး . . . (အစ်မ . . **စန်းချိုက** ဖိုတိုဂျင်းနစ် သိပ်ဖြစ်တာပဲဗျာ) ဟု မှတ်ချက်ချသည်။ ထိုစဉ်က . . ဦးဘာဘူလည်း ဆိုင်ရှေ့မှာရှိသည်။ ဦးဘာဘူက မလိုတမာမျက်နှာထား ဖြင့် . . (ဟေ့ကောင် ဗမာလိုပြောစမ်းကွာ . . မင်းပြောတဲ့ ဖိုးသိုးကျိုးနစ် ဆိုတာကြီး တို့ နားမလည်ဘူး) ဟု ထုံးစံအတိုင်း မြည်တွန်တောက်တီး လိုက်၏။ ခင်မောင်ငြိမ်းက (ဖိုတိုဂျင်းနစ်ဆိုတဲ့ အင်္ဂလိပ်စကားက မြန်မာလို ဓာတ်ပုံစားတယ်လို့ အဓိပ္ပာယ်ရတယ်) ဟု ရှင်းပြစဉ်၊ ရန်ပိန်က ဆိုင်ထဲမှာ ထိုင်နေသော စန်းချိုအား . . (မစန်းချိုက ဓာတ်ပုံ စားသတဲ့ဟ၊ ဘယ်နှပုံတောင် စားလိုက်သလဲ၊ မဝသေးရင်ပြော၊ ကျွန်တော့် ဆိုက်ကားလိုင်စင်ကတ်ပြားထဲက ဓာတ်ပုံကိုပါစားလိုက်ဦး) ဟု နောက်ပြောင်ပြီး၊ စန်းချိုထံမှ အယုတ္တ အနတ္တဝေါဟာရတွေ ထွက်ပေါ်မလာမီ ထွက်ပြေးသည်။ ထိုအခါ . . ခင်မောင်ငြိမ်းက ဆက်၍ (ဓာတ်ပုံ စားတယ်ဆိုတာက ဓာတ်ပုံထဲမှာ အကြည့်ခံတယ်လို့ပြောတာ၊ တချို့က ကင်မရာရှေ့မှာ မျက်နှာမထားတတ်ဘူး၊ ပြုံးလိုက်ရင်မဲ့သလို ဖြစ်နေတယ်၊ ကင်မရာမှန် ဘီလူးကို တည့်တည့်ကြီး စိုက်ကြည့်ပြန်တော့ . . . မြူးပြဲပြဲသလို ဖြစ်နေပြန်ရော၊ မစန်းချိုကျတော့ ဓာတ်ပုံထဲမှာ အပြင်ကအတိုင်း **အသက်ကို** ဝင်လို့၊ ခုချက်ချင်း ဓာတ်ပုံထဲက လျှောက်ထွက်လာတော့မယ့် **အတိုင်း** ပါပဲဗျာ) ဟု ဟိမဝန္တာ ချီးမွမ်းခန်းဆက်ဖွင့်ရာ . .၊ ရန်ပိန့်ကို စိတ်ခုသွားသော စန်းချိုသည် ဒေါသမြားဦးကို ခင်မောင်ငြိမ်းထံ လှည့်လိုက်တော့သည်။ (ဟေ့ . . . တော်တော့ ခင်မောင်ငြိမ်း၊ ငါ့ဆီမှာ ကွမ်းယာ အကြွေးစားလို့ကောင်းအောင် ပလီမနေနဲ့၊ အရင်အကြွေးဟောင်းတွေလည်း ဆပ်ဦး၊ နင်မို့လို့ မရှက်တယ် . . ၊ သူဌေးသားဘွဲ့ရပညာတတ် လုပ်နေပြီး ကွမ်းယာအကြွေး ၂၆ ကျပ်ကျတော့ မဆပ်နိုင်ဘူး) ဟု စန်းချိုက စူးပွပွ ထလုပ်လိုက်သည်နှင့် ဓာတ်ပုံချီးကျူးဝေဖန်ခန်းလည်း ရပ်စဲသွားသည်၊

ယခု . . ထိုဓာတ်ပုံနှင့် ဆင်တူပုံသည် အခမ်းအနားစားပွဲပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ သန်းဆိုင်က မှန်ပေါင်သွင်းဓာတ်ပုံကို အရက်ပုလင်းဘေးမှာ အမှီတစ်ခုယူ၍ (၄၅) ဒီဂရီခန့်စောင်း၍ ထောင်ထားလိုက်သည်။ ဓာတ်ပုံရိုက်စဉ်က . . စန်းချိုသည် ကင်မရာကို တည့်တည့်ကြည့်နေခဲ့သဖြင့် . . ယခုလည်း အရက်မော့နေသည့် သန်းဆိုင်ကို မပွင့်တပွင့်အပြုံးကလေးနှင့် စိုက်ကြည့်နေသလို ထင်ရ၏။

သန်းဆိုင်က ဝီစကီအရက်အနည်းငယ်ကို ရေသောက်သကဲ့သို့ သောက်ချပြီးလျှင် သောက်ရေနှစ်ငုံစာလောက်ကို ကမန်းကတန်း သောက်မျိုလိုက်၏။ ပြီးနောက် ပုစွန်ခြောက် သုံးလေးကောင်ကို ပါးစပ်ထဲသို့ ပစ်သွင်း၍ တမြုံ့မြုံ့ဝါးရင်း သူ့မျက်လုံးများနှင့် တစ်ပေခန့်အကွာမှ စန်းချိုဓာတ်ပုံကြီးကို ရီမှိုင်းမှိုင်းမျက်လုံးများဖြင့် တစိမ့်စိမ့်ကြည့်သည်။ တစ်မိနစ်ခန့်ကြာတော့ . . မျက်လုံးအိမ်တွေမှာ မျက်ရည်တွေ အိုင်ဖွဲ့လာကြလျက် မျက်လုံးတွေ တောက်လက်လာကြသည်။ ခံစားမှု ပြင်းပြပူလောင်စွာ တောက်လက်လာကြသော မျက်လုံးကြီးအစုံသည် . . ဓာတ်ပုံ ကို မီးတောက်မီးလျှံများ ထတောက်စေတော့မည့်ပမာ၊ စူးစူးရဲရဲ ရှိနေကြ တော့၏။

သန်းဆိုင်က ဓာတ်ပုံထဲရှိ မျက်လုံးအစုံကို မမှိတ်မသုန် တည့်တည့် စိုက်ကြည့်လိုက်သည်။ ပြီးလျှင် စန်းချို၏ ပြည့်ဖောင်းသောရင်အုံ အလယ်သို့ သူ၏ညာလက်ညှိုးဖြင့် ထောက်လိုက်ပြန်သည်။

"နင်ဟာ . . . မိန်းမဆိုး မိန်းမယုတ်၊ နှိုင်းစရာမရှိအောင် ရိုင်းစိုင်းတဲ့ မိန်းမရိုင်း မိန်းမပျက် . . ."

စန်းချိုကိုယ်တိုင် သူ့ရှေ့မှာ ရှိနေသကဲ့သို့ ခံစားပြီး ရေရွတ်လိုက်ခြင်းဖြစ်ရကား၊ မီးဖိုဆောင်ထဲတွင် သူ့အသံက လှိုင်းထသွား၏။ လက်ညှိုးကို ပြန်ရုပ်ပြီးနောက် သန်းဆိုင်သည် သူ့မျက်နှာကို ငိုမဲ့မဲ့ကြီး ဖြစ်အောင် တွန့်ရွဲ့ကာ . . .

"တကယ်တော့ . . နင်ဟာ အသည်းစားဘုရင်မကြီးပါ စန်းချိ



ရာ" ဟု ညည်းလိုက်ပြန်၏။

အရက်မသောက်မီကမူ နင့်နင့်နဲနဲခံစားနေရသော အပူသောကဝေဒနာအားလုံးကို မေ့ပျောက်သွားစေဖို့ ရည်စူးချက် သန်းဆိုင်မှာ ရှိခဲ့သည်။ အရက်သုံးလေးခွက် သွေးကြောထဲ စီးဝင်သွားပြီဆိုသည်နှင့် သန်းဆိုင်မူလရည်ရွယ်ချက်ကို မေ့သွားသည်။ စိတ်တက်ကြွလာခြင်းနှင့်အတူ ဝမ်းနည်းကြေကွဲဖွယ်များက ဆပွားများပြားလာကြ၏။ ထိုအတူ မုန်းတီးနာကြည်းစရာတွေကလည်း အားကောင်းလာကြပြန်၏။ သူ သည် ဝမ်းနည်းခြင်းအတွက် အရက်တစ်မော့သောက်ပြီးသော် မုန်းတီးခြင်းအတွက် တစ်မော့မျိုချပြန်လေသည်။ မတွေးဖူးခဲ့သော စကားလုံးများသည် သူ၏အသိလမ်းကြောင်းထဲသို့ အလွယ်တကူ စီးဆင်းဝင်ရောက်လာကြသည်။

ငါတို့လက်တွဲပြီး နှစ်ပေါင်း (၂၀) ကျော် တည်ဆောက်ခဲ့တဲ့ ကမ္ဘာကလေး ပျက်သွားပါပြီ စန်းချို၊ ငါက အုတ်တိုက်ကြီးလို့ ထင်မှတ်ထားခဲ့တဲ့ ငါတို့ရဲ့ မေတ္တာအိမ်ကလေးဟာ ချောင်းစပ်မှာ ရွှံ့နဲ့ဆောက်ထားတဲ့ ကစားစရာ ရွှံ့အိမ်ကလေးလိုပဲ ချောင်းရေလည်းတက်လာကရော တစ်ပိုင်းတစ်စစီ ပြိုကျပျက်စီးသွားပါပြီ၊ ငါ့အသည်းလည်း လောင်မီးကျသလို ကျွမ်းသွားပြီ စန်းချို၊ ဒီတော့ ငါအရက်တွေသောက်လို့လည်း ငါ့အသည်းကျွမ်းမှာ မဟုတ်တော့ဘူး၊ အသည်းကျွမ်းမှာ မပူရတော့တဲ့နောက် ငါသောက်မယ်၊ သေအောင်သောက်မယ်ဟူသော အတွေးအဆုံးမှာ လက်တစ်ဖက်က အရက်ဖန်ခွက်ကြီးကို လှမ်းကိုင်လျက်သား ဖြစ်နေသည်။

သူငိုချလိုက်သောအခါ နဂိုက ရွဲ့လိမ်ထားသည့် မျက်နှာကြီးမှာ အရေပြားတွေ၊ ကြွက်သားတွေ ပြတ်သတ်ထွက်ကုန်တော့မလို ပုံပျက်ပန်းပျက် တွန့်ရှုံ့လာလျက်၊ သူ့ငိုသံကလည်း ဒဏ်ရာရတိရစ္ဆာန်တစ်ကောင် ညည်းတွားသံနှင့် တူလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"စန်းချို . . စန်းချို . . ၊ နှလုံးသားကင်းမဲ့တဲ့ မိန်းမ . . ၊ ရက်စက်မှုအပေါင်း သရုပ်ဖော်ဆောင်းလိုက်ပြီပေါ့လေ . . ဟီး ဟီး . . ."

XXX XXX XXX

XXX XXX XXX

မွန်းလွဲ (၃) နာရီကျော်ကျော်မှာ သားငယ်ပြည့်ဖြိုးအောင် ကျောင်းက ပြန်လာသည်နှင့် မိထူးက အိမ်ပေါ်သို့ပင်မတက်ခိုင်းဘဲ ကွမ်းယာဆိုင်မှာ တန်းထိုင်ပြီး ဈေးရောင်းဖို့တာဝန် ပေးလိုက်၏။ သန်းဆိုင်အရက်သောက်နေမှန်း မိထူးက ကြိုသိပြီး၊ သူကိုယ်တိုင်လည်း အိမ်ပေါ်မတက်။ ပြည့်ဖြိုးအောင်ကိုလည်း ဖအေအရက်သောက်နေသည်ကို မတွေ့စေလို။ သူတို့ညီအစ်ကို၏ တစ်သက်တွင် ယနေ့ထိ သူတို့ဖခင် အရက်သောက်ခြင်းကို တစ်ခါမျှ ကြုံဖူးခဲ့သည်မှ မဟုတ်ဘဲ၊ မိထူးလည်း ထိုနည်းလည်းကောင်းပါပဲ။

သို့တစေ . . မိထူးက အရက်ကိုလည်းကောင်း၊ အရက်သောက်ခြင်းကိုလည်းကောင်း အရက်သမားတို့၏ စိတ်ညစ်ညူးစရာ စရိုက်ကြမ်းများကိုလည်းကောင်း၊ အနည်းငယ်မျှပင် အမှုထား ဂရုစိုက်သူမဟုတ်။ အဘယ်ကြောင့်ဆိုသော် . . မိထူးသည် သူမလူမဖြစ်ခင်ကတည်းက အရက်စွဲခဲ့ပြီး အရက်မူးလာလျှင် 'နာဋ္ဌာဂီရိ' ဆင်ကြီးပင် အရှုံးပေးဆလံသရအောင် မူးရူးရမ်းကားလေ့ရှိသော ဖခင်ဦးဖိုးလူ၏ ကျွေးမွေးပြုစုမှုအောက်တွင် (၁၀) နှစ်သမီးအထိ ကြီးပြင်းရှင်သန်လာခဲ့ရသော အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံ ရရှိထားသောကြောင့်ပေတည်း။

မိထူးက အိမ်ပေါ်သို့ ခပ်သုတ်သုတ်တက်ခဲ့ပြီး အိမ်ရှေ့တံခါးကို မူလအတိုင်း ပြန်စေ့ထားလိုက်၏။ သန်းဆိုင်က သူ၏အခမ်းအနားကျင်းပနေစဉ် . . အိမ်ရှေ့တံခါးမကြီးစေ့ထားရန် မိထူးအား ကြိုတင်



မှာကြားထားသည်။ ထို့ကြောင့် ယခုထိ သန်းဆိုင်အိမ်ထဲမှာ အရက်သောက်နေမှန်း မိထူးနှင့် ဆိုက်ကားသမား ရန်ပိန်တို့သာ သိကြ၏။ ရန်ပိန်မှာ အရက်ဖြူတစ်ပုလင်းဖိုး 'လာဘ်' ရထားသဖြင့် ပါးစပ်ငြိမ်နေ၏။ အိမ်ဘက်သို့ပင် မျက်စိမကစားမိအောင်၊ မိမိ၏သမာဓိကို ထိန်းချုပ်ထား၏။ သည်လိုသာ မစန်းချိုမရှိတုန်း ကိုသန်းဆိုင် အရက်သောက်နေမယ်ဆိုရင် ငါလည်း ညနေစာမပူရတော့ဘူး၊ ဆိုက်ကားခလည်းရ၊ အရက်ဖိုးလည်းရနဲ့ အိုကေမှာ စိုပြည်ပြီဟု ရန်ပိန်က ကျေနပ်စွာ တွေးနေသည်။

မိထူးအိမ်ပေါ်တက်လာခဲ့ခြင်းမှာ၊ ညနေစာချက်ပြုတ်ကြော်လှော်ဖို့ဖြစ်၏။ သန်းဆိုင်ကို လာကြည့်ခြင်းမဟုတ်။ သို့ရာတွင် . . . 'မကြည့်ချင် မြင်ချင်လျက်သား" ဖြစ်နေသည်။ သန်းဆိုင်မှာ စားပွဲခုံဘေး၊ မီးဖိုခန်းသမံတလင်းပေါ်မှာ ခွေခွေကလေး လဲကျနေ၏။ လုံချည်ကလည်း ခါးပုံစပြေနေ၏။ ပါးစောင်တစ်ဖက်စွန်းမှ သွားရည်များယိုစီးကာ သမံတလင်းပေါ်တွင် အိုင်ထွန်းလျက် ယင်တလောင်းလောင်း ဖြစ်နေသည်။ သူ၏ လက်တစ်ဖက်ကမူ . . စန်းချို၏ ဓာတ်ပုံကိုကိုင်ထားပြီး ဓာတ်ပုံက သွားရည်တွေ၊ တံတွေးတွေစွန်းပေစိုစွတ်လျက် ရှိသည်။ သန်းဆိုင် သတိလစ်ခြင်းတော့ မရှိပါ။ အိပ်ပျော်နေခြင်းလည်း မရှိပါ။ သူ့ပါးစပ်က ဗလုံးဗထွေးစကားသံတွေ ထွံ့ပိုင်းထွံ့ပိုင်း မြည်နေ၏။ မျက်စိတွေကိုလည်း ဖွင့်မထားခဲ့ပါ။

မိထူးက အရက်စက်တွေ၊ ရေစက်တွေ ရွှဲစိုနေသော စားပွဲခုံကို ကြည့်သည်။ ဝီစကီပုလင်းထဲတွင် အရက်တစ်ဝက်ခန့်သာ ကျန်တော့သည်။ သာမန်အရက်ချိုး (ကြွက်တွင်း) တစ်ဦးပင်လျှင်၊ အယ်လကိုဟောဒီဂရီပြင်းလှသည့်၊ ဤဝီစကီမျိုးကို ဤမျှသောက်မိလိုက်လျှင် ချာချာလည်အောင် မူးသွားနိုင်၏။ မင်္ဂလာဦးညကတည်းက နောက်ဆုံးအရက်သောက်ခဲ့ပြီး အနှစ် (၂၀) ကျော် အရက်တစ်စက်မျှ လျှာပေါ်မတင်ခဲ့သဖြင့် အူရိုင်းဖြစ်နေသော သန်းဆိုင်ကို 'ဂရင်းရှိုင်းယ်ဝီစကီ' က

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် စိန်မခေါ်ရဲအောင် အလဲအကွဲ ထိုးလှဲလိုက်ပေပြီ။

သမံတလင်းပေါ် ကိုယ်တုံးလုံးကြီး လှဲအိပ်နေတာကိုး၊ အအေးပတ်ပြီး လေတွေဘာတွေဖြတ်သွားမှဖြင့် တစ်ပူပေါ် နှစ်ပူဆင့်ဦးမယ်ဟု တွေးရင်း မိထူးက ပြဿနာကို ဖြေရှင်းဖို့ အမြန်ဆုံးအဖြေရှာသည်။ သန်းဆိုင်ကား သူ့အနီးမှာ ယင်ဖိုပင်မနားဖူးသေးသည့် သူ့ခယ်မ အပျိုကြီး ရပ်နေသည်ကို လုံးဝမသိ၊ ပါးစပ်ကတော့ မပီမသ စကားတွေ ရေရွတ်နေ၏။

"မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်လုပ်တဲ့ကောင် . . .၊ ပစ်စာရေးတဲ့လက်ကို ဓားနဲ့ခုတ်ဖြတ်ပစ်မယ် . .၊ ငါ့မိန်းမကို ခိုးတဲ့ကောင်ကိုတော့ ငါ အစိမ်းလိုက် ကိုက်စားမယ်ကွ . . ."

မိထူးသည် အတိတ်က ယဉ်ပါးခဲ့သော်လည်း ယခုအခါ စိမ်းနေပြီဖြစ်သောအနံ့ဆိုးတွေ ဝေ့ပျံ့လွင့်ပါးနေရာ၊ သန်းဆိုင်အနီးတွင်ထိုင်ပြီး၊ ပထမဆုံး ဓာတ်ပုံကို ဆွဲယူကာ စားပွဲပေါ် မှောက်တင်ထားလိုက်၏။ (ဓာတ်ပုံကြီးကွဲပြီး မှန်မရှိတာ ဘုရားမလို့) ဓာတ်ပုံက သန်းဆိုင်၏ သွားရည်တွေပေးစွန်းနေသော လက်ကို ထဘီတင်ပါးမှာ သုတ်၏။

"အစ်ကိုကြီးသန်းဆိုင် . . . အစ်ကိုကြီးသန်းဆိုင် . . ." ဟု တိုးတိုးခေါ်ကြည့်သည်။ သန်းဆိုင်ကြားပုံမရသဖြင့် ချွေးတွေဖြင့် ချောကျိနေသောပခုံးတစ်ဖက်ကို လှုပ်ပြန်သည်။

"အစ်ကိုကြီးသန်းဆိုင် . . ."

သုံးလေးခွန်းခေါ်လိုက်မှ၊ သန်းဆိုင်၏ ထုံထိုင်းနေသော နားအာရုံ ပွင့်သွားပုံရ၏။ မျက်ခွံတွေကို အားယူ၍ဖွင့်သည်။ မျက်ဝတ်တွေပိတ်နေသဖြင့် ဘာကိုမှ မြင်ပုံတော့မရပေ။

"ဘုရဲ . . . ဘု . . ငါ့ကိုခေါ်တာလဲ၊ ဘုရဲကွ . . ငါ့ကိုကိုင်တာ"

လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ၊ မိထူး၏ဒူးခေါင်းကို စမ်းမိပြီး ဆုပ်ကိုင်ထားလိုက်၏။



"ဒါ . . ဘုရဲ . .၊ ဘုရဲ . . . စန်းချိုလား . . .၊ မသာမ . . ."

မိထူးက သန်းဆိုင်လက်ကို ညင်သာစွာဆွဲဖယ်သည်။ သန်းဆိုင်ထက် အပြန်တစ်ရာမက မူးယစ်ကြောင်စီခဲ့သည့် ဖခင်ဦးဖိုးလူပေးသော သင်ခန်းစာများက . . မိထူးကို ဘယ်လိုမှ စိတ်မလှုပ်ရှားစေနိုင်။

"ကျွန်မ မိထူးပါ အစ်ကိုကြီးသန်းဆိုင်၊ ဒီမှာ မအိပ်နဲ့လေ၊ အအေးပတ်လေဖြတ်နေဦးမယ်၊ ထ ထ ပုဆိုးပြင်ဝတ် . . အိပ်ရာပေါ် သွားအိပ်"

ဈေးဆိုင်ဘက်ကလည်း မကြားရအောင်၊ သန်းဆိုင်လည်း ပီပီသသကြားရအောင်၊ မိထူးအနံ့အစော်ခံပြီး သန်းဆိုင်မျက်နှာအနီးသို့ ငုံ့ပြီးပြောသည်။ သန်းဆိုင်မျက်လုံးကြီးတွေ ကျယ်လာသည်။ စောစောကထက် အမြင်ကြည်လင်လာပုံ ရ၏။ စကားတော့ မပီသေး။

"အို . . . နမရေး မိထူးလား . . နမရေး . ." ဟု ဆိုကာ လက်တစ်ဖက် ယမ်းနေပြန်သည်။

မိထူးသည် ပင့်သက်တစ်ချက်ရှိုက်ရင်း ရဲတင်းသောလက်များဖြင့် ပြေလျော့နေသော ပုဆိုးခါးပုံစကို ကြိုးချည်သလို ခိုင်အောင်ပြုပြင်စည်းနှောင်ပေးလိုက်၏။

"အစ်ကိုကြီးသန်းဆိုင် ထ၊ ပြီး အိပ်ရာထဲသွားအိပ်" ဟု ထပ်ပြောစဉ် သန်းဆိုင်က မျက်စိတွေမှိတ်လျက် ပက်လက်လှန်အိပ်ချလိုက်ပြန်တော့၏။

"မိထူး မိထူး . . နမရေး မိထူး . . စန်း . . စန်းချို ငါ့ကို အသည်းခွဲသွားပြီ၊ ငါ့အသည်းတွေ အစိတ်စိတ်အမြွာမြွာ ကွဲသွားပြီ၊ ငါမနေရတော့ဘူး၊ ငါသေရတော့မယ် အ ဟီး ဟီး . . ."

မျက်ရည်တွေကော သွားရည်တွေပါ ယိုစီးကျလာလျက် ရှိသောမျက်နှာကြီးကိုကြည့်ကာ . . .၊ မိထူး သက်ပြင်းရှိုက်ထုတ်သည်။ . . . အဖေမူးတဲ့ဝဋ်က ကျွတ်ပြီလားအောက်မေ့တာ၊ ဒီမှာ နောက်အစ်ယောက်နဲ့ကြုံရပြန်ပြီဟု မချိတရိ တွေးမိသည်။ သို့ရာတွင် ဤအခြေအနေအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကုန်ခံ၍မဖြစ်မှန်း မိထူးနားလည်သည်။ ဘယ်သူမှလည်း မတွေ့စေချင်၊ ထမင်းဟင်းလည်း မြန်မြန်ချက်ချင်သည်။

မိထူး ထဘီတိုတို ပြင်ဝတ်၏။ ကားစင်အတင်ခံထားရသလို လက်မောင်းနှစ်ဖက် ကားထားသည့် သန်းဆိုင်၏ချိုင်းနှစ်ဖက်ကြားမှာ သူမ၏တုတ်တိုသန်မာသည့် လက်ချောင်းတွေ လျှိုသွင်းဆုပ်ကိုင်လိုက်သည်။

"ရက်စက်တယ် . . ရက်စက်တယ် . . စန်းချို ရက်စက်တယ်၊ ငါ့ကို တစ်ခါတည်း ဘာလို့အသေသတ်မသွားခဲ့တာလဲ စန်းချိုရယ် . . ဟူး . . ."

သန်းဆိုင်ကတော့ ပါးစပ်ကနေ တံတွေးတဖွားဖွားထွက်အောင် မြည်တမ်းရင်း မိထူးလက်ထဲမှာ အရုပ်ကြိုးပြတ် ဖြစ်နေ၏။ အရက်မူးသမားဟူသည် လူသေအလောင်းကဲ့သို့ သာမန်ကိုယ်အလေးချိန်ထက် ပိုမိုလေးလံသယောင်ရှိရာ၊ ခွန်အားတောင့်တင်းသည့် မိထူးပင် သန်းဆိုင်ကို မတ်တတ်ရပ်နိုင်သည်အထိ ထူမတ်မပေးနိုင်။ ထို့ကြောင့် သန်းဆိုင်၏ ဦးခေါင်းက မိမိ၏ရင်အုံကို ဖိလျက်သားနှင့်ပင် သန်းဆိုင်ကို နောက်ပြန်တရွတ်ဆွဲလာခဲ့ရလေသည်။

မီးဖိုဆောင်ကနေ အိပ်ခန်းထဲအထိ ပျော့အိအိခန္ဓာကိုယ်ကြီးကို ဆွဲယူလာရသည့် ခရီးမှာ အကွာအဝေး ပေ (၂၀) ထက်မပို။ သို့သော် မိထူးမှာ ငါးပိဿာချိန် (၂၀) လောက်ကို မိုင် (၂၀) လောက် ခေါင်းဖြင့်ရွက်၍သယ်ရသည်ထက် ပိုပင်ပန်းနေသည်။ အိပ်ခန်းထဲရောက်တော့ သန်းဆိုင်ကို ခုတင်ပေါ်ရောက်အောင် ကတ်သီးကတ်သတ် ကြိုးပမ်းရပြန်လေ၏။ ပထမဆုံး မိထူးက ခုတင်ပေါ်ကိုယ်တစ်ပိုင်းထိုင်ပြီး ပေါင်နှစ်လုံးကြားမှာ သန်းဆိုင်ကို ညှပ်ထားကာ လက်မောင်းရင်းနှစ်ဖက်ကနေ မယူသည်။ ပြီးလျှင် မိထူးက နောက်သို့ ဖြည်းဖြည်းချင်း ဖင်ရွှေ့ဆုတ်လျက် သန်းဆိုင်ကို အားစိုက်ဆွဲသည်။ သန်းဆိုင်က စိတ်အသိကို လွှတ်ချင်ရာ



လွှတ်ထားလိုက်ဟန် ရှိ၏။ မိထူးက သူ့ကို အိပ်ရာပေါ်တင်နေခြင်းကိုလည်း အသိအမှတ်ရှိပုံမရ။ ပြောမိပြောရာတွေ တရစပ်မြည်တမ်းလျက်ရှိသည်။

"ကမ္ဘာအဆက်ဆက် သံသရာအဆက်ဆက်မှာ နင်နဲ့ ပြန်မဆုံပါရစေနဲ့လို့ ငါဆုတောင်းပါတယ် စန်းချိုရယ်၊ ဒီဘဝမှာ ငါ့အသည်းတွေကို ခွဲရရုံနဲ့ ကျေနပ်ပါတော့ . . ."

သန်းဆိုင်၏ ခန္ဓာကိုယ်အပေါ်ပိုင်း ခုတင်ပေါ်ရောက်ချိန်မှာ မိထူးကလည်း သတိလစ်ပြီး အားလျှော့လိုက်မိရာ၊ လေးပင်သော ခန္ဓာကြီးသည် မိထူးကို နောက်ပြန်ဖိလှဲချလိုက်သလို ဖြစ်သွားတော့သည်။

"အို ကိုယ့်ကိုယ်ကိုလည်း ထိန်းပါဦးတော့" ဟု ခပ်အုပ်အုပ် အော်ရင်း၊ မိထူးက သန်းဆိုင်၏လေးတွဲ့ပျော့အိလျက် နံ့ဟောင်ခွဲကျိုနေသော ခန္ဓာကြီးကို အားစိုက်တွန်းဖယ်ချသည်။ သန်းဆိုင်သည် ခုတင်ပေါ်မှာ ကန့်လန့်ဖြတ် မှောက်လျက်ကြီး ကျသွား၏။

"ရက်စက်ပါပေ့ စန်းချိုရယ် ရက်စက်ပါပေ့" ဟု ညည်းတွားပြီးနောက် ရှိုက်ရှိုက်ငင်ငင် ငိုကြွေးပြန်လေသော သန်းဆိုင်ကို စောင်တစ်ထည် ဖြစ်ကတတ်ဆန်းလွှမ်းပေးပြီး မိထူးက ကပျာကသီ ပြန်ထွက်ခဲ့၏။ ခုမှပဲ သူမမှာ ရင်ဖိုရမှန်း၊ မောဟိုက်ရမှန်း ချွေးတစိုစိုပြန်ရင်း ခံစားနားလည်လာမိတော့သည်။

XXX XXX XXX

XXX XXX XXX

ည (၈) နာရီကျော်ကျော်ခန့် ဆိုင်မှာ လူပါးချိန်တွင် အသက် (၁၄/၁၅) ရွယ် မျက်နှာစိမ်းလူငယ်တစ်ဦး စက်ဘီးတစ်စင်းဖြင့် ဆိုင်ရှေ့သို့ ရောက်လာသည်။ ထိုအချိန်က ဆိုင်မှာ မိုးကျော်အောင်အလှည့်ကျ ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိ၏။ လူငယ်မှာ အသားညိုညို၊ နွမ်းပါးသော အဝတ်အစားနှင့် ဖြစ်သည်။ မျက်နှာထားမှာ စိတ်အနှောင့်အယှက် တစ်ခုခုခံစားနေရဟန် ညှိုးမှိုင်နေ၏။

"ဦးသန်းဆိုင် ရှိလား . . ." ဟု အသံခြောက်ကပ်ကပ်နှင့် မေးသည်။

"ရှိတယ်ကွ၊ ဘာကိစ္စရှိလို့လဲ" မိုးကျော်အောင်ကိုယ်ကိုင်လည်း စိတ်သောကဖိစီးနေသဖြင့် ပြန်မေးသံက ခြောက်ကပ်ကပ်နှင့်ပင်။

လူငယ်သည် သူ၏ရှပ်အင်္ကျီလက်တို အိပ်ကပ်ထဲမှ၊ ပိတ်ထားသော စာအိတ်တစ်အိတ်ကို ထုတ်လိုက်၏။ မိုးကျော်အောင်က စာအိတ်ကိုကြည့်ပြီး . . . လာပြန်ပြီ စာတစ်စောင်၊ ဒီတစ်ခါတော့ ခိုးကြောင်ခိုးဝှက်မပစ်ဘဲ ပေါ်တင်လာပေးနေပြီဟု တွေးမိသည်။

"ကျွန်တော်က ဦးကျုံးကုန်စုံဆိုင်က အလုပ်သမားပါ အစ်ကို၊ ဒီဆိုင်က ဒေါ်စန်းချို မုန့်တွေ၊ ဆေးလိပ်ဟွေ ဝယ်နေကျတရုတ်ဆိုင်လေ"

မိခင်နာမည်ပါလာ၍ မိုးကျော်အောင် ရင်တဒုတ်ဒုတ်ခုန်လာမိ၏။ လူငယ်က စာအိတ်ကို ကိုင်မြှောက်ထားရင်း . . .

"ဒီနေ့မနက် သုံးနာရီကတည်းက ဒီစာကို ဒေါ်စန်းချိုက ကျွန်တော့်ကိုပေးထားခဲ့တာ၊ မိုးလင်းရင် ဦးသန်းဆိုင်ကို သွားပေးဖြစ်အောင် ပေးပါလို့လည်း မှာခဲ့တယ်၊ ကျွန်တော့်ကိုတောင် စာပို့ခ လက်ဖက်ရည်ဖိုး (၁၀၀) ပေးသွားသေးရဲ့"

"ဒေါ်စန်းချိုက ငါတို့အမေကွ၊ မင်းကို စာဘယ်မှာပေးတာလဲ ဟင်" ဟု မိုးကျော်အောင် အသက်မရှူအားဘဲ မေးသည်။

"ဦးကျုံးဆိုင်မှာပေးခဲ့တာ . . .၊ မနက်ပိုးလင်းလို့ စာကိုသွားပေးမယ်လည်းလုပ်ရော စာက ကျွန်တော်အထားမှားပြီး ရှာမရဘူးဖြစ်နေတယ်။ စာအိတ်ကို အသေပိတ်ထားတော့ အထဲမှာ ဘာတွေရေးထားမှန်းလည်း မသိဘူး၊ ဒေါ်စန်းချိုကလည်း အရေးကြီးတဲ့စာလို့ မမှာခဲ့ဘူး၊



အဲဒါဦးကျုံးက ကျွန်တော့်ကို လိမ့်ဆဲတာနဲ့ ကျွန်တော် တစ်နေကုန် အလုပ်လုပ်ရင်း စာကို ရှာတာ စောစောကမှ သတင်းစာအဟောင်းတစ်စောင်ကြားမှာ ပြန်တွေ့တာနဲ့ ကျွန်တော်ကမန်းကတန်း လာပေးတာ၊ ဒေါ်စန်းချိုပေးခဲ့တဲ့ လက်ဖက်ရည်ဖိုးလည်း ကျွန်တော်မသုံးပါဘူးဗျာ" ဟု ပြောရင်း လူငယ်ကစာအိတ်နှင့်အတူ ငွေရာတန်တစ်ရွက် လှမ်းပေးသည်။

"လက်ဖက်ရည်ဖိုး ယူလိုက်ပါငါ့ညီ" ဟု ပြောလျက် ပိုက်ဆံကို ပြန်ပေးပြီး စာအိတ်ကို မိုးကျော်အောင်က ဖင်ပြန်ခေါင်းပြန် ကြည့်၏၊ "ဖိတ်စာ" ထည့်သောစာအိတ်မျိုးလည်း မဟုတ်၊ စာအိတ်ပေါ်မှာလည်း ဘာမျှရေးမထား။

"နေဦး ငါ့ညီ၊ ဒီစာပေးပြီးတော့ ငါတို့အမေ ဘယ်သွားလဲ" ဟု ခြေလှမ်းပြင်နေသော လူငယ်ကို အလျင်စလိုအသံဖြင့် မေးလိုက်ပြန်၏။

"သူတို့ ဘုရားဖူးကားနဲ့ ထွက်သွားကြတာပဲဗျ. . ."

"သူတို့ဆိုတာ ဘယ်သူတွေလဲ. . ."

"ဦးကျုံးရဲ့ မိန်းမနဲ့သမီးတွေ၊ ခယ်မတွေ တူမတွေပေါ့၊ ဒေါ်စန်းချိုကလည်း သူတို့နဲ့အတူ ဘုရားဖူးပါသွားတာ"

"ဘယ်ဘုရားသွားဖူးမှာလဲ. . ."

"မော်လမြိုင်၊ မြိတ်၊ ထားဝယ်ဘက်က ဘုရားတွေ အနှံ့ဖူးမယ်လို့ ပြောတာပဲ၊ အပြန်ကျရင် သာမညတောင်နဲ့ ကျိုက်ထီးရိုးလည်း ဝင်ဖူးကြဦးမတဲ့၊ ကားသမား သုံးယောက်ကလွဲလို့ သူတို့ဘုရားဖူး အမျိုးသမီးချည်း (၁၅) ယောက်ပါသွားတယ် ပျော်စရာကြီးဗျာ"

"အေး ကျေးဇူးပဲကွာ"

စာလာပေးသူ စက်ဘီးပေါ်မရောက်မီမှာပင်၊ မိုးကျော်အောင်က အိတ်ကို ဖောက်လိုက်ပြီးဖြစ်သည်။ စိတ်လှုပ်ရှားသည့်ကြားမှ စိတ်သက်သာမှုရသည့်အချက်မှာ လောလောဆယ်၌ ဆိုင်ကို ဆုဆုညံညံ

www.burmeseclassic.com

www.burmeseclassic.com



အသက်ဝင်စေတတ်ကြသည်။ ခုံတန်းလျားအုပ်စု ရှိမနေခြင်းပင် ဖြစ်လေသည်။ သူတို့ထဲမှ တစ်ယောက်ယောက် ရှိနေလျှင် (ဝက်လူးရွာက နေမကောင်းသော မိခင်ထံသို့ စန်းချိုသွားနေသည်) ဟူသော မိမိတို့၏ "လိမ်စဉ်" ကြီး ပေါ်ကာ ဖြေရှင်းနေရဦးမည်။

ငွေရပြေစာ၊ အလွတ်တစ်ခုပေါ်မှာ၊ စာမတတ်တတတ် စန်းချို၏ မညီမညာစာကြောင်းအနည်းငယ်ကို တွေ့ရလေသည်။

သန်းဆိုင်

စိတ်မပူနဲ့၊ ငါဘုရားဖူးလိုက်သွားတယ်၊ ၁၀-ရက်လောက်ကြာမယ်၊ နင့်ကို တိုင်ပင်ရင်. . . ပိုက်ဆံကုန်သလေး ဘာလေးနဲ့ ဂဂျီဂကြောင်လုပ်မှာစိုးလို့၊ ငါတရုတ်မတွေရဲ့ကားနဲ့ လိုက်သွားတာ . . .၊ ကားခမကုန်ဘူး၊ စားစရိတ်ပဲကုန်မှာ၊ ဘုရားဖူးထွက်ကြရအောင်လို့ ပြောတိုင်း နင်က ဘုရားပဲ အိမ်နားတင်ဖူးလို့ရတယ်၊ ဒါမှမဟုတ် အိမ်ကဘုရားစင်မှာလည်း ဖူးလို့ရတာပဲလို့ နင်ပြောဖူးတဲ့စကားကို မမေ့ပါနဲ့. . တိတ္ထိကောင်ရဲ့. . .။

ငါကုသိုလ်ယူနေတုန်း. . . အိမ်မှာ အဆင်ပြေပြေနေကြပါ၊ ငါခိုးထွက်တာသိရင် နင်လိုက်ဖျက်မှာစိုးလို့ ခြံသော့ကို အပြင်ကခတ်ပြီး သော့တံ ငါယူသွားတယ်။

တော်သေးပြီ

စန်းချို

စာဖတ်ပြီးနောက် မိုးကျော်အောင်သည် လေပူများအဖြစ် အယောင်ဆောင်၍ သူ့ခန္ဓာကိုယ်ထဲမှာ ခိုအောင်းနေကြသော စိတ်သောကများကို သက်ပြင်းချသည့် ပုံဟန်ဖြင့် မှုတ်ထုတ်လိုက်စရာ သူ့တစ်ကိုယ်လုံးမှာ ငှက်တောင်ကလေးတစ်ချောင်းပမာ ပေါ့ပါးသွားဟန် ရှိသည်။ ဆိုင်ကြမ်းခင်းပေါ်မှာပင်. . . စိတ်စွမ်းအင်တန်ခိုးဖြင့် မြောက်ကြွသွားသည်ဟုပင် ခံစားလိုက်ရသေးသည်။



ဩော်၊ အမေ. . . အမေ၊ အဖေ့ကို အနိုင်ယူလို့အားမရသေး ဘဲ သက်သက်မဲ့ အရှူးလုပ်သွားတာပါလား. . .၊ အဖေတော့ ရူးမရူး မသိဘူး လောလောဆယ်တော့ မူးပြီးမှောက်နေပြီဟု တွေးရင်း မိုးကျော်အောင်သည် ကတော့မလို ခုန်တော့မလို အမူအရာဖြင့် အိမ်ဘက်သို့ လှမ်းအော်သည်။

XXX XXX XXX

XXX XXX XXX

"ဒေါ်လေးနဲ့ ညီလေး ဒီကိုအမြန်လာကြဦး. . . ဟေ့"

သန်းဆိုင်သည် တစ်ညလုံးတောက်လျှောက်၊ အိပ်မက်ပင်မမက်အားအောင် အိပ်မောကျခဲ့ပြီးနောက် မိုးလင်းခါနီးတွင် ရင်တလှပ်လှပ်တုန်၊ လည်ချောင်းတွေ ပူလောင်ခြောက်သွေ့၊ ချွေးစေးတွေ ယိုစိမ့်လျက် ကယောင်ချောက်ချား လန့်နိုးလာသည်။ သူ့ကိုယ်ပေါ်တွင် သားတွေ လွှမ်းခြုံပေးထားသော စောင်လည်း မကပ်တော့။ ပုဆိုးကလည်း သူ့ခြေရင်းမှာ ပစ်စလက်ခတ်ပုံလျက်သား ရောက်နေသည်။ အဆိုးဆုံး အခြေအနေ ကတော့ သူ၏နားရွက်အစုံတစ်ဝိုက်ရှိ ဦးခေါင်းနှစ်ခြမ်းသည် တူကလေးတွေဖြင့် တဆတ်ဆတ် ထုနှက်ခြင်းခံရသလို ကိုက်ခဲဖူးအုံနေခြင်း ဖြစ်လေသည်။

ဘုရား. . . ဘုရား. . . ရား. . . ရား အတော်ပြင်းတဲ့ နိုင်ငံခြားအရက်ပါလား၊ ဘယ်လိုကဘယ်လို သတိလစ်သွားမှန်းကို မသိတော့ဘူး အတော်ကြီးအားယူပြီးမှ ထထိုင်သည်။

ခြင်ထောင်ထဲမှ ထွက်လာသောအခါ စန်းချိုမှန်တင်ခုံပေါ်တွင် သောက်ရေထည့်ထားသော ရေသန့်ဘူးနှစ်ဘူးနှင့် လဲကျနေသော ရေသန့်ဘူးခွံတစ်ဘူးကို တွေ့ရသည်။ သူ ညက ကယောင်ကတန်းအော်၍

www.burmeseclassic.com

www.burmeseclassic.com



ရေတောင်းခဲ့သဖြင့် သားကြီးက ရေလာတိုက်ခဲ့သည်ကို သူလုံးဝ မမှတ်တော့ပေ။ ရေဘယ်နှကြိမ်တောင်းခဲ့မှန်းလည်း သတိမရတော့ပေ။ ယခု . . . ရေဗူးတွေမြင်သည့်အခါ၊ ရေငတ်ဝေဒနာ ပိုမိုနိုးထလာပြီး ရေတစ်ဘူးဆွဲယူ၍ ဘူးထဲမှာ ရေတစ်စက်မျှ မကျန်အောင် အငမ်းမရ တကွပ်ကွပ်နှင့် သောက်ချလိုက်သည်။

ရေသောက်ပြီးနောက် ဆီးသွားရန် အိပ်ခန်းထဲမှ ထွက်၍ မီးဖိုခန်းထဲသို့ ဖြတ်လျှောက်ခဲ့ရာ ကြက်သွန်နွှာနေသော မိထူးက မျက်လုံးစွေကြည့်သည်၊ သန်းဆိုင် အခြေအနေကို စူးစမ်းခြင်းဖြစ်သည်။ သန်းဆိုင်က မိထူးရှိနေသည်ဟုပင် သတိမထားမိသောဟန်ဖြင့် အိမ်သာဆီသို့ ဒယိမ်းဒယိုင် လှမ်းဆင်းသွား၏။

အိမ်သာမှ ပြန်ဆင်းလာသောအခါ၌လည်း မိထူးကိုမကြည့်ဘဲ ခေါင်းငိုက်စိုက်ကြီးဖြင့် လျှောက်သွားသည်။ အိပ်ခန်းထဲ ပြန်မဝင်ဘဲ ဘုရားစင်ရှေ့ ဖယောင်းပုဆိုးပေါ်မှာ မှောက်လျက်လှဲအိပ်လိုက်သည်။ သူ့ တစ်သက်မှာ တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသော အခံရခက်လှသည့် ဝေဒနာတစ်ရပ်ကို ခံစားနေရမှန်း သိလိုက်ခြင်းနှင့်အတူ၊ စိတ်ပျက်အားငယ်မှုက သူ့ကို ဖိစီးညှဉ်းပန်းလာတော့၏။ စင်စစ် . . . လိုအပ်သည်ထက် အရက်ပိုသောက်မိသူတို့ အိပ်ရာထမှာ တွေ့ကြုံရင်ဆိုင်ရသော "အရက်နာကျခြင်း" ဝေဒနာဖြစ်ဒဏ် (ဝါ) သေရည်၏ ဘေးထွက်ဆိုးကျိုးပါတကား . . .။

"အစ်ကိုကြီး . . . ညကထမင်းမစားဘူး၊ အခု စားမလား"

မိထူးက ထိုမေးခွန်းကို သုံးကြိမ်မေးတော့မှ သန်းဆိုင် မှောက်လျက်ကနေ ပက်လက်လှန်ပြီး ဖြည်းညင်းစွာ ခေါင်းခါသည်။

"မ . . . စား . . . ချင် . . . ဘူး"

မိထူးက ပျော့တိပျော့ဖတ် ပက်လက်လှဲနေသော သန်းဆိုင်အား ဒဏ်ရာအနာတရနှင့် အကူအညီမဲ့ လဲကျနေသည့် ဒုက္ခသည်ကြီးကို



ကြည့်သည့်အလား . . . ကြည့်နေ၏။

"သံပရာရည်သောက်မလား . . ."

"ကွမ်းစားတဲ့ပါးစပ်ကြီးနဲ့ သံပုရာရည်နဲ့ မကိုက်ပါဘူးဟာ" ဟု ညည်းပြောပြောကာ သန်းဆိုင်လက်ဝဲနံတောင်းဘက်သို့ စောင်းအိပ်လိုက်သည်။

"အစ်ကိုကြီးသန်းဆိုင် အမူးကောပြေပြီလား"

သန်းဆိုင်က ထိုမေးခွန်းကိုကြားသော်လည်း မဖြေ။ သူ့ဘာသာလည်း အမူးပြေမှန်း မပြေမှန်း မသိပါ။

"အမူးပြေရင် အစ်ကိုကြီးသန်းဆိုင် အရမ်းဝမ်းသာသွားမယ့် သတင်းကို ပြောမလို့" သန်းဆိုင်က ခေါင်းကိုလှည့်၍ မိထူးကို မျက်လုံးပြူးကြည့်ကာ . . .

"ဘာဝမ်းသာစရာတုံးဟ၊ ထီဖွင့်နေပြီမဟုတ်လား၊ ထီရောင်းတဲ့ကောင်လာပြောသလား ငါမင်္ဂလာစုံတွဲ သုံးထောင်ဖိုးထိုးထားတယ်၊ ထီပေါက်ပြီလားဟ" ဟု ထင်ရာမြင်ရာ ပြောနေရာမှ ထထိုင်သည်။

မိထူးသည် နှုတ်ခမ်းရှေ့သို့ ငေါထွက်နေကြသော်လည်း ဖွေးစင်ညီညာလှသော ရှေ့သွားပေါ်အောင် ပြုံးလိုက်၏။

"ထီပေါက်တာ မဟုတ်ဘူး၊ တခြားဟာ . . .၊ သိချင်ရင် ဆိုင်ထဲမှာ မိုးကျော်အောင်ရှိတယ်၊ သူ့ကိုသွားမေးကြည့် . . ."

မိထူးက ချာခနဲ လှည့်ထွက်သွားရာ သန်းဆိုင်လက်တစ်ဖက်ကို မြှောက်လိုက်ရင်း ပါးစပ်အဟသား ဖြစ်နေ၏။ လက်ကလည်း လေထဲမှာ တွဲလောင်းတွဲထားသလို ဆန့်တန်း ငြိမ်သက်နေသည်။

XXX XXX XXX

XXX XXX XXX

www.burmeseclassic.com

www.burmeseclassic.com



အချိန်စောသေး၍ ဆိုင်မှာ လူဝင်လူထွက်ကျဲသည်။ လမ်းပေါ်မှာလည်း လူသွားလူလာတစ်ဦးစ နှစ်ဦးစသာ သွားလာနေကြသည်။ ဆိုင်နီးချင်းတချို့က ဆိုင်တံခါးတောင် မဖွင့်ကြသေး။ လူသူရှင်းလင်းနေခြင်းကြောင့် သန်းဆိုင်အသံကို မထိန်းတော့။

"မဟုတ်သေးဘူးကွာ. . . မဟုတ်သေးဘူး" ဟု စိတ်ဆိုးမာန်ဆိုးပြောကာ စန်းချို၏စာကို သားကြီး၏ရင်ခွင်ထဲသို့ အပြီးစလွယ်ပစ်ချသည်။ သားကြီးက စာရွက်ကလေးကို ဂရုတစိုက်ကောက်ယူပြီး စာအိတ်ထဲ သေချာပြန်ထည့်၏။ သူ့ဖခင် ဝမ်းသာကြည်နူးဟန်ပြမလာသည်ကို မိုးကျော်အောင် နားဝေတိမ်တောင် ဖြစ်နေရပြီ။

"မင်းတို့အမေလုပ်ပုံမဟုတ်သေးဘူး၊ ဘုရားဖူးသွားတာကို လင်နောက်လိုက်ပြေးသလို ဘာလို့ ခိုးကြောင်ခိုးဝှက်လုပ်ရမှာလဲ၊ ဘာလို့ ရွှေတွေအကုန်ယူသွားရသလဲ၊ ဘာလို့ ပိုက်ဆံတွေ လေးငါးခြောက်သောင်း ထည့်သွားရသလဲ. . . ဒါဟာ မရိုးမသား ကလိန်ကကျစ် လုပ်တာကွ. . . ငါ့ကိုလည်း ×××ဂရုမစိုက်တဲ့အပေါက်မျိုး ချိုးတာ"

မိုးကျော်အောင်က သက်ပြင်းခိုးရှူကာ မျက်နှာလွှဲ၍ ထိုင်နေလိုက်၏။ သူ့ဖခင် အရက်မူးမပြေသေးဟု ထင်သည်။ အကြောင်းမှာ သန်းဆိုင်ပါးစပ်က အနံ့ဆိုးအကြွင်းအကျန်တွေ ထွက်လာနေဆဲဖြစ်သောကြောင့်ပင်။

"ငါ့ကိုများ တိတ္ထိတဲ့ကွာ. . .၊ ကြည့်စမ်း ဒီမယ်သားကြီး အဖေဟာ ရွာဦးဘုန်းတော်ကြီးကျောင်းမှာ သုံးနှစ်သုံးမိုး နေလာခဲ့တဲ့ကောင်ကွ၊ မင်းတို့ဘိုးအေကြီး ဦးကံငွေက စာတတ်ရဟန်းလူထွက်ကွ၊ ဟောဒီဘုရားကြီးဆိုရင်လည်း အဖေကိုယ်တိုင် လှူလာတာ ရေအလှူ၊ ငွေအလှူ၊ ဆီမီးအလှူ ပန်းအလှူ နည်းနည်းနောနောလားကွာ ဟင်၊ ငါက ဆိုင်တစ်ဖက်နဲ့မအားလို့ အားရင် ဘုရားဂေါပကအဖွဲ့ဝင်တောင် ဝင်လုပ်ရသေးရဲ့၊ ဒါကိုများကွာ. . . စန်းချိုမို့ တိတ္ထိလို့ စွပ်စွဲရက်ပါပေ့. . ."



မိုးကျော်အောင်သည် စိတ်ကသိကအောက်ဖြစ်ရသည့်ကြားမှ ခြောက်ကပ်ကပ်ရယ်လိုက်၏။

"ဒါကတော့ အဖေရာ. . . အမေက အဖေ့အဖေသူ့ယောက္ခမကြီးရဲ့ စကားလုံးကို သတိရလို့နေမှာပါ၊ အမေပြောဖူးတာပဲလေ၊ အဘိုးက အမေနဲ့သဘောမတူတာနဲ့ပဲ အဖေ့ကို (ဘုရားနားမှာနေတဲ့ တိတ္ထိ) လို့ ရွာမှာ လျှောက်ပြောဆို အဖေရဲ့"

သန်းဆိုင်က ကလေးဆိုးကြီးလို နှုတ်ခမ်းစူသည်။

"ငါ့အဖေကလည်း အလကားလူကြီးပါကွာ၊ ဘုန်းကြီးဝတ်နဲ့တုန်းကတော့ သီလသမာဓိရှိခဲ့ပုံပဲ၊ လူဝတ်လဲပြီး မိန်းမယူတော့မှ သီလကြောင်ကြီးဖြစ်သွားတာ၊ ငါတို့ ဒီဘုရားကြီးနားမှာ စနေကတည်းက ငါ့ဆီ တစ်ခေါက်တစ်ကျင်းတောင် မလာဘူး၊ ငါ့ကိုလည်း သူ့ဆီအလာမခံဘူး၊ ဒါပေမဲ့ ငါပို့ပေးတဲ့ ကိတ်မုန့်တွေ၊ ပန်းသီး၊ သပျစ်သီးတွေကျတော့ မသေမချင်းစားသွားတဲ့လူကြီးကွာ. . .၊ သူဆုံးတော့ ငါပဲ ဦးစီးငါပဲ ငွေကြေးအများဆုံးအကုန်အကျခံပြီး မသာချခဲ့ရတာ. . . တောက်၊ သူက လူသေသွားပေမဲ့ သူ့စကားလုံး "တိတ္ထိ" ကိုတော့ သူ့ချွေးမပါးထပ်ထဲထည့်ထားခဲ့သေးသကို"

မိုးကျော်အောင်က လှိုက်လှိုက်လှဲလှဲရယ်မောသောအခါ သန်းဆိုင်သည် သားဖြစ်သူကို မကျေမချမ်း စောင်းကြည့်၏။

"ဒီမယ်သားကြီး. . . ဒါတွေအသာထားဦး၊ အရေးကြီးတာတစ်ခု ငါစဉ်းစားမိတယ်ကွ"

မိုးကျော်အောင်အရယ်ရပ်သွား၏။ သူ့ဖခင်၏ မှုန်တေလေးနက်စွာ လိမ်ရှုံ့ထားသည့် မျက်နှာကြီးကို ကြည့်၏။ မနေ့က ဝီစကီအရှိန်ဖြင့် မျက်လုံးအိမ်က နီတွတ်တွတ်နှင့် မိုးကျော်အောင် မမြင်ဖူးသော မျက်နှာကြီးဖြစ်နေသည်။

"တလာပေးတဲ့ကောင်လေးပြောသွားပုံဆို. . .၊ သူတို့ ဘုရားဖူး

www.burmeseclassic.com



ကားမှာ ယောကျာ်းသုံးယောက်ပါသွားတယ်တဲ့၊ ဒါက. . . သားကြီးပြောလို့ အခုမှ အဖေသိရတာနော်၊ အဲဒီ သုံးယောက်ထဲမှာ ကုလားဒိန်တစ်ကောင် ပါသွား မသွား အဖေသိချင်တယ်"

"ဟာ. . . အဖေကလည်းဗျာ၊ တရုတ်မတွေရဲ့ ဘုရားဖူးကားမှာ ကုလားဒိန်ပါမတဲ့လား" ဟု မိုးကျော်အောင် စိတ်ရှုပ်ဟန်ဖြင့် ပြောလျှင် သန်းဆိုင်က လက်ညှိုးကြီးထောင်ကာ

"မင်းတို့အမေရဲ့ ကုလားဒိန်ဟာ ကားဒရိုင်ဘာမဟုတ်ဘူးလို့ ပြောနိုင်သလားဟင်" ဟု သူ့ထင်မြင်ချက်ကို ဖွင့်ထုတ်၏။

"ကုန်စုံဆိုင်က တရုတ်ကြီး ဦးကျူးဆီမှာ တိုယိုတာဟိုင်းလပ်ခရီးသည်တင်ကား (၃) စီးတောင်ရှိတာ အဖေမသိဘူးလား၊ တရုတ်မတွေက သူတို့ကားနဲ့ သူတို့သွားကြမှာပေါ့၊ အဲဒီကားသုံးစီးစလုံး ရန်ကုန်နဲ့ လိုင်းပြေးနေကြတော့ ကျွန်တော်လည်း စီးဖူးတယ်။ ကျွန်တော်တို့ ကား-ဝပ်ရှော့မှာလည်း သုံးစီးစလုံး လာပြင်ဖူးတယ်။ ဒရိုင်ဘာတွေထဲမှာ ကုလားဒိန်မပါဘူး။ တရုတ်ကပြားတစ်ယောက် ကရင်တစ်ယောက်နဲ့ ရခိုင်တစ်ယောက်ဆိုတာ ကျွန်တော်ကောင်းကောင်းသိတာပေါ့၊ အမေ့စာဖတ်ရပြီးမှ တောင်တောင်အီအီ လျှောက်မတွေးစမ်းပါနဲ့ အဖေရာ. . . အမေ ဘုရားဖူးသွားတယ်လို့ စိတ်နှလုံး ဒုန်းဒုန်းချယုံလိုက်စမ်းပါ"

မိုးကျော်အောင်၏ တောင်းပန်နှစ်သိမ့်စကားကို သန်းဆိုင်နားဝင်ဟန် မရှိ။

"သေချာအောင်တော့. . . ဘုရားဖူးကားမှာ ကုလားဒိန်တစ်ယောက်ပါ မပါ တရုတ်ကြီးကို သွားမေးဦးမယ်၊ ယောကျာ်းသုံးယောက်ပါတယ်ဆိုတော့. . . ကားစပယ်ယာထဲမှာ ကုလားဒိန်တစ်ယောက်ပါကောင်း ပါနိုင်တယ်ကွ. . .၊ ကုလားဒိန်ပါလို့သာ မင်းတို့အမေ ငါကို အသိမပေးတာ၊ အသိပေးလို့ ငါလိုက်ကြည့်ရင် သူ့ကုလားဒိန်ကိုတွေ့သွားမှာပေါ့၊ မဟုတ်ဘူးလား"



"အဖေပြောသလို မဟုတ်ရဘူးဗျာ၊ ကျွန်တော် လောင်းကြေးစားကြေး ပြောတယ်"

"ဟေ့ကောင်. . . သားအဖချင်း အလောင်းအစားတော့ လာမလုပ်နဲ့"

သန်းဆိုင်သည် ဆိုင်ထဲမှဆင်းကာ အိမ်ပေါ်သို့ ရေကြီးသုတ်ပျာ ပြန်တက်သွားစဉ်၊ မိုးကျော်အောင် တစ်ယောက်တည်း ရှုံ့မဲ့ခေါင်းယမ်းနေမိလေတော့၏။

XXX XXX XXX
XXX XXX XXX

တရုတ်ကုန်စုံဆိုင်မှ သန်းဆိုင်ပြန်ရောက်လာချိန်တွင် ဆိုင်ထဲမှာ သားငယ်ပြည့်ဖြိုးအောင်က ကျောင်းမသွားမီ အလှည့်ကျ စျေးရောင်းပေးနေပြီး၊ ခုံတန်းလျားအုပ်စုအဖွဲ့ဝင် ရန်ပိန်တစ်ယောက်သား၊ အစာမျှော်သောခွေးတစ်ကောင်၏ အမူအရာမျိုးဖြင့် သန်းဆိုင်ကို ဆီးကြိုလျက်ရှိသည်။ ရန်ပိန်က မနေ့ကကဲ့သို့ အပိုဝင်ငွေရဖို့ မျှော်လင့်နေသည်။

"အစ်ကိုသန်းဆိုင်. . . နေကောင်းသွားပြီလားဗျ" ဟု ရန်ပိန်က အဓိပ္ပာယ်ပါသော အပြုံးဖြင့် လှမ်းမေးသည်။

"မနေ့ကထက် ပိုဆိုးတယ်ကွာ. . ." ဟု သန်းဆိုင်က ခေါင်းခါရှုံ့မဲ့ရင်း ပြောကာ အိမ်ပေါ်သို့ ပျာယီးပျာယာတက်သွား၏။ ရန်ပိန်က သူ့အတွေးနှင့် သူပြုံးသည်။ သန်းဆိုင် နေမကောင်းသေးသရွေ့ သူသည် "ဝိစကီအဝယ်တော်" သို့မဟုတ် သန်းဆိုင်၏ တစ်ကိုယ်တော်ဝမ်းနည်းခြင်းအထိမ်းအမှတ် အခမ်းအနားမှ တစ်ဦးတည်းသော ဖြစ်ကြောက်ရေကော်မတီဝင် ရာထူးရရှိနေမည်ဟု ရန်ပိန်စိတ်ကူးယဉ်နေလေသည်။ သန်းဆိုင်၏ စိတ်အခြေအနေပြောင်းလဲသွားသည်သာမက အရက်နာ

www.burmeseclassic.com



ကျ၍ အရက်ပုလင်းကိုပင် မကြည့်ဝံ့တော့မှန်းမူ သနားစရာ ရန်ပိန်မသိရှာ။

သန်းဆိုင်အိမ်ပေါ်ရောက်သည်နှင့် သူဘာပြောမည်ကို မျှော်လင့်တကြီး စောင့်ဆိုင်းနေဟန်ရှိသည့် မိထူးကို တွေ့ရသည်။ မိထူးမှာ မနေ့ညက စန်းချိုထံမှ စာရောက်လာပြီး အကျိုးအကြောင်း သိရကတည်းက. . . မျက်နှာထားပိုမိုကြည်လင်လာ၏။

"အစ်ကိုကြီး ထင်တဲ့အတိုင်းပဲလား" ဟု မိထူးက မေးတော့ သန်းဆိုင်ခေါင်းယမ်းပြပြီး. . .

"မဟုတ်ဘူးဟ. . . ကားပေါ်မှာ ဘယ်ကုလားမှ ပါမသွားဘူး" ဟု ညောင်နာနာဖြေသည်။

"အစ်ကိုကြီးသန်းဆိုင်က စိတ်အပူလွန်နေတာပါ။ မိုးကျော်အောင်က ကျွန်မကို အလုပ်မသွားခင်ပြောသွားသေးတယ်၊ အဖေ့ကို ဂရုစိုက်ပါဒေါ်လေးရယ်. . . တဲ့ အဖေတော့ အမေ့စိတ်နဲ့ ရူးကြောင်ကြောင်ဖြစ်နေပြီတဲ့"

"သူဘုရားဖူးလိုက်သွားတယ်ဆိုတိုင်း ငါမယုံနိုင်သေးဘူး၊ လမ်းခုလတ်မှာ သူ့အကောင်နဲ့ ချိန်ထားပြီး ကားပေါ်က ဆင်းနေခဲ့လည်း ဖြစ်တာပဲ"

"မဖြစ်နိုင်တာပဲ"

စိတ်ပျက်လက်ပျက်ညည်းလိုက်သော မိထူးကို. . .၊ သန်းဆိုင်မဲ့ပြုံးပြုံးကြည့်သည်။

"လောကကြီးမှာ မဖြစ်နိုင်တာမရှိဘူး မိထူး၊ မဖြစ်သေးတာပဲရှိတယ်၊ ဖြစ်လာရင် ဘယ်သူမှ မတတ်နိုင်ဘူး၊ ဒီစကားကို မှတ်ထား"

မိထူးက သန်းဆိုင်ကို ရဲရဲတင်းတင်း စိုက်ကြည့်ပြီး တစ်ခါမျှ မရွယ်ဖူးသော လက်ညှိုးဖြင့် ရွယ်သည်။

"ဒီမယ်နော်. . .၊ စိတ်ညစ်တယ်၊ အသည်းကွဲတယ်ဆိုပြီး မနေ့



ကလိုတော့ အရက်တွေ မသောက်နဲ့၊ အစ်ကိုကြီးကို တွဲရထိန်းရတာ ဘယ်လောက် စိတ်ညစ်စရာကောင်းတယ်မှတ်လဲ၊ ငယ်ငယ်တုန်းက အဖေမူးရင် မောင်နှမတစ်တွေ ဝိုင်းတွဲရတာကို သတိရပြီး ကျုပ်ငိုချင်လိုက်တာ။ ကျုပ်တို့အဖေလည်း အရက်ကြောင့် သက်တမ်းစေ့မနေရဘဲ သေသွားရတာ၊ ကျုပ်က အမေ့ထက် အဖေ့ကို ပိုချစ်တာတော့. . ."

စန်းချိုမရှိချိန်မှာ. . .၊ မိထူး ဘာကြောင့် စကားတွေများများပြောလာပါလိမ့်ဟု သန်းဆိုင်ဖျတ်ခနဲ တွေးမိ၏။ [ဪ. . . သူဟာ ငါ့လက်ထဲမှာ လူလားမြောက်ခဲ့တဲ့ ရုပ်ဆိုးကျည်းတန်မကလေးပဲ၊ ရည်စားသန်တောင် မရှိရှာဘူး] သန်းနိုင်သည် မိထူးကိုသာ စိုက်ကြည့်နေမိ၏။

"စိတ်ချပါဟာ အစ်ကိုကြီးအရက်မသောက်တော့ပါဘူး"

သို့စဉ်ခိုက်မှာ. . . မိထူးက သန်းဆိုင်လုံးဝ. . . လုံးဝ မမျှော်လင့်သော မေးခွန်း တစ်ခုကို မင်မောင်းကောင်းသည့် ရှေ့နေမတစ်ယောက်က . . . စိတ်လှုပ်ရှား စိုးရွံ့နေသော တရားခံတစ်ဦးကို တရားခွင်မှာ မေးခွန်းထုတ်သံဖြင့် မေးလာပေ၏။

"တကယ်လို့. . . အစ်မကြီးစန်းချို ဘုရားဖူးသွားတာမဟုတ်ဘဲ . . . သူ့အဆက်နောက်လိုက် ပြေးတယ်ဆိုရင်ကော. . . အစ်ကိုကြီးသန်းဆိုင် ဘာဆက်လုပ်မလဲ. . ."

သန်းဆိုင်၏ မျက်စိတွေ၊ ပါးစပ်တွေ သာမက၊ လက်တွေ ခြေတွေပါ ဂနာမငြိမ် လှုပ်လှုပ်ရွရွ ဖြစ်သွားကြတာ. . .၊ မိထူးကို အသနားခံသလို မော့ကြည့်သည်။

"မ-မ-မပြောတတ်ဘူးမိထူး. . . ငါရူးချင်လည်း ရူးသွားမယ်၊ ဒါမှမဟုတ် စိတ်ညစ်ညစ်နဲ့ အရက်ဖိသောက်ရင်း အရက်သမားကြီး ဖြစ်သွားမယ်၊ အေးလေ. . . ဒီလိုမှ မဟုတ်ရင်လည်း . . . ငါဘုန်းကြီးဝတ်ချင်ဝတ်သွားမှာပေါ့ဟာ. . .၊ ဘာမှမသေချာပါဘူး. . ."

မိထူးက ရိုတိုတိုကလေး ပြုံးနေသည်။ ပြုံးရာက သဲ့သဲ့ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မယုံချင်ပါဘူး အစ်ကိုကြီးသန်းဆိုင်ရာ. . . ဟပ်ဟပ်၊ ကျုပ်တို့ရွာတစ်ကြောက ယောက်ျားတွေကျတော့ တစ်မျိုး. . ."

"ဘယ်လို တစ်မျိုးလဲဟ"

"မိန်းမက တစ်ခြားယောက်ျားနောက်လိုက်သွားခဲ့ရင်၊ ကျန်ခဲ့တဲ့ လင်ကလည်း အမြန်ဆုံး နောက်အိမ်ထောင်ပြုလိုက်တော့တာပဲ၊ အစ်ကိုကြီးသန်းဆိုင် ပြောသလို ရူးလည်းမရူးပေါင်. . .၊ အရက်သမားလည်း မဖြစ်ပေါင်. . .၊ ကဖိုးသီးဆိုတဲ့ လူဆိုရင် သူ့မယားလည်း ဖောက်ပြန်သွားရော. . . ဘာမှမကြာဘူး၊ သူက ရွာထဲက သူ့ထက် အသက် ၂၀ လောက်ကြီးတဲ့ မုဆိုးမအဘွားကြီးကို ယူလိုက်ရောတော့ ဟပ်-ဟပ်-ဟပ်"

"အဘွားကြီးက ပိုက်ဆံရှိလို့ နေမှာပေါ့ဟာ"

"မရှိပေါင်. . .၊ သားသမီးတွေ ပေးစာကမ်းစာထိုင်စား နေရတာ"

"ဒီလိုဆို. . . အဲဒီမိန်းမကြီးက ငါတို့မြန်မာရုပ်ရှင်မင်းသမီးကြီးတွေလို အမေခန်းက သရုပ်ဆောင်ရတဲ့ အဘွားကြီးဖြစ်ပေမဲ့ ချောတုန်းလှတုန်းမို့ နေမှာပေါ့"

"အို. . . မချောပေါင်၊ မလှပေါင်၊ ငါးကျီးခြောက်လို မည်းပြီးပိန်ရတဲ့အထဲ၊ မျက်စိတစ်ဖောက်က စွေနေသေး. . ."

သည်တစ်ခါတော့. . . နာရီပေါင်းများစွာ မရယ်မမောနိုင်ခဲ့သော သန်းဆိုင်သည် လွတ်လွတ်လပ်လပ်ကြီး၊ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား လွတ်ရယ်လိုက်တော့သည်။

"အဲဒီ. . . ဖိုးသီးဆိုတဲ့လူ. . . မယားတရူး. . . ရူးသွားတာ . . .၊ တော်တော်တုံးတဲ့ ငတုံးပဲကွာ. . . ဟားဟား မယားရွေးတော်လိုက်တာ . . . ဟားဟား"

ရယ်ချင်စိတ်ကုန်သွားသောအခါ ငါလည်း ဖိုးသီးလိုမယားတရူး . . . ရူးချင်နေသလား မသိဘူး. . . ဟု သန်းဆိုင်ယောင်နန တွေးမိလေ



၏။

XXX XXX XXX

XXX XXX XXX

ဤဝေဒနာဆိုးသည် ယခုမှ ခံစားဖူးသော ဝေဒနာသစ်မဟုတ်မှန်း သန်းဆိုင်သတိရလာ၏။ စန်းချို့နှင့် အိမ်ထောင်စကျသည့် မင်္ဂလာဦးည လွန်မြောက်ပြီး နောက်တစ်နေ့မှာလည်း သူအလူးအလဲ. . . အမေ အဘ တယူလောက်အောင် ခံစားခဲ့ရဖူး၏။ မင်္ဂလာဦးညမှာ၊ သုံးအိမ်စုကာလသားတွေ ဂုဏ်ပြုသည့် ချက်အရက်များ သောက်မိရာက တန်ဆေးလွန်ဘေးဖြစ်ကာ. . .၊ နောက်တစ်နေ့မှာ "အရက်နာကျခြင်း" ဆိုသည့် သေရည်ကြိုက် လူမိုက်များ၏ လက်စွဲတော်၊ ဖွားဖက်တော်ရဲဘော်ရဲဘက်ကြီးနှင့် နပန်းလုံးခဲ့စဉ် မရှုမလှ ရှုံးနိမ့်ခဲ့ရပုံကို ယခု သန်းဆိုင် တစိမ့်စိမ့်တွေးတော အမှတ်ရနေသည်။ ရင်ကလည်းတုန်၊ ခြေတွေလက်တွေလည်း တုန်၊ စကားပြောရင်လည်း အသံက တုန်ပြီး တစ်ဆို့ဆို့နဲ့ အတော်ခံရခက်တာပဲ၊ အရက်ရဲ့မျက်မှောက်အပြစ်ဒဏ်ပါကလား. . . ဟူ၍ သန်းဆိုင်သည် ဈေးရောင်းရင်း သယပွားနေ၏။ ဝေဒနာကို နောက်ကြောင်းပြန်ရာက စန်းချို့နှင့် မင်္ဂလာဦးညမှာ တူနှစ်ကိုယ်မပျော်ငမ်းမွေ့ခဲ့ရသည့် ကမောက်ကမဖြစ်ရပ်ကလေးကို သတိရရင်း စိတ်အာရုံမှာ စန်းချို့၏အသွင်သဏ္ဌာန်အမျိုးမျိုးတို့သည် စင်မြင့်ပေါ်မှာ မော်ဒယ်အလှမယ်တွေ စုပေါင်းသရုပ်ပြနေကြသည့်သဖွယ် ရောထွေးလှုပ်ရှားထင်ဟပ်လာကြ၏။ သန်းဆိုင်ကို ရာခိုင်နှုန်းအများဆုံး ဖမ်းစားညှို့ငင်နေသည်မှာ စန်းချို့အပျိုဘဝရုပ်သွင်လည်း မဟုတ်၊ အိမ်ထောင်ဦး ခေါင်းရွက်ဈေးသည်ဘဝရုပ်သွင်လည်း မဟုတ်။ ကျိုက်ဒေးယျုံဘုရားကြီးအနီးမှာ၊ ခနော်ခန်လေးတိုင်စင် ကွမ်းယာဆိုင်ကလေး ဖွင့်၍ ကွမ်းယာထိုင်ရောင်းနေခဲ့သော ဆိုက်ကားသမား မယားဘဝရုပ်သွင်လည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲက ကြေးရတတ်သားသမီးအပျိုမကလေးတွေ၏ ဖက်ရှင်မျိုး ဝတ်ဆင်ထားသော မိတ်ကပ်အပြောင်းသား နှုတ်ခမ်းနီအရဲသား၊ ရွှေထည်တဝင်းဝင်းနှင့် ဆံပင်တိုနံ့နံ့ ရင်မောက်မောက်၊ တင်ကောက်ကောက်နှင့် လေးဆယ်ကျော်အလှရှင်အတု ကျည်းတန်မ စန်းချို၏ တောက်ပပြုံးပြက်သော ရုပ်သွင်သာဖြစ်တော့သတည်း။

ငါ စတွေ့ခဲ့တဲ့ စန်းချိုပုံနဲ့ လက်ရှိပုံ ဘယ်လိုမှ ဆက်စပ်လို့ မရပါကလား၊ သင်းဟာ ပုံပြင်ထဲကလို ဖားပြုပ်ကြီးဘဝကနေ ရွှေမင်းသားကလေးဘဝ ပြောင်းသွားတာမျိုးပဲ၊ ပုံပြင်ထဲမှာတော့ ရွှေမင်းသားကလေးဟာ ဖားပြုပ်ရုပ်ဆိုးကြီးဘဝကို ပြန်ရောက်သွားလေရဲ့ . . . စန်းချိုကော. . . သင်း ဘုရားဖူးအယောင်ပြပြီး မဟုတ်မဟတ် လော်လီဖောက်ပြားသွားရင်. . . စုတ်ပြတ်နေတဲ့ ငါးစိမ်းသည်မဘဝ ပြန်ရောက်သွားမှာ သေချာတယ်။ သိပ်သိပ်သေချာတယ်. . . ဟူသော အတွေးများနှင့်အတူ သန်းဆိုင်သည် ဆိုင်နံရံရှိ စန်းချို၏ ဓာတ်ပုံကြီးကို စောင်းကန်းစောင်းကန်း ကြည့်ကြည့်နေ၏။

“နာရီပြန်တစ်ချက် ထိုးပြီအစ်ကိုကြီးသန်းဆိုင်. . .၊ ထမင်းမစားသေးဘူးလား၊ ဝက်သားနဲ့ ဝက်ကလီစာချက်ထားတာနော်” ဟူသော မိထူး၏အသံကို ကြားလိုက်ရသည်။

အရက်နာကျခြင်းက တစ်ဖက်. . .၊ စန်းချိုအတွက် မယုံကြည်စိတ်မချနိုင်သေးခြင်းတို့က တစ်ဖက်ဖြင့် စိတ်ယောက်ယက် ခတ်နေရာမှ မိထူးရပ်နေသော ဆိုင်နောက်ဘက်သို့ မျက်နှာအိုကြီးဖြင့် လှည့်ကြည့်သည်။ မိထူးက လေးကွေးသော လှုပ်ရှားမှု ညှိုးနွမ်းသော မျက်နှာတို့ကို စူးစမ်းနေဟန် ရှိ၏။

“မဆာသေးပါဘူးဟာ. . .” ဟု အက်ကွဲကွဲလည်ချောင်းကို အားယူညှစ်ထုတ်၍ ညည်းသံပါပါ ပြောလိုက်သည်။

စိတ်မသာယာသည့် အချိန်မှာ စိတ်ရှုပ်စရာအသေးအမွှားက



ဝင်လာပြန်၏။ ခုံတန်းလျားမှာ ဦးဘာလူက တင်ပျဉ်ခွေ့ထိုင်၍ အခန့်သားထိုင်နေသည်။ မိထူးအသံပြုသည်ကို ကြားသည်နှင့် ဦးဘာဘူသည် ထိုင်ရာမှ သုတ်ခနဲထပြီး. . .

“ဝက်သားဝက်ကလီစာ စားတာလည်း စားပေါ့ကွာ၊ တစ္ဆေကုလားပုကို ကျွေးမွေးပသဖို့လည်း မမေ့နဲ့ဟေ့ သန်းဆိုင်” ဟု ပြောရင်းထွက်သွားသည်။ သန်းဆိုင်၏ ဝက်ခြံအမာရွတ်ဟောင်းကျင်းချိုင့်တွေ ဗျစ်ထူနေသည့် မျက်နှာကြီး ဖျတ်ခနဲ တင်းမာသွား၏။ စန်းချိုမရှိတုန်း. . . ဦးဘာဘူကို ထိုးနှက်ဖို့ သတိရလိုက်ပြီ။

“ဒီမယ်. . . ဦးဘာဘူ၊ တစ္ဆေကုလားပုကို ဒီလောက်စေတနာပိုနေလည်း ခင်ဗျားအိမ်မှာခေါ်ပြီး ကိုးကွယ်ထားတော့ဗျို့” ဟု အော်လိုက်ရာ ဦးဘာဘူက ခြေလှမ်းတုံ့လျက် သမင်လည်ပြန် လှည့်ကြည့်၏။

“ငါ့အိမ်မှာနေရာမဆံ့တော့လို့ကွ. . .၊ တချို့ ပုဂ္ဂိုလ်တွေဆို ငါ့ကားပေါ်မှာ နေရာပေးထားရတာ မင်းမတွေ့ဖူးလား. . .၊ တော်တော်လက်ပေါက်ကပ်တဲ့ကောင်ပဲ. . .၊ မိစန်းချိုပြန်လာမှ ငါတိုင်ပြောဦးမယ်မှတ်”

ဦးဘာဘူထံမှ စန်းချိုနာမည်ကြားလိုက်ရသည်နှင့် သန်းဆိုင်အားပျော့ပျော့ ဓာတ်လိုက်ခံရသလို တစ်ကိုယ်လုံး စူးခနဲကျဉ်တက်သွားလေသည်။

ထိုမှတစ်ဆင့်. . . သန်းဆိုင်၏ စိတ်နှလုံးထဲသို့ အမျက်ဒေါသစီးကြောင်းသည် ဒလဟော လှိမ့်ဝင်ထိုးဖောက်လာသည်။ သူသည် စန်းချို၏ ဓာတ်ပုံကြီးကို ထ၍ ဖြုတ်ကာ ကြမ်းပေါ်တွင် မှန်ကွဲမတတ် ဆောင့်ပြီး မှောက်ချထားလိုက်၏။

ပတ်ဝန်းကျင်က လူကြီးလူငယ်တွေ ငါ့ထက် စန်းချိုငဲ့ ပိုပြီး လေးစားခင်မင်ကြသလိုပဲ အကယ်၍ စန်းချိုလင်နေခ်ာလိုက်ကြည့်၊ ငါ××× သုံးမကျဘူးဆိုပြီး ငါ့ကိုပဲ ကွယ်ရာမှာ အတင်းပြောကြမှာ၊ အလကား

www.burmeseclassic.com



လူ့ဟာလတွေ. . . ဟု ပါးစပ်မှ အသံထွက်မိမတတ် ကြုံးဝါးရေရွတ်သည်။

တစ်ခဏကြာတော့၊ သန်းဆိုင်သည် ဆိုင်မှာ လူရှင်းသည့်အခိုက်၊ စန်းချိုဓာတ်ပုံကြီးကို ဖုန်သုတ်၍ မူလနေရာမှာ ပြန်ချိတ်လိုက်လေသည်။

xxx xxx xxx

xxx xxx xxx

အိမ်မှတိတ်တဆိတ်ထွက်သွားပြီး (၁၁) ရက်အကြာ၊ ည (၈) နာရီခန့်တွင် စန်းချိုသည် ဆိုက်ကားတစ်စီးဖြင့် ရုတ်တရက် ပြန်လည်ရောက်ရှိလာချိန်၌ ခုံတန်းလျားအုပ်စုကလည်း လူစုံတက်စုံ ရှိနေကြပြီး ဆိုင်ပေါ်တွင်လည်း မိထူးတို့သုံးယောက်စလုံး ထိုင်နေကြသဖြင့် စန်းချိုကို အံ့သြဝမ်းမြောက်စွာ ဆီးကြိုနှုတ်ဆက်သံတွေက အနီးဝန်းကျင်မှ အသံဗလံမျိုးစုံကို ဖုံးလွှမ်းပစ်လိုက်သည်။

စန်းချို ဘုရားဖူးခရီး ထွက်မှန်းမသိသောတစ်ယောက်က-

"ဝက်လူးက လူမမာကို သွားပြုစုတဲ့သူကလည်း ကျိုက်ထီးရိုးတောင်ဝှေးကြီးနဲ့ပါလား" ဟု အူကြောင်ကြောင် ရေရွတ်စဉ်၊ ယမကာ အရှိန်ကလေး ယူထားသည့် ရန်ပိန်က တက်ကြွမြူးထူးစွာဖြင့် "ဟေး ငါတို့မမကြီး နန္ဒလှိုင်ပြန်လာပြီကွ" ဟု အော်ပြီး ဆိုက်ကားအနီး ကပ်သွားရာ စန်းချိုက ကျိုက်ထီးရိုးတောင်ဝှေးဖြင့် ရိုက်မလို မြောက်ရွယ်လိုက်သည်။

"ဟေ့-အကုသိုလ်ကောင်အရက်သမား၊ ငါဘုရားဖူးပြီး စိတ်သန့်သန့်ရှင်းရှင်းနဲ့ ပြန်လာတာနော်၊ အရက်နံ့ ထောင်းထောင်းထပြီး ငါ့နားမလာနဲ့"

"အို-မသိလို့ပါအစ်မကြီးနန္ဒာလှိုင်ရယ်. . . မောင်လေးကိုခွင့်လွှတ်ပါ"ဟု ဖြစ်စပ်စပ်ပြောရင်း ရန်ပိန်နောက်ဆုတ်သွားသည့်အခါ၊ စန်းချို၏



အထုပ်အပိုးတွေ၊ ဆွဲခြင်းတွေကို ဝိုင်းဝန်းသယ်ပေးရန် မိုးကျော်အောင်တို့ညီအစ်ကိုဆိုက်ကားအနီးသို့ ရောက်လာကြသည်။ စန်းချိုက ခရီးပန်းလာဟန်မပြ၊ သွက်လက်ဖျတ်လတ်စွာဖြင့် ဆိုက်ကားပေါ်မှဆင်းရင်း သန်းဆိုင်ကို တွေ့မြင်လိုဟန် မျက်လုံးတွေကစား၊ ခေါင်းကို ဘယ်ညာရွေ့စောင်းသည်။

"ဟို ဆရာကြီးကော. . . သားတို့"ဟု စန်းချိုမေးလျှင် ပြည့်ဖြိုးအောင်က "အဖေ အိမ်ပေါ်မှာ ပုတီးစိပ်နေတယ်အမေ၊ သတ်စေ့အမိဋ္ဌာန်ဝင်မယ်လို့ ပြောတယ်၊ ပုတီးစိပ်တာ လေးငါးရက်ရှိသွားပြီ" ဟု ဖြေလိုက်သော်၊ စန်းချို၏ မျက်ခုံးထူကြီးတွေ နဖူးဆံစပ်အထိ မြင့်တက်သွားကြသည်။ နှစ်(၂၀)ကျော် အိမ်ထောင်သက်တစ်လျှောက် သန်းဆိုင်ပုတီးစိပ်သည်ကို တစ်ခါမျှ မကြုံဖူးခဲ့ပါတကား. . .။

"ဩော်-ဩော် သာဓုပါတော်၊ သာဓုပါ။ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါးဖွင့်တော့မှာလား၊ သမထအားယူပြီး အဟောအပြောဘိုးတော်လုပ်တော့မှာလား"

စန်းချိုသည် ဘုရားကြီးနားမှာ နှစ်များစွာနေထိုင်လာသည့်ပြင် လောလောဆယ် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းမှ တန်ခိုးကြီးစေတီဘုရားများစွာကို ဖူးမြော်လာခဲ့ရသဖြင့်၊ ရတနာသုံးပါးတို့ ကိုင်းညွတ်သည့် အာရုံတွေ မပြေသေးဘဲ သူမ၏ပါးစပ်မှ ထွက်ခဲ့သော ဝေါဟာရအချို့ကို လွှတ်ထုတ်လိုက်မိ၏။ တစ်ချိန်တည်း၌ သူမ ဘုရားဖူးခရီးသို့ တိတ်တိတ်ခိုးပြီး လိုက်သွားစဉ်၊ သန်းဆိုင် အံ့သြစဖွယ် ပြောင်းလဲသွားပုံကို သံသယဝင်သည်။ ငါ့ကို ဆီးပြီး ရန်စကားပြောမယ်ထင်ထားတာ၊ ဘသားချောက အမိဋ္ဌာန်ပုတီးစိပ်နေသတဲ့၊ ဆန်းတော့အဆန်းသား ဟု မှတ်ချက်ချသည်။

မစန်းချို ဘာစားစရာတွေ ပါလာသလဲဗျို့၊ ဒူးရင်းသီးနံ့က မွှေးပါ့ကွာ၊ ငါတို့ဆရာမကြီးက ဘုရားဖူးထွက်မှ ဆုတောင်းပြည့်ပြီး ပိုဝ၊ ပိုလှ

www.burmeseclassic.com

www.burmeseclassic.com



လာသလိုပဲဟော့၊ အစ်မစန်းချို ဘယ်ဘုရားတွေ ဖူးခဲ့သလဲ စသော စသော ခုံတန်းလျားအုပ်စု၏ ဆူညံပွက်ထနေသည့် မေးခွန်းတွေကို မဖြေအား။ စန်းချိုက အိမ်လှေကားကနေ ခြေဖွနင်းပြီး အိမ်ပေါ်သို့ အလျင်စလို တက်လိုက်၏။ ဖိနပ်ချွတ်ကနေ ခေါင်းပြူကြည့်လိုက်တော့ [ဟုတ်သားပဲ] ဟု ရင်ထဲမှာ မြည်တမ်းမိသွားသည်။ ဟုတ်ပါသည်။ သန်းဆိုင်သည် ဘုရားစင်ရှေ့တွင် စောင်တစ်ထည်ကို ခေါက်ချိုးခင်းထိုင်ကာ လည်ပင်းမှာ မာဖလာကြိုးပတ်လျက်၊ တင်ပျဉ်ခွေထိုင် ပုတီးစိပ်နေပါသည်။ ပုတီးဆင်းသံ တိုးတိုးကိုပင် စန်းချိုကြားရသည်။

စန်းချိုသည် ခေါင်းတညိတ်ညိတ်နှင့် လျှာကလေးတစ်လစ်ထုတ်လိုက်ပြီး ခြေဖော့နင်းကာ အိမ်ထဲသို့ လှမ်းဝင်သွားလေသည်။

xxx xxx xxx

xxx xxx xxx

စန်းချိုနောက်သို့ အလုံးအရင်းနှင့် လိုက်ပါလာကြသော အိမ်နီးချင်း မိန်းမအချို့၊ ဆိုင်နီးချင်းဈေးသည်အချို့နှင့် ရင်းနှီးသောဆိုက်ကား သမားအချို့သည် ဘုရားစင်ရှေ့မှာ ငြိမ်သက်တောင့်မတ်စွာ ထိုင်လျက် ပုတီးစိပ်နေသော သန်းဆိုင်ကို တွေ့လျှင် ရုတ်တရက် ရှိုးတိုးရှန့်တန့် ခြေလှမ်းတွေ တုံ့သွားကြသည်။ ကျယ်လောင်သော စကားသံတွေ ရပ်ဆိုင်းသွားကြသည်။ အများစုမှာ မသွားအပ် မလာအပ်သော နေရာတစ်ခုသို့ လမ်းမှားဝင်လယမိသူကဲ့သို့ အလန့်တကြား နောက်ဆုတ်၍ အိမ်အောက် ပြန်ဆင်းသွားကြသည်။ အရင်းနှီးဆုံးအိမ်နီးချင်း မိန်းမကြီး တချို့သာ စန်းချိုရှိနေသော မီးဖိုဆောင်ထဲသို့ ရိုရိုကလေးတွေ ဝင်သွားကြ၏၊ အချင်းချင်း မျက်နှာရိပ်မျက်နှာကဲဖြင့် မဆူညံဖို့ သတိပေးနေကြရင်း အထူးအဆန်း ဖြစ်ရပ်ကိုတွေ့မြင်ကြသကဲ့သို့ သန်းဆိုင်ကို စောင်းကန်း စောင်းကန်းလှမ်းကြည့်ကြသည်။



စန်းချို၏ အဆူအပူအဆဲအဆိုနှင့် ရင်းနှီးအသားကျနေသော ရန်ပိန်ကမူ သန်းဆိုင်၏ကျောဘက် နှစ်လံလောက်ကွာသည့် ကြမ်းပြင်ပေါ်မှာ ကုပ်ချောင်းချောင်းထိုင်၍ အရက်ရှိန်ဖြင့် ရီဝေနေသော မျက်လုံးများဖြင့် ရောင်စုံ "ဒစ္စကို" မီးတွေ ပူဇော်ထားသည့် ဘုရားစင်ကို ကြည်ညိုသဒ္ဓါပွားဟန် မော့ကြည့်နေသည်။

သန်းဆိုင်ကား ပုတီးစိပ်သောလက်ချောင်းများမှလွဲ၍ ကျန်ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ တုတ်တုတ်မျှမလှုပ်။

"အံမာလေးတော်. . . ကွမ်းယာသည်မ ပြန်လာတာကိုပဲ ဘုရင်မကြွလာသလို ရုတ်ရုတ်သဲသဲ ကြိုကြဆိုကြနဲ့ အဖြစ်သည်းလိုက်ကြတဲ့ဟာတွေ၊ ဟိုဟာမကလည်း ဘုရားဖူးဆိုပြီး ဘုရားဖူးတစ်ဝက်၊ ပျော်ပွဲစားတစ်ဝက်ထွက်တာပါ"ဟု စန်းချိုကို တစ်ဖက်သတ် မျက်မုန်းကျိုးနေသော အမဲအူ တုတ်ထိုးဆိုင်မှ မိန်းမကြီးက မေးတငေါ့ငေါ့ဖြင့် ရေရွတ်လိုက်၏။

တုတ်ထိုးသည်၏ဘေးမှ ဝါဒတူဘက်တော်သားဖြစ်သည့် အိုးကလေးဘိန်းမုန့်သည် မိန်းမကလည်း ဆေးပေါ့လိပ်တဖွာဖွာနှင့်-

"ဘုရားဖူးသွားတာကိုပဲ သူ့အိမ်က ပထမပိုင်း စန်းချိုအမေ နေမကောင်းလို့ သွားပြုစုသလေး ဘာလေးနဲ့ ပလီစိချောက်ချက် ကြေညာနေသေးတယ်၊ ဘုရားဖူးသွားတာပဲ ဘုရားဖူးသွားတယ်ပေါ့၊ ဘာလို့ ဝက်လူး ကအဘွားကြီးကို မဆီမဆိုင် နေမကောင်းခိုင်းရသလဲ၊ ဘယ်လိုဟာတွေပါ လိမ့်"ဟု မြည်တမ်းပြန်သည်။

"သင်းတို့ပြောသမျှ တင့်တယ်ရမယ်ဆိုပြီး အလကား(ပဲများ) နေကြတာပါအေ၊ ဘဝမေ့နေကြတာ၊ ဟို အပျိုကြီးမ မိထူးဆို ဒီလာတုန်းက ရှင်မီးအင်္ကျီစုတ်ကလေးနဲ့ စပ်ထဘီအစုတ်ကလေးဝတ်ပြီး ရောက်လာတာ၊ သန်းဆိုင်တို့ စန်းချိုတို့ ခုထက်ထိ ဖင်မှာ ရွှံ့မစင်သေးဘူးဆိုတာ ငါအသိဆုံး၊ စန်းချိုဆိုတဲ့ဟာမကလည်း ငါးစိမ်းသည်ဘဝက လာတာဆိုတော့ ရွှေတွေဝတ်လည်း ရွှေတခြား လူတခြားပဲ"

www.burmeseclassic.com

www.burmeseclassic.com



တုတ်ထိုးအဒေါ်ကြီးသည် စျေးအရောင်းထိုင်းပြီး စိတ်ညစ်ညစ်နှင့် သူမ၏အခက်အခဲ ပြဿနာများကို ဖြေဆည်ရာ ရှာသလို၊ နောက်ထပ် နာရီဝက်ခန့်အထိ စန်းချိုတို့မိသားစုကို မှိုချိုးမျှစ်ချိုး ဝေဖန်လျက်ရှိလေသည်။ သို့ရာတွင် မိန်းမကြီး၏ ဝေဖန်ရေးတွင် ဒေါသစိတ်တွေ လွန်ကဲလွန်းသဖြင့်၊ ဝေဖန်သည်နှင့်မတူတော့ဘဲ ကျိန်စာတိုက်သကဲ့သို့ ဖြစ်နေကြောင်းကို တုတ်ထိုးအဒေါ်ကြီးမသိနိုင်။

xxx xxx xxx

xxx xxx xxx

ညေ့သည်တွေလည်း ရှင်းလင်းသွားကြပြီ၊ စျေးဆိုင်လည်း ပိတ်လိုက်ပြီ၊ ခြံဝင်းတံခါးလည်း သော့ခတ်လိုက်ပြီ ဖြစ်သော်လည်း သန်းဆိုင် ပုတီးစိပ်လို့မပြီးသေးပါ။

စန်းချိုက မိထူးကို လက်တို့၍ မီးဖိုဆောင်ထဲသို့ခေါ်ပြီး လေသံဟဟဖြင့် ကျိတ်မေးသည်။

"ညည်းတို့ဆရာကြီးက ပုတီးစိပ်တာ ကြာလှချေလား၊ ဘယ်နှပတ်တောင် စိပ်နေတာလဲ၊ ဘာပုတီးစိပ်နည်းလဲ"

စန်းချို၏မေးခွန်းတွေကို မိထူးအတိအကျတော့ မဖြေတတ်။

"ခါတိုင်းနေ့တွေက ဒီနေ့လောက် မကြာဘူးအစ်မကြီးရဲ့"

"ငါပြန်လာပြီး လူတွေ ရှုတ်ရှုတ် ရှက်ရှက်နဲ့မို့ ပုတီးစိပ်ပျက်ပြီး အသစ် ပြန်ပြန်စိပ်နေရလို့လား မသိပေါင်"

"မပြောတတ်ဘူး"

စန်းချိုက တစ်ခုခုကို သဘောကျသကဲ့သို့ တစ်ယောက်တည်း ပြုံးလိုက်၏။

စန်းချိုနှင့် မိထူးတို့ မီးဖိုဆောင်ထဲမှ တိတ်ဆိတ်ညင်သာစွာ ပြန်ထွက်လာကြချိန်တွင် သန်းဆိုင်သည် ထိုင်ရာမှ လက်တစ်ဖက်ထောက်ပြီး



အားယူ ထရပ်သည်။ ထအရပ်မှာ ကြာမြင့်စွာထိုင်ခဲ့၍ သွေးလေအလျှောက်မမှန်သော ခြေထောက်နှစ်ဖက်မှာ ဒူးကောက်ကွေးမှ ရိုက်ချိုးခြင်းခံရသကဲ့သို့ စူးစူးမျက်မျက်ကြီး ကျဉ်တက်ကာ သန်းဆိုင်ညည်းညူရင်း ခွေလဲသွားတော့သည်။

"အား ကျွတ်ကျွတ်၊ ဘုရား . . . ဘုရား . . . ဘုရား" မိထူးက ရှေ့ဆုံးမှ လှစ်ခနဲ ပြေးကပ်ပြီး သန်းဆိုင်၏လည်တိုင်ကို ပွေ့ယူထူမတ်လိုက်သည်။ စန်းချိုကလိုက်လာပြီး သန်းဆိုင်၏ခြေထောက်တွေကို ဖမ်းဆုပ်သည်။

"သန်းဆိုင် . . . ဘာဖြစ်သွားတာလဲ ဟင်"

သန်းဆိုင်က မျက်စိတွေ တင်းကျပ်စွာမှိတ်၍ မျက်နှာကြီးရှုံ့ကာ တကျွတ်ကျွတ် စုတ်သပ်လျက် ညည်းတွားသံသဲ့သဲ့ဖြင့် ဘုရားတနေ၏။

"နင် အကြာကြီး တင်ပျဉ်ခွေထိုင်နေလို့ သွေးမလျှောက်တာဖြစ်မှာ" စန်းချိုက သန်းဆိုင်၏ကွေးခေါက်နေကြသော ခြေသလုံးကြီးနှစ်ဘက်ကို ဖြည်းဖြည်းချင်း ဆွဲဆန့်သည့်အခါ သန်းဆိုင်က အလွန်အမင်း နာကျင်သောဟန်ဖြင့် "အား- ဖြည်းဖြည်းလုပ်ပါ၊ ငါ . . ငါ . . ငါလေဖြတ်သွားပြီ စန်းချို"

"ဟာ- ငါဘုရားဖူးပြီးပြန်လာစ ဆဲလိုက်ရရင် မကောင်းဘူး၊ ဘယ်က နိမိတ်မရှိ နမာမရှိ လေဖြတ်ရမှာလဲဟဲ့၊ သွေးမလျှောက်လို့ အကြောတွေ ခဏဆိုင်းသွားတာ၊ ဟော့ကောင်မ မိထူး၊ သူ့ကို ပက်လက်ချထားလိုက် ဒီကိုလာ၊ ခြေချင်းဝတ်အကြောကို တအားကုန်နှိပ်စမ်း၊ ခြေမတွေ၊ ခြေချောင်းတွေကိုလည်း လှန်ချိုး၊ ခြေဖဝါးအလယ်တောင်ကို လက်မနဲ့ဖိပေး" ဟု စန်းချိုက အရေးပေါ်ကုသခန်းထဲမှ ထဘီပြာ သူနာပြုဆရာမကြီးတစ်ဦး၏ လေသံဖြင့် ညွှန်ကြားလျက်ရှိသည်။

"လေ-လေဖြတ်ချင်လည်း ဖြတ်လိုက်စမ်းပါဟာ၊ အ အနားရရတာပေါ့" ဟူ၍ သန်းဆိုင်က ငိုကြွေးတော့မည့်သံဆဲ အသံကြီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ညည်းသော် စန်းချိုက လက်ဝါးတစ်ဖက်ဖြင့် သန်းဆိုင်၏ပေါင်ကို ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်သည်။

"ဟဲ့-သန်းဆိုင်၊ နင် ပုတီးစိပ်ပြီး သမာဓိမရဘဲ၊ အလေအလာတော တွေ လျှောက်ပြောနေပါလားဟင်"

"ငါ ငါ အဲဒါ သမာဓိစကားပြောတာ စန်းချို"

"အိုး x x x ရှုးစကား"

သားနှစ်ယောက်လည်း ဝိုင်းဝန်းလာကြပြီဖြစ်ရာ၊ ယခုအခါ မိန်းမနှစ်ယောက်နှင့် ယောက်ျားနှစ်ယောက်တိုးသည်။ သန်းဆိုင်၏ကိုယ်အင်္ကျီအစိတ်အပိုင်းအချို့ကို ချန်လှပ်၍ ကျွန်တစ်ကိုယ်လုံးကို ဆုပ်နှယ်ဖွစ်ညှစ် ဖိကြိတ်လှုပ်ခါနေကြတော့သည်။

စန်းချို၏ဟန်နှင့် သဏ္ဌာန်တို့သည်လည်း ဘုရားဖူးခရီးသည် အသွင်အလွှာတွေ တစ်စချင်းကွာကျသွားပြီး နဂိုမူလ ခက်မာကြမ်းတမ်းသည့် ရုပ်လွှာထုထည်ကြီးက အစားထိုးဝင်ရောက်လာခဲ့ပြီ ဖြစ်လေ၏။

စန်းချိုသည် တောင်တက်သမားတစ်ယောက်၏ ခြေသလုံးကဲ့သို့ မာတင်းနေသော သန်းဆိုင်၏ခြေသလုံးကို သူမ၏ ပန်းပဲဆရာလက်ချောင်းကြီးများဖြင့် အရေပြားတွေ၊ ကြွက်သားတွေ ပြတ်ထွက်ကုန်မတတ်၊ ဆုပ်ညှစ်လျက်ရှိရာ၊ သန်းဆိုင်သည် ဝမ်းဗိုက်ကလီစာတွေ ဖောက်ပြန်သွားသည့်နွားကြီးတစ်ကောင် တုံးလုံးလဲပြီး အော်ညည်းနေသလို တအီးအီး မြည်တမ်းနေသည်။

"သွေးကြောင်လိုက်တာဟယ်၊ ဒီလောက်နှိပ်တာလေးနဲ့ ညည်းနေရလား သန်းဆိုင်"

"နင့်လက်ကြီးက နှိပ်တာနဲ့မှ မတူဘဲ၊ ပလာယာနဲ့ ညှပ်နေသလား အောက်မေ့ရတယ်"

"ဒီလောက်တောင်ရှိလှတာ နေတော့ဟယ်" ဟု ငေါက်ငမ်းငမ်း ပြောပြီး စန်းချိုသည် သန်းဆိုင်၏ခြေသလုံးကို လွှတ်လိုက်ကာ ကုလား



ထိုင်မှာ သွားထိုင်နေသည်။

စန်းချို၏ အတွင်းအပြင် စိတ်သန္တာန်တွေ ပြောင်းလဲသွားသတဲ့သို့ သန်းဆိုင်ကလည်း လူမမာအသွင်ဖြင့် ခယ်မနှင့်သားနှစ်ယောက်၏ လက်ချောင်းတွေအောက်မှာ ရှုံ့မဲ့မဲ့မျက်နှာထားဖြင့် ငြိမ်သက်နေသော်ငြား နာရီပေါင်းများစွာ ပြင်ဆင်ထားသည့်ထိုးစစ်ကို စတင်ဖို့ စိတ်ထဲမှာ ပြန်လှန်စစ်ကြော ချိန်ဆလျက်ရှိ၏။ သို့ရာတွင် စန်းချိုက လက်ဦးမှု ရယူသွားသည်။

"ဒါနဲ့ နေစမ်းပါဦး၊ ပုတီးသမားကြီးရဲ့"ဟု စန်းချိုက ကုလားထိုင် ပေါ်မှာ ဟန်ပါပါ ခြေသလုံးတွေ လိမ်ချိတ်၍ ပြင်ထိုင်ရင်း မထီတရီ မျက်နှာဖြင့် တိုက်ပွဲစသည်။

"ငါ ဘုရားဖူးထွက်နေတုန်း နင် တရုတ်ကြီးဦးကျူးကို ဘာတွေ သွားမေးတာတုံး"

သန်းဆိုင် အငိုက်မိသွားသဖြင့် မျက်လုံးတွေ ဖျတ်ခနဲပွင့်ကာ ပြူးကျယ်သွားကြ၏။

"ဘာ ဘာမေးလို့လဲ"

"နင်မေးတာ နင်မသိဘူးလား၊ နင် လူမှန်းကို မသိတတ်ဘူး သန်းဆိုင်၊ ငါစာရေးထားခဲ့ပြီပဲ၊ အေးအေးနေပေါ့၊ ခုတော့ ယုန်ထင်ကြောင်ထင်နဲ့ တရုတ်ကြီးစိတ်ရှုပ်အောင် ပေါက်ကရတွေ သွားမေးတယ်၊ ငါလည်း ကားပေါ်ကဆင်းရော၊ တရုတ်ကြီးက ငါ့ကိုတန်းတိုင်တော့တာပဲ (နင့်ယောက်ျား ဦးနှောက်မကောင်းဘူးလား)လို့လည်း ဆိုသေးရဲ့"

သန်းဆိုင်က ဦးခေါင်းကို စန်းချိုဘက်သို့စောင်းပြီး လက်ညှိုးထိုးကာ

"နင်ဟာ ငါ့မယား၊ နင်ဘယ်ခရီးပဲသွားသွား နင်နဲ့ပတ်သက်တာကို ငါ စုံစမ်းမေးမြန်းခွင့်ရှိတယ်၊ နားလည်လား"

"ကားပေါ်မှာ ကုလားဗိုန်တစ်ယောက်ပါလားလို့ မေးတာ စုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



တာလား သေခြင်းဆိုးကြီးရဲ့၊ အဲဒါ ဘာမေးခွန်းလဲ၊ ဘာအဓိပ္ပာယ်လဲ၊ နင် အဲသလို ပါးစပ်စည်းကမ်းမဲ့ပြီး ထင်ရာလျှောက်မေးလို့ တရုတ်ကြီးက နင့်ကို အရှုံးအပေါ်ထင်သွားတာ"

စန်းချို အားမလိုအားမရဟန်ဖြင့်၊ ဖြုန်းခနဲထရပ်ကာ သန်းဆိုင် အပြုံစုခံနေရာအနီး လျှောက်လာပြီး တင်ပါးဆုံပေါ်မှာ လက်တွေထောက် လိုက်၏။

သန်းဆိုင်က သူ့ပခုံးတွေ၊ လက်မောင်းတွေကို နှိပ်ပေးနေသော မိထွေး၊ ခြေထောက်အစုံကို နှိပ်ပေးနေကြသော သားနှစ်ယောက်တို့ကို သူ့ဘက်မှ အရန်စစ်ကူများဟု သဘောထားသည်။ ထို့ကြောင့် သူက စန်းချို၏ ထိုစကားကို ထိရောက်သောခံစစ်ဖြင့် တွန်းလှန်လိုက်၏။

"သေကာနီး တရုတ်ကြီးက ဘာထင်ထင် ငါဂရုမစိုက်ဘူး၊ ငါ သူကျွေးတဲ့ထမင်း စားနေတာမဟုတ်ဘူး၊ ငါ့ထမင်းငါစားနေတာ၊ သူ့ကားနဲ့ ငါမယားလိုက်သွားလို့ လမ်းမှာတစ်ခုခုဖြစ်ရင် ကားပိုင်ရှင်သူ့မှာ တာဝန် ရှိတယ်"

"အဲဒါနဲ့ ကားသမားထဲမှာ ကုလားဒိန်ပါလားလို့ နင်သွားမေး တာ ဘာဆိုင်လို့လဲ သေနာရဲ့၊ နင့်စကားက ဘယ်ရောက်သွားပြီလဲ၊ ငါ့ကိုပြော စမ်း"

စန်းချို မခံချိမခံသာဖြစ်လာပြီး၊ သန်းဆိုင်အနီးမှာ အသား တဆတ်ဆတ်တုန်လျက် ဝင်ထိုင်သဖြင့် အနှိပ်သမားတွေပင် လန့်ဖျပ်ပြီး အနှိပ်ရပ်သွားသည်။

"ငါမေးချင်လို့မေးတာ၊ ငါ့မှာ မေးပိုင်ခွင့်ရှိတယ်၊ ဒီလိုမေးတာ အပြစ်ရှိလား၊ တရုတ်ကြီးကို ငါစော်ကားရာကျလား . . ."

"တရုတ်ကြီးကို စော်ကားရာမကျပေမဲ့ . . ငါ့ကို စော်ကားရာ ကျသဟဲ့ မသာရဲ့"

စန်းချိုက သန်းဆိုင်၏မျက်နှာကို ထိုးကြိတ်တော့မလို လက်သီး



ကြီးရွယ်လိုက်စဉ်၊ ငြိမ်းချမ်းရေးတပ်ဖွဲ့သည် ရုတ်တရက်ကြားဝင် ပြန်ချ ဟန့်တားရတော့၏။ သားကြီး မိုးကျော်အောင် ဖြစ်သည်။

"ကဲပါဗျာ . . အမေတို့ အဖေတို့ကလည်း ပြီးပြီးသားကိစ္စတို့ အလကား ပြဿနာလုပ်နေတယ်၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့ တော် တော်စိတ်ပျက်ဖို့ ကောင်းတာပဲ၊ ခုတစ်လော စိတ်ချမ်းသာမယ် ကြံလိုက် အမေကတစ်မျိုး အဖေကတစ်မျိုး ပြဿနာကို မီးခွက်ထွန်း ရှာလိုက်နဲ့ ကျွန်တော်တို့ စိတ်ရှုပ်လာပြီ၊ စိတ်ရှုပ်တော့ မခံဘူးဗျာ၊ မိန်းမယူပြီး ယောက္ခမအိမ်မှာ ကျွန်သွားခံနေလိုက်တော့မယ်"

"ဟုတ်တယ်၊ အဖေတို့လင်မယား ဂျိုဂကျောင်များနေရင် . . သားလည်း စစ်တပ်ထဲသွားဝင်လိုက်တော့မယ်" ဟု သားငယ် ပြည့်ဖြိုး အောင်ကလည်း လူပျိုပေါက်အသံအောကြီးဖြင့် ဝင်ပြောသည်။

တိုက်ပွဲမှာ နှစ်ဖက်စစ်သည်အားလုံး တစ်ယောက်မကျန် ငြိုင်တူ လေဖြတ်ခြင်းခံလိုက်ရသည့်နှယ် ငြိမ်သက်ရပ်တန့်သွားတော့၏။ စန်းချိုက အိပ်ခန်းထဲသို့ ဗျစ်တီးဗျစ်တောက်ရေရွတ်ရင်း ဝင်သွားသည်။ သန်းဆိုင် လည်း လူကောင်းပကတိအတိုင်း ထထိုင်သည်။ ဘာမျှ မခံစားခဲ့ရသော လူကောင်းပကတိအသံဖြင့်လည်း ပြောလိုက်သည်။

"ယောက္ခမအိမ်မှာလည်း ကျွန်သွားမခံနဲ့၊ စစ်ထဲလည်း မဝင်နဲ့၊ မိထွေးရေ အစ်ကိုကြီးကို ဒီဘုရားစင်ရှေ့မှာပဲ အိပ်ရာခင်းပေးတော့ . . ."

xxx xxx xxx

xxx xxx xxx

သူ ဖြစ်လေ့ရှိသည့်အတိုင်းပင် အိပ်ရာပြောင်းအိပ်လိုက်သဖြင့် သန်းဆိုင် အိပ်မပျော်နိုင်တော့ဘဲ တလူးလူးလိမ့်လိမ့်ဖြင့် မျက်လုံးကြောင်နေ၏။ အိပ်မပျော်သောကြောင့် အတွေးစိတ်ကူးမျိုးစုံက နယ်ပယ်မျိုးစုံသို့

www.burmeseclassic.com

www.burmeseclassic.com



မြန်ကြက်လွင့်မျောလျက် ရှိကြကာ . . . ဘာကိုမျှ ဦးတည်ချက်ထားပြီး မည်မည်ရရ ဝေခွဲနိုင်ခြင်းမရှိ။ စန်းချို ပြန်မလာမီကမူ . . ၊ စန်းချိုပြန်လည်ရောက်ရှိလာပါက သူ့ဘက်က ဟာကွက်၊ ပျော့ကွက် မရှိသော ထိုးနှက်ချက်တွေဖြင့် ဖိဖိစီးစီး ထိုးလှဲအနိုင်ယူမည်ဟု ကြံစည်ထားခဲ့သည်။ ယခုတော့ ကြံစည်အားခဲထားသမျှတွေ စန်းချိုနှင့် မျက်နှာချင်းဆိုင်မိပြီဆိုကတည်းက ကြက်ပျောက်၊ ငှက်ပျောက် လွင့်စဥ်ကုန်ကြပြီ။

သင်း ယူသွားတာ အတိအကျ မမှတ်မိပေမဲ့ ငွေသားငါးသောင်းခွဲလောက် ရှိတယ်။ အခု ဘယ်လောက်ပြန်ပါလာသေးသလဲ မသိဘူး။ ငွေဘယ်လောက်ကျန်သေးသလဲဆိုတာ ငါ စစ်ရမယ်၊ ငါ့မှာ စစ်ခွင့်ရှိတယ်၊ တစ်သက်လုံး ငွေနဲ့ပတ်သက်ရင် သူ့ကို အာဏာကုန် လွှဲထားခဲ့တယ်ဆိုတော့၊ အခု ငါက ငွေစစ်ရင် သင်းက စူးစူးဝါးဝါး လုပ်ချင်လုပ်လာမယ်၊ အဲလိုလုပ်လာရင် ငါငြိမ်ခံလို့ မဖြစ်ဘူး။ ဒီအိမ်မှာ ငါဟာ အိမ်ထောင်ဦးစီးဖြစ်တဲ့အကြောင်း နဂါးမှန်းသိအောင် အစွယ်ထောင်ပြရလိမ့်မယ်၊ လက်ဝတ်လက်စားတွေလည်း လမ်းမှာ အပျောက်အရှ ရှိမရှိ စစ်ရမယ်။ ဘုရားဖူးသွားတာပဲ၊ ဘာလို့ ရွှေတွေ အကုန်ဝတ်သွားရသလဲ။ သိပ်လှချင်တဲ့ဟာမ၊ လှချင်တာကို အပြစ်မပြောပါဘူး၊ အကျည်းတန်မှန်ကြိုက်ပဲ၊ ကြွားချင်တာ၊ သင်းက ဘုရားရှေ့မှာတောင် ကြွားပြချင်တဲ့သတ္တဝါ . . . ဟူသော အတွေးစကားအဆုံးမှာ သန်းဆိုင်သည် ခြင်ထောင်ထဲမှ ဖြည်းညင်းစွာ အသံဗလံမပြုစေရဘဲ ထွက်လိုက်သည်။

တိုင်ကပ်နာရီကို မော့ကြည့်လိုက်သည်။ နံနက် (၈) နာရီထိုးတော့မည်။ စန်းချို အိပ်မောကျချိန်ဖြစ်သည်။ ပို၍ သေချာအောင် . . . သက်သေပြနေသည်ကား . . . ၊ တစ်အိမ်လုံးကို စိုးမိုးအုပ်စီးထားသော စန်းချို၏ တဂူးဂူးဟောက်သံကြီးက စည်းချက်မှန်စွာ ထွက်ပေါ်ဝယက်ထနေခြင်းဖြစ်လေသည်။

သန်းဆိုင်သည် အိပ်ခန်းအဝမှာရပ်၍ . . . အခန်းထဲသို့ ဝင်တော့



မည်။ သူခိုးတစ်ယောက်ပမာ . . . ခန်းဆီးစကို ဟသည်ဆိုရုံကလေး ဖယ်၍ အခန်းထဲသို့ ဦးခေါင်းသွင်းကာ စူးစမ်းသည်။ စန်းချို၏ ဟောက်သံကြီးက ယခုမှ ကြောက်မက်စဖွယ် ပိုမိုကျယ်လောင်လာသလို ထင်ရ၏။ အိပ်ခန်းမီးရောင်က ခြင်ထောင်ထဲမှ စန်းချို၏ ကိုးရိုးကားရားသဏ္ဌာန်ကို မထင်မရှား ညွှန်ပြနေသည်။ လမ်းခရီးမှာ အိပ်ပျက်ဖန်များခဲ့၍ စန်းချိုတစ်ယောက် ကျားဝင်ဆွဲတာတောင် မသိအောင် အိပ်မောကျနေမှာ သေချာသည်ဟု သန်းဆိုင် ကျေနပ်စွာ တွေးမိသည်။

သူသည် ကပတိ တိတ်ဆိတ်နေသော မိထူး၏အိပ်ခန်း၊ သားနှစ်ယောက်တို့၏အိပ်ခန်းများကို မျက်စိကစား၍ ကြည့်လိုက်ပြီးသည်နှင့် ခန်းဆီးကို ဖယ်ကာ၊ အိပ်ခန်းထဲသို့ ခြေဖော့နင်း၍ ကုပ်ချောင်းချောင်းကလေး လှမ်းဝင်လိုက်၏။

မိုးသာ . . . ပြုံချင်ပြုံကျသွားမယ်၊ စန်းချိုနိုးလာမှာတော့ ပူစရာမရှိဘူးဟု ကျေနပ်စွာတွေးရင်း ပါးလွှာသောခြင်ထောင်ဇာအတွင်းမှ ပိုးလိုးပက်လက်အိပ်ပျော်နေသော စန်းချိုကို လည်တိုင်ကိုင်းပြီး ကြည့်လိုက်၏။ အို ဘုရား . . . ဘုရား၊ ဟိုတစ်ခါ ခင်မောင်ငြိမ်းယူလာတဲ့ အင်္ဂလိပ်စာအုပ်ထဲမှာပါတဲ့ လူရိုင်းကပ္ပလီမကြီးလိုပါပဲလား . . . ဟု သူ့ဇနီးကို ယခုမှ တွေ့ရသော အနိဋ္ဌာရုံမြင်းကွင်းလို ခံစားကြည့်လိုက်လေသည်။

ပြီးလျှင် . . . သန်းဆိုင်က ဘယ်တော့မှ သော့ခတ်ထားလေ့မရှိသော ဗီရိုကြီးမှ တံခါးနှစ်ချပ်ကို အထူးဂရုစိုက်၍ အသံတိတ်ဖွင့်လိုက်၏။ ဗီရို အလယ်ဆင့်နေရာတွင် အံဆွဲနှစ်ခုပါရှိပြီး ထိုအံဆွဲတွေကိုလည်း သော့ခတ်ထားခဲ့သည်။ အဘယ်ကြောင့်ဆိုလျှင် စန်းချိုက ထိုအံဆွဲနှစ်ခုကို နေ့စဥ်မကြာခဏဖွင့်ချည် ပိတ်ချည်နှင့် အသုံးပြုလေ့ရှိသောကြောင့်ဖြစ်သည်။ အသုံးပြုစရာအကြောင်းကလည်း ရှိသည်။ ဘယ်ဘက်အံဆွဲတွင်း စန်းချို၏ ရွှေထည်လက်ဝတ်ရတနာများကို သိမ်းဆည်းကာ ညာဘက်အံဆွဲမှာ ငွေစက္ကူတွေထားသည်။ ဤဗီရိုနှင့် အံဆွဲများကို သူတို့လင်မယား

www.burmeseclassic.com

www.burmeseclassic.com



ကလွဲလို့ ဘယ်သူမှ ခွင့်ပြုချက်မဲ့ မဖွင့်ရ၊ ခွင့်ပြုချက်လည်းမပေး၊ ဗီရိုနား မပြောနှင့် အိပ်ခန်းထဲသို့ပင် အကြောင်းမဲ့ မဝင်ရ. . . ဟူသော စန်းချို၏ သံမဏိစည်းကမ်း ထုတ်ပြန်ထားသည်။

ပထမဦးစွာ ရွှေအံဆွဲကို အသက်ပင်မရှူဘဲ ဖွဖွညင်ညင်ကလေး ဆွဲထုတ်ကြည့်သည်။ အံဆွဲအတွင်း၊ အနီရောင်ကတ္တီပါစကလေးကလွဲ၍ ဘာတစ်ခုမှ မရှိ။ ရုတ်တရက် သန်းဆိုင် ချွေးစို့လာ၏။ ငွေအံဆွဲကို ဖွင့်ပြန်သည်။ ကျပ်တန်အနွမ်းကလေး သုံးလေးရွက်ကလွဲ၍၊ ဘာငွေကြေးမျှ မမြင်ရ။ သိမ်းနေကျနေရာမှာ မသိမ်းဘဲ ဘယ်မှာသွားသိမ်းပါလိမ့် . . . ဟု၍ တွေးကာ၊ သူ့မျက်လုံးတွေက ဗီရိုဘေးရှိ အဝတ်အစားအသစ်များ၊ မချုပ်ရသေးသော အထည်စများ သိမ်းဆည်းရာ သံသေတ္တာကြီးကို ရှူးစမ်းသည်။ သည်သေတ္တာကလည်း သော့ခတ်လေ့မရှိ၊ ရွှေငွေလည်း သိမ်းဆည်းလေ့မရှိ။

ပို၍သေချာနိုင်မာအောင်၊ သန်းဆိုင်က သေတ္တာအဖုံးကို ပန်းကလေးတစ်ပွင့်ကဲ့သို့ တယုတယ ဖော့ဖော့ဖွဖွကလေး ဖွင့်လိုက်သည်။ အဝတ်အစားကတစ်ပုံ၊ အထည်ပိတ်စတွေက တစ်ပုံ၊ သပ်သပ်ရပ်ရပ် ရှိနေကြ၏။ ပရုပ်နံ့လုံးအများအပြားထည့်ထား၍ ပရုပ်နံ့ထောင်းထောင်း ထမွှန်ရှုခြင်းကို ထိတွေ့ရသည်သာ အဖတ်တင်သည်။ သူတွေ့လိုသော အရာတွေ သေတ္တာထဲမှာလည်း မရှိ၊ [ဘယ်နေရာမှာ ရှိမလဲ. . .၊ ဘယ်နေရာများရှိမလဲ. . .] သေတ္တာအဖုံးကို ဖွင့်တုန်းဟာလို အသာ အယာပြန်ပိတ်ပြီး အခန်းထဲမှာ မျက်လုံးကစားသည်။ ချွေးတွေက စို့ရုံ မဟုတ်တော့၊ ပြိုက်ပြိုက်ယိုစီးနေကြပြီ။

သန်းဆိုင်မျက်လုံးတွေ ကျယ်သွားသည်။ စန်းချိုခရီးထွက်စဉ်က ယူသွားသော ခရီးဆောင်အိတ်ကြီးကို ခုတင်ဘေးမှာ ဇစ်ပွင့်လျက် တွေ့လိုက်သောကြောင့် ဖြစ်လေသည်။ နဖူးမှ ချွေးတွေကို လက်ခုံဖြင့် သုတ်ပြီး အိတ်ကို ဖြဲကာ ထဘီတွေ အင်္ကျီတွေ၊ အတွင်းခံစကတ်တွေ



ကြားမှာ ကသောကမျော ထိုးနှိုက်စမ်းသပ်တော့သည်။ စန်းချို၏ အလှပြင် ဆေးဝါးတွေ၊ ကိရိယာတွေကိုသာ စမ်းမိ၏။ မလျှော်မဖွပ်ဘဲ ထိုးသိပ်ထား သော အဝတ်အဟောင်းနံ့နှင့် အမွှေးနံ့သာနံ့တို့ ရောနှောပေါင်းစည်းပြီး ထွက်ပေါ်လာသော အောက်သိုးသိုးအနံ့ကို ရှူမိကာ သန်းဆိုင် အော်ဝလီ ပင် ဆန်ချင်လာမိ၏။

ငါ သူခိုးမှဟုတ်တာ၊ ဖြစ်ချင်ရာဖြစ်စေတော့ဟု ဆုံးဖြတ်ပြီး ခြင်ထောင်နားကပ်ကာ စန်းချိုကိုကြည့်သည်။ သူ့မျက်လုံးတွေ ပြူးကျယ် သွားကြပြန်သည်။ ရင်တဒုတ်ဒုတ် ခုန်သံကို. . . စန်းချိုကြားမှစိုး၍ ယောင်ယမ်းပြီး ရင်ဘတ်ကို ဘယ်လက်ဝါးဖြင့် ဖိသည်။ [ဩော်. . . ဗီလိုကိုး] ရွှေကော ငွေပါထည့်ထားဟန်ရှိသော စန်းချို၏ အဖိုးတန် သားရေအစစ် ပိုက်ဆံအိတ်ဖောင်းဖောင်းကြီးက စန်းချို၏ ခေါင်းအုံး အောက်ကနေတစ်ဝက်ခန့် ပြူထွက်နေသည်။ သူတွေ့ချင်သော အရာ ဝတ္ထုများ ပိုက်ဆံအိတ်ထဲမှာ ရှိနေမည်ကို သံသယပွားစရာ မလိုတော့။

ရွှေတွေ ငွေတွေ၊ မတွေ့ တွေ့အောင်ရှာပြီး စစ်ဆေးဝေဖန်ကြည့် မည်ဟု ဆုံးဖြတ်ချက်ချထားသည့်တိုင်. . .၊ ပါးစပ်ကြီးဖြဲပြီး တဂူးဂူး ဟောက်နေသည့် စန်းချို၏ဦးခေါင်းအောက်မှ ပိုက်ဆံအိတ်ကို သန်းဆိုင် မတို့မထိရဲတော့. . .၊ ကျားပါးစပ်ထဲသို့ ခေါင်းလျှိုသွင်းလျှင်မှ. . .၊ ကျား က ကိုက်ချင်မှ ကိုက်ဦးမည်၊ ပိုက်ဆံအိတ်ကိုသွားဆွဲစဉ် စန်းချို နိုးသွားပါမူ အာဠာဝကဘီလူး၏ သံလျက်ကို ဆွဲမိသူထက် မခန့်မှန်းနိုင်အောင် အခြေ အနေဆိုးသွားမည်။

သို့ရာတွင် သန်းဆိုင်သည် ဇွဲတင်းလိုက်၊ ဇွဲလျှော့လိုက်နှင့် ချွေးပေါက်ပေါက်ကျရင်း ချီတုံ၊ ချတုံ ဖြစ်နေသေး၏။ ထိုသို့ရှိစဉ်. . . ကြမ္မာငင်လာတော့သည်။

ကိုယ်လက်ညောင်းညာကိုက်ခဲလျှင် အိပ်ပျော်ရင်းမှ သူမ၏ ပင်ကိုအသံအောကြီးနှင့် ယောင်ယမ်းရေရွတ်တတ်သော စန်းချိုအသံ

www.burmeseclassic.com

www.burmeseclassic.com



မြည်လာခြင်းဖြစ်၏။

"အဘိုး. . . အဘိုး"

စန်းချိုက ဘုရားဖူးခရီးစဉ်တစ်နေရာမှာ၊ တွေ့ဆုံပူဇော်ခဲ့ရသော သီလ၊ သမာဓိ၊ ပညာတို့၏ ဂုဏ်သတင်းကြီးမား ပျံ့နှံ့သည့် ရသေ့သူတော်စင်ကြီးတစ်ပါးကို အိပ်မက်မက်ပြီး ယောင်ယမ်းတမ်းတလိုက်သည်ကို. . .၊ စိတ်အသိကပြောင်းက ပြန်ဖြစ်လျက်ရှိသည့် သန်းဆိုင်၏ နားအာရုံတွင် (သူခိုး. . . သူခိုး) ဟူ၍ ကြားလိုက်လေသည်။

ကြားလိုက်သည်နှင့်. . .၊ သူ့အာရုံအလုံးစုံ ပြောင်းဆန်ရှုပ်ထွေးသွားပြီး သူ့ပါးစပ်မှလည်း (သူခိုး. . . သူခိုး) ဟု မြည်တမ်းကာ၊ အခန်းထဲမှ အမြန်ဆုံးထွက်ပြေးဖို့ ခြေလှမ်းတွေ ရွေ့သည်။ အရှိန်ယူပြီး ရွေ့တိုးလိုက်သော ခြေတစ်ဖက်က စန်းချို၏ ကြွေရည်သုတ်သံထည် "ညအိုး" ကို ကန်ထုတ်လိုက်သလို ဖြစ်သွားသည်။ ဂန်ဖလားအဖုံး ရိုက်ခတ်သံ၊ ဂန်ဖလားခွက်က လွင့်ပြီး သံသေတ္တာကို ကျယ်လောင်စွာ ဝင်တိုးလျက် ဘေးတစောင်း လိမ့်သွားရာမှ နံရံကို ဝင်တိုက်ပြန်သော အသံတို့ကို. . .၊ သန်းဆိုင်ကတော့ လျှောင်လှူပ်ပြီး သူ့အိမ်ကြီး ပြိုကျသံဟုသာ ထင်လိုက်မိတော့၏။

စန်းချို လန့်နိုးပြီး ခြင်ထောင်ထဲက ခုန်ထွက်လာသည်အထိ မိထူးနှင့် သားနှစ်ယောက် အိပ်ခန်းထဲသို့ အူယားဖားယား ပြေးဝင်လာကြသည်အထိ. . .၊ သန်းဆိုင်သည် ဆီးအိုးကို ကန်မိသောနေရာ၌ နေလှန်းခံရသော အပြစ်သား တစ်ဦးကဲ့သို့ ချွေးဒီးဒီးကျလျက် ရပ်နေဆဲဖြစ်သည်။

xxx xxx xxx

xxx xxx xxx

နောက်နေ့မှာ. . . ကွမ်းယာထိုင်ရောင်းနေသော သန်းဆိုင်က နဖူးအုပ်



အောင် မာဖလာကြီး ခေါင်းပေါင်း ပေါင်းထားခြင်းကို စကားမရှိ ရှာတတ်သော ဆိုက်ကားသမား ဝမ်းနိုင်တူးသည် သာမန်မေးရိုးမေးစဉ် လေသံဖြင့်. . .

"ဆရာသမား. . . နေမကောင်းပြန်ဘူးထင်တယ်၊ ခေါင်းပေါင်းကြီးနဲ့" ဟု စကားစလာစဉ် သန်းဆိုင်သည် (မင်းအမေလင် ခေါင်းပေါင်းပေါင်းတိုင်း နေမကောင်းဖြစ်ရမှာလား) ဟု ပါးစပ်က ငေါက်ငမ်းတော့မလိုလုပ်ပြီးကာမှ. . .၊ စိတ်ထိန်းလိုက်ပြီး. . .

"အိပ်ရေးပျက်ပြီး ခေါင်းနည်းနည်းအုံနေလို့ကွ" ဟု မပွင့်တပွင့်ဖြေသည်။

"ဩ. . . ဟုတ်တာပေါ့ဆရာသမားရာ. . .၊ မနေ့ညက ဆရာကတော်ပြန်ရောက်လာပြီဆိုတော့ အိပ်ရေးပျက်မှာပေါ့၊ လင်မယားတွေကိန္နရီကိန္နရာမောင်နှံတစ်ညတာ ကွဲကွာပြီး ပြန်လည်တွေ့ဆုံကြရသလိုနှစ်ပေါင်း (၇၀၀) ခံစားမှုဝေဒနာတွေကို. . ."

"တော်ကွာ ဝမ်းနိုင်တူး၊ စန်းချိုကြားရင် သက်သက်မဲ့ အဆဲခံနေရဦးမယ်၊ ဘုရားဖူးပြန်လာကာစ သူက ကုန္ဒြေသမ္ပတ္တိကြီးနဲ့နေတာကလေးကလားစကားတွေ ပြောတာ သူကြိုက်မှာမဟုတ်ဘူး"

"ဆရာသမားကလည်းဗျာ အစ်မကြီးစန်းချိုက ဘုရားဖူးပြီး တရားသံဝေဂတွေရလာတော့ ခဏ္ဍိစ သည်းညည်းခံတတ်လာမှာပါ" ဟု ဝမ်းနိုင်တူးက စကားခေါ်နေပြန်သော်လည်း သန်းဆိုင်စိတ်တင်းပြီး ပါးစပ်ပိတ်ထားလိုက်၏။

သန်းဆိုင်စိတ်ကြည်လင်ခြင်း မရှိမှန်း သူ၏ အိမ်သားတွေ ပဲသိကြသည်။ သန်းဆိုင် ကယောင်ချောက်ချားနိုင်ခြင်းကို စိတ်တိုသော၊ ခြင်ထောင်ထဲမှ ခုန်ထွက်လာသော စန်းချိုက ထိရုံကလေး ပခုံးကို တွန်းခဲ့သော်လည်း၊ ခြေစုံပူး၍ အသေကောင်ပမာ ကြောင်တောင်ကြီး ရပ်နေသော သန်းဆိုင်မှာ ဟန်ချက်ပျက်ကြီး ဗီရိုစွန်းကို နဖူးဖြင့် ဝင်ဆောင့်မိခဲ့

www.burmeseclassic.com

www.burmeseclassic.com



၏။ အားလုံးကို သူဖြေရှင်းပြနိုင်သည်မှာ. . . (ခေါင်းကိုက်ချင်သလိုလို ဖြစ်တာနဲ့ ပရုတ်ဆီဘူး ဝင်ရှာရင်း အပေါ့အိုးကြီးကို ခလုတ်တိုက်မိတုန်း၊ စန်းချိုက ထယောင်တော့ ငါလည်း နားကြားလွဲပြီး သူခိုးအော်မိတာ) ဟူ၍သာဖြစ်လေသည်။ သို့သော် စန်းချိုက ကျေနပ်ယုံကြည်ဟန် မပြ။

"ငါအိပ်မက် မက်ပြီး အဘိုး-အဘိုးလို့ ယောင်တာကိုလည်း နင့်ရှေ့နားက သူခိုးသူခိုးလို့ ကြားရသတဲ့၊ နင့်ကို လမ်းထဲက ကောင်လေးတွေလို ရှေ့နားကပ်တစ်ဖက်ဆင်ပေးထားရမလို ဖြစ်နေပြီ" ဟု စူစွာစွာ အပြစ်တင်လိုက်သေး၏။ မိထူးနှင့်သားနှစ်ယောက် ပြန်ထွက်သွားကြတော့လည်း သန်းဆိုင်၏ ဗိုက်ခေါက်ကို လိမ်ဆွဲပြီး လေသံဖြင့်. . .

"နင့်ညဏ်ကို ငါမသိရင်ခက်မယ်၊ နင်ခုတင်ပေါ်မှာ ပြန်အိပ်ဖို့လာတာမဟုတ်လား" ဟု ရာဇဝတ်သားကို စစ်သလိုစစ်ပြန်သေးသည်။

ဤသို့ဖြင့်. . . မနက်ခင်းဆိုင်အဖွင့်မှာ နဖူးမှ ဘုသီးကို စမ်းမိပြီး သန်းဆိုင်တစ်ယောက် ကပျာကသီ ခေါင်းပေါင်း ပေါင်းလိုက်ရခြင်း ဖြစ်၏၊ ခေါင်းပေါင်းကိုကြည့်ပြီး စန်းချိုမျက်စောင်းထိုး မေးငေါ့ခြင်းကိုလည်း အဆစ်အဖြစ် ရရှိလိုက်သေး၏။ သူ၏ ရှေ့ငွေရှာဖွေစစ်ဆေးမည့် အကြံအစည်ကြီး ပျက်စီးသွားရသည့်ပြင်. . .၊ နဖူးအနာရခဲ့သောကြောင့်၊ သန်းဆိုင်စိတ်နှလုံး မလန်းဆန်းနိုင်တော့ပါ။ ဤအခြေအနေတွင် စန်းချိုနှင့် ငွေစာရင်းရှင်းတမ်းလည်း မလုပ်ရဲတော့ပါ။ မေ့ပစ်လိုက်၊ မေ့ပစ်လိုက်၊ ဒီလိုအသေးအဖွဲ့ပြဿနာတွေ အတိတ်မှာထားရစ်ခဲ့. . .၊ အနာဂါတ်၊ ဖြစ်လာမယ့်အနာဂတ်အတွက်ပဲ ခေါင်းအေးအေးနဲ့ စဉ်းစားဟု စိတ်ကို ဆုံးမထားကြည့်သည်။ မရပါ။ မျိုသိပ်စိတ်များသည်။ သူ့နှလုံးအတွင်းမှာ ဖြည်းဖြည်းချင်း ဖောင်းကြွလာကြသလို ဖြစ်နေသည်။ သူ့မျက်နှာသည် လိုအပ်သည်ထက် အလွန်အကျွံ ပိုမိုစားသောက်မိ၍ စားပိုးနင့်သူတစ်ယောက်၏မျက်နှာကြီးတစ်ခုလို အရောင်အသွေး အမျိုးမျိုးပြောင်းကာ၊ မျက်လုံးတွေ ပြူးလာလိုက်။ တုန်းမြေပေါ်ပစ်တင်ခြင်းခံရသည့် ငါး



တစ်ကောင်၏ ပါးစပ်ကဲ့သို့ သူ့နှုတ်ခမ်းတွေ ဟစေ့၊ တစေ့ ဖြစ်လိုက်နှင့် ထိုင်လျက်စျေးရောင်းရင်း ဣန္ဒြေပျက်နေသည်။ တစ်ခါမျှ မခံစားရစဖူးခဲ့ ရသော. . .၊ သိမ်ငယ်စိတ်ဖြင့် ကွမ်းယာထိုင်ရောင်းနေရခြင်းကို အပြစ်ပေးခံထားရသလို ထင်နေမိ၏။ မာဖလာခေါင်းပေါင်းမှာ သတိထားကြည့်မိကာမှ၊ လေးလံသော သံခမောက်ကြီးဆောင်းထားရသလို တစ်ခေါင်းလုံး အုံ့ခဲနာကျင်နေပြန်သည်။

တချို့ပြောကြတာရှိတယ်၊ ခွေးတောင် ချောင်ပိတ်ရိုက်ရင် ငြိမ်မခံဘဲ ပြန်ကိုက်တတ်တယ်တဲ့၊ စန်းချိုက ငါ့ကို ချောင်းပိတ်ရိုက်သလို လုပ်နေတာကြာပြီ၊ အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်၊ ချစ်ခင်ရိုသေထိုက်တဲ့ လင်ယောကျ်ားဆိုတဲ့ ဂုဏ်အင်္ဂါတွေ ငါ့မှာ ပျောက်ဆုံးနေပြီ၊ ငါပြန်ကိုက်မယ် . . .၊ ရိုးရိုးမကိုက်ဘူး၊ စန်းချိုရဲ့လည်မျိုကို ခုန်ပြီး တက်ခဲပစ်လိုက်မယ်. . . ဟူ၍တွေးရင်း စိတ်နောက်ကိုယ်ပါ ဆိုင်ကြမ်းပြင်ကို လက်သီးဆုပ်မှ လက်ဖနောင့်ဖြင့် ထုလိုက်သည်။ တစ်ချက်ထုပြီးလျှင် အငြိမ်မနေနိုင်ဘဲ ကြမ်းပြင်ကို စည်းချက်လိုက်သလို တဒုတ်ဒုတ် ထုနေမိပြန်တော့၏။ ဝယ်သူလာလျှင် အထုရပ်ပြီး စျေးရောင်းကာ ဝယ်သူမရှိလျှင် ကြမ်းကို ပြန်ထုနေသည်။

မိထူးက လူစားဝင်ဖို့ရောက်လာသောအခါ မိထူးကို တိုးတိုးကျိတ်ကျိတ်မှာပြီး၊ သန်းဆိုင်အိမ်ပေါ်တက် စိပ်ပုတီးယူကာ ဘုရားကြီး၏ သူ၏ မွေးနံထောင့်သို့ သွားထိုင်၍ ပုတီးစိပ်ရန် ခြေလှမ်းပြင်သည်။

"ကောင်းတယ်ဗျာ. . . မိန်းမက ဘုရားဖူးထွက်ပြီး ကုသိုလ်ယူ၊ ယောကျ်ားကလည်း စိပ်ပုတီးနဲ့ ရိပ်ကြီးခို တရားဘာဝနာပွား ကောင်းဗျာ သိပ်ကောင်း" ဆိုသော ဝမ်းနိုင်းတူ၏ ရင်းနှီးသော ထေ့တေ့တေ့စကား ကိုပင် မတုံ့ပြန်တော့ဘဲ၊ ကျိုက်ဒေးယျံစေတီတော်ကြီးဘက်သို့ရှင်တော့ မျက်နှာမော့၍ သွက်သွက်လျှောက်သည်။ အေးမြငြိမ်းချမ်းသော ဘုရားအရှင်၏ အရိပ်မှာ စိတ်ကိုလည်း အေးမြငြိမ်းချမ်းစေရသည်. . .၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်ဖြင့် အနာဂတ်အစီအစဉ်တွေကို ပီပြင်အောင် ဇယားဆွဲရမည်။

xxx xxx xxx

xxx xxx xxx

"ကဲ. . . ငါ ဘုရားဖူးသွားနေတုန်း ညည်းခဲအိုတော်ကြီး ဘယ်သူ နဲ့တွေ့ပြီး ဘယ်လိုစိတ်ကူးတွေ ပေါက်သွားသလဲ၊ ငါ့ကို ပြောစမ်းပါဦး"

ညီအစ်မနှစ်ယောက်. . .၊ သန်းဆိုင်ဘုရားသွားနေစဉ် လုံခြုံစိတ်ချရသော မီးဖိုဆောင်ထဲမှာ မျက်နှာချင်းဆိုင်မိကြသည်။ စန်းချိုက "ဗီးဂက်" စီးကရက်ဖွာနေစဉ်၊ မိထူးကပင်ကိုဟန်အတိုင်း ပြူးကြောင်ကြောင်နှင့် တစ်နေရာတည်းကို ကြည့်နေ၏။

"ဘယ်သူနဲ့မှ မတွေ့ပါဘူး၊ အရင်လိုနေတာပဲ" ဟု မိထူး သတိထားပြီး ဖြည်းဖြည်းပြောသည်။ ဝီစကီပုလင်း ဇာတ်လမ်းကိုတော့ ပိပိရိရိ မြေမြှုပ်ထားပြီး တူတော်မောင်နှစ်ယောက်နှင့်လည်း နားလည်မှု ယူထားခဲ့ကြပြီးပြီ။

"တစ်သက်လုံး စိပ်ပုတီးမကိုင်တဲ့လူက. . . ငါဘုရားဖူးသွားတာနဲ့ ပုတီးတွေဘာတွေစိပ်လို့ ထူးတော့ထူးတယ်ဟဲ့၊ ငါ့စိတ်ထဲ သိတ်မသက်ာဘူး၊ သူ. . . ဗေဒင်တွေဘာတွေ လျှောက်မေးသလား မသိပါဘူးအေ. . ."

"မပြောတတ်ဘူး"

မိထူးက ခပ်တိုးတိုးပြောရင်း သူ့လက်သည်းတွေ သူပြန်ကြည်နေ၏။

"ငါထင်တယ်အေ့. . . နင့်ခဲအိုဟာ ဟို ဘယ်က ခွေးသူတောင်းစားလာချတဲ့ ပစ်စာမှန်း မသိတာတွေကို ဥပါဒါန်စွဲနေတယ်၊ ပထမစာကို သူက ယုံနေတုန်းလို့ ငါထင်တယ်၊ ဒါကြောင့်မို့ ငါလည်း မယုံသက်ာ



နိုင်လွန်းတဲ့ကောင်ကိုတော့ ပညာပေးလိုက်ဦးမယ်ဆိုပြီး သူမသိအောင် ရွှေတွေငွေတွေယူပြီး အသာခိုးထွက်သွားတာ. . .၊ နောက်ပြီး ငါတာ သူထင်သလိုအစားထဲက မဟုတ်ဘူး၊ ဂုဏ်ရှိတဲ့လူတွေနဲ့ပေါင်းပြီး ဘုရားဖူးထွက်၊ ကောင်းမှုကုသိုလ်လုပ်တယ်ဆိုတာ ပြလိုက်တာ၊ ညည်းတော နားလည်ရဲ့လား"

"အင်း"

"ညည်းခဲအိုက သဝန်ကြောင်စိတ်နဲ့ ငါ့ကို ခုထက်ထိ မယုံချင်သေးဘူး၊ ဒီတော့ သူဗေဒင်မေးမယ်၊ ယတြာကျေအောင် ဗေဒင်ဆရာ ခိုင်းတဲ့အတိုင်း ပုတီးစိပ်မယ်၊ တခြားဘာတွေ ယတြာချေဦးမလဲတော့ ငါမသိဘူး၊ သူစိတ်ရှုပေါက်ရာ လျှောက်လုပ်နေမှာပဲ. . .၊ သူ့ကြည့်ရတာ တကယ်ပဲ ရူးကြောင်ကြောင်ဖြစ်နေသလိုပဲ မိထူးရဲ့၊ ကြည့်ပါလား. . . ညက၊ ပရုပ်ဆီဘူးက အိမ်ရှေ့ခန်းမှာ အမြဲထားနေကျမှန်းသိရဲ့သားနဲ့ အိပ်ခန်းထဲဝင်ရှာသတဲ့၊ ပြီးတော့ ငါ့ဘာသာယောင်တာကို သူကပါ ယောင်ပြီး သူခိုးထဟစ်တယ်၊ သူ့ကိုသည်းခြေငြိမ်အောင် ဆီးယိုကလေး ဘာကလေး ကျွေးမှထင်တယ်"

"အင်း. . ."

"အသာကြည့်နေ. . .၊ သူ့ကို ငါချော့မော့ပြီး ဆီးယိုစားခိုင်းမယ်၊ ငါ မော်လမြိုင်က ဆီးယိုဝယ်လာတယ်လို့ ပြောမယ်"

မိထူးသည် စာပေမတတ်သော်ငြား၊ ဘုရားကြီးအနီးတွင် အနှစ် (၂၀) နေထိုင်လျက် လူမျိုးစုံနှင့် ထိတွေ့ဆက်ဆံ၊ မှတ်သားသင့်သည်ကို မှတ်သားထားခဲ့သူဖြစ်ရာ စန်းချိုက အလွယ်တကူနှင့် မော်လမြိုင်က ဆီးယိုဟု ပြောလိုက်လျှင် မျက်မှောင်ကြုတ်သည်။

"အစ်မကြီးစန်းချိုရယ်၊ ကျွန်မကြားဖူးတာတော့ မော်လမြိုင်က ဒူးရင်းယိုပဲရှိပါတယ်။ မောင်လမြိုင်ကဆီးယိုလို့ မကြားဖူးပေါင်. . ."

"ဒါဖြင့်လည်း. . . အညာကလာရောင်းတဲ့ ဆီးယိုကို ငါပဲခူးက

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတယ်ပေါ့ဟာ. . . "

"အင်း"

"ဆီးယိုနဲ့မှ အခြေအနေမကောင်းရင်တော့. . .၊ သင်းကို (၇) ရက်တန်သည် (၉) ရက်တန်သည်. . . ရဟန်းဘောင်တက်ခိုင်းရ မယ်၊ ပုတီးစိတ်နေတဲ့သူက. . . ငါကိုယ်တိုင် ရဟန်းအစ်မလုပ်မယ်ဆိုရင် မငြင်းတန်ကောင်းဘူး"

"အင်း"

xxx xxx xxx

xxx xxx xxx

ဆိုင်ရှေ့ကလမ်းမသည် ပွင့်လင်းရာသီ၌ ယာဉ်အမျိုးမျိုး လူအစားစားတို့ဖြင့် အသက်ဝင်စည်ကားနေတတ်ခဲ့သည့်နည်းတူ. . .၊ ယခုကဲ့သို့ . . . မိုးဦးကာလ မိုးသက်လေပြင်းကျလိုက်၊ နေသာလိုက်ရှိတတ်သော နရီမမှန်သေးသော စကောစက ဥတုချိန်မှာလည်း. . .၊ယာဉ်တွေ လူတွေ အစီအစဉ်မပျက် လှုပ်ရှားရှင်သန်ဆဲသာဖြစ်လေသည်။

သူတို့မိသားစု၏ ဘဝလှုပ်ရှားမှု နာရီခွင်ကမူ. . . မသိမသာ အပြောင်းအလဲရှိလာ၏။ ရဟန်းဘောင်မှာ (၁၄) ရက်ကြာ ဝင်ရောက်နေထိုင်ခဲ့ပြီး၊ လူဘောင်သို့ ပြန်ဝင်လာသော သန်းဆိုင်သည် ဆိုင်တွင် ယခင်ကထက်ပို၍ အချိန်ပေးထိုင်ရင်း၊ ယခင်ကလို ရယ်စရာ မောစရာတွေ၊ သတင်းတွေ အတင်းတွေ မပြောတော့ဘဲ လာသမျှလူတိုင်းကို တရားဓမ္မစကားတွေချည်း အာပေါင်အာရင်းသန်သန် ပြောနေသည်။ စန်းချိုနှင့်လည်း မပြောမဖြစ်မှသာ စကားပြောပြီး အတူမအိပ်ဘဲ အိမ်ရှေ့ခန်း ဘုရားစင်ရှေ့မှာ ထွက်အိပ်သည်။ သန်းဆိုင်၏ ပြောင်းလဲသောပုံစံကို မြင်ပြင်းကပ်ဟန်ဖြင့်. . .

"လင်မယားချင်း နှစ်ကိုယ်ကြားတိုင်ပင်ဖို့ အချိန်မရအောင် နင်က



အိပ်ရာခွဲအိပ်ပြီဆိုတဲ့နောက်၊ ဘာဖြစ်လို့ ဘုန်းကြီးဝတ်ကထွက်လာသေးလဲ၊ ဆက်ဝတ်နေပါရောလား. . .၊ နင် ဘုန်းကြီးဝတ်နေတုန်းကလို မိထူးကို ဆွမ်းချိုင့်မှန်မှန်ပို့ခိုင်းမှာပေါ့" ဟု ရိသည်။

ထိုအခါ သန်းဆိုင်က မျက်နှာထားကြီးဖြင့် ကြည့်လိုက်သည်။

"နင်ဘာနားလည်လို့လဲ. . .၊ ငါ အဖြူဟွစရိယ သိက္ခာပုဒ်တို စောင့်ထိန်းနေတာ၊ ဒါဟာ. . . သူတော်စင်တို့ရဲ့ ကျင့်စဉ်. . .၊ မြင့်မြတ်တဲ့လမ်းစဉ်တော်ကြီးပဲ" ဟု သန်းဆိုင်ပြောလိုက်သည့်အခါ၊ စန်းချိုတစိန်ခေါ်သောအကြည့်ဖြင့် ပြန်ကြည့်သည်။

"ဟော့ မကြီးကျယ်ပါနဲ့သန်းဆိုင်. . .၊ ငါလည်း ဘုန်းကြီးကျောင်းကနေ စာတတ်လာတာပါ၊ အဖြူဟွစရိယာတစ်ခုတည်းတော့ မကျင့်နဲ့၊ ဝိကာလဘောဇနာကိုပါ ထိန်းလိုက်၊ နင် ညစာမစားရင် ဆန်ကုန်သက်သာသွားတာပေါ့၊ ဆန်စျေးကလည်း တက်နေတော့ ချွေတာရေးလုပ်ရာလည်း ကျတာပေါ့ဟာ. . .၊ ဘယ့်နှယ်လဲ. . . "

သန်းဆိုင်စကား မပြန်တော့။ ဒေါသကိုထိန်းပြီး စန်းချိုရှေ့မှ ထွက်သွားစဉ် စန်းချိုက ရိထွေထွေ ဖျစ်ညှစ်ရယ်ပြန်တော့သည်။ ငါက စကားနည်းရန်စဲလုပ်နေတာတောင် ဒီမိန်းမက ဆီလိုအပေါက်ရှာပြီး ကြဲဖန်ရစ်တယ်၊ ဒုက္ခ. . . ဒုက္ခ. . . ဟု သန်းဆိုင် ကျိတ်၍ ညည်းတွားသည်ကို စန်းချိုမသိနိုင်။

သန်းဆိုင်က ဆိုင်သိမ်းချိန်မှာ အရင်ကလို ရုပ်မြင်သံကြားလည်း ထိုင်မကြည့်တော့ပေ၊ ဘုရားမှာ ပုတီးသွားစိပ်မည်ဟုဆိုပြီး ထွက်သွားကာ၊ တီဗွီအစီအစဉ်ကုန်ဆုံးချိန်မှ ပြန်လာတတ်သည်။ သားတွေက ညဉ့်နက်သန်းခေါင်အထိ ဗီဒီယိုကြည့်ကြဦးမည်ဆိုလျှင် သူ့ခြင်ထောင်ကို စောင်တစ်ထည်ဖြင့် ကာပေးရပြီး၊ အသံကိုလည်း အတိုးဆုံး ဖွင့်၍ ကြည့်ရန် မေတ္တာရပ်ခံထားသည်။

ရဟန်းဝတ်ပြီးကာမှ၊ ကွမ်းယာဆိုင်မှာ သန်းဆိုင် ဘုရားစကား

www.burmeseclassic.com

www.burmeseclassic.com



တရားစကားချည်း ပြောနေတတ်ခြင်းကို ဆိုက်ကားသမား ကျော်ကြီးက ဝေဖန်ချင်သော်လည်း တည်ကြည်လေးနက်သည့် သန်းဆိုင်၏ မျက်နှာထားကို ကြည့်၍လည်းကောင်း၊ သန်းဆိုင်၏ လည်ပင်းမှ ပြောင်လက်နေသော စိပ်ပုတီးကြီးကို အားနာ၍လည်းကောင်း မဖွင့်ဟဖြစ်။ သို့သော် . . . ကျော်ကြီးက ခွေမျိုးမကင်းသော စန်းချိုကိုတော့ ရဲဝံ့စွာအသိပေး၏။

"အစ်မစန်းချိုလူကြီးတော့ ဘုန်းကြီးပြန်ဝတ်ဦးမလားမသိဘူး၊ ဈေးရောင်းရင်း တရားချည်းဟောနေတယ် . . .၊ ဟိုနေ့ကလည်း နွားသတ်ရုံက ကောင်တစ်ကောင် ကွမ်းလာဝယ်တယ်၊ ကိုသန်းဆိုင်က နွားလည်လှီးတဲ့ကောင်မှန်းမသိဘူး၊ ဟိုကောင်ကို (ပါဏာတိပါတာကံဟာ ဘယ်လောက်အပြစ်ကြီးသလဲဆိုရင် . . .၊ ဘုရားရှိခိုး သီလခံယူတဲ့အခါတိုင်း . . . ပါဏာတိပါတပုဒ်ကို အစဦးဆုံး ပုရွတ်ဆိုရတာသာ ကြည့်ကွ၊ အသက်သတ်ရာမှာလည်း ပရွတ်ဆိတ်သတ်တာထက် ငှက်သတ်တာက ပိုပြီး အပြစ်ကြီးတယ်၊ ကြက်ငှက်သတ်တာထက် ကျွဲနွားတွေသတ်တာတတော့ . . . မေးမနေနဲ့၊ ငရဲကိုဇောက်ထိုးဆင်းမှာပဲ) လို့ တရားသွားဟောတယ်၊ ဟိုငနဲလည်း မျက်နှာကြီးပျက်ပြီး မှာထားတဲ့ကွမ်းယာတောင် မယူဘဲ ပြန်ထွက်သွားတယ်၊ အဲဒီငနဲ အရက်နည်းနည်းလည်း သောက်ထားပုံရတယ်၊ ခပ်လှမ်းလှမ်းရောက်မှ (တရားဟောချင်ရင်လည်း မမွှာရုံကိုသွားဗျို့) လို့ လှမ်းအော်သွားလေရဲ့ . . .၊ အဲလိုဖြစ်နေတာဗျ . . ."

ကျော်ကြီးပြောချိန်က စန်းချိုသည် သန်းဆိုင်၏ အနေအထိုင် အပြောအဆို အစားအသောက် (မွေးနေ့တိုင်း သတ်သက်လွတ်စားခြင်း) ပြောင်းလဲပုံတွေကို ဘဝင်မကျဖြစ်ပြီး စိတ်ထဲ ခိုးလိုးခုလုဖြစ်နေချိန်နှင့် တိုက်ဆိုင်နေ၏။

"အဝေးကလှမ်းအော်သွားတာ တော်သေးတာပေါ့၊ ဟိုကောင့်မှာ နွားသတ်တဲ့ဓားပါလာပြီး သန်းဆိုင်လည်ပင်း လှီးမသွားတာပဲ ကံကောင်းလို့ပြီမှတ်" ဟု ငေါ့ပြော ပြောလိုက်သည်။



ကျော်ကြီးကလည်း ဝမ်းနိုင်တူးနှင့် သမီးယောက်ဖတော်သည်ဟု မပြောရ စကားတံရှည်လိုက်သေးသည်။

"သူ့ကို နွားသတ်တဲ့ ငမူးက ရိသွားတာကို၊ ကိုသန်းဆိုင်က ကြားပြီး စိတ်မဆိုးဘူးဗျ၊ ပြုံးနေတယ် . . .၊ ခြော် . . . ငါကို သင့်တော်တဲ့နေရာကိုသွားဖို့ စိတ်ကောင်းစေတနာကောင်းနဲ့ လမ်းညွှန်းသွားရှာတာကိုး၊ ကြီးပွားချမ်းသာမယ့် သူတော်ကောင်းကလေးပဲလို့တောင် ပြောလိုက်သေးရဲ့ဗျာ၊ အံ့ရောဗျာ . . . အံ့ရော"

သန်းဆိုင် နေ့စဉ်လိုလို၊ ဘုရားသို့သွားရောက်နေရင်းမှ ဘုရားရှိ ဂေါပကရုံးခန်းတွင် အမြဲလိုလို ရှိတတ်သော ဆေးဆရာကြီး ဦးပွားနှင့် ဆက်ဆံရေး အဖုအထစ်ဖြစ်ဖူးသော်လည်း (ဘယ်လိုဘယ်ပုံမှန်း မသိကြပါ) ယခုအခါ . . . တရင်းတနှီး၊ တပူးတွဲတွဲ ပြောဆိုဆံဆက်နေကြသည်ကို တွေ့လာကြရပြန်သည်။ ဘုရားရင်ပြင်တော်ပေါ်တွင် ပိန်ရှည်ရှည် ဦးပွားနှင့် ပုကွဗိုက်ရွှဲသန်းဆိုင်တို့ ယှဉ်တွဲ၍ စကြီလျှောက်နေတတ်ကြသည်ကို နေစဉ်တွေ့မြင်ကြရတော့၏။

ဦးပွားနှင့် ချစ်ကြည်ရေးပေါင်းကူးတံတား ပြန်လည်ဆက်သွယ်ပြီးကတည်းက သန်းဆိုင်၏ ဝတ်ပြုကိုးကွယ်ပုံတွေက ထူးခြားဆန်းကြယ်လာကြ၏။ ဘုရားစင်မှာ အမွှေးတိုင်တွေ တစ်နေကုန် ထွန်းညှိထားသဖြင့်၊ အိမ်ထဲမှာ မွှေးပျံ့သည့် မီးခိုးတွေ အမြဲဝေ့ဝဲနေကြ၏။ သူ့အိပ်စက်သည့် ခေါင်းရင်းဘက်ရှိ စားပွဲပုကလေးပေါ်သို့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးကြီးတချို့၏ ဓာတ်ပုံ၊ ရုပ်ပုံကားချပ်တွေ အစီအရီ နေရာယူလာကြ၏။ သန်းဆိုင်၏လည်ပင်းနှင့် လက်ကောက်ဝတ်နှစ်ဖက်တို့တွင်လည်း . . .၊ "ဘုရား၏ အဆောင်အယောင် အစီအရင်တွေ" ဟု ဆိုသော ရောင်စုံချည်ကြိုးကွင်းတွေက "တမီလ်" လူမျိုးကုလားမ၏ လက်ကောက်တွေဆွဲကြိုးတွေပမာ ရှုပ်ထွေးပြည့်ကျပ်လာကြတော့၏။

သန်းဆိုင်၏ အပြုအမူတွေက . . .၊ စန်းချို၏ စိတ်အသိကို

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ဖွဲ့ထိုးဆွသည့်နှယ် ဖြစ်လာပါသည်။

"မိထူး၊ ညည်းခဲအိုတော့ ပေါတောတောနေရာက ပေါက်တောက်တောက်ဖြစ်သွားပြီတူတယ်၊ ဆရာႈပွားနဲ့ ပေါင်းပြီး ဘာတွေ လျှောက်လုပ်နေသလဲမသိဘူး၊ အရင်တုန်းက ဆရာႈပွားဟာ အောက်လမ်းဆရာလို့ ငါကြားဖူးတယ်. . .၊ သန်းဆိုင်ကို အောက်လမ်းပညာတွေများ သင်ပေးနေသလားမသိဘူး၊ အိမ်မှာ အများအယွင်းမရှိရအောင် အကာအကွယ်လုပ်ထားခိုင်းမှ. . ." ဟု စန်းချိုက မိထူးကို ဖွင့်ဟသောအခါ မိထူးက ပြုံး၏။

"မဖြစ်နိုင်ပါဘူး၊ အစ်မကြီးစန်းချို၊ ဘုရားဝေါပကလူကြီးပါဆိုမှ အောက်လမ်းလုပ်ပါမလား"

"အို ဘာပြောပြော. . .၊ လောကကြီးမှာ လူတွေက ယုံရတာမဟုတ်ဘူး၊ သစ်ကောက်ဝါးကောက်သာမြင်ရတာ၊ လူလိမ်လူကောက်ကို မမြင်နိုင်ဘူးလို့ ရှေးလူကြီးစကားရှိတယ်၊ စိတ်ချရအောင် ငါ့ဘက်ကလည်း အကာအကွယ်အစီအမံတွေ လုပ်ထားမယ်"

ထိုနေ့မှစ၍ စန်းချိုမှာလည်း ယခင်ကတည်းက သူမကြာခဏသွားရောက်တတ်သော ဗေဒင်ဆရာ၊ ဆရာမများဆီသာမက၊ မဟိဒ္ဓိ၊ သိဒ္ဓိဂိုဏ်းဆရာကြီးများထံသို့ နေ့ရှိသရွေ့ လှည့်လည်သွားလာနေတော့၏။ ကော်ဖီမှုန့်ရောင် ပုဆိုးအကျီနှင့် လူစိမ်းအဘိုးကြီးတစ်ယောက် အိမ်သို့ရောက်လာစဉ်. . .၊ အိမ်မှာ သန်းဆိုင်ရှိမနေ၍ စန်းချို ပြောမပြတတ်အောင် စိတ်ချမ်းသာမှုရသွားသည်။ သန်းဆိုင်က သူ့အိမ်သို့ သူစိမ်းတစ်ဦးလာရောက်ပြီး စန်းချိုကို လက္ခဏာဖတ်၊ ဗေဒင်ဟောကြောင်း သတင်းစကားကြားသိရသော်လည်း မသိချင်ယောင်ဆောင်နေလိုက်၏။ ဒီကိစ္စငါက ရန်လုပ်ရင်. . . စန်းချိုကလည်း ငါနဲ့ဆရာပွားတို့ အလုပ်တွေကို တိုက်ခိုက်လာတော့မှာ. . . ဟု သန်းဆိုင်က သတိရှိစွာ ဆင်ခြင်နှလုံးသွင်းလိုက်၏။



ကျန်အိမ်သား သုံးယောက်ကား. . . သန်းဆိုင်နှင့် စန်းချိုတို့၏ မျက်နှာတွေကိုသာ အချိန်ရှိသရွေ့ အကဲခတ်စောင့်ကြည့်လျက်ရှိကြသည်။ အခွင့်ရသည်နှင့်. . . တူဝရီးသုံးယောက် ချောင်တစ်ချောင်တွင်စု၍၊ ယှဉ်ပြိုင်ထိုးသတ်ရန် လေ့ကျင့်ခန်းယူနေကြသည့် လက်ဝေ့သမားနှစ်ယောက်နှင့် တူနေသော ဇနီးမောင်နှံအကြောင်းကိုသာ တိုးတိုးကျိတ်ကျိတ် ဝေဖန်သုံးသပ်ရင်း "ရေခဲတုံးကြီး" အရည်ပျော်ကျစေမည့် နည်းလမ်းတွေကို ရှာဖွေစဉ်းစားနေကြလေသည်။

XXX XXX XXX

XXX XXX XXX

ယနေ့နံနက် (၅) နာရီတစ်ဝိုက်၊ နိုးနေကျအတိုင်း နိုးလာစဉ်၊ သူ့အကျင့်အတိုင်း မျက်စိမဖွင့်သေးဘဲ၊ အပြင်လောကမှ အသံဗလံများကို ရည်ရွယ်ချက်မဲ့ နားစွင့်နေခိုက်. . .၊ မိုးကျော်အောင် ပထမဆုံး သတိထားမိသည်မှာ. . .၊ မိမိတို့နေအိမ်အတွင်း၌ ထူးခြားစွာ တိတ်ဆိတ်နေခြင်းဖြစ်သည်။ ခါတိုင်းဆိုလျှင်. . . ဤအချိန်မျိုးတွင် မီးဖိုဆောင်ဘက်ဆီသို့ မိထူး၏ အိုးသံပန်းကန်သံ (တစ်ခါတစ်ရံ ငရုတ်သီးထောင်းသံ၊ တစ်ခါတစ်ရံ ဆီကြော်သံရှဲရှဲ) တို့ကို ကြားရမည်။ အိမ်ရှေ့ခန်းမှ ဖခင်ဖြစ်သူ၏ ချောင်းဟန့်သံဖြစ်စေ. . .၊ အိမ်ရှေ့တံခါးမကြီးဖွင့်သံ ဖြစ်စေ၊ အိမ်ရှေ့ဈေးဆိုင်မှ ကျောဘက်တံခါးကို သော့ဖွင့်စဉ်၊ သော့တွဲမှ သော့တံမျိုးစုံ၏ ချွင်ချွင်မြည်သံကို ဖြစ်စေ မိုးကျော်အောင် ကြားရစမြဲ။ ယခု . . . ကြားနေကျအသံတွေ မကြားရ၊ ဘာသံမျှ မကြားရ။ ဤအခြင်းအရာသည် သဘာဝကို ဖိဆန်ပြီး ထူးခြားနေသည်ဟူသော အသိဖြင့် မိုးကျော်အောင် အိပ်ရာမှ ထပြီး အခန်းပြင်သို့ ထွက်လိုက်သည်။

ခါတိုင်း. . . လျှပ်စစ်မီးဖြစ်စေ၊ ဖယောင်းတိုင်မီးဖြစ်စေ လင်း

www.burmeseclassic.com

www.burmeseclassic.com



လက်နေလေ့ရှိသော မီးဖိုဆောင်သည် ယခု မှောင်အတိကျ တိတ်ဆိတ်နေ၏။ အမြဲတာဝရ အိပ်ရာထ အချိန်မှန်သော မိထွေး အိပ်ရာထ နောက်ကျနေခြင်းကလည်း သဘာဝကို ဖီလာပြုခြင်းဟု မိုးကျော်အောင် တွေးမိ၏၊ ခါတိုင်း. . . ဖွင့်ထားပြီးဖြစ်သော အိမ်ရှေ့တံခါးသည် ပိတ်ထားဆဲဖြစ်ကြောင်း တွေ့လိုက်ရပြန်သည်။ မိုးကျော်အောင်က အိမ်ဦးခန်းရှိ ဖခင်၏ ခြင်ထောင်ကို လှမ်းကြည့်သည်။ ခြင်ထောင်အနေအထားမှာ အိပ်စက်နေသူ ပက်လက်လှန် ခြေဆန့်ထားသကဲ့သို့ ခြေရင်းပိုင်းသည် စူထွက်နေသည်။ သည်အချိန်ထိ. . . ဖခင်အိပ်စက်လေ့မရှိခြင်းသည်လည်း . . . သဘာဝနှင့် မညီညွတ်ဟု သူစနောင့်စနင်း တွေးမိပြန်သည်။ ဖခင်ဖြစ်သူ နေထိုင်မကောင်းများဖြစ်နေလားဟုလည်း စိုးရိမ်ဗျာပါဝင်မိသေးသည်။ ခြင်ထောင်နားကပ်ပြီး (အဖေ. . . အဖေ) ဟုအသံပြုကြည့်ရာတွင် အထဲမှ တုံ့ပြန်မှုမရှိသောအခါ. . . စိုးရိမ်စိတ်မှာ မြင့်တက်ပူလောင်လာသကဲ့သို့ ခြင်ထောင်ကို လှန်မိလျက်သား ဖြစ်သွား၏။

ခြင်ထောင်ထဲတွင် ဘယ်သူမျှမရှိပါ။ ခေါင်းအုံးများနှင့် ခွအုံးရှည်ကို ဆက်၍ လူတစ်ဦးသဏ္ဌာန် စောင်ဖြင့် ဖုံးလွှမ်းပုံဖော်ထားသည့် သန်းဆိုင်၏ မျက်လှည့်ပြကွက်သာရှိနေပါသည်။ မိုးကျော်အောင်၏ ဦးနှောက်ထဲသို့ (၂) နှစ်လီ (၄) ဆိုသော မူလတန်းအမြှောက်အလီပုံသေနည်းက ဖျတ်ခနဲဝင်လာကာ. . .၊ မိဘနှစ်ပါး၏အိပ်ခန်းကို မျက်လုံးစွေကြည့်လိုက်၏။ သူယုံကြည်စိတ်ချစိတ် မရှိချင်ပါ။ မိခင်ရှိရာသို့ ဝင်အိပ်မည့် ဖခင်သည် "အိပ်ပျော်သူအတု" ဖန်တီးထားဖို့ လိုအပ်မည်မဟုတ်ပါ။ (၂) နှစ်လီ (၅) ဖြစ်သွားပြီလော. . .။

မိုးကျော်အောင်သည် မိဘများ၏ အိပ်ရာခန်းနံရံကို ခပ်ဖွဖွနှင့် ခပ်သွက်သွက် လက်ဖနောင့်ဖြင့် ဆက်တိုက်ထုရင်း မိခင်ကို နှိုးသည်။

"အမေ-အမေ-အမေ-အမေ ထပါဦးအမေ"

စန်းချို့အိပ်ခန်းထဲက ထွက်မလာမီ၊ အငယ်ကောင်ပြည့်ဖြိုးအောင်



သည် အိပ်ချင်မူးတူး ယိုင်တိ ယိုင်ထိုးဖြင့် ဦးစွာ ရောက်လာ၏၊

"အစ်-ကို-ကြီး ဘာဖြစ်လို့လဲ"

"အ-အဖေ မရှိတော့ဘူးကွ" ဟု မိုးကျော်အောင် တုန်တုန်ယင်ယင် တစ်ဆို့ဆို့ ပြောလျှင် ပြည့်ဖြိုးအောင်က သန်းဆိုင်၏ ခြင်ထောင်ကို ပြေးဖွင့်ကြည့်၏။ ချက်ချင်းလိုပင် ပြည့်ဖြိုးအောင် မျက်လုံးတွေကျယ်သွားကြသည်။

"ဒါက ဘာသဘောလဲ အစ်ကိုကြီး. . . ဟင်" ဟု မေးရင်း ပြည့်ဖြိုးအောင်က မိဘတွေ၏အိပ်ခန်းကို မျက်စိစွေ၍ မေးငေါ့ပြလိုက်စဉ် ခန်းဆီးစ လှုပ်ယမ်းသွားပြီး စန်းချို့က သူမ၏ ညဝတ်အင်္ကျီ ဂါဝန်ရှည်ကြီး တဖားဖားဖြင့် သမ်းဝေရင်း ထွက်လာ၏။ အိုးတိုးအတဖြစ်နေကြသော သားနှစ်ယောက်၏မျက်နှာကို ပြုံး၍ကြည့်သည်။ စန်းချို့၏ အမူအရာကလည်း သဘာဝနှင့် အံမဝင်ဟုတွေးကာ မိုးကျော်အောင် စိတ်ရှုပ်သွား၏။

"အဖေ မရှိတော့ဘူး အမေ. . ."

စန်းချို့က တန့်နွဲ့နွဲ့လှုပ်၍ အိမ်ရှေ့ခန်းကုလားထိုင်ဆီသို့ လျှောက်သွားသည်၊ ဘာမှမပြော။ ကုလားထိုင်မှာ ထိုင်ချလိုက်ပြီးနောက် လက်ထဲမှာပါလာသော လန်ဒန်စီးကရက်ဘူးနှင့် မီးခြစ်ကို ညှော်ခံစားပွဲပုကလေးပေါ် အသာချသည်။

"မင်းတို့အဖေတင်မရှိတာမဟုတ်ဘူး၊ မင်းတို့ဒေါ်လေး မိထွေးလည်း မရှိတော့ဘူးသားတို့ရဲ့၊ မနက် (၄) နာရီလောက် အမေ အပေါ့ထသွားရင်း ကိုယ်စောင့်နတ်ကသတိပေးတာလား၊ အမေ့ရဲ့ ဆရာသခင်ဘိုးဘိုးတွေက နှိုးဆော်တာလားမသိဘူး၊ စိတ်ထဲမှာ မင်းတို့အဖေသူ့အိပ်ရာမှာ မရှိဘူးလို့ထင်လိုက်ပြီး သွားကြည့်တော့. . . ခေါင်းအုံးတွေနဲ့လုပ်ထားတဲ့ လူအတုကြီးပဲ တွေ့ရတယ်၊ အဲဒါကြီး တွေ့လိုက်တည်းက အမေ့စိတ်ထဲမှာ သွေးရိုးသားရိုးမဟုတ်တော့ဘူးဆိုတာ ဒက်ခနဲ သိလိုက်ပြီ. . .၊ ကဲ. . . အခုထိ မိထွေး သူ့အခန်းထဲက ဘာလို့ ထွက်မလာသေး

www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ ဆက်စပ်ကြည့်ရင်. . . အဖြေပေါ်နေပြီမဟုတ်လား"

သားနှစ်ယောက်သည် ကြိုးတုပ်ခံထားကြရသည့်နှယ်. . . မလှုပ်မယှက် ငြိမ်သက်နေကြရင်း. . .၊ မိခင်၏ ခံစားမှုမဲ့ မျက်နှာကို အံ့အား တသင့် ငေးကြည့်နေကြ၏။ စန်းချိုက စီးကရက်တစ်လိပ် မီးညှိကာ ခပ်ပြင်းပြင်း ရှိုက်သွင်းပြီး မျှင်း၍ မှုတ်ထုတ်လိုက်သည်။

"လက်ဝတ်လက်စားတွေထဲက တစ်ဝက်လောက်ယူသွားတယ်၊ ပိုက်ဆံတွေတော့ တစ်ကျပ်တစ်ပြားတောင် ချန်မထားခဲ့ဘူး၊ မမှုပါဘူး၊ သားတို့ရယ်. . .၊ ငါတို့သားအမိတွေ ပြန်ရှာရင် ရွှေတွေငွေတွေ ပြန်ဝင်လာမှာပါ၊ ပြီးတော့. . . အမေ ဝမ်းမနည်းဘူး၊ ဝမ်းလည်းမသာဘူး၊ စိတ်လည်း မဆိုးဘူး၊ မိထူးမဟုတ်ဘဲ အခြားသူစိမ်းဆိုရင်တော့ အမေ ဒေါသထွက်ချင်ထွက်မယ်. . .၊ ကိုယ့်ညီမအရင်း မိထူးဖြစ်နေတော့ အမေ စိတ်လျှော့လိုက်ပါတယ်. . . သားတို့ရယ်"

စီးကရက်ကို ပြာခံခွက်ထဲသို့ အသာချပြီး၊ စန်းချို ထရပ်ကာ နံရံပေါ်မှ (၁၀) နှစ်ကျော်က ဇနီးမောင်နှံ ဝတ်ကောင်းစားလှတွေဖြင့် ရိုက်ထားခဲ့သော ရှစ်လက်မ၊ ဆယ်လက်မအရွယ် ဓာတ်ပုံကို မော့ကြည့်လျက် ရေ့သွားတွေပေါ်အောင် ပြုံးနေလိုက်သည့် အမူအရာမှာ. . . သူမသည် အမြဲထာဝစဉ် ဆက်လက်ပြုံးနေတော့မည်ဟု နိမိတ်ပြနေသလိုလိုပင်. . .။

ကြူးနှစ်

[မေ၊ ဇွန်၊ ဇူလိုင်၊ ၂၀၀၃၊ မိုးဦးရာသီ]

www.burmeseclassic.com